# သမ္မာဒိဋ္ဌိကထာဘကျမ်း

(အရှင်အဂ္ဂဝံသ)

မြန်အောင်မြို့၊ဆန်နီချောင်ရွာ

ဇယသိင်္ဂိမ ကျောင်းတိုက်

ဆရာတော်

အရှင်အဂ္ဂဝံသ-မဟာထေရ်

စီစဉ်ရေးသားအပ်သော

# သမ္မာဒိဋ္ဌိကထာကျမ်း

၁၃၁၇-ခုနှစ်၊ ပထမဝါဆိုလ

(ပထမနှိပ်ခြင်း)

သီဟရတနာစာပုံနှိပ်တိုက်

အမှတ်-၁၃၆၊ဘီဂင်းဒက်လမ်း၊ရန်ကုန်မြို့။

# မာတိကာ


တောင်းပန်ချက်

| | | | |
|---|---|---|---|
| အဘိယာစက | .... | .... | ဂ |
| နိဒါန်း | .... | ... | ၃ |
| ဥယျောဇဉ် | .... | .... | ဂ |
| ၁။ ဗုဒ္ဓုပ္ပါဒကထာ | .... | .... | ၃၃ |
| ၂။ ဝိမိဿကထာ | .... | .... | ၄၃ |
| ၃။ ဒါနကထာ | .... | .... | ၆၃ |
| ၄။ သီလကထာ | .... | .... | ၁၃၆ |
| ၅။ သဂ္ဂကထာ | .... | .... | ၂၀၆ |
| ၆။ မဂ္ဂကထာ | .... | .... | ၂၃၃ |
| ၇။ ကာမာဒီနဝကထာ | .... | ... | ၃၇၄ |
| ကျမ်းပြီးနိဂုံး | .... | ... | |

# ၁ဘာသာပြန်ချက်

ဝိရဠှံ စေ ပဌဿယျာထ,
ကတံ ပမာဒကာရဏာ၊
ဝိဿောစေတွာ ဇာနေယျာထ,
အယံ သိက္ခာန ယာစနာ။

ဤကျမ်းစာဝယ်၊ နက်,ဝိပ္ပါယ်နှ၊
ပျက်ပြယ် ချွတ်ယွင်း၊တွေ့ရှိလျှင်းမူ၊
စိတ်ရင်း ဖြူစင်၊ရဟန်း,ရှင်တို၊
ပြုပြင်၍သာ၊ရှုကြပါလော့။

---

အရှင်စန္ဒာသဘ (မူလဓမ္မာစရိယ)
အရှင်အာသဘ (မူလဓမ္မာစရိယ)
အရှင်ဗာကုလ (မူလဓမ္မာစရိယ)
အရှင်အာသေဌ (မူလဓမ္မာစရိယ)
အရှင်ဓမ္မဓဇ (အစိုးရဓမ္မာစရိယ)
အရှင်ညြသဓ (အစိုးရဓမ္မာစရိယ)
အရှင်သီလဝံသ (အစိုးရဓမ္မာစရိယ)
အရှင်ဝိစိတ္တ (ဓမ္မာစရိယသိရောမဏိ)

တာဝန်ခံ ကြီးကြပ်ပုံနှိပ်သော
ကျမ်းပြုဆရာတော်၏ တပည့်များ။

၁၃၁၇-ခု၊ပထမဝါဆိုလ။

# အဘိယာစကာ

## ဟင်္သာတခရိုင်-မြန်အောင်မြို့နယ်-ဆန်နီချောင်ရွာ၊ ဇယသိဒ္ဓိကျောင်းတိုက်၌၊ သီတင်းသုံးနေတော်မူသော ဆရာတော်ဘုရားအား-လျှောက်ကြားလွှာ။

လျှောက်ကြားအပ်ပါသည့် ဆရာတော် အရှင်မြတ်ဘုရား။ ။

ဘုရားတပည့်တော်များသည် ဘုရားရှင်၏ သာသနာတော် နှင့် အသင့်တော်စွာ တွေ့ဆုံကြုံကြိုက်နေရပါသော်လည်း ဃရာဝါသ မှုကိစ္စများကြောင့် ဘုရားရှင်ဟော ဒေသနာ ပိဋကတ် ကျမ်းစာတွေကို လွတ်လပ်စွာ လေ့လာလိုက်စား ကြေနပ်လောက်အောင် မသုံးသပ်အားကြပါသဖြင့် ကုသိုလ်တိုးပွား လောက , သံသရာ နှစ်ဖြာသော အကျိုးများတွင် အားထား ကြေနပ် လောက် စရာ နှစ်မြိုက်အားရ သဘောကျလှပါသည်ဟူ၍ မရှိကြရပါဘဲ မတင်းတိမ် မရောင့်ရဲလျက်သာ ကြိုးစားအားထုတ် မှန်းဆ၍သာ ပြုလုပ်နေကြရပါသည့်အတွက် တပည့်တော်များ သိသင့်သိထိုက် ပြုအပ်ပြုကောင်းသည့် အချက်အလက်များကို လက်ဆုပ်လက်ကိုင်ပမာ ဟုတ်တိုင်းမှန်စွာဖြင့် သေချာ ဃဏာ ပိုင်ပိုင် နိုင်နိုင်ကြီး သိရှိနားလည် ကျင့်ဆောင်အားထုတ်လိုကြပါသည်ဘုရား။ ။

သို့ဖြစ်ပါသောကြောင့် ဘုရားတပည့်တော်တို့ကို အစပြု၍ သာသနာတော်ရေးနှင့် ပတ်သက်သော သိသင့် သိစရာ အချက်အလက်များစွာတွင် သေချာ ကျန ·မသိမြင် မလိမ္မာကြသေးသည့် ပြည်သူလူထုအများကို သက်ညှာ · ထောက်ထား ကရုဏာပွားတော်မူပြီး ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သိမြင် မှတ်သား ကျင့်ဆောင်လိုက်စားပါက မုချကောင်းကျိုး တဖြည်းဖြည်း ပွားတိုးစေနိုင်သည့်အပြင် အဓွန့်ရှည်စွာ သာသနာတော် တည်သမျှ ကာလပတ်လုံး နောင်လာနောက်သွား တိုင်းသားပြည်သူတို့အား

အစဉ်တစိုက် အကျိုးများစေမည့် အထောက်အပံ့ ပဒေသာ မိုးရှုး တန်ဆောင်ကြီးပမာလည်းဖြစ်၍ ခေတ်အားလျော်စွာ ဝိပဿနာဉာဏ် ရင့်သန်ပေါက်မြောက် ကောင်းကျိုးလည်းသက်ရောက်စေနိုင်သည့် အပြင် လူတိုင်း လူတိုင်းအား အချိန်လည်း မကုန် ကိုယ်လည်း မပင်ပန်းကြရစေဘဲ အလွယ်တကူ သိလိုရာအချက်များကို မှတ်ယူနာကြားကြရလျှင် ကုသိုလ်သဒ္ဓါတရားကိုပါ ပွားများစေနိုင်သော ဂန္ထဝင်ပြောင် ကျမ်းဂန်စာပေတစောင်ကို မကျဉ်းမကျယ် တပည့်တော်များ လိုလား အပ်ပါသော—

၁။ ဗုဒ္ဓမြတ်စွာ၏ ပွင့်တော်မူရာနှင့် သိမှတ်ဖွယ်ရာ။
၂။ ဘုရားရှင်၏ တရားတော်များမှ အထူးလိုက်နာ ကျင့်ဆောင်ဖွယ်ရာ။
၃။ ဒါနအရာ မှတ်သားဖွယ်ရာ။
၄။ သီလအရာ မှတ်သားလိုက်နာဖွယ်ရာ။
၅။ နတ်ပြည်နှင့်စပ်ဆိုင်ရာ သိမှတ်ဖွယ်ရာ။
၆။ မင်္ဂလာအကြောင်း သိကောင်းဖွယ်ရာ။
၇။ ကာမဂုဏ်များ၏ အပြစ်အနာအဖြာဖြာ။

ဤ သည့် အ ချက် အ လက် များကို အခန်းကြီးငယ် ခွဲခြား၍ အဓိပ္ပါယ်ထင်ထင်ရှားရှားဖြင့် ပေါ် လွင် ပြတ်သား တိကျမှန်ကန်စွာ ရေးသားပြီး ချီးမြှင့် ပေးသနားတော်မူပါမည့်အကြောင်း မှန်မြတ်သော စေတနာကောင်းနှင့် မိခင်ကြီး-ဒေါ်ငွေပွင့် အမှူးထား၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ ကုန်သွယ်မှု တိုးတက်ရေးဝန်ကြီးဌာန၊ တွဲဘက်အတွင်းဝန်-ဦးမောင်ကြီး၊ အတွင်းဝန်ကတော်-ဒေါ်ဖွားညွန့်၊ သားသမီးတစုတို့က အလွန်ရိုသေစွာ ရှိခိုးတောင်းပန်လျှောက်ကြားအပ်ပါသည် ဆရာတော်အရှင်မြတ်ဘုရား။ ။

နေ့စွဲ၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့။

# နိဒါန်း

## အာဒါသမိဝ ပဿသိ

[သီလက္ခန္ဓ] ပဏ္ဍိတ ပတိရူပကာဟိ သန္တိကေ ကထေတုံ
ဒုက္ခံ ဟောတိ၊ တေ ပဒေ-ပဒေ အက္ခရေ-အက္ခ
ရေ ဒေါသမေဝ ဝဒန္တိ၊ ကေန္တ ပဏ္ဍိတာ ပန
ကထံ သုတွာ သုကထိတံ ပသံသန္တိ၊ ဒုက္ကထိ
တေသု ပါဠိပဒ အဋ္ဌကထာနေသု ယံယံ ဝိရုဇ္ဈတိ၊
တံတံ ဥဇုကံ ကတွာ ဒေန္တိ။

အမှန်ဆိုအံ့၊ ပညာရှိအတုဖြစ်ကုန်သော ပုဂ္ဂိုလ်တို့၏ အထံ၌ ပြောဆိုခြင်းငှါ ငြိုငြင်ဆင်းရဲ ခဲယဉ်း၏၊ ထိုပညာရှိအတုဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် ပုဒ်တိုင်း, ပုဒ်တိုင်း, ဝါ၊ စကားရပ်တိုင်း, စကားရပ်တိုင်း၊အက္ခရာတိုင်း,အက္ခရာတိုင်း၊ ဝါ၊စကားလုံးတိုင်း, စကားလုံးတိုင်း,အပြစ်ကိုသာလျှင် ပြောဆိုတတ်ကြကုန်၏ စင်စစ် ပညာရှိဖြစ်ကုန်သောပုဂ္ဂိုလ်တို့သည်ကား စကားကို ကြားကုန်သည်ရှိသော် ကောင်းစွာပြောဆိုအပ်သောစကားကို ချီးကျူးကြကုန်၏၊ မကောင်းသဖြင့် ပြောဆိုအပ်ကုန်သော ပါဠိ, ပုဒ်,အနက်,ဗျည်းတို့တွင် အကြင်အကြင် ပါဠိ,ပုဒ်, အနက်, ဗျည်းသဒ္ဒါသည်ဆန့်ကျင်၏၊ဝါ-ချွတ်ယွင်း၏၊ထိုထိုပါဠိ, ပုဒ်, အနက်, ဗျည်းသဒ္ဒါကို ဖြောင့်အောင် မှန်ကန်အောင် ပြုပြင်၍ ပေးတတ်ကြကုန်၏။

## ဤကျမ်းအတွင်း၌ပါဝင်သည့်စကားစဉ် အကျဉ်းချုပ်

**ဗုဒ္ဓုပ္ပါဒကထာ**=ဤစကြာဝဠာ၌သာ ဘုရားရှင်တို့ ပွင့်တော်မူကြောင်းကို အာဂမယုတ္တိ, သာဓကယုတ္တိ ဆောင်၍ထင်ရှားပြခြင်း။

**ဝိဝိသကထာ**= သမ္မာဒိဋ္ဌိအပြားကိုခွဲခြား၍ ကမ္မဿကတဉာဏ် ထင်ရှားပေါ်နိုင်စေရန် ဒါန၊သီလ၊ကာယကမ် ဝစီကမ်၊မနောကမ်များကိုပေါ် ပြခြင်း။

**ဒါနကထာ**= ကမ္မဿကတဉာဏ် ပေါ်စေရန်- ဒါနကမ်အမျိုးမျိုးတို့၏အကျိုးကို ဝေဖန်ပိုင်းခြား၍ပြခြင်း။

**သီလကထာ**= ကမ္မဿကတဉာဏ်ပေါ်စေရန်- သီလ၏အကျိုးကို အမျိုးမျိုးဝေဖန်ပိုင်းခြား၍ ထင်ရှားသိသာအောင်ပြခြင်း။

**သဂ္ဂကထာ**= ကမ်၏အကျိုးထူးဆန်းပုံကိုသိသာစေရန် နတ်ဘုံ၌ ဖြစ်ရသော အခြင်းအရာကို ဝေဖန်၍ ပြခြင်း။

**မဂ္ဂကထာ**= သစ္စာနုလောမိကဉာဏ်ပေါ်မှကဲ့ အရှင်းပြ၍ ဝိပဿနာ- ဘာဝနာဖြင့် မဂ်ဉာဏ် ဖြစ်ပေါ်သည်ကိုပြခြင်း။

**ကာမာဒီနဝကထာ**=သစ္စာနုလောမိကဉာဏ်ဖြစ်နိုင်စေရန်အားထုတ်လိုသောစိတ်ဖြစ်ပေါ်မှ ကာမဂုဏ်တို့၏ အပြစ်ကိုထုတ်ပြခြင်း။

**မှတ်သားချက်။** ။ဤကျမ်း၌ ယုံကြည်မှုသဒ္ဓါတရားဖြစ်စေလို၍ ပါဠိ,အဋ္ဌကထာ, ဋီကာပါဠိတို့ကို ထည့်သွင်းရခြင်း ဖြစ်ပါသည် ပါဠိမပါ-သဒ္ဓါမဖြစ်၊ပါဠိပါမှ သဒ္ဓါဖြစ်သည်၊သဒ္ဓါဟူသည် ယုံကြည်မှုပင်၊မယုံကြည်ပါလျှင် ရေးအပ်သောစာအတွက် ကြည့်ရှုသူတို့အဖို့ အကျိုးမများပေ၊ ပါဠိကို အလိုမရှိသောပုဂ္ဂိုလ်တို့ အဖို့ ပါဠိကိုမကြည့်ပါဘဲ မြန်မာစကားချင်းကူးဆက်၍သာ ကြည့်ပါ၊ မြန်မာစကားသည် ပါဠိ၏ သဘောအဓိပ္ပါယ်ပင်ဖြစ်ပါသည်၊ ထိုပုဂ္ဂိုလ်တို့အဖို့ အထူးနားလည်စေရန် အများအားဖြင့် အရပ်သုံးစကားအတိုင်းရေးသားပါအံ့။

[**ဗုဒ္ဓေါ-ဗုဒ္ဓေါ တိဃောသော အတိဒုလ္လဘော ကာလ ကောဋိ ဗုဒ္ဓကာလေဝါ**]။ ။ဘုရား,ဘုရား ဟူသော အသံကို ကြားသိဘို့ရာ အလွန် ခဲခဲယဉ်းယဉ်းဖြစ်ပေ၏၊ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်သောအခါနှင့် ရင်ဆိုင်ကြုံတွေ့မိကား ခဲယဉ်းသည်ထက် ပို၍ ခဲယဉ်းလှပေ၏၊ထိုသို့ဘုရားရှင် ပွင့်တော်မူသောခေတ်အတွင်း၌ ကြုံကြိုက်ရသော လူဒါယကာ အပေါင်းတို့၏ ‘သမ္မာဒိဋ္ဌိလူမျိုး’ ‘ဗုဒ္ဓဘာသာလူမျိုး’ဟူသော အမည်သည် ကမ္ဘာကျော်အောင် အလွန်ကောင်းသော အမျိုးအမည်ဖြစ်ပေသည်။

သမ္မာ ပဿတိတိ သမ္မာဒိဋ္ဌိ၊သောဘဏာ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ၊ပသတ္ထာ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ၊ ထိုအမည်ကို မြန်မာလိုခေါ်လျှင် လူမျိုးအပေါင်းတို့တွင် မဖောက်မပြန် အမှန်အတိုင်း သိမြင်တတ်သောလူမျိုး၊ တင့်တယ်သောအယူရှိသောလူမျိုး၊ချီးမွမ်းအပ်သောအယူရှိသော လူမျိုး၊ ကမ္ဘာကျော်အောင် အကောင်းဆုံး အမည် ရှိသော လူမျိုး ဖြစ်ခဲ့၏၊ယခုအခါ အချို့ပုဂ္ဂိုလ်တို့သည် အမည်နှင့် မလျော်သော အတန်းအစားသို့ သက်ဆင်းကြသကဲ့သို့ဖြစ်၏၊ ထိုသို့ဖြစ်ခြင်း၏ အကြောင်းရင်းကိုရှာသော် သဗ္ဗညုဘုရားရှင်၌ ယုံကြည်သက်ဝင်၍ ကြည်ညိုမှု နည်းပါးကြ၍ဟု ဆိုပါလျှင်မမှားနိုင်တော့ပေ၊ အဘယ်နည်းနှင့် ဘုရားရှင်အား ကြည်ညိုနိုင်ပါအံ့နည်းဟု တဖန် အကြောင်းကိုရှာပြန်သော် [**ဓမ္မံ သုတွာ တထာ ဉာဏာ သဒ္ဓံ ပဋိလဘတိ**]တရားတော်ကို ကြားနာရ၍ ဘုရားရှင်၌ ကြည်ညိုခြင်း-သဒ္ဓါတရားကို ရအပ်၏ ဟူသော ဘုရားရှင်၏ တရားတော် ဒေသနာကို တွေ့ရှိသဖြင့် သတ္တဝါတို့ ကြည်ညိုနိုင်သော အကြောင်းကိုသိရပေ၏။

ထိုသို့ ဘုရားရှင်၌ ကြည်ညိုလေးစားမှု ဖြစ်ပေါ်ရန် ကား မည်သူတို့၏ တာဝန်ပါနည်းဟု နှလုံးပြုပြန်သော် [**ဗုဒ္ဓ ဓမ္မရတနာနမ္ပိ သမဓိဂမော သံဃာရတနာဓိနော**] ဘုရားရတနာ,တရားရတနာတို့ကို ကောင်းစွာ သိရှိဘို့အမှုသည် သံဃာရတနာနှင့် စပ်၏ ဟူသော သာရတ္ထဒီပနီကာစကားကို တွေ့ရတော့ ရတနာ နှစ်ပါး၌

သတ္တဝါတို့၏ ယုံကြည်စေမှုတာဝန်သည် သံသယနှင့် သက်ဆိုင်သဖြင့် ထိုရတနာတို့၌ ကြည်ညို လေးစား အားထားသက်ဝင်၍ အကယ်တန်း ကိုယ်စိတ်ကိုယ်၌ မိမိတို့ယဉ်ကျေးမှုစိတ်ပေါ်လာအောင် ပြုပြင်ပြောင်းလဲနိုင်သော အဓိကောင်းကြီး ဖြစ်ပါစေသားဟု နှလုံးထားလျက် ဤ**သမ္မာဒိဋ္ဌိကထာ**ကျမ်းကို ရေးသားရန် စိတ်ဖြစ်ပေါ်လာခြင်းဖြစ်ပေသတည်း။

ယခုအခါ တချို့ ပုဂ္ဂိုလ်တို့သည် သမ္မာ ဒိဋ္ဌိခေါ် အမည် နှင့် မလျော်သော အတန်းအစားသို့ သက်ဆင်းသကဲ့သို့ဖြစ်သော အခြင်းအရာကို အနည်းငယ် ဖော်ပြပါအံ့၊ ၁၁၉၀ ပြည့်နှစ်ခန့်က မွေးဖွားခဲ့သူဒါယကာကြီးများသည်၊ ၁၂၆၅ခုနှစ်သို့ရောက်သောအခါ အသက် ၇၅ နှစ်ခန့်သို့ရောက်၍ ရန်ခိုက် ဒေါသ ဖြစ်ကြရာ၊ တဦးနှင့်တဦးဒုတ်နှင့်ရိုက်ပုတ်ကြသဖြင့် ရောင်ခြင်း၊ ဖုခြင်း၊ အညိုအမဲစွဲခြင်းဖြစ်ကြ၏၊ ထိုအခါ အသက် ၇၅ နှစ်ခန့်ရှိသော ဒါယကာကြီးပြောသံကိုကြားဘူး၏၊ ဤစာရေးသူကား အသက် ၁၄ နှစ်ခန့်ရှိပြီ။

၎င်းဒါယကာကြီး၏စကားမှာ ဒို့ ငယ်ငယ် တုံးကတော့ ဒိလို တဦးနှင့်တဦး ရန်ဖြစ်ပေမယ်လို့ နာလောက်အောင် မနှိပ်စက်ကြဘူး၊ စိတ်ဆိုးလို့ရှိလျှင် ဒုတ်တွေကို ကိုင်ခြင်း မရှိပါဘူး၊ ပါလာတဲ့ ဒုတ်ကိုတောင် တခြားဖယ်ထားပြီး ပုဆိုးရှည်ကြီးဖြင့် ခါးတောင်း မြောင်မြောင်ကျိုက်ပြီး နပန်းလုံးကြတာဘဲ၊ သူ့ ခါးကိုယ်ကိုင်၊ ကိုယ့် ခါးသူကိုင်၊ တယောက်တယောက်အထက်ကျအောင် နပန်း လုံးကြတယ်၊ အနီးအနားရှိတဲ့လူတွေကလည်း ဝိုင်းကြည့်နေကြတာဘဲ။ အကျ အညိုလည်း မရှိကြဘူး၊ သွေးလုံး ရစ်ယှဉ်နှင့် နှစ်ဦးသား မောတော့ အားနည်းတဲ့လူက အောက်ကျ၊ အားကြီးလို့ ဖွံ့ကောင်းတဲ့ လူက အထက်က မြေလည်းကျသွားရော ထိုသို့ဖြစ်ရာ အထက်ကျသူက မင်းမှတ်ထား၊ ငါ့အားစွမ်းသိပြီလားဟု ကြိမ်းမောင်းပြီး၊ ကိုယ့်အိမ်ကိုယ်ပြန်၊ ရန်ငြိုးမထား

ကြ၊နောင်တွေ့ကြသောအခါ ခင်ခင်မင်မင်ဘဲ နေကြသည် ဟု ပြောသောစကားကိုကြားခဲ့ဘူး၏။

၁၂၆၅ ခုနှစ်လောက်မှာ ဒုတ်ရိုက်မှုလောက်သာရှိ၍ ဓါးခုတ်မှုမှာ မရှိသလောက် ရှားခဲ့၏၊ ၁၂၇၅ ခုနှစ်သို့ ရောက်သောအခါ ရွာတရွာ၌ ဓါးခုတ်ခံရ၍ လူတယောက်သေသည်ဟု ကြားဘူး၏၊ ထိုအခါ လူအပေါင်းသည် ထိတ်လန့်ကြ၏၊ ထိုစကားကို လူချင်းတွေ့ဆုံမိကြတိုင်း အထူးအဆန်းဖြစ်၍ ပြောဆိုကြရပေ၏၊ ၁၃၀၀ ခုကျော်သော အခါ၌ကား ဒုတ်ကိုလည်းမကိုင်၊ ဓါးကိုလည်းမကိုင်၊သေနတ်ဖြင့် မြိုင်မြိုင်ကြီးသတ်ပုတ်ကြတော့၏၊ဤလိုဖြစ်ထာကို သိကြရတော့ ဒို့ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ လူမျိုး တို့သည် အမည်နှင့် မတန်သလို ယုတ်လျော့သောအနေကို အားလုံးပင် ရင်ဆိုင်တိုးနေကြပြီဟု မဆိုသင့်သလော၊ဤသို့ မှိုသလောက်ကိုကြည့်ရှုခဲ့သော် မြင်တန်သလောက် မြင်ရကား ဖြစ်ပျက်ခဲ့သော မကောင်းမှု ရန်သူ့ဘုရ ပြုခဲ့သူတို့အဖို့မှာ ဉာဏ် အမြင်မှန် မရှိတဲ့ အခိုက် အတန့် ကြောနပင် ဖြစ်ခဲ့ကြပေ၏ သို့ဖြစ်၍ ဉာဏ်အမြင်မှန် ဆက်ခါဆက်ခါ ကိုယ်စီကိုယ်ငှ ပေါ်ပေါက်စေရမည်ဟု နှလုံးပြု၍ ဤကျမ်းစာကို ရေးသားစီရင်ရန်စိတ် ဖြစ်ပေါ်၍လာပေသတည်း။ ။

---

# ဥယျောဇဉ်နှင့်တကွ သင့်တော်သော စကား။

**ဥယျောဇဉ်။** ။ကမ္ဘာအပေါင်းတို့တွင် အထွန်းအထိပ်ကျ၍ အခဲယဉ်းဆုံးကမ္ဘာကား ဘုရားဖြစ်ဘို့ ကမ္ဘာပင်တည်း၊ ဤသို့အခဲယဉ်းဆုံး ကမ္ဘာပင်ဖြစ်သော်လည်း ဆန္ဒ၊ စိတ္တ၊ ဝိရိယ၊ ဝိမံသ၊ အဓိပတိလေးပါးတို့တွင် တပါးပါးကိုအကြီးအမှူးထား၍ အားထုတ်တော်မူကြသဖြင့် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသည်ကို ဗုဒ္ဓဘာသာ ပုဂ္ဂိုလ်မှန်သမျှအားလုံး သိရှိကြပေ၏၊ ဤဘုရားရှင်ဖြစ်ဘို့ထက် ပို၍ ခဲယဉ်းသော တပါးသော ကမ္ဘာထူးမရှိသည်ကိုလည်း အားလုံး သိကြပေ၏၊ ထိုဘုရားရှင်တို့သည် အလောင်းတော်အခိုက်သို့မရောက်မီ ယခုရှိဆဲ ပုဂ္ဂိုလ် သတ္တဝါတို့သည် သံသရာ၌ မကျင်လည် ကြရသေးဟု မဆိုနိုင်၊ စင်စစ် အမှန် မှာ သံသရာ၌ အလောင်းတော်မဖြစ်မီ ဘုရားအလောင်း ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်များနှင့်အတူ ကျင်လည်ခဲ့ကြရ၏။

ပမာဒတရား မေ့လျော့ခြင်းများခဲ့လှသဖြင့် သမ္မာသမ္ဗုဒ္ဓလည်း မဖြစ်၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝကလည်း မဖြစ်ခဲ့ရခြင်းသည် အံ့အားသင့်ဘို့ကောင်းလှ၏၊ ပမာဒတရား မေ့လျော့ခြင်း ကြီးပွားလာသည်ကို ပညာရှင်တိုင်း သိကြပေ၏၊ ဤမျှလောက် သဘောသွားကို သိနိုင်ရခြင်းမှာလည်း ဘုရားရှင်၏ သာသနာနှင့်တွေ့ကြုံ၍သာ သိနိုင်ပေသည်၊ ဘုရားရှင်တို့ပွင့်တော်မူသောအခိုက်အတန့်ကလည်း မှောင်အတိကျနေသော တညလုံး၌ လျှပ်တပြက်ခန့်လောက်သာရှိ၍ ဘုရားရှင်တို့ ပွင့်တော် မမူသည်မှာ လျှပ်တပြက်ခန့်ကိုချန်ထား၍ ကျန်တညလုံးကဲ့သို့ ဘုရားရှင်, စကြာမင်းတို့ ဆိတ်သုဉ်းသော သုညကမ္ဘာကား အနန္တ များကြောင်းကို ကျမ်းဂန်စကားဖြင့် ထောက်ထား၍ သိရပေသည်။

ယခုအခါ ဘုရားရှင်၏ သာသနာတော်သည် တဝက်ကျော် ရှိသေး၏ဟု ဆိုရငြားသော်လည်း မိမိတို့အသက်ကို ဆက်၍

မြင်ကြည့်ခဲ့သော် သာသနာတဝက်ခန့် ကျန်ရှိ သေးသော်လည်း မိမိတို့နှင့် အားလုံးမဆိုင်သည်ကို ဆင်ခြင်ကြည့်က သိနိုင်ကြပေသည်၊သို့ဖြစ်၍ အခွင့်အခါ ကောင်းသည့် သာသနာတော်နှင့် ကြုံတွေ့သည့် အခိုက် အကောင်းဆုံး အမွန်မြတ်ဆုံး ဖြစ်သော (ဝိပဿနာ ဘာဝနာ) တရားကို သတိ,ပညာ ရှေ့ထားလျက် ဤကိုယ်မှ ငါ၏ကိုယ်မှန်၊ အနှုမှန်ဟု နှလုံးပြု၍ ဂရုတစိုက်ပြုနိုင်ကြပါစေကုန်သတည်း။

**စဉ်းစားရန်။** ။လူအများတို့ မွေးဖွားခါစ၌ အရွယ်ရောက်အောင် တခါတည်းမကြီးကြပေ၊ရက်က, လ၊ လက,နှစ်၊တဖြေးဖြေးမွေးမြူ၍ ကြီးကြီး,ကြီးကြီးလာကြရပေသည်၊ ၎င်းပြင် မည်သည့်အတတ်ပညာမျိုးမဆို တကြိမ်တခါတည်း သင်ရုံနှင့် လိုအပ်သောအတတ်ပညာ ပြည့်စုံသည်မရှိ၊ရက်,လ,နှစ်များစွာ ကုန်စေပြီးမှသာ အတတ်ပညာပြည့်စုံကြပေသည်၊ မမွေးဖွားက အရွယ်သို့ရောက်သောလူကြီးမဖြစ်၊ အတတ်ပညာကိုလည်း မသင်ကြားက နေ့၊ရက်၊လ၊နှစ်ကိုမဆိုထားနှင့် အသက်တရာရှည်၍ နေရငြားသော်လည်း ပညာရှိသောအဖြစ်သို့ မရောက်နိုင်၊ ဤသို့သော ဥပမာ စကားအသွားအလာကိုစဉ်းစား၍ ဝိပဿနာ တရား မွေးဖွားကြပါ၊တနေ့ထက်တနေ့ ကြီးကြီး,ကြီးကြီးလာကြပါ၊ မမွေးဖွားက ကြီးကြီးမလာနိုင်သည်ကိုစဉ်းစားပါ၊ဝိပဿနာ ပညာကို သင်ကြားကြပါ၊ နေ့,ရက်,လ, နှစ်ကုန်လျှင် ပြည့်စုံ၍ ဝိပဿနာ အတတ်ပညာရှိ ဖြစ်ပါလတ္တံ့၊ ၎င်းပညာကို မသင်ကြားမလေ့လာအံ့၊ အသက်အဆက်ဆက်ရှည်၍ ကမ္ဘာအဆက်ဆက် ကုန်ငြားသော်လည်း ဝိပဿနာပညာမပြည့်စုံပါလတ္တံ့။

**တမျိုးစဉ်းစားရန်။** ။လောက၌ လက်သမား,ပန်းရံ,ပန်းပု, ပန်းတိမ်၊ပန်းချီ အကျော်ထိပ်သီး တမ်းခွန်သဖွယ် လက်မှုပညာဆိုင်ရာ ဆရာကြီးတို့လည်း ရှိကုန်၏၊ ထိုဆရာအကျော်တို့သည် ယခုဘဝမှအစပြု၍ သင်ကြားလို့ ကျော်ကြားသော ဆရာကြီးများဖြစ်ကြသည်ဟု မယူဆသင့်၊ ဘဝ များစွာက ဝါသနာနှင့်တ

ကွ သင်ကြားခဲ့ကြလို့သော ဤဘဝမှာ တပါးသောလက်မှုပညာ ဆရာ ရာ,ထောင်မက များစွာတို့ထက် ကျော်ကြား၍ ထိပ်သီး ဆရာကြီးတွေဖြစ်ကြရပေသည်၊စဉ်းစားပါ၊ လက်မှုပညာဆရာ တိုင်းပင် မိမိတို့အတတ်ပညာ တဘက်ကမ်းခပ်ထိပ်သီးအကျော် ဖြစ်လိုကြ၏၊ ဖြစ်လိုတိုင်းမဖြစ်ကြ၊ အတိတ်ဘဝက မိမိတို့နှင့် သင့်တင့်သော ဝါသနာအလျှောက်သာ ဖြစ်ကြရပေ၏။

ဤလောကီလက်မှုပညာ ဥပမာသဘောသွားအတိုင်း နက်နဲသော ဝိပဿနာပညာဖြစ်ပေါ်မှုမှာ အထုံဝါသနာ ပါရမီရှိသူတို့အဘို့ အထွန်းအထိပ်သို့ ရောက်နိုင်ကြမည်၊ အထုံဝါသနာနည်းပါးသူတို့အဘို့ အိပ်မက်မက်သကဲ့သို့ မထင်မရှားသာလျှင် ဖြစ်ကြပေမည်၊သို့သော်လည်း ဝိရိယကို လျှော့ဘို့မသင့်၊ အထုံဝါသနာ,ပါရမီ ကြီးပွားမှုဖြစ်စေရမည်ဟု နှလုံးပြုသင့်သည်။

**တမုံ့စဉ်းစားရန်။** ။လောက၌ နှုတ်မှုပညာဘက်က တဘက်ကမ်းခတ် တတ်မြောက်လို၍ သင်ကြားကြ၏၊ ထိုသင်ကြားသော ပုဂ္ဂိုလ်အပေါင်းတို့တွင် ဤမြန်မာပြည်၌ပင် ရှေးအခါက ကျော်စောကိတ္တိအထူးရှိသော ထိပ်သီးဆိုလောက်သော ဆရာတော်ကြီးတွေ ပေါ်ပေါက်ခဲ့ကြ၏၊ ၎င်းဆရာတော်ကြီးများသည် ယခုဘဝမှစ၍ ပညာကိုသင်ကြားကြရသည်ဟု မယူဆသင့်၊ဘဝများစွာ သံသရာက ဝါသနာနှင့်တကွ အားထုတ်သင်ကြားလာကြ၍သာ ဤဘဝမှာ တပါးသော ပညာရှင်တို့ထက် ဆရာအကျော် တပြည်လုံးအပေါ်၌ ထိပ်သီးတဆူ ဖြစ်တော်မူကြ၏၊ သာသနာတော်ကိုချစ်၍ ရဟန်းစစ် ဟူသမျှတို့သည် ထိုဆရာတော်မြတ်တို့ကဲ့သို့ သင်ကြားကြ၏၊ ထိပ်သီးအကျော် ဆရာတော်ကြီးတွေ ဖြစ်ချင်တိုင်း မဖြစ်ကြ၊ အတိတ်ကမ် ဝါသနာ အထုံ ရှိသလောက်သာ ဖြစ်ကြ၏။

လူတို့သင်ကြားအပ်သော ပညာပိုင်းမှာလည်း ထိုအတိုင်းပင် ဖြစ်ကြကုန်၏၊ ဤဝိပဿနာပညာအရည်ကား လက်မှုပညာ,နှုတ်မှုပညာအပေါင်းတို့ထက် အလွန့်အလွန်သိမ်မွေ့သော ပညာဖြစ်

ရကား ရှေးကမ်ထူး, ကမ်မြတ်တို့ဖြင့် လွန်စွာ ဖန်တည်းခဲ့သော ကြောင့် ထိုပုဂ္ဂိုလ်၌ အဆုံးစွန်ပညာ ဖြစ်ပေါ်လာခြင်းဖြစ်၏၊သိမ် မွေ့သောပညာဖြင့် သိမ်မွေ့သော အာရုံကို ပိုင်းခြား၍ သိနိုင်၏၊ "ခဏေတော ဥဒယာဗ္ဗယံ မနသိကရောတိ၊တသ္မာ ယာဒါ" အစချီ လတ္တုံ့သော ပါဠိစကားဖြင့် သန္တတိပစ္စုပ္ပန်ကိုလွန်၍ခဏပစ္စုပ္ပန် အတွင်း၌ရှိ ရုပ်နာမ်သဘောကိုသိသောဉာဏ်သည် သိမ်မွေ့သည် ထက် သိမ်မွေ့သောဉာဏ်မည်၏။

ယခုအခါ ၎င်းဉာဏ်မျိုးမဖြစ်နိုင်ဟူ၍ကား မယူဆသင့်ပေ၊ အတိတ်ကမ်ကြောင့်ဖြစ်ပေါ်လာသော တိဟိတ်ဉာဏ်သည် ပန်း ဘဲဆရာတို့ ပြုလုပ်ပေးသော ဓါး၊သံလျက်ကို မြမြ ထက်အောင် သွေးမှ အသုံးချလို့ရသကဲ့သို့ ထိုနည်းတူစွာ သဒ္ဓါ,သတိ,ဝိရိယ တို့ဖြင့် လွန်စွာအားထုတ်မှ မြမြထက်ထက် သိမ်မွေ့လှစွာသော ဝိပဿနာပညာ အချက်တွေ ပေါ်လာနိုင်မည်၊ ဒုက္ခအပေါင်းကို လည်း စောင်း၍ကြည့်မှ အားထုတ်နိုင်မည်၊ အနည်းဆုံးအားဖြင့် အခွင့်မရခဲ့သော် ညအခါ လူသံဆိတ်သည့် အချိန်၌ တနာရီခန့် အားထုတ်ရန်သင့်သည်၊လုံးဝအားမထုတ်နိုင်သောပုဂ္ဂိုလ်များနှင့် စံချိန်ထိုးလျှင် မမှီနိုင်အောင် သာတန်းရသည်၊သို့သော် ဂုဏ်ကို လို၍ သူတပါးအား မပြောကြားနိုင်တဲ့စိတ်ရှိမှ သာလွန်မည်ဟု ငကန်သိပါလေ။

## အားထုတ်လျှင် ကေန်ရမည်လော။

ပါရမီ ပြည့်စုံပါလျှင် ရရမည်၊ မပြည့်စုံသေးက ယခုဘဝ၌ မရပေ၊မရသော်လည်း အချည်းနှီးမဖြစ်၊အထုံဝါသနာဖြစ်ရမည်၊ ဝါသနာဟူသည်မှာ "အဇ္ဈာသဒိသ သဘာဝတေ ဝါသေန် ဝါသန်" ဟု ပြလတ္တံ့သည့် အတိုင်း မိမိနှင့်တူသော သဘော၏ အဖြစ်သို့ ရောက်စေခြင်းသည် ဝါသနာ-ဟူသဖြင့် ယခုကောင်းသောအမှု ကိုပြုလျှင်နောင်၌လည်း ကောင်းသောအမှုကို ဖြစ်ပေါ်စေမှုဟု

ဆိုလို၏၊ယခု အားမထုတ်လျှင် နောင်၌လည်း အားထုတ်မှု မဖြစ်ဟုဆိုလို၏၊ ထို့ကြောင့် တရားကိုအားထုတ်ဘို့ သင့်၏။

ဝိပဿနာတရားကား အခက်ဆုံးတရား၊ပေါက်ရောက်ပါလျှင် အကောင်းဆုံးတရား၊ကမ္ဘာ့ပေါင်း အရေအထောင်, ဘဝပေါင်း အနန္တ, ဒါနစသော ပါရမီတရားတွေကို များစွာ အားထုတ်မှ ရနိုင်သော တရားထူး တရားမြတ် ဖြစ်ပေ၏၊ ယခုဘဝ အရည်အခြင်း ပညာအဆင်အခြင် ရှိသူတို့အဘို့မှာ သာသနာတော်နှင့်လည်း ကြုံတွေ့ရသဖြင့် ပါရမီ မပြည့်သေးဟူ၍ ပုဂ္ဂိုလ်တိုင်းကို မဆိုသင့်ပေ၊ အားထုတ်၍ကြည့်လို့ မရသော်သာ ပါရမီမပြည့်သေးဟုဆိုပါလျှင် ဆိုဘို့သင့်၏၊ အားမထုတ်ဘဲနှင့်ကား ပါရမီမရှိဟု အထင်မသေးသင့်ပေ၊ အခွင့်အခါရသလောက် အားထုတ်သင့်၏၊ အားထုတ်သော် မဂ်လေးပါး, ဖိုလ်လေးပါး ရကြောင်းဖြစ်ပေသည်။

[ပဋိသမ္ဘိဒါမဂ်ပါဠိ] စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ ဘာ
ဝိတာ ဗဟုလီကတာ သောတာပတ္တိ
ဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ၊
ကတမေ စတ္တာရော သပ္ပုရိသသံ
သေဝေါ၊ သဒ္ဓမ္မသဝနံ၊ ယောနိသော
မနသိကာရော၊ ဓမ္မာနု ဓမ္မပဋိပတ္တိ၊
ဣမေခေါ ဘိက္ခဝေ စတ္တာရော ဓမ္မာ
ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိ
ဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ။

သံသရာဘေးကို ရှုလေ့ရှိသော ချစ်သားတို့ ဤလေးပါးသော တရား တို့ကို အကြိမ်များစွာ လေ့လာ အပ်ကုန်သည် ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာဖြစ်ကုန်၏၊လေးပါးတို့ဟူသည် အဘယ်နည်း— သူတော်ကောင်းကို မှီဝဲခြင်းတပါး၊ သူတော်ကောင်းတို့၏ တရားကို နာရခြင်း တပါး၊ အသင့်အတင့်

အမှန်အကန် နှလုံးသွင်းခြင်းတပါး။ ကိုးပါးသော လောကုတ္တရာ တရားအားလျော်သော အကျင့်တပါး။ သံသရာဘေးကို ရှုလေ့ ရှိသော ချစ်သားတို့ ဤလေးပါးသောတရားတို့ကို အကြိမ် များစွာ ပွားများ လေ့လာ အပ်ကုန်သည်ရှိသော် သောတာပတ္တိမဂ်ကို မျက်မှောက်ပြုခြင်းငှာဖြစ်ကုန်၏၊ သကဒါဂါမိ မဂ်,ဖိုလ်၊ အနာဂါမိ မဂ်,ဖိုလ်၊ အရဟတ္တမဂ်,ဖိုလ်ကို မျက်မှောက်ပြုရန် ရရန် အကြောင်းမှာလည်း ဤနည်းအတိုင်းပင် ဘုရားရှင် ဟောတော်မူ၏၊ ၎င်းပါဠိအတိုင်းမလွဲပေ။

ထိုလေးပါးတို့တွင် သပ္ပုရိသ သူတော်ကောင်း ဟူသည်မှာ သီလ,သမာဓိ,ပညာသုံးပါးနှင့် ပြည့်စုံစွာနေနိုင်သူကို မချကောက် ယူရပေမည်၊ ထိုသူတော်ကောင်းကို မှီဝဲဆည်းကပ်ရမည်ဟုဆို လိုသည်၊ သဒ္ဓမ္မသဝနံ—အရမှာ သဒ္ဓါ,ဟိရိ,ဩတ္တပ္ပ,ဗာဟုသစ္စ ဝိရိယ,သတိ,ပညာ,ဤခုနစ်ပါးသောတရားတို့သည် မိမိသန္တာန်၌ အမြဲဖြစ်အောင် နာကြားရမည်ဟုဆိုလိုသည်၊ ထိုတရားတို့တွင် ပညာသည် အချုပ်ဖြစ်၏၊ လောက၌ အဆုံးစွန် ပညာသည်ကား အနှုလုံဖြစ်သော သစ္စာနုလောမိကဉာဏ်ဖြစ်ပေ၏။

ယောနိသောမနသိကာရဟူသည်မှာ—

[မူလပံ၌] ယောနိသောမနသိကာရောနာမ ဥပါယ မနသိကာရော၊ ပထမနသိကာရော၊ အနိစ္စေ အနိစ္စန္တိ ဝါ၊ ဒုက္ခေ ဒုက္ခန္တိ ဝါ၊ အနတ္တနိ အနတ္တာတိ ဝါ၊ အသုဘေ အသုဘန္တိ ဝါ၊ မနသိကာရော။

အသင့်အားဖြင့် နှလုံးသွင်းခြင်းမည်သည် အမှန်အားဖြင့်၎င်း, အကြောင်း ဟုတ်သောအားဖြင့်၎င်း, နှလုံးသွင်းခြင်းဖြစ်၏၊ အဘယ်သို့နှလုံးသွင်းသနည်း—တလောကလုံး အနိစ္စတုံး၌ အနိစ္စဟူ၍ နှလုံးသွင်း၏၊ တလောကလုံး ဒုက္ခတုံး၌ ဒုက္ခဟူ၍ နှလုံးသွင်း၏၊ တလောကလုံးအနတ္တတုံး၌ အနတ္တဟူ၍ နှလုံးသွင်း၏၊ တလောက

လုံး အသုဘဘုံးနှင့်၊ အသုဘဟူ၍ နှလုံးသွင်း၏၊ ဤသို့ နှလုံးသွင်းခြင်းသည်၊ယောနိသောမနသိကာရမည်၏။

ဓမ္မာနုဓမ္မပဋိပတ္တိ= ကိုးပါးသော လောကုတ္တရာတရားအားလျော်စွာကျင့်ခြင်းဟူသည်မှာ၊သမ္မာဒိဋ္ဌိဉာဏ် ဦးစီးသော ကာယကမ်မှု၊ဝစီကမ်မှု၊ မနောကမ်မှု၊အလုံးစုံကိုပင်ဆိုလို၏၊ စင်စစ်မှာ သမ္မသနဉာဏ်မှစ၍ သစ္စာနုလောမိကဉာဏ်ဟူ၍ ခေါ်ဝေါ်အပ်သော အနုလုံဇောသို့တိုင်အောင် ကျင့်မှုသည် ကိုးပါးသော လောကုတ္တရာတရား အားလျော်သော အကျင့်မည်၏၊ သောတာပန်စသောအရိယာဖြစ်ကြောင်းတရားလေးပါးဖြစ်၏။

ထိုလေးပါးတို့တွင် သပ္ပုရိသသံဝေသအရာ ပြည့်စုံခဲလှ၏၊ သီလ,သမာဓိ,ပညာ သုံးပါးနှင့်ပြည့်စုံသော ဆရာကောင်းကို ရခဲလှ၏၊လောက၌ ပဏ္ဍိတပဋိရူပက=ပညာရှိအတုတမျိုး၊အတိပဏ္ဍိတ=ပညာလွန်ပုဂ္ဂိုလ်တမျိုး၊ဧကန္တပဏ္ဍိတ=ပညာရှိအစစ်ပုဂ္ဂိုလ်တမျိုး၊ဤသုံးမျိုးတို့တွင် တဦးတယောက်မျှ မိမိကိုယ်ကို ပညာရှိအစစ်မဟုတ်ဟု မထင်ကြပေ၊ထိုစကားမှန်ပေသည်၊—

[ဥပရိပံဏ္ဏ] ကောပိ အဟံ ဗာလောတိ နမညတိ၊
သဗ္ဗေပိ ပဏ္ဍိတမာနိနောယော၀။

တဦးတယောက်သောသူသည်လည်း ငါကား မလိမ္မာသူတယော..က်ဟု မထင်ခဲ့၊ အလုံးစုံသောသူတို့သည်လည်း ပညာရှိဟု မာန်မူကြကုန်သည်သာလျှင်တည်း။

ဤသို့ အဋ္ဌကထာဆရာတို့ သတ်မှတ်တော်မူကြသည့်အတိုင်း မိမိကိုယ်ကိုပညာရှိအစစ်ဟူ၍ ထင်မှတ်ကြကုန်၏၊ ထင်မှတ်ကြသည့်အတိုင်း ဟုတ်သည်, မဟုတ်သည်ကို ကျမ်းဂန်တည်းဟူသောပေကြိုးဖြင့် တိုင်း၍ ကြည့်သင့်သည်၊ ပေမမှီလျှင် အထင်မကြီးသင့်ပေ၊ ကျမ်းဂန်တည်းဟူသော စဉ်းချိန်၌ တင်၍ ချိန်သင့်သည်၊ အချိန်မစီးလျှင် အထင်မကြီးသင့်ပေ၊ သတိဖြစ်ဘို့ရာ ဤစကားကို ရေးသားရခြင်းသည် ဗုဒ္ဓဘာသာ သာသနာတော်၌

ဝိပဿနာကိစ္စသည် အကြီးဆုံးကိစ္စဖြစ်ပေ၏၊ လမ်းမှန်မကျပါလျှင် ဝိပဿနာ ဆရာကြီးတို့၏ အပေါ်သို့ ရှေးဦးစွာကျရောက်ပေ၏၊ နောက်ဆုံးတနေ့၌ သာသနာတော်ထမ်း ရဟန်းတော်, သံဃာတော်တို့၏အပေါ်သို့ ကျရောက်ပေတော့၏။

ဤသို့ကျရောက်သောအခါ ပြုပြင်ဘို့လည်း မိမိတို့အလျောက် လွယ်ကူသော သဘောမဟုတ်ပေ၊ သို့ဖြစ်၍ အရိယာစခမ်းဝင်လမ်းလေးမျိုးတို့တွင် သဒ္ဓါရှိသခေါ်ဆရာကောင်း လိုလှ၏၊ဆရာကောင်း ပညာရှိစစ်စစ်နှင့် ပေါင်းဖေါ်ရမှသာ အရိယာစခမ်းဝင်လမ်းလေးမျိုးနှင့်ပြည့်စုံ၍ ပါရမီရှိသူတို့အတွက် လိုအပ်သောတရားပြည့်စုံနိုင်မည်၊တမျိုးအားဖြင့် ပါရမီအစစ်ဖြစ်နိုင်ကြမည်၊ ပြည့်စုံရန်အကြောင်း ကောင်းကောင်း ဖြစ်ကြရမည်၊ သို့ဖြစ်၍ သတိပေးခြင်းဖြစ်ပေသည်။

## ဝိပဿနာယောဂီမြတ်တို့ ကျက်မှတ်၍ ဆင်ခြင်ပွါးများကြရန်။

၁။ လုံးစဉ်ပြားစဉ်၊ထပ်ထပ်စဉ်၊ ရေယာဉ်မီးပမာ။
၂။ ငါမဟုတ်ပါ၊ နာမ်ရုပ်သာ၊ မှန်စွာသိယုံပါ။
၃။ ရုပ်စဉ်နာမ်စဉ်၊ ထပ်ထပ်စဉ်၊ ရေယာဉ်မီးပမာ။
၄။ ပျက်ပျက်, ပျက်ပျက်၊ ဖြစ်၍ပျက်၊ သက်သက် ဒုက္ခသာ။
၅။ အနိစ္စ,ဒုက္ခ၊ အစဉ်မှု၊အတ္တမဟုတ်ပါ။
၆။ ဖြစ်လေ့ချုပ်လေ့၊ လွန်သိမ်မွေ့၊ ကြည့်၍မမြင်ပါ။
၇။ ဉာဏ်ဖြင့်ရှုမှ၊ သဘာဝ၊ မချထင်မည်သာ။
၈။ ဖြစ်ချုပ်,ဖြစ်ချုပ်၊ တဟုတ်ဟုတ်၊ နမ်ရုပ်ဓမ္မတာ။
၉။ ကောင်ထည်မဟုတ်၊ တလှုပ်လှုပ်၊ဖြစ်ချုပ်အစဉ်သာ။
၁၀။ အစဉ်သဏ္ဌာန်၊ အမည်မှန်၊ သိရန်ပညတ်သာ။ ။

ဤကား လက္ခဏာယာဉ်သုံးပါး၊ ပရမတ်, ပညတ်သဘော အကျဉ်းနည်းတည်း။]

## သံပေါက်(၁၀)ပုဒ် အဓိပ္ပါယ်

၁။ **လုံးစဉ်ပြားစဉ်**——ဟူသည် ဗဟိဒ္ဓဖြစ်သော ကျောက်လုံး, မြေလုံး၊ကျောက်ပြား, မြေပြား၊ သစ်သားလုံး,သစ်သားပြား၊ သစ်ပင်ကြီး, သစ်ပင်ငယ်၊မျက်စိဖြင့်မြင်အပ်သော အရာဟူသမျှသည် တခုတည်းနေသည် မဟုတ်၊ အလုံးအထပ်ထပ်၊ အပြားအထပ်ထပ် ဆင့်ကာဆင့်ကာထပ်၍သော အစဉ်အဆက်မပြတ်ဖြစ်နေသည် မျက်စိဖြင့်မြင်သလို တခုတည်း အမြဲတည်နေသည်မဟုတ်၊ ရေအယဉ်သည် အစဉ် အဆက်မပြတ် ဖြစ်နေသလို မီးသည် အစဉ်အဆက်မပြတ်ဖြစ်နေသလိုဖြစ်သည်ဟုပြအပ်သော လင်္ကာပေတည်း။

၂။ **ငါမဟုတ်ပါ-နာမ်ရုပ်သာ**——ဟူသည် ငါမဟုတ်၊လူမဟုတ်၊နတ်မဟုတ်၊ ဗြဟ္မာမဟုတ်၊ တိရစ္ဆာန်မဟုတ်၊ယောကျ်ား မဟုတ်၊မိန်းမ မဟုတ်၊သတ္တဝါဟုသမုတ်အပ်သော အနန္တစကြာဝဠာအားလုံးတို့၌ ပုဂ္ဂိုလ် သတ္တဝါဟု သမုတ်အပ်သော သဘောသည် ပညတ်မျှသာ ဟုတ်သည်၊ ပရမတ္ထအားဖြင့် အဟုတ်မရှိပေ၊ "ပရမတ္ထတော သတ္တုပလဒ္ဓိ နတ္ထိ - ပရမတ္ထအားဖြင့် သတ္တဝါဟုရအပ်သောအယူ မရှိ" ဟူသော စကားနှင့်အညီ-ပြအပ်သော လင်္ကာပေတည်း၊ ရုပ်နှင့် နာမ်သာ ရှိ၏ဟု အမှန်သိပါ၊ သိသည့်အတိုင်း မသွေမဖီ အမှန်ယုံကြည်ပါဟု တင်းတင်းကြီးပြသည်။

၃။ **ရုပ်စဉ်နာမ်စဉ်**——ဟူသည် သတ္တဝါဟု ခေါ်ဆိုအပ်သော ယောကျ်ား , မိန်းမတို့၏ သန္တာန်တခုလုံး ဦးခေါင်းကစ ခြေဘဝါး ခြေဘဝါးကစ ဦးခေါင်းအဆုံး တကိုယ်လုံး၌ ရုပ်နှင့် နာမ်သာရှိသည်၊ ထိုရုပ် နာမ် သည်လည်း တသမတ်တည်း မွေးသည့်နေ့မှစ၍ သေသည့်နေ့အထိ တခါတည်း အမြဲကည်နေသည် မဟုတ်၊ရုပ်ကလည်း အထပ်ထပ် စဉ်ကာ-ဆက်ကာဖြစ်နေသည် နာမ်ကလည်း စဉ်ကာဆက်ကာဖြစ်နေသည်၊မျက်စိဖြင့် မြင်သလို အမြဲတည်နေသည်မဟုတ်၊ဥပမာ-မြစ်ရေအယဉ်လို, ဆီမီးလျှံလို

အစဉ်မပြတ် ဖြစ်၍နေသည်-ဟူသော အဓိပ္ပါယ်ကိုပြလျက် အနိစ္စ သဘောဟူ၍ သိစေလိုသည်။

**၄။ ပျက်ပျက်–ပျက်ပျက်**—ဟူသည် ရုပ်နှင့် နာမ်ကား ဖြစ်,ပျက်၊ဖြစ်,ပျက် ဖြစ်၍သာ နေသည် ထပ်တလဲလဲ အဆင့်ဆင့် အဆက်မပြတ် ဖြစ်၍သာ ပျက်နေသည်၊ မပျက်ဘဲ အမြဲတည်နေ သည်မဟုတ်၊ မျက်စိဖြင့်မြင်သလို မဟုတ်ပေ၊ ဤလို ဖြစ်ပျက်မှု အဆင့်ဆင့် ဖြစ်နေခြင်းသည်ပင်လျှင် နှိပ်စက်သည်မည်ရကား ရုပ်,နာမ် နှစ်ပါးသည် သက်သက် ဒုက္ခဘုံး, ဒုက္ခခဲးဟူသော အဓိပ္ပါယ်ကိုပြလျက် ဒုက္ခသဘောဟူ၍သာ သိစေလိုသည်။

**၅။ အနိစ္စ၊ဒုက္ခအစဉ်မျှ**—ဟူသည် အနိစ္စကား ရုပ်,နာမ် နှစ်ပါးမမြဲမှု၊ဒုက္ခကား ထပ်တလဲလဲ ဖြစ်မှုဆင်းရဲ၊ ထိုအနိစ္စ,ဒုက္ခ မဖြစ်ပါစေလင့်၊ နိစ္စ အမြဲ၊ သုခ ချမ်းသာ၊ ဤလိုသာဖြစ်ပါစေဟူ ၍ကား ဘုရားအစရှိသောဘုန်းတန်ခိုးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့သည်ပင်လျှင် နိစ္စ, သုခဖြစ်ပါစေ၊ အနိစ္စ, ဒုက္ခမဖြစ် ပါစေနှင့်ဟူ၍ တောင့်တရုံမျှနှင့်မရ၊ မိမိတို့အလိုသို့ မလိုက်ပေ၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့အဘို့ ဆိုဖွယ်မရှိပြီ၊ ဤလိုတောင့်တလို့မရ၊ သဘာဝအတိုင်းသာ ဖြစ်ရကား အတ္တမဟုတ်၊ အနတ္တ-ဟူသော အဓိပ္ပါယ်ကိုပြသောလက်ာဖြစ်သည်။

**၆။ ဖြစ်လေ့,ချုပ်လေ့**—ဟူသည် ရုပ်နာမ်တို့၏ ဖြစ်ချုပ် သဘောကို လူသာမန်တို့ မသိနိုင်၊ အဘယ့်ကြောင့် ဆိုသော် လျှင်မြန်သိမ်မွေ့သော သဘောတို့တွင် ရုပ်,နာမ်နှစ်ပါးထက်ပို၍ လျှင်မြန်သော သဘောတရား တခုမျှမရှိပေ၊လျှင်မြန်ခြင်း,သိမ်မွေ့ ခြင်းမှာ ထိုရုပ်နာမ်နှစ်ပါးသည် ပြိုင်ဘက်ကင်း၏၊ဤသို့သိမ်မွေ့ လျှင်မြန်သောကြောင့် သာမန်လူတို့ ပကတိမျက်စိနှင့် ကြည့်ပါလျှင် အသက်တန်း ကုန်ငြားသော်လည်း ကြည့်၍ မမြင်ပါ-ဟူသော အဓိပ္ပါယ်သဘောကိုပြသော လက်ာဖြစ်ပေ၏။

**၇။ ဉာဏ်ဖြင့်ရှုမှ**—ဟူသည် အနိစ္စ, ဒုက္ခ,အနတ္တသဘော ကို ပိုင်ပိုင် နိုင်နိုင် သိသော သုတမယဉာဏ် လက်ရှိထားရမည်၊

သုတမယဉာဏ်မျှ ဆရာကောင်းနှင့်မှ မရမရှိပါလျှင် သဘာဝကို သိနိုင်သော သဘော မဟုတ်ပေ၊သို့ဖြစ်၍ ရရှိသော သုတမယဉာဏ်ဖြင့် အဖန်ဖန်ရှုကြည့်ပါလျှင် ပါရမီလည်း ပြည့်စုံပြီးဖြစ်ငြားအံ့၊ သဘောတရားသည်၊ ဝါ၊ မိမိနှလုံးသွင်းသော တရားသည် ဟုတ်မှန်သည့်အတိုင်း ရုပ် ထင်လာရမည်ဟု ပြသောလင်္ကာဖြစ်ပေ၏။

၈။ **ဖြစ်,ချုပ်၊ဖြစ်,ချုပ်**—ဟူသည် ပရမတ္ထသဘော သင်္ခါရတရားမှန်သမျှ ဖြစ်ပြီး ချုပ်တာဘဲ၊ဖြစ်ပြီး ပျက်တာဘဲ၊ပြောပလောက်အောင် တည်တန့်နေသည် မဟုတ်ပေ၊ အပ်ဖျားပေါ်သို့ မုံညင်းစေ့ကို ချကာမျှဖြင့် အောက်သို့ ကျသွားသကဲ့သို့ (ဝါ) အပ်ဖျားပေါ်မှာ မုံညင်းစေ့ ကြာရှည် မတည်သလို ပရမတ္ထတရားသည် ဖြစ်ပြီး ချုပ်တော့၏၊ ချုပ်ပြီး ဖြစ်တော့၏၊ဤလို ဖြစ်,ချုပ်၊ဖြစ်,ချုပ်သဘောကား ပရမတ်ဖြစ်သော နာမ်,ရုပ် သဘောဘဲ မိမိဟုခေါ်ဆိုအပ်သော တကိုယ်လုံး၌ ရှိသော ခန္ဓာငါးပါးသည် ဖြစ်ပြီးချုပ်,ဖြစ်ပြီးချုပ် တဟုတ်ဟုတ်ဖြစ်နေသည်ဟု ပြအပ်သော လင်္ကာဖြစ်ပေ၏။

၉။ **ကောင်းထည်မဟုတ်** — ဟူသည် မျက်မြင်အားဖြင့် တိရစ္ဆာန်,လူ,နတ်,အကောင်အထည်ဖြိုပ်ကို မြင်ကြ၍ အကောင်အထည်ဟု ပုထုဇဉ်မှန်သမျှတို့ အားလုံးပင် ထင်မှတ်ကြသည်၊ ထိုသို့ ထင်တိုင်း,မြင်တိုင်းကား မဟုတ်ကြပေ၊ထိုသို့သော အထင်အမြင်သည် သူရော,ကိုယ်ပါ ဆိုတာလို အနမတဂ္ဂ တသံသရာလုံး လာခဲ့ကြပေ၏၊ ပရမတ်လိုဆိုတော့ အားလုံး အမှန်မမြင် အမှားကိုပင် အမှန်ထင်၍ လာခဲ့ကြခြင်းဖြစ်ပေ၏၊အမှန်မှာ ရုပ်,နာမ်တရားတို့၏ ဖြစ်,ချုပ်၊ဖြစ်,ချုပ် အစဉ်တွေပါဘဲ၊တလှုပ်လှုပ်ဟု ထင်ကြရ၏၊ မျက်စိဖြင့် (ဝါ) မနောဝိညာဏ်ဖြင့်သိကြရ၏၊ပရမတ်ကိုသိဘဲ့ ညာဏ်နှင့် ကြည့်ပါလျှင် လှုပ်လှုပ်ရွရွ တခုမျှမဟုတ်၊ ဖြစ်,ချုပ်၊ဖြစ်,ချုပ် အစဉ်ပါဘဲဟု ပြသော လင်္ကာဖြစ်ပေ၏။

၁၀။ **အစဉ်သညာနုဘွန်** —ဟူသည့် ရုပ်,နာမ် တရားတို့၏ အခ ထပ်ထပ် ဖြစ်ဆဲဖြစ်သော အစဉ်ကို သန္တတိပညတ်ဆိုလိုပါသည့် ထိုရုပ်,နာမ် မရှိပါလျှင် သန္တတိပညတ်ဟူ၍ပင် မရှိတော့ပေ၊သန္တတိပညတ်မရှိပါလျှင်လည်း သညာနုပညတ် မရှိနိုင်ပေ၊ရုပ်,နာမ်တို့၏ အစဉ်၊ အစိုင်,အခဲအပေါင်းကို သညာနု ပညတ်, ဃနပညတ် စသည့်ဖြင့် ခေါ်ဝေါ်အပ်သော နာမပညတ် အမည်အမျိုးမျိုး ဖြစ်ပေါ်လာတော့၏၊ ရုပ်,နာမ် ပရမတ် အရင်းခံမရှိခဲ့ပါလျှင် ပညတ်အမျိုးမျိုး လုံးဝကင်းပျောက်တော့၏၊ ဤသို့ ဖြစ်ပါလျှင် အဇ္ဈာကာသ ကောင်းကင်ပညတ်၌ ဘာပရမတ် ရုပ်,နာမ်ရှိသနည်း-ဟု အမေးဖြစ်ပေါ် ရာ၏၊ ထိုကောင်းကင်ပညတ်၌ ရုပ်ပရမတ် အမှန်ရှိ၏၊ ရုပ်ပရမတ်မရှိရာကား အမတနိဗ္ဗာန်တခုသာ ရှိပေ၏။

ထိုစကားမှန်လှ၏၊''**အတ္ထိ အာပေါစ ပထဝီ, တေဇော ဝါယော န ဂါဓတိ**'' [**သီလက္ခန္ဓပါဠိ**] အဓိပ္ပါယ်ကား—ဤအမတ နိဗ္ဗာန် မြတ်၌ ပထဝီ, အာပေါ, တေဇော, ဝါယော မရှိ မသက်ဝင်နိုင် ဟု ဟောတော်မူသဖြင့် ထိုမဟာဘုတ် လေးပါးကိုမှီ၍ ဖြစ်သော ဥပါဒါရုပ်တို့လည်း မရှိဟူသောအဓိပ္ပါယ် ကျရောက်ရကား ရုပ်တရားမှန်သမျှ နိဗ္ဗာန်၌ လုံးဝမရှိသည်ကို သိရပေတော့၏။ ကောင်းကင်၌ကား ရုပ်တရားရှိသည်၊ ထိုရုပ်တရားကား အနူးညံ့ဆုံးဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရူပါရုံပင်တည်း၊ ထင်ရှားစေအံ့—နေ့အခါ အလင်းရောင်ရူပါရုံ, ညအခါ အမှောင်အမဲ ရူပါရုံရှိ၍သာ စက္ခုဝိညာဏ်ဖြစ်နိုင်ကြောင်း အတတ်ကေန် သိရပေ၏၊အတိုချုပ်အားဖြင့် အဗ္ဗကလာပ်ရုပ်၅စ်ပါးမှ လွတ်ရာကား နိဗ္ဗာန်သာရှိတော့၏၊သို့ဖြစ်၍ ရုပ်,နာမ်ပရမတ် အရင်းခံမရှိပါလျှင် ပညတ်အမျိုးမျိုး လုံးဝကင်းပျောက်တော့၏ဟု ဆိုခြင်း ဖြစ်ပေ၏။

ဤနေရာ၌ အချို့ပုဂ္ဂိုလ်တို့ အတွက် ပညတ်သဘောကို အနည်းငယ် ဆက်၍ပြဦးအံ့— ပညတ်တရား ဟူသည်မှာ-ပရမတ္ထ တရားကိုလွတ်၍ မရှိဖြစ်သည်၊ ပရမတ္ထတရားကိုစွဲ၍ အမည်,

အထည်ကိုယ်, ပုံပန်းသဏ္ဌာန်, ပုဂ္ဂိုလ်သတ္တဝါ, လူ,နတ်, ဗြဟ္မာ ဟူသမျှကို ပညတ်ဆို၏၊ထိုပညတ်ဟူသည် စင်စစ်အမှန် ပရမတ္ထ အားဖြင့် လုံးလုံးမရှိဖြစ်သည်ကို''ပရမတ္ထေန သတ္တုပလဒ္ဓိ နတ္ထိ'' ဟူ သောစကားဖြင့် အထပ်ထပ်ရေးသားခဲ့သော်လည်း ထင်ရှားသည် ထက် ထင်ရှားစေရန် ဥပမာဖြင့်ဤသို့သိသင့်၏—သတ္တုဇွန်း,သတ္တု ပန်းကန်, သတ္တုခွက်, သတ္တုအိုး, သတ္တုချိုင့် စသော အားဖြင့် အမျိုးမျိုးရှိ၏၊ သတ္တုသည် ပရမတ်-ရုပ်တရားနှင့် တူ၏၊ ဇွန်း, ပန်းကန်,ခွက်,အိုး,ချိုင့်စသောအမည်သည်ကား,ပညတ်နှင့်တူပေ ၏၊ သတ္တုဇွန်း, သတ္တုပန်းကန်စသည်ကို ပြုလုပ် ဖန်တည်းတတ် သော ဆရာသည်ကား အတိတ်ကံစသည့် နာမ်တရားစုနှင့် တူ ၏။

ပညတ်သည်ကား အစစ်အမှန်မရှိ၊ သတ္တုသာရှိသည်၊ ဇွန်းမရှိ၊ သတ္တုသာရှိသည်၊ပန်းကန်မရှိ၊ သတ္တုသာရှိသည်၊ခွက်မရှိ၊ သတ္တု သာရှိသည်၊အိုးမရှိ၊သတ္တုသာရှိသည်၊ချိုင့်မရှိ၊သတ္တုဆရာ ပြုလုပ် ဖန်တည်းသော ပုံပန်းသဏ္ဌာန် အထည်ကိုယ်ဖြစ် အမျိုးမျိုးသည် ပညတ်ဖြစ်၏၊ ထိုဇွန်းစသော ပညတ်သည်ကား တကယ်အမှန် မရှိ၊ သတ္တုကလွဲ၍ ဘာမျှမရှိ၊ သတ္တုသာရှိသည်ကို ဆင်ခြင်ခဲ့ သော် လူတိုင်းသိ၏၊ ဤဥပမာအတိုင်းသိပါ။

လူ,နတ်, ဗြဟ္မာ, သတ္တဝါမရှိ၊ မိန်းမ,ယောကျ်ားဟူသမျှသည် ဘာမျှမရှိ၊ ရှိသည်ကား-ပထဝီ, အာပေါ, တေဇော, ဝါယော စသော ရုပ်တရားသာရှိသည်၊ ဇွန်း, ပန်းကန်စသည်ကို ပြုလုပ် ဖန်တည်းတတ်သော ဆရာနှင့်တူသော အဝိဇ္ဇာ, တဏှာ, ကံ စသော အကြောင်းတရားတို့ ဖန်တည်း စီမံမှုကြောင့် လူ,နတ်, ဗြဟ္မာ သတ္တဝါ ယောကျ်ား,မိန်းမ ပုံပန်းသဏ္ဌာန် အထည်ကိုယ် ဖြစ် အမျိုးမျိုးသည်ကား ဇွန်း,ပန်းကန်, ခွက်, အိုး, ချိုင့်စသည်တို့ မရှိသလို မရှိသည်ကား အမှန်ဖြစ်၏၊ သတ္တုနှင့် ပထဝီစသော ရုပ်တရားတူ၏၊ဇွန်း,ပန်းကန်စသည်နှင့် မိန်းမ,ယောကျ်ားစသည် တူ၏၊ ဇွန်း, ပန်းကန် စသည်ကား အမည် အထည်ကိုယ်ဖြစ်

ပညတ်သာဖြစ်၍ မိန်းမ, ယောကျ်ား စသည်လည်း အမည်အထည်ကိုယ်ဖြင့် ပညတ်သာ ဖြစ်၏၊ ဤသို့သော သဘာဝကို သိစေခြင်းငှါ "အစဉ်သဏ္ဌာန် အမည်မှန်-သိရန် ပညတ်သာ"ဟု ရေးသားခြင်းဖြစ်ပေသည်။

ဤလင်္ကာ၏ သဘောကို ပိုင်နိုင်စွာသိပါလျှင် သုတမယဉာဏ် ပြည့်စုံ၍ ဝိပဿနာတရားကို သင့်သလောက် နှလုံးသွင်းနိုင်ပါလတ္တံ့။

လင်္ကာပုဒ် အဓိပ္ပါယ်-အကျဉ်း ပြီး၏။

ဝိပဿနာတရား အားထုတ်သူတို့ အကျဉ်းဆုံးနည်းဖြင့် ခန္ဓာငါးပါး, အဋ္ဌကလာပ်ရုပ်(၈)ပါး သရုပ်, သဘောကို ကြိုတင် သိသင့်ကြပေသည်၊ သို့ဖြစ်၍ ၎င်းတို့၏ သရုပ်,သဘောကို အကျဉ်းပြပေအံ့—

## ခန္ဓာငါးပါး သရုပ် သဘော

၁။ ရူပက္ခန္ဓာ=ရုပ်အစု=ဖေါက်ပြန်တတ်တဲ့ သဘောအစု။
၂။ ဝေဒနာက္ခန္ဓာ=ဝေဒနာအစု=ခံစားတတ်တဲ့သဘောအစု။
၃၊ သညာက္ခန္ဓာ=သညာအစု=မှတ်တတ်တဲ့ သဘောအစု။
၄။ သင်္ခါရက္ခန္ဓာ=သင်္ခါရအစု=ပြုပြင်စီရင်တတ်တဲ့ သဘောအစု။
၅။ ဝိညာဏက္ခန္ဓာ=ဝိညာဏ်အစု=သိတတ်တဲ့ သဘောအစု။

## အဋ္ဌကလာပ်ရုပ်ရှစ်ပါး—သရုပ် သဘော

(မဟာဘုတ်၄ပါး)

၁။ မာမာ=ပထဝီ၊ နူးနူးညံ့ညံ့=ပထဝီ၊
၂။ ဖွဲ့စည်း=အာပေါ၊ ယိုစီး=အာပေါ၊
၃။ အေး=တေဇော၊ အပူ=တေဇော၊
၄။ ထောက်ကန့်=ဝါယော၊ ရွေ့ရှား=ဝါယော၊

ကမ္ဘာ့ ... သိုလ်
စာကြည့်တိုက်

(ဥပါဒါရုပ် ၄ပါး)

၅။ ဝဏ္ဏ=အဆင်းအမျိုးမျိုး၊
၆။ ဂန္ဓ=အနံ့အမျိုးမျိုး၊
၇။ ရသ=အရသာအမျိုးမျိုး။
၈။ ဩဇာ=အဆီ, အစေးအမျိုးမျိုး၊

ဤအဋ္ဌကလာပ်ရုပ် (၈)ပါးကို အဝိနိဗ္ဘောဂရုပ် (၈)ပါး ဟူ၍လည်း ခေါ်သည်၊ အမည်ကွဲသော်လည်း တရားကိုယ်မှာ အတူတူပင် ဖြစ်ပေ၏။

စိတ်နှင့်ကင်းသောနာမ် မရှိ၊ပထဝီနှင့်ကင်းသောရုပ် မရှိ၊ နာမ်ဟူသမျှ စိတ်ကို မှီရ၏၊ ရုပ်ဟူသမျှ ပထဝီကို မှီရ၏ဟု ဆိုလို၏။

## ဝိပဿနာအကျဉ်းဆုံးနည်း

[မူလပံု] သာဝကာပိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။

ဘုရားတပည့်သား- သာဝကတို့သည် လေးပါး ကုန်သော ဓာတ်တို့၏ တစိတ်တဒေသကိုသာလျှင် သုံးသပ်၍ နိဗ္ဗာန်သို့ ရောက်ကုန်၏၊ ဤစကားအရ ဓာတ်လေးပါးတို့၏ 'တစိတ်,တခု, တပါးကို သုံးသပ်ခြင်းသည် အကျဉ်းဆုံး ဖြစ်ပေ၏၊ သတ္တဝါတို့၏ တကိုယ်လုံး၌ ပထဝီ, အာပေါ, တေဇော, ဝါယော, ဤဓာတ်လေးပါး ကင်းသော အရပ်ဌာနမရှိ၊ ခြေဖျားမှ ဦးခေါင်းအထိ ဓာတ်လေးပါး အကုန်ရှိ၏၊ တကိုယ်လုံး၌ရှိသော အားလုံးသော ဓာတ်တို့ကို မရှုဘဲ အစိတ်အပိုင်း ဖြစ်သော တခုခုနေရာဌာနရှိ အစိတ်အပိုင်းဓာတ်ကို သုံးသပ်ပါလျှင် ဝိပဿနာဉာဏ် ပေါက်၍ နိဗ္ဗာန်သို့ ရောက်နိုင်၏ဟု-ဆိုလိုသည်။

ထိုဓာတ်လေးပါးတို့ကား တခုစီ ခွဲခြမ်းဝေဘန်၍ ရကောင်းသော သဘောမဟုတ်ပေ၊အဝိနိဗ္ဘောဂရုပ် အစစ် ဖြစ်၏၊ထင်ရှားစေအံ့-လက်သန်း အဖျားကလေး တမတ်သားလောက်၌ ပထဝီဓာတ်အပြည့် ရှိ၏၊ အာပေါဓာတ်အပြည့် ရှိ၏၊ တေဇောဓာတ်

အပြည့် ရှိ၏၊ ဝါယောဓာတ် အပြည့် ရှိ၏၊ ဓာတ်လေးပါးလုံး အကုန် အပြည့်ရှိ၏၊ တခုတခုစီလည်း တမတ်သားလောက်စီ ရှိ၏၊ ဓာတ်လေးပါး အပေါင်းလည်း တမတ်သားလောက် ရှိ၏၊ အပို အလိုမရှိ၊ တင်းကြမ်းပြည့် ဓာတ်လေးပါးရှိ၏-ဟု ဆိုလို၏။

သို့ဖြစ်၍ ခြေဖဝါး၌ရှိသော ဓာတ်ကို သုံးသပ်သည် ဖြစ်စေ၊ ခြေသလုံး၌ရှိသော ဓာတ်ကို သုံးသပ်သည်ဖြစ်စေ၊ လက်ဖဝါး၌ရှိသော ဓာတ်ကို သုံးသပ်သည်ဖြစ်စေ၊ လက်မောင်း၌ရှိသောဓာတ်ကို သုံးသပ်သည်ဖြစ်စေ၊ ဦးခေါင်း၌ရှိသော ဓာတ်ကို သုံးသပ်သည်ဖြစ်စေ၊ တကိုယ်လုံး၌တခုတခုသော အရပ်ကို သီးသန့်ခြားနား၍သုံးသပ်သည်ဖြစ်စေ၊နိဗ္ဗာန်သို့ ရောက်နိုင်၏-ဟု ဆိုလိုသည်၊ ဓာတ်လေးပါးကင်းသော အရပ်မှာနမရှိရကား မည်သည့် အစိတ်အပိုင်း အရပ်၌သာ သုံးသပ်ရမည်ဟု ကျမ်းဂန်တို့မှာ သတ်မှတ်ချက်မရှိ၊စင်စစ်မှာ—သုံးသပ်လိုရာ အရပ်၌ သုံးသပ်လေ-ဟူသော အဓိပ္ပါယ်သည် ထင်ရှားတော့၏၊ သို့ဖြစ်၍ ယောဂီပုဂ္ဂိုလ်၏ •အလိုအတိုင်း တနေရာ၌ သီးသန့်၍ ဥဒယ,ဝယ—ဖြစ်တယ်,ပျက်တယ်ဟူ၍ရင်း, အနိစ္စ-အမြဲမရှိဟူ၍ရင်း, အလိုအတိုင်း သုံးသပ်နိုင်သည်။

အစိတ်အပိုင်း တခုခု၌ ဥဒယဗ္ဗယဉာဏ် ပေါက်ခဲ့သော် အစိတ်အစိတ် တကိုယ်လုံးကို ကန့်သတ်ပိုင်းခြား၍ အားထုတ်လိုက်လျှင် လွယ်ကူတော့၏၊ဥဒယ,ဝယဟု ရှုသောစိတ်ကို တဖန်ထပ်၍ ရှုပြန်သော် ရုပ်,နာမ် နှစ်ပါးလုံးကို ရှုသည်မည်တော့၏၊ အကျဉ်းအားဖြင့် ဓါတ်လေးပါးကို ဥဒယ,ဝယဉာဏ်စသည် ဖြစ်ပေါ်စေရှုသည် နိဗ္ဗာန်ရောက်ကြောင်းတရား ဖြစ်ပေ၏။

## တနည်းအားဖြင့် တကိုယ်လုံး၌ နာမ်,ရုပ်ကို သုံးသပ်ပုံ

သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,လျောင်းခြင်း, ဤသို့သော ဣရိယာပုထ်လေးပါးတို့တွင် တခုတခုသော ဣရိယာပုထ်အတွင်း၌

ကိုယ်အမူအရာသည် များစွာဖြစ်၏၊ ထိုဣရိယာပုထ်တို့၌ ဣရိယာပုထ်တိုင်း နှုတ်အမူအရာလည်း များစွာဖြစ်၏၊ စိတ်အမူအရာလည်း များစွာဖြစ်၏၊ ထိုသို့ဖြစ်ပေါ်သော အမူအရာတို့၌ ဥဒယ, ဝယ အဖြစ်,အပျက်ကို မလစ်ရအောင် သုံးသပ်ရပေမည်၊ လွယ်ကူသော သဘောတော့ မဟုတ်ပေ၊သင်္ခါရတရားအပေါင်းကို မီးပုံကြီးကဲ့သို့ အမှတ်ပြု၍ အမြဲ နေသော ပုဂ္ဂိုလ်တို့သည်ဇင်း, အပါယ်ဘေးကို အမြဲ မြင်နေသော ပုဂ္ဂိုလ်တို့သည်ဇင်း,ဆင်းရဲဟူသမျှ-ဒုက္ခအပေါင်းကို မိမိကိုယ်တွင် ယခုမျက်မှောက်၌ ကျရောက်လတ္တံ့ဟု မပြတ်မစဲ သတိ,ပညာဖြင့်မမေ့မလျော့ ဆင်ခြင်နေသော ပုဂ္ဂိုလ်တို့သည်ဇင်း, နိဗ္ဗာန်တရားမြတ်ကို အမှန်အတိုင်း သိ၍ သက်ဝင်ယုံကြည် မြတ်နိုးသော ဩကပ္ပနသဒ္ဓါ ရှိသော ပုဂ္ဂိုလ်တို့သည်ဇင်း,ယခင် ပြခဲ့သော နည်းအတိုင်း ကိုယ်အမူအရာ အလုံးစုံတို့၌ သုံးသပ်မှု လွယ်ကူရာ၏၊ သာမန်ပုဂ္ဂိုလ်တို့အတွက်ာ် လွယ်ကူသော သဘော မဟုတ်-ဟု ဆိုလိုရင်း ဖြစ်၏။

ဤသို့သော သဘောကို ထင်ရှားစေရန် ကျမ်းဂန်တို့၌ ပါသော ဆရာ,တပည့် ရဟန်းသုံးပါးတို့၏ သဘောကို သိသင့်၏၊

လွန်လေပြီးသောအခါက ဆရာတပါး, တပည့်နှစ်ပါး ရှိသတတ်၊ထိုရဟန်းသုံးပါးတို့သည် မိမိတို့ သပ္ပါယ ဖြစ်သည့်အတိုင်း တနေရာစီ ကိုယ့်ကျောင်းနှင့်ကိုယ် နေကြ၏၊ သီတင်းဝါလ ကျွတ်သောအခါ ဆရာရဟန်းကြီးအား ဖူးမျှော်ကန်တော့ရန် သွားကြသဖြင့် ဆရာကြီးကျောင်း၌ သုံးပါးလုံး တွေ့ဆုံမိကြ၏၊ ထိုအခါ ဆရာကြီးက အမိန့်ရှိသည်မှာ– "ငါ့ရှင်တပည့်တို့---ယခု ဝါတွင်းသုံးလပတ်လုံး သင်တို့၏ စိတ်ကို မည်မျှလောက် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါသနည်း"ဟု အမိန့်ရှိပေ၏၊ထိုအခါ တပည့်အငယ်ရဟန်းတပါးက လျှောက်သည်မှာ–"အရှင်ဘုရား--- ဝါတွင်းသုံးလပတ်လုံး တပည့်၏ စိတ်သည် ဆွမ်းခံရွာနှင့် ကျောင်းအတွင်း၌သာ ကျက်စားပါသည်၊ဤမှတပါးသော အရပ်သို့ ဟ

ပည့်၏ စိတ်ကို သွားလာခွင့် မပြုပါ၊ ဤမျှလောက်သာ ထိန်းသိမ်းနိုင်ပါသည်''ဟု လျှောက်လေ၏။

ထိုနောက် တပည့်ကြီးက လျှောက်သည်မှာ– ''အရှင်ဘုရား--တပည့်၏ စိတ်သည် ဝါတွင်းသုံးလပတ်လုံး တပည့် နေသော ကျောင်းပရိဝုဏ်အတွင်း၌သာ ကျက်စားပါသည်၊ကျောင်း အာရာမ်အတွင်းမှ တပါးသော အရပ်သို့ တပည့်၏ စိတ်ကို သွားလာခွင့် မပြုပါ၊ ဤမျှလောက်သာ ထိန်းသိမ်း စောင့်ရှောက်နိုင်ပါသည်''ဟု လျှောက်ပေ၏၊ တပည့်ကြီးက တဖန် ဆရာရဟန်းကို လျှောက်သည်မှာ––''ဆရာတော်အရှင်မြတ်ဘုရား ...... အရှင်မြတ်၏ စိတ်တော်ကို ယခုဝါတွင်းသုံးလပတ်လုံး မည်မျှလောက် ထိန်းသိမ်း စောင့်ရှောက်သည်ကို တပည့်များသိပါရစေ-ဟု'' လျှောက်သောအခါ အမိန့်ရှိသည်မှာ ''တပည့်တို့....ငါဆရာ၏ စိတ်ကို မိမိကိုယ်မှ ဗဟိဒ္ဓဖြစ်သော အပြင်သို့ မကျက်စားစေဘဲ ခြေဖျားမှ ဦးခေါင်း,ဦးခေါင်းမှ ခြေဖျား ဤကိုယ်အတွင်း၌သာ ကျက်စားစေ၏၊ ဤမျှလောက် မိမိ၏ စိတ်ကိုစောင့်ရှောက် ထိန်းသိမ်းနိုင်ပေသည်''ဟု တပည့်တို့အား မိန့်ကြားတော်မူ၏။

ထိုရဟန်းသုံးပါးတို့တွင် ဆရာရဟန်းကြီးသည် ကာယဂတာသတိကမ္မဋ္ဌာန်း မလွတ်အောင် အမြဲတန်း ရှိပါပေ၏၊ ရက်ပေါင်းကိုးဆယ် ကာလပတ်လုံး မိမိ၏ စိတ်ကို ကိုယ်,ကိုယ်မှ တပါးအရပ်သို့ မသွားမရောက်ရအောင် စောင့်ရှောက် နိုင်ခြင်းသည် တရားတော်နှင့်အညီ နေနိုင်တော်မူခြင်း ဖြစ်ပါပေသည်။

[**မူလပ်ဋ္ဌ**] ယထာ ထမ္ဘေ နိဗန္ဓေယျ, ဝစ္ဆံ ဒမံ နရော ဣဓ
ဗန္ဓေယျေဝံ ကကံ စိတ္တံ, သတိယာ ရမ္မဏေ ဒဠှံ။

ဆုံးမသင့်သော နွားငယ်ကို နွားကိုချည်တိုင်၌ ဖွဲ့ချည်ရာသကဲ့သို့ ဤနည်းတူစွာ ဤသာသနာတော်၌ နေသော ယောဂီပုဂ္ဂိုလ်သည် မိမိ၏ စိတ်ကို သတိ၏ အာရုံ၌ မြဲမြံစွာ ဖွဲ့ချည်ရာ၏ ဟူသောစကားတော်နှင့်အညီ ဆရာရဟန်းကြီးသည် မိမိ၏ စိတ်

တော်ကို မိမိ၏ ကိုယ်မှ အပသို့ မသွားရအောင် ဖွဲ့ချည်ထားခြင်း ဖြစ်ရကား သတိပဋ္ဌာန်တရားရှိပါပေသည်၊ "**ကာယ, ဝေဒနာ, စိတ္တ ဓမ္မေသု ကိဉ္စိဓမ္မံ အနုပဿတော ဘာဝနာ နာမ နတ္ထိ**" ဟူသော အဋ္ဌကထာစကားနှင့်လည်း အထူးပင် ဆက်ဆံပါပေသည်။

သို့ဖြစ်၍ တရားကိုအားထုတ်သော ပုဂ္ဂိုလ်မှန်သမျှ မိမိသန္တာန်၌ ဖြစ်ဆဲဖြစ်သော ကာယ, ဝေဒနာ စသော ဤသတိပဋ္ဌာန် တရားကို ဉာဏ်အမြင် ပေါက်ရောက်အောင် သန္တတိ ပဋိစ္ဆန်အားဖြင့် အဖြစ်အပျက်ကို ဆင်ခြင်ရပေသည်၊ သန္တတိအားဖြင့် ဆင်ခြင်ခြင်း များခဲ့သော် ခဏပစ္စုပ္ပန်သို့ ဆိုက်၍ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ရာ၏၊ သို့ဖြစ်၍ ကိုယ်အမူအရာကို သတိမလွတ်အောင် သိစေလိုသည်မှာ—

[**သတိပဋ္ဌာန်ပါဠိ**] ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ။

ယောဂီပုဂ္ဂိုလ်သည် ဝါ၊ယောဂီပုဂ္ဂိုလ်၏ အကြွင်းအကြွင်းသို့သော အခြင်းအရာအားဖြင့် နာမကာယ, ရူပကာယသည် ဆောက်တည်အပ်သည်ဖြစ်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ဆောက်တည်အပ်သော ကိုယ်ကို သိ၏-ဟူသော စကားအရမှာ ထိုရဟန်းကြီးကဲ့သို့ စိတ်ထားမှုမျိုးကိုပင် အကျဉ်းဆုံးနည်းအားဖြင့် ဆိုလိုရင်းဖြစ်ပေ၏၊ အနည်းငယ်ချဲ့ဦးအံ့—

**သွားခြင်း**။ ။သွားသောအခါ ခြေလှမ်းတိုင်း အစ အဆုံး သတိပါစေရမည်၊ခြေကိုကြွလျှင် ကြွတယ်၊ခြေကိုချလျှင် ချတယ် ဤလို သိသိသွားစေရမည်၊အကြွနှင့်,အချလောက်သာ သိရတော့ အသိကျဲးသလို စိတ်၌ ထင်နေအံ့၊ ခြေကိုကြွတယ်,လှမ်းတယ်, ချတယ်ဟု သုံးချက် သတိပြုရမည်၊ ၎င်းမျှကိုပင် အသိကျဲသေးသည်ဟု ထင်မှတ်လျှင် ရှေ့ပြလတ္တံ့သည့်အတိုင်း ခြောက်ပိုင်း, ခြောက်စိတ်, ခြောက်ပုံခွဲ၍ အသိဉာဏ်ပါနိုင်လျှင် ပြောဖွယ် မရှိ၊ပို၍ကောင်းတော့၏၊ သွားခြင်းပကတိသဘောမှ အောက်သို့

ငုံ့ခြင်း,အထက်သို့ မော့ခြင်း,လက်ဝဲဘက် စောင်းခြင်း, လက်ျာဘက်စောင်းခြင်း စသည်ဖြင့် ကိုယ်အမူအရာ ပြောင်းလွှဲတိုင်း အသိဉာဏ်ပါသွားစေရမည်ဟု ဆိုလို၏။

**ရင်ခြင်း**။ ။မတ်မတ်ရပ်သောအခါ ရပ်တယ်,ရပ်တယ်ဟု အသိဉာဏ် ဖြစ်ပေါ်စေရမည်၊ထိုရပ်သောအခါ၌ ကုန်းခြင်း,ကွခြင်း, ကိုယ်ကိုဆန့်ခြင်း, လက်ဝဲ,လက်ျာလှည့်ခြင်း, လက်ကို လှုပ်ခြင်း, ခြေကိုလှုပ်ခြင်း,ကိုယ်ကို အနည်းငယ်ရွှေ့ခြင်း, ရပ်နေခိုက် ကိုယ်အမူအရာ ပြောင်းလွှဲတိုင်း မလွတ်ရအောင် အသိဉာဏ်ပါစေရမည်ဟု ဆိုလို၏။

**ထိုင်ခြင်း**။ ။ထိုင်၍ နေသော အခါ၌ ထိုင်သည်၊ ခြေကို လှုပ်သည်၊ လက်ကို လှုပ်သည်၊ လက်ဝဲဘက်လှည့်သည်၊ လက်ျာဘက်လှည့်သည်၊ ခြေကိုဆန့်သည်၊ ခြေကိုကွေးသည်၊ လက်ကိုဆန့်သည်၊ လက်ကိုကွေးသည်၊ ကိုယ်ကို လက်ဝဲဘက် ငဲ့သည်၊ ဦးခေါင်းကိုငုံ့သည်၊ ဦးခေါင်းကိုမော့သည်၊ ထိုင်၍ နေသည့်အခိုက်၌ ဖြစ်သမျှ ကိုယ်အမူအရာကို မလွတ်ရအောင် အသိဉာဏ် ပါရစေစေရမည်-ဟု ဆိုလို၏၊ ကိုယ်အမူအရာ၌ အမြဲတန်း သတိပေးသကဲ့သို့ ဖြစ်ပေါ်နေသည်ကား--နှာခေါင်း,ပါးစပ်၌ ထွက်လေ, ဝင်လေ,ဝမ်းဗိုက်၌ ထိုလေ၏ အစွမ်းဖြင့် လျော့လိုက် တင်းလိုက် အမြဲမပြတ် ဖြစ်နေပေ၏၊ ထိုနှာခေါင်း,ပါးစပ်,ဝမ်းဗိုက်တို့၌ လှုပ်ရှားသော အမူအရာကိုလည်း ဖြစ်ပေါ်တိုင်း အသိဉာဏ်ပါစေရမည်ဟု ဆိုလို၏။

**လျောင်းခြင်း**။ ။လျောင်းသောအခါ ကိုယ်ကို စန့်စန့်နေသည်၊ ကွေးကွေးနေသည်၊ခြေကိုပြင်သည်၊ လက်ကိုပြင်သည်၊ ခြေကိုကွေးသည်၊ ဆန့်သည်၊ လက်ကိုကွေးသည်၊ ဆန့်သည်၊ ကိုယ်ကိုလက်ဝဲဘက်စောင်းသည်၊ လက်ျာဘက် စောင်းသည်၊ လက်ကိုမြှောက်သည်၊ ခြေကိုမြှောက်သည်၊ ဦးခေါင်းကို တဘက်မှ တဘက်သို့ လှည့်သည်၊ ပြောင်းသည်၊ ရွှေ့သည်၊ ငုံ့သည်၊ မော့သည်၊ စသည်ဖြင့် အိပ်၍,လျောင်း၍ နေသောအခါ

ဖြစ်ဖြစ်သမျှ ကိုယ်အမူအရာကို မလွတ်ရအောင် အသိဉာဏ် ဖြစ်စေရမည်ဟု ဆိုလို၏။

ဤလို ဣရိယာပုထ်လေးပါး၌ အမူအရာ ပြောင်းလဲတိုင်း ပြောင်းလဲတိုင်းတို့၌ ဖြစ်ဖြစ်သမျှကိုယ်အမူအရာကို ကုန်စင်အောင် စာဖြင့်ရေးခြင်းဌာ ပြီးဆုံးနိုင်ဘို့ မလွယ်ပေ၊ ၎င်းပြင် မိမိသန္တာန် ၌ ဖြစ်ဆဲဖြစ်သော သရာဂစိတ်, သဒေါသစိတ်, သမောဟစိတ် စသော ယုတ်မာသော စိတ်အစုကိုလည်း သိ,သိ-သွားအောင် သတိပြုရမည်၊ ဝိတရာဂစိတ်, ဝိတဒေါသစိတ်, ဝိတမောဟစိတ် စသော စိတ်ကောင်း,စိတ်မြတ်အစုကိုလည်း သိ,သိ-သွားအောင် သတိပြုရမည်။

ယုံကြည်စွာ သိမှတ်ထားဘို့ကတော့ ရုပ်တရားဟူသမျှ ဖြစ် ဆဲနေရာမှ တဆ်ဖျားလောက်မျှတနေရာသို့ ပြောင်း၍ မချုပ်ပေ၊ ထိုဖြစ်ဆဲနေရာ၌သာ ချုပ်သည်၊ ဖြစ်တဲ့နေရာ, ချုပ်တဲ့နေရာ တခုတည်းသာ ဖြစ်၏-ဟူ၍ ယုံယုံကြည်ကြည် အသိဉာဏ် ဖြစ် ထားရမည်၊သို့မှလည်း ဥဒယဗ္ဗယဉာဏ် ဖြစ်နိုင်မည်၊ပြခဲ့ပြီးသော နည်းအတိုင်း ကွက်လပ်မရှိရအောင် အသိဉာဏ် ပါသွားပါလျှင် သန္တတိပညတ်၏ အစွမ်းဖြင့် ဥဒယ,ဝယ= အဖြစ်,အပျက်ကို ရှုသည် သုံးသပ်သည်မည်၏။

သန္တတိပညတ်အားဖြင့် သိမ်းဆည်းခြင်းများ၍ အလေ့ အကျင့် တဖြည်းဖြည်း လျှင်မြန်ခဲ့သော် ခဏပစ္စုပ္ပန်-ရုပ်,နာမ်သို့ ကူးစက်၍ မိမိကျေနပ်သော ကိုယ်အဝိတ်အပိုင်း၌ ဉာဏ်ဖြင့် စူး စိုက်လျက် အဖြစ်နှင့်အပျက်ကို ဥဒယ,ဝယ၊ဥဒယ,ဝယ-ဟု ရှုပါ၊ ထိုအခါ ဖြစ်,ပျက်နှစ်ပါး ထင်ရှားပါလတ္တံ့၊ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ပြီဟု ဆိုလို၏။

ခဏပစ္စုပ္ပန်-ရုပ်,နာမ်နှစ်ပါးကို မသိမမြင်သမျှ ဥဒယဗ္ဗယ ဉာဏ်မဖြစ်နိုင်ပေ၊ ခဏပစ္စုပ္ပန်-ရုပ်,နာမ်နှစ်ပါးသည်ကား အင်မ တန် လျှင်မြန်ပေသည်၊ထိုသို့ လျှင်မြန်တဲ့ တရားကို ဘယ်မှာ သိမြင် နိုင်မှာလဲဟုစိတ်ထဲက ခုခံနေငြားအံ့— " ပစ္စုပ္ပန္နရူပံနာမ ခဏတိ

ခဏတ္တယ ''….စသော ရှေ့၌ တွေ့လတ္တံ့သော စကားကိုရင်း, ''ခဏတောပိ ဥဒယဗ္ဗယံ မနသိကရောတိ''စသောစကားကိုရင်း, ရင်းပြင်ကမ္ဘာပေါင်း ရာ,ထောင်များစွာပါရမီအထူးကိုဆည်းပူး ခဲ့ခြင်းကြောင့် ပကတိဉာဏ်ထက် ထက်သန်,သိမ်မွေ့,နူးညံ့သော ဉာဏ်ဖြစ်ဘို့ရာ အကြောင်းကိုလည်း ဆင်ခြင်ပါ၊ ဤလို ကျမ်းဂန် စကားကိုလည်း ယုံကြည်ပါမှ သဘာဝဖြစ်သော ပါရမီတရား ကိုလည်း ဆင်ခြင်ပါမှ ခံသောစိတ် ပျောက်ကင်းနိုင်ရာ၏။

ထိုသို့မဟုတ် ပါရမီ မပြည့်သေးဘဲ ပကတိဉာဏ်ဖြင့် ခဏပစ္စုပ္ပန်ရုပ်,နာမ်ကို ဘယ်လိုနည်းနှင့်ပင်ဆင်ခြင်၍ ကြည့်ငြားသော်လည်း မမြင်နိုင်,သဘောမပေါက်နိုင်မည်ကား သေချာလှပေ၏၊ ထိုသဘောသွားကို ကျေနပ်ပါစေရန် ရှေး၌ ပြသည့်မှာ ကလေးတို့၏ အခိုက်အတန့်၌ လူကြီးတို့၏ အသိဉာဏ် မရှိသေး၊ လူကြီးအဖြစ်သို့ ဖြည်းဖြည်း ကြီး၍ ရောက်လာသောအခါမှသာ လူကြီးတို့၏ အသိဉာဏ် ဖြစ်ပေါ်သကဲ့သို့ရင်း, လက်မှု,နှစ်မှု ပညာ သင်ခါစ၌ ထိပ်သီးပညာရှင်ကြီး မဖြစ်သေး တဖြည်းဖြည်း ဘဝများစွာ အထုံဝါသနာနှင့် သင်ကြားလာမှသာ ထိပ်သီး ပညာရှင်ကြီး ဖြစ်နိုင်သကဲ့သို့ရင်း,ဤသို့သော ဥပမာကို ပြခြင်းသည် ပါရမီမပြည့်စုံသေးသော ယောဂီပုဂ္ဂိုလ်တို့အား ခဏပစ္စုပ္ပန်အားဖြင့် ရုပ်နာမ်ကိုမသိနိုင်၊ ပါရမီပြည့်စုံပြီးသော ယောဂီပုဂ္ဂိုလ်တို့သည်သာလျှင် ခဏပစ္စုပ္ပန်-ရုပ်,နာမ်ကို သိနိုင်ကုန်ရာ၏-ဟူသော သဘောကို သိစေလိုသောကြောင့် ဥပမာကို အဆင့်ဆင့်ပြခြင်းဖြစ်ပေ၏။

ဤနေရာ၌ အနည်းငယ် ဆက်၍ပြဦးအံ့—ဥဒယ,ဝယ အရာမှာ နာမက္ခန္ဓာတို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို ရှုခြင်းသည် အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်၏ အစွမ်းဖြင့်သာလျှင် ဖြစ်၏၊ ခဏပစ္စုပ္ပန်၏ အစွမ်းဖြင့် မဖြစ်-ဟု ကေစိဆရာတို့ ဆိုကုန်၏၊ ထိုစကားကို အပရေဆရာတို့ မနှစ်သက်၊ မနှစ်သက်သော်လည်း ထို ကေစိဆရာတို့ စကားသည် စဥ်းစားက သဘောသက်ဝင်ဘို့ရာ

ကောင်းလှပေသည်၊ အကြောင်းမှာ—ဖြစ်ဆဲဖြစ်သော နာမ်တရားတို့၏ ဥဒယ,ဝယကို ထိုဖြစ်ဆဲသောနာမ်တရားတို့က အာရုံ မပြုနိုင်သောကြောင့်တည်း၊ မိမိမျက်စိကို မိမိမျက်စိက ပြန်၍ မမြင်ရသကဲ့သို့ရင်း, မိမိနဖူးက မိမိနဖူးကို ပြန်၍ မထိနိုင်သကဲ့သို့ရင်း,သရာဂစိတ် သဒေါသစိတ်သည် မိမိ သရာဂ, သဒေါစိတ်၏ ဥဒယ,ဝယကို မသိနိုင်ပေ၊ သို့ဖြစ်၍ ကေဝိဆရာတို့ စကားသည်သင့်၏-ဟု သဘောသက်ဝင်ဘို့ကောင်း၏၊ ရုပက္ခန္ဓာ ၌ကား လျှဉ်းပါးဖွယ်မရှိ၊ ခဏပစ္စုပ္ပန်၏ အစွမ်းဖြင့်သာ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ပေ၏။

ဤဥဒယဗ္ဗယဉာဏ်သည် အရေးအကြီးဆုံးဖြစ်၍ အသိဉာဏ် အထူးဖြစ်စေခြင်းငှာ အထပ်ထပ်,အလီလီ အစမှအဆုံး,အဆုံး မှအစ,ဥယျောဇဉ်နှင့်တကွ အမျိုးမျိုးအဖုံဖုံ ရေးသားခြင်းကို အပြစ်မရှုပါဘဲ စိတ်ဝင်စားစွာ ဖတ်ရှုနိုင်ကြပါစေကုန်သတည်း။

ဥယျောဇဉ်နှင့်တကွ သင့်တင့်သောစကား ပြီး၏။

# ပဏာမနှင့် ပဋိညာဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝတ္ထုတ္တယံ နမဿိတွာ, အာစေရေစ ပုရာတနေ။
ကဿံ သာဓူနံ မတ္ထာယ, သမ္မာဒိဋ္ဌိကထံ သုဘံ။

အဟံ-ရုပ်,နာမ်နှစ်ဝ အနတ္တကို အတ္တသမုတ် အကျွန်ုပ်သည်၊ ဝတ္ထုတ္တယံ—ရတနာမြတ် သုံးရပ်အပေါင်းကိုရင်း,၊ အာစေရေစ ပုရာတနေ—ပုဗ္ဗာရဟာ ဂုဏထင်ပေါ် ရှေးဆရာတော် တို့ကိုရင်း၊ နမဿိတွာ-သုံးဖြာဒွါရ ပဏာမဖြင့် တုပ်ကွရှိကြိုး ရှိခိုးပြီး၍၊ သာဓူနံ-စိတ်ရင်းဖျော့ပြောင်းသူတော်ကောင်းတို့၏၊ အတ္ထာယ-လောကီ,လောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးပါ စေခြင်းငှါ၊ သုဘံ—အနက် ဓိပ္ပါယ် လွန်သိလွယ်သဖြင့် တင့်တယ်ကောင်းမြတ်သော၊သမ္မာဒိဋ္ဌိကထံ- မဖောက်မပြန် အယူမှန်ကိုဖွင့်လှစ်ပြရာ သမ္မာဒိဋ္ဌိကထာကျမ်းကို၊ကဿံ—လူတိုင်းနားတွင်ဉာဏ်ပေါ်လွင်အောင် စီရင်ရေးသားပေအံ့။

ပဏာမနှင့်ပဋိညာဉ် ပြီး၏။

# ဦးစွာရှုကြည့်ပါ

နံပါတ် ၂၉၄၊ ၂၉၅ တို့၌၊ ခေတ်အားလျော်စွာ ဗုဒ္ဓဘာသာ မြန်မာ အမျိုးသားတို့ မှန်သမျှ တိတ္ထိယ ပရိကပ္ပိတ အတ္တမျိုး မရှိကြသဖြင့်-

အသိလွယ်စေရန် အတ္တနာဝ အတ္တနံ သမ္ဗန္ဓိ စသောပုဒ်များ ကဲ့သို့၊ သမုတိသစ္စာအရ အတ္တမျှ မရှိသည်ကို ထင်ရှားစေခြ ငှါ ကိုယ်မှုရင်း၊ ကိုယ်နှင့်စပ်သောဝတ္ထုမှုရင်း စသည်ဖြင့်မြန်မာပြန်ရေးသား၏၊ သို့သော်အဋ္ဌကထာနှင့်ကား တမျိုးဖြစ်သည်ကို ပညာရှိတို့ အဘို့ အထူးသိပါရန်

နံပါတ် ၂၂၆၊ ၂၂၇၊ စာကြောင်းရေ ၂၀၊ ၁ ၌၊ (လူနှင့် ရဟန်းတို့၌ မဂ်ဖိုလ်„နိဗ္ဗာန် ရရန်အကြောင်း ကောင်းကောင်း ပြည့်စုံနိုင်ပေသည်) ၎င်းစကား အပိုသက်သက်အမှားဖြစ်၏။

နံပါတ် ၂၀၁၊ စာကြောင်းရေ ၁၂ ၌၊ (အနိစ္စ„ဒုက္ခ„ အနတ္တ လက္ခဏာယာဉ်သုံးပါးကိုပြခြင်း) ဤခေါင်းစဉ် ကျ„နေပါသည် ထည့်ဘတ်ပါ။

နံပါတ် ၂၀၆၊ ၂၀၉၊ ၂၉၂၊ ၎င်းတို့၌၊ အနိစ္စ„ဒုက္ခ„ အနတ္တ လက္ခဏာကိုပြကြောင်းပါဠိများမှာ၊ စကား ကျင်းစေလို၍၊ ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၇ | ၁၅ | ပါရစေ စေရမည် | ပါစေရမည် |
| ၂၉ | ၄ | ပကတိဥာဏ်သက်သက်သန် | ပကတိဥာဏ်သက်„ထက်သန် |
| ၃၀ | ၆ | သရာဂ သဒေါစိတ် | သရာဂ သဒေါသစိတ် |
| ၃၉ | ၇ | ကိမဏ္ဍ ပနေဝ | ကိမင်္ဂ ပနေဝ |
| ၃၉ | ၂၁ | အထောက်အပ့ဖြစ်သည် | အထောက်အပံ့ဖြစ်သည် |
| ၄၁ | ၃ | သတ္တဝါများမှကား | သတ္တဝါများမှာကား |
| ၄၈ | ၁ | ဥပမာဖြစ်ပြအံ့ | ဥပမာဖြင့်ပြအံ့ |
| ၅၃ | ၆ | မလွန်စေမူ၍ | မလွန်စေမူ၍ သိသင့်သည် |
| ၅၃ | ၁၀ | သီလက္ခန်ပါဠိတော် | သီလက္ခန် ဌ |
| ၅၅ | ၂၃ | ဆင်းရဲလှသောသောငရဲ | ဆင်းရဲလှသော ငရဲ |
| ၆၇ | ၁၁ | မကောင်းမှုတိုပြုခြင်း | မကောင်းမှုကိုပြုခြင်း |
| ၇၀ | ၄ | သုစရိုက်ပါဠိ၏ | သုစရိုက်ပေါင်း ၁၀ ပါးဖြစ်၏ |
| ၁၀၀ | ၅ | စေပာနာသော်မှ နတ်ပြည် | စေပနာသော်မှလဲနတ်ပြည် |
| ၁၀၄ | ၁ | ပဠမာ ဘိကွဝေ | ပဌမာ ဘိက္ခဝေ |
| ၁၀၈ | ၁၆ | ထိုမှအပါး | ထိုမှတပါး |
| ၁၂၆ | ၁၁ | ပါဠိတော်အတိုင်း | အဋ္ဌကထာ အတိုင်း |
| ၁၂၆ | ၁၂ | ဥပရိပံ ဋ | ဥပရိပံ ဌ |
| ၁၃၀ | ၁၅ | ဝေဠ ဘိ ဒ္ဓသ | ဝေဠ ဘိက္ခဝေ |
| ၁၃၂ | ၁ | ဥဒါန်း ဋ | ဥဒါန်း ဌ |
| ၁၃၃ | ၁၅ | အာဟာရုပ် | အာဟာရရုပ် |
| ၁၄၇ | ၁၅ | ချစ်သားမှကင်း၍ | ချမ်းသားမှကင်း၍ |
| ၁၅၀ | ၂ | မိမိဝိတ်ကို | မိမိစိတ်ကို |
| ၁၆၀ | ၁၉ | ဗုဒ္ဓဝံသ ဋ | သံယုတ် ဌ၀ |
| ၁၆၀ | ၁၉ | သံယုတ် ဋ | ဗုဒ္ဓဝံသ ဌ |
| ၁၆၃ | ၁၀ | သမ္မာသက်မိ | သမ္မာသက်ပွ |
| ၁၇၀ | ၁၉ | ကျမ်းအမည် | ရုစာဇာတ် အဋ္ဌကထာ |
| ၁၇၁ | ၁ | အဋ္ဌသာလိနီ | သမ္မောဟ ဝိနောဒနီ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၇၇ | ၁၄ | လေးကုန်သောပစ္စည်း | လေးပါးကုန်သော ပစ္စည်း |
| ၁၈၅ | ၁၂ | တယောက်သူနှင့်ှ | တယောက်သောသူနှင့်မျှ |
| ၁၉၈ | ၁၈ | ပယ်ဖျောက်အပ်သော | ပယ်ဖျောက်အပ်သော ကိလေသာရှိသေ |
| ၂၀၀ | ၉ | မ လေးပါး ဖိုလ်လေးပါး | မဂ်လေးပါး ဖိုလ်လေးပါး |
| ၂၀၄ | ၁၈ | ပေါသော နောက်ကျသည် | သံပဿံ အတ္တမတ္တနော |
| ၂၀၇ | ၇ | ဒုဘိယော ဟောတိ | ဒုတိယာ ဟောတိ |
| ၂၀၇ | ၂၁ | တတ်ကြကုန်သာလျှင် | တတ်ကြကုန်သည်သာလျှင် |
| ၂၁၀ | ၈ | မာနုသိကာစ သမ္ဘုတ္တ | မာနုသိကာစ သမ္ဘုတ္တိ |
| ၂၂၆ | ၂၁ | ၎င်းသောမနသာဝေဒနာ | ၎င်းသောမနသာဝေဒနာသဝိပါကဝင်မည်၏ |
| ၂၃၁ | ၉ | ဒုက္ခဟုမမြင်၍ | ဒုက္ခဟု မြင်၍ |
| ၂၃၅ | ၅ | တပိုဒ်ကျသည် | အပေါင်းရင့်ကျက်ခြင်း ၇ ရ |
| ၂၃၈ | ၂၇ | ဇိဝါပသာဒရုပ် | ဇိဝှါပသာဒရုပ် |
| ၂၄၅ | ၂ | ဖြစ်စေရပေသည် | ဖြစ်စေရပေမည် |
| ၂၄၇ | ၈ | စူးစိုက်မိမည်ဟုဆိုလို၏ | စူးစိုက်မိမှုဟု ဆိုလို၏ |
| ၂၆၀ | ၂၅ | လေကုတ္တရာသစ္စာ | လောကုတ္တရာ သစ္စာ |
| ၂၇၃ | ၁၇ | စိရင်အ ကုန်သော | စီရင်အပ်ကုန်သော |
| ၂၇၅ | ၂၁ | ကိုလည်း လက်ဖမိုး | ကိုလည်းကွေး လက်ဖမိုး |
| ၂၉၀ | ၃ | ဆိုဆင်းရဲခြင်းကို | ထိုဆင်းရဲခြင်းကို |
| ၂၉၄ | ၂၀ | စပ်သောငတ္တုရင်း | စပ်သောဝတ္တုမှရင်း |
| ၂၉၅ | ၈ | ဃနန်္ဒါရသည် | ဃာနဒွါရသည် |
| ၂၉၇ | ၁၁ | မြဲအပ်သည်သ | မြင်အပ်သည်သာ |
| ၃၀၃ | ၁၈ | ကြိုတင် သိသားတို့ကား | ကြိုတင်သိထားဘို့ကား |
| ၃၀၈ | ၂ | ပညာနှင့်စပ်သော | ပညတ်နှင့်စပ်သော |
| ၃၀၉ | ၁၂ | ကူးစက်ခြင်းသည် | ကူးခတ်ခြင်းသည် |
| ၃၁၀ | ၉ | ထင်ဖြစ်၍ | ထင်ရှားဖြစ်၍ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၁၁ | ၁၀ | ပြီးစေတတ်သတ္တဝါ | ပြီးစေတတ်သောသတ္တဝါ |
| ၁၁၄ | ၆ | တောဇေဂါတ် | တေဇောဂါတ် |
| ၁၁၆ | ၂၀ | :က်ထမြက်သန့်ရှင်း | ထက်မြက်သန့်ရှင်း |
| ၁၂၂ | ၁၂ | မွေ့လျော်ကိုမမြင်မှု၍ | မွေ့လျော်ကို မစွန့်မှု၍ |
| ၁၂၃ | ၁၆ | အနိစ္စ အခြင်းအရာ | နိစ္စ အခြင်းအရာ |
| ၁၂၆ | ၅ | ပြီးစေတော့၏ | ပြီးပေတော့၏ |
| ၁၂၇ | ၂၃ | ဤအရာ၌၊အနုပဿနာ | ဤအရာ၌ အနတ္တာနုပဿနာ |
| ၁၂၉ | ၂၀ | တဖန် တလဲလဲ | အဖန်တလဲလဲ |
| ၁၄၂ | ၂၇ | သင်္ခါတရား | သင်္ခါရတရား |

# သမ္မာဒိဋ္ဌိကထာကျမ်း

## ၁။ ဗုဒ္ဓုပ္ပါဒကထာ

## ဘုရားရှင်တို့ပွင့်တော်မူရာ အရပ်ကိုပြခြင်း

ဘုန်းတော်ကြီးသော သဗ္ဗညုဘုရားရှင်သည် နတ်ပြည်, ဗြဟ္မာပြည်များ၌ ပွင့်တော်မူပါသလော၊ သို့မဟုတ် မည်သည့်ဘုံ၌ ပွင့်တော်မူပါသနည်း။

**သီလက္ခန္ဓ** ⌟ တထာဂတော န ဒေဝလောကေ န ဗြဟ္မလောကေ၊ မနုဿလောကေယေဝ ဥပ္ပဇ္ဇတိ။

ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ဘုရားရှင်သည် နတ်ပြည်၌ ပွင့်တော်မမူ၊ ဗြဟ္မာ့ပြည်၌လည်း ပွင့်တော်မမူ၊ ဤလူ့ပြည်လောက၌သာ ပွင့်တော်မူ၏၊ လူ့ပြည်၌ ပွင့်သော် အဘယ်စကြာဝဠာ၌ ပွင့်တော်မူပါသနည်း။

**သီလက္ခန္ဓ** မနုဿလောကေပိ န အညသ္မိံ စက္ကဝါဠေ၊ ဣမသ္မိံယေဝ စက္ကဝါဠေ။

လူတို့ပြည်၌ ပွင့်သော်လည်း တပါးသော စကြာဝဠာ၌ ပွင့်တော်မမူ၊ ငါတို့နေသော ဤစကြာဝဠာ၌သာ ပွင့်တော်မူ၏၊ ထိုသို့ ပွင့်ရာ၌လည်း အလုံးစုံ ထိုထိုဤဤ နေရာတိုင်း၌ ပွင့်တော်မမူ၊ ပွင့်တော်မူသော နေရာဌာနသော်ကား—အရှေ့လားသော် ဂဇင်္ဂလနိဂုမ်း, အရှေ့တောင်လားသော် သလ္လဝတီမြစ်, တောင်လားသော် သေတကဏ္ဏိကနိဂုမ်း,အနောက်လားသော် ထူနမည်သော ပုဏ္ဏားရွာ,မြောက်လားသော် ဥသိရဒ္ဓဇမည်သောတောင်, ဤငါး

ပါးသော အရပ်ဌာန အမှတ်အသားဖြင့် ပိုင်းခြားအပ်သော အလျားယူဇနာ-သုံးရာ,အနံ ယူဇနာ-နှစ်ရာ့ငါးဆယ်,အဝန်းအပိုင်းအားဖြင့် ယူဇနာ-ကိုးရာရှိသော 'မဇ္ဈိမဒေသ'ဟု ခေါ်ဆိုအပ်သော ယခုအခါ ဇမ္ဗူဒီပြည်, ကလကတ္တားမြို့၏ အနောက်ယွန်းယွန်း ဂယာဘူတာအနီး မဟာဗောဓိစေတီတော်ကြီး တည်ရာဌာန အရပ်၌သာလျှင် ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြသော ဘုရားရှင်တို့သည် ပွင့်တော်မူကုန်ပြီ၊အနာဂတ်အခါ၌ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့သည်လည်း သတ်မှတ်၍ ပြအပ်သော ထိုနေရာ၌သာလျှင် ပွင့်တော်မူကုန်လတ္တံ့၊ ထိုစကားမှန်၏၊—

[အင်္ဂုတ္တရ၌ ဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ။

**ခေတ်သုံးပါး။** ။ဇာတိခေတ် = စကြာဝဠာတသောင်း,အာဏာခေတ်=စကြာဝဠာကုဋေတသိန်း,ဝိသယခေတ်=စကြာဝဠာအနန္တ, ဤသုံးပါးသော ခေတ်တို့တွင် ယခုငါတို့ဘုရားရှင် ပွင့်တော်မူရာ ဤစကြာဝဠာကို ချန်ထား၍ 'တပါးသော စကြာဝဠာ၌ ဘုရားရှင်တို့ ပွင့်တော်မူကုန်၏' ဟူသော ပါဠိစကား မရှိ။ 'မပွင့်ကုန်' ဟူသော သုတ္တံပါဠိစကား ရှိ၏။ ။၎င်းပြင်—

[**သုတ်ပါထေယျ၌** ဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ၊ နေတံ ဌာနံ ဝိဇ္ဇတိ။

## သင်္ဂါယနာသုံးတန်

ပဌမ သင်္ဂါယနာ,ဒုတိယ သင်္ဂါယနာ, တတိယ သင်္ဂါယနာ သုံးကြိမ်တင်အပ်သော ပိဋကတည်းဟူသော ဘုရားရှင်၏ စကား

တော်၌ ဤစကြာဝဠာကို ထား၍ တပါးသော စကြာဝဠာ တို့၌ ဘုရားရှင်တို့ပွင့်ကုန်၏-ဟူသော ပါဠိ မရှိ၊မပွင့်ကုန်-ဟူသော ပါဠိသည်ကား ရှိ၏၊ဤသို့သော အဋ္ဌကထာစကား ထင်ရှားရှိသဖြင့် တပါးသော စကြာဝဠာ၌ ဘုရားရှင်တို့ မပွင့်ကြောင်းကို သိရ၏၊ အဘယ် သုတ္တန် ပါဠိဖြင့် တပါးသောစကြာဝဠာတို့၌ ဘုရားရှင်တို့ ပွင့်တော်မမူကြောင်းကို သိရပါမည်နည်း ဟု မေး စိစစ်ခဲ့သော်--

[**သဂါထာဝဂ္ဂသံယုတ်၌**] န မေအာစရိယော အတ္ထိ၊ သဒိသော မေ နဝိဇ္ဇတိ၊ သဒေဝကသ္မိံ လောကသ္မိံ နတ္ထိ မေ ပဋိပုဂ္ဂလောတိ-အာဒိ ဟိ စ ဿ သုတ္တေ ဟိ အညေသံ ဗုဒ္ဓါနံ အဘာဝေါ ဒီပေတဗ္ဗော။

**ဆုံးဖြတ်ခြင်း။** ။ဤပါဠိတော်ဖြင့် ပြအပ်၏-ဟု မှာထားခဲ့ပေ၏၊ ပါဠိတော်၏ အဓိပ္ပါယ်မှာ- "ငါဘုရားရှင်အား ဆရာမရှိ၊ ငါဘုရားရှင်နှင့် တူသောသူ မရှိ၊နတ်, ဗြဟ္မာနှင့်တကွ တလောကလုံး၌ ငါဘုရားနှင့် တုဘက်ပြိုင်အပ်သောသူ မရှိ၊ဤသို့ စသော ဘုရားရှင်၏ ပါဠိတော်စကားတို့ဖြင့် တပါးသောဘုရားရှင်တို့၏ မရှိသော အဖြစ်ကို ပြအပ်၏" ဟု အမှာအထား ရှိပေ၏။ ။လိုရင်းမှာ-"ဘုရားရှင်နှင့် တူသောသူ မရှိ၊ တုဘက် ပြိုင် အပ်သောသူ မရှိ"-ဟူသော စကားတော်ဖြင့် စကြာဝဠာအနန္တ၌ ဘုရား မပွင့်ကြောင်း ထင်ရှားစွာ သိအပ်၏၊ ရင်းပြင် ဘုရားရှင်တို့၏ အနန္တဉာဏ်တော်ကို သဘောအတိုင်း သိ၍ ယုံကြည်ခဲ့သော် တပါးသော စကြာဝဠာ၌ ဘုရားရှင်တို့ ပွင့်တော် မမူ ကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိနိုင်ရန် အောက်ပါ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၏ အဓိပ္ပါယ်ကို နှလုံးသွင်းသင့်၏။--

[ပဋိသမ္ဘိဒါမဂ်] အတီတေ ဗုဒ္ဓဿ အပ္ပဋိဟတံ ဉာဏံ၊ အနာဂတေ ဗုဒ္ဓဿ အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နေ ဗုဒ္ဓဿ အပ္ပဋိဟတံ ဉာဏံ၊ ယာဝတကံ နေယျံ၊ တာဝတကံ ဉာဏံ၊ ယာဝတကံ ဉာဏံ၊ တာဝတကံ နေယျံ၊ နေယျပရိယန္တိကံ ဉာဏံ၊ ဉာဏပရိယန္တိကံ နေယျံ၊ နေယျံ အတိက္ကမိတွာ ဉာဏံ နပ္ပဝတ္တတိ၊ ဉာဏံ အတိက္ကမိတွာ နေယျပထော နတ္ထိ။ ။

**အနန္တဉာဏ်တော်။** ။ဘုရားရှင်၏ ဉာဏ်တော်သည် အတိတ်ကာလ၌ အပိတ်အပင် အဆီးအတား မရှိ သိတော်မူ၏၊ ပစ္စုပ္ပန်၌လည်း အပိတ်အပင် အဆီးအတားမရှိ သိတော်မူ၏၊ အနာဂတ်၌လည်း အပိတ်အပင် အဆီးအတားမရှိ သိတော်မူ၏၊ သိအပ်သော တရားရှိသလောက် ဘုရားရှင့်ဉာဏ်တော် ရှိ၏၊ ဘုရားရှင့် ဉာဏ်တော် ရှိသလောက် သိအပ်သောတရားရှိ၏၊ ဘုရားရှင်၏ ဉာဏ်တော်သည် သိအပ်သော တရားလျှင် အဆုံးရှိ၏၊ သိအပ်သောတရားသည် ဘုရားရှင်၏ ဉာဏ်တော်လျှင် အဆုံးရှိ၏၊ သိအပ်သော တရားကို လွန်၍ ဘုရားရှင်၏ ဉာဏ်တော် မဖြစ်၊ ဉာဏ်တော်ကို လွန်၍ သိအပ်သော အကြောင်းတရား မရှိ၊ ဥပမာ-အထက်သေတ္တာ၏ အဖုံးသည် အောက်သေတ္တာ၏ ကိုယ်ကို မလွန်သကဲ့သို့၎င်း, ၁၂ လက်မရှိ ပေတန်နှစ်ခုသည် အတိုအရှည် တညီတည်း ဖြစ်သကဲ့သို့၎င်း, ဘုရားရှင်၏ ဉာဏ်တော်နှင့် သိအပ်သောတရား တဦးနှင့်တဦး အပိုအလွန်မရှိ၊ တညီတည်း-တဖြတ်တည်း,တတိုင်းတည်းဖြစ်၏၊ အလုံးစုံသော တရားတို့၌ ဘုရားရှင်၏ ဉာဏ်တော်သည် ဖြစ်၏-" **သဗ္ဗဓမ္မေသု ဗုဒ္ဓဿ ဉာဏံ ပဝတ္တတိ** " ကြွင်းမဲ့ဥဿုံ အလုံးစုံသော တရားတို့သည် ဘုန်းတော်ကြီးသော ဘုရားရှင်၏—

၁။ အာဝဇ္ဇနပဋိဗဒ္ဓါ—ဆင်ခြင်ခြင်းနှင့် စပ်တော်မူ၏,
၂။ အာကင်္ခနပဋိဗဒ္ဓါ—အလိုရှိတော်မူခြင်းနှင့်စပ်တော်မူ၏,
၃။ မနသိကာရပဋိဗဒ္ဓါ— နှစ်လုံးသွင်းတော်မူခြင်းနှင့် စပ်တော်မူ၏၊
၄။ စိတ္တုပ္ပါဒပဋိဗဒ္ဓါ—စိတ်ဖြစ်တော်မူခြင်းနှင့်စပ်တော်မူ၏,

မူလပဏ္ဏာသအဋ္ဌကထာ၌ကား—

"**ဉာတိ ဝေနေဘာ အဓိသယောနာမ နတ္ထိ**"-ဟု ဝိသယခေတ် စကြာဝဠာအနန္တကုန်အောင် သိတော်မူကြောင်း ဆိုးဖြတ်ပေ၏၊ အနန္တဉာဏ်တော်ကို ဆက်ဦးအံ့၊—စကြာဝဠာအနန္တ, သတ္တဝါအနန္တ, အာကာသအနန္တ, ဤင်းအနန္တသုံးပါးကို အနန္တဉာဏ်တော်ဖြင့် အကြွင်းမရှိ သိတော်မူ၏။

စကြာဝဠာအနန္တကို အဋ္ဌသာလိနီအဋ္ဌကထာ၌ လာသည့်အတိုင်း ပြဦးအံ့၊-အကနိဋ္ဌ ရဟန္တာဖြစ်ဗြာကြီးတို့သည် သက်တော်ကမ္ဘာပေါင်း-တသောင်းခြောက်ထောင် ရှည်ကြကုန်၏၊ တကမ္ဘာ၏ ပမာဏမှာ အလျား,အနံ တယူဇနာရှိသော ကျောက်တုံးကြီးကို ကာသိကရာဇ်တိုင်းဖြစ် အဝတ်နုကလေးနှင့် အနှစ်တရာလျှင် တကြိမ်ပွတ်, အနှစ်တရာ,လျှင် တကြိမ်ပွတ်၊ ဤနည်းအတိုင်း အနှစ်တရာ,တရာလျှင် တကြိမ်,တကြိမ် ပွတ်ပါများသော် ထိုကျောက်တုံးကြီး ကုန်ဘွယ်ရာရှိ၏၊ တကမ္ဘာကာလကား မကုန်နိုင်။ ။တနည်း အလျား,အနံ တယူဇနာစီ ရှိ၍၊အနက်စောက်မှာလည်း တယူဇနာရှိသည့် တွင်းကြီး၌ ဆီကြိတ်သည့် မုံညင်းစေ့ကို အပြည့်ထည့်ပြီး အနှစ်တရာ,တရာလျှင် တစေ့,တစေ့ယူပစ်သော် ကုန်ဘွယ်ရာရှိ၏၊ တကမ္ဘာကာလကား မကုန်နိုင်၊ ထိုဗြဟ္မာမင်းတို့၏ လျှင်မြန်ပုံမှာ-ဒူးလေးဖြင့် ပစ်အပ်သော မြှားသည် ထန်းပင်လုံးအရိပ်ကို လွန်သော ခဏဖြင့် စကြာဝဠာပေါင်း တသိန်းကို သွားနိုင်ကုန်၏၊ စကြာဝဠာ တခုတခု၏ အကျယ်မှာ ယူဇနာပေါင်း တသန်း, နှစ်သိန်း,သုံးထောင်,လေးရာ,ငါးဆယ်စီအညီရှိ၏၊ ဤသို့သော အသက်ရှည်ခြင်း, လျှင်မြန်ခြင်းနှင့် ပြည့်စုံ

သော ပြဟ္မာကြီး လေးယောက်တို့သည် အရှေ့,အနောက်,တောင်, မြောက်, အရပ်လေးမျက်နှာသို့ စကြာဝဠာ၏ အဆုံးကို ကြည့်ရှုရန် သွားကြရာ အသက် ကမ္ဘာပေါင်း တသောင်းခြောက်ထောင်ကုန်၍ ပရိနိဗ္ဗာန်ပြုလေကုန်ရာ၏၊ စကြာဝဠာအပေါင်း၏ အဆုံးသို့မရောက်နိုင်ရာ၊ ထိုမျှလောက် များပြားကျယ်ဝန်းသော စကြာဝဠာအတွင်း၌ ရှိနေကြသော သတ္တဝါအနန္တပေါင်းနှင့် အနန္တသတ္တဝါတို့၏ အဇ္ဈာသယကို ဆင်ခြင်သဖြင့် သိနိုင်ပေ၏၊ သိတော်မူသည့် အလျောက် အလိုတော်ရှိက ဝိသယခေတ်ဆုံးအောင် အသံတော်ဖြင့် သိစေတော်မူနိုင်ကြောင်းကို အရှင်အာနန္ဒာအား ဟောကြားတော်မူသည်မှာ—

[အင်္ဂုတ္တရ၌] အာကင်္ခမာနော အာနန္ဒ တထာဂတော တိသဟဿိမဟာ သဟဿိ လောကဓါတုံ သရေန ဝိညာပေယျ၊ယာဝတာ ပန အာကင်္ခေယျာတိ။

**အသံတော်။** ။ချစ်သား အာနန္ဒာ ငါဘုရားရှင်သည် အလိုရှိသည်ရှိသော် ကုဋေတသိန်း အတိုင်းအရှည်ရှိသော လောကဓာတ်ကို အသံတော်ဖြင့် သိစေနိုင်ရာ၏၊ အထူးအားဖြင့်ကား အကြင်မျှလောက်သောအရပ်ကို အလိုရှိရာ၏၊ထိုမျှလောက်သော အရပ်ကို အသံတော်ဖြင့်သိစေနိုင်ရာ၏။

[မှတ်ချက်] ဤနောက်ဝါကျဖြင့် "ဝိသယ ခေတ်အားလုံးကို သိစေနိုင်ကြောင်း ပြ၏" ဟု အဋ္ဌကထာ ဆရာဆုံးဖြတ်တော်မူ၏။

ဤလို အသံတော်ဖြင့် သိစေရာ အချို့ကျွန်း, အချို့ စကြာဝဠာတို့၌ နေ့လည်း ဖြစ်တန်ရာသည်၊ ညလည်း ဖြစ်တန်ရာသည်၊ ထိုအခါ တန်ခိုးတော်ဖြင့် နေထွက်သော ကျွန်းများ၌ နေကို ဝင်စေ၏၊ နေဝင်သော ကျွန်းများ၌ နေကို ထွက်စေ၏၊ အလင်း နှင့် ပြည့်စုံသော ကျွန်းများ၌ မှောင်းသော ရောင်ခြည်တော်ကို ပြတော်မူ၏၊မှောင်အတိဖြစ်နေသော ကျွန်းများ၌ အလင်းရောင်ကို

ပြတော်မူ၏၊ ထိုအခါ သတ္တဝါအားလုံး တမျိုးဖြစ်၍ ထိတ်လန့်
တုန်လှုပ်ကြ၏၊ ဤလိုဖြစ်ဘဲ့အခါမှာ ဖြူသော ရောင်ခြည်တော်
ဖြင့် အလင်းရောင်ကို ဖြစ်စေလျက် ဘုရားရှင်၏ ကိုယ်တော်ကို
အားလုံး မြင်စေ၏၊ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ် ဟု ထင်မြင်စေ၏၊
ထိုအခါ အလိုတော်အတိုင်း အသံတော်ဖြင့်သိစေ၏၊ထိုသို့ အသံ
တော်ဖြင့် ဟောပြောရာ အမေးအဖြေပြု၍ အဋ္ဌကထာ၌ပြသည်
မှာ——

[**မူလပံ၌**] ကိမတ္ထံ ပနေဝအဇာနန္တာနံ ဓမ္မံ ဒေသေတီတိ ဝါ
သနတ္ထာယ ။ဧဝံ သုတောဂိ ဟိ ဓမ္မော အနာဂတေ
ပစ္စယော ဟောတိ ယော ဝါတိ အနာဂတံ ပဋိစ္စ
ဒေသေတိ။

[**မဟာဋီ**] အတ္တသဒိသ သဘာဝ တာပါ ဒနံ ဝါသနံ။

**အနန္တ-စကြာဝဠာ၌ တရားဟောတော်မူခြင်း။**

**အမေး,အဖြေ။** ။အဘယ် အကျိုးငှာကား ဤသို့ မသိနားမ
လည် ကုန်သော ပုဂ္ဂိုလ်တို့အား ဘုရားရှင် ကိုယ်တော်မြတ်
သည် အပင်ပန်းခံတော်မူ၍ တရားတော်မြတ်ကို ဟောတော်မူ
ပါသနည်း-ဟု မေးသောအခါ 'မိမိနှင့်တူသော သဘော၏
အဖြစ်သို့ ရောက်စေခြင်းတည်း ဟူသော အထုံဝါသနာအကျိုးငှာ
တရားတော်ကိုဟောတော်မူသည်'-ဟု အဖြေထွက်၏၊ အကျိုးကို
ဆက်၍ ဆိုဦးအံ့- ဤလို ဟောသဖြင့် ကြားသိအပ်သော တရား
တော်သည်လည်း နောင် အနာဂတ်အခါ၌ မဂ်,ဖိုလ်, နိဗ္ဗာန်ကို ရ
ခြင်း၏ အကြောင်း အထောက်အပံ့ ဖြစ်သည်သာလျှင်တည်း။။
ဤသို့သော လာလတ္တံ့ဖြစ်သည့် အနာဂတ်အကျိုးကို စွဲမြဲ ရည်
ရွယ်၍ ဘုရားရှင်သည် တရားတော်ကို ဟောတော်မူပေ၏၊ ဤ
သို့သော အဋ္ဌကထာစကားသည် အမှန်ဖြစ်၏၊ လူမှန်သမျှ ဘုရား
ပွင့်ရာ ဤစကြာဝဠာ၌သာ မဂ်,ဖိုလ် ကို ရနိုင်ကြပေသည်၊တပါး
သော စကြာဝဠာတို့၌ အလုံးစုံသော လူတို့သည် လူ့ဘုံ, နတ်ဘုံ,

ဖြဟ္မာ့ဘုံသို့ ရောက်စေနိုင်သော ကုသိုလ်တရား အကောင်းစား နှင့် အပါယ်လေးဘုံသို့ ရောက်စေနိုင်သော အကုသိုလ် အယုတ် တရားသာ ရှိပေ၏၊ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ရောက်ကြောင်းတရား မရှိ၍ ဝါသနာ အလို့ငှာလည်း ဘုရားရှင် ဟောတော်မူပေသည်၊ ဘုရားရှင်တို့ ပွင့်တော်မူရာ ဤစကြာဝဠာ၌လည်း ဖြစ်လိုသော ဆန္ဒ ပေါ်လာစေရန် ဟောတော်မူပေသည်၊ ထိုစကား သင့်၏၊ ဋီကာစကားနှင့်လည်း ညီမျှပေ၏၊ ဋီကာရှင်၏ စကား ကား —

[ဝိမတိဋီ] ဣမသ္မိံ စက္ကဝါဠေ ဥပ္ပတ္တိယာ ဆန္ဒုပ္ပါဒနတ္ထံ အနန္တာသု စက္ကဝါဠေသု ဩလောကေတွာ တဒနုရူပါနုသာသနိ- ပါဋိဟာရိယံ ကရောန္တိယေဝ။

**သောက်ခံခြင်း**——ဘုရားရှင်တို့ အမြဲပွင့်တော်မူရာ ဤစကြာ ဝဠာ၌ ဖြစ်ခြင်း၏ အလိုဆန္ဒကို ဖြစ်စေခြင်းငှါ အဆုံးအပိုင်းအခြားမရှိသော စကြာဝဠာကိုလည်း ကြည့်ရှု ဆင်ခြင်တော်မူ၍ ထိုအနန္တစကြာဝဠာသို့ လျော်သော ဂုဏ်ဖြင့် ဆုံးမခြင်းဟုဆို အပ်သော တန်ခိုးကို ပြုတော်မူကုန်သည်သာလျှင်တည်း။ ဤ ဋီကာစကားနှင့်အညီ ဆင်ခြင်ခဲ့သော် ယခု ဤစကြာဝဠာအတွင်း နေ အားလုံးသော သတ္တဝါတို့သည် အနန္တစကြာဝဠာတို့၌အထပ် ထပ် မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရကုန်၏၊ "**နဟိ သော ဩကာသော အနာမတဂ္ဂ**—လောက၌ မသေဘူးသော အရပ်ဟူ၍ မရှိ" ဟူသော ဘုရားရှင်တို့၏ စကားတော်ကို ထောက်ဆ၍လည်း အနန္တစကြာ ဝဠာတို့၌ အထပ်ထပ် မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရသည်ကို သိ ရှိရ၏၊ထိုထက် သိဘို့ရာမှာ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြ ကုန်ပြီးသော ဘုရားရှင်တို့သည် ဘုရားဖြစ်ဘို့ရာ ပါရမီကို ဖြည့် လိုသော မိတ်ကူးမျှ မရှိစဉ်က ယခု လက်ရှိ သတ္တဝါများနှင့် ထူး ခြားချက် မရှိပေ၊ဂင်္ဂါဝါဠုသဲစုမက ပွင့်ဘို့ရာ အလောင်းလျာ အဖြစ်နှင့် ကမ္ဘာပေါင်း လေးသင်္ချေနှင့်တသိန်း,ရှစ်သင်္ချေနှင့် တ သိန်း,တဆဲ့ခြောက်သင်္ချေနှင့်တသိန်း ကာလပတ်လုံး ကျင့်ပြီးမှ

အသီးအသီး ဘုရားဖြစ်တော်မူကြ၍၊ ထိုဘုရားအပေါင်း အလောင်းတော်တို့လည်း, " နန္ဒိ : သောဘော အနောမတံ " ပုဒ်ဝါကျ၌ ပါဝင်နိုင်ကြ၍၊ ယခုလက်ရှိ သတ္တဝါများမှကား ပြောဘွယ်မရှိ၊ ၎င်းပုဒ်ဝါကျ၌ နှစ်ခါမက ပါဝင်နိုင်ကြသည်သာဖြစ်၏။

## အထူးဝမ်းမြောက်ဘွယ်

ယခုကား မသေရာဌာနနှင့် အနီးဆုံးဖြစ်သော ဤစကြဝဠာသို့ ရောက်ကြပြီ၊ ဤစကြဝဠာသို့ ရောက်ပြီး၍ တပါးစကြာဝဠာသို့ ပြောင်းသွားမည့်သူ မရှိသလောက် ရှားပေတော့မည်၊ ဥပမာ ရန်ကုန်မြို့သို့ ရောက်၍နေပြီးသောသူသည် မြို့ရွာတပါးသို့ မပြောင်းရွှေ့လိုသည်နှင့် တူ၏၊ ပုံစံတခုထုတ်ပြအံ့-ရောဟိတိက ရသေ့သည် အဘိညာဏ် ဈာန်တန်ခိုးနှင့် ပြည့်စုံ၏၊ အနှစ်တရာ ပတ်လုံး စကြာဝဠာအပေါင်း၏ အဆုံးကို သိလိုမှုဖြင့် ခြေတလှမ်းလျှင် စကြာဝဠာတခု,တခု,ကျော်နင်း၍သွား၊ မြောက်ကျွန်း၌ ဆွမ်းခံစား၊ အနှစ်တရာပတ်လုံး ဤနည်းအတိုင်း သွားရာ အနှစ်တရာစေ့တော့ ရောက်ရာ စကြာဝဠာ၌ပင် စုတိစိတ်ကျ အသက်ကုန်လေ၏၊ ဆင်ခြင်ပါ,စဉ်းစားပါ၊ ခြေတလှမ်းကို စကြာဝဠာတခုကျ သွားရာ မည်မျှလောက် ဤစကြာဝဠာနှင့် ဝေးကွာသွားသည်ကို သိလတ္တံ့၊ ဘယ်မျှလောက်ဝေးဝေး နှစ်သက်သည့်အတိုင်း ဤစကြာဝဠာအတွင်းမှာပင် နတ်,ဗြဟ္မာ,မင်း ဖြစ်လာရ၏၊ သို့ဖြစ်၍ စကြာဝဠာအနန္တပင် ဖြစ်စေကာမူ ငါတို့မှာကား ဘုရားရှင်တိုင်း ပွင့်တော်မူရာ ဤစကြာဝဠာတခု၌သာ နေ၍ တရားထူးကို ရကြကုန်လတ္တံ့ဟု ဝမ်းမြောက်ဘွယ်ရာကြီး တခု ဖြစ်ပေသည်။

ဤမျှသောပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို ဆင်ခြင်လျက် ဤစကြာဝဠာ၌သာ ဘုရားရှင်တို့ ပွင့်တော်မူကြောင်း ယုံကြည်သင့်ပေပြီ၊ ၎င်းပြင် တမျိုးသိသာရန် အဋ္ဌကထာ တနေရာ၌ ပြသည်မှာ-ယခုပွင့်တော်မူသော ဂေါတမဘုရားရှင်၏ တံခိုး

အားဖြင့် ဖြစ်သော ရောင်ခြည်တော်သည် အနန္တစကြာဝဠာ သို့ ယနေ့တိုင် သွားဆဲဟု "ဘဂဝတော သရီရာ နိက္ခန္တာ ယာဝဇ္ဇဒိဝသာပိတာ ရသ္မိယော အနန္တာ လောကဓာတုယော ဂန္တွာ နိယော၀။ [မူလပံ] ၌ အဆိုရှိ၏၊ ထိုစကားအတိုင်း ဆင်ခြင် သော် အနန္တစကြာဝဠာတို့၌ ဘုရားရှင်တို့ ပွင့်ကုန်ငြားအံ့၊ ထို ဘုရားရှင်တို့၏ ရောင်ခြည်တော်သည်လည်း ဤစကြာဝဠာသို့ မချွတ်ရောရာက်၏၊ ရောက်ကားမရောက်၊ မရောက်ခြင်းကြောင့် လည်း အနန္တစကြာဝဠာတို့၌ ဘုရားမပွင့်ဟု သိရ၏။

**မေး**—ဘုရားရှင်တို့သည် စကြာဝဠာတပါးသို့ ကြွသွား၍ တရားဟောတော်မူပါသလော။

**အဖြေကား**— ကြွသွား၏၊ တရားလည်း ဟော၏၊ တရား ဟောပေမယ်လို့ မင်းပရိသတ်၌ မင်းအသွင် ဖန်ဆင်း၍ ဟော၏၊ ပုဏ္ဏားပရိသတ်၌ ပုဏ္ဏားအသွင် ဖန်ဆင်း၍ ဟော၏၊ တရားနာသူ တို့သည်ကား ဘုရားဟူ၍ မသိကြပေ၊ သိကြသည်မှာ— ငါတို့ မင်းကြီး,ငါတို့ပုဏ္ဏားကြီး ယနေ့ ဟောသော တရားသည်ကား ကောင်းလှပေ၏၊အသံလည်း သာပါပေသည်-ဟုသာ သိကြရပေ သည်။

[**မူလပံ၌**] ကိံ ပန ဘဂဝါ အညာနိ စက္ကဝါဠာနိ ဂန္တွ တိတိ အာမ ဂန္တတိ၊ ကီဒိသော ဟုတွာ ယာဒိ သာ တေ တာဒိသော။

အဓိပ္ပါယ်မှာ—အထက်စကားပင် မှတ်ယူပါ၊ တပါးသော စကြာဝဠာ၌ ဘုရားများ ပွင့်ငြားအံ့၊ ဤစကြာဝဠာသို့လည်း ကြွ လာတော်မူ၍ ဟောသင့်ပေ၏။

## အယူထူး

သမ္မောဟယောဇနာ၌ကား စကြာဝဠာ ကုဋေတသိန်း,တသိန်း လျှင် ဘုရာ.ရှင်တို့ တဆူ တဆူစီ ပွင့်တော်မူခြင်းကို နှစ်သက် သော အနေမျိုး ရှိသော်လည်း စကားအဆုံး၌ "**ဒိမံသိတွာ** ဧဟော

**ဘဗ္ဗံ**”= စုံစမ်းဆင်ခြင်၍ ယူကြပါ ဆိုသဖြင့် ခိုင်မြဲသောအယူ မဟုတ်ကြောင်း ဝန်ခံရာကျပေ၏၊ သို့ဖြစ်၍ ဤစကြာဝဠာ၌သာ ဘုရားရှင်တို့ ပွင့်တော်မူကြောင်းကို ပါဠိ, အဋ္ဌကထာ, ဋီကာ စကားအတိုင်းသာ မှတ်သားနိုင်ကြပါစေကုန်သတည်း။ ။

ဗုဒ္ဓုပ္ပါဒကထာ=ဘုရားရှင်တို့ပွင့်တော်မူရာအရပ်ကို
ပြရာစကား ပြီး၏။

---

## ၂။ ဝိမိဿကထာ

### သမ္မုတိ,ပရမတ်ကို အကျဉ်းပြခြင်း

ဤသို့ ပွင့်တော်မူကုန်သော ဘုရားရှင်တို့၏ မူလအရင်းခံ တရားဒေသနာတော်ကို အကျဉ်းဆုံးနည်းဖြင့် သိသင့်,သိထိုက်သည်အားလျော်စွာသိမှတ်ဘို့ရာမှာ— ၁

[**မူလပံ့ဌ**] ဗုဒ္ဓဿ ဘဂဝတော ဒုဝိဓာ ဒေသနာ သမ္မုတိဒေသနာ,ပရမတ္ထဒေသနာ စာတိ၊ တတ္ထ ပုဂ္ဂလော သတ္တော, ဣတ္ထီ,ပုရိသော, ခတ္တိယော,ဗြာဟ္မဏော, ဒေဝေါ,မာရောတိ ဧဝရူပါ သမ္မုတိဒေသနာ၊ အနိစ္စံ,ဒုက္ခံ,အနတ္တာ,ခန္ဓာ,ဓာတု, အာယတန, သတိပဋ္ဌာနာတိ ဧဝရူပါ ပရမတ္ထဒေသနာ။

**တရားနှစ်ပါး။** ။ဘုန်းတော်ကြီးသော ဘုရားရှင်၏ ဒေသနာတော်မှာ နှစ်မျိုး, နှစ်စား ရှိပေ၏၊ နှစ်မျိုးဟူသည်မှာ— သမ္မုတိဒေသနာတမျိုး,ပရမတ္ထဒေသနာတမျိုး ဟူ၍ နှစ်မျိုးရှိ၏၊ထိုနှစ်မျိုးတို့တွင် ပုဂ္ဂိုလ်,သတ္တဝါ,မိန်းမ,ယောကျ်ား, ရေ မြေအုပ်စိုးသည့်မင်း,ပုဏ္ဏား,နတ်,ဗြဟ္မာ,မာရ်နတ် ဤသို့ စသည်အားဖြင့် ပုဂ္ဂိုလ်နှင့်စပ်၍ ဟောဟောသမျှသည် သမ္မုတိဒေသနာ မည်၏၊ အနိစ္စတရား,ဒုက္ခတရား, အနတ္တတရား, ခန္ဓာတရား,ဓာတ်တရား,အာ

ယတာနတရား,သတိပဋ္ဌာန်တရား ဤသို့စသည့်အားဖြင့် ပရမတ်နှင့်စပ်၍ ဟောဟောသမျှသည် ပရမတ္ထဒေသနာ မည်၏။

ထိုကဲ့သို့ နှစ်မျိုး,နှစ်စား ဟောတော်မူခြင်းမှာ ပုဂ္ဂိုလ်နှစ်မျိုးနှစ်စား ရှိ၍ ပုဂ္ဂိုလ်အားလျော်စွာ ဟောတော်မူခြင်းဖြစ်၏၊ အကြင်ပုဂ္ဂိုလ်တို့သည် သမ္မုတိဒေသနာကို ကြားနာရ၍ သဘောမှန်အနက်ကို သိ၊မောဟကို ပယ်၊တရားထူးကို ရခြင်းငှါ စွမ်းနိုင်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား သမ္မုတိဒေသနာကို ဟောတော်မူ၏၊ အကြင်ပုဂ္ဂိုလ်တို့သည်ကားပရမတ္ထဒေသနာကိုကြားနာရ၍သဘောအနက်ကိုသိ၊မောဟကိုပယ်၊တရားထူးကို ရခြင်းငှါ စွမ်းနိုင်ကုန်၏၊ထိုပုဂ္ဂိုလ်တို့အား ပရမတ္ထဒေသနာကို ဟောတော်မူ၏၊ ဤသို့ပုဂ္ဂိုလ်ပြားသဖြင့် သမ္မုတိ, ပရမတ္ထဒေသနာ နှစ်မျိုးကို ဟောတော်မူသည်-ဟု သိအပ် ဖြစ်၏၊ဂါထာဖြင့် အကျဉ်းမှတ်သားလိုသူတို့အတွက်မှာကား—

ဒုဝေ သစ္စာနိ အက္ခာသိ,သမ္ဗုဒ္ဓေါ ဝဒတံ ဝရော၊
သမ္မုတိံ ပရမတ္ထဉ္စ,တတိယံ နူပလဗ္ဘတိ။ ။

**အကျဉ်းချုပ်။** ။ဤဂါထာ၏ မြန်မာပြန်အဓိပ္ပါယ်မှာ–ဟောတတ်,ပြောတတ်သော ပုဂ္ဂိုလ်တို့ထက် အမြတ်တန်းစား ဖြစ်တော်မူသော ဘုရားရှင်သည် သမ္မုတိ,ပရမတ် နှစ်ရပ်သော အမှန်တရားကို ဟောကြားတော်မူ၏၊ သုံးခုမြောက်သော အမှန်တရားကို ပညာဖြင့် ကပ်၍ မရှုအပ်၊သမ္မုတိသစ္စာ, ပရမတ္ထသစ္စာနှစ်ပါးအပြင် တခြားသစ္စာ မရှိပြီ-ဟု ဆိုလိုပေ၏။

တနည်းအားဖြင့် သမ္မုတိဒေသနာ ပုဂ္ဂလကထာ-ကို ဟောတော်မူခြင်း၏ အကြောင်းကို သိရန်မှာ—

[မူလပံ့ဌ] အဓိစ အဋ္ဌဟိ ကာရဏေဟိ ဘဂဝါ ပုဂ္ဂလကထံ ကထေတိ၊ ဟိရောတ္တပ္ပဒီပနတ္ထံ, ကမ္မဿကတာဒီပနတ္ထံ, ပစ္စတ္တ ပုရိသာကာရဒီပနတ္ထံ, အာနန္တရိယ ဒီပနတ္ထံ, ဗြဟ္မဝိဟာရ ဒီပနတ္ထံ, ပုဗ္ဗေ

နိဝါသ ဒိပနတ္ထံ, ဒက္ခိဏာဝိသုဒ္ဓိဒိပနတ္ထံ,လော
ကသမ္မုတိယာအပဟာနတ္ထံ။

**သမုတ်သဒ္ဒါ ကား** ။တနည်းသော်ကား --ဘုန်းတော်ကြီး
သော ဘုရားရှင်သည် ပုဂ္ဂလကထာ-သမ္မုတိဒေသနာကို ရှစ်ပါး
သော အကြောင်းတို့ဖြင့် ဟောတော်မူသည်၊ ရှစ်ပါးသော အ
ကြောင်း ဟူသည်မှာ— အရှက်, အကြောက်ကို ပြခြင်းငှါ အ
ကြောင်းတပါး,ကမ်သာလျှင် မိမိဥစ္စာ၏အဖြစ်ကို ပြခြင်းငှါ အ
ကြောင်းတပါး, အသီးသီးသော ယောကျ်ားတို့၏ လုလ္လဲအခြင်း
အရာကို ပြခြင်းငှါ အကြောင်းတပါး,အာနန္တရိယကမ်ကို ပြခြင်း
ငှါ အကြောင်းတပါး,ဗြဟ္မဝိဟာရတရားလေးပါးကို ပြခြင်းငှါ အ
ကြောင်းတပါး, ပုဗ္ဗေနိဝါသ ခေါ် ရှေးရှေး၌ နေဘူးသော ခန္ဓာအ
စဉ်ကိုပြခြင်းငှါ အကြောင်းတပါး,အလှူစင်ကြယ်ခြင်းကို ပြခြင်း
ငှါ အကြောင်းတပါး, လောက ဝေါဟာရကို မပယ်ခြင်းငှါ အ
ကြောင်းတပါး ဤရှစ်ပါးသော အကြောင်းပင်တည်း။ထိုစကား
ကို ချဲ့ဦးအံ့----

**အရှက်,အကြောက်**။ ။ခန္ဓာ တရား, ဓာတ်တရား, အာယတ
န တရားတို့သည် ရှက်ကုန်၏၊ ကြောက်ကုန်၏-ဟု ပြောဆိုကြ
ကုန်သည်ရှိသော် လူအပေါင်းသည် မသိနိုင်ပေရာ၊ တွေဝေ
ခြင်းသို့သာ ရောက်ရာ၏၊ ခန္ဓာ,ဓာတ်, အာယတနတို့က ရှက်ကြ
တယ်, ကြောက်ကြတယ်, ဟုတ်ကဲ့လား, ဒါ ဘာ စ ကားလဲ ဟု
ငြင်းပယ်လျက် ဘုရားရှင်၏ ရန်သူသာ ဖြစ်ကြရာ၏၊ မိမ္မ ရှက်
သည်၊ မိမ္မ ကြောက်သည်၊ ယောကျ်ားရှက်သည်၊ ယောကျ်ား
ကြောက်သည်၊ မင်းရှက်သည်၊ ကြောက်သည်၊ ပုဏ္ဏားရှက်သည်၊
ကြောက်သည်၊နတ်,ဗြဟ္မာ ရှက်သည်၊ကြောက်သည်၊ဤသို့ ပြော
ဆိုခဲ့သည်ရှိသော် သိနိုင်ရာ၏၊ ပင်ပန်း,တွေဝေခြင်းသို့ မရောက်
စေဘဲ ဘုရားရှင်၏ ရန်သူ မဖြစ်ရာ၊ သို့ဖြစ်၍ ဘုရားရှင်သည်
အရှက်,အကြောက်ကို ပြခြင်းအကျိုးငှါ ပုဂ္ဂလ ကထာ-သမ္မုတိ
ဒေသနာကို ဟောတော်မူ၏။

**မိမိဥစ္စာ။** ။ခန္ဓာတို့သည် ကမ်သာလျှင် မိမိဥစ္စာ ရှိကုန်၏၊ ဓာတ်တို့သည် ကမ်သာလျှင် မိမိဥစ္စာ ရှိကုန်၏၊ ဤသို့ ပြောဆိုသော် နားမလည်ရာ၊ တွေဝေခြင်း ဖြစ်ရာ၏၊ မိမ္မတို့သည် ကမ်သာလျှင် မိမိဥစ္စာရှိကုန်၏၊ ယောက်ျား တို့သည် ကမ်သာလျှင် မိမိဥစ္စာရှိကုန်၏၊ ဤသို့စသည် ပြောဆိုသော် နားလည်ရာ၏၊တွေဝေခြင်းမရှိရာ၊ သို့ဖြစ်၍ ကမ်သာလျှင် မိမိဥစ္စာ၏ အဖြစ်ကို ပြခြင်းငှါ ပုဂ္ဂလကထာ-သမ္မုတိဒေသနာကို ဟောတော်မူ၏။

**ယောက်ျားလေ့လာ။** ။ဝေဠုဝန်ကျောင်းတော်ကြီးကို ခန္ဓာတို့သည် ဆောက်လုပ်ကြ၏၊ဓာတ်တို့သည်ဆောက်လုပ်ကြ၏၊ ဤသို့စသည် ဆိုသော် နားမလည်နိုင်ရာ၊အနာထပိဏ်သူဌေးဆောက်လုပ်သည်ဟု ဆိုသော် နားလည်နိုင်၏၊ ထိုသို့သော အကြောင်းကြောင့် ဘုရားရှင်သည် အသီးသီးသော ယောက်ျား တို့၏ လုလ္လအခြင်းအရာကို ပြခြင်းအကျိုးငှါ ပုဂ္ဂလကထာ-သမ္မုတိဒေသနာကို ဟောတော်မူသည်။

**အခြားမဲ့ကမ်း။** ။ ခန္ဓာတို့သည် အမိကို သတ်ကုန်၏၊အဘကို သတ်ကုန်၏၊ ရဟန္တာကို သတ်ကုန်၏၊ ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုကုန်၏၊သံဃဘေဒကမ်ကိုပြုကုန်၏၊ဓာတ်တို့သည် အာယတနတို့သည် အမိကို သတ်ကုန်၏၊ စသည်ဖြင့် ဤနည်းအတိုင်း သဘာဝညီအောင် သိပါလေ၊ ထိုသို့သော အကြောင်းကြောင့် ဘုရားရှင်သည် အာနန္တရိယကမ်ကို ပြခြင်းငှါ ပုဂ္ဂလကထာ-သမ္မုတိဒေသနာကို ဟောတော်မူ၏။

**မြတ်သောနေခြင်း။** ။ ခန္ဓာတို့သည် မေတ္တာပို့ကုန်၏၊ဓာတ်တို့သည် မေတ္တာပို့ကုန်၏ - စသည်ဖြင့် ဆိုသော် နားမလည်နိုင်ရာ မိမ္မသည် မေတ္တာပို့၏၊ ယောက်ျားသည် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာပြု၍ နေ၏-ဟု ဆိုသော် နားလည်ကုန်ရာ၏၊ ထိုသို့သော အကြောင်းကြောင့် ဗြဟ္မဝိဟာရကို ပြခြင်းအကျိုးငှာ ပုဂ္ဂလကထာ-သမ္မုတိဒေသနာကို ဟောတော်မူ၏။

**ဈေးကာခန္ဓာအစဉ်**။ ။ခန္ဓာတို့သည် ဈေး၌ နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ကုန်၏၊ ဓာတ်တို့သည် ဈေး၌ နေဘူးသော ခန္ဓာအစဉ်ကို ပျောက်၍ အောက်မေ့ကုန်၏-စသည် ဆိုခဲ့သော် နားမလည်နိုင်၊ ရသေ့သည် ရဟန္တာသည် ဈေး၌ နေဘူးသော ခန္ဓာအစဉ်ကို ပျောက်၍ အောက်မေ့ကုန်၏-ဟု ဆိုသော် နားလည်နိုင်ကုန်၏၊ ထိုသို့သော အကြောင်းကြောင့် ဈေး၌နေဘူးသော ခန္ဓာအစဉ်ကို ပြခြင်းအကျိုးငှာ ပုဂ္ဂလကထာ-သမ္မုတိဒေသနာကို ဟောတော်မူ၏။

**အလှူခံမြတ်**။ ။ခန္ဓာတို့သည် အလှူခံကုန်၏၊ ဓာတ်တို့သည် အလှူခံကုန်၏၊ အာယတနတို့သည် အလှူခံကုန်၏- စသည် ဖြင့်ဆိုသော် လူအပေါင်း နားမလည်ရာ၊ သီလရှိသော ရဟန်း ပုဂ္ဂိုလ်, လူ ပုဂ္ဂိုလ် အလှူခံ၏—ဟု ဆိုသော် နားလည်ရာ၏၊ ထိုသို့သော အကြောင်းကြောင့် မြတ်သော အလှူခံပုဂ္ဂိုလ်ကို ပြခြင်းအကျိုးငှာ ဘုရားရှင်သည် ပုဂ္ဂလကထာ- သမ္မုတိဒေသနာကို ဟောတော်မူသည်။

**လူတွင်အသိအမှတ်**။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန်သော ဘုရားရှင်တို့သည်၊ "အစဝ္ပာ ကမ္ဘာဦးသူ လူပညာရှိအပေါင်းတို့သည် လူတို့ဖွဲ့မှတ်သော အပြောက် အမျိုးမျိုး ခေါ်ဝေါ်ရာ နေ့,လကိုအစထား၍ ပညတ်ခဲ့ကြ၏၊" ထိုပညတ်ဟူဟူသမျှတို့ကို ပယ်တော်မမူကုန်၊ ထိုသူတို့သမုတ် အပ်သော အမည်ပညတ်၌ တည်စေ၍သာလျှင် တရားကို ဟောတော်မူကုန်၏၊ ထို့ကြောင့် ဘုရားရှင်သည် ကမ္ဘာဦးသူ လူပညာရှိတို့ သမုတ်အပ်သော ပညတ်ကို ပယ်တော်မမူခြင်းငှာ လည်း ပုဂ္ဂလကထာ-သမ္မုတိဒေသနာကို ဟောတော်မူ၏။

ဤသို့ ဟောအပ်သော သမ္မုတိဒေသနာ, ပရမတ္ထဒေသနာ နှစ်မျိုးကို အကျဉ်းနည်းဖြင့် ပိုင်ပိုင်နိုင်နိုင် သိသင့်၏၊သမုတ်ပညတ် ပြီး၊ ဟောတော်မူသည်ကား-သမ္မုတိဒေသနာ, သဘာဝရှိသည့် အတိုင်း ဟောတော်မူသည်ကား—ပရမတ္ထဒေသနာတော်တည်း။

သံလွန်စဥပမာဖြစ် ပြအံ့--ပရမတ္ထဒေသနာအရ ကျွန်းသား, သံနှင့်တူ၏၊ သမ္မုတိဒေသနာအရ ထိုကျွန်းသား,သံတို့ဖြင့် ပြုလုပ်၍ထားသော ကုတင်,ညောင်စောင်း,စားပွဲ, ကုလားထိုင်, ဘီရို, ရေအိုးစင်, ခွေးခြေ စသော လူများအသုံးအဆောင် ကျွန်းသား, သံတို့ဖြင့် ပြုလုပ်သမျှနှင့် အလုံးစုံတူ၏။

**အထူးခြဉ်းစားဆင်ခြင်သင့်၏။** ။ဆင်ခြင်ရန်—ကုတင်၌ ကျွန်းသား,သံ,ကလွဲလျှင် ကုတင်မရှိ၊ ကျွန်းသား,ဘံ,သာရှိ၏၊ ညောင်းစောင်း၌လည်း ကျွန်းသား,သံကလွဲလျှင် ညောင်စောင်းမရှိ၊ ကျွန်းသား,သံ,သာရှိ၏၊ စားပွဲ၌လည်း ကျွန်းသား,သံကလွဲလျှင် စားပွဲမရှိ၊ ကျွန်းသား,သံ,သာရှိ၏၊ ယိုနည်းအတိုင်း ကုလားထိုင် ဘီရို,ရေအိုးစင်, ခွေးခြေတို့၌လည်း ကျွန်းသား,သံ,သာရှိကြောင်း ကုလားထိုင်, ဘီရို,စသည် မရှိကြောင်း ငကန် သိရသကဲ့သို့ ပုဂ္ဂိုလ်,သတ္တဝါ မိန္မ,ယောကျ်ား ဟူသမျှတို့၌လည်း ခန္ဓာ,ဓာတ်, အာယတနတရားတို့သာ ရှိ၏၊ ကုတင်,ညောင်စောင်း, စသည်နှင့် တူသော မိန္မ,ယောကျ်ား,စသော သတ္တဝါ မရှိ၊ ဤသံလွန်စဥပမာအတိုင်း .သမ္မုတိဒေသနာ, ပရမတ္ထဒေသနာ နှစ်မျိုးကို ပိုင်နိုင်စွာ အကျဥ်းအားဖြင့် သိသင့်သိထိုက်၏။

**ရှိ,မရှိ သိ။** ။ဤသမ္မုတိဒေသနာ,ပရမတ္ထဒေသနာ နှစ်ပါးကို ကွဲကွဲပြားပြား သိအောင် အားမထုတ်ခဲ့သော် နိဗ္ဗာန်ပေါက်လမ်းသို့ သွားရာ ယောင်ဝါးဝါး ဖြစ်တတ်သည် မရှိသည်ကို မရှိမှန်းသိရမည်၊ ရှိသည်ကို ရှိမှန်းသိရမည်၊ အကျိုးအများဆုံး သိတို့ရာမှာ-သဘာဝအတိုင်း သိနိုင်မှသာ အကျိုးအများဆုံး အသိဉာဏ်ရှိသူ-ဟု ဆိုထိုက်ပေ၏၊ ဤမျှဖြင့် သမ္မုတိဒေသနာ,ပရမတ္ထဒေသနာ နှစ်ရပ် အကျဥ်းအားဖြင့် အပြီးသတ်သတည်း။

သမ္မုတိသစ္စာ,ပရမတ္ထသစ္စာ နှစ်ပါး အကျဥ်းပြီး၏။ ။

## သမ္မာဒိဋ္ဌိဉာဏ်အပြားကိုပြခြင်း။

သိအပ်သော တရားကား—သမ္မုတိသစ္စာ, ပရမတ္ထသစ္စာတရား ဤနှစ်ပါးတည်း၊ ထိုနှစ်ပါးကို သိတတ်သော ဉာဏ်ကား—သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ပေ၏။

[**မူလပံ၅**] သာစာယံ သမ္မာဒိဋ္ဌိ ဒုဝိဓာ ဟောတိ လောကိယာ,လောကုတ္တရာတိ၊ တတ္ထ ကမ္မဿကတာဉာဏံ သစ္စာနုလောမိကဉာဏံစ လောကိယာ သမ္မာဒိဋ္ဌိ၊ သင်္ခေပတော ဝါ သဗ္ဗာပိ သာသဝါ ပညာ၊ မဂ္ဂဖလ သမ္ပယုတ္တာ လောကုတ္တရာ သမ္မာဒိဋ္ဌိ။

**အယူမှန်နှစ်ပါး။** ။ဤ သမ္မာဒိဋ္ဌိသည် လောကီသမ္မာဒိဋ္ဌိ, လောကုတ္တရာသမ္မာဒိဋ္ဌိအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ကမ္မဿကတဉာဏ်, သစ္စာနုလောမိကဉာဏ် ဤနှစ်ပါးသည် လောကီသမ္မာဒိဋ္ဌိမည်၏၊ တနည်း—အကျဉ်းအားဖြင့် အာသဝေါတရားတို့၏ အာရုံဖြစ်သော အလုံးစုံသော ပညာသည် လောကီသမ္မာဒိဋ္ဌိမည်၏၊မဂ်လေးပါး,ဖိုလ်လေးပါးနှင့် ယှဉ်သော ပညာသည် လောကုတ္တရာသမ္မာဒိဋ္ဌိမည်၏၊ ။လောကီသမ္မာဒိဋ္ဌိသည် အဘယ်ပုဂ္ဂိုလ်၌ ဖြစ်ပါသနည်း၊ ပုဂ္ဂိုလ်အပြား မရှိပါသလော-ဟု ပုဂ္ဂိုလ်အပြားကို မေးငြားအံ့၊ အဖြေမှာ—

[**မူလပံ-၅**] ပုထုဇ္ဇနော ဒုဝိဓော ဟောတိ ဗာဟိရကော သာသနိကော၊တတ္ထ ဗာဟိရကော ကမ္မဝါဒီ ကမ္မဿကတဒိဋ္ဌိယာ သမ္မာဒိဋ္ဌိ ဟောတိ၊ နော သစ္စာနုလောမိကာယ အတ္တဒိဋ္ဌိပရာမသကတ္တာ၊သာသနိကော ဒွိဟိပိ။

**ပုထုဇန်နှစ်မျိုး။** ။သမ္မာဒိဋ္ဌိဖြစ်နိုင်ရာ ပုထုဇန်ပုဂ္ဂိုလ်သည် သာသနာပပုဂ္ဂိုလ်, သာသနာတွင်းပုဂ္ဂိုလ် အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သာသနာပအခါ၌ ကမ်သာလျှင် အကြောင်းရှိသည်-ဟုယူလေ့ရှိသော ပုထုဇန်သည် ကမ္မဿကတဉာဏ်ရှိပေ၏၊သစ္စာလေးပါးနှင့် လျော်သော သစ္စာနုလောမိက

ဉာဏ်ကား မရှိပေ၊ မရနိုင်ပေ၊ မရခြင်း၏အကြောင်းမှာ—ထိုသာသနာပပုထုဇန်မှန်သမျှ ဘယ်အခါမျှ အနတ္တ-ဟု ထင်မြင်ခြင်းမရှိ၊ မှားသောအားဖြင့် အတ္တဒိဋ္ဌိ=အတ္တရှိ၏ဟု သုံးသပ်သောကြောင့် မရနိုင်ပေ။ ။သာသနာတော်တွင်း ပုထုဇန်ကား နှစ်ပါးသော လောကီသမ္မာဒိဋ္ဌိကို ရနိုင်ပေ၏၊ ရနိုင်ခါမျှကိုသာ ဆိုလိုသည်၊ သာသနာတော်တွင်း၌ဖြစ်၍ ပုဂ္ဂိုလ်တိုင်း ရသည်ဟု ဆိုခြင်းကား မဟုတ်ပေ။

ကမ္မဿကတဉာဏ်ကို အကျဉ်းမှတ်ဘို့ရာမှာ— မည်သည့်အလုပ်ကို လုပ်လုပ် ငါ၌ မည်သည့်ဉာဏ် ဖြစ်မည်နည်း—ဟု စဉ်းစားပါ၊ အတိုချုပ် အရကျက်မှတ်၍ နှလုံး၌ စွဲမြဲစွာ မှတ်သားရန် "**ကိုယ်၊ နှုတ်၊ စိတ် ဖြင့် ကိုယ်ပြုသော အမှုကို ကိုယ့်ဥစ္စာဟု သိခြင်းသည် ကမ္မဿကတဉာဏ် မည်၏**"

ကိုယ်ပြုသောအမှု ဆိုသည်မှာ- ကိုယ်ပြုသောကံ, ကိုယ်ပြုသော စေတနာကို ဆိုလိုပေသည်၊ သတိပြု၍ စဉ်းစားမှုဖြစ်ပါစေ၊ အနန္တစကြာဝဠာအတွင်း၌ အလုံးစုံသော လူ,နတ်,ဗြဟ္မာ,သတ္တဝါ ဟူဟူသမျှတို့သည် ကိုယ်, နှုတ်, စိတ်သုံးပါးတို့ဖြင့်သာ အမှုခပ်သိမ်း,ကိစ္စခပ်သိမ်းကို ပြုလုပ်ကြရပေသည်၊ရံခါ ကိုယ်ဖြင့် အမျိုးမျိုးသော မကောင်းမှုကို ပြုလုပ်ဆောင်ရွက်သည်၊ ရံခါ ကောင်းမှုကို ပြုလုပ်ဆောင်ရွက်သည်၊ နှုတ်ဖြင့်လည်း ရံခါ မကောင်းမှုကို ပြောဆိုဆောင်ရွက်သည်၊ ရံခါ ကောင်းမှုကို ပြောဆိုဆောင်ရွက်သည်၊ စိတ်ဖြင့်လည်း ရံခါ မကောင်းမှုကို အဖန်ဖန် ကြံစည်ကြပေသည်၊ရံခါ ကောင်းမှုကို အဖန်ဖန် ကြံစည်ကြပေသည်၊ရံခါ ကိုယ်, နှုတ် နှစ်ပါးဖြင့်ကောင်း,မကောင်းကိုပြုလုပ်ပြောဆိုကြပေသည်၊ ရံခါ ကိုယ်,နှုတ်,စိတ်, သုံးပါးတို့ဖြင့်လည်း ပြုလုပ်, ပြောဆို, ကြံစည်၍ ကောင်း,မကောင်း ကိစ္စအဝဝကို ဆောင်ရွက်ကြသည်။

**စဉ်းစားပါ။** ။ကိုယ်, နှုတ်, စိတ် သုံးပါးတို့ဖြင့် ပြုလုပ်, ပြောဆို,ကြံစည်အပ်သော အမှုကိစ္စမှတပါး ဘယ်ကိစ္စ အမှုမျိုးမျှ မရှိတော့-ဟု ဉာဏ်၌ထင်ထင်ရှားရှားပေါ်ပါစေ၊ထိုအမှု,ထိုကံ

ထိုစေတနာတို့သည် ကာယကမ်သျှင်၏ ကိုယ်ပိုင်ဥစ္စာဖြစ်ကြသည်ဟု အသိဉာဏ်ဖြစ်ပါစေ၊ ထိုထိုသတ္တဝါတွေကို ထိုထိုကမ်တို့က ဆင်းရဲမှု, ချမ်းသာမှုအတွက် ဖန်တီးကြသည်၊ ငါ့ကြောင့်မဟုတ်၊သူ့ကြောင့်မဟုတ်၊ သူ့ကမ်နှင့် သူဆင်းရဲ,သူချမ်းသာ၊ ငါ့ကမ်နှင့် ငါဆင်းရဲ, ငါချမ်းသာ ဖြစ်၍နေကြသည် အမှန်-ဟု သိသည့်အတိုင်း ယုံကြည်ပါလျှင် သဒ္ဓါ,ပညာနှစ်ပါး ပြည့်စုံသည့်ငါဘဲ-ဟု စွဲစွဲမြဲမြဲ သိပါ၊သာသနာပ အခါ၌ရင်း, အနန္တစကြာဝဠာ၌ရင်း,အချို့ပုဂ္ဂိုလ်များ ကမ္မဿကတာဉာဏ်နှင့် ပြည့်စုံကြသေး၏၊ငါကား ကောင်းမြတ်သော ဤစကြာဝဠာ ဘုရားရှင့် သာသနာတော်အတွင်း၌ ဖြစ်ပါလျက် ဤကမ္မဿကတာဉာဏ် မရှိလျှင် ငါ၌တန်ဘိုးမရှိခဲ့စွတကား-ဟု မိမိကိုယ်ကို ဟုတ်မှန်သည့်အတိုင်း ရှုတ်ချ,နှိပ်စက်၍ အပြစ်ထုတ်သင့်၏၊ သူတပါးက ဟုတ်မှန်သည့်အတိုင်း ကမ္မဿကတဉာဏ်မျှ မရှိတဲ့အစား၊သင့်လိုပုဂ္ဂိုလ် လူ၏ အဖြစ်ကို ရခြင်းသည် ဘဝတိုင်း ဆင်းရဲဘို့ ဖြစ်လာတာဘဲ-ဟု ဆိုခဲ့သော်,ဆုံးမခဲ့သော် အသဲစွဲအောင် နာလတ္တံ့၊ ထိုစကား မှန်၏—"**ဟုတ်သောဆို လူမိုက်မခံချင်**"ဆိုသည့် ပေါရာဏစကား ရှိပေသည်။

**ဆင်ခြင်ခဉ်းစား၊။** ။သူတပါးက ပြောဆိုကဲ့ရဲ့ခြင်းမှာ အလကား အကြောင်းမဲ့မပြောဆို-မကဲ့ရဲ့ပါ၊ မိမိတို့သဘာဝကို သိအောင် ပြုပြင်ပြီး သိလောက်အောင် ပြတော့ မနေသာလို့ ပြောဆိုဆုံးမသည်ကို အပြစ်မယူရန် သတိကောင်းဖြစ်ဘို့ သဲလွန်စ ပြရခြင်းဖြစ်သည်။

## နတ်နှင့်လူတို့၏အသက်မွေးမှုကိုပြခြင်း

ယခုပစ္စုပ္ပန်ဘဝ လူ့လောက၌ ချမ်းသာ,ဆင်းရဲနှစ်မျိုး ဖြစ်ပေါ်ခြင်းမှာ ကမ္မဿကတာဉာဏ်ဖြင့် ဆင်ခြင်ခဲ့သော် အတိတ်ကမ်အကြောင်းကိုသာ ယူဆရမလို ဖြစ်၏၊ထိုသို့ကား လုံးဝမယူသင့်ပေ၊ စာတုမဟာရာဇ် စသောနတ်ပြည်တို့၌သာ ကမ်ကြောင့်

သက်သက် ချမ်းသာမှုကို ယူသင့်၏၊ သိဒ္ဓတ္ထဝိဝ်း, ကာဠုဒါယိ စသော ငရဲ၌လည်း ကမ်ကြောင့်သက်သက် ဆင်းရဲပူပင်မှုကို ယူသင့်၏၊ လူ့ပြည်၌ကား အတိတ်ကမ်နှင့်ယခုဘဝ ပညာ,သတိ, ဝိရိယ ဤအကြောင်းနှစ်ပါးကြောင့် ချမ်းသာမှု,ဆင်းရဲမှု ဖြစ်သည်ကို သိသင့်ပေ၏၊ သိဘို့ရာ ကျမ်းဂန်စကားမှာ—

[ အင်္ဂုတ္တရ ] စာတုမဟာရာဇိကေ ပန ဒေဝေ အာဒိံ ကတွာ သဗ္ဗေပိ ဒေဝါ ဥဋ္ဌာနဝိရိယေန ဝိနာ ပုည ဖလသေဝ ဥပဇီဝန္တော ကမ္မဖလူပဇီဝိနော၊ နဥဋ္ဌာန ဖလူပဇီဝိနော, ရာဇ, ရာဇမဟာမတ္တာဒယော ဥဋ္ဌာန ဖလူပဇီဝိနောစ,ကမ္မဖလူပဇီဝိနောစ။

**နတ်နှင့်လူထူးပုံ။** ။စာတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော နတ်တို့ကို အစပြု၍ အားလုံးသော နတ်တို့သည် ထကြွခြင်းဟု ဆိုအပ်သော လုံ့လနှင့် ကင်း၍ ကောင်းမှု၏ အကျိုးကိုသာလျှင် မှီ၍ အသက်မွေးအပ်သည်၏ အဖြစ်ကြောင့် ကမ်၏အကျိုးကို မှီ၍ အသက်မွေးသော ပုဂ္ဂိုလ်တို့ မည်ကုန်၏၊ ဝိရိယ၏အကျိုးကို မှီ၍ အသက်မွေးသော ပုဂ္ဂိုလ်တို့ မမည်ကုန်၊ မင်း, မင်း၏အမတ်ကြီး အစရှိသော လူပုဂ္ဂိုလ်တို့သည် ထကြွလုံ့လ ဝိရိယ၏အကျိုးကိုလည်း မှီ၍ အသက်မွေးအပ်ကုန်၏၊ ကမ်၏ အကျိုးကိုလည်း မှီ၍ အသက်မွေးအပ်ကုန်၏။

## သမ္ပဒါလေးပါးကိုပြခြင်း

ဤလူ့လောက၌ သတိ,ပညာ,ဝိရိယ ရှေ့ထားလျက် သမ္ပဒါ လေးပါးနှင့်အညီ အသက်မွေးမှုရပုံကို သိသင့်သည့်အလျောက် ထည့်သွင်း၍ ကျမ်းဂန်စကားဖြင့် ပြဦးအံ့။ သမ္ပဒါလေးပါးမှာ—

၁။ ဥဋ္ဌာနသမ္ပဒါ=ထကြွလုံ့လ-ဝိရိယနှင့် ပြည့်စုံခြင်း,
၂။ အာရက္ခသမ္ပဒါ=စောင့်ရှောက်ခြင်းနှင့် ပြည့်စုံခြင်း,
၃။ ကလျာဏမိတ္တတာ=အဆွေခင်ပွန်းကောင်းရှိခြင်း,
၄။ သမဇီဝိတာ=မျှတအောင် သုံးစား၍ အသက်မွေးခြင်း,

ဤလေးပါးနှင့် ပြည့်စုံလျှင် ရေးကမ်နှင့် ပေါင်းမိ၍ ကောင်းကောင်းကြီးပြည့်စုံလတ္တံ့၊ သို့သော် . သတိ,ပညာ ကင်းသော ဝိရိယာရှိသူအား ပြောဘွယ်ရာဖြစ်အောင် မပြည့်စုံနိုင်ပေ၊ သတိပညာနှင့် ယှဉ်သော ဝိရိယာရှိသူအားသာ ကောင်းကောင်း ပြည့်စုံနိုင်ပေမည်၊ ဤသမ္ပဒါလေးပါးတို့တွင် သမဇီဝိတ-သမ္ပဒါကိုကား ကျမ်းဂန်နှင့်ညီညွတ်အောင် ဘုရားရှင်၏ စကားကို မလွန်စေမူ၍

စတုခ္ခာ ဝိဘဇေ ဘောဂေ, ပဏ္ဍိတော ဃရမာဝသံ၊
ဧကေန ဘောဂံ ဘုဉ္ဇေယျ,ဒွိဟိ ကမ္မံ ပယောဇယေ၊
စတုတ္ထဉ္စ နိဓာပေယျ,အာပဒါသု ဘဝိဿတိ။ ။
သိထက္ခန်ပါဠိတော်။

[သီလက္ခန်-ဌ]

**လေးခုမုံသေား**။ ။အိမ်၌ စိုးအုပ်၍ နေသော ပညာရှိသည့် စည်းစိမ်ဥစ္စာတို့ကို လေးစုလေးပုံ ဝေခွဲရာ၏၊ ထိုလေးပုံတွင် တပုံကိုသာ ဝတ်ခြင်း, စားခြင်းဖြင့် သုံးဆောင်ရမည်၊ တပုံကို အိုမင်းဇရာရောက်၍ အလုပ် မလုပ်နိုင်သောအခါ ဝတ်စား သုံးဆောင်ဘို့ တိုးပွားအောင်ထားရမည်၊ တပုံကို နိဗ္ဗာန်ရသည့်တိုင်အောင် သုံးစားဘို့ အမိ, အဘ, ဆရာသမား, ရတနာသုံးပါး, ပုန်းတောင်းယာစကာမှ မကျန်ရအောင် ပေးကမ်းစွန့်ကြဲ အပ်နှံလှူဒါန်းထားရမည်၊ တပုံကို ဘေးအမျိုးမျိုး ကာကွယ် စောင့်ရှောက်ဘို့ ထားရမည်၊ ဤသည်ကား သမဇီဝိတသမ္ပဒါနှင့် ပြည့်စုံမှုပင်တည်း။

ထိုမှတပါး ဥစ္စာပစ္စည်း ပျက်စီးကြောင်း ဖြစ်သော

၁။ ဣတ္ထိဓုတ္တ=မိန်းမကြူးခြင်း။

၂။ အက္ခဓုတ္တ=ကြွေအန်ကြူးခြင်း။

၃။ သုရာဓုတ္တ=သုရာကြူးခြင်း။

၄။ ပါပမိတ္တ=ဒုစရိုက်သမားများကို ပေါင်းသင်းခြင်း။

ဤလေးပါးကို အမြဲရှောင်ကြဉ်ရမည်၊ မရှောင်ကြဉ်ခဲ့သော် တဘက်ဆီးကန်ကြီး၌ အပေါက်လေးပေါက်ရှိသည်နှင့် တူ၏၊ အ

ထက်က လာသမျှရေသည် ထိုကန်၌မတည်၊ အပေါက်လေး ပေါက်ကထွက်၍ သွားသကဲ့သို့ ထိုသူ၏အတ္တဲမှာ ဘယ်အခါမျှ ပစ္စည်းမတည် ဖြစ်ရမည်။

ဤစကားကို ဟောကြားတော်မူခြင်း အကြောင်းကတော့ မိစ္ဆာအယူ ရှိသော ပုဏ္ဏားတယောက်သည် အရှင်ဂေါတမ၏ စကားအလွန်မှန်လှ၏ဟု–လူအများပြောသံကြားရကား၊ ဘုရား ရှင်ဟောကြားသည့်အတိုင်း ကျင့်လို၍ လျှောက်သဖြင့် ဟောကြား ခြင်းဖြစ်ပေ၏၊ ဟောတော်မူတိုင်း ကျင့်ခဲ့ရာ-ပစ္စည်းဥစ္စာ များစွာ ဖြစ်ပေါ်ရရှိသဖြင့် ဘုရားရှင်အား အသပြာတထောင် ဆရာစား ပေးလှူ၏၊ဘုရားရှင်ကား ယူတော်မမူပေ၊ထိုပုဏ္ဏားသည် နောက် သမ္မာဒိဋ္ဌိဖြစ်လာ၏၊ ထို့ကြောင့် ဘုရားရှင်တို့၏ စကားတော် သည်—

ယထာပိ ကုံ နဘောလေန္တိ၊ ရဝိပတတိ ဘူမိယံ။
တထေဝ ဗုဒ္ဓသေဋ္ဌာနံ၊ ဝစနံ ဓုဝသဿတံ။
ယထာ ရတ္တိက္ခယေ ပတ္တေ၊ သူရိယုဂ္ဂမနံ ဓုဝံ။
တထေဝ ဗုဒ္ဓသေဋ္ဌာနံ၊ ဝစနံ ဓုဝသဿတံ။
ယထာ အာပန္န သတ္တာနံ၊ ဘာရမောရောပနံဓုဝံ။
တထေဝ ဗုဒ္ဓသေဋ္ဌာနံ၊ဝစနံ ဓုဝသဿတံ။

[ဗုဒ္ဓဝံသ-ပါဠိ]

**အဟောင်းအဓိပ္ပာယ်**။ ။ကောင်းကင်သို့ ပစ်လွှင့်အပ်သောကျောက် ခဲသည် မချွတ်မကွက် မြေသို့ကျခြင်း၊ ညဉ့်အချိန် ကုန်ခြင်းသို့ ရောက်သည်ရှိသော် နေထွက်ရခြင်း၊ ကိုယ်ဝန်ရှိသောမိန်းမအား ကိုယ်ဝန်ကို ချရခြင်း မြဲဘိသကဲ့သို့ မြတ်စွာဘုရားတို့၏ စကား တော်သည် မချွတ်မလွဲ အမြဲမှန်ကန်တော်မူပေ၏။

## ကမ္မသကတာဉာဏ်ကိုပြခြင်း

ပဋိသန္ဓေဘဝ၌ သတိ၊ပညာနှင့်ယှဉ်သော ဝိရိယကို ရမှုသည် သည်း အတိတ်ကံနှင့် မကင်းသည်ဖြစ်ရာ အချို့ပုဂ္ဂိုလ်သည်

ပညာဉာဏ် ငယ်စဉ်က ကောင်း၏၊သဘာဝပေါ်အောင် မေးလေ့စမ်းလေ့ရှိ၏၊သူတပါးထက် အတတ်ပညာ သင်ကြားရာ၌ လွယ်ကူ၏၊သတိ,ဝိရိယရှိ၏၊အချို့ပုဂ္ဂိုလ်သည် ထိုင်းမှိုင်းလှ၏၊ သတိ,ဝိရိယ နည်းပါးလှ၏၊အဘက်ဘက်က အောက်တန်းကျ၏၊ ဤသို့ဖြစ်ရခြင်းသည် ကမ်ရှိမှု,မရှိမှုအရာ ထင်ရှားလှ၏၊ကမ္မဿကတဉာဏ်အရာထင်စွာသိဘို့ရန် သုဘာသုတ်ကိုပြဦးအံ့—

[**ဥပရိပံ-၃၉**] ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ, ကမ္မယောနီ, ကမ္မဗန္ဓူ, ကမ္မပ္ပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ၊ ယဒိဒံ ဟီနပ္ပဏီတတာယ။

**ကမ်စီရင်ပုံဟာနိ။** ။သုဘာလုင် သတ္တဝါတို့သည် ကမ်သာလျှင် မိမိဉစ္စာ, ကမ်သာလျှင် အမွေခံ, ကမ်သာလျှင် အကြောင်းရင်း, ကမ်သာလျှင် ဆွေမျိုး,ကမ်သာလျှင် တည်ရာ,မှီရာရှိကုန်၏၊ယုတ်ညံ့ခြင်းအမျိုးမျိုး, မြင့်မြတ်ခြင်းအမျိုးမျိုးအားဖြင့် အဆင့်အတန်း ခွဲခြမ်းဝေဖန်ကြရာတွင် ကမ်ကြောင့်သာလျှင် ဖြစ်ပေါ်လာကြ၏။

## အကျယ်ဟောကြားခြင်း

[**ဥပရိပံ-၃၉**] ဣဓ မာဏဝ ဧကစ္စော ဣတ္ထီဝါ ပုရိသောဝါ ပါဏာတိပါတီ ဟောတိ၊ သော ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ နောစေ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ အပ္ပါယုကော ဟောတိ၊ အပ္ပါယုကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ။ ။သံခိပနံ။

**ဓိရှင်ပုံအကျယ်။** ။သုဘာလုင် ဤလောက၌ ယောကျ်ား,မိန္မဟူသမျှသည် သူတပါးအသက်ကို သတ်လျှင် သေသည်၏အခြားမဲ့၌ မကောင်းသူတို့ ကျရောက်ပျက်စီးရာ ဆင်းရဲလှသောသော ငရဲ၌ဖြစ်ရာ၏၊ အကယ်၍ ရှေးရှေးက ကမ်ကောင်းထောက်မခြင်း

ကြောင့် ဤလူ့ပြည်သို့ ရောက်ရပြန်လျှင် အသက်တိုရာ၏၊ သူဘလုင် သူတပါးအသက်ကို သတ်ဖြတ်ခြင်းသည် အသက် တိုခြင်းကိုဖြစ်စေ၏။ ဤမှနောက်၌ ပဝတ္တိကျိုးမျှကိုသာ အကျဉ်းချုံး၍ ပြအံ့—ကမ်ကြောင့် ဖြစ်ပုံကို သိကြရန်——

## ကမ်တို့၏ပဝတ္တိအကျိုးကိုပြခြင်း

**ဥပရိပံ-ဦ** ပါဏာတိပါတီဟောတိ အပ္ပါယုကော၊ ပါဏာတိပါတာ ပဋိဝိရတောဟောတိ ဒီဃာယုကော၊ ဝိဟေဋ္ဌကဇာတိကော ဟောတိ ဗဟွာဗာဓော၊ အဝိဟေဋ္ဌကဇာတိကော ဟောတိ အပ္ပါဗာဓော၊ ကောဓနော ဟောတိ ဒုဗ္ဗဏ္ဏော၊ အကောဓနောဟောတိ ပါသာဒိကော၊ ဣဿာ မနကော ဟောတိ အပ္ပေသက္ခော၊ အနိဿာ မနကောဟောတိ မဟေသက္ခော၊ န ဒါတာဟောတိ အပ္ပဘောဂေါ၊ ဒါတာ ဟောတိ မဟာဘောဂေါ၊ အတိမာနီ ဟောတိ နီစကုလီနော၊ အနတိမာနီဟောတိ ဥစ္စာကုလီနော၊ နပရိပုစ္ဆိတာ ဟောတိ ဒုပ္ပညော၊ ပရိပုစ္ဆိတာ ဟောတိ မဟာပညော။ ။ [အတိသံခိပနံ]

**အကျဉ်းဖြေမိန့်း။** ။သူတပါး အသက်ကို သတ်လေ့ရှိသော သူသည် ဖြစ်လေရာဘဝ၌ အသက်တို၏၊ သတ်ခြင်းမှ ရှောင်ကြဉ်သောသူသည် အသက်ရှည်ရာ၏၊ သူတပါးအား ညှင်းဆဲနှိပ်စက်တတ်သော သူသည် အနာရောဂါ များ၏၊ မညှင်းဆဲ မနှိပ်စက်တတ်သောသူသည် အနာရောဂါကင်း၏၊ အမျက်ထွက် စိတ်ဆိုးလေ့ရှိသော သူသည် အဆင်းမလှ အရုပ်ဆိုးရ၏၊ အမျက်မထွက် စိတ်မဆိုးတတ်သော သူသည် ကြည်ညိုဖွယ်ကောင်းသော အဆင်းသဏ္ဌာန်ရှိလှ၏၊ သူတပါးချမ်းသာခြင်းကို မကြည့်လို မမြင်

လိုငြိုးဖွဲ့ခြင်းရှိသောသူသည် ဘုန်းတန်ခိုးနည်း၏၊ သူတပါးစည်းစိမ်ချမ်းသာ၌ ငြိုးဖွဲ့ခြင်းမရှိသော သူသည် ဘုန်းတန်ခိုးကြီး၏။ မပေးမကမ်း, မလှူဒါန်းသောသူသည် စည်းစိမ်ဥစ္စာ နည်းပါးရာ၏၊ ဆင်းဆင်းရဲရဲ ဖြစ်ရ၏၊ ပေးကမ်းလှူဒါန်းသောသူသည် စည်းစိမ်ဥစ္စာ ပေါများ၏၊ လူချမ်းသာ ဖြစ်ရ၏။ မာနအလွန်ကြီးသောသူသည် ယုတ်နိမ့် ညံ့ဖျင်းသော အမျိုး၌ဖြစ်ရ၏၊ မာန်မာန မကြီးသောသူသည် မြင့်မြတ်သောအမျိုးတို့၌ဖြစ်ရ၏၊ အဖန်ဖန်မေးမြန်းလေ့ မရှိသောသူသည် ပညာဉာဏ်မရှိဖြစ်ရ၏၊ အဖန်ဖန် မေးမြန်းလေ့ရှိသောသူသည် ပညာကြီး၏၊ ပညာနှင့်ပြည့်စုံ၏။

ဥဘော ပုညဉ္စ ပါပဉ္စ၊ ယံ မစ္စော ကုရုတေ ဣဓ။
တံ ဟိ တဿ သကံ ဟောတိ၊တဉ္စ အာဒါယ ဂစ္ဆတိ။
တဉ္စဿ အနုဂံ ဟောတိ၊ဆာယာဝ အနုပါယိနီ။

[သဂ္ဂါယတနသံယုတ်]

**ကိုယ်ပိုင်နှစ်ပါး။** ။ဤလောက၌ သတ္တဝါ ဟူသမျှသည် ကောင်းမှုကမ်ကိုဖြစ်စေ, မကောင်းမှုကမ်ကို ဖြစ်စေ ပြုလုပ်၏၊ ထိုကမ်သည်သာလျှင် သတ္တဝါတို့၏ ကိုယ်ပိုင်ဥစ္စာ ဖြစ်ပေ၏၊ ထိုကမ်ကိုသာလျှင် ယူဆောင်၍တမလွန်ဘဝသို့ သွားရ၏၊အရိပ်သည် သွားလေရာသို့ အစဉ်လိုက်သကဲ့သို့ ထိုကမ်သည်သာလျှင် ပြုလုပ်သူ၏နောက်သို့ အစဉ်တစိုက်လိုက်၍ ဖြစ်၏။

ထိုသို့သော သဘာဝကို လုံးဝသိမြင်သော ဘုရားရှင်သည်—

တသ္မာ ကရေယျ ကလျာဏံ,နိစယံ သမ္ပရာယိကံ၊
ပုညာနိ ပရလောကသ္မိံ,ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။

**တိုက်တွန်းခြင်း။** ။ကောင်းမှုကမ်တို့သည် တမလွန်ဘဝ၌ သတ္တဝါတို့၏ တည်ရာ,မှီခိုအားထားရာ အမှန်ဖြစ်သောကြောင့် တမလွန် ဘဝအတွက် သိမ်း ဆည်းပူးအပ်သော ကောင်းမှုကုသိုလ်ကမ်ကို ပြုရာ၏-ဟု ဟောတော်မူပြီ။

## သဒ္ဓါဖြစ်ရန် ခဲယဉ်းကြောင်းကို ပြခြင်း

ယခုအခါ ဟောပြောသူများ၍ တရားတော်ကို သင့်တင့်စွာ သိသူ များ၏ဟု ဆိုရငြားသော်လည်း ယုံကြည်မှု-သဒ္ဓါကား သိသလောက် မပြည့်စုံကြဟု ဆိုလျှင် မှားဘွယ်ရာ မရှိလှပေ။ ။ အကြောင်းမှာ–ဒုစရိုက်ကို လွန်ကြူးသူ များပြား လာသည်ကို တွေ့ရသောကြောင့်တည်း။ သဒ္ဓါတရားသည်ကား မူလအမြစ် သဘွယ် ဖြစ်ပေသည်။

[**ယက္ခသံယုတ်-ဋ္ဌ**] သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ သဒ္ဓါ ဝိတ္တံ အနုဂါမိကံ အနညသာဓာရဏံ သဗ္ဗသမ္ပတ္တိဟေတု။

**ဥဒ္ဒေသခြင်း**။ ။ဤလောကဒွိ ယောကျ်ား၏ မြတ်သော ဥစ္စာ ကား သဒ္ဓါတရားပင်တည်း၊ သဒ္ဓါတရား တည်းဟူသော ဥစ္စာ သည် ဖြစ်ရာဘဝသို့ အစဉ်လိုက်၏၊ ဖျက်ဆီးတတ်သော ရန်သူ တည်းဟူသော သူတပါးတို့နှင့် မဆက်ဆံ၊ ဖြစ်လေရာ ဘဝတို့၌ အလုံးစုံချမ်းသာခြင်း၏ အကြောင်း ဖြစ်ပေ၏။

ဧဝံ ဓမ္မာ သုလဘာ ဒေသျဓမ္မာစေဝ ဒက္ခိဏေယျာစ၊ သဒ္ဓါ ပန ဒုလ္လဘာ၊ ပုထုဇ္ဇနဿ ဟိ သဒ္ဓါ အထာဝရာ၊ ပဒဝါရေန နာနာ ဟော တိ။

**ရခဲစွ**။ ။လှူဘွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ်သည် ရလွယ်၍ ယုံကြည်မှုသဒ္ဓါတရားကား ရခဲလှပေ၏၊ ပုထုဇန်ပုဂ္ဂိုလ်၏ ယုံကြည် မှု-သဒ္ဓါတရားသည် မမြဲပေ၊ သွား,လာ နေရင်းပင် ခြေတလှမ်း လှမ်းတိုင်း လှမ်းတိုင်း သဒ္ဓါတရား ဖြစ်တလှည့်, ပျက်တလှည့် အမျိုးမျိုး ပြောင်းလွဲ၍နေ၏၊ ထိုသဒ္ဓါတရားမပျက်ရအောင် သူတ ပါးက မစောင့်ရှောက်နိုင်ပေ၊ မစောင့်ရှောက်နိုင်ပုံကို ပြဦးအံ့–

ဘုရားရှင့် လက်ထက်တော်က ဒါယကာ တယောက်သည် ဘုရားအမှူးရှိသော သံဃာတော်ကို ရှေးဦးစွာ ဆွမ်း ဘဉ်းပေး

ပင့်၏၊ ၎င်းနောက် အရှင်သီဝလိ၏ မယ်တော် သုပ္ပဝါသာက ပင့်၏၊ အရှင်သီဝလိ၏ မယ်တော်ကို ဘုရားရှင်က မေးမြန်းပြီး၍ ချီးမြှောက်လို၍ အရှင်မောဂ္ဂလာန်ကို သူ၏ ဒါယကာအား ခုနစ်ရက် အဆိုင်းခိုင်းရာ ထိုဒါယကာက ''အရှင်ဘုရား တပည့်တော်၏ ဆွမ်းကို ခုနစ်ရက် ဆိုင်းစေလိုပါလျှင် တပည့်တော်၏ အသက်ကိုင်း,လှူဘို့ရာ ပစ္စည်းဝတ္ထုကိုင်း,တပည့်တော်၏ သဒ္ဓါတရားကိုင်း ဤခုနစ်ရက်အတွင်း၌ မသေမပျောက်,မပျက်စီးရန် အရှင်ဘုရား၏ ဘုန်းတန်းခိုးတော်ဖြင့် စောင့်ရှောက်၍ ပေးရန် တာဝန်ယူတော်မူပါ ဘုရား၊ ဤသုံးချက်ကို တာဝန်ယူပါက အရှင်ဘုရား အမိန့်တော်အတိုင်း ခုနစ်ရက်လွန်မှဘဲ ဆွမ်းလှူပါမည်'' ဤသို့ လျှောက်ထားလေသော် အရှင်မောဂ္ဂလာန် မထေရ်မြတ်က မိန့်ကြားသည်မှာ—

[**အင်္ဂုတ္တရ-ဋ္ဌ**] ဒွိန္နံ ခေါ တေ အဟံ အာဝုသော ဓမ္မာနံ ပါဋိဘောဂေါ ဇီဝိတဿစ ဓမ္မဿစ၊သဒ္ဓါယ ပန တွံယေဝ ပါဋိဘောဂေါ။

**ကိုယ့်တာဝန်**။ ။ဒါယကာ ငါသည် သင်၏ အသက်မသေရန်ကိုင်း, သင်၏ လှူဘွယ်ဝတ္ထု မပျက်စီးရန်ကိုင်း ဤနှစ်ပါးကို တာဝန်ယူမည်၊ သင်၏ သဒ္ဓါတရား မပျက်စီးရန်ကိုတော့ သင့်တာဝန်ဘဲ ထားပါဟု မိန့်ကြားလေသည်။ မိမိ၏သဒ္ဓါတရား မပျက်စီးရန် မိမိ၏တာဝန်သာ ဖြစ်ပါသည်၊ ဘုန်းတန်းခိုးအရာမှာ အမြတ်ဆုံး အကြီးဆုံး ဧတဒဂ်ရသော အရှင်မောဂ္ဂလာန်လက်ဝဲရံ မထေရ်မြတ်ပင်လျှင် သူတပါး၏ သဒ္ဓါတရား မပျက်စီးမှုကို မစောင့်ရှောက်နိုင်သဖြင့် သဒ္ဓါတရား မပျက်ရန် ကိုယ်စီကိုယ်၌ ကိုယ့်တာဝန်ဖြစ်ကြောင်း သတိကောင်းဖြစ်စေသင့်ပေ၏။ ။သဒ္ဓါနှင့်စပ်၍ ပေါ်ပြဦးအံ့—

[**မဇ္ဈိမပံ-ဋ္ဌ**] သဒ္ဓေါတိ သဒ္ဓါယ သမန္နာဂတော၊ သာ ပနေသာ အာဂမန သဒ္ဓါ, အဓိဂမသဒ္ဓါ, ဩကပ္ပနသဒ္ဓါ, ပသာဒသဒ္ဓါတိ စတုဗ္ဗိဓာ။

**သဒ္ဓါသေးမျိုး။** ။သဒ္ဓါဟူသည်မှာ ကမ်,ကမ်၏အကျိုးကို ယုံကြည်ခြင်း, ရတနာသုံးပါးတို့၏ ဂုဏ်ကို ယုံကြည်ခြင်း ကိုဆိုလိုသည်၊ ဤသို့ယုံကြည်အပ်, ယုံကြည်သင့်, ယုံကြည်ထိုက်သည်ကို ယုံကြည်သောပုဂ္ဂိုလ်ကို သဒ္ဓါနှင့်ပြည့်စုံသူဟု ခေါ်ရ၏။

**သဒ္ဓါ (၄) မျိုး**

၁။ အာဂမနသဒ္ဓါ=နိယတဗျာဒိတ် ခံယူပြီးသော ဘုရားလောင်းတို့၏ သန္တာန်၌ ဖြစ်သော သက်ဝင်ယုံကြည်ခြင်း။

၂။ အဓိဂမသဒ္ဓါ= အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော သက်ဝင်ယုံကြည်ခြင်း။

၃။ ဩကပ္ပနသဒ္ဓါ=ယုံကြည်ထိုက်သော ရတနာသုံးပါးတို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။

၄။ ပသာဒသဒ္ဓါ—အခိုက်အတန့်မျှ ယုံကြည်ခြင်း။

ထိုလေးပါးတို့တွင် ဩကပ္ပန သဒ္ဓါ နှင့်ပသာဒသဒ္ဓါနှစ်ပါးသာလျှင် ပုထုဇန်တို့ သန္တာန်၌ ဖြစ်လေသည်။ ။ထိုနှစ်ပါးတို့တွင် ကမ္မဿကတာဉာဏ် ကြီးရင့်မှသာလျှင် ဩကပ္ပနသဒ္ဓါ ဖြစ်နိုင်လေသည်။

ထိုသည့် ယုံကြည်မှုမှာလည်း ဘုရားရှင်၏ တရားတော်ကို ကြားနာရသော်၎င်း,ဟုတ်မှန်သည့်အတိုင်း ရေးသော ကျမ်းဂန်ကိုဖတ်ရှုရသော်၎င်း ဖြစ်နိုင်ပေ၏၊ ထိုစကားမှန်၏—

[**သီလကွန်-ဋ္ဌ**] ဓမ္မံ သုတွာ တထာဂတေ သဒ္ဓံ ပဋိလဘတိ။

**သဒ္ဓါ ရကြောင်း။** ။ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ဘုရားရှင်၌ ယုံကြည်ခြင်းသဒ္ဓါကို တဖန်ရ၏။ ။"**အရေးလဲ အဖျားထေးဖြစ်**" ဟူသော တောင်သူတို့၏ ရှေးစကားကဲ့သို့ ဘုရားရှင်အား ယုံယုံကြည်ကြည် တကယ်တန်း သက်ဝင်ခဲ့သော် ဟောတော်မူသော တရားတော်, ထိုတရားကြောင့် ရဟန်းပြုသော ပုထုဇန်သံဃာတော်ကို အဆုံးထား၍ ကြည်ညိုအပ်သော

ဝတ္တုပြဟူသမှုကို ကြည်ညို နိုင်ပေတော့၏။ ။သို့ဖြစ်၍ သဒ္ဓါ တရားဖြစ်မှုကို ရှေ့ရှုပြီး မိမိတို့ကမ်၏ အမွေကို ခံစံရကြောင်း သိရှိနိုင်ရန် ပြဆိုဦးအံ့—

[အဂုံ ၓုရ-၄၃] ကမ္မဿကာ ဘိက္ခဝေ သတ္တာ ကမ္မဒါ ယာဒါ,ကမ္မယောနီ, ကမ္မဗန္ဓူ,ကမ္မပ္ပဋိသ ရဏာ၊ ယံ ကမ္မံ ကရောန္တိ ကလျာဏံဝါ ပါပကံဝါ၊ တဿ ဒါယာဒါ ဘဝန္တိ။

ကင်-အမွေ။ ။သံသရာဘေးကို ကြောက်သော အို..... ချစ် သားရဟန်းတို့ အနန္တ စကြာဝဠာ၌ ရှိသော အလုံးစုံသော သတ္တဝါတို့သည် ကမ်သာလျှင် မိမိဥစ္စာ,ကမ်သာလျှင် အမွေခံ, ကမ်သာလျှင် အကြောင်း,ကမ်သာလျှင် ဆွေမျိုးဉာတိ, ကမ်သာ လျှင် မှီခိုအားထားရာ ရှိကုန်၏၊ ပြုအပ်ပြီးသော ကုသိုလ်ကမ်, အကုသိုလ်ကမ်၏ အမွေခံတို့သာ ဖြစ်ကြကုန်၏။ ။ကိုယ်ပြုသော ကမ်ကို သူတပါးက အကျိုးမဲ့ ဖြစ်အောင် မတတ်နိုင်၊ မတတ် ကောင်းပေ။ ။ထိုစကားမှန်ပေ၏—

[အဂုံ ၓုရ-၄၅] နှ ဟိ သတ္တာ ကတဿ ကမ္မဿ ဝိပါကံ ပဋိသေဝေတုံ၊ တသ္မာ ယတ္တကံ ကမ္မံ က ရောတိ တတ္တကဿ ဝိပါကံ ပဋိသံဝေဒိ ယတော၀။ ။

ခံစေးရခြင်း။ ။ပြုအပ်ပြီးသော ကုသိုလ်ကမ်, အကုသိုလ် ကမ်၏အကျိုးကို တစုံတယောက်သော သူသည် တားမြစ်ခြင်းငှါ မည်သည့်နည်းနှင့်မျှ မတတ်ကောင်းပေ။ ထိုကြောင့်ကုသိုလ်ကမ်, အကုသိုလ်ကမ်ကို ပြုသလောက် ထိုကမ်၏ ချမ်းသာ,ဆင်းရဲကျိုး ကို ခံစားရ၏။

## ဒုစရိတ ကမ္မဿကတဉာဏ်ကိုပြခြင်း

[အင်္ဂုၓုရ-၄၃] ပါဏာတိပါတော ဘိက္ခဝေ အာသေဝိတော, ဘာဝိတော, ဗဟုလီကတော, နိရယသံဝတ္တနိ

ကော၊ တိရစ္ဆာနယောနိ သံဝတ္တနိကော၊ ပေတ္တိ
ဝိသယ သံဝတ္တနိကော၊ ယော သဗ္ဗလဟု သော
ပါဏာတိပါတော ဝိပါကော မနုဿဘူတဿ
အပ္ပါယုကသံဝတ္တနိကော ဟောတိ။

**အသက်တိုကြောင်း။** ။ချစ်သား ရဟန်းတို့ မှိဝဲအစ်,ပွါးများ
အစ်,အကြိမ်များစွာ ပြုအစ်သော ပါဏာတိပါတကမ်သည် ငရဲ
ဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံများ၌ဖြစ်စေတတ်၏၊ အပေါ့ဆုံး
ပါဏာတိပါတကမ်သည် လူဖြစ်လျှင်အသက်တို၏၊ (ဤမှနောက်
၌တူရာကိုမှတ်၍ပြအံ့)

[အင်္ဂုတ္တရ-၄] အဒိန္နာဒါနံ ဘိက္ခဝေ အာသေဝိတံ(လ)
အဒိန္နာဒါနဿ ဝိပါကော မနုဿဘူ
တဿ ဘောဂဗျသန သံဝတ္တ နိကော
ဟောတိ၊

**စီးပွါးပျက်ကြောင်း။** ။ချစ်သား ရဟန်းတို့ သူတပါး၏
ဥစ္စာကို ခိုးယူသောသူသည် ငရဲ,တိရစ္ဆာန်,ပြိတ္တာဘုံတို့၌ဖြစ်ရ၏
အပေါ့ဆုံး ခိုးမှုကမ်သည် လူဖြစ်သောအခါ ရန်သူမျိုး ငါးပါး
ကြောင့် ဥစ္စာပစ္စည်းပျက်စီးရ၏။

[အင်္ဂုတ္တရ-၄] ကာမေသု မိစ္ဆာစာရော ဘိက္ခဝေ အာ
သေဝိတော (လ) ကာမေသုမိစ္ဆာစာရဿ
ဝိပါကော မနုဿဘူတဿ သပတ္တဝေရ
သံဝတ္တနိကော ဟောတိ။

**ရန်သူများကြောင်း။** ။ချစ်သားရဟန်းတို့ ကာမဂုဏ်တို့၌
မှားသောအားဖြင့် ကျင့်သောသူသည်၊ ၁-သူတပါးအိမ်ရာကို
ဖျက်ဆီးသောသူသည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ ဘုံတို့၌ဖြစ်ရ၏၊
လူဖြစ်သောအခါ အပေါ့ဆုံး အသေးဆုံး ကာမေသုမိစ္ဆာစာရ
ကမ်သည်ရန်သူတို့နှင့် ခိုက်ရန်ဖြစ်စေတတ်၏၊ ၁-လူမုန်းများ
၏။

[အင်္ဂုတ္တရ-၁] မုသာဝါဒေါ ဘိက္ခဝေ အာသေဝိတော (လ) မုသာဝါဒဿ ဝိပါကော မနုဿဘူတဿ အဗ္ဘူတဗ္ဘက္ခာန သံဝတ္တနိကော ဟောတိ။

**အစွပ်အစွဲ။** ။ချစ်သားရဟန်းတို့ မဟုတ်မမှန် သူတပါး အကျိုးပျက်ရန် လိမ်လည် ကောက်ကျစ်သော မုသာဝါဒကမ်သည် ငရဲ, တိရစ္ဆာန်,ပြိတ္တာဘုံတို့၌ ဖြစ်စေတတ်၏၊ အပေါ့ဆုံး အသေးဆုံး မုသားကမ်သည် လူဖြစ်သောအခါ မဟုတ်မမှန်သူတပါးတို့၏ အစွပ်စွဲကို ခံရတတ်၏။

[အင်္ဂုတ္တရ-၁] ပိသုဏာ ဘိက္ခဝေ ဝါစာ အာသေဝိတာ (လ) ပိသုဏာဝါစာယ ဝိပါကော မနုဿဘူတဿ မိတ္တေဟိ ဘေဒနသံဝတ္တနိကော ဟောတိ။

**မိတ်ပျက်ခြင်း။** ။ချစ်သားရဟန်းတို့ သူတပါးတို့ အချင်းချင်း ကွဲပြားအောင် ကုန်းချောသော ပိသုဏာဝါစာ ကမ်သည် ငရဲ,တိရစ္ဆာန်,ပြိတ္တာ ဘုံတို့၌ ဖြစ်ရ၏၊ အပေါ့ဆုံး အသေးဆုံး ပိသုဏာဝါစာကမ်သည် လူဖြစ်သောအခါ အဆွေခင်ပွန်းကောင်းတို့နှင့် ကွဲပြားခြင်းကိုဖြစ်စေတတ်၏။ ဤ—မိတ်ပျက်၏။

[အင်္ဂုတ္တရ-၁] ဖရုသာ ဘိက္ခဝေ ဝါစာ အာသေဝိတာ (လ) ဖရုသဝါစာယ ဝိပါကော မနုဿဘူတဿ အမနာပသဒ္ဒသံဝတ္တနိကော ဟောတိ။

**နားမချမ်းသာ။** ။ ချစ်သားရဟန်းတို့ သူတပါးတို့အား နားမချမ်းသာအောင် ဆဲရေးတိုင်းထွာမှုကိုပြုသော ဖရုသဝါစာကမ်သည် ငရဲ,တိရစ္ဆာန်,ပြိတ္တာဘုံတို့၌ ဖြစ်စေတတ်၏၊ အပေါ့ဆုံးအသေးဆုံး ဖရုသဝါစာကမ်သည် လူဖြစ်သောအခါ သွားရာ, နေရာ, ရောက်ရာအရပ်၌ မနှစ်သက်ဘွယ်စကား,ဆဲဆိုကြိမ်းမောင်းသံစကားတို့ကို ဖြစ်စေတတ်၏၊ ဤ—နားမချမ်းသာသော စကားကို ကြားရ၏။

**အင်္ဂုတ္တရ-ဋ္ဌ**] သမ္ဖပ္ပလာပေါ ဘိက္ခဝေ အာသေဝိတော
(လ) မနုဿဘူတဿ အနာဒေယျဝါစာ
သံဝတ္တနိကော ဟောတိ။

**မနာယူတတ်ကြ**။ ။ချစ်သားရဟန်းတို့ အကျိုးမရှိသော စကား, ယခုကာလ အချို့သော ထိုးဖောက်စကား, ခြွေယုန် နှင့် ခြွေကျား သက်ငယ်ရိတ်သွား၊ မယ်သီတာကို ဒသဂီရိ ခေါင်း ဆယ်လုံးက ဆောင်သွားစသည်ဖြင့် မဟုတ်သော စကားတို့ကို သူတပါးတို့ ယုံကြည်အောင် ပြောသော သမ္ဖပ္ပလာပစကား, စေတနာများသည် ငရဲ,တိရစ္ဆာန်,ပြိတ္တာသုံ့တို့၌ ဖြစ်စေတတ်၏၊ အပေါ့ဆုံးသမ္ဖပ္ပလာပကမ်သည် လူဖြစ်သောအခါ မိမိ၏ စကား ကို သူတပါးတို့မနာယူတတ်၊ ဤလူပြောသမျှ အလကားချည်းဘဲ ဟု ပြောဆိုခြင်းကို ခံရတတ်၏။

**အင်္ဂုတ္တရ-ဋ္ဌ**] သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ
(လ) သုရာ မေ ရ ယ ပါ န ဿ ဝိပါကော
မနုဿဘူတဿ . ဥမ္မတ္တကသံဝတ္တနိကော
ဟောတိ။

**သူရူးဖြစ်ခြင်း** ။ ။သံသရာဘေးကို ရှုလေ့ရှိသော ချစ်သား ရဟန်းတို့ သုရာပါနကမ်သည် ငရဲဘုံ, တိရစ္ဆာန်ဘုံ,ပြိတ္တာ ဘုံတို့၌ ဖြစ်စေတတ်၏၊ အပေါ့ဆုံး အသေးဆုံး သုရာသောက် ကြောင်းကမ်သည် လူဖြစ်သောသူအား ရူးသွပ်ခြင်းကို ဖြစ်စေ တတ်၏။

**မှတ်ချက်။** ။(ဤနေရာ၌ ဂတိငါးပါးနှင့် လျော်အောင်သာ ဟောတော်မူခြင်းမှုဖြစ်၍ အသုရကာယ်ဘုံ ကြွင်းကျန်နေသည်၊ စင်စစ်မှာ အပါယ်လေးဘုံကိုပင် ယူရမည်)။ ။တမျိုးမှတ်ဘို့ရာ "သဒ္ဓါရသန္ဓေ့ာဿ မူလိကာ ပန အပါယေ ပဋိသန္ဓိနာမ နတ္ထိ" [**အင်္ဂုတ္တရ အဋ္ဌကထာ**] မိမိကာမပိုင်၌ ရောင့်ရဲခြင်းလျှင် အရင်း ရှိသော စေတနာသည်ကား အပါယ်၌ ပဋိသန္ဓေကို မပေးတတ် ဟု ဆိုးဖြတ်ပေသည်။

အို စာကြည့်သူ ပညာရှင်အပေါင်းတို့ အရပ်သူ အရပ်သားတို့၏ စကားဘဲ ပေါ့တော့တော့, သောင်တောင်တောင်, မလေးစားလောက်ပါဘူး ဟူ၍ နှစ်လုံးမသွင်းစေလိုပါ၊ ထိုသူတို့မှာ မိမိတို့အချင်းချင်း ပြောနေကျ ဆိုနေကျ စကားမျိုးမှသာ နားလည်နိုင်ကြပါသည်၊ ဘုရားရှင်သည် ကိုယ်တော်တိုင် မာဂဓ ဘာသာဖြင့် ဟောပြောသော်လည်း ဘုန်းတော်ကြောင့် ဝေနေယျတို့မှာ ကိုယ့်ဘာသာ,ကိုယ့်စကား, ကိုယ့်အလေ့နှင့် အသင့်ဖြစ်၍ နားလည်နိုင်ကြပါသည်၊ ယခုအခါ ဟောသူ,နာသူ နှစ်ဦးစလုံးပင် ထိုအခါမျိုးနှင့် မနိုင်းစာနိုင်သည်မှာ ထင်ရှားလှပေ၏။

## ဘေးအန္တရာယ်ဖြစ်ကြောင်း

ဘေးအမျိုးမျိုး ဖြစ်ရခြင်းသည် မည်သည့် အတန်း အစား ပုဂ္ဂိုလ်ကြောင့်ပါနည်း။

[**အင်္ဂုတ္တရ-ဋ္ဌ**] ယာနိ ကာနိစိ ဘိက္ခဝေ ဘယာနိ၊
ဥပ္ပဇ္ဇန္တိ၊ သဗ္ဗာနိ တာနိ ဗာလတော ဥပ္ပဇ္ဇန္တိ၊
နော ပဏ္ဍိတတော။

**သင်းရဲကြောင်း**။ ။ချစ်သား ရဟန်းတို့ အမှတ်မရှိကုန်သော ဘေးတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုအလုံးစုံသော ဘေးတို့သည် မလိမ္မာသော သူမိုက်ကြောင့်ဖြစ်ကုန်၏၊ လိမ္မာသော ပညာရှိကြောင့် မဖြစ်ကုန်။ စဉ်းစားရန်မှာ–"**မသိမ္မာသူ သိမ္မာစေရန် မည်သူ့တာဝန်နည်း**" အမိ,အဘ,ဆရာသွား, ကြီးသူတို့၏ တာဝန်ဟု အဖြေပေးကြ၏၊ ထိုအဖြေသည် အဖြေမှန်စင်စစ်မဟုတ်ပေ၊ အဟုတ်ကား **မသိမ္မာသူသိမ္မာစေရန် သိမ္မာသူ၏တာဝန်**။ ။ ထင်ရှားစေအံ့– ဘုရားရှင်ပွင့်တော်မူဘို့ရာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ တာဝန်မဟုတ်ပေ၊ ဘုရားမဖြစ်နိုင်ရန် အမျိုးမျိုးပင် ဖန်တည်းခဲ့သေး၏၊ ခမည်းတော် မင်းကြီး ဘိုးဖြူအောက်၌

အရပ်ဟတ္ထဗိုလ်သို့ ရောက်ခြင်းသည်သာ ဘုရားရှင်၏ တာဝန်ဖြစ်ပေသည်။

## ဒုစရိုက်အပြား

ယခုအခါ ဒုစရိုက်၊ သုစရိုက်၊ ဥယာကာရ၊ မိစ္ဆာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ ဝိပိဿဒိဋ္ဌိကို သိရှိရန် ကမ္မဿကတဉာဏ်ပေါ်ရန် ပြဦးအံ့။ ——

**ပါဠိထေယျ-ဋ္ဌ** ခတ္တိယောဝါ ဗြာဟ္မဏောဝါ ဝေဿောဝါ သုဒ္ဒေါဝါ သမဏောဝါ ကာယေန ဒုစ္စရိတံ စရိတွာ ဝါစာယ ဒုစ္စရိတံ စရိတွာ၊ မနသာ ဒုစ္စရိတံ စရိတွာ မိစ္ဆာဒိဋ္ဌိကော၊ မိစ္ဆာဒိဋ္ဌိ ကမ္မသမာဒါနော၊ မိစ္ဆာဒိဋ္ဌိ ကမ္မသမာဒါန ဟေတုကော၊ ကာယဿဘေဒါ ပရမ္မရဏာ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

**အယူမှား။** ။မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ဆင်းရဲသား၊ ရဟန်း၊ မည်သူမဆို ကိုယ်၊ နှုတ်၊ နှစ်လုံး သုံးပါးလုံးတို့တွင် တပါးပါးဖြင့် ဒုစရိုက်ကို ကျင့်ခြင်းကြောင့် မှားသော အယူကို ယူ၊ မှားသောအယူကို ဆောက်တည်၊ မှားသောအယူကို ဆောက်တည်ခြင်းကြောင့် သေလွန်သည်မှ နောက်ကာလ၌ မကောင်းသောသူတို့ ကျရောက်ပျက်စီးရာ ငရဲ၌ ဖြစ်ရ၏။

## ဒုစရိုက် ဆယ်ပါး

ပါဏာတိပါတ=သူ့တပါးအသက်ကိုသတ်ခြင်း၊
အဒိန္နာဒါန=သူတပါးပစ္စည်းကိုခိုးခြင်း၊
ကာမေသုမိစ္ဆာစာရ=ကာမတို့၌ မှားသော အားဖြင့် ကျင့်ခြင်း။ ။(ဤကား ကာယဒုစရိုက်=ကိုယ်ဖြင့်မကောင်းမှုကို ပြုခြင်း ၃ ပါး တည်း။)

မုသာဝါဒ=မုသားဆိုခြင်း၊
ပိသုဏာဝါစာ=ကုန်းတိုက်ခြင်း၊
ဖရုသ ဝါစာ =ဆဲရေးခြင်း၊
သမ္ဖပ္ပလာပဝါစာ=အကျိုးမရှိသော စကားကို ပြောခြင်း၊
(ဤကား ဝစီဒုစရိုက်= နှုတ်ဖြင့် မကောင်းမှုကိုပြုခြင်း ၄ ပါးတည်း။)
အဘိဇ္ဈာ=သူ့ပစ္စည်းတွေ ငါ့ပစ္စည်းဖြစ်လျှင် ကောင်းလေစွဟု ကြံခြင်း၊
ဗျာပါဒ=သူတို့တွေ ပျက်စီးလျှင် ကောင်းလေစွဟု ကြံခြင်း၊
မိစ္ဆာဒိဋ္ဌိ=ထိုဒုစရိုက်တွေကို ကျင့်၍ အပြစ်မရှိဟု ယူဆခြင်း၊
(ဤကား မနောဒုစရိုက်=စိတ်ဖြင့် မကောင်းမှုကိုပြုခြင်း ၃ ပါးတည်း။)

**ပါဠိယေပါဠိ** ခတ္တိယောဝါ,ဗြာဟ္မဏောဝါ, ဝေဿာဝါ,သုဒ္ဒေါဝါ,သမဏောဝါ ကာယေန သုစရိတံ စရိတွာ, ဝါစာယ သုစရိတံ စရိတွာ, မနသာ သုစရိတံ စရိတွာ, သမ္မာဒိဋ္ဌိကော၊ သမ္မာ ဒိဋ္ဌိကမ္မ သမာဒါနော၊ သမ္မာဒိဋ္ဌိကမ္မ သမာဒါနဟေတုကော၊ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ ။

**အယူမှန်**။ ။မင်း,ပုဏ္ဏား,သူဌေး,သူကြွယ်,သူဆင်းရဲ,ရဟန်း မည်သူမဆို ကိုယ်ဖြင့် ကောင်းစွာ ကျင့်ခြင်း,နှုတ်ဖြင့် ကောင်းစွာ ကျင့်ခြင်း, စိတ်ဖြင့် ကောင်းစွာ ကျင့်ခြင်းကြောင့် အယူမှန်ရှိ,အယူမှန်အတိုင်း ကမ်ကိုဆောက်တည်, အယူမှန်အတိုင်း ကမ်ကို ဆောက်တည်ခြင်းကြောင့် သေသည်မှ နောက်ကာလ၌ ကောင်းသောသူတို့၏ လားရာရောက်ရာ,မြတ်သောရုပ်ရုံစသည်တို့၏ တည်ရာ လူပြည်,နတ်ပြည်၌ဖြစ်ရ၏။ ။

[မှတ်ချက်=သုစရိုက်ဟူသည် ဒုစရိုက် ဆယ်ပါးကို မကြုံး လွန်ဘဲ စောင့်ရှောက်ခြင်းကို ဆိုလိုသည်။]

တမျိုး—ဒုစရိုက် အကျင့်နှင့် ပြည့်စုံသူကို ပါပပုဂ္ဂိုလ်=သူယုတ်မာဟုခေါ် သည်၊ သုစရိုက်နှင့် ပြည့်စုံသူကို ကလျာဏ ပုဂ္ဂိုလ်=သူမြတ်ဟုခေါ် သည်။

[ပါဠိထေယျ-၄၃] ခတ္တိယောဝါ,ဗြာဟ္မဏောဝါ,ဝဿောဝါ, သုဒ္ဒေါဝါ,သမဏောဝါ ကာယေန ဒွယံကာရီ၊ ဝါစာယ ဒွယကာရီ၊ မနသာ ဒွယကာရီ၊ ဝိမိဿဒိဋ္ဌိကော၊ ဝိမိဿဒိဋ္ဌိကမ္မသမာဒါနော၊ ဝိမိဿ ဒိဋ္ဌိကမ္မသမာဒါနဟေတုကော၊ ကာယဿ ဘေဒါ ပရံ မရဏာ သုခဒုက္ခပဋိသံဝေဒီ ဟောတိ။ ။

မြန်မာပြန်နှင့်ပါဠိ။ ။မင်း, ပုဏ္ဏား, သူဌေး,သူကြွယ်,သူဆင်းရဲ,ရဟန်းမည်သည့်ပုဂ္ဂိုလ်မဆို ကိုယ်ဖြင့်ငှင်း, နှုတ်ဖြင့်ငှင်း, စိတ်ဖြင့်ငှင်းဒုစရိုက်,သုစရိုက်နှစ်ပါးကို ပြုလုပ်,ပြောဆို,ကြံစီ၍,သမ္မာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိရောနှောလျက်အယူကိုယူခြင်း,သမ္မာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ ရောနှောလျက် ဆောက်တည်ခြင်း,သမ္မာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ ရောနှော လျက်ဆောက်တည်ခြင်းဟူသော အကြောင်းကြောင့် သေသည်မှ နောက်ကာလ၌ ချမ်းသာ, ဆင်းရဲနှစ်ပါးကို ခံစားရလေ၏။ ။ ဝိမိဿဒိဋ္ဌိပြီး၏။

တနည်း၊ အာရုံအားလျော်စွာဒုစရိုက်ကိုပြဦးအံ့—

[သံယုတ်-၅၁] ဆသု ဒွါရေသု ကာယ ဝိတက္ကမော ကာယ ဒုစ္စရိတံ၊ ဝစီဝိတက္ကမော ဝစီဒုစ္စရိတံ၊ မနော ဝိတက္ကမော မနောဒုစ္စရိတန္တိ၊ တိဏောဝ ဒုစ္စရိ တာနိ ဟောန္တိ။

**မကောင်းကျင်း။** ။ခြောက်ပါးသောဒွါရတို့၌ မျက်စိဖြင့် မြင်သောအခါကိုယ်ဖြင့် လွန်ကြူးခြင်းသည် ကာယဒုစရိုက်မည်၏၊ နှုတ်ဖြင့် လွန်ကြူးခြင်းသည်ဝစီဒုစရိုက်မည်၏၊စိတ်ဖြင့်လွန်ကြူးခြင်းသည် မနောဒုစရိုက်မည်၏။ အနည်းငယ် ချဲ့ဦးအံ့-မျက်စိဖြင့် ရူပါရုံဖြစ်သော ပန်း,မာလ်,စသည်ကိုမြင်သောအခါ ကောင်းလေစွဟု ကိုယ်ဖြင့် လှုပ်ရှားခြင်းသည် ကာယဒုစရိုက်၊ နှုတ်ဖြင့် ချီးမွမ်းခြင်းသည် ဝစီဒုစရိုက်၊စိတ်ဖြင့် သာယာခြင်းသည် မနောဒုစရိုက်၊ ဤသို့အားဖြင့် စက္ခုဒွါရ (မျက်စိတံခါး)၌ဒုစရိုက်သုံးပါးရ၏၊နားဖြင့်(သဒ္ဒါရုံ)ဖုံ,ပတ်သာ,ကြေးစည် အစရှိသော အသံကိုကြားသောအခါ သောတဒွါရ (နားတံခါး)၌ ဒုစရိုက်သုံးပါး၊ နှာဖြင့်(ဂန္ဓာရုံ)အမွှေးအကြိုင် စသော အနံ့ကို နံသောအခါ ဃာနဒွါရ(နှာတံခါး)၌ ဒုစရိုက်သုံးပါး၊လျှာဖြင့်(ရသာရုံ) ထမင်း, အဖျော် အစရှိသော အရသာကို စားသောက်သောအခါ ဇိဝှါဒွါရ(လျှာတံခါး)၌ ဒုစရိုက်သုံးပါး၊ကိုယ်ဖြင့်(ဖောဋ္ဌဗ္ဗာရုံ) အထည်, အဝတ်,အခင်း အစရှိသော အတွေ့အထိကို တွေ့ထိသောအခါ ကာယဒွါရ(ကိုယ်တံခါး)၌ ဒုစရိုက်သုံးပါး၊ စိတ်ဖြင့်(ဓမ္မာရုံ) ရှုးစိုက်ရာ အာရုံကို သိသောအခါ မနောဒွါရ (စိတ်တံခါး)၌ ဒုစရိုက်သုံးပါး။ ။ဤသို့လျှင် ဒွါရတပါး၌ သုံးပါးစီ ရသောကြောင့် ဒုစရိုက်(၁၈)ပါးဖြစ်၏။

**မှတ်ချက်။** ။မနောဒွါရေ -ပညတ္တိဝသေန ဓမ္မာရမ္မဏဘူတံ
သပ္ပိ,တေလ,မဓု,ဖါဏိတာဒိံ။

ထောပတ်,ဆီ,ပျား,တင်လဲ အစရှိသော လူအပေါင်းတို့ ခေါ်ဆိုသည့် အမည်ပညတ်သည်မနောဒွါရ၌ သိစေသည်၏ အစွမ်းဖြင့် ရှုးစိုက်ရာ(ဓမ္မာရုံ)အာရုံမည်၏။

**သံယုတ်-၅** ဆသု ဒွါရေသု ကာယ သံဝရော ကာ
ယ သုစရိတံ၊ ဝစီသံဝရော ဝစီသုစရိတံ၊
မနောသံဝရော မနောသုစရိတန္တိ တိဏ္ဏံဝ
သုစရိတာနိ ဟောန္တိ။

ခြောက်ပါးသော ဒွါရတို့၌ မျက်စိဖြင့် မြင်သောအခါ ကိုယ်ဖြင့် စောင့်စည်းခြင်းသည် ကာယသုစရိုတ်မည်၏၊ နှုတ်ဖြင့် စောင့်စည်းခြင်းသည် ဝစီသုစရိုတ်မည်၏၊ စိတ်ဖြင့်စောင့်စည်း ခြင်းသည် မနောသုစရိုတ်မည်၏။

## ဗာလ, ပဏ္ဍိတလက္ခဏာကိုပြခြင်း

[အင်္ဂုတ္တရ-ဋ္ဌ] တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလ လက္ခဏာနိ၊ဗာလနိမိတ္တာနိ၊ဗာလပဒါနာနိ၊ ကတမာနိ တီဏိ၊ဣဓ ဘိက္ခဝေ ဗာလော ဒုစ္စိန္တိတ စိန္တိစ ဟောတိ၊ ဒုဗ္ဘာသိတ ဘာသိစ၊ ဒုက္ကဋကမ္မ ကာရီစ။

**ဥာက်မရှိသူ။** ။ ချစ်သား ရဟန်းတို့......လူမိုက် ဟု သိကြောင်း,မှတ်ကြောင်းတို့သည် သုံးပါး ရှိကုန်၏၊သုံးပါးတို့ဟူသည်မှာ—ချစ်သားရဟန်းတို့......ဤလောက၌ လူမိုက်သည် မကောင်းသော အကြံအစည်ကို ကြံစည်လေ့ရှိ၏၊ မကောင်းသော စကားကို ပြောဆိုလေ့ ရှိ၏၊ မကောင်း သော အမှုကို ပြုလေ့ရှိ၏၊ဤသုံးပါးတို့ပင်တည်း။

[အင်္ဂုတ္တရ-ဋ္ဌ] တီဏိမာနိ ဘိက္ခဝေ ပဏ္ဍိတဿ ပဏ္ဍိတ လက္ခဏာနိ၊ပဏ္ဍိတနိမိတ္တာနိ၊ပဏ္ဍိတပဒါနာနိ၊ကတမာနိတီဏိ၊ဣဓဘိက္ခဝေ ပဏ္ဍိတော သုစိန္တိတ စိန္တိစ ဟောတိ၊သုဘာသိတ ဘာသိစ၊သုကတကမ္မ ကာရီစ။

**ဥာက်ရှိသူ။** ။ချစ်သားတို့—ပညာရှိဟု သိကြောင်း,မှတ်ကြောင်းတို့သည် ဤသုံးပါးတို့တည်း၊သုံးပါးတို့ဟူသည်မှာ—ချစ်သား တို့......ဤ လောက ၌ ပညာရှိသော သူသည် ကောင်းသောအကြံအစည်ကို ကြံစည်လေ့ရှိ၏၊ ကောင်းသော ပြောဆိုခြင်းကို ပြောဆိုလေ့ရှိ၏၊ ကောင်းသောအမှုကို ကောင်းစွာ ပြုလေ့ရှိ၏၊ဤသုံးပါးတို့ပင်တည်း။ ။ဤသို့ လူမိုက်

၏ လက္ခဏာ,လူလိမ္မာ၏ လက္ခဏာကိုသိပြီးသောအခါ ငါသည် လူမိုက်လော၊လူလိမ္မာလောဟု မိမိကိုယ်ကို မေးစိ စစ်ပြီး လျှင် အကယ်၍ လူမိုက်လက္ခဏာ ရှိနေခဲ့သော် အထင်မကြီးပါနှင့်၊ လူမိုက်ဟူ၍သာ မိမိကိုယ်ကို မိမိဆုံးဖြတ်ပြီး လျှင်လျှင်မြန်မြန် လူလိမ္မာဖြစ်အောင် အားထုတ်၍ ပြင်ပါ။ **"မပြင်မကောင်း, ပြင်မှကောင်းသည်"**ဟူသော ရှေးသူဟောင်းတို့၏ စကားကို သတိရပြီး ပညာရှိမှန်သမျှ ပြင်ကြပေသည်။မပြင်လို၍ မပြင်ဘဲ နေခဲ့သော် ယခုဘဝ၌လည်း လူမိုက်အဖြစ်မှမလွတ်နိုင် တမလွန် ဘဝ၌လည်း အပါယ်သို့သာ ဆိုက်ဆိုက်မြိုက်မြိုက် သွားရမည်ဟု ကမ္မဿကတဉာဏ် ဖြစ်နိုင်ကြပါစေကုန်သတည်း။

## အန္ဓစက္ခု,ကေစက္ခု,ဒွေစက္ခုကိုပြခြင်း။

ဉာဏ်ပညာမရှိသူတို့အတွက် ကောင်းအောင် တဖြည်းဖြည်း မိမိစိတ်ကို ပြင်မည်ဟူ၍ နှလုံး၌မထားကြ၊သို့ဖြစ်၍ ကမ္မဿက တဉာဏ်ပညာရှိရန် အထပ်ထပ် ဤစာကို ကြည့်ရှုပါ၊ တနေ့ နေ့၌ မချကြေန် ကမ္မဿကတဉာဏ် ပေါ် လာရမည်၊ထိုဉာဏ် အမှန်ပေါ်လာလျှင် ကြက်တကောင်ကို သတ်ပါ၊ ဘဲတကောင် ကို သတ်ပါ၊ငွေတထောင်ပေးမည်,ရစေမည်ဟု ပြောသူ,ပေးသူ ရှိသော်လည်း သတ်နိုင်မည် မဟုတ်ချေ၊သတ်နိုင်သည့် စိတ်မျိုး ရှိနေပါလျှင် ထိုပုဂ္ဂိုလ်၌ ထိုဉာဏ် မရှိသေးပေ၊ သူတပါးအ သက်ကို ရက်စက်စွာ သတ်နိုင်သူကား-အန္ဓပုဂ္ဂိုလ်, ဧက စက္ခု က ပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။

အန္ဓပုဂ္ဂိုလ်သည် ပစ္စုပ္ပန်,တမလွန် နှစ်တန်သော ဘဝ၌ ကြီး ပွား,တိုးတက်ရေး,ဆုတ်ယုတ် ပျက်စီးရေးနှစ်ပါးစုံကိုပင် နားမ လည်၊ပကတိမျက်စိ ကန်းသောသူသည် ရှေ့က ဆွဲသွား သူ၏ ဒုတ်ကို မလွှတ်ဘဲ နောက်က ကိုင်ပြီး လိုက်ရမှ လမ်းမှန်အ တိုင်း သွားနိုင်သလို အန္ဓပုဂ္ဂိုလ်သည်လည်း သူတပါး ခိုင်းစေမှ သာ ခိုင်းသည့်အတိုင်း ပြုနိုင်,ပြင်နိုင်,သွားနိုင်,လာနိုင်,လုပ်နိုင်,

ကိုင်နိုင်ရှိပေသည်။ ။ဧကစက္ခုကပုဂ္ဂိုလ်သည်ယခုပစ္စုပ္ပန်တဘဝ အတွက်ကိုသာ ကောင်းကောင်းနားလည်၏၊ယခု ဘဝ အတွက် အထွက် အထိပ်ရောက်အောင် ကြီးပွားမှုကိုမြင်၏၊ မြင်သည့် အတိုင်းပြုလုပ်၍ ကြီးပွားသူတို့ကို တွေ့ကြပေလိမ့်မည်၊ဒုတိယဘဝ ကြီးပွားမှုအတွက်ကိုကား မသိပေ၊မမြင်ပေ၊ မသိ မမြင် သည့် အတိုင်း မလုပ်ကြ။ ။ဒွိစက္ခုကပုဂ္ဂိုလ်သည်ကား ယခု ဘဝ၌ ချမ်းသာရေးကိုလည်း မြင်သည်၊တမလွန်ဘဝ၌ ချမ်းသာရေးကို လည်း မြင်သည်၊ဤသို့ နှစ်ပါးသောဘဝ၌ အမြင်ရှိသောကြောင့် မျက်စိနှစ်ဘက်ရှိသူနှင့် တူရကား ဒွိစက္ခုကပုဂ္ဂိုလ်ဟုခေါ် ရပေ သည်။သာသနာတော် အတွင်း၌ ထိုပုဂ္ဂိုလ်မျိုးသာ အများအား ဖြင့် ရှိဘို့သင့်သည်၊ထိုပုဂ္ဂိုလ်မျိုးကိုသာ မှီဝဲပေါင်း သင်းရမည်။

အန္ဓံ စ ဧကစက္ခုံ စ၊အာရကာ ပရိဝဇ္ဇယေ။
ဒွိစက္ခုံ ပန သေဝေယျ၊ သေဋ္ဌံ ပုရိသပုဂ္ဂလံ။ ။

[အင်၊ ဋ္ဌ၊ ၁—၁၁]

**တဖက်မြင်နှင့်နှစ်ဖက်ကန်း** ပုဂ္ဂိုလ်သုံးမျိုးတွင် မျက်စိနှစ် ဖက်ကန်းနှင့်တူသော ပုဂ္ဂိုလ်, မျက်စိ တဖက် ကန်းနှင့် တူ သော ပုဂ္ဂိုလ် ဤပုဂ္ဂိုလ် နှစ်ဦးကို ဝေးဝေးရှောင်ကြဉ်ပါ၊ငြိမ်းမွမ်းထိုက် သော မျက်စိနှစ်ဖက်ရှိသူနှင့် တူ သော ပုဂ္ဂိုလ် ကိုသာ မှီဝဲ ပေါင်းသင်း ဆက်ဆံရာ၏။ဤသဘာဝကို ဒိဋ္ဌကိုယ်တွေ့ သိ ရှိ နားလည်သော ပညာရှိတို့ ပြောဆိုစကား ရှိသည်မှာ—"မှီဝဲ များရာ အသေ့ပါ"ဟူ၍တတ်၊ ထိုကဲ့သို့ သူတော် ကောင်းကို ပေါင်းသင်းပါက မချွတ်မသွင်း ကူးစက်၍ မိမိတို့မှာလည်း သူ တော်သူမြတ်ဖြစ်ဘို့ လမ်းကောင်းအမှန် ဖြစ်ပေ၏။ကူးစက်သည် ဆိုရာ၌ ပကတိ အနာရောဂါ များသာ ကူးစက် သည် မဟုတ် သဘာဝမွေများလည်း ကူးစက်သည်မှာ ထင်ရှား လှ ပေ ၏။ ယနေ့အထိ သမ္မာအယူ ကူးစက်၍ လာခဲ့၏။ နောင် ကို လည်း ကူးစက်လတ္တံ့၊ယခုဆဋ္ဌသံဂါယနာတင်မှု ကံပွဲ ကြီးသည် သမ္မာ

အယူ ကူးစက်မှု အားကောင်း ဘို့ ရာ လုပ်ငန်း ကြီး ဖြစ်ပေ သည်၊ ၍ မြန်မာပြည် ၌ လည်း အဆက်မပြတ် ကူးစက်မှု, နိုင်ငံ တပါးတို့သို့လည်း ပျံ့နှံ့ကူးစက်မှုကို ပြုလုပ်တော်မူကြ ခြင်းသည် မျက်ဝိနှစ် ဘက် ရှိကုန်သော ပညာရှိတို့က အစပြုသော ကူး စက်မှုကိစ္စကြီး ဖြစ်ပေသည်။မိစ္ဆာအယူရှိကြသော ပုဂ္ဂိုလ်များ ဘက်ကလည်း ယနေ့အထိ ကူးစက်၍ လာခဲ့သည်၊ ထိုသူ များ လည်း အဆက်မပြတ်ရန် ကူးစက်မှုကို ပြုလုပ်ကြဆဲ၊ ပြုလုပ် ကြလတ္တံ့၊သို့ဖြစ်၍ ပညာရှိတို့နှင့်သာ ပေါင်းသင်းဆက်ဆံရေး သည် မိမိတို့၏ အကြီးဆုံးသော ကိစ္စတရ ဖြစ်ပေသည်ဟု - ပညာဉာဏ်ဖြင့် စွဲမြဲသင့်သည်။အကယ်၍ ကေစကမ္ဗလကပုဂ္ဂိုလ်တို့ နှင့် ပေါင်းသင်းခဲ့သော် ထိုပုဂ္ဂိုလ် တို့၏ သဘာဝလည်း မုချ ကေန် အမှန်ကူးစက်ရမည်၊ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် ခန့်က ပေါင်းသင်းဆက်ဆံခဲ့ရာ ထိုပုဂ္ဂိုလ်တို့၏ သဘာဝ အတိုင်း ကူးစက်လာသည်မှာ မြန်မာပြည်၌ ယနေ့အထိ အချို့ မပျောက်ကင်းဘဲ ရှိကြသည်၊ မပျောက်ကင်းသမျှ ဆင်းရဲလက် စလည်း တုံးလိမ့်မည် မဟုတ်ပေ။သို့ရာတွင် ထိုဒုက္ခကား ပြောပ လောက်အောင် မကြီးလွန်းသေး၊ အကြီးဆုံးသော ဒုက္ခသည်ကား ငရဲဒုက္ခပင်တည်း။

## ငရဲဒုက္ခကြီးပုံကိုပြခြင်း

ငရဲဒုက္ခ ကြီးကျယ်ကြောင်းကို အမြွက်မျှ ဘုရားရှင်ဟော တော်မူရာ ရဟန်းတပါးက ထင်ထင်ရှားရှား တပည့်များ သိပါ ရန် ဟောတော်မူပါမည့်အကြောင်း လျှောက်ထား၍ ဥပမာ နှစ်ထပ်ဖြင့် အတတ်သိအောင် ဟောပြတော်မူသည်မှာ—"ချစ် သားရဟန်း····ရာဇဝတ်အပြစ်ရှိသောယောကျ်ားတယောက်အား မင်းအာဏာအတိုင်း နံနက်အခါ လှံအစင်းတရာဖြင့် တကိုယ်လုံး၌ ထုတ်ချင်းပေါက် ထိုး၏၊ ထိုသူမသေသေးပေ၊ နေ့လည်အခါ ဂုင်းနည်းအတိုင်း လှံအစင်းတရာဖြင့် ထိုးစေရာ၏၊ မသေသေးပေ၊

ညနေအခါ ဂင်းနည်းအတိုင်း လှံအစင်းတရာဖြင့် တကိုယ်လုံး၌ ထုတ်ချင်းပေါက် ထိုးစေရာ၏၊ တကိုယ်လုံး၌ လှံအစင်းသုံးရာ အထိုးခံ၍နေရသော ထိုယောကျ်ား၏ ဒုက္ခဝေဒနာသည် ကြီး ကျယ်၏လော" ဟု အမေးရှိရာ ရဟန်းက "အရှင်မြတ် ဘုရား လှံအစင်းသုံးရာဖြင့် ထိုးသော ဒုက္ခဝေဒနာကို မဆို ထားတော်မူပါနှင့် လှံတစင်းထည်းဖြင့် ထုတ်ချင်းပေါက် အထိုးခံ ရသော ထိုယောကျ်ား၏ ဆင်းရဲခြင်း- ဒုက္ခဝေဒနာသည်ပင် အလွန် မခံသာအောင် ကြီးကျယ်လှစွာ ဆင်းရဲပါသည် အရှင် မြတ်ဘုရား" ဟု လျှောက်လေသည်။

ထိုသို့ ရဟန်းက လျှောက်သောအခါ ဘုရားရှင်ကိုယ်တော် မြတ်သည် တဖန် ကျောက်ခဲတလုံးကို ကောက်ယူတော်မူလျက် လက်ဝါးပေါ်၌ တင်ထား၍ပြီးလျှင်—"ချစ်သားရဟန်း ဤ ကျောက်ခဲနှင့် အစောက်ယူဇနာ-ငါးရာ အဝန်းအဝိုင်းယူဇနာ သုံးထောင်ရှိသော ဟိမဝန္တာတောင်သည် မည်သည့်အရာဝတ္ထု က ကြီးမည်နည်း" ဟု အမိန့်တော်ရှိရာ ရဟန်းက "ဘုန်း တော်ကြီးသော အရှင်မြတ်ဘုရား အရှင်ဘုရား၏ လက်တော် ၌ ရှိသော ကျောက်ခဲသည် အလွန်သေးလှပါသည်၊ အစောက် ယူဇနာ ငါးရာ, အဝန်းအဝိုင်းယူဇနာသုံးထောင်ရှိသော ဟိမဝန္တာ တောင်နှင့် နှိုင်းစာသော် မနှိုင်းစာလောက်အောင် ကျောက်ခဲက အလွန့်အလွန် သေးငယ်လှပါကြောင်း" လျှောက်ပေ၏။ ထိုအခါ "ချစ်သားရဟန်း ဤကျောက်ခဲကလေးသည် လှံအစင်းသုံးရာ အထိုးခံရသော ရာဇဝတ်သားယောကျ်ား၏ ဒုက္ခဝေဒနာဆင်းရဲ နှင့် တူ၏ အစောက်ယူဇနာငါးရာ, အဝန်းအဝိုင်းယူဇနာ သုံး ထောင်ရှိသော ဟိမဝန္တာတောင်သည် ငရဲ၌ ခံကြရသော ပုဂ္ဂိုလ် တို့၏ ဒုက္ခဝေဒနာဆင်းရဲနှင့် တူသည်" ဟု မိန့်တော်မူ၏၊ ဤသို့ ငရဲ၌ ခံရသော ဒုက္ခဝေဒနာဆင်းရဲမှုကို သိသည့်အတိုင်း ယုံကြည်လျှင် မည်သူသည် အကုသိုလ်မှုကို ပြုဝံ့ပါအံ့နည်း။

ဤသို့သော အဓိပ္ပါယ်ကို ရည်ရွယ်သော အဋ္ဌကထာဆရာသည်—ကမ္မဿကတံ ပန ပစ္စဝေက္ခတော ပါပကံရဏံနာမ နပဟောတိ- ဟူ၍ အင်္ဂုတ္တရအဋ္ဌကထာ၌ မိန့်ဆို ဖွင့်ပြသည်။ (မြန်မာပြန်)ကမ်သာလျှင် မိမိဉစ္စာရှိသော အဖြစ်ကို ဆင်ခြင်သောပုဂ္ဂိုလ်အား မကောင်းမှု အကုသိုလ်ကမ်ကို ပြုခြင်းမည်သည် မရှိတော့ချေ။ ။ဤသို့ အထူးသဖြင့် ထိပ်လန့်စရာကောင်းလှသော အပါယ်ငရဲသို့ ရောက်အောင် မည်သူဂို့ဆောင်ပါသနည်း။

မိမိတို့ကိုယ်တွင်း၌ ကိန်းအောင်းသော လောဘဆိုး, ဒေါသဆိုး, မောဟဆိုးတွေကြောင့်သာ ရောက်ကြရသည်၊ ၎င်းတို့အတွက်ကြောင့်သာ အဘက်ဘက်မှာ ဆင်းရဲရသည်၊ အတိတ်ဘဝက ဆင်းရဲခဲ့သမျှမှာလည်း ဤတရားသုံးပါးကြောင့် ဖြစ်ပေသည်၊အကယ်၍ ယခုဘဝမှာ ဤတရားဆိုးသုံးပါးကို မဂ်ဉာဏ်ဖြင့် မပယ်,မသတ်နိုင်ပါလျှင် အနာဂတ်ဘဝမှာလည်း ဤတရားသုံးပါးကပင် အမျိုးမျိုးအဖုံဖုံ အကြိမ်ကြိမ် နှိပ်စက်လတ္တံ့၊ အနန္တစကြာဝဠာနေ အားလုံးရှိသမျှသတ္တဝါတွေ အမျိုးမျိုးအဖုံဖုံ ဆင်းရဲတို့ ကြုံရခြင်းမှာလည်း "**အရင်းခံတော့ အမြင်မြေက**"ဆိုသလို၊ဤသုံးပါးသော တရားယုတ်များကြောင့် ဆင်းရဲရပေသည်ဟု မသွေမဖီ ယုံကြည်သင့် ယုံကြည်ထိုက်၏၊ ထိုသို့ယုံကြည်မှသာ သဒ္ဓါ,ပညာမျှ၍ ကမ္မဿကတဉာဏ် ပိုင်ပိုင်ရသည့် ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်ဟု ဆိုထိုက်သည်၊ ထိုပုဂ္ဂိုလ်မျိုးချည်းသာ ဖြစ်ခဲ့လျှင် ဘယ်မျှလောက် ချမ်းသာကြမည်ကို ဉာဏ်ကုန်သွတ်၍ ကြည့်သင့်သည်။

ဤသို့ ကြည့်၍ မြင်လျှင် မိမိအတွို ဝမ်းသာဘွယ်ရာဖြစ်တော့၏၊ ပညာမြတ်နှင့် မူလဇာတာ ကောင်းပြီ၊ ဆက်လက်၍ သံသရာ၌ ကျင်လည်ရငြားသော်လည်း ယခုဘဝ မူလဇာတာ ကောင်းသောသူသည် တဘဝလုံး မဆင်းရဲသကဲ့သို့ သဒ္ဓါတည်းဟူသော မူလဇာတာ ကောင်းရကား နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အ

ထူးမဆင်းရဲရတော့ပေ။ ၎င်းတရားဆိုး သုံးပါးကို အနည်းငယ်ပေါ်ပြဦးအံ့—

## တရားဆိုးသုံးပါးကိုပြခြင်း

အနတ္ထဇနနော လောဘော,လောဘော စိတ္တပ္ပကောပနော၊
ဘယ မန္တရတော ဇာတံ, တံ ဇနော နာဝဗုဇ္ဈတိ။
လုဒ္ဓေါ အတ္ထံ နဇာနာတိ, လုဒ္ဓေါ ဓမ္မံ နပဿတိ၊
အန္ဓတမံ တဒါ ဟောတိ, ယံ လောဘော သဟာတေ နရံ။

[အုတိဝုတ်ပါဠိ]

**တသ်မက်သူ။** ။လောဘသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏၊ ကုသိုလ်စိတ်များ ပျောက်ပျက် သွားအောင် ဖျက်ဆီးတတ်၏၊မိမိ၏ စိတ်အစဉ်၌ ဖြစ်သော ထိုလောဘတည်းဟူသော ဘေးရန်ကို မလိမ္မာသူ လူအပေါင်းသည် မသိမြင်ပေ။ ။တသ်မက်မောသော လောဘရှိသောသူသည် အမျိုးမျိုးသော အကျိုးစီးပွါးကို မသိနိုင်ချေ၊ အမျိုးမျိုးသော အကြောင်းတရားကို မသိနိုင်ချေ၊ လောဘ၏ အနှိပ်စက်ကို ခံရသောသတ္တဝါအား မသိမမြင်နိုင်အောင် အမိုက်တိုက်ဖြစ်လာ၏။ ။လောဘဆိုသည့် တရားဆိုး မိမိခန္ဓာကိုယ်တွင်း၌ ပူးဝင်လာလျှင် လကွယ်, သန်းခေါင်,မိုဃ်းမှောင်,တောအုပ်,ဖုံးအုပ်သည့်အလား မည်သည့်တရားကိုမျှ မသိမမြင်နိုင်အောင် အမိုက်မှောင်ကျလာ၏၊ မိုဃ်းမမြင်, လေမမြင် ဆိုသကဲ့သို့ ဖြစ်တတ်သည်။

အနတ္ထဇနနော ကောဓော, ကောဓော စိတ္တပ္ပကောပနော၊
ဘယ မန္တရတော ဇာတံ, တံ ဇနော နာဝဗုဇ္ဈတိ။
ကုဒ္ဓေါ အတ္ထံ နဇာနာတိ, ကုဒ္ဓေါ ဓမ္မံ နပဿတိ၊
အန္ဓတမံ တဒါ ဟောတိ, ယံ ကောဓော သဟာတေ နရံ။

[အုတိဝုတ်ပါဠိ]

**မုန်းတတ်သူ။** ။အမျက်ဒေါသသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏၊ ကုသိုလ်စိတ်ကို ပျောက်ပျက် သွားအောင် ဖျက်ဆီးတတ်၏၊ မိမိစိတ်အစဉ်၌ ဖြစ်သော ထိုအမျက် ဒေါသတည်းဟူသော ဘေးရန်ကို မလိမ္မာသူ လူအပေါင်းသည် မသိမမြင်ပေ။ ။အမျက်ထွက်သော သူသည် အမျိုးမျိုးသော အကျိုးစီးပွါးကို မသိတတ်၊အမျိုးမျိုးသော အကြောင်းတရားကို မသိတတ်၊ အမျက်ဒေါသ၏ အနှိပ်စက်ကို ခံရသောသတ္တဝါအား အမိုက်တိုက် ဖြစ်လာ၏။

အနတ္ထဇနနော မောဟော, မောဟော စိတ္တပ္ပကောပနော၊
ဘယ မန္တရတော ဇာတံ, တံ ဇနော နာဝဗုဇ္ဈတိ။
မူဠှော အတ္ထံ န ဇာနာတိ, မူဠှော ဓမ္မံ န ပဿတိ၊
အန္ဓတမံ တဒါ ဟောတိ, ယံ မောဟော သဟတေ နရံ။
[ဣတိဝုတ်ပါဠိ]

**မိုက်မဲသူ။** ။မသိခြင်းမောဟသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏၊ကုသိုလ်စိတ်ကို ပျောက်ပျက်အောင် ဖျက်ဆီးတတ်၏၊ မိမိစိတ်အစဉ်၌ ဖြစ်သော ထိုမောဟတည်းဟူသော ဘေးရန်ကို မလိမ္မာသူလူအပေါင်းသည် မသိမမြင်ပေ။ ။တွေဝေခြင်း မောဟရှိသောသူသည် အမျိုးမျိုးသော အကျိုးစီးပွါးကို မသိတတ်၊အမျိုးမျိုးသော အကြောင်းတရားကို မသိတတ်၊မောဟ၏ အနှိပ်စက်ကို ခံရသော သတ္တဝါအား အမိုက်တိုက်ဖြစ်တော့၏။

အခါတပါး၌ ကောသလမင်းကြီးက ဘုရားရှင်အား လျှောက်ထားသည်မှာ-" အရှင်မြတ်ဘုရား......သတ္တဝါတွေမှာ အဘယ်တရားများ ကိုယ်တွင်း၌ ဖြစ်ပေါ် လာပါလျှင် အကျိုးစီးပွားမဲ့ ဖြစ်ပါသနည်း၊ ဆင်းဆင်းရဲရဲ နေရပါသနည်း။

**မှတ်ချက်။** ။[ကောသလမင်းကြီးအား အစားကြီး၍ ပညာမရှိဟု ဆိုကြငြားသော်လည်း ယခုခေတ် ပုဂ္ဂိုလ်တို့အောက် ယုတ်ညံ့သည်ဟု မထင်သင့်ပေ၊ ဤသို့ ဘုရား ရှင်

အား ဖျော်ထားနိုင်ခြင်း,ဘုရားရှင်နှင့် စကားစေ့စပ် ပြောဆိုနိုင်ခြင်းကို ထောက်လျှင် မည့် ဟု သိသင့်ပေ၏၊ဘုရား ရှင်နှင့် ရင်ဆိုင်တွေ့လျက် အရိယာမဖြစ်၍သာ ပညာမရှိဟု ဆိုရ လေသည်။]

ထိုအခါ ဘုရားရှင် မိန့်တော်မူသည်မှာ—

လောဘော ခေါ မဟာရာဇ ပုရိသဿ ဓမ္မော အဇ္ဈတ္တံ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ၊အဟိတာယ,ဒုက္ခာယ,အဖါသုဝိဟာရာယ။ ။ဒေါသော ခေါ မဟာရာဇ ပုရိသဿ ဓမ္မော အဇ္ဈတ္တံ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ၊အဟိတာယ,ဒုက္ခာယ,အဖါသုဝိဟာရာယ။ ။မောဟော ခေါ မဟာရာဇ ပုရိသဿ ဓမ္မော အဇ္ဈတ္တံ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ၊အဟိတာယ,ဒုက္ခာယ,အဖါသုဝိဟာရာယ။

**ဆင်းရဲကြောင်းသုံးပါး။** ။မြတ်သော ကောသလမင်းကြီး.... ယောကျ်ားမြတ်ဖြစ်သော ပုဂ္ဂိုလ်အား တဏှာမက်မောသော လောဘဆိုးတရားသည် ကိုယ်တွင်းသန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အစီးအပွားမဲ့ဘို့ရန်,ဆင်းရဲရဘို့ရန်, မချမ်း မသာ နေရဘို့ရန် ဖြစ်ရပေ၏။ ။မြတ်သော ကောသလမင်းကြီး......ယောကျ်ားမြတ် ဖြစ်သော ပုဂ္ဂိုလ်အား အမျက်ချောင်းချောင်းထွက်သော ဒေါသဆိုးတရားသည် ကိုယ်တွင်းသန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အစီးအပွားမဲ့ဘို့ရန်, ဆင်းရဲရဘို့ရန်, မချမ်းမသာနေရဘို့ရန် ဖြစ်ရပေ၏။ ။မြတ်သော ကောသလမင်းကြီး—ယောကျ်ားမြတ် ဖြစ်သော ပုဂ္ဂိုလ်အား မသိတွေဝေခြင်း-မောဟဆိုး တရားသည် ကိုယ်တွင်းသန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အစီးအပွားမဲ့ဘို့ရန်,ဆင်းရဲရဘို့ရန် မချမ်းမသာနေရဘို့ရန် ဖြစ်ရပေ၏။ ။[ဤအရာ၌ ယောကျ်ားဟူ၍ တိုက်ရိုက်ဟောသော်လည်း မိန်းမများကိုလည်း ဟောသည်ဟု ဆောင်၍သိပါ၊ "ဘိက္ခဝေ-ရဟန်းတို့" ဟူ၍

ဟောတော်မူရာ၌လည်း လူယောက်ျား, မိမ္မ အားလုံး ပါဝင်ကြောင်းသိပါလေ။သာရတ္ထ ဒီပနီ ဆရာတော်၏ ဥက္ကဋ္ဌပရိစ္ဆေဒ နည်းအားဖြင့်သာ 'ပုရိသဒမ္မ' ဆိုသကဲ့တို့တည်း။

ထိုစကားနှင့်စပ်၍ ကျောင်းအမ တယောက် က "အရှင်ဘုရား လူယောက်ျား,နတ်ယောက်ျား, တိရစ္ဆာန် ယောက်ျားတို့ကို မြတ်စွာဘုရား ဆုံးမတော်မူတယ်လို့ ဆိုပါသည်၊တပည့်တော်တို့ မိမ္မတွေကိုတော့ ဘုရား မဆုံးမဘူးလား အရှင်ဘုရား" ဟု လျှောက်ကြားဘူး၏။

ဇင်းပြင် မိမိရှစ်ဝါခန့်လောက်က အိမ်ခြေတရာ, ကိုးဆယ်ခန့်ရှိသော ရွာတရွာတွင် အသက်-၄၅ နှစ်,၅၀ ခန့်ရှိသော ကျောင်းဒါယကာတယောက်က "အရှင်ဘုရား...... စာထဲမှာ တွေ့ရပါသည်၊'ဤမည်သောသူသည်' ဆိုတာ ဘာကို ဆိုလိုပါသလဲ"ဟု လျှောက်ထားခံရဘူး၏၊တဖန် တနေရာတွင်"မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသည် ဆိုရာမှာ ဘုရားဟာ ဘာကို နှိုက်နေပါသလဲ"ဟူသော အချင်းချင်းမေးသံကို ကြားဘူး၏၊ဤသမ္မာဒိဋ္ဌိကထာကျမ်းကို အဲဒီလို ပုဂ္ဂိုလ်များပါ သိစေလို၍ ရေးခြင်းဖြစ်၏၊သို့ဖြစ်၍ စာတအုပ်လုံး ရွာသုံး, ရပ်သုံးစကား ချည်းဘဲဟူ၍ နှလုံး မသွင်းရန် စကားစပ်၍ မှာထားခြင်းဖြစ်ပေ၏။

အမိုက်တရားကို ဆက်၍ပြဦးအံ့— လူ့လောကမှာ အဆဲအဆို,အရိုက်အနှက်,အသတ်အပုတ် ခံရခြင်းသည် မျက်မြင်အားဖြင့် သူတပါးက ဆဲဆို, ရိုက်နှက်, သတ်ပုတ်သည်ကို မြင်ရ၏၊နားကြားအားဖြင့်လည်း သူပါးကဘဲ၊ ထိုမျက်မြင်သာ မှန်ခဲ့ပါလျှင် ဘုရားပွင့်ပြီး တရားဟောဘို့ရာ မလိုတော့ပေ၊ မျက်စိသိ,နားသိမှာ အမှန်မဟုတ်ပေ၊ ပညာဉာဏ်သိမှသာ အဟုတ်အမှန်အစစ်ဖြစ်ပေသည်၊ ပညာဉာဏ်သိသာ အမှန်ဖြစ်ကြောင်း သိဘို့ရာ ဘုရားရှင်တို့ ဟောကြားရသည်၊ထို့ကြောင့် တရားလို, တရားခံ နှစ်ဦးမရှိ၊ကိုယ်တယောက်ထည်းကိုသာ တရားလို,တရားခံ အမှန်

ဟု သိလျှင် စင်စစ် ကမ္မဿကတဉာဏ်ပိုင်ပြီ-ဟု မှတ်ပါ၊ အရာရာမှာ တရားလို၊တရားခံနှစ်ဦး ဖြစ်နေသေးလျှင် ကမ္မဿကတဉာဏ် မပိုင်သေး။ ။ပြင်ပရန်သူထက် ကိုယ်တွင်းရန်သူ-တဏှာမိက်ကို ကမ္မဿကတဉာဏ် ပေါ်နိုင်စေရန် ဥပမာဖြင့် ပြဦးအံ့—

[မ္ဆေပဒ-၅၁] ယထာ အယတော မလံ ဥဋ္ဌာယိတွာ အယမေဝ ခါဒတိ,ဝိနာသေတိ,အပရိဘောဂံ ကရောတိ၊ ဧဝမေဝါယံ တဏှာ ဇာမေသံ သတ္တာနံ အဇ္ဈတ္တရေ ဥပ္ပဇ္ဇိတွာ တေ သတ္တေ နိရယာဒိသု နိဗ္ဗတ္တာပေသိ, ဝိနာသံ ပါပေတိ။

**တဏှာယုတ် အပြစ်။** ။သံချောင်း,သံတုံးမှ ထွက်ပေါ်၍လာသော အညစ်အကြေးသည် သံချောင်း, သံတုံးကိုသာလျှင် ခဲစားဖျက်ဆီး၍ မသုံးဆောင်ကောင်းသည်ကို ပြုသကဲ့သို့ ဤသံချောင်း,သံတုံးမှ ထွက်ပေါ်လာသော သံချေးက ဖျက်ဆီးသည်နှင့်အတူသာလျှင် ဤလောဘတဏှာ-အမိက်တရားယုတ်သည် ဤယောကျ်ား,မိန္မ, သတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်၍ ထိုယောကျ်ား, မိန္မ, သတ္တဝါတို့ကို ငရဲ,တိရစ္ဆာန်,ပြိတ္တာ, အသူရကာယ် အပါယ်လေးဘုံတို့၌ ရောက်စေ, ဖြစ်စေ၏။ ပျက်စီးခြင်းသို့ ရောက်စေ၏။ ။(ပြင်ပ ရန်သူက အပါယ်စသည်တို့၌ ဆင်းရဲစေရန် ထိုးပစ်ချ၍ ရောက်သည်မဟုတ်။ ကိုယ်တွင်း ရန်သူ လောဘတဏှာမိက်ကသာ ပို့၍ရောက်သည်ကို ဆိုလိုသည်)။ ။ထိုမှ တပါး ကမ္မဿကတဉာဏ် ပိုင်ပိုင်နိုင်နိုင် ဖြစ်စေမှုကို ဂရုပြု၍ ဘုရား ရှင်အကျဉ်းဆုံး ဟောတော်မူသည်မှာ—

လောဘော,ဒေါသော စ,မောဟော စ၊ပုရိသံ ပါပစေတသာ။
ဟိံသန္တိ အတ္တသမ္ဘူတာ၊တစသာရံဝ သဖလံ။ ။

[သံယုတ်-၁၀၂]

**ကိုယ့်ကိုယ် ကိုယ်သတ်။** ။ အခွံသာလျှင် အနှစ်ရှိသော ဝါးပင်,ကြူပင်, ပေပင်များကို ၎င်းတို့၏ အသီးကသာ သတ်ဖြတ်ညှင်းဆဲ ဖျက်ဆီးဘိသကဲ့သို့

မကောင်းသော စိတ်ယုတ်မာရှိသည့် ယောကျ်ား,မိန်းမဟူသမျှကို မိမိသန္တာန်မှာ ဖြစ်ပေါ်လာသော လောဘ,ဒေါသ,မောဟ ဟူသည့် တရားဆိုးသုံးပါးတို့ကသာ သတ်ဖြတ် ညှင်းဆဲ နှိပ်စက် ဖျက်ဆီးကုန်၏။ ။အရှင်မောဂ္ဂလာန် ကိုယ်တော် မြတ်မှာ အတိတ်ဘဝ၌ အမိရင်းကို ခိုးသားယောင်ဆောင်၍ နှိပ်စက် ညှင်းဆဲခဲ့မှုကြောင့် ယခုဘဝ၌ခိုးသားများ၏ အနှိပ်အစက်ကို ခံတော်မူရခြင်း,အရှင်အင်္ဂုလိမာလ မထေရ်မြတ်မှာ ဒိဋ္ဌဓမ္မ ကံကြောင့် သက်နိုးရုံရာ၌နိုးသွားနှင့် ရွာသူရွာသားတို့သည် ခွေး,ဝက်,ကြွက်,ငှက်, ကျိုး,လင်းတတို့အား ပစ်သမျှ အုတ်ခဲ,ကျောက်ခဲတို့ ထိုမထေရ်၏ ဦးခေါင်းထက်သို့ ကျရောက်၍ ကြီးစွာသော ဒုက္ခဝေဒနာကို ခံစားရခြင်း, ဘုရားရှင့် အလောင်းတော် နှစ်ဦး အခါက မိမိ၏ လောဘဆိုး,ဒေါသဆိုး,မောဟဆိုး အယုတ်တရား များကြောင့် နောက်ဆုံးဖြစ်သော ဘုရားဘဝ၌ ဝိပါက်တော် ဆယ့်နှစ်ပါးကို ခံယူတော်မူရခြင်းများကို ထုတ်ဖော်၍ ဟောတော် မူခဲ့ပေ၏။ သို့ဖြစ်၍ လွန်ခဲ့သော ရှေးရှေးဘဝက မိမိ မိမိတို့သည် ပင်လျှင် တရားခံ အနေမျိုးရအောင် ကြူးလွန်ခဲ့၍ ယခုဘဝ၌ တရားလို အနေမျိုးသို့ ရောက်ကြရ၏။ထို့ကြောင့် တရားခံ,တရားလိုအဖြစ် မိမိကိုယ်တယောက်ထည်းသာဟု အသိဉာဏ် ဖြစ်နိုင်ကြပါစေ၊ ထိုသို့မဟုတ်ဘဲ အသိဉာဏ်လွဲ၍ မဲခနဲမြင်ရာ လိုက်စွဲပြီး ရန်သတ္တုရ ပြုခဲ့လျှင် ခံလို့မဆုံး ကန္တတ် ကင်း ရောက်သလို ဖြစ်ရမည်ဟု ကောင်းသိသင့်ကြ၏။ယခုပစ္စုပ္ပန်ဘဝ၌ပင် ဆဲခဲ့သည့် ကမ်ရှိလျှင် အဆဲခံရသည့် အကျိုးရ,ရိုက်ခဲ့သည့် ကမ်ရှိလျှင် အရိုက်ခံရသည့် အကျိုးရ,သတ်ခဲ့သည့် ကမ်ရှိလျှင် အသတ်ခံရသည့် အကျိုးရ ကြောင်းကို သိဘို့ရာမှာ—

ဟန္တာ လဘတိ ဟန္တာရံ၊ ဇေတာရံ လဘတေ ဇယံ။
အက္ကောသကောစ အက္ကောသံ၊ ရောသေတာရဉ္စ ရောသကော။

[သံယုတ် ပါဠိတော်]

**အတုံ့အလှည့်။** ။သူတပါးအား သတ်ဖြတ်တတ် သောသူ သည့် မိမိလည်း သတ်ဖြတ်ခြင်းကို ခံ ရ၏၊သူတပါးအား အောင်မြင်တတ်သော သူသည့် သူတပါး၏ အောင်မြင်ခြင်းကိုခံရ၏၊သူတပါးအား ဆဲရေးတတ်သောသူသည့် သူတပါး၏ တဖန်ဆဲရေးခြင်းကို ခံရ၏၊သူတပါးအား ချုပ်ချယ် တတ်သောသူသည့် သူတပါး၏ ချုပ်ချယ်ခြင်းကို တဖန် ခံ ရ၏။ ။ဤသို့ တရားယုတ်တို့၏ ဆိုးဆိုးဝါးဝါး ဖြစ်ပေါ်တတ် ခြင်းကို ကိုယ့်ကိုယ် ကိုယ်စောင့်ရှောက်ကြ စေလိုမှု အတွက် ပေါ်ပြရခြင်း ဖြစ်ပေသည်၊

[**သံယုတ်-ဋ္ဌ**] အတ္တာနံ ဘိက္ခဝေ ရက္ခန္တော ပရံ ရက္ခတိ၊ ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။

**သူစောင့်ကိုယ်စောင့်။** ။သံသရာဘေးကို ရှုံကြောက်လေ့ ရှိကုန်သော ချစ်သားတို့......မိမိကိုယ်ကို အကျိုးများအောင် စောင့်ရှောက်သော ပုဂ္ဂိုလ်သည် သူတပါးကိုလည်း အကျိုးများအောင် စောင့်ရှောက်သည်မည်၏၊သူတပါးကို တရားနှင့်အညီ စောင့်ရှောက်သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း အကျိုးများအောင် စောင့်ရှောက်သည် မည်၏။ ။မိမိ ကိုယ် ကို နိုင်နင်းစွာ ဒုစရိုက် စသည်မှ စောင့်ရှောက်ခဲ့သော် သူတပါးတို့၏ အသက်မသေခြင်း စသည်ကို စောင့်ရှောက်ရာကျ၏၊သူတပါးတို့ အသက်မသေမှု စသည်ကို စောင့်ရှောက်ခဲ့သော် မိမိ၌ သီလစသည် ပြည့်စုံ၏။ ။(**သဲလွန်စမျှပြခြင်း ဖြစ်သည်**)။ဤစကားတော်များအတိုင်း သဘောပေါက်၍ ကျင့်ကြသော် တကမ္ဘာလုံး ချမ်းသာနိုင်ပေမည်။ဤသည်ကား သဘာဝ ဓမ္မအတိုင်း ရိုးရိုးဖြောင့်ဖြောင့် သူတော်ကောင်း အချင်းချင်း ကျင့်ကြံအားထုတ်ရန် ဖြစ်ပေသည်၊ သူယုတ်မာနှင့် တွေ့သော်ကား အကျိုးပြီးအောင် သူက ကောက်လျှင် ကိုယ်က စိတ် ကောင်းထားပြီး ကောက်ယောင်ပြုသော ထုံးဟောင်း ဝတ္ထု လည်း ရှိပေသည်။

## ဣုဋ္ဌဝါတဇာတ ဝတ္ထု။

ရှေးအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြု၊ ဘုရား အလောင်း တရားဆုံးဖြတ်သည့် အမတ်ကြီးဖြစ်၊ထိုအချိန် ရွာနေ ကုန်သည်က မိတ်ဆွေဖြစ်သည့် မြို့နေကုန်သည်ထံ သံထွန်သွား ငါးရာ အပ်ထား၊မြို့နေကုန်သည်က ရောင်းစားပြီး ကြွက်ချေး တွေ ဖြန့်ကြဲထား၊ရွာနေကုန်သည် ရောက်လာ၍ ပြော၊

ရွာနေကုန်သည်။ ။မိတ်ဆွေ ထွန်သွားများကို ယူရအောင် လာပါတယ်။

မြို့နေကုန်သည်။ ။ထွန်သွားတွေတော့ ကြွက်စားကုန်ပြီဗျာ၊ ဟောဒီမှာ ကြွက်ချေးတွေဘဲ ကြည့်ပေ တော့ မိတ်ဆွေ။

ရွာ။ ။ကြွက်တွေ စားကုန်ပြီဆိုလဲ ဘယ်တတ်နိုင်တော့ မှာ လဲဗျာ၊ရှိပါစေတော့၊ကျွန်ုပ် ရေချိုး သွားလိုက် အုံး မယ်၊မိတ်ဆွေ သားလေးကိုလဲ တခါထဲ ထဲ့ လိုက် မယ် မဟုတ်လား။

ဤသို့ ပြောဆိုပြီး မိတ်ဆွေသားလေးကို လုံ ခြုံ မည့် အိမ်တွင် ဖုက်ထားခဲ့၍ တယောက်ထည်း ပြန် လာခဲ့ရာ.....။

မြို့။ ။ကျွန်ုပ်သားလေးကော မမြင်ပါလား မိတ်ဆွေ ။

ရွာ။ ။ကျွန်ုပ် ရေငုတ်ချိုးနေတုံး ကမ်းပေါ်က မိတ်ဆွေ့ သားလေးကို စွန်တကောင် သုတ်ချီသွားလို့ဗျာ။

မြို့။ ။မိတ်ဆွေ စွန်ဆိုဒါ ခလေးကိုတော့ မချီနိုင်ပါဘူးဗျာ။

ရွာ။ ။မချီနိုင်ဘူးဆိုလဲ ကျွန်ုပ်မတတ်နိုင်ပါ၊မိတ်ဆွေ့သား လေးကို စွန်ချီသွားတာကတော့ အမှန်ပါဘဲ။

မြို့။ ။ဟဲ့ ကောက်ကျစ်စဉ်းလဲတဲ့ သူခိုး တရားရုံးတော် လိုက်ခဲ့။

ရွာ။ ။ကြွပါခင်ဗျာ ကျွန်ုပ်လိုက်မှ အသင့်ပါဘဲ။

မြို့။ ။တရားသူကြီးမင်း ဤသူဟာ ကျွန်ုပ်သားကို ရေချိုး ခေါ်သွားပြီး စွန်ချီသွားတယ်လို့ ပြောပါတယ်၊ တရားဆုံးဖြတ်ပေးပါ ခင်ဗျား။

တရားသူကြီး။ ။အမောင်ရွာကုန်သည် မှန်ကန်စွာ ထုချေလော။

ရွာ။ ။ဟုတ်ပါတယ်၊သူ့သားကို စွန်ချီသွားဒါ အမှန်ပါဘဲ။

တရားသူကြီး။ ။ရွာကုန်သည် စွန်ငှက်ဟာ ခလေးကို ချီနိုင်ရဲ့လား။

ရွာ။ ။စွန်ငှက်ဟာ ခလေးကို မချီနိုင်ဘူး ဆိုပါတော့၊ကြွက်တွေကော သံထွန်သွားကို စားနိုင်ကြပါ့မလား တရားသူကြီးမင်း။

တရားသူကြီး။ ။ဘယ်လို အဓိပ္ပါယ်နဲ့ မေးတာလဲ ရွာကုန်သည်။

ရွာ။ ။ဒီလိုပါ တရားသူကြီးမင်း၊ ကျွန်ုပ်ဟာ အယင်က သူဆီမှာ သံထွန်သွား ငါးရာကို အပ်ထားခဲ့တာ ခုလာယူတော့ ကြွက်တွေ စားကုန်ပြီလို့ ပြောပါတယ်၊တကယ်လို့သာ ကြွက်တွေဟာ သံထွန်သွားတွေကို စားပစ်နိုင်ကြယင် စွန်ငှက်ဟာလဲ ခလေးကို ချီနိုင်တို့ပါဘဲ၊တကယ်လို့ ကြွက်တွေ သံကို မစားနိုင်ကြယင်လဲ စွန်ငှက်ဟာ ခလေးကို ချီနိုင်မှာ မဟုတ်ပါ၊ကြွက်တွေ သံကိုစားနိုင်,မစားနိုင်၊စွန်ငှက်ဟာ ခလေးကို ချီနိုင်,မချီနိုင်ကို တရားသူကြီးမင်း ကိုယ်တိုင် စဉ်းစားပြီး စီရင်ချက် ချပေးပါ ခင်ဗျား၊

တရားသူကြီး။ ။ကောင်းပြီး အမောင်တို့ "အိုးရွဲ့ လျှင် စလောင်းလဲရွဲ့" ဆိုတဲ့ အတိုင်း စဉ်းလဲပေးသင့်က စဉ်းလဲပေးကြရစမြဲ ပေကိုး၊ "မြို့ကုန်သည်က ပဌမ သူ့ သံထွန်သွား ငါးရာကို ပြန်ပေးစေ၊နောက်မှ ရွာကုန်

သည်က 'သူ့သားကို ပြန်ပေးစေ' ဟု
စီရင်ချက် ချမှတ်ဘူးသတတ်။

ဤကား သက်သေဝတ္ထုတခု ဖြစ်သည်၊ထို့ပြင်လည်း ရွှေတွေ အပ်ထားခဲ့ရာ ကြေးတွေဖြစ်ကုန်ပြီဟု ပြောသဖြင့် သူ့သားကို အပ်ထားခဲ့သော် မျောက်ဖြစ်ပြီး တောထဲသို့ ပြေးကြောင်း ပြောဆိုရာ တရားဖြစ်၍ ဇွေးနည်းအတူ ကိုယ့်ပစ္စည်း ကိုယ် ပြန် ရဘူးသော ဝတ္ထုတခုလည်း ရှိပေသေးသည်။
ဤကိုရည်ရွယ်၍ ပညာရှိတို့သည် —

"**ကောက်လျှင်ကောက်ချင်း၊မြေနှင့်တွင်းသို့၊ကောက်လျှင်းတုံ့မှ၊ဤလောကဗြိုက်ငွေ့ပြင်းလိုးရေးအဖြိုကား၊ သံကို ကြွက်စားသည်ကို စွန်ချီးရွှေမှိကား ကြေးရင်သွေးမျောက်ဖြစ်**"

ဟု စပ်ဆိုခဲ့ကြပေသည်။ ဤသည်တို့ကား "သူတပါးကို စောင့်ရှောက်တော့ ကိုယ့်ကို နှင်းဆုပ်လျှင် မည်သို့လုပ်မလဲ"ဟု မေးလိုသော သူတို့အတွက် အဖြေဖြစ်၏။ ။ယခုပြခဲ့ပြီးသော စကားအစဉ်မှာ ဒုစရိုက်ကင်းမှုကို ပဓာနထား၍ ကမ္ဘဿကတဥာဏ်လည်းပေါ်စေရန် ပြသော စကားများသာ ဖြစ်ပေသည်။

## လူတို့၏တရားကို ပြခြင်း

သုစရိုက်တရားကို လူတို့ ကျင့်အပ်သော လူကျင့်တရား ဖြစ်၍ မနုဿဓမ္မ-ဟု ခေါ်ဆိုရသည်။

[အင်္ဂုတ္တရ-ဋ္ဌ] အယဉ္စ ဒသဝိဓော ဓမ္မော ဝိနာပိ အညံ သမာဒါပကံ အန္တရကပ္ပါဝသာနေ ဓာတာသံဝေဂေပိ မနုဿေဟိ သယမေဝ သမာဒိန္နတ္တာ မနုဿဓမ္မောတိ ဝုစ္စတိ။

**လူ၏တရား။** ။မှန်လှ၏၊ အန္တရကပ်အဆုံး၌ ဤသုစရိုက် တရား ၁၀ ပါးကို ဆောက်တည်ဘို့ရန် နိုင်း

စေသော ပုဂ္ဂိုလ်ပင် မရှိပြီးသော်လည်း ထိတ်လန့်ကြောက်ရွံ့ကုန်သော လူအပေါင်းတို့သည် မိမိတို့ကိုယ်တိုင် ဆောက်တည်ကြသောကြောင့်(မနုဿဓမ္မ)လူကျင့်ဝတ်တရားဟု ဆိုရသည်။ ။ သို့အတွက် ငါတို့သာသနာတော်အတွင်း၌ လူဖြစ်လျက် လူကျင့်တရားမရှိခဲ့သော် သာသနာပအခါ ကပ်သုံးပါးတို့ကို ကျော်နင်းပြီး ဆယ်နှစ်တမ်းမျှ နေကြရသော သူတို့ကို ကြည့်ခဲ့ပါလျှင် ရှက်ဖွယ်ကောင်းလေစွဟု နှလုံးပြု၍ ဒုစရိုက်တရားများကို ရှောင်ရှားနိုင်ကြပါစေကုန်သတည်း၊အကယ်၍ မရှောင်ကြဉ်ဘဲ ဒုစရိုက်ကို ကျင့်မြဲကျင့်၍ နေသော သူသည်၎င်း,ဒုစရိုက်ကို ရှောင်ကြဉ်၍ သုစရိုက်နှင့် ပြည့်စုံစွာ ကျင့်ကြံနေသော သူသည်၎င်း မည်သူ့အတွက် ကျင့်ကြံအားထုတ်ကြပါသနည်း-ဟု စဉ်းစားသော် ကိုယ့်အတွက်သာ ကျင့်ကြံ အားထုတ်ရသည်ဟု များသောအားဖြင့် စိတ်မထားကြပေ၊ သား,သမီး,အိမ်ထောင်ဘက်တို့အတွက်ဟုသာ စိတ်ထားများကြပေသည်၊ ထိုသား,သမီး,အိမ်ထောင်ဘက်တို့သည် ကိုယ်နှင့်အတူ ဘဝတပါးသို့ သွားရမည်လော-ဟု တဖန်တက်၍ စဉ်းစားခဲ့သော် —

[အင်္ဂုတ္တရ-ဋ္ဌ] ပရလောကံ ဂစ္ဆန္တံ သဟာယော ဝါ ဉာတိ
မိတ္တော ဝါ ဂဟေတွာ ဂတာနာမ နတ္ထိ၊အတ္တနာ
ကတံ အတ္တနောဝ ဟောတိ။

**ကိုယ့်ချည်းသွား။** ။ဤဘဝမှ တမလွန်ဘဝသို့ သွားကြကုန်သော သူတို့သည် အပေါင်း အဖော်တို့ကို၎င်း, သားမယား ဆွေမျိုး ခင်ပွန်းတို့ကို၎င်း ခေါ် ယူ၍ သွားကြကုန်သော သူတို့မည်သည် စင်စစ်မရှိကုန်၊ မိမိပြုအပ်သော ဒုစရိုက်ကမ်, သုစရိုက်ကမ်သည်သာလျှင် မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်ပေ၏။ ။ယခုလောက၌ မျက်မြင်အားဖြင့်ထင်ရှားလှသည်၊ အချို့ကုသိုလ်နည်းသူတို့မှာ သူဆင်းရဲမျိုး၌ ဖြစ်၍ မွေးစကတည်းကမချမ်းသာကြပေ။အချို့သူဌေးသူကြွယ် အိမ်၌ဖြစ်၍ မွေးဖွါးစ

ကတည်းက ချမ်းသာကြ၏။ အချို့ပစ္စည်းကား မချမ်းသာ၊ လူမှာ ကား အနာရောဂါ ကင်း၍ တမျိုးတဘက်က ချမ်းသာကြ၏၊အချို့ ပစ္စည်းချမ်းသာ၏ လူမှာကား အမြဲတန်း ရောဂါကြီးစွဲ၍ အထူး ဆင်းရဲကြ၏။ ဤသို့ကမ်ကပြုပြင်သည်။ အချို့ပစ္စည်းများ၏၊စား မည့်သောက်မည့်, ကျွေးမွေးရမည့် သားသွီး တယောက်တလေမျှ မရှိ၊ အချို့သားသွီး များစွာ ရှိကြ၏၊ စားတို့ဝတ်တို့ မလုံလောက်၊ ဤသို့ အမျိုးမျိုး ဖြစ်အောင် ကမ်ကသာ ပြုပြင်သည်ဟု အမှန် ယုံကြည် ထိုက်လှပေ၏၊ ထိုကြောင့်ကိုယ့်ကမ်ကို ကြီးမားဖွံ့ဖြိုး လာအောင် ကိုယ်ပင်ပြုမှ သင့်မည်ကို ဘယ်အခါမျှ မမေ့သင့်ပေ၊ ကုသိုလ်ကမ် ကြီးမားအောင် ထူထောင်မှုကို မေ့လျော့အံ့ အ ကျိုးမဲ့ ကေန်ဖြစ်ရမည်။

ပမာဒေါ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတိ။

**အကျိုးပျက်။** ။ချစ်သားအပေါင်းတို့ ကုသိုလ်ကမ် ကြီးမား အောင် ထူထောင်မှု၌ မေ့မေ့လျော့လျော့ နေသောသူသည် ကြီးစွာသော အကျိုးမဲ့ခြင်း၄ါ ဖြစ်ပေ၏။ ။ ဤဘုရားရှင်၏ စကားတော်ကို စိတ်၌စွဲမြဲစွာ မှတ်၍ ကေန်ယုံ ကြည်ပါလေ။ မမေ့မလျော့အံ့ ကြီးမားသော အကျိုး ကေန်ဖြစ် ရမည်။

အပ္ပမာဒေါ ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတိ။

**အကျိုးတက်။** ။ချစ်သားတို့ မမေ့မလျော့ ကုသိုလ်ဖြစ် အောင် ထူထောင်သော ပုဂ္ဂိုလ်သည် ကြီး စွာသော အကျိုးစီးပွါး ဖြစ်ခြင်း၄ါ ဖြစ်ပေ၏။ ။ဆက်၍သိပါရန် ကောင်းသောကမ်,မကောင်းသော ကမ်နှစ်မျိုးကို သူ့အကျိုးနှင့် သူ့အကြောင်း ကောင်းကောင်းကြီး သိရန် ဂါထာဖြင့် ပြဦး အံ့ —

ကလျာဏကာရီ ကလျာဏံ, ပါပကာရီစ ပါပကံ၊
အနုဘောတိ ဒွယမေတံ, အနုဗန္ဓတိ ကာရကံ။

**ကောင်းဆိုးနှင့်မျိုး။** ။ကောင်းမှုကုသိုလ်ကမ်ကို ပြုလေ့ရှိသောသူသည် ကောင်းမြတ်သော အကျိုးကို ခံစားရ၏၊ မကောင်းမှုအကုသိုလ်ကမ်ကို ပြုလေ့ရှိသောသူသည် မကောင်းသောအကျိုးယုတ်ကို ခံစားရ၏၊ ဤနှစ်ပါးသော ကောင်းကျိုး, မကောင်းကျိုးအစုံသည် ကောင်းသောကမ်, မကောင်းသော ကမ်ကို ပြုသောသူသို့ အစဥ်လိုက်၍ ဖွဲ၏။ ကုသိုလ်ကမ်, အကုသိုလ်ကမ်ကို ထပ်ခါထပ်ခါ ပေါ်ပြမှုသည် ကမ္မသကတဉာဏ် ပိုင်နိုင်စေလို၍ ပင် ဖြစ်ပေ၏။ ဆက်ဦးအံ့—

ကမ္မုနာ ဝတ္တတေ လောကော, ကမ္မုနာ ဝတ္တတေ ပဇာ၊
ကမ္မနိဗန္ဓနာ သတ္တာ, ရထဿာဏိဝ ယာယတော။
ကမ္မေန ကိတ္တိံ လဘတေ ပသံသံ,ကမ္မေန ဇာနိဥ္စ ဝဓဥ္စ ဗန္ဓံ၊
တံ ကမ္မနာနာကရဏံ ဝိဒိတွာ,ကသ္မာ ဝဒေ နတ္ထိ ကမ္မန္တိ လောကေ။

**[အင္ဂုသာလိနီ-အဋ္ဌကထာ]**

**ကမ်ကိုယုံပါ။** ။ကမ်ကြောင့် လူအပေါင်းသည် ဖြစ်၏၊ ကမ်ကြောင့် သတ္တဝါအပေါင်းသည် ဖြစ်၏၊ သတ္တဝါတို့သည် ကမ်သာလျှင် ဖွဲ့ချည်ရာ ရှိကုန်၏၊ ဥပမာဆိုလျှင် သွားသောရထား-လှည်းကို မယ်န=နပန်းစွန်းခေါ် ပရစ်သည် ဝါ-လှည်းနားစောင့်သည် ဖွဲ့ချည်အပ် သကဲ့သို့တည်း။ ။ကမ်ကြောင့် ကျော်စောခြင်း, ချီးမွမ်းခြင်းကို ရအပ်၏၊ ကမ်ကြောင့် ဥစ္စာပစ္စည်း ဆုံးရှုံးခြင်း,သတ်ဖြတ်ခြင်း,နှောင်ဖွဲ့ခြင်းကို ရအပ်၏၊ ထိုသို့ကမ်က အထူးထူး ပြုခြင်းကို သိလျက် အဘယ်ကြောင့် လောက၌ ကမ်သည်မရှိ-ဟု ဆိုအပ်သနည်း။ ။ကမ်သည် အမှန်အားဖြင့် ကိုယ်ပိုင်ဥစ္စာ အစစ်ဖြစ်ပေ၏။ သို့သော်လည်း အဋ္ဌကထာဆရာသည်ကား ကုသိုလ်ကမ်ကိုသာ ကိုယ်ပိုင်ဥစ္စာ-ဟု ဆိုထားပေ၏။ အဘယ်ကြောင့်အကုသိုလ်ကမ်ကို ကိုယ်ပိုင်ဥစ္စာဟု မဆိုပါသလဲဟူမူ ကောင်းသောအကျိုးကို မပေးသောကြောင့်

ဟူ၍၊ ကိုယ့်ကိုယ်မှာ အမြဲခိုကပ်ပြီး ဆင်းရဲအောင် ကိုက်ခဲနေသည့် သန်း,ကြမ်းပိုးတွေကို ကိုယ့်သန်း,ကိုယ်ကြမ်းပိုးဟု မဆိုလျှင် မည်သူ့ပစ္စည်းတွေ ဖြစ်မည်နည်း။

[အဋ္ဌသာလိနီ] သဗ္ဗဥ္စ အကုသလကမ္မံ နော သကံ၊ ကသ္မာ၊ အတ္တဘာဝဿ နာသနတော, အနတ္ထ ဇနနတော စ၊ကုသလကမ္မံ ပန အနတ္ထ ဘာဝဿ နာသနတော စ,အတ္ထ ဇနနတော စ သကံနာမ။ ။

**ကိုယ့်ဥစ္စာ မှန်။** ။အလုံးစုံလည်း ဖြစ်သော အကုသိုလ်ကမ်သည် မိမိကိုယ်ပိုင် ဥစ္စာမဟုတ်၊ အဘယ့်ကြောင့် ဆိုပါလျှင် အကျိုးစီးပွါးကို ဖျက်ဆီးတတ်သောကြောင့်ရင်း, အကျိုးမဲ့ကို ဖြစ်စေတတ်သောကြောင့်ရင်း တည်း။ ။ ကုသိုလ်ကမ်သည်ကား မကောင်းကျိုး-အကျိုးစီးပွါးမဲ့ကို ဖျက်ဆီးတတ်သောကြောင့်ရင်း, ကောင်းကျိုး-အကျိုးစီးပွါးကို ဖြစ်စေတတ်သောကြောင့်ရင်း မိမိကိုယ်ပိုင် ဥစ္စာမည်၏-ဟု ဆိုတော်မူသည်၊ လိုရင်း သိစေမှုကား ကုသိုလ်ကမ်ကို ထူထောင် အကုသိုလ်ကမ်ကို ရှောင်ပါ-ဟူသတည်း။

အကုသိုလ်ကမ် ဖြစ်ကြောင်း, ကုသိုလ်ကမ် ဖြစ်ကြောင်းကို အထပ်ထပ် ဟောပြတော်မူသော ဘုရားရှင်၏ စကားတော်ကို အကျဉ်းချုံး၍ မှတ်ကြဘို့ရန် ဆက်၍ပြပါအံ့—

[အင်္ဂုတ္တရ-ဋ္ဌ] ပမတ္တဿ ဘိက္ခဝေ အနုပ္ပန္နာစေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ ကုသလာ ဓမ္မာ ပရိဟာယန္တိ။အပ္ပမတ္တဿ ဘိက္ခဝေ အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ဥပ္ပန္နာစ အကုသလာ ဓမ္မာ ပရိဟာယန္တိ။

**မမေ့သင့်။** ။ချစ်သားတို့......ကုသိုလ်ကောင်းမှု၌ မေ့လျော့သော သူအား မဖြစ်ကုန်သေးသော အကုသိုလ်

တရားတို့သည်လည်း ဖြစ်ကုန်၏၊ဖြစ်ပေါ်ကုန်ပြီးသော ကုသိုလ် တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏။ ချစ်သားတို့ ......ကုသိုလ် ကောင်းမှု၌ မမေ့မလျော့သော သူအား မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ကုန်၏၊ဖြစ်ကုန်ပြီးသော အကု သိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ပျက်စီးကုန်၏။ ။

[**အင်္ဂုတ္တရ-ဋ္ဌ**] (၁) ကုသိတဿ ဘိက္ခဝေ (၂) အာရဒ္ဓ ဝိရိယဿ (၃) မဟိစ္ဆဿ (၄) အပ္ပိစ္ဆဿ (၅) အယောနိသော (၆) ယောနိသော (၇) အသမ္ပဇာနဿ (၈) သမ္ပဇာနဿ (၉) ပါပ မိတ္တဿ (၁၀) ကလျာဏမိတ္တဿ ဘိက္ခဝေ အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ အကုသလာ ဓမ္မာ ပရိဟာယန္တိ။

**ဆုတ်ယုတ်မည်သာ**။ ။ချစ်သားတို့...... (၁) ပျင်း ရိသော ပုဂ္ဂိုလ်အား (၂) အားထုတ်အပ် သော ဝိရိယရှိသော ပုဂ္ဂိုလ်အား (၃) အလိုကြီးသော ပုဂ္ဂိုလ် အား (၄) အလိုနည်းသော ပုဂ္ဂိုလ်အား (၅) မသင့်မတင့်သော အားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား (၆) သင့်တင့်သောအား ဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား (၇) အဆင်ခြင် ပညာ မရှိ သော ပုဂ္ဂိုလ်အား (၈) အဆင်ခြင် ပညာ ရှိသော ပုဂ္ဂိုလ်အား (၉) ချစ်သားတို့ ယုတ်မာသော အဆွေခင်ပွန်း ရှိသော ပုဂ္ဂိုလ် အား မဖြစ်သေးသော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဖြစ် ပြီးသော ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ (၁၀) ချစ် သားတို့ ကောင်းသော အဆွေခင်ပွန်း ရှိသော ပုဂ္ဂိုလ်အား မဖြစ် သေးသော ကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ဖြစ်ပြီးသော အကု သိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ ။ဤကဲ့သို့ ကုသိုလ် ဖြစ်ကြောင်း,အကုသိုလ် ဖြစ်ကြောင်း, သဘာဝကို ထပ်တလဲလဲ ဆင်ခြင်ကြပြီးလျှင် ကုသိုလ် ဖြစ်မှုကိုသာ အားထုတ်ပြုလုပ်နိုင်ကြ ပါစေကုန် သတည်း။

အကယ်၍ လွန်ခဲ့သော ဘဝက အကုသိုလ်ကို များစွာ ပြုမိခဲ့ငြားအံ့ မကြောက်ကြ ကုန်လင့်၊ ယခုမှ အစပြု၍ နောက် နောင်၌ကား အကုသိုလ်မှုကို ငါမပြုတော့အံ့၊ ကိုယ်၊ နှုတ်၊ စိတ် သုံး ပါးဖြင့် ကုသိုလ်ကိုသာ ငါပြုအံ့၊ အသက်သေဘို့ရာ အကြောင်း ဖြစ်ပေါ် ငြားသော်လည်း မကောင်းသော ကိုယ်၊ နှုတ်၊ စိတ်တို့ ဖြင့် မလွန်ကြူးတော့အံ့-ဟု တင်းတင်းမာမာ စိတ်ကို ပြုပြင် ပါ၊ ဆောက်တည်ပါ၊ ထိုကဲ့သို့ ပြုပြင် ဆောက် တည်လျှင် မိမိ သန္တာန်၌ ဖြစ်သမျှ ကုသိုလ်စိတ်သာ ဖြစ်ပေါ်၍ လာပါ လတ္တံ့။ အနန္တရိယကမ်မှတပါး သာမန် အကုသိုလ်ကမ်အစုကို ကုသိုလ် ကမ်သည် ဖယ်ရှားလျက် မိမိတည်းဟူသော ကုသိုလ်ကမ်သည် သာ အခွင့်အရေးသာ၍ ကောင်းကျိုးမင်္ဂလာ ပြည့်စုံစွာ ဖြစ်ဘို့ ဆောင်သွား ပါလတ္တံ့။ ဤကိုရည်၍ "**အကုသိုလ်ငယ်၊ ကုသိုလ် ကြီး၊ နိဒ္ဒီးရာစမ်၊ အစ်ကိုဖြစ်၏။**"ဟု ပညာရှိများ ဆိုရိုး ပြုကြ သည်။

## ကုသိုလ်, အကုသိုလ်နှစ်ပါး လက်ဝှေ့သမားနှင့်တူပုံ

ကာမကုသိုလ် အကုသိုလ် နှစ်ပါးသည် တဦးက တဦးကို ဖယ်ရှားတားမြစ်၍ အကျိုးပေးကြသည်။ စဉ်းစားရန်မှာ—ယခု ဘဝ၌ မိမိ မိမိတို့၏ သန္တာန်မှာ ကုသိုလ်ကမ်, အကုသိုလ်ကမ် မည်မျှလောက်ရှိကြပါသနည်း၊ တရက်အတွက်မှာ ဖြစ်သည့် ကုသိုလ် ကမ်လည်း မရေတွက်နိုင်၊ အကုသိုလ်ကမ်လည်း မရေတွက်နိုင်၊ တလ အတွက်မှာ, တနှစ်အတွက်မှာ, ဖြစ်သည့်ကမ်နှစ်ပါး လုံးမှာလည်း မရေတွက်နိုင်, တဘဝလုံး၌ဖြစ်သည့် ကမ်မှာလည်း မရေ တွက် နိုင်, ဘဝအရာ, ဘဝအထောင်, ကမ္ဘာအရာ, အထောင်တို့၌ ဖြစ် ကြသည့် အပရာပရိယာယကမ်တို့ကား ပြောဘွယ်ရာမရှိ မရေ တွက်နိုင် ဖြစ်ကြတော့သည်သာ၊ သို့ဖြစ်၍ လွန်ကြူး မိသော အကုသိုလ်ကမ်ကို နလံမထူနိုင်အောင် ပြုလုပ်ခွင့်ရသော ဤဘဝ ထက် အခွင့်ကောင်း, အခါကောင်း ရဘို့ မလွယ်ကူပေ။

ဘုရားရှင်တို့ပွင့်တော်မူသည့် ကာလသည်ကား—
သတ္တသတ္တာဟ မေဃာနဒ္ဓေ၊သင်ံ ဝိဇ္ဇုပဘာ ရိဝ၊
ကဒါစိ ကရဟာစိ လောကေ၊ဥပ္ပဇ္ဇန္တိ တထာဂတာ။

ဟူသည့် ပါဠိတော်နှင့် အညီ ခုနှစ်ရက်ခုနှစ်လီ(ဝါ)လေးဆယ့်ကိုးရက်တို့ ပတ်လုံး မိုးသားတိမ်လိပ်တို့သည် ထွမ်းမိုး ဖုံး အုပ်နေသဖြင့် အလွန့်အလွန် အမိုက်မှောင်ကြီး ကျနေသည့် အချိန်တွင် တကြိမ်တခါသာ လက်လိုက်သည့် လျှပ်စစ်ရောင် ကလေးကဲ့သို့ လောက၌ ဘုရားရှင်တို့သည် အနည်းငယ်သော အချိန်ကလေး အတွင်းမှာ တကြိမ်တခါသာ အလွန် ခဲယဉ်းစွာ ပွင့်တော် မူကြပေသည်။ ။

သို့ အတွက် သာသနာ တော်နှင့် ကြုံကြိုက်ရသည့် အခါကလေးတွင် ကုသိုလ် ကောင်းမှုကို ကြိုးစား၍ ပြုလုပ်ကြပါလေ၊ ထို့ပြင်လည်း သာသနာတော် အတွင်း၌ ဖြစ်သော ကု သို လ်သည် ရတနာ သုံးပါးကို အမှီရသဖြင့် အလွန် ထက်မြက်လှပေသည်၊နိဗ္ဗာန်သို့ တိုင်အောင်ပင် ပို့ဆောင်နိုင်စွမ်း ရှိပေ၏။ ထို့ကြောင့် မသိမလိမ္မာ၍ ပြုလုပ်ခဲ့ပြီးသည့် အကုသိုလ်များ ရှိခဲ့ဘူးသော်လည်း တကြောင့်တကြဖြင့် အရေးထားနေစရာ မလိုပေ၊ ယခုအချိန်က စပြီး ကုသိုလ်မှု ဟူသမျှကို ပြုလုပ်နိုင်သမျှ ပြုလုပ်ကြလေကုန်၊သို့မဟုတ်ပါက အမှတ်တမဲ့သာ နေသွားကြပါလျှင် အားချင်းတူသည့် သူနှစ်ယောက်တို့ နပန်းလုံး သကဲ့သို့ ကုသိုလ်နှင့် အကုသိုလ် မျှတနေပါမူ သံသရာမဆုံးနိုင် ဖြစ်တတ်သည်ကိုလည်း သတိမူသင့်ပေ၏။ ။

[သံယုတ်-၄] အကုသလဉ္စ ကုသလံ ပဋိဗာဟိတွာ အတ္တနော ဝိပါကံ ဒေတိ၊ကုသလဥ္စ အကုသလံ ပဋိဗာဟိတွာ။ ။

**တိုက်တွန်းချက်။** ။''အားတူသော သူနှစ်ယောက်ကဲ့သို့'' ဟူသော စကားသည်မှန်ပေ၏၊ အ ကု သိုလ်

ကမ်သည် ကုသိုလ်ကမ်ကို တားမြစ်၍ မိမိ၏ အကျိုးကို ပေး၏၊ ကုသိုလ်ကမ်သည်လည်း အကုသိုလ်ကမ်ကို တားမြစ်၍ မိမိ၏ အကျိုးကို ပေး၏။ ။ဤကျမ်းဂန်စကားကို ဝေဘန်သော် အကုသိုလ်ကမ်က ကုသိုလ်ကမ်ကို အချင်းခပ်သိမ်း မနိုင်နိုင်ပေ၊ကုသိုလ်ကမ်ထက် အားကြီးသည့် အကုသိုလ် ကမ် ကသာ ကုသိုလ်ကမ်ကို နိုင်ပေသည်၊ကုသိုလ်ကမ်ကလည်း ထို့အ တူ အကုသိုလ်ကမ်ထက် အား ကြီးသော ကုသိုလ် ကမ် က သာ အကုသိုလ်ကမ်ကို နိုင်၍ တားမြစ်နိုင်ပေသည်။သို့ဖြစ်၍ ယနေ့ မှ စပြီး အကုသိုလ်ကမ်ကို နိုင်နိုင်ရန် သတိမလစ်နှင့်၊ ကုသိုလ်စိတ် ဆက်ခါဆက်ခါ ဖြစ်စေရန် အားထုတ်သင့်သည်၊လက်ဖွံ့ သတ် သူ့နှစ်ယောက်မှာ အားခွန်ဗလ တူမျှသော်လည်း သတိ ကောင်း သူက အနိုင်ရသလို့သတိကောင်းကောင်းဖြစ်စေ နိုင်ကြ ပါစေ ကုန်သတည်း။ ။

ဝိမိဿကထာပြီး၏။

---

## ၃။ ဒါနကထာ

လောက၌ တရားတော်ကို အဘယ်ပုဂ္ဂိုလ်မဆို မှန် ကန် သည့် အတိုင်း ဟောကြားပါမူ ထိုတရားတော်သည် မြတ်စွာ ဘု ရား ဟောတော်မူသည့် တရားတော်ပင် ဖြစ်ပေသည်။

[အင်္ဂုတ္တရ-ဋ္ဌ] ယော ဟိ ကောစိ ဘိက္ခုဝါ,ဘိက္ခုနီဝါ,
ဥပါသ ကော ဝါ, ဥပါသိကာဝါ, ဒေဝေါဝါ,
သက္ကောဝါ,မာရောဝါ,ဗြဟ္မာဝါ ဝဒ္ဓ ဒေသေတု,
ပကာသေတု၊သဗ္ဗော သော သဗ္ဗညုရာ ဒေသိ
တော,ပကာသိတောဝ နာမ ဟောတိ။ ။

**တရားစကား။** ။အမှတ် မရှိသော ရဟန်း ယောကျ်ားသည် ၎င်း, ရဟန်းမိန္မသည်၎င်း, ဒါယကာသည်၎င်း,

ဒါယိကာမသည့်ဝင်း,နတ်သည့်ဝင်း,သိကြားသည့်ဝင်း, မာရ်နတ်သည့်ဝင်း,ဗြဟ္မာသည့်ဝင်း တရားကို ဟောပြောအံ့၊ ထင်ရှားမှုလည်း ပြုပြောအံ့၊အလုံးစုံသော ထိုတရားသည် မြတ်စွာ ဘုရားဟော မည်သည်သာလျှင်, မြတ်စွာ ဘုရား ထင်ရှားပြုတော်မူသည် မည်သည် သာလျှင် ဖြစ်၏။ ။ထင်မြင်စွာ သဘော ပေါက်စေရန်မှာ—

[အင်္ဂုတ္တရ—၃] ယထာ ဟိ ရညော ဒိန္နံ ပဏ္ဏံ ဝါစေတွာ ယံယံ ကမ္မံ ကရောန္တိ၊တံတံကမ္မံ ယေန ကေနစိ ကတံပိ ကာရိတမ္ပိ ရညော ကာရိတံတွေဝ ဝုစ္စတိ။

**နှိုင်းယှဉ်ခြင်း။** ။ထင်ရှားပြီးအံ့၊မင်းသည် ပေးအပ်သော ကမ္ပည်းစာချွန်တော်ကို ဖတ်ကြား၍ အကြင်အကြင်အမှုကို ပြုကုန်၏၊ထိုထိုအမှုကို အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည် ပြုအပ်သော်ဝင်း,သူတပါးကို တဆင့် ပြုစေအပ်သော်ဝင်း မင်းသည် ပြုအပ်၏-ဟူ၍သာလျှင် ဆိုအပ် သကဲ့သို့တည်း။ ။"**ဓမ္မံ ဒေသေသ**"=တရားတော်ကို ဟောကြဟု ဘုရားရှင် ကိုယ်တော်မြတ်က တိုက်တွန်းရကား မည်သူ ဟောဟော ဘုရားဟောသာ ဖြစ်၏ဟု အဓိပ္ပါယ် အတိုချုပ် သိတို့ ဖြစ်သည်။ဟောအပ်,ပြောအပ်သော မြတ်စွာဘုရားရှင်၏ စကားတော်သည် မမှန်တချက်,မှန်တချက်ဖြင့် နှစ်မျိုးနှစ်စား အမှားမရှိပေ၊မှားသော အချက်ကို အကယ်၍ တွေ့ရှိအံ့၊ဘုရားစကားမဟုတ်ဟု ပိုင်နိုင်စွာ သိတို့ဖြစ်သည်၊ ဘုရားရှင် တို့၏ စကားတော်သည် အဘယ့်ကြောင့် အမှားမရှိပါသနည်း၊"**သုဂတော**"=ကောင်းမြတ်, မှန်ကန်သော စကားကို ဆိုတော်မူတတ်သဖြင့် 'သုဂတ'ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့် အမှားမရှိ အမှန်ကိုသာ ဆိုတော် မူတတ် ၏။ အဘယ် ကြောင့် 'သုဂတ'ဂုဏ်နှင့် ပြည့်စုံပါသနည်း၊ထူးမြတ်သော တရားတော်

ကို ထိုးထွင်း၍ သိမြင်တိုင်း ဟောပြောတတ်သောကြောင့်။ ။ အဘယ့်ကြောင့် ထူးမြတ်သော တရားတို့ကို ထိုးထွင်း၍ သိပါသနည်း၊ ဖြည့်ဆည်းပူး အပ်သော ပါရမီထူး ရှိသောကြောင့်တည်း။ ။

[**သံယုတ်-ဋ္ဌ**] မဟာ ဟိဋ္ဌမံ ဓမ္မံ ပဋိဝိဇ္ဈိတုံ ဝါယမန္တေန
အဒိန္နံ ဒါနံနာမ နတ္ထိ၊အရက္ခိတံ သီလံနာမ နတ္ထိ၊
အပူရိတာ ကာစိ ပါရမီနာမ နတ္ထိ။

**ခိုင်လုံပါသည်။** ။ထိုစကားမှန်၏၊ ဤအရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် တရားတော်ကို ထိုးထွင်း၍ သိခြင်းငှာ အားထုတ်သော ငါဘုရားသည် မပေးကမ်း မလှူဒါန်းဘူးသော အလှူမျိုးမည်သည် မရှိပေ၊ မစောင့်ရှောက် မဆောက်တည်းဘူးသော သီလမျိုးမည်သည် မရှိပေ၊ မဖြည့်မကျင့်ဘူးသည့် တစုံတခုသော ပါရမီမျိုးမည်သည် မရှိပေ။ ။စင်စစ်မှာ ပေးကမ်းလှူဒါန်းဘူးသော အလှူမျိုးချည်းသာ ဖြစ်ပေ၏၊ 'ကောင်း'ဆိုသမျှ သီလ အကျင့်မျိုးကို ဆောက်တည် ကျင့်သုံးဘူး၏၊ အလုံးစုံသော ပါရမီဟူသမျှကို ဖြည့်ဆည်းပူးပြီးသားချည်း ဖြစ်ပေ၏၊ ထို့ကြောင့် ဘုရားစကားတော်သည် အမှန်ချည်းသာဖြစ်ပေ၏၊အမှန်ချည်း ဖြစ်ကြောင်းကို ဗုဒ္ဓဝင်ပါဠိတော်၌ အောက်ပါအတိုင်း မိန့်တော်မူသည် —

အဇ္ဈတ္တဗဟိဒ္ဓါ ဝစနာ ဗုဒ္ဓါ, အမောဃဝစနာ ဇိနာ၊
ဝိတထံ နတ္ထိ ဗုဒ္ဓါနံ၊

**မချွတ်မယွင်း။** ။သဗ္ဗညုတဉာဏ်-အမှန်ကို သိတော်မူသော ဘုရားရှင်တို့သည် နှစ်ခွန်း နှစ်ခွဖြစ်သော စကားကို မဆိုကုန်၊ ငါးမာရ်အောင်ပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည် အချည်းနှီးသော စကားကို မဆိုကုန်၊ သစ္စာလေးပါး-မြတ်တရားကို သိတော်မူကုန်သော ဘုရားရှင်တို့အား

ချွတ်ယွင်းဘောက်ပြန် မမှန်သောစကား မရှိပေ၊ ထိုဘုရားရှင် ကိုယ်တော်မြတ်၏ စကားတော်ကို မယုံကြည်သော ပုဂ္ဂိုလ်တို့ သည် မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့မည်ကုန်၏။ ထိုဘုရားရှင်တို့၏ စကား တော်ကို မယုံကြည်သော မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့သည် သေသည်မှ နောက်ကာလ၌ မကောင်းသောသူတို့၏ လားရာ, ပျက်စီး၍ကျရာ ငရဲ၌ ဖြစ်ကြရကုန်၏၊ထိုဘုရားရှင်တို့၏ စကားတော်ကို ယုံကြည် ကြသော ပုဂ္ဂိုလ်တို့သည် သမ္မာဒိဋ္ဌိပုဂ္ဂိုလ်တို့ မည်ကုန်၏။ ထို ပုဂ္ဂိုလ်မြတ်တို့၏ လားရာကား ကောင်းသော သူတို့၏ လားရာ တည်း-ဟု ဟောတော်မူသည်မှာ—

[အင်္ဂုတ္တရ-၌] သမ္မာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ
ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ
သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။

ဝမ်းသာဘွယ်။ ။သံသရာဘေးကို ရှုလေ့ရှိသော ချစ်သား အပေါင်းတို့ သမ္မာဒိဋ္ဌိခေါ် ကမ္မဿကတာ ဉာဏ် စသည်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် သေသည်မှ နောက်ကာလ၌ ကောင်းသောသူတို့၏ လားရာ,မြတ်သော ရူပါရုံ စသည်တို့၏ တည်ရာဖြစ်သော လူပြည်, နတ်ပြည်၌ ဖြစ်ကုန်၏။

## စေတနာ သုံးပါးကိုပြခြင်း

[အင်္ဂုတ္တရ-၌] ပုဗ္ဗစေတနာ ဒဿာမီတိ စိတ္တုပ္ပါဒကာလ
တော ပဋ္ဌာယ ဎတော ဥပ္ပန္နတေန ဒါနံ ဒဿာ
မီတိ ခေတ္တဂဟဏံ အာဒိံ ကတွာ စိန္တေန္တဿ
လဗ္ဘတိ၊ မုဉ္စစေတနာ ပန ဒါနကာလေယေဝ
လဗ္ဘတိ၊ အပရစေတနာ အပရာပရံ အနုဿ
ရန္တဿ လဗ္ဘတိ။

သုံးတန်စေတနာ။ ။ပုဗ္ဗစေတနာခေါ် မလှူမီ ရှေးအဘို့၌
ဖြစ်သော စေတနာကို ပေးလှူတော့အံ့ဟု

မိတ်ဖြစ်ပေါ်သော အခါကာလမှ အစပြု၍ ဤလယ်,ယာမှ ထွက်သော ကောက်ပဲသီးနှံ စသည်ဖြင့် အလှူပေးအံ့၊ဤသို့ လယ်,ယာကို ယူသည့်,လုပ်ကိုင်သည်ကို အစပြု၍ကြံစည်သော ပုဂ္ဂိုလ်အား ရအပ်၏၊ မုဥ္စစေတနာကိုကား ပေးလှူဆဲ ခဏ၌သာ ရအပ်၏၊ အပရစေတနာခေါ် လှူပြီးနောက်အတွက်၌ ဖြစ်သော စေတနာကို အဖန်ဖန်,အဆင့်ဆင့် တွေးတိုင်း,ဆင်ခြင်တိုင်း အသက်နှင့်ကိုယ်မြဲသမျှ ကာလပတ်လုံး အောက်မေ့သော ပုဂ္ဂိုလ်အား ရအပ်၏။ ။နောက်ဆုံး ဖြစ်သည့် အပရစေတနာကို စာဂါနုဿတိကမ္မဋ္ဌာန်းဟူ၍လည်းခေါ်သည်၊ အလှူမည်သည် များသောအားဖြင့် ကမ္မသရိက္ခကခေါ် တူသော အကျိုးကို ပေးတတ်၏၊ အလှူ၏ အကျိုးကို ပြလတ္တံ့သော ဘုရားရှင်၏ တရားတော်အတိုင်း ဆင်ခြင်ပါ။

မနာပဒါယီ လဘတေ မနာပံ,
အဂ္ဂဿ ဒါတာ လဘတေ ပုနဂ္ဂံ၊
ဝရဿ ဒါတာ ဝရလာဘီစ ဟောတိ,
သေဋ္ဌံ ဒဒေါ သေဋ္ဌမုပေတိ ဌာနံ။

[အင်္ဂုတ္တိုရ်ပါဠိတော်]

**တူသော အကျိုး။** ။နှစ်သက် ဘွယ်သော အလှူဝတ္ထုကို ပေးလှူသော ပုဂ္ဂိုလ်သည် နှစ်သက်ဘွယ်သော အကျိုးကို ရ၏၊ အဦးအစ ပေါ်သော ဝတ္ထုကို ပေးလှူတတ်သော ပုဂ္ဂိုလ်သည် တဖန် အဦးအစ ပေါ်သော ဝတ္ထုကို ရ၏၊ တောင့်တအပ်, မြတ်သော ဝတ္ထုကို ပေးလှူတတ်သော ပုဂ္ဂိုလ်သည် တောင့်တအပ်, မြတ်သော ဝတ္ထုကို ရ၏၊ ခြိုးမွမ်းအပ်သော ဝတ္ထုကို ပေးလှူသော ပုဂ္ဂိုလ်သည် ခြိုးမွမ်းအပ်သော အရပ်သို့၊ဝါ-မြို့ကြီး, ပြကြီး သူတော်ကောင်းတို့အနီးသို့ ကပ်ရောက်နေထိုင် မှီဝဲရတတ်၏။ ။ဤစကားတော်ဖြင့် ကမ်နှင့်တူသော အကျိုးပေးပုံကို သိစေတော်မူသည်။

အန္နဒေါ ဗလဒေါ ဟောတိ, ဝဏ္ဏဒေါ ဟောတိ ဝတ္ထဒေါ၊
ယာနဒေါ သုခဒေါ ဟောတိ, ဒီပဒေါ ဟောတိ စက္ခုဒေါ။

[သံယုတ်ပါဠိတော်]

**ကြောင်း,ကျိုးဘူ။** ။အစာအာဟာရကို ပေးလှူ တတ်သော ပုဂ္ဂိုလ်သည် အားခွန်ဗလကို ပေးလှူသည် မည်၏၊ ပုဆိုး, အဝတ်, သင်္ကန်းကို ပေးလှူသော သူသည် အဆင်းကို ပေးလှူသည် မည်၏၊ ယာဉ်ရထားကို ပေးလှူသော သူသည် ချမ်းသာကို ပေးလှူသည်မည်၏၊ ဆီမီးကို ပေးလှူသော သူသည် ဥာဏ်မျက်စိကို ပေးလှူသည်မည်၏။

[**မှတ်ချက်။** ။အစာအာဟာရကို ပေးလှူခြင်းကြောင့် ခွန်အားဗလကြီးသော အကျိုးကို ရမည်၊ အဝတ်ကို လှူလျှင် အဆင်းလှသည့် အကျိုးကို ရမည်၊ ဤနည်းအတိုင်းပင် နောက်နောက်စကားသည် ရအပ်သော အကျိုးကို ပြသော စကာ ဖြစ်၏။]

သော စ သဗ္ဗဒဒေါ ဟောတိ, ယော ဒဒါတိ ဥပဿယံ၊
အမတံ ဒဒေါ စ သော ဟောတိ, ယော ဓမ္မ မနုသာသတိ။

[သဠာယတနဝဂ္ဂသံယုတ်]

**အမြိုက်တရား။** ။အကြင်သူသည် ရဟန်းတို့ နေဖို့ရာ ကျောင်း,သင်္ခမ်းကို လှူ၏၊ထိုသူသည် ခရီးသွားသောအခါ အသုံးပြုအပ်သော ထီး,ဘိနပ်,ယာဉ်,ရထား စသည့် အလုံးစုံကို လှူသည်မည်၏။ အကြင်သူသည် တရားတော် ဖြင့် ဆုံးမတတ်၏၊ ထိုသူသည် အမြိုက်နိဗ္ဗာန်ကို ပေးလှူသည် မည် ၏။ ။[ဤ၌လည်း နောက်စကားကို လှူသော ပုဂ္ဂိုလ်အား ရအပ်သော အကျိုးပြစကားဟု မှတ်ယူပါ]။စေတနာသုံးတန် အကျိုးပေးဟန်ကို အနည်းငယ် ဆက်၍ပြဦးအံ့—

[သံယုတ်-၁၁] ဧကေပိဗ္ဗာပါတာဒါနသ္မိံ ဧကော စေတနာ ဒွေ ပဋိသန္ဓိယောဒနဒေတိ၊ ပုဗ္ဗ, ပစ္ဆိမ စေတနာ နံ ပဝိသေန သတ္တကွတ္တုံ သဂ္ဂေ သတ္တက္ခတ္တုံ သေဗ္ဗ ကုလေနိဗ္ဗတ္တော။

ဝမ်းသာဘွယ်။ ။တကြိမ်သော ဆွမ်းကို လှူရာ၌ တခုသော စေတနာသည် နှစ်ပါးသော ပဋိသန္ဓေတို့ကို မပေးပေ၊ထင်ရှားပြဦးအံ့—ရှေ့,နောက် ဖြစ်ကုန်သော စေတနာတို့၏ အစွမ်းဖြင့် ခုနစ်ကြိမ် နတ်ပြည်၌ ဖြစ်ရ၏၊ ခုနစ်ကြိမ် သူဌေးမျိုး၌ ဖြစ်ရ၏။ ။ဤစကားကား……အပုတ္တက=သားသမီး မရှိသော သူဌေးကို အကြောင်းပြု၍ ဟောတော်မူသော စကား ဖြစ်၏၊ထိုသူဌေး၏ သန္တာန်မှာ ပုဗ္ဗစေတနာသည် တခဏ မျှပင် ဖြစ်၏၊ပုဗ္ဗစေတနာ မရှိဟု မဆိုကောင်း၍သာ အလွန် တိုတောင်းသော ကာလအချိန် ဖြစ်၏။၎င်းသူဌေးသည် မိစ္ဆာမျိုး၌ ဖြစ်၍ ရှေးက မလှူဘူးပေ၊ထိုသူဌေး စား,သောက်ပြီးသောအခါ တစုံတခုသောကိစ္စဖြင့် ထ၍ အသွား၊ထိုခဏ၌အိမ်ရှေ့သို့ ပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွ၍ အလာတွင် သူဌေးကတော်အား "ဤ ရဟန်းကို ဆွမ်းလှူလိုက်" ဟု မှာထားပြီး ကိစ္စတခုအတွက် ထိုသူဌေး ထွက်သွားလေ၏၊ထိုအခါ သူဌေးကတော်က အရှင်ပစ္စေကဗုဒ္ဓါ အား အိမ်မှူးခမ်းသို့ ပင့်တင်ထားပြီး ဆင်ခြင်သည်မှာ- "ဤ သူဌေးသည် အဘယ်အခါတုံးကမျှ လှူဘို့ရာ မပြောဘူးပေ၊ ဒီ တခါ ပြောမည့်ပြောတော့ အလှူခံပုဂ္ဂိုလ်မြတ်ကို လှူရန် ပြော၏၊ငါ ကောင်းမွန်စွာ စီမံ၍ လှူမည်"ဟု စိတ်ထားဆင်ခြင်ပြီး မွန်မွန်မြတ်မြတ် စီမံ၍ လှူလေ၏၊ပစ္စေကဗုဒ္ဓါ-အရှင်မြတ်လည်း အိမ်ပေါ်မှ ဆင်း၍ အကြွ၊ထိုသူဌေးနှင့် ခရီးရင်ဆိုင် လမ်း၌ အတွေ့၊"အို….ရဟန်း၊အိမ်က ဆွမ်းလှူလိုက်ပါ၏လော၊လှူလိုက် လျှင် ကြည့်ပါရစေ"ဟုပြော၊ပစ္စေကဗုဒ္ဓါ-အရှင်မြတ်က သပိတ် ဖုံးကို ဖွင့်၍ အပြ၊သူဌေးက လည်ပင်းကို ရှည်ရှည် ထားပြီး သပိတ်၌ ဆွမ်းကို ငုံ့ကြည့်၍ ကြံစည်သည်မှာ— "အင်း…,ဒီ

ထမင်းတွေ ကျေးကျွန် ကို ကျွေးပြီး အမှုကိစ္စ ပြုလုပ်ခိုင်းရလျှင် ကျေးဇူးရှိမှာဘဲ ဒီရဟန်းကို လှူရတာ ဘာကျေးဇူးမှ မရှိဘူး'' ဟူသတတ်။ စဉ်းစားကြည့်ပါ၊ ဤအရာ၌ ပုဗ္ဗစေတနာလည်း ပြောပလောက်အောင် အချိန်ကာလ မရခဲ့၊ အပရစေတနာလည်း ပျက်ခဲ့၏၊ ဤသို့သော ပုဗ္ဗ,မုဉ္စ စေတနာသော်မှ နတ်ပြည်၌ ခုနစ်ကြိမ်,သူဌေးမျိုး၌ ခုနစ်ကြိမ် အကျိုးပေး သေးသည် ကို ထောက်ထားစဉ်းစားမိသော သူတော်ကောင်းတို့သည် မိမိ တို့ လှူဒါန်းကြသော ဒါနကုသိုလ်ကို အထူးဝမ်းမြောက်တို့ ကောင်းကြောင်း,မိမိတို့၏ ကိုယ်ပိုင်ဥစ္စာ ဖြစ်ကြောင်း, ကမ္မဿကတဉာဏ် ရှိကြပါစေကုန်သတည်း။ ။ဒါနကုသိုလ်ထူးဖြစ်စေနိုင်ရန်။

[သံယုတ်-၅] ဇုဒ္ဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူတိ ဇုံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋံ ဝသေန သမ္မာ ထပိတံ အရဟတ္တမ္ပိ, ပစ္စေကဗောဓိဉာဏမ္ပိ, သဗ္ဗညုတဉာဏမ္ပိဒါတုံ သက္ကောတိယေဝ။

**မမေ့သင့်ကြ။** ။ငါ၏ ဤအလှူသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာ, ကုန်ကြောင်း ဖြစ်သော အရဟတ္တဖိုလ်,နိဗ္ဗာန်ကို ဆောင်နိုင်သည် ဖြစ်ပါစေသတည်း....... ဤသို့လျှင် ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တသဖြင့် ဝဋ်ကင်း ရာ နိဗ္ဗာန်၏ အစွမ်းဖြင့် ကောင်းစွာ ထားအပ်သည် ရှိသော် အရဟတ္တဖိုလ်ဉာဏ်ကိုရင်း, ပစ္စေကဗောဓိဉာဏ်ကိုရင်း, သဗ္ဗညုတဉာဏ်တော်ကိုရင်း ပေးခြင်းငှာ စွမ်းနိုင်သည်သာလျှင် တည်း။ ။သတိရှိတို့၊မိမိသဘောဖြင့် နှစ်နှစ်ခြိုက်ခြိုက် ဝဋ်ကင်းရာ နိဗ္ဗာန်ကို မလိုလားသော်သည်း ''ငယ်ယွယ်သော သားလိမ္မာ, သမီးလိမ္မာ တို့သည် မိမိတို့သဘောနှင့် မကိုက်၍ မလိုက်နာ လိုသော်လည်း အမိ,အဘတို့က ညွှန်ကြားသည့်အတိုင်း အမိ,အဘ တို့ကို ရိုသေလေးစားသဖြင့် လိုက်နာသလို''ဘုရားစသော သူ

တော်ကောင်းတို့၏ စကားကို လိုက်နာ၍ နိဗ္ဗာန်သို့ စိတ်ထားလျက် ကုသိုလ်ကို ပြုကြရန် သတိကောင်းကောင်း ဖြစ်နိုင်ကြစေကုန်။ ။(သဂ္ဂကထာကို ဖွင့်ပြရာ နောက်ဆုံးအခန်းသို့ ရောက်မှ ဤသဘောကို ရှင်းပြပေအံ့)။ဒါနကမ် စေတနာသည် အားလုံးအကျိုးကို ပေးနိုင်ကြောင်း တဖန်ထပ်ဆင့်၍ သိရန်မှာ—

[ဥဒါန်း—၅]။ ။ဒါနဉ္စ လောကေ သဂ္ဂ သမ္ပတ္တိံ, မာရသမ္ပတ္တိံ, ဗြဟ္မ သမ္ပတ္တိံ, စက္က ဝတ္တိ သမ္ပတ္တိံ, သာဝကပါရမိဉာဏံ,ပစ္စေကဗောဓိဉာဏံ,အဘိသမ္ဗောဓိဉာဏံ ဒေတိ။

မှတ်သားဘွယ်။ ။ထိုစကား မှန်ပေ၏၊လောက၌ ပေးကမ်းစွန့်ကြဲ လှူဒါန်းကြောင်း စေတနာသည် သိကြားမင်း စည်းစိမ်းချမ်းသာကိုဝင်း,မာရ်မင်း စည်းစိမ်းချမ်းသာ ကိုဝင်း,ဗြဟ္မာမင်း စည်းစိမ်ချမ်းသာကို ဝင်း, စကြာမင်း စည်းစိမ်ချမ်းသားကိုဝင်,အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလာန်တို့ ကဲ့သို့ သာဝကဉာဏ်ကိုဝင်း, ပစ္စေကဗောဓိဉာဏ်ကိုဝင်း, သဗ္ဗညုတဉာဏ်တော်ကိုဝင်း, ပေးစွမ်း နိုင်၏။ ။ဤသို့ အကျိုးကြီးငယ်အားလုံးကို သိမှလည်း လှူဒါန်းနိုင်သည်၊သို့ရာတွင် အလှူပေးမှုကား မလွယ်ကူလှကြောင်း အောက်ပါ ဥပမာဖြင့် သိပါလေ—

[သံယုတ်-၅] ဗိဝိတာဘိရကော ဟိ ယုဇ္ဈိတုံ န သက္ကောတိ၊ခယာဘိရကော ဒါတုံ န သက္ကောတိ၊ဧဝံ ဒါနဉ္စ ယုဒ္ဓဉ္စ သမံ ဟောတိ။

နိုင်းယှဉ်ဘွယ်။ ။ထိုစကား မှန်ပေ၏၊အသက်ဘေးမှ ကြောက်သောသူသည် စစ်ထိုးစစ်တိုက်ခြင်း၌ မစွမ်းနိုင်၊ ဥစ္စာပစ္စည်း ကုန်ခမ်းမည်ကို ကြောက်သောသူသည် ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း၌ မစွမ်းနိုင်၊ ဤသို့လျှင် စစ်ထိုး ခြင်းသည်ဝင်း,အလှူပေးခြင်းသည်ဝင်း တူမျှသော သဘောရှိ၏။ ။ဤ စ

ကားကို ထောက်ဖြွ၍ "**အလှူပေးခြင်း၊ စိုးစိုးခြင်းကား၊ မယွင်း ဒွန်လှူ၊ တူကုန်စွရှင့်**" ဟု ပညာရှိတို့ စပ်ဆိုကြကုန်၏။ ဆင်ခြင်ရန် တခု—ပညာရှိတို့ ပဋ္ဌပ္ပန်အကြောင်းနှင့် စပ်၍ ရေးသားခြင်း ပြုခဲ့ သည်မှာ "**မပေးမလှူ၊ မုန်းဆေးပာူ၏၊ ပေးလှူတတ်သော်၊ ချစ် ဆေး ကျော်တည်း**"။ စင်စစ်အားဖြင့်လည်း အကျိုးကိုသိမှသာ အ ကြောင်းကို ပြုနိုင်ရာသည်၊ သူ့အကြောင်းနှင့် သူ့အကျိုး ပေးမြဲ ဖြစ်သည်။

[**သံယုတ်-၅**] အပ္ပမ္ပိ စေ သဒ္ဒဟာနော ဒဒါတိ၊ တေနေဝ သော ဟောတိ သုခီ ပရတ္ထာတိ။

**စဉ်းစားကြဘို့**။ ။အနည်းငယ်သောလှူဘွယ်ဝတ္ထုကိုလည်း ကမ်၏အကျိုးကို ယုံကြည်သည်ဖြစ်၍ အကယ် ၍ လှူသည်ဖြစ်အံ့၊ ထိုသို့ အနည်းငယ်သော လှူဘွယ်ဝတ္ထုကို လှူခြင်း ကြောင့်သာလျှင် ထိုအလှူရှင်သည် တမလွန်ဖြစ်သော ဒုတိယဘဝ စသည်၌ ချမ်းချမ်းသာသာ ဖြစ်ရ တော့၏။ ။ အထူးအားဖြင့် အလှူ လှူမည်ဟု ကြံစည်၊ အားထုတ်ခဲ့သော် စိတ် ကို ပြုပြင်ရန် နည်းအဖြွက် ပြခြင်းနှင့် အကျိုးကြီးမြတ် ကြောင်း မှတ်သားမှန်—

[**ဝိသုဒ္ဓိမဂ်—၅**] ဂုဏာဝဇ္ဇနာနံ သမဏဗြာဟ္မဏာနံ ဂုဏံ သလ္လက္ခေတွာ စိတ္တံ ပသာဒေတွာ ဇလံ ပဋိသင်္ခါယ တိသော စေတနာ ဝိသော ဓေတွာ ဒိန္နာ ဒက္ခိဏာ အပ္ပမတ္တ ကာနာမ နတ္ထိ၊ နိဗ္ဗုတ္တ နိဗ္ဗုတ္တန္တာနေ မဟာသမ္ပတ္တိမေဝ ဒေတိ။

**ဓိစင်ကြရန်**။ ။ဂုဏ်နှင့် ပြည်စုံကုန်သော ရဟန်း,ပုဏ္ဏားတို့၏ ဂုဏ်ကျေးဇူးကို မှတ်၍ စိတ်ကို ကြည်လင်စေ၍ အလှူ၏ အကျိုးကို ပညာဖြင့် ဆင်ခြင်၍ ပုဗ္ဗ,မုဉ္စ,အပရ စေတနာ သုံးပါးတို့ကို ဖြူစင်စေ၍ လှူအပ်သော အလှူသည် နည်းသော

အကျိုးရှိသည် မည်သည် မရှိ၊ ဖြစ်တိုင်းဖြစ်တိုင်းသော နေရာ၌ဒါန ဘုံဘဝ၌ ကြီးကျယ်ခန့်ငြား များပြားသော စည်းစိမ်ချမ်းသာကို သာလျှင် ပေးစွမ်းနိုင်၏ဟု ပုံသေမှတ်ရမည်။ အလှူ၏ အကျိုးကို သိသောပုဂ္ဂိုလ်၏ အလှူသည် ကြီးကျယ်သော အကျိုး,မြတ် သော အကျိုးကို ပေးနိုင်ကြောင်း အထူးမှတ်ရန်—

[ဥဒါန်-ဋ္ဌ] သမ္မာသမ္ဗုဒ္ဓေန သာရိပုတ္တဿ ထေရဿ ဝိနိ မဟပ္ဖလတ္တံ ဝဒန္တိ၊ သမ္မာသမ္ဗုဒ္ဓံ ဟိ ထပေတွာ အညော ဒါနဿ ဝိပါကံ ဇာနိတုံ သမတ္ထော နာမ နတ္ထိ။

**အကျိုးသိမှု။** ။မဘောက်မပြန် ကြွင်းမဲ့ဥဿုံ အလုံးစုံသော တရားကိုသိတော်မူသော မြတ်စွာဘုရားသည် လကျာ်ရံအရှင်သာရိပုတ္တရာအား လှူအပ်သော အလှူသည် ကြီး ကျယ်သော အကျိုးရှိ၏ဟု ဆိုကြကုန်၏။ ထိုသို့ဆိုသော စကား သည် မှန်၏၊ မြတ်စွာဘုရားကို ချွင်းချန်ထား၍ ဘုရားမှ တပါးသော အလှူ၏ အကျိုးကို ကုန်စင်အောင် သိခြင်းငှါ စွမ်းနိုင်သောပုဂ္ဂိုလ် မရှိ။ ။သို့ဖြစ်၍ အလှူ၏အကျိုးကို သိအောင် အားထုတ်သင့် သည်၊ သို့မဟုတ်လျှင် 'ပိုးသာကုန် မောင်ပုန် စောင်းမတတ်' ဆို သော ရှေးစကားကဲ့သို့ ပစ္စည်းများစွာ အကုန်အကျခံ၍ လှူသော် လည်း အကျိုးမများ ဖြစ်တတ်သည်၊ (ဤကျမ်းစာကို ရေးသား ခြင်း၏ အထူးရည်ရွယ်ချက်မှာ အလှူရှင်အပေါင်းတို့သည် အလှူ ၏ အကျိုးကို သိကြစေရန်နှင့် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ကိုယ်ပြု သော အမှုကို ကိုယ့်ဥစ္စာဟု သိသော ကမ္မဿကတဉာဏ် ဖြစ် ပေါ်စေရန် ဖြစ်ပေသည်၊ သိကြ၍, ဖြစ်ပေါ်ကြလျှင် ရေးသားရ ကျိုး နပ်ပေပြီ) ။ ဒါနနှင့်စပ်၍ သပ္ပုရိသဒါနခေါ် သူတော်ကောင်း တို့ အလှူမျိုး ဖြစ်အောင် သတိပြု,ဆင်ခြင်ရာသည်၊သပ္ပုရိသဒါန ငါးပါးကို အောက်ပါအတိုင်း ဟောပြတော်မူ၏။ ။

## သပ္ပုရိသဒါနအပြား

[အင်္ဂုတ္တရ-ဋ္ဌ] ပဥ္စမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ၊ကတ မာနိ ပဥ္စ၊ သဒ္ဓါယ ဒါနံ ဒေတိ,သက္ကစ္စံ ဒါနံ ဒေတိ, ကာလေန ဒါနံ ဒေတိ, အနုဂ္ဂဟိတ စိတ္တော ဒါနံ ဒေတိ,အတ္တာနဉ္စ ပရဉ္စ အနုပ ဟစ္စ ဒါနံ ဒေတိ။

**သူလိမ္မာတော်**။ ။ချစ်သားရဟန်းတို့၊ သူတော်ကောင်းတို့၏ အလှူတို့သည် ဤငါးပါးတို့တည်း၊ အဘယ် ငါးပါးတို့နည်း၊

၁။ ကမ်,ကမ်၏အကျိုးကို ယုံကြည်သဖြင့် ပေးလှူခြင်း,
၂။ ရိုရိုသေသေ ပေးလှူခြင်း,
၃။ လျောက်ပတ်သော အခါ၌ ပေးလှူခြင်း,
၄။ ချီးမြှောက်လိုသောစိတ် ရှိ၍ ပေးလှူခြင်း,
၅။ မိမိ,သူတပါးကို မထိပါးစေမူ၍ ပေးလှူခြင်း,
ဤငါးပါးတို့သည် သူတော်ကောင်းတို့၏ အလှူမျိုးတို့ပေတည်း။

(ဤ၌ မထိပါးစေမူ၍ ဟူသော စကားသည် မိမိ၏ အလှူကို မမြှင့်တင်ခြင်း,သူပါးတို့၏ အလှူကို မနှိမ့်ချခြင်းပင် ဖြစ်သည်၊) ထိုငါးပါးတို့၏ အကျိုးကို အစဉ်အတိုင်း ဆက်၍ ပြဦးအံ့—

[အင်္ဂုတ္တရ-ဋ္ဌ] သဒ္ဓါယ ခေါ ပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊ အဍ္ဍော စ ဟောတိ၊ မဟဒ္ဓနော၊မဟာဘောဂေါ၊ အဘိရူပေါ စ ဟောတိ၊ ဒဿနီယော၊ ပါသာဒိ ကော၊ ပရမာယ ဝဏ္ဏပေါက္ခရတာယ သမန္နာ ဂတော။ ။

**သဒ္ဓါဒါနကျိုး**။ ။ချစ်သား ရဟန်းတို့ ကမ်,ကမ်၏ အကျိုး ကို ယုံကြည်သဖြင့် လှူဘွယ်ဝတ္ထုကို ပေး

လှူခြင်းကြောင့် အကြင်အကြင် ဘုံဘဝ၌ ထိုအလှူဒါနစေတနာ၏ အကျိုးသည် ဖြစ်၏၊ထိုထိုဘုံဘဝ၌ ကြွယ်ဝချမ်းသာ၏၊ များသော ဥစ္စာရှိ၏၊များသော အသုံးအဆောင် ရှိ၏၊ အလွန် အဆင်းလှ၏၊ ကြည့်ရှုချင်ဘွယ်ရာရှိ၏၊ ကြည်ညိုဘွယ်ရှိ၏၊ လွန်ကဲ မြင့်မြတ်သော ကိုယ်အဆင်းနှင့် ပြည့်စုံ၏။ ။အဓိပ္ပါယ်မှာ——လှူဘွယ်ဝတ္ထုကို လှူမှုကြောင့် ကြွယ်ဝချမ်းသာ၏၊ များသောဥစ္စာ ရှိ၏၊ များသော အသုံးအဆောင်ရှိ၏၊ ကမ်, ကမ်၏ အကျိုးကို ယုံကြည်မှုကြောင့် အလွန် အဆင်းလှခြင်း, ကြည့်ရှုခြင်ဘွယ်ရာရှိခြင်း, ကြည်ညိုဘွယ်ရှိခြင်း,လွန်ကဲမြင့်မြတ်သော ကိုယ်အဆင်း၏ တင့်တယ်ခြင်းနှင့် ပြည့်စုံရပေ၏။

[အင်္ဂုတ္တရ-၆၃] သက္ကစ္စံ ခေါ ပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊ အဍ္ဎော စ ဟောတိ၊ မဟဒ္ဓနော မဟာဘောဂေါ၊ ယေပိဿ တေ ဟောန္တိ၊ ပုတ္တာတိဝါ ဒါရာတိဝါ ဒါသာတိဝါ ပေဿာတိဝါ ကမ္မကာရာတိဝါ တေပိ သုဿူသန္တိ၊ သောတံ ဩဒဟန္တိ၊အညာ စိတ္တံ ဥပဋ္ဌပေန္တိ။

**သက္ကစ္စဒါနအကျိုး။** ။ချစ်သားရဟန်းတို့၊စင်စစ်လျှင် အလှူဝတ္ထု, အလှူခံပုဂ္ဂိုလ်တို့၌ ရိုသေလေးစားစွာ အလှူဝတ္ထုကို ပေးလှူခြင်းကြောင့် အကြင်အကြင် ဘုံဘဝ၌ ထိုအလှူစေတနာ၏ အကျိုးသည် ဖြစ်၏၊ထိုထိုဘုံဘဝ၌ ကြွယ်ဝချမ်းသာ၏၊ များသောဥစ္စာ ရှိ၏၊ များသော အသုံးအဆောင်ရှိ၏၊ ထိုသက္ကစ္စအလှူရှင်၏ အကြင် သားတို့ဟူ၍၎င်း, မယားတို့ဟူ၍၎င်း, အစေခံတို့ဟူ၍၎င်း, အမှုလုပ်တို့ဟူ၍၎င်း, ရှိကုန်၏၊ ထို သား, မယား စသော သူတို့သည် နာခံလိုက်နာကုန်၏၊ ပြောသော စကားကို လိုက်နာကုန်၏၊ ဝိတ်ကိုသိ၍ရှေးရှု ဖြစ်စေကုန်၏။ ။အဓိပ္ပါယ်ကား——အလှူ၏ စေတနာကြောင့် ကြွယ်ဝ ချမ်း

သာခြင်း စသည်နှင့် ပြည့်စုံကုန်၏၊ ရှိသေမှု သညာစွကြောင့် သား, မယား စသည်တို့၏ အတုံ့အပြန် ရှိသေမှုကို ရကြကုန်၏။

[အင်္ဂုတ္တရ-ဋ္ဌ] ကာလေန ခေါ ပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊ အဍ္ဍော စ ဟောတိ၊ မဟဒ္ဓနော မဟာဘောဂေါ ကာလာဂတာ စဿ အတ္ထာ ပစုရာ ဟောန္တိ။ ။

**ကာလဒါနအကျိုး။** ။ချစ်သားရဟန်းတို့၊ စင်စစ်လျှင် သင့်တင့် လျောက်ပတ်သော အခါ၌ အလှူဝတ္ထုကို ပေးလှူခြင်းကြောင့် အကြင်အကြင် ဘုံဘဝ၌ ထိုအလှူစေတနာ၏ အကျိုးသည် ဖြစ်၏၊ ထိုထို ဖြစ်ရာ ဘုံဘဝ၌ ကြွယ်ဝချမ်းသာ၏၊ များသောဥစ္စာ ရှိ၏၊ များသော အသုံးအဆောင် ရှိ၏၊ ထို ကာလဒါန အလှူ၏အား ကာလ အားလျော်စွာ ရောက်လာကုန်သော အကျိုးတို့သည် များစွာ ဖြစ်ကုန်၏။ (ရှေး ဒါန အကျိုးနှင့် ဆက်စပ်ကြည့်လျှင် အဓိပ္ပါယ် သိလောက်ပြီ၊ အထူးအားဖြင့် ကာလဒါနသည် ငါးပါးပြား၏၊ ထိုငါးပါးကို နောက်၌ တွေ့ရလတ္တံ့)။

[အင်္ဂုတ္တရ-ဋ္ဌ] အနုဂ္ဂဟိတ စိတ္တော ခေါ ပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊ အဍ္ဍော စ ဟောတိ၊ မဟဒ္ဓနော မဟာဘောဂေါ၊ ဥဠာရေသု စ ပဉ္စသု ကာမဂုဏေသု ဘောဂါယ စိတ္တံ နမတိ။ ။

**လွတ်လွတ်စွန့်ကြဲကျိုး။** ။ချစ်သားရဟန်းတို့၊ မယူလိုသော စိတ်ရှိသည်ဖြစ်၍ ဝါ-လွတ်လွတ်စွန့်သော စိတ်ရှိသည် ဖြစ်၍ အလှူဝတ္ထုကို ပေးလှူခြင်းကြောင့် အကြင်အကြင် ဘုံဘဝ၌ ထိုအလှူစေတနာ၏ အကျိုးသည် ဖြစ်၏၊ ထိုထို ဘုံဘဝ၌ ကြွယ်ဝချမ်းသာ၏ များသောဥစ္စာ ရှိ၏၊ မွန်မြတ်သည်လည်း ဖြစ်ကုန်သော ငါးပါးကုန်သော ကာမဂုဏ်ချမ်းသာ တို့၌ သုံး

ဆောင်ခြင်း၌ စိတ်ညွတ်၏။ ။အဓိပ္ပါယ်မှာ.....ဝတ္ထုပစ္စည်းကို လှူသော ကံကြောင့် ကြွယ်ဝ ချမ်းသာခြင်း, များသော ဥစ္စာ ရှိခြင်း,များသော အသုံးအဆောင် ရှိခြင်းနှင့် ပြည့်စုံပေ၏၊ မယူ လိုသောစိတ်,လွှတ်လွှတ်စွန့်ကြဲသော စိတ်ကြောင့် မွန်မြတ်သော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစားလိုသော စိတ်ဖြင့် ခံစားနိုင်ပေ၏။ ။အပြန်အားဖြင့် သိဘို့မှာ—ပြန် ယူ လို သော စိတ်,လွှတ်လွှတ်မစွန့်နိုင်သောစိတ် ရှိ၍ ရသော အကျိုးမှာ မိမိ စိတ်ဖြင့် သုံးစွဲလိုသော သဘော မရှိကြပေ၊ထိုသဘောမျိုးကား ယခုကာလ၌လည်း ရှိကြပေသည်၊ အတိတ် ကာလ၌ ရှိကြောင်း ဝတ္ထုသက်သေလည်း များ စွာ ရှိကြပေသည်၊ ထို သို့ ဖြစ် သော ကြောင့် လွှတ်လွှတ် မစွန့်ကြဲနိုင်ပါလျှင် ဆိုင်းငံ့ထား၍ လွှတ် လွှတ် စွန့်ကြဲနိုင်မှသာ စွန့်ကြဲဘို့ကောင်းသည် သို့မဟုတ်ပါက ထိုအလှူအတွက် ရသည့် ပစ္စည်းကို မိမိလည်း မသုံးဆောင် နိုင်၊သူတပါးအားလည်း တဖန် မစွန့်ကြဲနိုင်ဘဲ စောင့်ရှောက် ရသည်မှာ ပင်ပန်းရုံသာ ရှိပေမည်။သို့ဖြစ်၍ စိတ်ကို နိုင်နင်းစွာ ပြုပြင်ပေးရန် အရေးကြီးပေသည်။

(အင်္ဂုတ္တရ-၂) အဍ္ဎာနဉ္စ ပရဉ္စ အနုပဟစ္စ ခေါ ပန ဘိက္ခ ဝေ ဒါနံ ဒတွာ ယညံ ယဇိတ္တာ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊အဍ္ဎော စ ဟောတိ၊ မဟဒ္ဓ နော မဟာဘောဂေါ၊န စဿ ကုတောစိ ဘော ဂါနံ ဥပဃာတော အာဂစ္ဆတိ၊ အဂ္ဂိတော ဝါ ဥဒကတော ဝါ ရာဇတော ဝါ စောရတော ဝါ အပ္ပိယာဒါယာဒတော ဝါ။ ။

မထိပါးလှူကျိုး။ ။ချစ်သားရဟန်းတို့၊စင်စစ်လျှင် မိမိ ကို ၎င်း,သူတပါးကို၎င်း,မထိပါးမူ၍အလှူဝတ္ထု ကို ပေးလှူ ခြင်းကြောင့် အကြွင်းအကြွင်း ဘုံဘဝ၌ ထို စေတနာ ဒါန၏ အကျိုးသည် ဖြစ်၏၊ထိုထိုဘုံဘဝ၌ ကြွယ်ဝ ချမ်းသာ ၏၊

များသောဥစ္စာရှိ၍၊များသော အသုံးအဆောင် ရှိ၍၊ထိုအလှူ ရှင်၏ စည်းစိမ်ဥစ္စာတို့သည် တစုံတခုသော အကြောင်းကြောင့် ပျက်စီးခြင်းသို့ မရောက်၊မီးကြောင့်ဇင်း, ရေကြောင့်ဇင်း, မင်းကြောင့်ဇင်း,ခိုးသူကြောင့်ဇင်း,မချစ်မနှစ်သက် အပ်သော အမွေခံကြောင့်ဇင်း ပျက်စီးခြင်းသို့ မရောက်နိုင် ဖြစ်ပေ၏။ ။အဓိပ္ပါယ်မှာ——သူ့အလှူက အလကားငါ့အလှူမှ တကယ့်အလှူ၊ ဖြတ်တယ်၊သူက ဉာဏ်ရှိတာမှ မဟုတ်ဘဲပဲ......စသည်ဖြင့် သူ့အလှူကိုနှိမ့်၍ကိုယ့်အလှူကို မြှင့်၍ဤသို့သဘောမျိုး မရှိသော အလှူရှင်၏ ကုသိုလ်ကမ်သည် ဖြိုးမွမ်းဘွယ် အထူးကောင်းပေ၏၊ ဤလိုအလှူမျိုးကို လှူခဲ့သော ပုဂ္ဂိုလ်များ ယခုအခါ အချို့သော မြို့ရွာများ၌ ထင်ရှားရှိပေသည်၊ ထင်ရှားပုံမှာ- တရွာလုံးမီးလောင်ရာ တအိမ် ထည်းသာ ကျန်ရစ်ခြင်း, တရွာလုံး ပင်လယ်ကမ်းပါး ပြိုရာ တအိမ်ထည်း ကျန်ရစ်ခြင်း, တရွာလုံး ဓားပြတိုက်ရာ တအိမ်ထည်း ကျန်ရစ်ခြင်း၊ ထိုသည့် အိမ်ရှင်များသည် ရှေးရှေးဘဝ၌ ဤငါးချမြောက် ကုသိုလ်မျိုးကို ပြုခဲ့ဘူးသောသူများ အစစ်အမှန် ဖြစ်ပေ၏။ ။ထိုမှ အပါး တဆင့်တက်၍ စွမ်းဆောင်နိုင်ပါက ဂတိမြဲရန် လှူဒါန်းနည်း,ကျင့်နည်းကို တဖန် ပြဦးအံ့။--

[အင်္ဂုတ္တရ-ဋ္ဌ] ယောသံ ပန ကုလာနံ တိဏ္ဏံ သရဏာနိ,ပဉ္စသီလာနိ,ဧကံ သလာကဘတ္တံ, ဧကံ ပက္ခိကဘတ္တံ,ဧကံ ဝဿာဝါသိကံ,ဧကော ပေါက္ခရဏီ, ဧကော အာဝါသောတိ ဝေရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊တေသံ ဂတိ နိဗဒ္ဓါနိ သောတာပန္နသဒိသာနေဝ တာနိ။ ။

**သောတာပန်အသေား။** ။အကြင် အမျိုးသားတို့ အား သုံးပါးသော သရဏဂုမ်တို့ကို ဆီးကပ်ခြင်း တပါး, ငါးပါးသီလတို့ကို ခံယူကျင့်သုံးခြင်းတပါး, တခုသော စာရေး

တံကို လှူခြင်းတပါး, တခုသော ဩွန်းပဏ္ဍ ဩွတ်ပဏ္ဍ၌ ဖြစ်သော ဆွမ်းကို လှူခြင်းတပါး, တခုသော ဝါဆိုသင်္ကန်းကို လှူခြင်းတပါး, တခုသော ရေကန်ကို လှူခြင်း တပါး,တခုသော ကျောင်းအိမ်ရာ, နေရာကို လှူခြင်းတပါး, ဤခုနစ်ပါးသော မြဲသော ကုသိုလ်ကောင်းမှုတို့သည် ရှိကုန်၏၊ ထိုအမျိုးသားတို့အား သေသောအခါ လားရာဂတိ မြဲကုန်၏၊ ထိုအမျိုးသားတို့သည် သောတာပန်နှင့် တူကုန်သည် သာလျှင်တည်း။ ။ဤသဘာဝကို သိပါလျှင် စွမ်းနိုင်သူတို့ အတွက်မှာ အထူးဝမ်းမြောက်ဘွယ် ကောင်းပေ၏။ ။ထိုမှတပါး နေ့ရော, ညဉ့်ပါ အခါခပ်သိမ်း ကုသိုလ်တိုးပွါးအောင် ကျင့်ဆောင် အားထုတ်၍ နတ်ပြည်သို့ ရောက်ကြောင်း တနည်းမှာ—

အာရာမရောပါ ဝနရောပါ, ယေ ဇနာ သေတု-ကာရကာ၊
ပပဉ္စ ဥဒပါနဉ္စ, ယေ ဒဒန္တိ ဥပဿယံ၊
တေသံ ဒိဝါစ ရတ္တောစ, သဒါ ပုညံ ပဝဍ္ဎတိ၊
ဓမ္မဋ္ဌာ သီလသမ္ပန္နာ, တေ ဇနာ သဂ္ဂဂါမိနော။

[သံယုတ်-ဋ္ဌ]

**သဘာဝရှုကွက်သိုင်း။** ။အကြင်လူတို့သည် ကျောင်း-အရာမ်, ဥယျာဉ် ဖြစ်အောင် စိုက်ပျိုးကြကုန်၏၊ တံတား ဆောက်လုပ် ခင်းကြကုန်၏၊အကြင်လူတို့သည် ရေအိုးစင်, ရေချမ်းစင်ကိုရင်း, ရေတွင်းကိုရင်း, ကျောင်းသင်္ခမ်းကိုရင်း ပေးလှူကုန်၏၊ ထိုလူတို့အား နေ့၌ရင်း, ညဉ့်၌ရင်း အခါခပ်သိမ်း ကောင်းမှုတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရား၌ တည်ကုန်သော သီလနှင့် ပြည့်စုံကုန်သော ထိုလူတို့သည် နတ်ရွာသုဂတိသာလျှင် လားရာရှိကုန်၏။ ။လူဖြစ်ရခြင်းသည် ကုသိုလ်ကောင်းမှုပြုဘို့ရာ ထူးကဲသော အခွင့်အရေးဖြစ်ကြောင်းကို ကောင်းစွာဆင်ခြင်ပါလေ။

[ဓမ္မာနုဝတ္တိ-ဋ္ဌ] မနုဿဘာဝေါ ပုညကိရိယာယ ဝိသေသ ပစ္စယော။

**လူ့ဘဝကုသိုလ်ဖြူး။** ။လူ၏အဖြစ်သည် ကောင်းမှုကုသိုလ်ကို ပြုခြင်း၏ ထူးသော အကြောင်း အထောက်အပံ့ ဖြစ်ပေ၏။ ။ထိုစကားတော် မှန်ပေသည်၊ အပါယ်၌ ဖြစ်ကုန်သော သူတို့သည် ကြီးကျယ်သော ဆင်းရဲဒုက္ခကို သာ ခံနေရသဖြင့် ကုသိုလ်ပြုဘို့ရာ စိတ်မျှ မကူး နိုင်ကြ ပေ၊ အသေးဆုံး တိရစ္ဆာန်ဘုံ၌ ဖြစ်သော်လည်း အလောင်းတော် ဖြစ်သည့် ပုဂ္ဂိုလ်မှ တပါး အဘယ် တိရစ္ဆာန်သည် ကုသိုလ် မှုကို ပြုနိုင်ပါအံ့နည်း၊ မပြောပလောက်သည့် မျောက်၊ ခင်ပုတ် ငှက်စသောအချို့တိရစ္ဆာန် နည်းနည်းပါးပါးမျှသာ ရှိပေသည်၊ ထို့ပြင် နတ်ပြည်၌ ဖြစ်ပြန်တော့လည်း ကာမဂုဏ် ဗွက်ထဲ၌ ကျနေသဖြင့် ပြောပလောက်အောင် ကုသိုလ်ကို မပြုနိုင်ကြပေ၊ သို့ဖြစ်၍ လူ့အဖြစ် လူ့ဘဝ တခုသာလျှင် ကောင်းမှုကုသိုလ် ကို ချောင်ချောင်လည်လည် ပြုခွင့်ရသည်ဟု မှန်သည့်အတိုင်း အထူး နှလုံးသွင်းသင့်သည်။ ။ထိုမှတပါး သံဃာတော်များ သီတင်းသုံးရန် ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းအရိပ် အာဝါသ၏ အကျိုးကြီးမြတ်ကြောင်းကို ဆက်၍ပြဦးအံ့—

[ဥဒါန်း-ဠ] အာဝါသဒါနသ္မိံ ဟိ ဒိန္နေ သဗ္ဗဒါနံ ဒိန္နမေဝ ဟောတိ၊ ဘူမဋ္ဌကပဏ္ဏာသာလာယဝါ သာခါ မဏ္ဍပသဝါ သံဃံ ဥဒ္ဒိဿ ကတဿ အာနိသံ သော ပရိစ္ဆိန္ဒိတုံ နသက္ကာ။

**ကျောင်းအလှူ။** ။ထိုစကားမှန်ပေ၏၊ သံဃာတော်တို့ သီ တင်းသုံးဘို့ရာ 'ကျောင်း, တန်ဆောင်း, အရိပ်အာဝါသ အလှူကို လှူအပ်သည်ရှိသော် အလုံးစုံသော အလှူကို လှူအပ်သည် မည်သည်သာလျှင် ဖြစ်၏၊ သံဃာကို ရည်ရွယ်၍ ပြုလုပ်အပ်သော မြေအခင်း, သစ်ရွက်မိုးကျောင်းအ လှူ၏ရင်း, သစ်ခက်မဏ္ဍပ်အလှူ၏ရင်း အကျိုးကို ပိုင်းခြားခြင်းငှါ မတတ် ကောင်းပေ။ ။[မှတ်ချက်။ 'အလုံးစုံသော အလှူ'

ဟူသည်မှာ-ခရီးသွားရဟန်းတို့၏ အသုံးအဆောင် အားလုံးကို သာ ဆိုလိုပေသည်။] ထိုမှတပါး အလှူပေါင်း များစွာ တို့ တွင် သံဃာတော်များ သတင်းသုံးတို့ရာ ကျောင်းဆောက်၍ လှူသော အလှူသည် သံသရာ၌ ကျင်လည်ရသည်ရှိသော် ထူး ဆန်းသောအကျိုးကို ပိုင်းပိုင်းခြားခြား သိမှတ်ကြရန် ဆက်၍ ပြဦးအံ့—

[ဥဒါန်း-ဋ္ဌ] အာဝါသဒါနာနုဘာဝေန ဟိ ဘဝေ နိဗ္ဗတ္တ မာနဿာပိ သမ္ပိဏ္ဍိတဂဗ္ဘဝါသောနာမ နဟောတိ၊ ဒွါဒသဟတ္ထော ဩဝရကောဝိယဿ မာတုကုစ္ဆိ အသမ္ဗာဓောဝ ဟောတိ။ ။

**အကျိုးထူး။** ။ထိုစကားမှန်ပေ၏၊ သံဃာတော်များ သီတင်း သုံးတို့ရာ ဆောက်လုပ်အပ်သော ကျောင်းစ သော အရိပ်အာဝါသအလှူ၏ အာနုဘော်ကြောင့် ဘုံဘဝ၌ ဖြစ် ရသော်လည်း(ဝါ)ဖြစ်သော ပုဂ္ဂိုလ်အားလည်း အလွန် နှိပ်စက် အပ်သော ကိုယ်ဝန်-ပဋိသန္ဓေ တည်နေရခြင်း မဖြစ်ပေ။ ထို ကျောင်းလှူသောသူ၏ အမိဝမ်းသည် တဆဲ့နှစ်တောင် ကျယ် ဝန်းသော တိုက်ခန်းကဲ့သို့ မကျဉ်းမြောင်းသည်သာလျှင် ဖြစ်၏။ ၎င်းအကျိုးကို သိကုန်သော သူတော်ကောင်းတို့သည် စွမ်းနိုင် ကုန်အံ့ အားထုတ်လှူဒါန်းတို့ရာ ကောင်းကြောင်း မမေ့အပ်ကြ ပေ၊ ၎င်းပြင် စကားအထူး မစပ်သော်လည်း သူတော်ကောင်း တို့ အသူငါးပါး၌ အတွင်းဝင်သော ကာလဒါန ငါးပါးကို ပြဦး အံ့—

[အင်၊ ဋ္ဌ၃-၆၆] ပဉ္စိမာနိ ဘိက္ခဝေ ကာလဒါနာနိ၊ ကတမာနိ ပဉ္စ၊ အာဂန္တုကဿ ဒါနံ ဒေတိ၊ ဂမိကဿ ဒါနံ ဒေတိ၊ ဂိလာနဿ ဒါနံ ဒေတိ၊ ဒုဗ္ဘိက္ခေ ဒါနံ ဒေတိ၊ ယာနိ တာနိ နဝသဿာနိ နဝဖလာနိ တာနိ ပဌမံ သီလဝန္တေသု

ပတိဋ္ဌာပေတိ၊ ဇူမာဒိ ခေါ ဘိက္ခဝေ ပဥ္စကာလဒါနာနိ။

**မမေ့သင့်သေး။** ။ချစ်သားရဟန်းတို့၊ အခါအား လျော်စွာ သောအလှူတို့သည် ငါးပါးတို့တည်း၊ အဘယ်ငါးပါးတို့နည်း။

၁။ ဧည့်သည်အာဂန္တုအား ပေးလှူခြင်း။
၂။ ခရီးသွားသောသူအား ပေးလှူခြင်း။
၃။ မကျန်းမာသော သူနာအား ပေးလှူးခြင်း။
၄။ တော်မွတ်ခေါင်းပါး ရေမျော မီးလောင် ဖြစ်သော အခါ၌ ပေးလှူးခြင်း။
၅။ အကြင် အသစ်အဦး ပေါ်သော ကောက်တို့သည်၎င်း သစ်သီးတို့သည်၎င်း ရှိကုန်၏၊ထိုအသစ်အဦး ပေါ်သော ကောက်,သစ်သီး တို့ကို ရှေးဦးစွာ သီလရှိသော ပုဂ္ဂိုလ်တို့၌ တည်စေခြင်း,လှူစေခြင်း,......ချစ်သားတို့ ကာလဒါနအလှူ တို့သည် ငါးပါးတို့တည်း။ ။အာဂန္တု က ကားမိမိလိုရာအရပ်သို့ ရောက်ရှိပြီးသော ပုဂ္ဂိုလ်တည်း။ဂမိကကား မိမိလိုရာအရပ်သို့ မရောက်မှီ လမ်းခရီး အကြား၌ တွေ့ဆုံဆဲ ပုဂ္ဂိုလ်တည်း၂။

ကာလဒါနအကျိုး အကျဉ်းချုပ်မှာ-ဧည့်သည် အာဂန္တုအား မိမိက ရှေးရှေးသော ဘဝ,ကာလ၌ လှူခဲ့ဘူးအံ့၊ယခု ဘဝ, ကာလ၌ မိမိ ဧည့်သည်အာဂန္တု အဖြစ်သို့ ရောက်သောအခါ လာဘ်လာဘ မရှားပါး,ပေါများ၏၊ခရီးသွား-ဂမိကတို့၌ ပေးလှူခဲ့ဘူးသော ကမ်ကြောင့် ယခုဘဝ၌ ရောက်ရာအရပ်မှာ စားသောက်ဘွယ်မရှား ပြည့်စုံရပေ၏။မကျန်းမာသူတို့၌ လှူခဲ့ဘူးသော ကမ်ကြောင့် ယခု မိမိ မကျန်းမာသောအခါ အစစ အရာရာ ပြည့်စုံရ၏၊ တော်မွတ်ခေါင်းပါး သူတို့၌ ပေးလှူခဲ့သော ကမ်ကြောင့် အားလုံး တော်မွတ်သော အခါကာလနှင့် တွေ့ကြုံရငြားသော်လည်း

မိမိမှာကား ငတ်မွတ်သော အခါနှသို့ မရောက်ရ၊ ဝပြိုးသော အခါနေ့မျိုးနှင့်သာ ကြုံကြိုက်ရ၏။ ကောက်ဦး,သစ်သီးဦးတို့ကို လှူခဲ့ဘူးသူတို့သည် အားလုံး ရသင့်ရထိုက်သော အကျိုး အခါနီ သင်များကို မိမိသာ ရှေးဦးစွာ ရအပ်၏။ အရှင်ကောဏ္ဍည မထေရ်သည် ကောက်ဦး လှူဒါန်းခဲ့မှုကြောင့် ယခု ငါတို့ ဘုရားရှင်၏ တရားတော်ကို အစအဦးဆုံး သိရကြောင်း ကျမ်းဂန်၌ ထင်ရှားစွာရှိပေ၏။ ဤကား ကာလအား လျော်စွာသော ကာလဒါန အလှူရှင်တို့ အကျိုးတည်း။ ။ဤသို့သော အကြောင်း အထွေပြွတ် တို့ကို ထောက်ထား၍လည်း ကမ္ဘာသကတဥာဏ် ပိုင်နိုင်ကြပါစေကုန်သတည်း။ ။ထိုမှတပါး သုမနမင်းသမီး လျှောက်ထား သဖြင့် ဒါနကုသိုလ်ရှိ,ဒါနကုသိုလ်မဲ့ နှစ်ဦးတို့၏ အထူးကို ဟောတော်မူသည်မှာ—

[အင်္ဂုတ္တရ-ဋ္ဌ] ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ဒေဝဘူတော သမာနော ပဉ္စဟိ ဌာနေဟိ အဓိဂ္ဂဏှာတိ၊ ဒိဗ္ဗေန အာယုနာ, ဒိဗ္ဗေန ဝဏ္ဏေန, ဒိဗ္ဗေန သုခေန, ဒိဗ္ဗေန ယသေန, ဒိဗ္ဗေန အဓိပတေယျေန။

နက်ထူး။ ။သုမနမင်းသမီး၊ အကြင်ပုဂ္ဂိုလ်သည် ပေးကမ်းစွန့်ကြဲ လှူဒါန်းတတ်၏၊ ထိုပေးလှူတတ်သော ပုဂ္ဂိုလ်သည် မပေးမလှူတတ်သည့် ထိုမည်သော ပုဂ္ဂိုလ်ကို နတ်ဖြစ်သည်ရှိသော် နတ်၌ဖြစ်သော အသက်ရှည်ခြင်းဖြင့်၎င်း,နတ်၌ဖြစ်သော အဆင်းလှခြင်းဖြင့်၎င်း,နတ်၌ဖြစ်သော ချမ်းသာခြင်းဖြင့်၎င်း,နတ်၌ဖြစ်သော အခြံအရံ အကျော်အစောဖြင့်၎င်း,နတ်၌ဖြစ်သော အစိုးရခြင်းဖြင့်၎င်း ဤငါးပါးသော အကြောင်း, အခွင့်အရေးတို့ဖြင့် လွှမ်းမိုး သာလွန်ပေ၏။ ။လူ၌ ဖြစ်ခဲ့သော် ထူးပါသေးသလား အရှင်ဘုရားဟု ထပ်မံ လျှောက်ထားသော အခါ ထူးကဲကြောင်း ဟောတော်မူသည်မှာ—

[အင်္ဂုတ္တရ-၌] ယော သော သုမနေ ဒါယကော၊ သော
အမုံ အဒါယကံ မနုဿဘူတော သမာနော
ပဉ္စဟိ ဌာနေဟိ အဓိဂ္ဂဏှာတိ၊ မာနုသကေန
အာယုနာ,မာနုသကေန ဝဏ္ဏေန,မာနုသကေန
သုခေန,မာနုသကေန ယသေန,မာနုသကေန
အဓိပတေယျေန။

**လူထူး။** ။သုမနမင်းသမီး၊အကြင်ပုဂ္ဂိုလ်သည် ပေးကမ်းစွန့်ကြဲ လှူဒါန်းတတ်၏ ထိုပေးကမ်း စွန့်ကြဲ လှူဒါန်းတတ်သော ပုဂ္ဂိုလ်သည် မပေးမကမ်း, မလှူဒါန်း တတ်သော ထိုမည်သော ပုဂ္ဂိုလ်ကို လူဖြစ်သည့် ရှိသော် လူ၌ ဖြစ်သော အသက်ရှည်ခြင်းဖြင့်၎င်း,လူ၌ဖြစ်သော ချမ်းသာခြင်းဖြင့်၎င်း,လူ၌ ဖြစ်သော အဆင်း လှ ခြင်း ဖြင့် ၎င်း, လူ ၌ ဖြစ်သော အခြံအရံ အကျော် အစော ဖြင့်၎င်း, လူ၌ ဖြစ်သော အစိုးရ ခြင်း ဖြင့်၎င်း ဤငါးပါးသော အကြောင်း, အခွင့် အရေး တို့ ဖြင့် လွှမ်း မိုး၏၊ သာလွန်၏။ ။တဖန် ရဟန်းဖြစ်သောအခါ မည်သို့မည်ပုံ ထူးခြားခြင်း ရှိပါသေးသလဲ အရှင်ဘုရား-- ဟု လျှောက်သဖြင့် ဟောတော်မူပြန်သည်မှာ—

[အင်္ဂုတ္တရ—၌] ယော သော သုမနေ ဒါယကော၊ သော
အမုံ အဒါယကံ ပဗ္ဗဇိတော သမာနော ပဉ္စဟိ
ဌာနေဟိ အဓိဂ္ဂဏှာတိ။ ယာစိတောဝ ဗဟုလံ
စီဝရံ ပရိဘုဉ္ဇတိ၊အပ္ပံ အယာစိတော။ ယာ စိ
တောဝ ဗဟုလံ ပိဏ္ဍပါတံ ပရိဘုဉ္ဇတိ၊ အပ္ပံ
အယာစိတော။ယာစိတောဝ ဗဟုလံ သေနာသနံ
ပရိဘုဉ္ဇတိ၊အပ္ပံ အယာစိတော။ ယာစိတောဝ
ဗဟုလံ ဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရံ ပရိ
ဘုဉ္ဇတိ၊အပ္ပံ အယာစိတော။ယေဟိ ခေါ ပန
သဗြဟ္မစာရီဟိ သဒ္ဓိံ ဝိဟရတိ၊တျသ မနာပေ

နေဝ ဗဟုလံ ကာယကမ္မေန သမုဒါစရန္တိ၊ အပ္ပံ အမနာပေန။ မနာပေနေဝ ဗဟုလံ ဝစီကမ္မေန သမုဒါစရန္တိ၊အပ္ပံ အမနာပေန။ မနာပေနေဝ ဗဟုလံ မနောကမ္မေန သမုဒါစရန္တိ၊ အပ္ပံ အမနာပေန။မနာပေနေဝ ဗဟုလံ ဥပဟာရံ ဥပဟရန္တိ၊အပ္ပံ အမနာပံ။ယော သော သုမနေ ဒါယကော သော အမုံ အဒါယကံ ပဗ္ဗဇိတော သမာနော ဣမေဟိ ပဉ္စဟိ ဌာနေဟိ အဓိဂ္ဂဏှာတိ။

ရဟာန်းဘူး။ ။သုမနမင်းသွီး၊အကြင်သူသည် ပေးကမ်း စွန့်ကြဲ လှူဒါန်းတတ်၏၊ထိုပေးကမ်းစွန့်ကြဲ လှူ ဒါန်းတတ်သော သူသည် မပေးကမ်း,မစွန့်ကြဲ,မလှူဒါန်းတတ်သော ပုဂ္ဂိုလ်ကို ရဟန်းဖြစ်သည်ရှိသော် ငါးပါးကုန်သော အရာ ဌာန အခွင့်အရေးတို့ဖြင့် သာလွန်ကုန်၏၊ငါးပါးကုန်သော အရာဌာန, အခွင့်အရေးတို့ ဟူသည်မှာ—

(၁) သုံးဆောင်တော်မူပါဟု တောင်းပန်အပ်သည်ဖြစ် ၍ သာလျှင် များစွာသော သင်္ကန်းကို ဝတ်ရုံ သုံးဆောင်ရ၏၊အနည်းငယ်သော သင်္ကန်းကို မှတောင်း ပန် အပ်သည် ဖြစ်၍ သာလျှင် သုံးဆောင်ရ၏။တောင်းပန်အပ်သည် ဖြစ်၍သာလျှင် များစွာသော ဆွမ်းကို သုံးဆောင်ရ၏၊အနည်းငယ်သာ မတောင်းပန်အပ်သော ဆွမ်းကို သုံးဆောင်ရ၏။ တောင်းပန် အပ် သည် ဖြစ်၍သာလျှင် များစွာသော ကျောင်း,အိပ်ရာ,နေရာကို သုံးဆောင်ရ၏၊အနည်းငယ်သာ မတောင်းပန်အပ်သော ကျောင်း, အိပ်ရာ,နေရာကို သုံးဆောင်ရ၏။တောင်းပန်အပ်သည် ဖြစ်၍သာလျှင် သူနာတို့၏ အထောက်အပံ့,ဆေးပစ္စည်း အရုံအတားကို သုံးဆောင်ရ၏၊ အနည်း ငယ်သာ မ

တောင်းပန်အပ်သော သူနာတို့၏ အထောက်အပံ့အရံ အတား ဖြစ်သော ဆေးပစ္စည်းကို သုံးဆောင်ရ၏။

(၂) စင်စစ်သော်ကား အကြောင်း သိတင်း သုံးဖော်တို့နှင့် အတူတကွ နေ၏၊ထိုသိတင်းသုံးဖော်တို့သည် ထိုပေး လှူခဲ့ဘူးသော ရဟန်းအား နှစ်သက်ဘွယ်သာလျှင်ဖြစ် သော ကာယကမ်ဖြင့် အကြိမ်များစွာ ပြုအပ်သော အမှုကို ပြုကုန်၏၊ အနည်း ငယ်သာ မနှစ်သက်ဘွယ် သော ကာယကမ်ဖြင့် ပြုအပ်သောအမှုကို ပြုကုန်၏။

(၃) နှစ်သက်ဘွယ်သာလျှင်ဖြစ်သောဝစီကမ်ဖြင့်အကြိမ် များ စွာပြုအပ်သော အမှုကို ပြုကုန်၏၊အနည်းငယ်သာ မနှစ်သက်ဘွယ်သော ဝစီကမ်ဖြင့် ပြုအပ်သော အမှု ကို ပြုကုန်၏။

(၄) နှစ်သက်ဘွယ်သာလျှင် ဖြစ်သော မနောကမ်ဖြင့် အကြိမ်များစွာပြုအပ်သောအမှုကိုပြုကုန်၏၊အနည်းငယ် သာ မနှစ်သက်ဘွယ်သော မနောကမ်ဖြင့် ပြုအပ်သော အမှုကို ပြုကုန်၏။

၅။၊ နှစ်သက်ဘွယ်သော အမှုအရာဖြင့်သာလျှင် အကြိမ်များ စွာ ရှေးရှု ဆောင်အပ်သော ဝတ္ထုကို ရှေးရှုဆောင် ကုန်၏၊ မနှစ်သက်ဘွယ်သော ဝတ္ထုကို အနည်းငယ် မျှသာ ရှေးရှုဆောင်ကုန်၏။ သုမနမင်းသွီး......အကြောင် သူသည် ပေကမ်းစွန့်ကြဲ လှူဒါန်းတတ်၏။ ထိုသူသည် မပေးမကမ်း, မလှူဒါန်းတတ်သော ထိုသူကို ရဟန်း ဖြစ်သည့်ရှိသော် ဤငါးပါးသော အရာဌာန, အခွင့်အ ရေးတို့ဖြင့် လွှမ်းမိုးသာလွန်၏။ ။ထိုရဟန်းနှစ်ပါးတို့ နိဗ္ဗာန်ရွေနန်းသို့ စံမြန်းသောအခါ၌ကား ကာလအထူး မရှိကြောင်း ဟောတော်မူ၏။ ဤနေရာ၌ သိသင့်သိ ထိုက်သည်အားလျော်စွာ ဓမ္မအမွေ, အာမိသအမွေ အ ပြားနှင့်တကွ ပြုကျင့်နည်းကို ဆက်၍ပြဦးအံ့——

[မူလပံ-ဌ] ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ။ ဝုမ္မောပိ ဒုဝိဓော နိပ္ပရိယာယဝမ္မော, ပရိယာယဝမ္မော၊ အာမိသမ္ပိ ဒုဝိဓံ နိပ္ပရိယာယာမိသံ, ပရိယာယာမိသန္တိ။ ။

**အဓိပ္ပါယ်ဆီ** ။ချစ်သားရဟန်းတို့.....ငါဘုရား၏ တရားအမွေခံတို့ ဖြစ်ကြကုန်လော၊ဆွမ်းစသော အာမိသ၏ အမွေခံတို့ မဖြစ်ကြကုန်လင့်။ တရားတော်သည်လည်း မုချဖြစ်သော တရားတော်ရင်း, ပရိယာယ်-ဥပစာ၏ ဖြစ်သော တရားတော်ရင်း ဤသို့ နှစ်ပါး အပြားရှိ၏။ အာမိသသည်လည်း မုချဖြစ်သော အာမိသရင်း, ပရိယာယ်-ဥပစာ၏ ဖြစ်သော အာမိသရင်း ဤသို့ နှစ်ပါး အပြားရှိ၏။ ။ဓမ္မအပြား နှစ်ပါးတို့တွင် မုချဖြစ်သော တရားတော် ဟူသည်မှာ—

[မူလပံ-ဌ] မဂ္ဂဖလ နိဗ္ဗာနဘေဒေါ ဟိ နဝဝိဓော လောကုတ္တရဓမ္မော နိပ္ပရိယာယဓမ္မော။

**တရားစစ်**။ ။ချုပ်ငြိမ်းအံ့၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကွဲပြားသော ကိုးပါးအပြားရှိသည်လည်းဖြစ်သော လောကုတ္တရာတရားသော်သည် မုချတရားတော်မည်၏။ ။ပရိယာယ်-ဥပစာ၏ မည်သော တရားတော် ဟူသည်မှာ——

[မူလပံ-ဌ] ဣဓ ကေစ္စော ဝိဝဋ္ဋံ ပတ္ထေန္တော ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဂန္ဓမာလာဒီဟိ ဝတ္ထုပူဇံ ကရောတိ၊ ဓမ္မံ သုဏာတိ၊ဒေသေတိ၊ဈာနသမာပတ္တိယော နိဗ္ဗတ္တေတိ၊ ဧဝံ ကရောန္တော အနုပုဗ္ဗေန နိပ္ပရိယာယဓမ္မံ အမတံ နိဗ္ဗာနံ ပဋိလဘတိ၊ အယံ ပရိယာယဓမ္မော။

**အဓိုးရံတရား**။ ။ဤလောက၌ အချို့သော သူသည် ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တလျက် အလှူ

ဝတ္ထုကို ပေးလှူ၍၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တလျက် ငါးပါးသီလ, ဆယ်ပါးသီလ, ရဟန်းတို့သီလကို ဆောက်တည်၍၊ ရှစ်ပါးသော ဥပုသ်ဆောက်တည်ခြင်း အမှုကို ပြု၍၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တလျက် နံ့သာ, ပန်း စသည်တို့ဖြင့် ရတနာသုံးပါးအား ပူဇော်ခြင်းကို ပြု၍၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တလျက် တရားတော်ကို နာယူ၍၊ တရားတော်ကို ဟော၍၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တလျက် ဈာန်, သမာပတ်တို့ကို ဖြစ်စေ၍၊ ဤသို့ ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တလျက် ပြုသည့်ရှိသော် အစဉ်သဖြင့် မချတရားတော်ဖြစ်သော အမြိုက်နိဗ္ဗာန် ကို ရ၍၊ ဤတရားသည်ကား ပရိယာယ်-ဥပစာရ်တရား မည်၏။ ။ယာချစေတ်အခါ ဒါန, သီလကို လှူဒါန်း, ဆောက်တည်သော သူတော်ကောင်းတို့သည် ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင်းတမှ မကင်းပါမှ ပရိယာယဓမ္မ ဖြစ်နိုင်ကြပေမည်။ ။အာမိသနှစ်ပါးတို့တွင် နိပ္ပရိယာယ-အာမိသကို ပြပေအံ့—

[မူလပံ-၁၁] ဇိဝရာဒယော စတ္တာရော ပစ္စယာ နိပ္ပရိယာယာမိသမေဝ။

ပစ္စည်းစဉ်။ ။သင်္ကန်းအစရှိကုန်သော လေးပါးကုန်သော ပစ္စည်းတို့သည် မချဆတ်ဆတ်ဖြစ်သော အာမိသ မည်ကုန်သည်သာလျှင်တည်း။ ။ [ဤတရားတော်ကို ရဟန်းတို့အား အဦးအမျှးပြု၍ ဟောတော်မူခြင်းကြောင့်သာ ''ဇိဝရာဒယော'' (သင်္ကန်းအစရှိကုန်သော)ဟု ဟောတော်မူသည်၊ လူဒါယကာ,ဒါယိကာမတို့အားလည်း ရသင့်ရထိုက်၏]၊ ပဉ္စပြုန်ဘဝ၌ ခံစားမှုကို ရှေးရှုလျက် ဒါနမှု,သီလမှုကို ပြုသဖြင့် ရရသမျှသော အသုံးအဆောင်တို့သည် မချဆတ်ဆတ်ဖြစ်သော အာမိသ မည်ကုန်သည်သာလျှင်တည်း၊ အတိုချုပ်မှာ—ပစ္စုပ္ပန်အကျိုးဖြစ်ပေါ် မှု ဟူဟူသမျှသည် နိပ္ပရိယာယ—အာမိသ ဖြစ်၏၊

မျိုးစေ့မရှိသော သစ်သီးနှင့် တူ၏၊ ယခုဘာဝဝမ်းဝရုံမျှ အကျိုး ရှိပေသည်။ ။အာမိသဒါနနှင့် အာမိသမည်ခြင်း၏ အကြောင်း ကို ဆက်၍ပြဦးအံ့—

[ဓာတ်ဝတ်-ဋ္ဌ] အာမိသဒါနန္တိ စတ္တာရော ပစ္စယာ ဒေယျ ဘာဝဝသေန အာမိသဒါနံနာမ။ တေ ဟိ တဏှာဒီဟိ အာမသိတဗ္ဗတော အာမိသန္တိ ဝုစ္စတိ။ တေသံ ဝါ ပရိစ္စာဂစေတနာ အာမိ သဒါနံ။

**တဏှာအခရုံ။** ။အာမိသဒါန ဟူသည့်ကား— လေးပါးကုန် သော ပစ္စည်းတို့သည် ပေးလှူအပ်သည့်၏ အစွမ်းဖြင့် အာမိသဒါန မည်၏၊ ထိုစကား မှန်လေ၏၊ ထိုလေး ပါးသော ပစ္စည်းတို့ကို တဏှာ စသည့်တို့ဖြင့် သုံးသပ်အပ် သည့်၏အဖြစ်ကြောင့် အာမိသဒါနဟူ၍ ဆိုအပ်၏။ ။တနည်း၊ ထိုလေးပါးသော ပစ္စည်းတို့ကို စွန့်လှူကြောင်းဖြစ်သော စေတ နာသည် အာမိသဒါနမည်၏။ ။မုချဆတ်ဆတ်ဖြစ်သော အာ မိသမှတပါး နောက်ဘဝ အဆက်ဆက်၌ ခံစားလိုသဖြင့် ပြုအပ် သော ပရိယာယ—အာမိသကို ပြဦးအံ—

[မူလဋီ-ဋ္ဌ] ဇာဝကဘွော ဝဋ္ဋံ ပတ္တေန္တော သမ္ပတ္တိဘဝံ ဇာနာမာနော ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဂန္ဓမာလာဒီဟိ ဝတ္ထုံ ပူဇံ ကရောတိ၊ ဓမ္မံ သုဏာတိ၊ ဒေသေတိ၊ ဈာ နသမာပတ္တိယော နိဗ္ဗတ္တေတိ၊ ဧဝံ ကရောန္တော အနုပုဗ္ဗေန ဒေဝမနုဿသမ္ပတ္တိံ ပဋိလဘတိ၊ ဣဒံ ပရိယာယာမိသနာမ။

**အနိုးခံပစ္စည်း။** ။ဤလောက၌ အချို့သောသူသည် ဝဋ် ကို တောင့်တသည်ဖြစ်၍၊ ဘဝ၏ ပြည့်စုံခြင်းကို

လိုချင်တောင့်တသည်ဖြစ်၍ လှူဘွယ်ဝတ္ထုကို ပေးကမ်း စွန့်ကြဲ လှူဒါန်း၏၊သီလကို ဆောက်တည်၏၊ဥပုသ်ကမ်ကို ပြု၏၊နံ့သာ, ပန်း စသည်တို့ဖြင့် ရတနာသုံးပါးတို့အား ပူဇော်ခြင်းကိုပြု၏၊ တရားနာ၏၊တရားဟော၏၊ဈာန်သမာပတ်တို့ကို ဖြစ်စေ၏၊ဤသို့ ပြုသည့်ရှိသော် အစဥ်အားဖြင့် လူချမ်းသာ,နတ်ချမ်းသာကို ရ၏၊ ဤသို့ ရခြင်းသည်'ပရိယာယ အာမိသ'မည်၏။ ။ယခုကာလ၌ ဤစိတ်မျိုးဖြင့် ပြုကြသော ကုသိုလ်က များသည်ဟု ဆိုခဲ့သော် ကုသိုလ်ပြုသူတို့ မခံမရပ်နိုင် ရှိကြပေမည်။ အထူးအားဖြင့် စိတ်ကိုပြင်ကြဘို့ရန် သတိဖြစ်စေသင့်သည်၊မပြင်နိုင်လျှင်သဘော အလျောက် ဝန်သို့ လည်တတ်ပေသည်၊ဝန်သို့ မလည် အောင် ကုသိုလ်ကောင်းမှု ပြုသူကား နည်းပါးလှပေသည်၊ကုသိုလ်စိတ် ဖြစ်အောင် သတိကောင်း ကိုယ်စီကိုယ်ငှ ထားသင့်၏။ ။ကာယ ကမ် ကုသိုလ်,ဝစီကမ်ကုသိုလ် မပါဘဲ သက်သက် မနောကမ် ကုသိုလ် ဖြစ်နေရုံမျှဖြင့် ရအပ်သော အကျိုးကို ထုတ်ဆောင်၍ ပြဦးအံ့—

မနသာ ဒါနံ မယာ ဒိန္နံ,မနသာ ပသာဒ မာဝဟိံ၊
ပူဇိတာ သမ္ဗုသမ္ဗုဒ္ဓါ,ပစ္စေကာ ဇိနသာဝကာ။
တေန ကမ္မေန သုကတေန,စေတနာ ပဏိဓိဟိစ။
ဇဟိတွာ မာနုသံ ဒေဟံ,တာဝတိံသ မဂစ္ဆဟံ။
ဒုဝေ ဘဝေ ပဇာနာမိ,ဒေဝတ္တေ အထ မာနုသေ။
အညံ ဂတိံ န ဇာနာမိ,မနသာ ပတ္ထနာ ဖလံ။

[ထေရာပဒါန်-ဋ္ဌ]

မနောကမ်း ။ငါဘုရားအလောင်း တော်သည် စိတ်ဖြင့် အလှူကို ပေးလှူဘူးပြီး၊စိတ်ဖြင့် ကြည်ညိုခြင်း ကို ရွက်ဆောင်ဘူးပြီ၊ အလုံးစုံသော မြတ်စွာ ဘုရားတို့ ကို၎င်း, အသီးသီး ပွင့်တော်မူကုန်ပြီးသော ပစ္စေကဗုဒ္ဓါဘုရားတို့ကို၎င်း, ထိုထိုဘုရားရှင်၏ တပည့်သား သံဃာတော်တို့ကို၎င်း,စိတ် ဖြင့်

ဖူးဇော်အပ်ကုန်ပြီ၊ငါဘုရားလောင်းသည် ကောင်းစွာပြုအပ်သော ထိုကောင်းမှု ကမ်ကြောင့်ရင်း, စိတ်ကို ဆောက်တည် ခြင်း တို့ ကြောင့်ရင်း,လူ့ဘဝကို စွန့်လွှတ်ပြီး၍ တာဝတိံသာ နတ်ပြည်သို့ ရောက်ဘူးပြီ၊ငါဘုရားအလောင်းသည် တာဝတိံသာနတ်အဖြစ်၌ ဂုင်း,ထို့ပြင် လူ၏ အဖြစ်၌ရင်း ဤသို့ နှစ်ပါးကုန်သော ဘဝတို့ကို သိရပေ၏၊လူအဖြစ်,နတ်အဖြစ်မှ တပါးသော အပါယ်၌ ဖြစ်ရ ခြင်းကို မသိရပေ၊ ဤသို့ အပါယ်၌ ဖြစ်ရခြင်းကို မသိရခြင်း သည် စိတ်ဖြင့် တောင့်တခြင်းကြောင့် ဖြစ်ရသော အကျိုးပေ တည်း။ ။

ဤအရာ၌ဒါနန၌ ကာယကမ်,ဝစီကမ် မပါသက်သက် မနော ကမ်မျှကိုသာ ဟောတော်မူခြင်း ဖြစ်ပေ၏၊ အလောင်း တော် သည် ကိုယ်,နှုတ်ဖြင့် ပြုလုပ်လှူဒါန်းရာ တင်းမတိမ် နိုင် သည် ဖြစ်၍ မိုးယံပါးနီးအောင် ကျောင်းတော်ကြီးကို စိတ်ဖြင့် ဆောက် လုပ်ပြီး ပွင့်တော်မူကုန်သော သမ္ဗာသမ္ဗုဒ္ဓ,ပစ္စေကဗုဒ္ဓ, သာဝက ရဟန္တာ အရှင်မြတ်တို့ကို စိတ်တော်ဖြင့် ပင့်ဆောင်ပြီးလျှင် ထို ကျောင်းတော်ကြီး၌ သိတင်းသုံးစေလျက် ဧက်ပျော့ပတ် ကဲ့သို့ အထပ်ထပ်သော တိစီဝရိက်သက်နိုး စသော ရဟန်းတို့၏ အ သုံးအဆောင်နှင့် မွန်မြတ်သော ဆွမ်း,ဘောဇဉ် တို့ကို စိတ် တော်ဖြင့် လှူခဲ့ဘူးခြင်းကြောင့် လူ, နတ် ချမ်းသာမှ တပါး အပါယ်သို့ မလားမရောက်ရခြင်းကို ဟောတော်မူပေ၏၊ဤ သို့ သော သဘောကို အယူမှားဖြင့် အတုယူပြီး စိတ်ဖြင့် ကုသိုလ် ပြုလျှင်လည်း ပြီးတာပါဘဲ ပစ္စည်းကို အကုန်ခံ လှူဘို့ ရာ ဘယ် မှာလိုမလဲ-ဟု အလွဲကြီးလွဲအောင် ယူမိပါလျှင် ဆေး ကြောင့် ဖြစ်သော ရောဂါကဲ့သို့ အကုရခက်သဖြင့် နရက်သို့ ဆက်ဆက် မသွေ ရောက်လတ္တံ့—ဟု ပုံသေ မှတ်သားသင့်ပေသည်၊ မှတ် သားကြပေတော့။ ။ကာယကမ်, ဝစီကမ် မပါ မနော ကမ် စေတနာ တခုကိုပင် ကျေးဇူးများကြောင်း ထောက်ခံသောအနေ ဖြင့်-—

[မူလပံ-ဠ] မိစ္ဆာပဏိဓိ ဓော အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟူပကာရံ ဝဒါမိ၊ ကော ပန ဝါဒေါ ကာယေန,ဝါစာယ အနုဝိဓိယနာသု။

ဒိဘ်မြဘ်။ ။ချစ်သား စုန္ဒ၊ ငါဘုရားသည် ကာယကမ် ကုသိုလ်,ဝစီကမ်ကုသိုလ်,မနောကမ်ကုသိုလ် သုံးပါးတို့တွင် မနောကမ်ကုသိုလ်စိတ် ဖြစ်ခြင်းမျှကို လည်း များသော ကျေးဇူးရှိ၏-ဟု ဟောတော်မူ၏၊ကိုယ်ဖြင့်ငင်း,နှုတ်ဖြင့်ငင်း,အကြိမ်ကြိမ် အဖန်ဖန် စိမ့်ခန့်ခွဲခြင်းတို့၌ အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း။ ။ဟု အဋ္ဌကထာ၌ ဘုရားရှင့်စကားတော်ကို ကိုးကား မိန့်မှာတော်မူခဲ့ပေသည်။

ခြားနားမုံ။ ။ဒါနကုသိုလ်အရာ၌ ကာယကမ်, ဝစီ ကမ် ကုသိုလ်နှစ်ပါးသည် ပိုလွန်သော အကျိုးကို ဖြစ်စေနိုင်သည်၊မနောကမ်ကုသိုလ်သည်ကား အထောက်အပံ့မျှသာ၊ ဘာဝနာကုသိုလ်အရာ၌ကား......မနောကမ်သည် အထက် မျက်ဆုံး ဖြစ်သည်၊ကာယကမ်နှင့် ဝစီကမ်ကုသိုလ်တို့ကားဘာဝနာ၌ ပါဝင်ရုံမျှဖြစ်နိုင်သည် ဟူသော အနေမျိုးဖြင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌ ပြတော်မူ၏။ကာယကမ်,ဝစီကမ်,မနောကမ် သုံးပါးဖြင့် ပြည့်စုံစွာ ပြုနိုင်အံ့ အနည်းငယ်သော အလှူဝတ္ထုပင် ဖြစ်စေကာမူ အကျိုး ကြီးမြတ်ပေသည်။

ကေဥမ္ဗာရပုပ္ဖမ္ပိ ဗုဒ္ဓဂုဏံ အနုဿရိတွာ ပူဇေတွာသ ဖလံ ဗုဒ္ဓဥာဏေန ပရိစ္ဆိန္ဒိတုံ န သက္ကာ။

ရှင်လန်းဘွယ်။ ။တပွင့်သော အောက်မဲ ညိုပန်းကိုလည်း ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ဆင်ခြင်၍ ပူဇော်သော စေတနာရှင်၏ အကျိုးကိုဘုရားရှင်၏ ဉာဏ်တော်ဖြင့် ဤ၍,ဤမျှ အကျိုးရှိ၏-ဟု ပိုင်းခြားခြင်းငှာ မတတ်နိုင်။ ။ဤမျှသော အလှူဝတ္ထုဖြင့် အကျိုးပေးပုံကို ယုံကြည်အံ့ လှူဒါန်းမှုကို ပြုလေ့ရှိသော သူတော်ကောင်းတို့ ဝမ်း

ခြောက်ဘွယ်ဖြစ်ပေ၏၊ ကြည်ညိုသော စိတ်ဖြင့် အလှူတခုကိုပြုသော် ဘုရားရှင်နှင့် သာဝကဟူ၍ အလှူခံပုဂ္ဂိုလ် ကွဲပြားသော်လည်း အကျိုးပေး တူမျှကြောင်း သက်တော် ထင်ရှား ရှိသော ဘုရားရှင်နှင့်ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော ဘုရားရှင်၌လည်း စိတ်ကို ပြုပြင်၍ တူညီစွာ ထားနိုင်ခဲ့သော်အကျိုးတူညီစွာ ရရှိပေသည်။

နတ္ထိ စိတ္တေ ပသန္နမှိ,အပ္ပကာနာမ ဒက္ခိဏာ၊
တထာဂတေဝါ သမ္ဗုဒ္ဓေ,အထဝါ တဿ သာဝကေ။
တိဋ္ဌန္တေ နိဗ္ဗုတေစာပိ,သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိဟေတု ဟိ,သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

[ဝိမာနဝတ္ထု—၃၅]

**အထူးမရှိပုံ**။ ။ရှေးဘုရားတို့ကဲ့သို့လာခြင်းကောင်းတော်မူသော ဘုရားရှင်၌၎င်း,သို့မဟုတ်ထို ဘုရားရှင်၏ တပည့်သာဝက၌၎င်း,စိတ်သည် ကြည်ညို ခဲ့သည်ရှိသော် အလှူသည် အကျိုးနည်းသည် မည်သည် မရှိ။ သက်တော် ထင်ရှားရှိတော်မူသော ဘုရားရှင်၌၎င်း,ပရိနိဗ္ဗာန်စံလွန်ပြီးသော ဘုရားရှင်၌၎င်း စိတ်ကြည်ညိုခြင်းတူမျှခဲ့သော် အကျိုးသည်အတူအမျှဖြစ်ပေ၏၊စိတ်ကို ကောင်းစွာ ဆောက်တည်ခြင်း တည်းဟူသော အကြောင်းကြောင့် သတ္တဝါတို့သည် သုဂတိဘုံသို့ လား ကြ ရကုန် ၏။ ။ထိုကြောင့် စိတ် ကို ပြုပြင် မှု အလွန် လို အပ် ပေသည်။ဤသို့သော ဂုဏ်ထူးရှိတော်မူသော ပုဂ္ဂိုလ်မြတ်တို့ အား လှူဒါန်းရာ၌ အကျိုး ကြီးမားလှသည်မှာ အံ့ဩဘွယ်ရာ မဟုတ်ပေ၊လမ်းသွားရင်း ခြေနှစ်လှမ်းစာမျှသော နေရာ၌ အနီးမှာ တွေ့ရှိသော နွားဦးခေါင်းရိုးကလေးကို ခြေနှစ်လှမ်းစာ၏ အလယ်၌ တံတားခင်းမှုကြောင့် နတ်မြင်းပျံကို ရရှိခြင်းသည် အံ့ဩဘွယ်ရာ ကောင်းလှပေသည်။

[ပေတဝတ္ထု-ဋ္ဌ] သော ဂေါသိသေန သေတုနော ကတတ္တာ သေတဝဏ္ဏံ ဒိဗ္ဗံ မနောဇဝံ အဿာ ဇာနီယံ ပဋိလဘာတိ။

**ထူးဆန်းမှု**။ ။ထိုအခါတ်မဝတ်ရသော ဘုမ္မဒိုဝ်းနတ်သည် နွားဦးခေါင်းရိုးဖြင့် တံတား ပြုခဲ့ခြင်းကြောင့် ဖြူသော အဆင်းရှိသော နတ်၌ဖြစ်သော စိတ်ကဲ့သို့ လျှင်မြန်သော အာဇာနီမြင်းကြီးကို ရပေ၏။ ။၎င်းကိုထောက်၍ သွားရင်း,လာရင်း ကုသိုလ်ဖြစ်အောင် ပြုလုပ်ပြီး သွားလာဘို့ အလွန်ကောင်းပေ၏။ အလှူခံပုဂ္ဂိုလ်နှင့် စပ်၍ ပုဂ္ဂိုလ်ယုတ်, ပုဂ္ဂိုလ်မြတ်တို့အား လှူဒါန်း၍ ရသော အကြောင်း,အကျိုးကို ဆက်၍ပြဦးအံ့—

[ဥပရိပဏ္ဏာ-ဋ္ဌ] တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ၊ ပုထုဇ္ဇနေ ဒုဿီလေ ဒါနံ ဒတွာ သဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ၊ ပုထုဇ္ဇနေ သီလဝန္တေ ဒါနံ ဒတွာ သတသဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ၊ ဗာဟိရကေ ကာမေသု ဝီတရာဂေ ဒါနံ ဒတွာ ကောဋိသတသဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။

**ဝမ်းသာဘွယ်**။ ။တိရစ္ဆာန်သတ္တဝါအား လှူဘွယ်ကို ပေးလှူသည်ရှိသော် အရာသော အကျိုးရှိသော အလှူကို အလိုရှိအပ်၏။ ။

အဓိပ္ပါယ်မှာ။ ။မိမိ၏အကျိုးကိုမရှက်ဆောင်သော ပြင်ပရှိ တိရစ္ဆာန် တကောင်အား တကြိမ် တခါ အစာ ဝစွာ ကြွေးမွေးခဲ့လျှင် ဘဝတရာ၌ အသက်ရှည် ခြင်း တရာ၊ အဆင်းလှခြင်းတရာ၊ချမ်းသာခြင်းတရာ၊ခွန်အားကြီးခြင်း တရာ၊ ပညာကြီးခြင်းတရာ၊၎င်းသို့သော အကျိုးကို ရအပ်၏။ မိမိ၏ အကျိုးကို ဆောင်ရွက်သော ကိုယ့်အိမ်၌ မွေးထားသော နွား, မြင်း,ခွေး, ဝက်,ကြက်, ကြောင် စသည်ကို မဆိုလို-ဟု အဋ္ဌ

ကထာ၌ အဆုံးအဖြတ်ရှိပေသည်။ ဤအကျိုးသည် တကောင်အတွက်သာ ဖြစ်၍ တိရစ္ဆာန်များလျှင် အကျိုးပေးလည်း များပေမည်။

ပုထုဇ္ဇန် ဒုဿီလပုဂ္ဂိုလ်အား လှူသည်ရှိသော် အထောင်သော အကျိုးရှိသော အလှူကို အလိုရှိအပ်၏။အဓိပ္ပါယ် မှာ—တံငါ, မုဆိုးစသော သီလလုံးဝမရှိသော ပုဂ္ဂိုလ် တယောက်အား လှူခဲ့လျှင် ဘဝတထောင်၌ အသက်ရှည်ခြင်း,အဆင်းလှခြင်း,ချမ်းသာခြင်း,ခွန်အားကြီးခြင်း,ပညာကြီးခြင်း အကျိုးကို ရအပ်၏-ဟု ဆိုလိုသည်။ ။ပုထုဇ္ဇန် သီလရှိသောပုဂ္ဂိုလ် တယောက်အား အလှူဝတ္ထုကို ပေးလှူသည်ရှိသော် အသိန်းသော အကျိုးရှိသော အလှူကို အလိုရှိအပ်၏။ ။အဓိပ္ပါယ်မှာ—သရဏဂုဏ်မရှိ ဘုရား, တရား,သံဃာ ဟူသော အသံကိုမျှ မကြားဘူးဘဲ အလိုအလျောက် သူတပါးအသက်ကို မသတ်,သူတပါးဥစ္စာကို မခိုးခြင်းစသော သဘောရိုးဖြင့် ငါးပါးသီလ ရှိသည့် ပုဂ္ဂိုလ်အား လှူလျှင် ဘဝတသိန်း၌ အာယု,ဝဏ္ဏ,သုခ, ဗလ, ပဋိဘာန ဤငါးပါးသော အကျိုးကို အလိုရှိအပ်၏-ဟု ဆိုလိုသည်။ယခုသာသနာတော်တွင်း၌ သရဏဂုဏ်တည်ရှိသောပုဂ္ဂိုလ်များကိုမူကား သောတာပန်အဖြစ်သို့ ရောက်အောင်ကျင့်သော ပုဂ္ဂိုလ်အတန်းအစား၌ ထည့်သွင်းထားပေသည်။ သာသနာပ၌ ဖြစ်သော ကာမဂုဏ်တို့၌ တပ်ခြင်းကင်းသော ဈာန်ရ ပုဂ္ဂိုလ် အား ပေးလှူသည်ရှိသော် ကုဋေတသိန်း အကျိုးရှိသော အလှူကို အလိုရှိအပ်၏။ ဤပုဂ္ဂိုလ်သည် သာသနာပအခါ၌ အမြတ်ဆုံး အလှူခံပုဂ္ဂိုလ် ဖြစ်ပေသည်။ ။သာသနာတော်အတွင်း၌ ဖြစ်သော အလှူခံပုဂ္ဂိုလ်ကို ဆက်၍ပြဦးအံ့—

[ဥပရိပံ-၃၉] သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒိန္နံ ဒတ္တာ အသင်္ချေယျာ အပ္ပမေယျာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ၊ကော ပန ဝါဒေါ သောတာပန္နေ။

**ခဉ်းစားပါ။** ။သောတာပတ္တိမဂ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်အားပေးလှူသည့်ရှိသော် မရေမတွက်နိုင် မနှိုင်းယှဉ်နိုင်သော အကျိုးရှိသော အလှူကို အလိုရှိအပ်၏။သောတာပန်ပုဂ္ဂိုလ်၌ လှူသော်ကား အဘယ်မှာ ပြောဆိုဘွယ်ရှိအံ့နည်း။ ။ဘယ်နည်းနှင့်မျှ မရေမတွက် နိုင်တော့ပေ။ (ဤ၌ 'မရေမတွက်နိုင်'ဟု ဆိုသည့်မှာ-ဇရာဝတီမြစ်၌ ရှိသော သဲပွင့်အပေါင်းကို မရေမတွက်နိုင်သကဲ့သို့ ဖြစ်၏။)ဤသို့ဆိုပါလျှင် ယခုကာလ၌ ရှိကြသော လူ,ရှင်,ရဟန်းတို့သည် အဘယ်ပုဂ္ဂိုလ်နှင့် တူပါသနည်း၊ဤပုဂ္ဂိုလ်တို့၌ ပေးလှူခဲ့သော် အဘယ်မျှသော အကျိုးကို ခံစားရပါအံ့နည်း—ဟု မေးခဲ့သော် အောက်ပါ ပါဠိတော်အတိုင်း ဖြေဆိုအပ်၏။

[ဥပရိပံ-ဋ္ဌ] ယောဗ္ဗိမကောဝိုယာ တိသရဏံ ဂတော ဥပါသကောပိ သောတာပတ္တိဖလ သစ္ဆိကိရိ ယာယ ပဋိပန္နောနာမ၊ တသ္မိံ ဒိန္နဒါနမ္ပိ အ သ င်္ချေ ယျံ၊ အပ္ပမေယျံ။

**အထူး ဝမ်းသာ ဘွယ်။** ။အောက် အ ကျ ဆုံး အ ယုတ် ဆုံး အားဖြင့် သရဏဂုဏ် သုံးပါးကို ဆည်းကပ်သော ဒါယကာသည် သောတာပတ္တိမဂ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်မည်၏၊ထိုပုဂ္ဂိုလ်၌ လှူအပ်သော အလှူသည်လည်း၊ မရေတွက်နိုင်, မနှိုင်းယှဉ်နိုင်သော အကျိုးရှိ၏။ ။သာသနာတော် အတွင်း၌ လူဖြစ်ရခြင်း သည် ဤအချက်မှာဖြင့် သာသနာပအခါ၌ ဖြစ်သော လူတို့ထက်ထူးထူးကဲကဲ မနှိုင်းယှဉ်နိုင်အောင် အဆင့်အတန်း သာလွန်ပေ၏၊ ထိုသော်လည်း ဘုရား, တရား, သံဃာ ဤရတနာသုံးပါးသာလျှင် ကိုးကွယ်ရာ, လည်ချောင်းရာ, ပုန်းအောင်းရာ အစစ်အမှန်ဟု ယုံကြည်သော သူတို့သာ သာသနာပ၌ဖြစ်သော လူတို့ထက် သာလွန်သည်ကို သိပါလေ၊ ရတနာသုံးပါးကို မယုံကြည်

သော ပုဂ္ဂိုလ်တို့ကား သာသနာပ၌ ဖြစ်ရသော ပုဂ္ဂိုလ်တို့အောက် ယုတ်ညံ့သော ပုဂ္ဂိုလ်များဖြစ်တတ်ပေသည်၊ ထိုစကားမှန်၏၊ သာသနာပအခါ ယုတ်ယုတ်မာမာ ဖြစ်သော်လည်း ရတနာသုံးပါး မရှိသဖြင့် ထိုရတနာသုံးပါးကို မပုတ်ခတ်နိုင်၊ မရှုံ့ချနိုင်၊ မကဲ့ရဲ့နိုင်၊ မစွပ်စွဲနိုင်၊ မဖျက်ဆီးနိုင်ကြပေ၊ သာသနာတော်အတွင်း၌ ဖြစ်ပြီး သာသနာတော်ကို မယုံကြည်သဖြင့် မိစ္ဆာအယူရှိသော သူတို့သည် သာသနာကို ဖျက်ဆီးနိုင်၍ ဖျက်ဆီးကြ၏၊ ဖျက်ဆီးကြသော အမှုအရာကို အနည်းငယ် ပြဦးအံ့–ယခုအခါ ဇမ္ဗူဒီပနိုင်ငံ၌ ဘုရားရှင်၏ တရားတော်ကို ထားဦးတော့၊ မပျက်စီးနိုင်လောက်အောင် ပြုလုပ်ထားခဲ့သော မိဂဒါဝုန်ကျောင်းတော်များ, နာလန္ဒ ကျောင်းတော်များ, ဇေတဝန်ကျောင်းတော်များကို ကြည်ညိုဖွယ်ရာ တခုမျှမကျန်အောင် ဖျက်ဆီးနိုင်ခြင်းသည် သာသနာတွင်း၌ ဖြစ်၍ မိစ္ဆာအယူရှိသော သူတို့အတွက် ကြီးလေးသော အပြစ်ကို ရကြသဖြင့် သာသနာပ ပုဂ္ဂိုလ်များအောက် ယုတ်ညံ့ကြလေသည်၊ ထို့ကြောင့်၊ 'အမဲရှိမှ အပြုပေါ်' ဆိုဘိသကဲ့သို့ ထိုသူတို့နှင့် နှိုင်းစာခဲ့သော် သမ္မာအယူ အစစ်အမှန်၌ တည်သော ဗုဒ္ဓဘာသာပုဂ္ဂိုလ် မှန်သမျှ အထူးပင် ဝမ်းမြောက်ဘို့ ကောင်းလှပေသည်။ ။ထိုမှတပါး ရတနာသုံးပါးသည် ဈေးဆိုင်သုံးမျိုးကဲ့သို့ လိုရာကို ကမ်းတည်းဟူသော အဘိုးပေးသဖြင့် ရစေနိုင်ကြောင်း အရှင်နာဂသိန်–ရဟန္တာမြတ်၏ စကားတော်ကို ဆက်၍ပြဦးအံ့—

[မိလိန္ဒပဥှာ-၃၁] သဗ္ဗာပဏံ ခေါ ဘဂဝတော နဂရ်
ဗုဒ္ဓဝစနံ သာရိရိကာနိ ပါရိဘောဂိကာနိ'
စေတိယာနိ၊ သံဃာရတနဥ္စ။

ဈေးရုံဘော်၊ ။စင်စစ် အမှန်သော်ကား အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ဘုရားရှင်၏ စကားတော်သည်

ဂုဏ်, ကိုယ်တော်၌ ဖြစ်သော ဓာတ်တော်, စေတီတော် တို့ သည့်ဂုဏ်, အသုံးအဆောင်ဖြစ်သော စေတီတို့သည့်ဂုဏ်, သံဃာ ရတနာသည့်ဂုဏ်း ဤသုံးပါးသည့် မြတ်သော ဘုရားရှင်၏ အ လုံးစုံသော အိမ်ဈေးရုံကြီးပင်တည်း။ ။ဘုရားဈေး, တရား ဈေး, သံဃာဈေး ဟူသော ဈေးရုံကြီးသုံးရုံရှိ၏ ဟု ဆိုလိုသည်။

ထိုဈေးရုံကြီးတို့၌ ရောင်းကုန်အဖြစ် ခင်းကျင်း ထားအပ် သော ကုန်အမျိုးမျိုးကို ပြတော်မူလိုသော အရှင်နာဂသိန် မထေရ်သည့် အောက်ပါစကားတို့ကို မိန့်တော်မူ၏—

[**မိလိန္ဒပဉှာ-ဋ္ဌ**] သဗ္ဗါပဏော ဘဂဝတာ ဓာတိသမ္ပတ္တိ ပသာရိတာ၊ ဘောဂသမ္ပတ္တိ ပသာရိတာ၊ အာယုသမ္ပတ္တိ ပသာရိတာ၊ အာရောဂျ သမ္ပတ္တိ ပသာရိတာ၊ ဝဏ္ဏသမ္ပတ္တိ ပသာ ရိတာ၊ ပညာသမ္ပတ္တိ ပသာရိတာ၊ မာနုသိ ကာ သမ္ပတ္တိ ပသာရိတာ၊ ဒိဗ္ဗသမ္ပတ္တိ ပသာရိတာ၊ နိဗ္ဗာနသမ္ပတ္တိ ပသာရိတာ။

**ကုန်မျိုးခုံ။** ။ဘုန်းတော်ကြီးသော ဘုရားရှင်သည့် အလုံး စုံသော ရတနာသုံးပါး တည်းဟူသော ဈေး ရုံကြီး၌ ဓာတ်နှင့်ပြည့်စုံခြင်း=ဓာတိတည်းဟူသော စည်းစိမ်ကို ဖြန့်ခင်းအပ်၏၊ အသုံးအဆောင်ဥစ္စာ ဟူသော စည်းစိမ်ကို ဖြန့်ခင်းအပ်၏၊ အသက်ရှည်ခြင်း ဟူသော စည်းစိမ်ကို ဖြန့် ခင်းအပ်၏၊ အနာရောဂါ ကင်းခြင်းဟူသော စည်းစိမ်ကို ဖြန့် ခင်းအပ်၏၊ အဆင်းအဆင်း ကောင်းခြင်းဟူသော စည်းစိမ်ကို ဖြန့်ခင်းအပ်၏၊ ပညာကြီးခြင်း ဟူသော စည်းစိမ်ကို ဖြန့်ခင်း အပ်၏၊လူ၌ ဖြစ်သော စည်းစိမ်ချမ်းသာကို ဖြန့်ခင်းအပ်၏၊ နတ်၌ ဖြစ်သော စည်းစိမ်ချမ်းသာကို ဖြန့်ခင်းအပ်၏၊ နိဗ္ဗာန် တည်းဟူ သော စည်းစိမ်ချမ်းသာကို ဖြန့်ခင်းအပ်၏။ ။လူကြိုက်, နတ် ကြိုက် အလုံးစုံကိုပင် ဖြန့်ခင်းအပ်သည်ဟုဆိုလိုသည်။ထိုရတနာ

သုံးပါး တည်းဟူသော ဈေးရုံကြီး၌ ဖြန့်ခင်း၍ ထားအပ်သော ထိုထိုပစ္စည်းတို့ကို အလိုရှိအံ့ ထိုက်တန်သော အဘိုးကို ပေးလျှင် ရနိုင်ပေသည်၊ ယခုလောက၌ ဈေးဆိုင်တို့မှာ အဘိုးပေးလျှင် အဘိုးနှင့်တန်သော ပစ္စည်းကို ရနိုင်သကဲ့သို့ အဘိုးပေးမှသာ ရနိုင်သော သဘောကို တဖန် ပြလိုရကား အောက်ပါစကားကို ဆက်တော်မူသည်––

[မိလိန္ဒပဉှာ-၃၃၃] တဏ္ဍ ယေ တံတံ သမ္ဘတ္တိံ ဇနန္တိ၊
တေ ကမ္မမူလံ ဒတွာ ပတ္ထိတပတ္ထိတံ
သမ္ပတ္တိံ ကိဏန္တိ၊ ကေစိ သီလသမာဒါ
နေန ကိဏန္တိ၊ ကေစိ ဥပေါသထကမ္မေန
ကိဏန္တိ၊ အပ္ပမတ္တကေနပိ ကမ္မမူလေန ဥပါ
ဒါယုပါဒါယ သမ္ပတ္တိယော ပဋိလဘန္တိ။

**ဝယ်ယူပုံ။** ။ထိုဈေးရုံကြီး၌ အကြင်ပုဂ္ဂိုလ်တို့သည် ထိုထိုစည်းစိမ်ဥစ္စာကို အလိုရှိကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ကမ်တည်းဟူသော အဘိုးအခကို ပေး၍ တောင့်တတိုင်းတောင့်တတိုင်းသော စည်းစိမ်ချမ်းသာကို ဝယ်ယူကုန်၏၊ အချို့သော ပုဂ္ဂိုလ်တို့သည် သီလဆောက်တည်းခြင်း တည်းဟူသော အဘိုးအခ ပေးသဖြင့် ဝယ်ယူကုန်၏၊ အချို့သော ပုဂ္ဂိုလ်တို့သည် ဥပုသ်ဆောက်တည်ခြင်း တည်းဟူသော အဘိုးအခပေးသဖြင့် ဝယ်ယူကုန်၏၊ အနည်းငယ်မျှလည်းဖြစ်သော ကမ်တည်းဟူသော အဘိုးအခဖြင့် ဝယ်ယူ၍ စည်းစိမ်ဥစ္စာတို့ကို ရကြကုန်၏။ ။ထိုအရှင်နာဂသိန်-ရဟန္တာမြတ်၏ စကားတော်ဖြင့် ယခုပစ္စုပ္ပန်၌ရှိသော ပုဂ္ဂိုလ်တို့၏ အနေမှာ မှန်ကန်လှပေသည်၊ မှန်ကန်ပုံမှာ-အချို့ မင်းမျိုး၌ဖြစ်ခြင်း, အချို့ သူဌေးမျိုး သူဌေးဇာတ်၌ဖြစ်ခြင်း, အချို့ ပုဏ္ဏားမျိုး ပုဏ္ဏားဇာတ်၌ဖြစ်ခြင်း, အချို့ အဆင်းသဏ္ဍာန် ကိုယ်အင်္ဂါနှင့် ပြည့်စုံခြင်း,အချို့ အနာရောဂါကင်းခြင်း, အချို့ ပညာကြီးခြင်း စသော အကျိုး အမျိုးမျိုး

ဖြစ်ခြင်းသည် ထိုသူတို့ပင် လွန်ခဲ့သောဘဝ၌ ဒါနတည်းဟူသော အဘိုး, သီလတည်းဟူသော အဘိုးကိုပေး၍ ဝယ်ယူခဲ့သည်ဟု မှချဆိုနိုင်ပေ၏၊ ထိုအရှင်နာဂသိန်-ရဟန္တာမြတ်၏ စကားတော်သည် ကမ္မဿကတဉာဏ် အထူးပင် ပေါ်စေရန် ဘုရားရှင်၏ စကားတော်ကို ချွင်းချက်မရှိ ထောက်ခံသော စကားတရပ် ဖြစ်ပေသည်။

ဤမျှသာမကသေး၊ အထက်ဘဝ၊, အောက်အဝီစိ, ဗီလာ အားဖြင့် စကြာဝဠာအနန္တ အတွင်းနေ အားလုံးသော သတ္တဝါတို့သည် မိမိ မိမိတို့၏၊ ကမ်သာသျှင် အကြောင်းရှိကုန်၏၊ ထိုကမ်၏ အမွေကိုသာ ခံစားစံစား၍ နေရသည်ကို အတတ်ကေန် သိတော်မူသော ဘုရားရှင်သည် ငါကဲ့သို့သာ သတ္တဝါတို့သည် ဒါန၏ အကျိုးကို သိကြမည်ဆိုပါလျှင် သူတပါးအား အဦးအဖျား ပေးကမ်း စွန့်ကြဲပြီးမှသာ မိမိတို့ သုံးဆောင်ရာ၏-ဟု မိန့်တော်မူသည်မှာ—

[အုတ်ခုဒ်-ဣ] ဧဝဥ္စ ဘိက္ခဝေ သတ္တာ ဇာနေယျုံ၊ ဒါန သံဝိဘာဂဿ ဝိပါကံ ယထာဟံ ဇာနာမိ၊ န အဒတွာ ဘုဥ္ဇေယျုံ။

**အသိဥာဏ်။** ။ချစ်သား ရဟန်းတို့ ငါဘုရား ကိုယ်တော်မြတ်သည် ခွဲခြမ်းဝေဘန်၍ လှူအပ်သော အလှူ၏ အကျိုးကို ကုန်စင်အောင် သိတော်မူသကဲ့သို့ ဤအတူ ပုဂ္ဂိုလ်,သတ္တဝါ အပေါင်းတို့သည် အကယ်၍ သိကုန်ငြားအံ့၊(ဝါ) သိကြပါလျှင် အဦးအဖျား မပေး မလှူ ဒါန်းကြကုန်ဘဲ မစားမသောက် မသုံးစွဲကြကုန်ရာ၊ သူတပါးတို့အား ပေးကမ်း လှူဒါန်းပြီးမှသာ စားသောက် သုံးစွဲကုန်ရာ၏-ဟူ၍ ဟောတော်မူသည်၊ အလုံးစုံသော သတ္တဝါတို့၏ ကမ္မဿကတဉာဏ်ကို အကြွင်းမရှိ ပိုင်နိုင်တော်မူသော ဘုရားရှင်၏ စကားတော်ဖြစ်၍ ယုံကြည်အပ်လှပေသည်။

လှူဘွယ်ဝတ္ထုသည် အလှူခံပုဂ္ဂိုလ်နှင့် မကင်းရကား အလှူခံပုဂ္ဂိုလ် အပေါင်းတို့တွင် သံဃိကအလှူ မြတ်ကြောင်းကို ဘုရားရှင်၏ စကားတော်ဖြင့် အနည်းငယ်ပြဦးအံ့—

[ဥပရိပံ-၃၉၁] သံဃေ ဂေါတြဘုကာရံ ကာသာဝကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ၊ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဒတိ၊ တဒါပဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ။

[ဥပရိပံ-၃၉၁] သံဃေ ဂေါ၀ိဂ္ဂကာရံ ကာသု သက္ကောန္တိ သသ
ဟိ ဝီကာသံဝေ ဒိန္နဒါနတော ဥဒ္ဒိဿိတွာ ဂဟိ
တေ ဒုဿီလေပိ ဒိန္နံ မဟပ္ဖလမေဝ။

မဇ္ဈိမနိကာယ။ ။ထင်ရှားပြဦးအံ့၊ သံဃာ၌ ရှိသေခြင်းကို ပြုခြင်း ငှါ စွမ်းနိုင်သော သူအား ရဟန်းပုဂ္ဂိုလ်မြတ်၌ လှူအပ်သော အလှူထက် သံဃာကို ရည်ရွယ်၍ ပင့်ယူအပ်သော ဒုဿီလပုဂ္ဂိုလ်၌ သော်လည်း လှူဒါန်းအပ်သော အလှူသည် ကြီးမားမြင့်မြတ်သော အကျိုးရှိသည်သာလျှင်တည်း။ ။

လှူ လို သည့် အခါ ကျောင်း သို့ သွား ၍ လျှောက် ထား အပ်သည်၊ လျှောက်ပုံမှာ- "အရှင်ဘုရား......တပည့်တော်အား သံဃာတပါး (နှစ်ပါး စသည်) ကို လှူဒါန်းလိုသောကြောင့် ပေးတော်မူပါဘုရား" ဟု လျှောက်ထား၍ တောင်းရမည်၊ ထိုသို့ တောင်းပန်၍ ရသောပုဂ္ဂိုလ်ကို အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်မထေရ်မြတ်တို့၌ ရှိသေလေးစားစွာ ပြုပြင်၍ လှူဒါန်းသကဲ့သို့ လှူဒါန်းရမည်၊ ဤသို့ဆိုခဲ့တိုင်း လှူနိုင်လျှင် ပင့်ဆောင်၍ ရသော ပုဂ္ဂိုလ်တို့သည် 'ဒုဿီလ' ခေါ် သီလမရှိသော ရဟန်းချည်းပင် ဖြစ်စေကာမူ အရိယာပုဂ္ဂိုလ်မြတ်တို့၌ လှူအပ်သော ပုဂ္ဂလိကအလှူထက် မြတ်၏ဟု ဆိုလိုသည်၊ မြတ်ရခြင်း၏ အကြောင်းမှာ ထိုသူ လှူသော ဝတ္ထုပစ္စည်းသည် ထိုဒုဿီလရဟန်းတို့သို့ မရောက်မူ၍ အရိယာ သံဃာတော်တို့ ဌာန်သို့သာ ရောက်သောကြောင့်ဟု မှတ်ရမည်။ ဘယ်လိုထူးသနည်း၊ ပုဂ္ဂိုလ်အများ လှူသည်နှင့် သံဃာအများ လှူခြင်း မထူးခြားသည် မဟုတ်ပါလော၊ ဤသို့ မေးခဲ့သော် ပုဂ္ဂိုလ်အများ၌ ဒုဿီလ ဟူ၍ ရှိနိုင်သည်၊ သံဃာ၌ကား ဒုဿီလ ဟူ၍ အလျှင်းမရှိနိုင်ပေ၊ ဤသို့ထူးခြားပေ၏။

[ဥဒါနိုး-ဋ္ဌ] သံဃော ဟိ ဒုဿီလောနာမ နတ္ထိ၊ ဒုဿီလောနာမ ဥပါသကော။

စဉ်းစားပါ။ ။ထိုစကားမှန်ပေ၏၊ သံဃာသည် သီလမရှိသည် မည်သည် မရှိ၊ သီလမရှိသောသူ မည်သည်မှာ ရတနာသုံးပါးကို ဆည်းကပ်တတ်သော လူသာဖြစ်၏။ ။သို့ဖြစ်၍ ပြဆိုခဲ့ပြီးသည့်အတိုင်း သံဃိကဖြစ်အောင် အကာယ်၍ လှူဒါန်းနိုင်ပါက ပုဂ္ဂလိကအလှူနှင့် မနိုင်းစာအပ်ပေ။

[ဥပရိပံ-ဋ္ဌ] နတွေဝါတံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကံ ဒါနံ မဟပ္ဖလတရံ ဝဒါမိ။

အကြံးဆုံး။ ။ချစ်သားအာနန္ဒာ တစုံတခုသော အကြောင်းဖြင့် သံဃာအား ရောက်သော အလှူထက် အသီးအခြားဖြစ်သော ပုဂ္ဂိုလ်အား ရောက်သော အလှူကို အထူးကြီးကျယ်သော အကျိုးရှိ၏-ဟူ၍ ငါဘုရား ဟောတော်မမူသည် သာလျှင်တည်း။ ။သံဃိက အလှူကို ပြည့်စုံအောင်မြင်စွာ လှူနိုင်ခဲသည်၊ သံဃိကအလှူ ပျက်စီးရန် အကြောင်းအနည်းငယ်မှာ-မိမိအလှူသို့ ကြွရောက်သော ရဟန်းတို့၌ မထေရ်ကြီး ပါလာ၍ ဝမ်းမြောက် ဝမ်းသာဖြစ်အံ့၊ မထေရ်ငယ်,ရဟန်းငယ်များ ပါလာ၍ စိတ်မကောင်းဖြစ်အံ့၊သံဃိကအလှူ မဖြစ်ပေ၊ သဒ္ဓါစစ် သဒ္ဓါမှန်, ပညာစစ်, ပညာမှန် ရှိသော ပုဂ္ဂိုလ်မြတ်တို့၌သာ ဖြစ်နိုင်လတ္တံ့။

လှူအပ်သော လှူဘွယ်ဝတ္ထုများကား-ဝိနည်းဒေသနာ တော်အလိုအားဖြင့် ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ဤလေးပါး ဖြစ်ပေ၏။အဘိဓမ္မာဒေသနာတော် နည်းအားဖြင့် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ ဟူ၍ ခြောက်ပါး ဖြစ်ပေ၏။ သုတ္တန်ဒေသနာတော် နည်းအားဖြင့်ကား—

အန္နံ,ပါနံ,ဝတ္ထံ,ယာနံ၊မာလာ,ဂန္ဓ,ဝိလေပနံ။
သေယျာ,ဝသထ,ပဒီပေယျံ၊ဣမေ ဒသ ဒါနဝတ္ထူနာမ။ ။

**လှူဒါန်းဘွယ်။** ။ထမင်း,အဖျော်, အဝတ်, ယာဉ်, ပန်း, နံ့သာ တုံး,နံ့သာပြောင်း,အိပ်ရာနေရာ,တိုက်ခန်း,ဆီမီး ဤဆယ်ပါးတို့သည် လှူဘွယ်ဝတ္ထုတို့ မည်ကုန်၏။ ။ (ဤမှကြွင်းသော လှူဘွယ်ဝတ္ထုဟူသမျှကို လျော်သလိုသင့်ရာ၌ သွင်း၍ ယူရာ၏။) ဒါနနှင့် နှုတ်ချိုသာခြင်းတို့၏ အစွမ်း သတ္တိ ထက်မြက်ပုံ, တန်ဘိုး ရှိပုံကို အောက်ပါအတိုင်း ပြဆိုတော်မူသည်။

[**ဥသုန္ဒိမင်**] အဒန္တံ ဒမနံ ဒါနံ,ဒါနံ သဗ္ဗတ္ထသာဓကံ၊
ဒါနေန ပိယဝါစာယ,ဥဏ္ဏမန္တိ နမန္တိ စ။
[**အင်္ဂုတ္တရ**] အဒန္တံ ဒမနံ ဒါနံ,အဒါနံ ဒန္တဒူသကံ။
ဒါနေန ပိယဝါစာယ,ဥဏ္ဏမန္တိ နမန္တိ စ။

**လက်နက်ကောင်း။** ။ဒါနမည်သည် မယဉ်ကျေးသေးသော ပုဂ္ဂိုလ်ကို ယဉ်ကျေးစေတတ်၏၊အလှူ ဒါနမည်သည် အလုံးစုံသော အကျိုးကို ပြီးစေနိုင်၏၊ ပေးကမ်းလှူဒါန်းခြင်း ကြောင့်၎င်း, ချစ်ဘွယ်သော စကားကို ဆိုခြင်းကြောင့်၎င်း,မိမိတို့ကလည်း သူတပါးသို့ ညွတ်တတ်ကုန်၏၊သူတပါးတို့ကိုလည်း မိမိသို့ညွတ်စေကုန်၏။(အင်္ဂုတ္တိုရ်လာ အောက်ဂါထာ၌ အဒါနံ ဒန္တဒူသကံ=မပေးမလှူခြင်းသည် ယဉ်ကျေးပြီးသော ပုဂ္ဂိုလ်ကို ဖျက်ဆီး တတ်၏။ ဤမျှသာ မြန်မာပြန် ထူး၏။)

တမျိုးမှတ်ဘို့ရာမှာ–ကရုဏာ ကြီးမားလှသော ဘုရားရှင်ကိုယ်တော်မြတ်ကို ထားပါဦးတော့ အဋ္ဌကထာ ဆရာမြတ်တို့သည်ပင်လျှင် သတ္တဝါအားလုံးတို့၏ အပေါ်၌ အတော် ကရုဏာ ရှိသောကြောင့် ခပ်နှိပ်နှိပ် မိန့်အပ်သည်မှာ—

[**အင်္ဂုတ္တိုရ်-ဋ္ဌ**] အသပ္ပုရိသဿ သန္တကံ ဝနံ သုနခေန လဒ္ဓနာဠိကေရ ဝိယ အဟောသိ။

**စကားပြေဘာသာ**။ ။ဒုစရိုက်တရား လွန်စွာပွား၍ မလိမ္မာသော သူယုတ်မာ၏ (ဝါ)သူယုတ်မာနှင့် စပ်သော ဥစ္စာပစ္စည်းသည် မစဉ်းစားတတ်သော ခွေးထီး,ခွေးမသည် ရအပ်သည့် အုန်းသီးကဲ့သို့ ဖြစ်ပြီ။ ။စဉ်းစား ဘို့ ရာ- သ နား ကရုဏာမရှိသော သူတယောက်က ဤသို့သော စကား မျိုး ကို မသုံးစွဲနိုင်ပေ၊သုံးစွဲရိုး ထုံးတမ်းလည်း မရှိ၊သို့ဖြစ်၍ ဤ စကား ကို အသုံးပြုသဖြင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးအပေါ်၌ မည်မျှ လောက် ကရုဏာရှိသည်ကို ဆင်ခြင်ဘို့ဖြစ်၏။ ။တနည်း အား ဖြင့်လည်း—

မဟိစ္ဆတာ ဘိက္ခဝေ မဟာတော အနတ္ထာယ သံဝတ္တတိ။

[**အင်္ဂုတ္တရ ပါဠိတော်**]

**ရှင်ဘာသာ**။ ။ချစ်သားတို့ အလိုကြီးသော ပုဂ္ဂိုလ်သည် ကြီးစွာသော အကျိုးမဲ့ ပျက်စီးခြင်းငှါ ဖြစ်ပေ၏။ ။ဤသို့သော တရားတော်ကို နှလုံးသွင်းထားသဖြင့် အလှူခံ ပုဂ္ဂိုလ်ဘက် ကို လည်း ဖိ နှိပ် စ ကား မိန့်ကြား တော် မူသည်မှာ—

အဂ္ဂိက္ခန္ဓော,သမုဒ္ဒေါစ၊မဟိစ္ဆော စာပိ ပုဂ္ဂလော၊

ဗဟုကေ ပစ္စယေ ဒေန္တေ၊တယောပေတေ န ပူရယေ။

[**သမ္မောဟဝိနောဒနီ-ဋ္ဌ**]

**အံ့ဩဘာသာ**။ ။မီးပုံကြီး,သမုဒ္ဒရာ, အလိုရမ္မက် ကြီး သော ပုဂ္ဂိုလ် ဤသုံးဦးတို့သည် များစွာသော ပစ္စည်း တို့ကို ပေးအပ်ကုန်သော်လည်း အလိုကို မပြည့်ဝ နိုင် ကု န်။ ။ ဤသို့ အလှူခံဘက်သားတို့ အပေါ်၌လည်း ဖိဖိနှိပ်နှိပ် အ မိန့် ရှိသည်မှာ ကရုဏာတော် အတော်ကြီးမား၍ ခပ်ရိပ် ရိပ် ခတ် စောင်းစောင်း သဘောကောင်းဖြင့်သာ ပြောကြားသည်ဟု အ မှန်သိသင့်ပေ၏။ ။ဤမှတပါး အလှူပေးပုဂ္ဂိုလ်တို့၏ နှလုံး ၌

ထားအပ်သည်မှာ-မိမိတို့ ပစ္စည်းဥစ္စာကို မနှစ်သက်၍ ပေးကမ်း လှူဒါန်းကြသည် မဟုတ်ပေ၊ ထိုနှစ်သက်ဘွယ်သော ဥစ္စာပစ္စည်း ထက် ပိုလွန်နှစ်သက်အပ်သော ပစ္စည်းဥစ္စာကို အထူးပင် လို လား၍သာ လက်ရှိပစ္စည်းတို့ကို စွန့်ကြ လှူဒါန်း ကြပေသည်၊ လက်ရှိ ပစ္စည်းတို့ကို မစွန့်လွှတ်ပါလျှင် ကောင်းမြတ်သော ရူပါရုံ စသည်တို့၏ တည်ရာဖြစ်သော လူ့ဘုံ,နတ်ဘုံနှင့်မဆက်ဆံတော့ ဘဲ အပါယ်ဘုံတို့နှင့်သာ ဆက်ဆံရတော့မည်။ ဤသို့ ဆိုပါလျှင် ငါ့မှာ အခက်ကြီး ခက်တော့မှာဘဲဟု သတိ,ပညာ ရှိသူတို့သာ ပေးကမ်း လှူဒါန်းနိုင်ကြသည်၊ ထိုထက် နှစ်သက်ဘွယ်အာရုံကို လိုလားတောင့်တ၍သာ ပေးလှူကြောင်းကို ဘုရားအလောင်း တော်တို့၏ ထုံးဟောင်းကို ဆင်ခြင်သဖြင့် သိသင့်ပေ၏။

> နှ မေ ဒေဿာ ဥဘော ပုတ္တာ, မဒ္ဒီ ဒေဝိ န ဒေဿိယာ။
> သဗ္ဗညုတံ ပိယံ မယှံ, တသ္မာ ပိယေ အဒါသဟံ။
>
> [ဝေဿန္တရာဇာ့ဇာတ်ပါဠိတော်]

**နည်းယူဘွယ်။** ။ငါဝေဿန္တရာမင်းသည် နှစ်ယောက်ကုန် သော သားတော်, သမီးတော် တို့ကို မရွန်းအပ်ကုန်၊ မဒ္ဒီ,မိဘုရားကို(လည်း)မရွန်းအပ်၊ ငါဝေဿန္တရာ မင်းသည် သဗ္ဗညုဘုရားအဖြစ်ကို အကြင်ကြောင့် ချစ်အပ်၏၊ ထိုသို့ သဗ္ဗညု ဘုရားအဖြစ်ကို ချစ်သောကြောင့် ချစ်အပ်ကုန်သော သား,သမီး, မယားတို့ကို ငါဘုရားအလောင်းတော်သည် ပေးလှူခဲ့ပြီ။

သတိရှိတို့မှာ—မည်သည့်ကုသိုလ်ကို မဆို အားထုတ် ပြုလုပ် တိုင်း သဘ်မက်ခြင်းနည်းပါးမှု, အမျက်ထွက်ခြင်း နည်းပါးမှု, နိဗ္ဗာန်ထိခံစားရမှု အသိဥာဏ်ကို အမြဲ သတိမလစ် စေမှသာ ဖြစ်တိုင်းသော ဘဝတို့၌ လောဘနည်းမည်၊ ဒေါသ နည်းမည်၊ မောဟနည်းမည်၊ ဤတရားဆိုး သုံး ပါး နည်းမှုကို စိတ်ထား၍ ကောင်းမှု-ကုသိုလ်ကို ပြုသင့်သည်၊ ထိုသို့ပြုမှ မတသ်မက်, မ ကြမ်းထန်းသော ပညာရှိ ဖြစ်ပေမည်။ ။ထင်ရှားသိရန်—

[မူလပံ-ဌ] ယထာ ပန ကမ္ဗာ ယူ ဟန္တကူဇော တယော
အလောဘာဒယော ဗလဝန္တာ ဟောန္တိ၊ လောဘာ
ဒယော မန္ဒာ၊သော မဟာသံဃရက္ခိတ ထေရော
ဝိယ အလုဒ္ဓေါ အဒုဋ္ဌော ပညဝါစ ဟောတိ။

**သတ်ရှိမ်၊**။ ။အကြင်ပုဂ္ဂိုလ်အား ကုသိုလ် ကမ် ကို အား ထုတ်သော ခဏ၌ သုံးပါးကုန်သော အလောဘ,အဒေါသ, အ မောဟ တရားတို့သည် အားကြီးကုန်၏'လောဘစသော တ ရား ယုတ်တို့သည် အားနည်းကုန်၏၊ ထိုပုဂ္ဂိုလ်သည် မဟာ သံ ဃ ရက္ခိတ ထေရ်ကဲ့သို့ တပ်မက်ခြင်း နည်းသည်,အမျက် ထွက် ခြင်း ပြစ်မှားခြင်းမရှိသည်,အသိဉာဏ်ပညာရှိသည် ဖြစ်ပေ၏။ ။ ဤတရားဆိုးသုံးပါး နည်းခဲ့မှုကြောင့် ယခုဘုရားရှင်၏ သာသနာ တော်၌ရဟန်းပြုခဲ့ရာ ကိလေသာဟူသောလောဘ,ဒေါသ,မောဟ တရားဆိုးတို့သည် အနှစ်ခြောက်ဆယ် ကာလပတ်လုံး ကိုယ် တော်၏ သန္တာန်၌ မဖြစ်ခဲ့ပေ၊ရဟန်းအဖြစ်၌ အနှစ်ခြောက် ဆယ် ကာလပတ်လုံး ထိုတရားယုတ်များ မရှိသည့်အတွက် လူအပေါင်း တို့သည် ထိုမဟာသံဃရက္ခိတထေရ်ကို 'ရဟန္တာ အစစ်'ဟု ထင်မှတ်ကြကုန်၏။ထိုမထေရ်မြတ် မကျန်းမာသောအခါရဟန္တာ ကို ဖူးမြော်လို၍ လာသော ပရိသတ်သည် တသဲ့ နှစ်ယူဇနာ ရှိပေ၏၊ထိုအခါ အလုပ်အကျွေး ရဟန်းငယ်က မထေရ် မြတ် အား "အရှင်ဘုရား၊ရဟန်းကိစ္စ ပြီးပါပြီလား"ဟု လျှောက်၏၊ သံဃရက္ခိတမဟာထေရ်က "ငါ့ကား ရဟန်းကိစ္စ မပြီးသေး၊ အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူး မြင်လို၍ ငါ ဝိပဿနာ တရားကို အားမထုတ်ပေ"ဟု မိန့်တော်မူ၏။ထိုအခါ ရဟန်းငယ် က "အရှင်ဘုရား၊ရဟန္တာမဟုတ်—ဟု ဤတသဲ့နှစ်ယူဇနာ ရှိ သော ပရိသတ်တို့ သိပါလျှင် စိတ်ဘောက်ပြန်ကြ ဖြစ်တော့ မှာ ဘဲဘုရား"ဟု လျှောက်သောအခါ " ဒါဖြင့်ယင် ငါ့ကို ထူ၍ ပေးပါ"ဟု အမိန့်ရှိသဖြင့် ရဟန်းငယ်က ထိုင်လျက် ဖြစ်အောင် ထူမ,၍ ပေးရ၏၊သင် ခေတ္တ အပြင်သို့ ထွက်ပါလေ ဟု ရဟန်း

ယဉ်အား အမှတ်ပေး၍ ရဟန်းငယ် အပြင်သို့ ထွက်သည်နှင့် တကွ ရဟန်းကိစ္စပြီးကြောင်း အမှတ်ပေးတော်မူလေ၏၊ ထို အခါ ရဟန်းငယ်က''အရှင်ဘုရား ရဟန္တာဖြစ်သည်မှာ အလွန် လျင်မြန်ပါသလား''ဟု လျှောက်ရာ''ငါ့ရှင် ရဟန္တာဖြစ်ဘို့ထက် အနှစ်ခြောက်ဆယ်ပတ်လုံး ကိလေသာ မဖြစ်ဘို့က ပို၍ ခဲရင်း သည်''ဟု အမိန့်ရှိတော်မူ၏။ဤမျှသော စကားအစဉ်ဖြင့် ဒါန ကမ္မဿကတဉာဏ် ဖြစ်ပေါ်မှု တော်လောက်ပေပြီ၊သို့ရာတွင် စေတနာဒါနနှ့် ဝတ္ထုဒါန နှစ်မျိုးတို့၏ သဘောကို သိသင့်သိထိုက် သဖြင့် ထိုဒါန နှစ်မျိုးနှင့်စပ်၍ ပေါပြဦးအံ့——

[ပေတဝတ္ထု—၅] ဒေယျဓမ္မ ဝတ္ထုပရိဿဟာယ ပရိစ္စာဂ စေတနာယယော ဝ ဝိဇ္ဇာဘာဝေ ဒဗ္ဗမ္ဗော၊ သာ ဟိ ဖလဿ နိပ္ဖါဒိကာ၊ န ဒေယျ ဓမ္မော။

**အထူးမှတ်။** ။လှူဘွယ်ဝတ္ထု၊ အလှူခံ ပုဂ္ဂိုလ်လျှင် အာရုံရှိ သော စွန့်လှူကြောင်းဖြစ်သော စေတနာဖြင့်သာ လျှင် (ဝါ) စေတနာကိုသာလျှင် အကြောင်းမျိုးစေ့၏ အဖြစ်ကို မှတ်အပ်၏၊မှန်ပေ၏၊ထိုပရိစ္စာဂစေတနာသည် အကျိုးကို ပြီးစေ တတ်၏၊လှူဘွယ်ဝတ္ထုသည် အကျိုးကို မပြီးစေတတ်။ ။ဤ စကား အရ အချို့ ပရမတ်ဆရာတို့သည် လွန်သော ဉာဏ် ဖြင့် ယူကြ၍''ပစ္စည်းကို အကုန်ခံ၍ လှူဘို့ရာ ဘယ်မှာ လိုမလဲ စေတနာက အကျိုးပေးတာဘဲ၊ပစ္စည်းက အကျိုး ပေးတာမှ မ ဟုတ်ဘဲမဲ့၊စေတနာသာ မိမိသန္တာန်၌ဖြစ်ပါစေ၊ကိန်းပါစေ၊ လှူ ရပ်,နတ်ဌာန် နိဗ္ဗာန်အထိ အကျိုးပေးပါသည်''ဟု မိမိ တပည့် တို့အား ဟောကြားကြသည်ဟု ထိုထိုအရပ်၌ အဆင့် စကား ကြားဘူး၏၊ ထိုသည့်အထိုင်း အဟုတ်အမှန်ဖြစ်အံ့ ထိုပရမတ် ဆရာတို့သည် ဤစာအုပ်၌ပါသော သမ္မုတိသစ္စာကို မကျွမ်း ကျင်မှုသည်ပင်လျှင် ဧင်းတို့ အပြစ်ပေတည်း။

ဆိုခဲ့တိုင်းပင် အဘယ်မှာလျှင် ဝတ္တုပြဋ္ဌည်းကို အကုန် ခံ၍ လှူဘို့ရာ လိုသေးသလဲ၊မိမိတို့သန္တာန်၌ စေတနာ ဖြစ်ပေါ်လျှင် ပြီးတာဘဲဟု စွဲမြဲစွာ ယူခဲ့ပါလျှင် "**ဘေသဇ္ဇံ သမုဋ္ဌိတော ဥိယ ရောဂေါ အဘေကိစ္ဆော**–"ဆေးကြောင့်ဖြစ်သော ရောဂါကဲ့သို့ ကုစား၍ ရနိုင်ခဲတော့သည်။ဤလို အယူထူး ပညာလွန် မဖြစ်ရ လေအောင် ကျမ်းစာများကို အထူးဂရုစိုက်၍ ကြည့်ရှု ရန်သာ တိုက်တွန်းလိုတော့၏။ဒါနခဏ်း အပြီးသတ်လုနီးပေပြီ၊ ထို ဒါန နှင့်စပ်၍ ရေးသားပြဆိုခဲ့ရာ စကားကောင်း ဖြစ်,မဖြစ်ကို ဘုရား ရှင်၏ စကားတော်နှင့် ညှိနှိုင်း၍ ပြရပါလျှင်–

[အင်္ဂုတ္တိုရ-ဋ္ဌ] အသဒ္ဓဿ သဒ္ဓကထာ ဒုက္ကထာ၊ သဒ္ဓဿ ဘိက္ခဝေ သဒ္ဓကထာ သုကထာ၊ မစ္ဆရိယဿ စာဂကထာ ဒုက္ကထာ၊စာဂဝတော စာဂကထာ သုကထာ။

**သတ်ိုးအယ်ဒောက်ပ်။** ။ယုံကြည်မှု–သဒ္ဓါ တရား မရှိသူ အား သဒ္ဓါတရားနှင့်စပ်၍ ဆိုအပ်သော စ ကား သည် မကောင်းသဖြင့် ဆိုအပ်သော စကား ဖြစ်၏၊ (ဝါ) အလ ကားစကား ဖြစ်ပေတော့၏၊ ချစ်သားတို့၊သဒ္ဓါတရားရှိသောသူ အား သဒ္ဓါတရားနှင့်စပ်၍ ဆိုသောစကားသည် ကောင်းစွာဆို အပ်သောစကား ဖြစ်၏၊ ဝန်တိုစေးနဲ နှမြောသူအား စွန့်ကြဲ လှူ ဒါန်းခြင်းနှင့်စပ်၍ ဆိုသောစကားသည် မကောင်းသဖြင့် ဆိုအပ် သော စကားဖြစ်၏၊စွန့်ကြဲ လှူဒါန်းမှု ရှိသူအား လှူဒါန်းစွန့်ကြဲ ခြင်း နှင့်စပ်၍ ဆိုသောစကားသည် ကောင်းစွာဆိုအပ်သော စကား ဖြစ်ပေ၏။

**ဒါနကထာပြီး၏။**

# ၄။ သီလကထာ

ဒါနကထာကို ပြဆိုပြီး၍ သီလကထာကို ပြဆိုပေအံ့၊ သာသနာတော်အတွင်း၌ ဖြစ်ကြ၍ သီလမှာလည်း လွန်ကဲသောသီလနှင့် ပြည့်စုံနိုင်ကြပေသည်၊သတိရှိမှလည်း ဖြစ်မည်၊ပြည့်စုံ နိုင်ကြပေမည်။သတိရှိဘို့ရာကား အခြားမဟုတ်ပေ၊ဤသီလ ကုသိုလ်ဖြင့် နိဗ္ဗာန်တရားမြတ်ကို ရပါစေသား.....ဟု တောင့်တ, ယုံကြည်,ဆောက်တည်ကြဘို့ပင် ဖြစ်ပေသည်။

[**သံယုတ်-၌**] အပိစ နိဗ္ဗာနံ ပတ္ထယာနေန သမာဒိန္နံ ပဉ္စသီလမ္ပိ,ဒသသီလမ္ပိ,အဓိသီလမေဝ။

**သီလလွန်း**။ ။စင်စစ်သော်ကား နိဗ္ဗာန်ကို ဤသီလ အကျင့်ဖြင့် ရောက် ပါ စေ သား ......ဟု တောင့် တ သ ဖြင့်
ဆောက်တည်အပ်သော ငါးပါးသီလသည်ရင်း,ဆယ်ပါး သီလသည်ရင်း အဓိသီလမည်သည်သာလျှင်တည်း၊(ဝါ)လွန် ကဲသော သီလမည်သည်သာလျှင်တည်း။ ။ဤ သို့သော အဓိသီလမျိုးကို သာသနာပအခါ၌ရင်း,အနန္တစကြာဝဠာတွင် လူဖြစ်သောအခါ၌ ရင်း မရအပ်ပေ၊အကြောင်းကား ထိုသာသနာပ, စကြာ ဝဠာ အနန္တ၌ လူဖြစ်သော သူတို့မှာ နိဗ္ဗာန်ဟူသော တရားထူး ကို ကြားကာမျှပင် မကြားဘူးကြပေ၊ထိုကြောင့် ထိုပုဂ္ဂိုလ် သတ္တဝါ လူတို့မှာ နိဗ္ဗာန်ကို တောင့်တ၍ သီလဆောက်တည် ရခြင်း မရှိနိုင်ကြပေ၊ဤအချက်ကို ထောက်ဆ၍ ငါတို့ကား စကြာ ဝဠာ အနန္တ၌ ဖြစ်ကြသော အနန္တပေါ် အနန္တဆင့်အပ်သော လူ အပေါင်းတို့ထက် အံ့ဩ၍ မဆုံးနိုင်အောင်သာလွန် မွန်မြတ်ကြပေသည်ဟု အသိဉာဏ်ကို ဖြစ်စေလျက် အထူးဝမ်းမြောက်ဘို့ သင့်ပေသည်။သီလဟူသည် ပုဂ္ဂိုလ်တိုင်း ပြည့်စုံနိုင်ခဲသည်၊ယုံကြည်မှု သဒ္ဓါတရား မရှိသူတို့အဘို့ သီလ မပြည့်စုံ နိုင် ကြပေ၊ သီလစသည် ပြည့်စုံအောင်‘အတ္တသမ္မာပဏိဓိ’ခေါ် မိမိကိုယ်ကို ကောင်းစွာဆောက်တည်မှု ရှိကြရမည်။

[ခုဒ္ဒကပါဌ-ဋ္ဌ]   အတ္တသမ္မာပဏိဓိနာမ ဣဓေကစ္စော အတ္တာ
နံ ဒုဿီလံ သီလေ ပတိဋ္ဌာ ပေ သိ၊ အဿဒ္ဓံ
သဒ္ဓာသမ္ပဒါယ ပတိဋ္ဌာပေသိ၊မစ္ဆရိံ စာဂသမ္ပ
ဒါယ ပတိဋ္ဌာပေသိ၊အယံ ဝုစ္စတိ အတ္တ သမ္မာ
ပဏိဓိ။

**ဆောက်တည်ပုံ**။ ။အတ္တသမ္မာပဏိဓိ မည်သည်ကား ဤ
လောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလမရှိ
သော မိမိကိုယ်ကို သီလ၌ တည်စေ၏၊သဒ္ဓါတရားမရှိသော မိမိ
ကိုယ်ကို သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၌ တည်စေ၏၊ဝန်တိုနှမြော
သော မိမိကိုယ်ကို လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း နှင့် ပြည့်စုံ
ခြင်း၌ တည်စေ၏၊ဤဆိုခဲ့ပြီးသော အလုံးစုံကို အတ္တသမ္မာ ပဏိဓိ
ဟူ၍ ဆိုအပ်၏။ ။အဓိပ္ပါယ်မှာ—သီလ မရှိသော မိမိကိုယ်ကို
သီလရှိအောင် လုပ်ပါ၊ယုံကြည်ခြင်းသဒ္ဓါ၊ မရှိသော မိမိကိုယ်ကို
ယုံကြည်ခြင်းသဒ္ဓါ ရှိအောင်လုပ်ပါ၊ မလှူ ဒါန်း လို မပေးကမ်း
လိုသည့် မိမိကိုယ်ကိုလှူဒါန်းပေးကမ်းချင်အောင် ပြုပြင်ပါ၊ဤသို့
သီလ,သဒ္ဓါ,စာဂသုံးပါးနှင့်ပြည့်စုံအောင် ပြင်ဆင်မှုကို(မိမိကိုယ်
ကို ကောင်းစွာ ဆောက်တည်ခြင်း) အတ္တ သမ္မာ ပဏိဓိ ဟုခေါ်
သည်။ ။ဤသို့ပြင်ဆင်သော အတ္တသမ္မာပဏိဓိဟူသည်အဘယ်
နည်း၊မင်္ဂလာတရားပင်မဟုတ်ပါလော။မင်္ဂလာတရားဆိုသည် အ
ဘယ်ကိုခေါ် သနည်း၊(မင်္ဂလာတရားဟူသည်ကို အသေးအဖွဲ ဟူ
၍ မမှတ်ယူသင့်၊ယခုကာလအချို့ပုဂ္ဂိုလ်များသည် မင်္ဂလာတရား
ကို ခပ်ပေါ့ပေါ့ ထင်မှတ်ကြပေသည်၊သို့ထင်မှတ်ကြ၍လည်း မင်္ဂ
လာတရားနှင့်အညီ မနေကြသည်မှာ ထင်ရှားလှပေသည်။)

[ခုဒ္ဒကပါဌ-ဋ္ဌ]   မင်္ဂလန္တိ—ဣဒ္ဓိကာရဏံ,ဝုဒ္ဓိကာရဏံ,သဗ္ဗ
သမ္ပတ္တိ ကာရဏံ။

**တသက်မှတ်**။ ။မင်္ဂလာ ဟူသည်ကား-လိုအပ်သောတိုးနှင့်
ပြည့်စုံခြင်း၏ အကြောင်း, လိုအပ်သောအ

ကျိုး၏ ကြီးပွါးခြင်းအကြောင်း, အလုံးစုံသော လူ,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာ ပြည့်စုံခြင်းအကြောင်း, ဤသို့ ပြည့်စုံခြင်း၏ အကြောင်းကို မင်္ဂလာခေါ် ပေသည်၊ သို့ဖြစ်၍ အဋ္ဌသမ္မာ ပဋိပဒါ-မင်္ဂလာနှင့် ပြည့်စုံကြပါစေ၊ ထိုမင်္ဂလာတရားနှင့် ပြည့်စုံပါလျှင် မမေ့မလျော့သော အနေမျိုးသို့ ရောက်တော့၏၊ ဤသို့ မမေ့မလျော့ကာမျှဖြင့် မြင့်မြတ်ကြောင်းကို သိကြရသော် အထူးဝမ်းမြောက်ဘွယ်ဖြစ်သည် မဟုတ်ပါလော။

[အင်္ဂုတ္တရ-၃] ယထာ သဗ္ဗသတ္တာနံ သမ္မာသမ္ဗုဒ္ဓေါ အဂ္ဂေါ၊
ဧဝံ သဗ္ဗေသံ ကုသလ ဓမ္မာနံ ကာရာပက အပ္ပ
မာဒေါ အဂ္ဂေါတိ ဒဋ္ဌဗ္ဗော။

**အမြင်ခန်း။** ။ခပ်သိမ်းသော သတ္တဝါတို့တွင် သဗ္ဗညုရှင်တော် ဘုရားသည် မြင့်မြတ်တော် မူသကဲ့သို့ ထို့အတူ အလုံးစုံသော ကုသိုလ်တရားတို့တွင် ကုသိုလ်ကို ဖြစ်စေတတ်သော မမေ့မလျော့သည့် သတိတရားကို မြင့်မြတ်၏ဟု မှတ်အပ်၏။ ။ထိုစကား မှန်ပေသည်၊ မမေ့မလျော့သော သတိရှိသော ပုဂ္ဂိုလ်သည် ကာမကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ်, လောကုတ္တရာ ကုသိုလ်တို့ကို သတိကင်းသူတို့ထက် လွန်စွာပြုနိုင်ရကား အသင်္ခတ-နိဗ္ဗာန်မြတ်သို့ အရောက် ပို့ဆောင်နိုင်သောကြောင့် အလုံးစုံသော တရားတို့ထက် မြင့်သည့်, မြတ်သည်ဟု ဆိုနိုင်ပေ၏၊ ဤသို့ သတိကောင်းရှိ၍ မိမိကိုယ်ကို သီလ၌ တည်စေအံ့၊ သေးသည့်, နုပ်သည့် မထင်နှင့်၊ ကျမ်းဂန်များစွာကို အားထုတ် သင်ကြားလျက် သီလကားမရှိ ဗဟုသုတသာရှိသောသူထက် မြတ်သည်၊ ထိုကြောင့် ဘုရားရှင်သည် "**သီလမေဝ သုတာ သေယျော**= သီလရှိသူသည်သာလျှင် အကြားအမြင်-သုတရှိသော သူထက် မြင့်မြတ်၏" ဟု မိန့်တော်မူသည်၊ သီလဖြစ်မှု, တည်မှုမှာလည်း အရှက်အကြောက် ကင်း၍ သဒ္ဓါ, ပညာနှစ်ပါး မရှိသူတို့၌ သီလမဖြစ်, မတည်နိုင်ပေ၊

သဒ္ဓါ, ပညာရှိ၍ အရှက်အကြောက်ရှိသော ပုဂ္ဂိုလ်ကောင်း, ပုဂ္ဂိုလ်မြတ်တို့၌သာ ကိုယ်ကျင့်သီလ တည်နိုင်ကြောင်းကို မှတ်သားသင့်ပေသည်။

[ဝိသုဒ္ဓိမဂ်] ဟိရိ ဩတ္တပ္ပေ သတိ သီလံ ဥပ္ပဇ္ဇတိစေဝ, တိဋ္ဌတိစ၊ အသတိ နေဝ ဥပ္ပဇ္ဇတိ, န တိဋ္ဌတိ။

**သီလတည်ကြောင်း။** ။ရှက်တတ်, ကြောက်တတ်သော သဘော ရှိလတ်သော် ကိုယ်ကျင့်သီလသည် ဖြစ်လည်းဖြစ်၏, တည်လည်းတည်၏၊ ရှက်တတ်, ကြောက်တတ်သော သဘော မရှိသော် ကိုယ်ကျင့်သီလသည် ဖြစ်လည်း မဖြစ်, တည်လည်းမတည်၊ ထိုစကား မှန်သည်၊ အရှက်, အကြောက် မရှိသော ကလေးများ၌ အထူးထင်ရှားလှပေသည်၊ ၎င်းကလေးများသည် သေးငယ်သော ပိုးမွှား ကလေးများကို လွယ်လွယ်ကူကူနှင့် လူရှေ့မရှောင်, သူရှေ့မရှောင် သတ်ရဲလှ၏၊ ဤကား အရှက်, အကြောက်မရှိ၍ သီလမတည်မှု၏ သက်သေ အချို့ ဖြစ်ပေသည်၊ ဤသို့ လူရှေ့သူရှေ့မရှောင်သည်ကို ထား ဦးတော့၊ ဘုရားရှင်၏ ရှေ့တော်မှာပင် မရှောင်ကြဉ်ဘဲ သတ်ရဲ ကြသည်မှာ—ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူစဉ် သာဝတ္ထိပြည်သို့ ဆွမ်းခံကြွတော်မူသောအခါ နွားကျောင်းသားကလေးများသည် ဘုရားရှင်၏ ရှေ့တော်မှာ ပင် မြွေကို ရိုက်သတ်ကြလေသည်၊ ထိုအခါ ဘုရားရှင်က ကလေးများကို မေးတော်မူသည်—"သင်တို့ ဤမြွေကို ဘာပြု၍ ရိုက်သတ်ကြသနည်း" ကလေးများ "ဤမြွေ တပည့်တော်တို့ကို ကိုက်မှာ စိုးလို့ပါ ဘုရား" ဟု လျှောက်ထားရာ ဘုရားရှင် အား—

အပေါ ့အဝိဇ္ဇာယ နိုကတိ ကောသလ္လတ္တိ ဓမ္မသံဝေဂံ ဥပ္ပါဒေသိ။

**အနုံးအစပ်။** ။အဝိဇ္ဇာ၏ စဉ်းလဲကောက်ကျစ်ခြင်း၌ လိမ္မာခြင်းသည် အနုံးအဘွယ် ရှိစွတကားဟု ဓမ္မသံဝေဂ ဖြစ်စေတော်မူ၏ဟု သာရတ္ထဒီပနီ၌ မိန့်ဆိုပေသည်။ ။ဤသဘောအတိုင်းဆိုလျှင် သီလ မဖြစ်ခြင်း, မတည်ခြင်းသည် ဟိရီ,သြတ္တပ္ပ မရှိခြင်းကြောင့်ဖြစ်၏၊ဟိရီ,သြတ္တပ္ပ မရှိခြင်းသည် ဝိဇ္ဇာဉာဏ်မရှိ၊ အဝိဇ္ဇာ—မောဟကြောင့်ဟူ၍သာ ဘုရားရှင်၏ ဓမ္မသံဝေဂ ဖြစ်ပုံကို ထောက်ဆ၍ ကောက်ယူရတော့၏၊ ထိုစကားမှန်၏၊ အရှက်, အကြောက် မရှိသည့် အခါတိုင်း၌ မသိတတ်သော အဝိဇ္ဇာတရားယုတ် အမြဲတန်း ရှိပေသည်၊ အဝိဇ္ဇာ—မောဟသည် ဟိရီ,သြတ္တပ္ပနှင့် ယှဉ်၍ အတူဖြစ်ကြောင်းကို အဘိဓမ္မာလေ့လာဘူးသူတို့ သိရှိကြပေမည်။ ။ဤသဘာဝကို သိသော ပညာရှိသည်သာလျှင် သီလကို ဆောက်တည်၍ အကျိုးခံစားရနိုင်လေသည်။

သီလံ ရက္ခေယျ မေဓာဝီ, ပတ္ထယာနော တယော သုခေ၊
ပသံသံ ဝိတ္တိ လာဘဉ္စ, ပစ္စသဂ္ဂေ ပမောဒနံ။

[ဥဒ္ဒကပါဠိ-ဗါဠိတော်]

**အကျိုးမသေး။** ။ဝိဇ္ဇာ=ပညာရှိသော ပုဂ္ဂိုလ်သည် ချီးမွမ်းခံရခြင်း,ဥစ္စာကိုရခြင်း,တမလွန်ဘဝ နတ်ပြည်၌ဖြစ်ရ၍ ဝမ်းမြောက်ရခြင်း ဤသုံး မျိုး သော ချမ်းသာ တို့ကို တောင့်တ၍ ကိုယ်ကျင့်တရား—သီလများကို စောင့် ရှောက် ရာ၏။ ။အဓိပ္ပါယ်မှာ ကိုယ်ကျင့်သီလကို တကယ် တန်း မပျက်ရအောင် စောင့်ရှောက်ပါလျှင် သူတပါးတို့၏ ချီးမွမ်းခြင်းကို ခံရမည်၊အကဲ့ရဲ့ မခံရ၊ဥစ္စာစီးပွား ရှာတိုင်းရမည်၊ဘဝပြောင်းသောအခါ ဝမ်းမြောက်ဝမ်းသာ နတ်စည်းစိမ်ကို ခံစား ရမည်ဟု ဆိုလိုသည်။ထိုအကျိုးသုံးပါးတို့တွင် ဥစ္စာစည်းစိမ်ရမည် ဆိုသည့် အကျိုးတပါးကို ယုံကြည်နိုင်ခဲကြ၏။အကြောင်းမှာကိုယ်ကျင့်တရားမြဲသူ ရှားပါးလှ၍ ဒိဋ္ဌမမြင်ရခြင်း များသောကြောင့်

ဖြစ်ပေသည်။ ကိုယ်တိုင်စမ်း၍ ကျင့်ကြည့်ပါ၊ ယနေ့ကစ၍ အသက်ထက်ဆုံး သီလနှင့်ပြည့်စုံစွာ နေလိုပါမှု......"ဂဟဋ္ဌ သီလံ သမာဒိယာမိ=လူတို့ကျင့်အပ်သောသီလကို ဆောက်တည်ပါ၏၊" ဤအတိုင်း နှုတ်မြွက်၍ ဆိုပါ၊ဆိုသည့်အတိုင်း ကျင့်ပါ၊ရှေးကမိမိဥစ္စာရှာနည်းအတိုင်း ရှာပါ၊မချွတ်မယွင်း တိုးတက်ပါလတ္တံ့။ ဘုရားရှင်တို့၏ စကားတော်သည် လွဲမှားသည်မရှိပါ၊မိမိ ကိုယ်တိုင် မကျင့်ပါဘဲနှင့် ဤအကျိုး မရနိုင်ဘူးဟူ၍ကား အပြစ်မဆိုသင့်ပေ၊သတိပေးခြင်းဖြစ်၏။

ဤသီလ ပျက်ခြင်း၏ အပြစ်, သီလ ပြည့်စုံ ခြင်း ၏ အကျိုးတရားကို ဘုရားရှင်၏အနီး၌ အရှင်သာရိပုတ္တရာ ဟောတော်မူသည်၊ တရားတော်၏ အဆုံး၌ ဘုရားရှင်သည် သာဓုသုံးကြိမ်ခေါ်တော်မူသည်။သာဝက=တပည့်တို့ ဟောသည် ၏ အဆုံး၌ ဘုရားရှင် သာဓုခေါ်တော်မူပါလျှင် ဘုရားဟော အစစ် ဖြစ်တော့၏။သို့ဖြစ်၍ ဤသီလ၏ အပြစ်ငါးပါး, အကျိုး ငါးပါးကို ပုဂ္ဂိုလ်တိုင်း အလေးပြု၍ လိုက်နာမှတ်ယူ သင့်လှပေသည်။ ဤတရားကို မယုံကြည်ကာမျှဖြင့် အပါယ်သို့ ကျရောက်ရန် ကျိန်းသေပြီဟု မချမှလွဲ မှတ်ယူကြပါကုန်။ဤတရား တော်ကို အမှန်တရားဟု နှလုံးထားနိုင်သူတို့အဖို့ သုဂတိဘုံသို့ လားရောက်ဖို့ မလွဲတော့ဟု မှတ်ယူနိုင်ကြ ပါစေကုန်သတည်း။

## ဒုဿီလ ပုဂ္ဂိုလ်၏ အပြစ် ငါးပါး

[ပါထေယျ သံဂီတိသုတ်] ပဉ္စ အာဒီနဝါ ဒုဿီလဿ
သီလဝိပတ္တိယာ၊ ဣဓဂဟပတယော ဒုဿီ
လော သီလဝိပန္နော ပမာဒါဓိကရဏံ
မဟန္တံ ဘောဂဇာနိံ နိဂစ္ဆတိ၊အယံ
ပဌမော အာဒီနဝေါ ဒုဿီလဿ
သီလဝိပတ္တိယာ။

ပစ္စည်းဆုံးရှုံး။ ။သီလမရှိ,သီလပျက်စီးသော ပုဂ္ဂိုလ်အား ငါးပါးသော အပြစ်တို့သည် ဖြစ်ကုန်၏။ ။

ငါ့ရှင်တို့......ဤလောက,ဤသာသနာတော်၌ သီလမရှိ;သီလပျက်စီးသော သူသည် မေ့လျော့ခြင်းလျှင် အကြောင်းရင်းရှိသော ကြီးစွာသော ဥစ္စာပစ္စည်း ဆုံးရှုံးခြင်းသို့ ရောက်၏၊ ဤသို့ကြီးစွာသော ဥစ္စာပစ္စည်း ဆုံးရှုံးခြင်းသို့ ရောက်ခြင်းသည် သီလမရှိ,သီလပျက်စီးသောပုဂ္ဂိုလ်၏ရှေးဦးစွာသော အပြစ်ပေတည်း။

ထိုစကားတော်သည် စင်စစ်ကေန် မှန်လှပေ၏၊ငါးပါး သော သီလတို့တွင် ထန်းရည်,အရက်=သူရာကို မိုဝမိပါလျှင် ပါ ဏာတိပါတ စသည့် ကြွင်းသော သီလလေးပါး ပျက်စီးတို့ ပြည့်စုံ တော့၏၊ဇူဠှိရတ္တခေါ် သူတပါးတို့၏ သွီး,မယား တို့ကိုလည်း ကြူးလွန်တော့၏၊ထိုအခါ သီလမရှိ ပျက်စီးသော ပုဂ္ဂိုလ်အား ဥစ္စာပစ္စည်း ကေန် ဆုံးရှုံးတော့၏၊မူလက ဥစ္စာပစ္စည်းမရှိသော သူမှာလည်း တိုးတက်ဘို့မရှိ၊သာမညလူ အဆင့်အတန်း ကိုပင် မမှီနိုင်သည့်အပြင် သားစဉ်မြေးဆက် အဖက်ဖက်မှာ ဆုတ် ယုတ်ခြင်းမလှ ဆုတ်ယုတ်ကြတော့မည်သာ ဖြစ်ပေ၏။

ယခုအခါ ထိုထိုမြို့ရွာတို့၌ ဤလို သီလမရှိ, ပျက်စီး၍ ဆုတ်ယုတ်သော ပုဂ္ဂိုလ်တို့မှာ ဂဏန်းချ၍ ရေတွက်ခြင်းငှာ မ စွမ်းနိုင်အောင် များလှပါ၏၊ထို သီလမရှိ,သီလပျက်စီးသော သူ တို့ သီလရှိဘို့,သီလတည့်တန့်ဘို့ ဖြစ်ရန် မည်သူ့ တာဝန် ပါ နည်း။

ပုနစပရံ အာဝုသော ဒုဿီလဿ သီလဝိပ္ပန္နဿ
ပါပကော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ အယံ ဒုတိယော
အာဒီနဝေါ ဒုဿီလဿ သီလဝိပ္ပတ္တိယာ။

ယုတ်မာ ကျော်စော။ ။ငါ့ရှင်တို့၊ တဖန် လည်း သီလမရှိ, သီလပျက်စီးသော သူ အား ယုတ်မာ ဆိုးဝါး မတရားကျော်စောသံသည် အားလုံးသိအောင် ပျံ့နှံ့

တတ်၏၊ ဤယုတ်မာသော ကျော်စောသံသည် သီလမရှိ, သီလပျက်စီးသောသူ၏ နှစ်ခုမြောက်သော အပြစ်ပေတည်း။

ဒုဿီလဟု ဆိုလျှင် မခံချင်ကြပေ၊ သို့သော်လည်း ဒုဿီလဖြစ်၍ ယင်းဒုဿီလသဘောကိုပင် အားလုံးနှံ့အောင် ထိုကာယကမ်ရှင်ပင် မပြောသော်လည်း ပြောဘိသကဲ့သို့ ဖြစ်သဖြင့် 'လူယုတ်မာ သီလမရှိတဲ့အစား'ဟု လူတို့မွှေတာ သဘာဝ အတိုင်း စပ်မိသည့်အခါ မပြောချင်မနေရ၊ ထိုကာယကမ်ရှင်သည်ပင် အပြောမခိုင်းသော်လည်း သဘောအားဖြင့်'ပြောကြပါစေ' ဟု ခိုင်းသလိုဖြစ်၍ ထိုလူတို့ ပြောဆိုကြရပေသည်။

> ပုနစပရံ အာဝုသော ဒုဿီလော သီလဝိပန္နော ယညဒေဝ ပရိသံ ဥပသင်္ကမတိ၊ ယဒိ ခတ္တိယပရိသံ, ယဒိ ဗြာဟ္မဏပရိသံ,ယဒိ ဂဟပတိပရိသံ,ယဒိ သမဏပရိသံ အဝိသာရဒေါ ဥပသက်မတိ မင်္ကုဘူတော အယံ တတိယော။

**ပရိသတ် ကြောက်။** ။ငါ့ရှင်တို့၊ တမျိုးတဖုံလည်း သီလမရှိ, သီလပျက်စီးသူသည် မင်းပရိသတ်သို့ဖြစ်စေ,ပုဏ္ဏားပရိသတ်သို့ဖြစ်စေ, သူကြွယ်ပရိသတ်သို့ ဖြစ်စေ, ရဟန်းပရိသတ်သို့ဖြစ်စေ အကြွင်းအမှတ်မရှိ ပရိသတ်သို့ မသွားလျှင်မဖြစ်သော အနေဖြင့် သွားရ,ရောက်ရ,ကပ်ရတော့၏၊ ထိုသို့ သွား, ရောက်, ကပ်သောအခါ၌ ရဲရဲဝံ့ဝံ့ မဟုတ် ရှုံ့တွန့်တွန့် မျက်နှာမကြည်မသာ ကပ်ရတော့၏၊ ဤသို့ ပရိသတ်သို့ ကပ်ရခြင်းသည် သီလမရှိ,သီလပျက်စီးသော ပုဂ္ဂိုလ်၏ သုံးခုမြောက်သော အပြစ်တည်း။

ဂင်းသီလမရှိသောသူသည် ''ငါ့အကြောင်းကို သူတို့သိကုန်ကြပြီ၊ ယခု ငါ့အား မည်သူက မည်သို့များ ပြောကြား လိုက်မည်နည်း''..... စသည်ဖြင့် နှလုံးမသာ ဝမ်းပန်းတနည်း ပရိသတ်ထဲ အရှက်များခွဲလိတ်မှဖြင့် ခက်တော့မှာဘဲဟု မျက်နှာကိုပင်

အဆင်ပြေပြေ မထားနိုင်ဘဲ နေထိသော ပန်းကဲ့သို့ ညှိုးညှိုး နွမ်းနွမ်း ပရိသတ်သို့ ကပ်ရတော့၏။

ပုနစပရံ အာဝုသော ဒုဿီလော သီလ ဝိပ္ပန္နော သံမုဠှော ကာလံ ကရောတိ၊အယံ စတုတ္ထော။

**အသေမသွေး။** ။ငါ့ရှင်တို့၊တမျိုးတဖုံလည်း သီလမရှိ, သီလ ပျက်သော ပုဂ္ဂိုလ်သည် သေခါနီး အခါ မိန်းမောတွေဝေလျက် သေခြင်းကို ပြုရ၏၊ဤသို့သေရခြင်းသည် သီလမရှိ, သီလပျက်သောသူ၏ လေးခု မြောက်သော အပြစ် ပေတည်း။

ပုနစပရံ အာဝုသော ဒုသီလော သီလ ဝိပ္ပန္နော ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊အယံပဉ္စမော။

**အပါယ်ကျ၏။** ။ငါ့ရှင်တို့၊တဖန်လည်း သီလမရှိ,သီလပျက် စီးသောသူသည် ကိုယ်ခန္ဓာပျက်ပြုံးသေဆုံး သည့်မှ နောက်ကာလ၌ ချမ်းသာမှုကင်း၍ မကောင်းသောသူတို့ ၏ လားရာ ဖရိုဖရဲ ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ ဖြစ် ရ၏။ ။ သူတပါးကြောင့် ငရဲ၌ဖြစ်ရသည်မဟုတ်၊မိမိသီလမရှိ, သီလပျက် စီးခြင်းကြောင့် ဖြစ်ရကား ကမ္မဿကတဉာဏ် ပေါ်ပေါက်ရန် ဖြစ်၏။သီလရှိရန် မည်သူ့တာဝန်နည်း......

**ဆောင်ပုဒ်လင်္ကာ။** ။ဥစ္စာပျက်ခြင်း,သတင်းယုတ်မာ,မျက်နှာ မလှ,တွေဝေကြ၍,သေက ပါယ်ရွာ သွား ရရှာသည့် ငါးဖြာသီလပျက်ကျိုးတည်း။

ဤသို့ ဒုဿီလပုဂ္ဂိုလ်၏ အပြစ်ငါးပါးကို သိကြပြီး လျှင် သူသီလပုဂ္ဂိုလ်၏ အကျိုးငါးပါး ကိုလည်း သိကြ သင့် ပေ သေး သည်။

[ပါဠိတော်ယျ-၉၃] ပဉ္စ အာနိ သံ သာ သီလဝတော သီလ သမ္ပဒါယ၊ ဣဓ ဝုသော သီလဝါ သီလ

သမ္ပန္နော အပ္ပမာဒါဓိကရဏံ မဟန္တံ ဘောဂက္ခန္ဓံ အဓိဂစ္ဆတိ၊ အယံ ပဌမော အာနိသံသော သီလဝတော သီလသမ္ပဒါယ။

**စည်းစိမ်များစွာ။** ။သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား ငါးပါးသော အကျိုး အာနိသင် တို့သည် ဖြစ်ကုန်၏၊ငါ့ရှင်တို့၊ ဤလောက, ဤသာသနာတော်၌ သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သုရာသောက်ခြင်း ကင်းသဖြင့် မမေ့ မလျော့ခြင်းလျှင် တည်ရာရှိသော ကြီးစွာသော စည်းစိမ်ဥစ္စာ အစုကိုရ၏၊ဤကြီးစွာသော စည်းစိမ်ဥစ္စာအစုကို ရခြင်း သည် သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ရှေးဦးစွာသော အကျိုးအာနိသင် ပေတည်း။ ။ထင်ရှားလှပေသည်၊အချို့ သီလနှင့်ပြည့်စုံသဖြင့် ဥစ္စာပစ္စည်းကို ရှာဖွေရာ အရင်းခံကြီးသလောက် တိုးတက်ကြီး ပွားကြပေသည်၊ အရင်းခံ ပစ္စည်း မရှိငြားသော်လည်း အကျင့် သီလပြည့်စုံသည်ကို ပစ္စည်းရှင်ကြီးများက ကိုယ်တိုင်သိ၍ ချီး မြှင့်ပေးကမ်းသဖြင့် ရှာဖွေကြရာ ပြည့်ပြည့်စုံစုံရှိသည်ကို မြင်ကြ ရပေ၏၊တကယ်တန်းသီလရှိ၍ ထိုသူမပျင်းရိပါလျှင် ယခုပစ္စုပ္ပန်၌ ထင်ထင်ရှားရှားကြီး စည်းစိမ်ဥစ္စာ တိုးတက်ရပေမည်။ စည်း စိမ်း ချမ်းသာ တိုးတက်လိုပါသလော.....။

ပုန စပရံ အာဝုသော သီလဝတော သီလသမ္ပန္နဿ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ အယံ ဒုတိယော အာနိသံသော သီလဝတော သီလသမ္ပဒါယ။

**ချီးမွမ်းကျော်စော။** ။ငါ့ရှင်တို့၊ တမျိုးတဖုံ လည်း သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ် အား ‘တော်ပါပေသည်၊ကောင်းမြတ်လှပါပေသည်’ဟူသော ချီးမွမ်းကျော်စော သံသည် အထက်ဘဝဂ်အထိ ပျံ့နှံ့၍တက်၏၊ဤသို့ ချီးမွမ်း,အံ့ဩ ကျော်စောသံသည် သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ နှစ်ခုမြောက်

သော အကျိုးအာနိသင်ပေတည်း။ ။လူ့လောက၌ အကြောင်းမဲ့ ချီးမွမ်းကြသည်မဟုတ်၊ချီးမွမ်းဘို့ရာ ကောင်းသောအကြောင်းနှင့် ပြည့်စုံ၍သာ ချီးမွမ်းအံ့ဩကြရပေသည်။ချီးမွမ်းခံလိုကြသလော၊ အကဲ့ရဲ့ခံလိုကြသလော—

> ပုနစပရံ အာဝုသော သီလဝါ သီလသမ္ပန္နော ယညဒေဝ ပရိသံ ဥပသင်္ကမတိ၊ ယဒိ ခတ္တိယ ပရိသံ, ယဒိ ဗြာဟ္မဏပရိသံ,ယဒိဂဟပတိပရိသံ ယဒိ သမဏပရိသံ ဝိသာရဒေါ ဥပသင်္ကမတိ၊ အမင်္ကုဘူတော အယံ တတိယော။

**မရွံ့မကြောက်။** ။ငါ့ရှင်တို့၊ တမျိုးတဖုံလည်း သီလနှင့် ပြည့်စုံသော သူသည် မင်းပရိသတ်သို့ဖြစ်စေ,ပုဏ္ဏား ပရိသတ်သို့ဖြစ်စေ,သူကြွယ်ပရိသတ်သို့ဖြစ်စေ,ရဟန်းပရိသတ်သို့ ဖြစ်စေ အကြင်အမှတ်မရှိ တခုခုသော ပရိသတ်သို့ ကပ်၏၊ထိုသို့ ကပ်ရောက်ရာ တခုခုသော ပရိသတ်၌ ရွံ့ကြောက်ထိတ်လန့်ခြင်း မရှိဘဲ ရွှင်ပြကြည်လင်သော မျက်နှာရှိသည်ဖြစ်၍သာ ချဉ်းကပ်ရ၏၊ဤသို့ချဉ်းကပ်ရခြင်းသည် သီလနှင့် ပြည့်စုံသောသူ၏ သုံးခုမြောက်သော အကျိုးအာနိသင်ပေတည်း။

အပြစ်ရှိသောသူသည် ကျီးကန်းကဲ့သို့ ထိပ်လန့်တုန်လှုပ်လျက် နေရ၏၊ အပြစ်ကင်းသောသူသည်ကား ခြင်္သေ့မင်းကဲ့သို့ ခိုင်မြဲသော ဇာန္တေဖြင့်သာ ပရိသတ်သို့ကပ်ရာ၏။

> ပုနစပရံ အာဝုသော သီလဝါ သီလသမ္ပန္နော အသံမုဠ္ဌော ကာလံ ကရောတိ၊ အယံ စတုတ္ထော အာနိသံသော သီလဝတော သီလသမ္ပဒါယ။

**အသေ-ဖြောင့်စွာ။** ။ငါ့ရှင်တို့၊ တမျိုးလည်း သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် သေခါနီးအခါ မတွေမဝေ ကြည်ကြည်လင်လင် ရွှင်လန်းသောအနေမျိုးဖြစ်၍ သေခြင်းကိုပြုရ၏၊ ဤသို့မတွေမဝေ သေရခြင်းသည် သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ လေးခုမြောက်သော အကျိုး-အာနိသင်ပေ

တည်း။ ။ 'ငါကား သီလနှင့်ပြည့်စုံသောသူတည်း၊ ဒုဂ္ဂတိသို့ မလားရာ၊ သုဂတိဘုံသို့သာ လားရမည့် အတန်းအစား' ဟု မိမိ မိတ်ကို ဆောက်တည်နိုင်ရကား တွေဝေခြင်း ကင်းပေသည်၊ သေခါနီးအခါ၌ ကြမ်းထန်းသော အမှုအရာကိုပြု၍ သေရလျှင် ဒုဂ္ဂတိဘုံ လားရတတ်သည်၊ အကုသိုလ်ကမ္မနိမိတ် ထင်သဖြင့် ကြမ်းထန်းစွာ ဖြစ်တတ်သည်။

> ပုနစပရံ အာဂုသော သီလဝါ သီလသမ္ပန္နော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊အယံ ပဉ္စမော အာနိသံသော သီလဝတော သီလသမ္ပဒါယ။

**လူ့,နတ် ရွာသို့။** ။ငါ့ရှင်တို့၊ တမျိုးလည်း သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား သေဆုံးသည်မှ နောက်ကာလ၌ ကောင်းမြတ်သော သူတို့၏ ဖြစ်ရာ လားရာဖြစ်သော ရူပ,သဒ္ဒ စသော အာရုံတို့နှင့် ပြည့်စုံသော လူ့ဘုံ,နတ်ဘုံ၌ ဖြစ်ရ၏၊ ဤသို့ ဖြစ်ရခြင်းသည် သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မြတ်၏ ငါးခု မြောက်သော အကျိုး အာနိသင်ပေတည်း။ ။ နတ်ပြည်, လူ့ပြည် ကောင်းသောဘဝသို့ ရောက်ရ,ဖြစ်ရခြင်းသည် မည်သူကမို့၍ ရောက်ရ,ဖြစ်ရပါသနည်း၊ကာယကမ်ရှင်တို့၏ ကမ်ကြောင့်သာဟု ဧကန် သိသော အသိဉာဏ်ရှိသူတို့မှာ ကမ္မဿကတဉာဏ် ပြည့်စုံတော့၏၊ အပါယ်လေးဘုံ၌ ဖြစ်လိုပါသလော......လူဘုံ, နတ်ဘုံတို့၌ ဖြစ်လိုပါသလော...... လူ့ဘုံ,နတ်ဘုံတို့၌ ဖြစ်လိုသည်၊သို့ဖြစ်လျှင် မိမိသီလကို မကျိုး, မပေါက်,မပြောက်,မကျားအောင် လုံးခြုံစွာ စောင့်ရှောက်ထိန်းသိမ်းပါ၊ ရချေကန် လူ့ဘုံ,နတ်ဘုံသို့ ရောက်ရမည်။

**ဆောင်ပုဒ်-လင်္ကာ။** ။ဥစ္စာတိုးတက်, ကောင်းချက် ကျော်စော, ရွှင်မော မျက်နှာ, သေခါမတွေ, လူ့ပြေနတ်ရွာ, လားရှာသည် ငါဖြာသီလ တည့်ကျိုးတည်း။

ဤအရာ၌ သီလဟူသည်—လူတို့၌ ငါးပါးသီလ၊ သို့မဟုတ် သုစရိုတ်ဆယ်ပါးလုံးကို ယူပါလေ။ ရဟန်းများ၌ ပါတိမောက္ခ သံဝရသီလ စသော သီလလေးပါး၊ သာမဏေများမှာ သရဏဂုံနှင့် ပြည့်စုံပါက ဆယ်ပါးသီလရှိ၏၊ ရင်းပြင် သေခိယ… ခုနှစ်ဆယ်ငါးပါးတို့ကို လုံခြုံစွာ စောင့်ထိန်းရမည်၊ ဤမျှသော သီလရှိသူတို့အဖို့ သုဂတိဘုံနှင့် မလွဲတော့ပေ၊ သီလမရှိသူ မှန်သမျှကို ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသုရကာယ်=အပါယ်လေးဘုံ ကသာ လက်ခံသည်။

သီလကုသိုလ်သည် ဒါနကုသိုလ်ထက် လွယ်ကူစွာ ပြုနိုင်သည်၊ ပုဂ္ဂိုလ်တိုင်း သီလကုသိုလ် ဖြစ်နိုင်ပေသည်၊ သို့ရာတွင် ယခုအခါ အဘယ့်ကြောင့် သီလရှိသူ နည်းနေပါသနည်း၊ ယုံကြည်မှု-သဒ္ဓါတရား နည်းပါး ကြသောကြောင့်တည်း၊ သီလ ပြည့်စုံမှု၏ အရင်းခံတရားကား ယုံကြည်ခြင်း—သဒ္ဓါတရားပင် ဖြစ်ပေ၏၊ ဤနေရာ၌ ရဟန်းတော်များမှာ သီလလေးပါးနှင့် ပြည့်စုံမှု အရင်းခံဖြစ်သည့် သဒ္ဓါစသော တရားတို့ကို ထုတ်ပြပေအံ့။ ။

[ဉဒ္ဒကာပါဠိ-၄] အနေသနံ ပဟာယ စတုပါရိ သုဒ္ဓိသီလေ ပတိဋ္ဌာတုကာမော သဒ္ဓါ သိသေန ပါတိမောက္ခသံဝရံ, သတိသိ သေန ဣန္ဒြိယသံဝရံ, ဝီရိယသိသေန အာဇီဝ ပါရိသုဒ္ဓိံ, ပညာ သိသေန ပစ္စယ ပဋိသေဝနံ ပူရေတိ။

**သီလလေးပါး။** ။မသင့်သော ရှာမှီးခြင်းကို ပယ်စွန့်၍ လေးပါးသော ပါရိသုဒ္ဓိသီလ၌ တည်လိုသော ပုဂ္ဂိုလ်သည် သဒ္ဓါကို အဦးမူသဖြင့် ပါတိမောက္ခသံဝရသီလကို ပြည့်စုံစေ၏၊ သတိကို အဦးမူသဖြင့် ဣန္ဒြိယ သံဝရသီလကို ပြည့်စုံစေ၏၊ ဝီရိယကို အဦးမူသဖြင့် အာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စုံစေ၏၊ ပညာကို အဦးမူသဖြင့် ပစ္စယသန္နိဿိတသီလကို

ပြည့်စုံစေ၏။ ။အဋ္ဌပြါယ်မှာ-ရဟန်းတော်များ၌ သီလလေးပါး ရှိ၏၊ ပါတိမောက္ခသံဝရသီလ,=ပါတိမောက်၌ လာသော သိက္ခာပုဒ်တို့ကို စောင့်ရှောက်ရခြင်း, ဣန္ဒြိယသံဝရသီလ=စက္ခုစသော ဣန္ဒြေခြောက်ပါးတို့ကို လုံခြုံစွာ စောင့်ရှောက်ရခြင်း, အာဇီဝပါရိသုဒ္ဓိသီလ—ဗေဒင်ဟောခြင်း, ဆေးကုခြင်း စသော မသင့်သော ရှာမှီးခြင်းကို ပယ်စွန့်၍ စင်ကြယ်သော အသက်မွေးခြင်း, ပစ္စယသန္နိဿိတသီလ=လေးပါးသော ပစ္စည်းတို့ကို သုံးဆောင်ရာ၌ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ရခြင်း ဤလေးပါးဖြစ်ပေသည်။

၎င်းလေးပါးနှင့် ပြည့်စုံဘို့မှာ သဒ္ဓါ, သတိ, ဝီရိယ, ပညာ ဤလေးပါးကို အစဉ်အတိုင်း အဦးမူ၍ ရဟန်းတော်များ၌ သီလ လုံခြုံစေကြရသည့်အတိုချုပ်မှာ-ပါတိမောက္ခသံဝရသီလ မပြည့်စုံလျှင် သဒ္ဓါတရားမရှိမှုပင် ဖြစ်ပေ၏၊ ဣန္ဒြိယသံဝရသီလ မပြည့်စုံလျှင် သတိတရား မရှိမှုပင် ဖြစ်ပေ၏၊ အာဇီဝပါရိသုဒ္ဓိသီလ မပြည့်စုံလျှင် ဝီရိယတရား မပြည့်စုံမှုပင် ဖြစ်ပေ၏၊ ပစ္စယသန္နိဿိတသီလ မပြည့်စုံလျှင် ပညာတရားမရှိမှုပင် ဖြစ်ပေ၏။

တနည်းအားဖြင့် အရွယ်လွန်မှ သာသနာတော်သို့ ဝင်၍ ရဟန်းပြုသော ပုဂ္ဂိုလ်တို့အဘို့မှာ ပြခဲ့ပြီးသော သီလလေးပါးကို ကုန်စင်အောင် နားလည်ဘို့ မလွယ်ကူပေ၊ သို့ရာတွင် ကာယသုစရိုက်သုံးပါး, ဝစီသုစရိုက်လေးပါး, မနော သုစရိုက်သုံးပါး ပေါင်းဆယ်ပါးသော သုစရိုက်တရားနှင့် ပြည့်စုံပါလျှင် ယခင်သီလကြီး လေးပါးနှင့် ပြည့်စုံနိုင်ပေသည်။

[သံယုတ်-ဋ္ဌ] ကာယသုစရိတ ဝစီသုစရိတာနိ ပါတိမောက္ခသံဝရသီလံ၊ မနောသုစရိတံ ဣတရာနိ တီဏိ သီလာနီတိ စတုပါရိသုဒ္ဓိသီလံ ကထိတံ ဟောတိ။

**မှတ်ရန်လွှေသ်၏။** ။ကာယ သုစရိုက်, ဝစီသုစရိုက်တို့သည် ပါတိမောက္ခ သံဝရ သီလ မည်၏၊ မနော သုစရိုက်သည် ဤပါတိမောက္ခ သံဝရသီလမှ တပါးကုန်သော

ဣန္ဒြိယ သံဝရသီလ, အာဇီဝပါရိ သုဒ္ဓိသီလ, ပစ္စယသန္နိဿိတ သီလတို့မည်ကုန်၏။ ။လူတို့၏ သီလသည် ရဟန်းတို့၏ ပါတိမောက္ခသီလ၌ အကျုံးဝင်၏၊ သို့ဖြစ်၍ လူတို့၏ သီလပြည့်စုံမှုမှာ သဒ္ဓါတရားပင် လိုရင်းဖြစ်ပေ၏၊ သီလကမ် သီလကမ်၏အကျိုးကို ယုံကြည်ခြင်းသဒ္ဓါ ရှိမှသာလျှင် သီလပြည့်စုံနိုင်ပေ၏၊ သဒ္ဓါတရား ပြည့်စုံဘို့မှာလည်း တရားတော်ကို ကြားနာရမှသာ ပြည့်စုံနိုင်ပေ၏၊ "**ဓမ္မံ သုတွာ သဒ္ဓံ ပဋိလဘတိ**" ဟူသော စကားတော်ကို ထောက်ဆ၍ သိရ၏၊ သဒ္ဓါတရားရှိကြ၍ သီလတရားကိုယ်စီကိုယ်ငှ တည်ကြစေကုန်။

ကိုးစားခြင်းကို ခံရသော ဘုန်းတော်ကြီးများ,ဆရာတော်ကြီးများကား တရားတော်တွေကို ဟောကြ,ပြောကြသည်၊ သို့ရာတွင် ဟောတိုင်း,ပြောတိုင်းမအောင်မြင်ကြပေ၊ တရားတော်တည်းဟူသော ဓမ္မစက်ကား မထက်သလို ဖြစ်နေ၏။ သို့ဖြစ်ခြင်းသည် အကြောင်းမကင်းပေ၊ အကြောင်းမှာ-အာဏာစက်မကူညီခြင်းပင် ဖြစ်ပေသည်၊ အာဏာစက် အကူအညီ မရသမျှ ကာလပတ်လုံး ဓမ္မစက် မထက်မြက်ခြင်းမှာ ဓမ္မတာတရဟု ဆိုဘွယ်ကောင်းတော့၏။

ဓမ္မိသရ,ဓမ္မသာမိ ဖြစ်တော်မူသော ဘုရားရှင်သော်မှလည်း သိကြားမင်း၏ အာဏာစက်အကူအညီကို ရယူ၍ သစ္စကပရိဗိုဇ်ကို အောင်နိုင်ပေသည်၊ စင်စစ်အားဖြင့် အာဏာစက်အကူအညီမရပါလျှင် ဗုဒ္ဓသာသနာတော်သည် ယခုတည်ရှိဆဲဖြစ်ရာနေရာမှ တနေရာသို့ မပြောင်းရွှေ့ဟူ၍ မည်သူမျှ မဆိုနိုင်ပေ၊ မူလက ဗုဒ္ဓသာသနာတော်သည် ဇမ္ဗူဒီပါပြည်အတွင်း မဇ္ဈိမဒေသ၌ တည်ရှိပေသည်၊ နောက်အဘို့၌ မဇ္ဈိမဒေသမှ ပြောင်း၍ သီဟိုဠ်ကျွန်း၌ တည်ရှိပေသည်၊ ယခုကား မြန်မာပြည်၌လည်း တည်ရှိနေပေသည်၊ ဤသို့ ပြောင်း၍ ပြောင်း၍ တည်ရှိမှုမှာ အာဏာစက်အထောက်အပံ့ မရ၍ ပြောင်းရွှေ့ကြောင်း ပညာရှိအပေါင်းတို့ကောင်းကောင်းသိတော်မူကြကုန်၏။

တမျိုးအားဖြင့်လည်း အကျိုးကို လိုလား၍ ဘုန်းတော်ကြီးတွေ, ဆရာတော်ကြီးတွေ ဟောငြားသော်လည်း သတ္တဝါ အများက ကိလေသာထုပြောသဖြင့် သဘောအတိုင်း မလိုက်နာနိုင်ကြ၍ ကိုယ်ကျင့်သီလ ပျက်စီးကြပေ၏၊ ဤအတိုင်းသာ ကိုယ်ကျင့်တရား သီလများ ကူးစက် ပျက်စီးသွားမည် ဆိုပါလျှင်လည်း ဗုဒ္ဓသာသနာတော် တနေရာသို့ မပြောင်းရွှေ့နိုင်ဟု မဆိုနိုင်ပေ၊ သို့ရာတွင် ယခုကား မြန်မာပြည်တွင် ဗုဒ္ဓသာသနာတော်ကို အသစ်ကဲ့သို့ ပြုပြင်ပြီး အထူးအားပေးစ ပြုလာပေပြီ၊ တကမ္ဘာလုံး ထင်ရှားအောင် ပြုတော့မည်ကား သေချာသလောက် ရှိနေသဖြင့် အထူးပင် ဝမ်းမြောက်ဘွယ် ကောင်းပေ၏၊ သို့အတွက်''ငါတို့လည်း သာသနာတော်ကို ကိုယ်ကျင့်သီလတရားဖြင့် အားပေးကြမည်''ဟု ကိုယ်စီကိုယ်၌ စိတ်ထားနိုင်ကြ ပါစေကုန်သတည်း။ ။အထက်ပါ စကားရပ်တို့တွင် ''ကိလေသာထုပြောသဖြင့် သဘောအတိုင်း မလိုက်နာနိုင်ကြ၍'' ဟူသော စကားကို ထင်ရှားစေဦးအံ့—

[ဥပရိပံ-ဋ္ဌ] ဉဿန္နကိလေသာနဉ္စ ဒိန္နောဝါဒေါ ဩဝါဒ မှာနေ နတိဋ္ဌတိ။ ဥဒကေ ဒဏ္ဍရာဇိဝိယ ခိပ္ပံ ဝိဂစ္ဆတိ။

ရှေ့ရေး သတိ။ ။ပြန့်ပြော များပြားသော ကိလေသာရှိသည့် ပုဂ္ဂိုလ်တို့အား ပေးအပ်သော အဆုံးအမသည် ဆုံးမတိုင်းသောအရာ၌ မတည်ပေ။ ရေ၌ ရေးအပ်သော ဒုတ်၏ အရေးအကြောင်းကဲ့သို့ လျင်စွာပျောက်ကင်းခြင်းသို့ ရောက်၏။ ။ဤစကား၌ အချုပ်အဓိပ္ပါယ်မှာ—တရားဟောအတိုင်း ဘယ်လိုပင် ဆုံးမဩဝါဒပေးသော်လည်း မရဟူသော အချက်ဖြင့် အာဏာစက်အကူအညီ ရမှသာ တည်နိုင်ပေမည် ဟူသော စကားအဓိပ္ပါယ်ကို ကောက်ယူနိုင်၏။ ဤအတိုင်းပင် သတ္တဝါတို့၌ ကိလေသာတရား များပြားမှုကြောင့်

"ပမတ္တာစ နဂ္ဂမ စတ္တာရော အပါယာ သကာဂေဟာ သဒိသာ= ကုသိုလ်သီလ၌ မေ့လျော့သော သူတို့မည်သည်ကား လေးပါး ကုန်သော အပါယ်တို့သည် မိမိတို့၏ အိမ်သဘွယ် ဖြစ်ကုန်၏" ဟု အဋ္ဌကထာဆရာတို့ မိန့်ဆိုကုန်၏။ ။

ဤအရာ၌ နခသိခသုတ္တန်ကိုလည်း ထည့်သွင်း ဆင်ခြင်ဘို့ သင့်လျော်၏၊ ဘုရားရှင်အား ရဟန်းတပါးက လျှောက်သည် မှာ-"ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား၊ လူတို့ သေကြ သည်မှာ အလွန်များပြားလှပါသည် ထိုလူတို့တွင် လူ့ပြည်၌ ပြန်၍ဖြစ်သည့် လူနှင့် အပါယ်ဘုံ၌ ဖြစ်သည့်လူ အဘယ်က များပါသနည်း" ထိုအခါ ဘုရားရှင်သည် မြေမှုန့်ကို ယူလျက် လက်သည်းခွံပေါ်သို့ တင်၍ ပြပြီးလျှင် အမိန့်တော်ရှိသည်မှာ- "ချစ်သားရဟန်း၊ ဤလက်သည်းခွံပေါ်၌ ရှိသော မြေမှုန့်နှင့် မဟာပထဝီ မြေအပြင်၌ရှိသော မြေမှုန့်သည် အဘယ်က များ သနည်း" ထိုအခါ ရဟန်းက တဖန် 'အရှင်မြတ်ဘုရား၏ လက် သည်းခွံပေါ်၌ ရှိသော မြေမှုန့်သည် အလွန်ပင် နည်းလှပါသည်၊ မဟာပထဝီ မြေပြင်၌ရှိသော မြေမှုန့်မှာ မနှိုင်းစာလောက် အောင် များလှပါသည်"ဟု လျှောက်သည့်အခါ "ချစ်သားရဟန်း၊ ထိုနည်းတူစွာပင် လူအပေါင်းတို့ သေပြီးလျှင် ဤလူ့ဘုံသို့ ပြန် ရောက်သော သူသည်ကား ငါဘုရား၏ လက်သည်းခွံပေါ်၌ရှိ သော မြေမှုန့်မျှလောက် ရှိ၏၊ အပါယ်လေးဘုံသို့ ကျသောသူ တို့သည်ကား မဟာပထဝီ မြေအပြင်၌ရှိသော မြေမှုန့်အမျှ များ လှပေ၏"ဟူ၍ ဟောကြားတော်မူပေ၏။

ဤအရာ၌ ဤသို့ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆင်ခြင်သင့် ပေ၏၊ ဘုရားရှင်၏ ဖွဲ့လက်ထက်တော် အခါ၌ပင် ဤမျှလောက် သဒ္ဒါတရားကင်း၍ ကိုယ်ကျင့်တရား ပျက်ပြားပါလျှင် ယခု အခါ ပြောဘွယ်မရှိအောင်ပင် အပါယ်ဘုံသို့ကျရောက်သူ အ လွန့်အလွန်များပေအံ့၊ သို့ရာတွင် ဤသို့ဟောရာ၌ သမ္မာဒိဋ္ဌိလူ မျိုးကိုသာ သတ်မှတ်၍ ဟောသည်ဟူ၍ကား မမှတ်အပ်ပေ၊

ကမ္ဘာလောကဒ္ဓ ရှိကြသော လူအပေါင်းကို သိမ်းကျုံး၍ ဟော တော်မူသည် ဟူ၍သာ မှတ်အပ်ပေသည်၊ ဂှင်းနည်းအတိုင်း နတ်တို့၏လည်း စုတိစိတ်ကျပြီး နတ်ဘုံသို့ ပြန်ရောက်သောနတ် ကား လက်သည်းခွံပေါ်၌ရှိသော မြေမှုန့်မျှလောက်သာ ရှိကြောင်း အပါယ်သို့ကျသော နတ်တို့ကား မဟာပထဝီ မြေအပြင်၌ရှိသော မြေမှုန့်တွေမျှ များကြောင်းကို ဟောတော်မူပေ၏။

ထိုမှတပါန် အပါယ်၌ဖြစ်ကြသော သတ္တဝါတို့သည် ၅ါလူ့ဘုံ သို့ ပြန်ရောက်ဘို့ရာ ခဲးခဲးယဥ်းယဥ်း ဖြစ်ရကြောင်းကို 'ကာဏ ကစ္ဆပေါပမ' သုတ်ဖြင့် ဆင်ခြင်ရာ၏။ ထိုသုတ်၌ပါဝင်သော သမုဒ္ဒရာအပိုင်းအခြားကို သိသင့်၏၊မြင့်မိုရ်တောင်၏ အရောင်မှာ အရှေ့က ငွေရောင်, တောင်က မြရောင်, အနောက်က ဖလ်ရောင်, မြောက်က ရွှေရောင် ဖြစ်ပေ၏။ "**အရှေ့ကစ၊ ငွေ, မြ, ဖန်, ရွှေ၊ လေကျော့ချေ၊ မသေ့မြင့်မိုရ်ရောင်**" ဟူသည်အတိုင်းပင် ထိုမြင့်မိုရ် ရောင်ဖြင့် ပိုင်းခြား၍သာ သမုဒ္ဒရာလေးစင်းဟု ခေါ်ရပေသည်။

ပိုင်းခြားပုံမှာ — အရှေ့အရပ်, တောင်အရပ် နှစ်ခုတို့၏အ ကြား၌ ငွေရောင်နှင့် မြရောင်သည် စကြာဝဠာတောင်ထိအောင် တန်းတန်းကြီးနှစ်ခု ပိုင်းခြားလျက် ရှိပေ၏၊ တောင်နှင့်အနောက် အကြားမှာလည်း မြရောင်နှင့်ဖလ်ရောင်, အနောက်နှင့်မြောက် အကြားမှာလည်း ဖလ်ရောင်နှင့်ရွှေရောင်, မြောက်နှင့်အရှေ့ အကြားမှာလည်း ရွှေရောင်နှင့်ငွေရောင်သည် မြင့်မိုရ်တောင်မှ စကြာဝဠာတောင်ထိအောင် တန်းတန်းကြီး အရောင်နှစ်ခုစီ ပိုင်းခြားလျက်ရှိ၏၊လူနေသော ကျွန်းမှ စကြာဝဠာတောင်တန်းထိ အောင် သမုဒ္ဒရာ၏အကျယ်အဝန်းမှာ ယူဇနာပေါင်း ၇စ်သောင်း နှစ်ထောင်စီရှိပေ၏၊အလျားဆိုလျှင် လေးကျွန်းလုံးကို ပတ်လျက် စကြာဝဠာတောင်ကမ်းလျှင် အပိုင်းအခြားရှိပေ၏။

ထိုသမုဒ္ဒရာကို ပင်လယ်ဟုခေါ် ကြသည်၊ ကမ္ဘာ့ပင်လယ်ကူး သင်္ဘောပေါ်မှ မျက်စိဖြင့် ကြည့်ရမည်ဆိုပါလျှင် ကမ်းကိုမမြင်ရ၊

နံက်အခါရေထည်းမှ နေထွက်၍ ညနေအခါ ရေထည်းသို့ပင် နေဝင်သွားသည်ကို မြင်ရ၏။

ဤမျှလောက် ကျယ်ဝန်းသော သမုဒ္ဒရာအတွင်း၌ လိပ်ကန်း တကောင်ရှိ၏။ ထိုလိပ်ကန်းသည်လည်း အနှစ်တရာ,တရာ ကြာမှ ရေပြင်ပေါ်သို့ တကြိမ်တကြိမ် ပေါ်လာပေ၏၊ ထိုလိပ်ကန်း သည် တောင်သမုဒ္ဒရာ၌ နေသည်၊ အပေါက်တခုသာရှိသော ထမ်းပိုးတုံးတခုသည်လည်း မြောက်သမုဒ္ဒရာ၌ ရှိနေလေသည်၊ နောက်အခါ့မှာ လိပ်ကန်းသည်လည်း သူ့သဘာဝအတိုင်း ထင်သ လိုသွားလာနေ၏၊ အပေါက်တခုသာ ရှိသော ထမ်းပိုးတုံးသည် လေတိုက်တိုင်း အငြိမ်မနေဘဲ တောင်ဘက်က မြောက်ဘက်, မြောက်ဘက်က အရှေ့,အနောက် သမုဒ္ဒရာသို့ အနှံ့အပြား မျော၍ နေလေ၏။ ဘုရားရှင် အမိန့်တော်ရှိသည်မှာ — 'ချစ်သား ရဟန်းတို့ သမုဒ္ဒရာ၌ရှိသော လိပ်ကန်း၏ ခေါင်းသည် ထမ်းပိုး တုံးအပေါက်သို့ ဝင်ဘို့ရာ လွယ်ကူပါ၏လော'' ဟု အမိန့်ရှိရာ ''အရှင်မြတ်ဘုရား ထမ်းပိုးတုံးအပေါက်သို့ လိပ်ကန်း၏-ခေါင်း ဝင်ဘို့ရာ အလွန်ခဲယဉ်းလှပါ၏၊ သို့သော်လည်း လိပ်ကန်းက လည်း မသေမူ၍ ထမ်းပိုးတုံးကလည်း မပျက်မစီးဘဲ ရှိခဲ့ပါလျှင် နှစ်ပေါင်းများစွာ ကြာခဲ့ပါသော် ဝင်ကောင်း ဝင်ပါလိမ့်မည် ဘုရား'' ဟု လျှောက်ပေ၏။

'ချစ်သားတို့ လိပ်ကန်း၏ ဦးခေါင်းသည် ထမ်းပိုး၏အပေါက် သို့ ဝင်ဘို့ရာ လွယ်ကူသေး၏၊ အပါယ်လေးဘုံ၌ရှိသော သတ္တဝါ များသည် ဤလူ့ဘုံသို့ ပြန်၍ဖြစ်ဘို့ရာမှာ ထိုထက် ခဲယဉ်းပေ၏' ဟုဟောတော်မူလေသည်။ ဤဥပမာစကားတော်ကို နှစ်လုံး၌ စွဲ မြဲစွာ မှတ်ထားဘို့ သင့်လှပေ၏၊ ငါတို့ကား ကိုယ်ကျင့်တရား သီလများ ပျက်ခဲ့သော် အပါယ်သို့ကျရောက်အံ့၊ ဤလိပ်ကန်း ဥပမာအတိုင်း အပါယ်မှ လွတ်နိုင်ဘို့ရာ ခဲယဉ်းကြောင်းကို သတိကောင်းရသဖြင့် ကိုယ်ကျင့်သီလ မြဲပါလတ္တံ့။

ကိုယ်ကျင့်တရား-သီလ မြဲခဲ့သော် အရိယာ သူတော်ကောင်းတို့ နှစ်သက်အပ်သော သီလဖြစ်ပေ၏၊ ထိုသီလကား အခြားမဟုတ်ပေ၊ ပါဏာတိပါတမှ သုရာမေရယ အဆုံးရှိသော ငါးပါးသီလမျှဖြစ်ပေသည်၊ထိုသီလကို မကျိုးမပေါက်,မပြောက်မကျားအောင် စောင့်ရှောက်နိုင်သောသူတို့၏ တည်ရာ,ဖြစ်သည်ကား နတ်ပြည်ဖြစ်ပေ၏။ 'သုဒ္ဓသီလေ ပတိဋ္ဌိတာ ဒေဝလောကေ နိဗ္ဗတ္တန္တိ' စင်ကြယ်သောသီလ၌ တည်သည်ရှိသော် (ဝါ)စင်ကြယ်သောသီလ၌တည်သောသူသည် နတ်ပြည်၌ ဖြစ်ရ၏။' ဤသို့ကျမ်းဂန်စကား အမှန်ရှိရကား မယုံမှားနှင့် ငကန်ပင် သီလမြဲက နတ်ပြည်နှင့် မလွဲဟူ၍ မှတ်ကြပါကုန်၊ နတ်ပြည်၌ ဖြစ်သောအခါ အရိယာတို့နှစ်သက်အပ်သော သီလ ဖြစ်ခြင်းကြောင့် တပါးသော နတ်တို့ထက်ပင် ဆယ်ပါးသောအရာဌာနတို့ဖြင့် သာလွန်ပေသည်။

[သံယုတ်-ဋ္ဌ] အရိယကန္တေဟိ သီလေဟိ သမန္နာဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။ တေ အညေ ဒေဝေ ဒသဟိ ဌာနေဟိ အဓိဂဏှန္တိ၊ ဒိဗ္ဗေန အာယုနာ,ဒိဗ္ဗေန ဝဏ္ဏေန,ဒိဗ္ဗေန သုခေန,ဒိဗ္ဗေန ယသေန, ဒိဗ္ဗေန အဓိပတေယျေန, ဒိဗ္ဗေဟိ ရူပေဟိ, ဒိဗ္ဗေဟိ သဒ္ဒေဟိ,ဒိဗ္ဗေဟိ ဂန္ဓေဟိ, ဒိဗ္ဗေဟိ ရသေဟိ, ဒိဗ္ဗေဟိ ဖောဋ္ဌဗ္ဗေဟိ။ ။

ဝမ်းသာဘွယ်။ ။နတ်တို့ကို အစိုးရသော သိကြားမင်း ဤလောက၌ အချို့သော သတ္တဝါတို့သည် အရိယာတို့သည် နှစ်သက်အပ်ကုန်သော ငါးပါးသီလတို့နှင့် ပြည့်စုံခြင်းကြောင့်သေသည်မှ နောက်ကာလ၌ ကောင်းသော သူတို့၏ လားရာ,မြတ်သော ရူပါရုံ စသည်တို့၏ တည်ရာဖြစ်သော နတ်ဘုံ၌ ဖြစ်ကြရကုန်၏၊ ထိုသတ္တဝါတို့သည် နတ်၌ဖြစ်သော အသက်ရှည်ခြင်းဖြင့်

၎င်း, နတ်၌ဖြစ်သော အဆင်းလှခြင်း, ချမ်းသာခြင်း, အခြံအရံ, အစိုးရခြင်း, ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဤဆယ်ပါးသော အရာဌာနတို့ဖြင့် တပါးသော နတ်တို့ကို ယှဉ်ကုန်၏၊ (ဤဆယ်ပါးသော အကြောင်းတို့ဖြင့် သာလွန်ကုန်၏ဟု ဆိုလိုသည်)ဤကား သိကြားမင်း ချောက်ထားသဖြင့် အရှင်မောဂ္ဂလာန်ကိုယ်တိုင်သိ၍ ဟောကြားအပ်သော တရားတော်တည်း။

**စဥ်းစားဘွယ်။** ။ကိုယ်ကျင့်သီလနှင့် ပြည့်စုံလျှင် ယခုဘဝမှာလည်း သူတပါးတို့ ချီးမွမ်း ခံရခြင်း အကျိုးကိုပေး၏၊ဘဝပြောင်းခဲ့သော် နတ်ပြည်၌ တပါးသောနတ်တို့ထက် ပြခဲ့ပြီးသော ဆယ်ပါးသော အရာဌာန အကြောင်းတို့ဖြင့်လည်း သာလွန်ရကုန်၏။ ဤစကားကို အပြန် ယူခဲ့သော် သီလမရှိသူတို့အား ယခုလည်း အကဲ့ရဲ့ခံရ၊ ဘဝ တပါး သို့ ပြောင်းသော်လည်း အပါယ်သို့ ကျရောက် ရ၏—ဟူ၍ သိအပ်ပေ၏။ တနည်းအားဖြင့် သီလအနံ့သည် ဘဝဂ်ထိအောင် ပျံ့နှံ့နိုင်ပေသည်။

[မဟာဝဂ်-ဌ]  သီလဂန္ဓော သဒေဝလောကေ အတိက္ကမိတွာ ဥပရိဘဝဂ္ဂံ ပတွာ ဋ္ဌိတော၊ သီလဂန္ဓတော အညော ဥတ္တရိတရော ဂန္ဓော နာမ နတ္ထိ။

**အနံ့ကောင်း။** ။သီလတည်းဟူသော အနံ့သည် နတ်ပြည်ခြောက်ထပ်တို့ကို လွန်၍ အထက် ဘဝဂ်သို့ ရောက်၍တည်၏၊သီလတည်းဟူသော အနံ့ထက် လွန်မြတ်သော တပါးသော အနံ့မည်သည် မရှိ။ ။သို့ဖြစ်၍ ကိုယ်ကျင့် သီလကို ပုဂ္ဂိုလ်တိုင်း ဖြည့်ကျင့်ဘို့ သင့်လှ၏၊ဤသို့ သီလအကျင့်နှင့် ပြည့်စုံကြသော လူအချင်းချင်း, ရဟန်းအချင်းချင်းတို့မှာ တဦးနှင့်တဦး ချစ်ခင်လေးစားကြ၍ မေတ္တာ ပွားနိုင်ကြပေမည်၊ ဤအတိုင်း သီလအကျင့်နှင့် ပြည့်စုံစွာ နေနိုင်ကြပါလျှင် တဦးနှင့်တဦး သာမက တလောကလုံး ကွဲပြားခြင်းမရှိ၊တသဘောတည်း ဖြစ်ကြ၍ မည်

မျှလောက် ချမ်းသာကြမည်ကို ဥာဏ်ကုန်သွတ်၍ ကြည့်ရာ၏။ ။ ရင်းပြင် ဖိယ,မနာပခေါ် ချစ်ခင် နှစ်သက်ခြင်း စသည့်ကို လိုလားခဲ့သော် သီလစသည်နှင့် ပြည့်စုံပါစေ။

[မူလာ-၌] သဖြဟွစရိယာနံ ပိယော စသံ မနာပေါစ ဂရုစ ဘာဝနီယောစာတိ ဆုမေ စတ္တာ ရော ဓမ္မေ အာကင်္ခေနှ နယည့် ကိဋ္ဌိ ကာတဗ္ဗံ၊ အညဒတ္တု သီလာဒိ ဂုဏ-သ မန္တာ ဂ တေ န ဘဝိတဗ္ဗံ။

**ချစ်ဆေး။** ။သိတင်းသုံးဘော်တို့၏ ချစ်အပ်, မြတ်နိုးအပ်, အလေးပြုအပ်,မေတ္တာပွါးစေအပ်သည် ဖြစ် ပါစေ၊ ဤအကျိုးလေးပါးတို့ကို အလိုရှိသောပုဂ္ဂိုလ်သည် တပါးသော တစုံတခု ပြုဘွယ်ကိစ္စ မရှိ၊စင်စစ်သော်ကား ကိုယ်ကျင့်သီလစသည့် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံစွာ ဖြစ်ရာ၏—ဟု သတ်မှတ်ပေ၏။ ။ဤစကားသည် ရဟန်းအချင်းချင်းကို အဓိကထား၍ ပြောသောစကား ဖြစ်သော်လည်း အားလုံးသောသတ္တဝါတို့နှင့် ဆက်ဆံသောစကား ဖြစ်ပေ၏၊ သီလ၏ အကျိုးကို သိမြင်၍ ယုံကြည်ကြမှသာ မပျက်စီးအောင် စောင့်ရှောက်ကြ ပေလိမ့်မည်။သို့ဖြစ်၍ သီလ၏ အကျိုးကို ဆက်၍ပြဦးအံ့—

[ဗုဒ္ဓဝံသ-၌] သီလဥ္စ နိဗ္ဗာနံ သောဘာတိ။

[သံယုတ်-၌] သီလာလင်္ကာရသမော အလင်္ကာရော နတ္ထိ၊ သီလဂန္ဓသမော ဂန္ဓော နတ္ထိ၊ သီလသမံ ကိလေသမလဝိသောဓနံ နတ္ထိ၊သီလသမံ ပရိဠာဟူပသမံ နတ္ထိ၊သီလသမံ ကိတ္တိဇနနံ နတ္ထိ၊သီလသမံ သဂ္ဂါရောဟဏသောပါနံ နတ္ထိ၊ နိဗ္ဗာန—နဂရပဝေသနေစ သီလသမံ ဒွါရံ နတ္ထိ။

**တန်းဆာကောင်း။** ။သီလသည် အချိန်မရွေး တင့်တယ်ပေ၏။ ။သီလတည်းဟူသော တန်း ဆာ

နှင့်တူသော တန်းဆာ,သီလအနံ့နှင့်တူသော အနံ့,သီလနှင့် တူသော ကိလေသာအညစ်အကြေးကို ဆေးကြော တတ်သော အရာ, သီလနှင့်တူသော ကိလေသာပူသော ပူလောင်ခြင်းကို ငြိမ်းစေတတ်သောအရာ, သီလနှင့်တူသော ကျောင်စောခြင်းကို ဖြစ်စေတတ်သောအရာ, သီလနှင့်တူသော နတ်ပြည်သို့တက်ရာ စောင်းတန်း, နိဗ္ဗာန်တည်းဟူသော မြို့တော်သို့ ဝင်ရောက်ရာ တံခါးပေါက်မရှိပေ။ ။

တမျိုးအားဖြင့် သာသနာတော်နှင့် တွေ့ကြိုရ၍ ရရှိနိုင်သော တရားခြောက်မျိုးကို ပြဦးအံ့—

**အင်္ဂုတ္တရပါဠိတော်လာ အနုတ္တရိယတရား ၆ ပါး**

**ဒဿနာနုတ္တရိယ**။ ။ဘုရားရုပ်ထုတော်,ဓာတ်တော်,သံဃာတော်, ပုထုဇန် ရဟန်းတော်တို့အား ဖူးမြင်ရခြင်းသည် အလွန်အကဲ အမြတ်ဆုံး မြင်ရခြင်း မည်၏၊ သားသမီးနှင့်တကွ အတွင်းအပ ပစ္စည်းဥစ္စာ ရတနာတို့ကို မြင်ရခြင်း, ဇာတ်ပွဲသဘင်စသည်ကို မြင်ရခြင်းသည် ဝဋ်ဒုက္ခသို့သာ ကျင်လည်ကြောင်း ဖြစ်၍ မြတ်သောမြင်ရခြင်း မဟုတ်ကြပေ။

**သဝနာနုတ္တရိယ**။ ။သဘာဝအတိုင်း သိစေလိုကြောင်းဖြင့် ဟောအပ်သော တရားတော်ကို နားဖြင့် ကြားရခြင်းသည် အမြတ်ဆုံး ကြားနာရခြင်းမည်၏၊သားသမီးတို့၏ ပြောဆိုသံ,ဇာတ်သဘင်တို့၌ ပြောဆိုသံ စသည်တို့သည် ဝဋ်ဒုက္ခသို့သာ ကျင်လည်ကြောင်းဖြစ်၍ မြတ်သော ကြားနားရခြင်း မဟုတ်ကြပေ။

**လာဘာနုတ္တရိယ**။ ။ကမ်,ကမ်၏အကျိုးသည် ဟုတ်မှန်၏၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးသည် ဟုတ်မှန်၏ဟု ယုံကြည်သော သဒ္ဓါတရားကို ရခြင်းသည် အလွန်အကဲမရှိ အမြတ်ဆုံးသော ရခြင်းမည်၏၊ လောက၌ အဘက်ဘက်မှ တိုးတက်၍ လောကီရတနာကို ရခြင်းသည် ဝဋ်ဒုက္ခသို့ ကျင်လည်ကြောင်းဖြစ်၍ မြတ်သော ရခြင်း မဟုတ်ပေ။

**သိက္ခာနုတ္တရိယ၊** ။စာဘတ်ခြင်း, တရားနာခြင်းဖြင့် ဘုရားရှင်၏ တရားတော်ကို သင်ကြား,နာယူရခြင်းသည် အမြတ်ဆုံးသော သင်ကြားနာယူရခြင်း မည်၏၊ လောကဝ အမျိုးမျိုး ရေးသား၍ ထားအပ်သော ဝတ္ထုဆန်း, လောဘစသည့်ပွားကြောင်း ရေးသားသော ကျမ်းစာကို သင်ခြင်း,ဘတ်ခြင်းသည် ဝဋ္ဋဒုက္ခသို့ ကျင်လည်ရကြောင်းဖြစ်၍ မြတ်သော သင်ခြင်း,ကြားခြင်း မဟုတ်ပေ။

**ပါရိစရိယာနုတ္တရိယ။** ။ဘုရားရှင်အားရင်း, သံဃာတော်အားရင်း ဆွမ်းစသော ပစ္စည်းဖြင့် လုပ်ကျွေးရခြင်းသည် အမြတ်ဆုံးသော လုပ်ကျွေးရခြင်း မည်၏၊ သားသို့းစသော ပုဂ္ဂိုလ်,သီလစသော ဂုဏ်နှမ်းပါးသော ပုဂ္ဂိုလ်တို့အား ပေးကမ်း,လုပ်ကျွေးရခြင်းသည် အလွန်အကဲ မြတ်သော လုပ်ကျွေးခြင်း မဟုတ်ပေ။

**အနုဿတာနုတ္တရိယ။** ။မြတ်သော ဖူးမြင်ရခြင်း,မြတ်သော တရားတော်ကို နာရခြင်း,မြတ်သော သဒ္ဓါတရားကို ရခြင်း,မြတ်သော လုပ်ကျွေးရခြင်း, မြတ်သော ဘုရားရှင်၏ တရားတော်ကို သင်ကြားရခြင်းတို့ကို အဖန်ဖန် အထပ်ထပ် တွေးတော ဆင်ခြင်ရခြင်းသည် အမြတ်ဆုံး အလွန်အကဲ ဖြစ်သော တွေးတောဆင်ခြင် အောက်မေ့ခြင်း မည်ပေ၏၊ သာသနာတော်တွင်းဖြစ်၍ ခြောက်ပါးသော အနုတ္တရိယ တရားတို့ကို သမ္မာဒိဋ္ဌိခေါ် ဗုဒ္ဓဘာသာ လူမျိုးတို့ ရနိုင်ကြပေသည်၊ အတိုချုပ်မှာ အလွန်အကဲမရှိ အမြတ်ဆုံးဖြစ်သော အနုတ္တရိယတရား ခြောက်ပါး လက်ရှိဖြစ်သော သူတော်ကောင်းတို့သည် သာသနာတော်နှင့် ရင်ဆိုင် တွေ့ကြုံရခြင်းကြောင့် အထူးဝမ်းမြောက်ဘို့ ဖြစ်ပေ၏၊ အကြောင်းမှာ-သံသရာ၌ ကျင်လည်ရသေးလည်း အမြတ်ဆုံးဖြစ်သော လူချမ်းသာ,နတ်ချမ်းသာ,နိဗ္ဗာန်ချမ်းသာကို မချွတ်မလွဲ ရလတ္တံ့ဖြစ်သောကြောင့်ပေတည်း။

ဒါနကထာ၌ သံဃာသည် ဒုဿီလမရှိ၊ ဒုဿီလမည်သည် ဥပါသကာသာ ဖြစ်၏၊ (ဒုဿီလာနာမ ဥပါသကာ)။ ဤစကားအရ ဥပသကာဟူသမျှ ဒုဿီလချည်းဘဲဟု ယူဆထားပါလျှင် အာဘော်မကျဘဲ အမှား ဖြစ်သွားပေလိမ့်မည်၊ ဆိုရာဝယ် မှား အောင်ယူလိုမူ ရဟန်းမှာ သီလမရှိလျှင် ဒုဿီလဖြစ်၏၊ ထို ဒုဿီလသည် ဥပါသကာမည်၏ဟု ယူပါ။ ။ဥပါသကာနှင့် စပ်၍ အောက်ပါတို့ကို သိသင့်သိထိုက်ပေသည်။

[မူလပံ-၅၅] ကော ဥပါသကော, ကသ္မာ ဥပါသကော, ကိမဿ သီလံ,၊ကော အာဇီဝေါ,၊ကာ ဝိပတ္တိ,၊ ကာသမ္ပတ္တိတိ ဣဒံ ပကိဏ္ဏကံ ဝေဒိတဗ္ဗံ။

၁။ ဥပါသကာဟူသည် ဘယ်သူကို ခေါ်သနည်း

၂။ အဘယ့်ကြောင့် ဥပါသကာခေါ်ပါသနည်း

၃။ ထိုဥပါသကာ၏ သီလအကျင့်ကား အဘယ်နည်း

၄။ ထိုဥပါသကာ၏ အသက်မွေးမှုကား အဘယ်နည်း

၅။ ထိုဥပါသကာ၏ ပျက်စီးခြင်းကား အဘယ်နည်း

၆။ ထိုဥပါသကာ၏ ပြည့်စုံခြင်းကား အဘယ်နည်း

ဤပြီးပွမ်းသော အမေးပြဿနာကို သိအပ်၏။

[မူလပံ-၅၅] ကော ဥပါသကောတိ ယောကောစိ တိသရဏဂတော ဂဟဋ္ဌော ကသ္မာ ဥပါသကောတိ ရတနတ္တယဿ ဥပါသကတော၊ သော ဟိ ဗုဒ္ဓံ ဥပါသတီတိ ဥပါသကော၊ ဓမ္မံ ဥပါသတီတိ ဥပါသကော၊ သံဃံ ဥပါသတီတိ ဥပါသကော၊

**ကိုယ်ကိုယ်တိုင်ကိုယ်သိ။** ။ဥပါသကာဟူသည်မှာ- အမှတ်မရှိသော သရဏဂုဏ်သုံးပါးနှင့် ပြည့်စုံသော (ဝါ-) သရဏဂုဏ်သုံးပါးကို ဆည်းကပ်တတ်သော သူ တည်း၊ အဘယ်လူမျိုးကိုမဆို သရဏဂုဏ်သုံးပါးကို ဆည်းကပ်တတ်လျှင် ဥပါသကာဟု ခေါ်ရ၏၊ သမ္မာဒိဋ္ဌိလူမျိုးဟု ခေါ်အပ်

သော မြန်မာလူမျိုးသည်လည်း သရဏဂုဏ် မရှိပါလျှင် ဥပါသကာ မဟုတ်ပေ။

အဘယ့်ကြောင့် ဥပါသကာ မည်ပါသနည်း၊ ဤအမေး၌ အဖြေမှာ-ရတနာသုံးပါး အပေါင်းကို ဆည်းကပ်တတ်သောကြောင့် ဥပါသကာမည်၏၊ ထိုစကားမှန်ပေ၏၊ ထိုသူသည် ဘုရား,တရား,သံဃာတော်ကို ဆည်းကပ်တတ်၏၊ ထို့ကြောင့် ဥပါသကာမည်၏။ ။

[မူလဋီ-၌] ကိမဿ သီလန္တိ ပဉ္စ ဝေရမဏိယော၊ယထာဟ မဟာနာမ ဥပါသကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော ဟောတိ။ မုသာဝါဒါ ပဋိဝိရတော ဟောတိ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ။ ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော သီလဝါ ဟောတိ။ ။

ပြည့်စုံပါစေ။ ။ဥပါသကာ၏ သီလ အကျင့်ကား အဘယ်နည်း၊ ဤအမေး၌ ငါးပါးသော ဝဋ္ဋုတို့ကို ရှောင်ကြဉ်ခြင်းတို့သည် ဥပါသကာ၏ အကျင့်မည်၏။ ဘုရားရှင် အဘယ်ကဲ့သို့ ဟောသနည်းဟူမူကား......'မဟာနာမ ဥပါသကော' စသည်ဖြင့် ဟောတော်မူ၏။ အဓိပ္ပါယ်မှာ—မဟာနာမ်၊ဥပါသကာသည် သူတပါး၏ အသက်ကို သတ်ခြင်း, သူတပါး၏ ဥစ္စာကို ခိုးယူခြင်း, ကာမဂုဏ်တို့၌ မှားသောအားဖြင့် လွန်ကြူးခြင်း, အကျိုးပျက်အောင် မုသားပြောဆိုခြင်း, ကုသိုလ်တရား၌ မေ့လျော့စေတတ်သော သုရာခေါ် ထန်းရေ, အရက်, သောက်ခြင်းမှ ရှောင်ကြဉ်၏ ဤငါးပါးကို ရှောင်ကြဉ်ကာမျှဖြင့် ဥပါသကာသည် သီလနှင့် ပြည့်စုံသည် မည်၏။ ။

ဤငါးပါးသောသီလသည် ဥပါသကာတို့အမြဲ ဆောက်တည် အပ်သော သီလ မည်၏၊ ငါးပါးသီလ မတည်မြဲလျှင် အပါယ်

လားကြောင်း အစစ်အမှန် ဖြစ်၏။ သိတင်းနေ့များ၌ ရှစ်ပါး, ဆယ်ပါး ဥပုသ်မစောင့်နိုင်သော်လည်း အပါယ်လားကြောင်း မဟုတ်ပေ၊ ငါးပါးသီလကို မကျိုးမပေါက်အောင် လုံခြုံစွာ ဆောက်တည်ပြီးသောသူတို့သာ ထို့ထက် မြင့်မြတ်စေရန် ရှစ်ပါး သီလ, ဆယ်ပါးသီလတို့ကို သိတင်းနေ့၌ ဆောက်တည်ကြရ သည်။ ထိုသို့ ဥပုသ်စောင့်ရန် ကျောင်းကန်, ဘုရားသို့ သွားသော သူများ၌ ကြီးကျယ်မြင့်မြတ်သော အကျိုးထူးရရှိပုံကို အနည်း ငယ်ဖော်ပြပေအံ့—

သတံ ဟတ္ထီ သတံ အဿာ, သတံအဿတရီရထာ၊
သတံ ကညာ သဟဿာနိ, အာမုတ္တ မဏိကုဏ္ဍလာ။
ဧကဿ ပဒဝီတိဟာရဿ, ကလံ နာဂ္ဃန္တိ သောဠသိံ။

[သံယုတ်ပါဠိတော်]

**အကျိုးမနည်း။** ။အနာထပိဏ်သူဌေးကြီးက, ကြိုးတန်းဆာ ဆင်ပြီးသော ဆင်တသိန်း, မြင်းတသိန်း, အဿတိုရ်မြင်း က,အပ် သော ရထားတသိန်း, ပတ္တမြား, နားဒောင်း, ပုလဲသွယ် ဝတ်ဆင် ပြီးသော ကညာပျို တသိန်းတို့သည် ရှိကုန်၏၊ ထိုဆင် တသိန်း စသော လေးသိန်းသော ရတနာတို့သည် ရတနာ သုံးပါးကို အာရုံပြု၍ ကျောင်းကန်, ဘုရားသို့ သွားသောသူ၏ ဘဝါး ခြေ လှမ်းသည့်အခါ၌ဖြစ်သော စေတနာ၏ အကျိုးကို နှစ်ရာငါးဆယ့် ခြောက် စိတ် စိတ်၍ တစိတ်ခန့်မျှ အဘိုးမထိုက်ကုန်။

ဝမ်းမြောက်ဘွယ် ကောင်းလှပေသည်၊ ဥပုသ်သီလမဆောက် တည်ရသေးပေ၊ ဥပုသ်သီလ ဆောက်တည်ရန်သွားကာမျှ ရှိသေး သည်၊ ကျောင်းသို့ သံဃာပင့်ရန်, လှူဒါန်းရန် သွားလာသောသူ တို့၏ ဘဝါးခြေလှမ်း၌ ဖြစ်သော စေတနာ၏ တန်းဘိုးမှာလည်း ဤနည်းအတိုင်းပင်ဟု ရှေးဆရာမြတ်တို့ ဆုံးဖြတ် တော် မူကြ သည်၊ ဤစကားကို မမေ့မလျော့မူ၍ နှလုံး၌ ထားနိုင် ကြပါစေ၊ စကားစပ်၍ ကုသိုလ်၏ တန်းဘိုးကို ထည့်၍ ပြခြင်းဖြစ်၏-။ ဥပါသကာ၏ အသက်မွေးမှုကို ဆက်၍ပြဦးအံ့—

[မူလပံ—၅] ကော အာဇီဝေါတိ ပဥ္စ မိစ္ဆာဝါဏိဇ္ဇေ ပဟာယ ဓမ္မေန သမေန ဇီဝိတကပ္ပနံ။ ပဥ္စ မာ ဘိက္ခဝေ ဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာ၊ ကတမာ ပဥ္စ၊ သတ္ထဝါဏိဇ္ဇာ, သတ္တဝါဏိဇ္ဇာ, မံသဝါဏိဇ္ဇာ, မဇ္ဇဝါဏိဇ္ဇာ, ဝိသဝါဏိဇ္ဇာ၊ ဣမာ ခေါ ဘိက္ခဝေ ပဥ္စဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာ။

**အဓိပ္ပာယ်ပေါ်ပေါ်။** ။ဥပါသကာ၏ အသက်မွေးခြင်းကား အဘယ်နည်း၊ ဤအမေး၌ အဖြေမှာ——ငါးပါး ကုန်သော မှားသော ကုန်သွယ်ခြင်းတို့ကို ပယ်စွန့်၍ တရားနှင့် လျော်စွာ အသက်မွေးခြင်းတည်း။ ။တရားနှင့်မညီသော ကုန်သွယ်ခြင်းတို့ကို ဟောတော်မူသည်မှာ—ချစ်သားရဟန်းတို့၊ဥပါသကာသည် မပြုအပ်ကုန်သော ကုန်သွယ်ခြင်းတို့သည် ဤငါးပါးတို့တည်း၊ ငါးပါးဟူသည်ကား......ဓါး,လှံ,လေး, သေနပ် စသော လက်နက်ကုန်သွယ်ခြင်း, သတ္တဝါကို ကုန်သွယ်ခြင်း, အသား, အမဲ ကုန်သွယ်ခြင်း, သေအရက် ကုန်သွယ်ခြင်း, အဆိပ် ကုန်သွယ်ခြင်း ဤငါးပါးတို့တည်း။ဤ ကုန်ငါးမျိုးကို ပြုလုပ်ကြသော ပုဂ္ဂိုလ်တို့သည် အကုသိုလ်ပွားကြောင်း,အပါယ်သို့သွားကြောင်း အလုပ်ဖြစ်၍ ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဥပါသကာတို့ မပြုမလုပ်အပ်ကုန်ဟု ဆိုလိုပေသည်။သတိကောင်း ထား၍ ရှောင်ကြဉ်ကြလေ။ဥပါသကာ၏ ပျက်စီးခြင်းကို ဆက်၍ ပြဦးအံ့-

[မူလပံ—၆] ကာ ဝိပတ္တီတိ ယာ တဿေဝ သီလ ဿစ အာဇီဝဿစ ဝိပတ္တိ၊အယံ မဿ ဝိပတ္တိ၊ ပဉ္စ ဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါ သကော ဥပါသကစဏ္ဍာလောစေဝ ဟောတိ၊ ဥပါသက မလဉ္စ, ဥပါသက ပဋိကုဋ္ဌောစ။

**စကားဆုံးဘွယ်။** ။ဥပါသကာ၏ ပျက်စီးကြောင်း အဘယ်နည်း၊ ဤအမေး၏ အဖြေမှာ-ထိုဥပါသကာ

၏သာလျှင် ငါးပါးသီလ၏ရင်း, အသက်မွေးမှု၏ရင်း အကြွင်းပျက်စီးခြင်းသည် ရှိ၏၊ ဤသည့်လျှင် ထိုဥပါသကာ၏ ပျက်စီးခြင်းတည်း။ ။ငါးပါးသီလတို့တွင် တပါးပါးပျက်ခြင်း, မပြုအပ်သော ကုန်သွယ်ခြင်း ငါးပါးတို့တွင် တပါးပါးဖြင့် ရောင်းဝယ်အသက်မွေးခြင်းကို ပြုလျှင် ဥပါသကာ ပျက်စီးပြီ၊ ထိုဓာဠ္ဍ စုတိကျလျှင် အပါယ်သို့သာ သွားရာလမ်းကြောင်း ရှိတော့၏၊ (သုဂတိလမ်း ပိတ်ပြီဟု ဆိုလို၏)။ထိုမှတပါး အကြောင်းတရား ငါးပါးနှင့် ပြည့်စုံသော ဥပါသကာ၏ စက်ဆုပ်ဘွယ်သော အမည်ထူးတို့ကို ပြတော်မူလိုသော ဘုရားရှင်သည် အောက်ပါအတိုင်း မိန့်တော်မူသည်—

"ချစ်သား ရဟန်းတို့ ငါးပါးကုန်သော အကြောင်းတို့နှင့် ပြည့်စုံသော ဥပါသကာသည် ကြမ်းထန်သော ဥပါသကာ-ဒွန်းစဏ္ဍား မည်သည်ရင်း, အညစ်အကြေးရှိသော ဥပါသကာ မည်သည်ရင်း,ယုတ်ညံ့စက်ဆုပ်ဘွယ်သော ဥပါသကာ မည်သည်ရင်း ဖြစ်တော့၏။

[မူလပံ-ဋ္ဌ] ကတမေဟိ ပဉ္စဟိ အသဒ္ဓေါ ဟောတိ၊ ဒုဿီလော ဟောတိ၊ ကောတုဟလမင်္ဂလိကော ဟောတိ၊ မင်္ဂလံ ပစ္စေတိ နော ကမ္မံ၊ ဣတောစ ဗဟိဒ္ဓါ ဒက္ခိဏေယျံ ပရိယေသတိ၊ တတ္ထစ ပုဗ္ဗကာရံ ကရောတိ။

**သတိကောင်းထား။** ။အဘယ် ငါးပါးတို့နှင့် ပြည့်စုံသော် ဥပါသကာ ဒွန်းစဏ္ဍား, ဥပါသကာအညစ်အကြေး, ဥပသကာအယုတ်အညံ့ မည်ပါသနည်း၊ ဘုရားရှင်၌ ကြည်ညိုခြင်းသဒ္ဓါတရား မရှိခြင်း,ငါးပါးသီလမရှိခြင်း,ကောတုဟလဟု ဆိုအပ်သော ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာနှင့် ပြည့်စုံခြင်း, ကောတုဟလမင်္ဂလာကို ယုံကြည်၍ ကမ်ကို မယုံကြည်ခြင်း, ဤသာသနာတော်မှ အပ၌ အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၍ ပေးလှူ

ခြင်း ဤငါးပါးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ဥပါသကာ ဒွန်းစဏ္ဍား, ဥပါသကာ အညစ်အကြေး,ဥပါသကာအယုတ်အညံ့ မည်၏။

(ကောတုဟလ မင်္ဂလာဆိုသည်မှာ-နံက်ထ စောစော အခါ တို့၌ အမြင်ကောင်းအောင် ပြင်ဆင်ခြင်း, အကြားကောင်း အောင် ပြောဆိုခြင်းကို မင်္ဂလာဟု အချို့သူတို့ အယူရှိကြ၏၊ ဤနည်းတူ နံနက်စောစောအခါ၌ ကောင်းသော အဆင်းသဏ္ဍာန် ကို မြင်ရခြင်း, ကောင်းသော စကားသံကို ကြားရခြင်းသည် မင်္ဂလာမည်၏၊ ကောင်းသော အဆင်းသဏ္ဍာန်, စကားသံကို ကြားရ၍ ကောင်းသောအကျိုးကို ရ၏ဟု မိစ္ဆာအယူအတိုင်း ယူခြင်းကို ကောတုဟလမင်္ဂလာဟု ခေါ်သည်၊ ဤကောတုဟလ မင်္ဂလာကို ယုံကြည်၍ ကံ, ကံ၏ အကျိုးကို မယုံကြည်ခြင်း သည် မှားသောအယူ မည်၏ဟု ဆိုလိုသည်။)

သမ္မာအယူရှိသူတို့ကား ဒိဋ္ဌ, သုတ=အမြင်,အကြားကို မင်္ဂလာဟု မယူကြပေ၊ နိမိတ်ဟုယူဆကြသည်၊ (ကံကြောင့် အကျိုးပေါ်မှု နိမိတ်ဟု ဆိုလိုသည်)၊ ဤစကားကို ပေါ်လွင်စေရန် ဇာတ်တော်စသည်၌ ပြသည်မှာ ''ဘုရင်မင်းလောင်း တယောက်, စစ်သူကြီးအလောင်းတယောက် မင်းမဲ့တိုင်းပြည်သို့ ရောက်ကြ သောအခါ ဆွတ်ဆွတ်ဖြူဖွေးသော ကမ္ဗလာ၌ ဘုရင်မင်းလောင်း က ထိုင်ရ၏၊ရဲရဲတောက်နီသော ကမ္ဗလာ၌ စစ်သူကြီးအလောင်း က ထိုင်ရ၏၊ထိုအခါထိုသူတို့ နိမိတ်အတိုင်း သိကြ၏၊ ဘုရင်မင်း လောင်းက ဖြူဖွေးသောကမ္ဗလာ၌ နေထိုင်ရ၍ ငါမင်းဖြစ်မည် ဟု ကြိန်သိ၏၊ စစ်သူကြီး အလောင်းကလည်း ရဲရဲတောက်နီ သော ကမ္ဗလာ၌ နေထိုင်ရ၍ ငါစစ်သူကြီး ဖြစ်မည်ဟု သိ၏၊ ထို သူတို့ အသီးသီး ဘုရင်မင်း,စစ်သူကြီး ဖြစ်ကြ၏။ ကံကြောင့် မင်းဖြစ်မည်,စစ်သူကြီးဖြစ်မည်ကို ကမ္ဗလာအဖြူနိမိတ်,ကမ္ဗလာ အနီနိမိတ်ဖြင့် သိရ၏၊ ဤအယူအတိုင်း ယူမှသာ အမှန်ဖြစ်ပေ သည်။

ဤသို့ နိမိတ်အယူကို ယူခြင်းသည် အမှားမဟုတ်ပေ၊ ရဟန္တာ များလည်း ဤအတိုင်းအယူရှိကြ၏၊ ဆက်ဦးအံ့— သိဟိုဠ်ကျွန်းသို့ အရှင်မဟာမဟိန္ဒ သာသနာပြုကြွ၍ အစစွာ တရားဟောရာ မြေ၌တည်၍ တရားဟောတော်မူရ၏၊ အရှင်မဟာမဟိန္ဒ နိမိတ်ယူသည်မှာ ငါတို့ မြေ၌တည်၍ တရားတော်ကို ဟောရသဖြင့် ဤမြေသည် မတုန်မလှုပ် သကဲ့သို့ ဤသိဟိုဠ်ကျွန်း၌ မတုန်မလှုပ် သာသနာတော် တည်မည်ဟု နိမိတ်ယူ၏၊ နိမိတ်ယူသည့်အတိုင်း လည်း သာသနာတော်တည်ပေသည်။ ထို့ကြောင့် ဒိဋ္ဌနှင့်သုတသည် မင်္ဂလာမဟုတ် နိမိတ်သာဖြစ်၏၊ ကံကိုပယ်သော မိစ္ဆာ အယူရှိသူတို့၏ မင်္ဂလာဟု အယူရှိခြင်းသည်အမှားစင်စစ်ဖြစ်၏၊ ဒိဋ္ဌ,သုတအတွက် ရှင်းလင်းချက် ဤမျှဖြင့် တော်လောက်ပေပြီ။ ဥပါသကာ၏ ပြည့်စုံခြင်းကို ဆက်ဦးအံ့—

[မူလပံ-ဠ] ကာ သမ္ပတ္တီတိ ယာ စဿ သီလသမ္ပဒါစ
အာဇီဝသမ္ပဒါစ သာ သမ္ပတ္တိ။ ပဉ္စဟိ ဘိက္ခဝေ
ဓမ္မေဟိ သမန္နာဂတော ဥပါသကော ဥပါသက ရတ
နံစ ဟောတိ ဥပါသကပဒုမံစ, ဥပါသကပုဏ္ဍရီ
ကောစ၊ ကတမေဟိ ပဉ္စဟိ သဒ္ဓေါ ဟောတိ,သီလ
ဝါ ဟောတိ, န ကောတုဟလမင်္ဂလိကော ဟောတိ,
ကမ္မံ ပစ္စေတိ၊ နော မင်္ဂလံ, န ဣတော ဒက္ခိဏေယျံ
ဂဝေသတိ, ဣဓ စ ပုဗ္ဗကာရံ ကရောတိ။

**နှုန်းသက်အွှယ်။** ။ဥပါသကာ၏ ပြည့်စုံခြင်းကား အဘယ်နည်း ဟူသော အမေး၌ အဖြေမှာ— ထိုဥပါသကာ၏ အကျင့်သီလနှင့် ပြည့်စုံခြင်းသည်၎င်း, အကြင် အသက်မွေးမှုနှင့် ပြည့်စုံခြင်းသည်၎င်း ရှိပေ၏၊ ထိုသီလ,အသက်မွေးမှုနှင့် ပြည့်စုံခြင်းသည် ဥပါသကာ၏ ပြည့်စုံခြင်းမည်၏။ ဤသို့ ပြည့်စုံသော ဥပါသကာသည် ကောင်းမြတ်သော ဂုဏ်,အမည် တိုးတက်၍ အကြောင်းငါးပါးနှင့် ပြည့်စုံကြောင်းကို ပြတော်မူလို၍......''ချစ်သားရဟန်းတို့၊ ငါးပါးကုန်သော တရားတို့နှင့် ပြည့်စုံသော ဥပါ

သကာသည် နှစ်သက်ဘွယ်သော ရတနာနှင့်တူသော ဥပါသကာလည်းမည်၏။ ပဒုမ္မာကြာနှင့်တူသော ဥပါသကာလည်းမည်၏။ ပုဏ္ဍရိက်ကြာနှင့်တူသောဥပါသကာလည်းမည်၏၊အဘယ်ငါးပါးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ရတနာနှင့်တူသော ဥပါသကာ မည်သနည်း၊ပဒုမ္မာကြာနှင့်တူသော ဥပါသကာ မည်သနည်း၊ ပုဏ္ဍရိက်ကြာနှင့်တူသော ဥပါသကာ မည်သနည်း။

ဘုရားရှင်၌ ယုံကြည်ခြင်းသဒ္ဓါတပါး, ငါးပါးသီလနှင့်ပြည့်စုံခြင်းတပါး, ကောတုဟလမင်္ဂလာ ခေါ် ဒုတ်ဒုတ်ကျက်ကျက် မင်္ဂလာအယူမရှိခြင်း တပါး, ကောတုဟလမင်္ဂလာကို မယုံကြည် ကမ်ကိုသာ ယုံကြည်ခြင်း တပါး,သာသနာတော်အပ၌ အလှူခံကို မရှာဘဲ ဤသာသနာတော်၌သာ အလှူခံတို့အား ပေးလှူခြင်း တပါး ဤငါးပါးသော တရားတို့နှင့် ပြည့်စုံသော ဥပါသကာသည် နှစ်သက်အပ်သော ရတနာနှင့် တူသော ဥပါသကာလည်း မည်၏။ ပဒုမ္မာကြာပန်းနှင့်တူသော ဥပါသကာလည်းမည်၏။ပုဏ္ဍရိက်ကြာပန်းနှင့်တူသော ဥပါသကာလည်းမည်၏-ဟုဟောတော်မူသည်။ ။ဥပါသကာအယုတ်,အမြတ်ကို ပြဆိုချက် ပြီး၏။

ထိုမှတပါး ယောကျ်ားဖြစ်လိုသော သူတို့၏ ရှောင်ရန်နှင့် ဆောင်ရန်ကို ပြဦးအံ့။—

ယော ဣဓ္ဓေ ပုရိသော ဟောတုံ, ဇာတိဇာတိ ပုနပ္ပုနံ၊
ပရဒါရံ ဝိဝဇ္ဇေယျ, ဓောတပါဒေါဝ ကဒ္ဒမံ။
ယာ ဣစ္ဆေ ပုရိသော ဟောတုံ, ဇာတိဇာတိ ပုနပ္ပုနံ၊
သာမိကံ အပစာယေယျ, ဣန္ဒံဝ ပါရိစာရိကာ။

**သဒ္ဒါလေဝ်နှင့်။** ။အကြင်ယောကျ်ားသည် အဖန်တလဲလဲ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ ယောကျ်ားဖြစ်ခြင်းငှာ အလိုရှိငြားအံ့ ထိုယောကျ်ားသည် ခြေဆေးပြီးသောသူသည် ရွံ့ညွှန်ကို ကြဉ်ရှောင်ဘိသကဲ့သို့ ဤနည်းအတူ သူတပါး၏ သွီး မယားကို ပြစ်မှား ကျူးကျော်ခြင်းမှ ရှောင်ကြဉ်ရာ၏။ (ကာမေသုမိစ္ဆာစာရကမ်ကို ရှောင်ကြဉ်ရမည်ဟု ဆိုလို၏)။ ။အကြင်မိန်းမ

သည် အဖန်တလဲလဲ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ ယောကျ်ား ဖြစ်ခြင်းငှာ အလိုရှိအံ့ ထိုမိန်းမသည်......သိကြားမင်း၏ အလုပ်အကျွေး နတ်မိန်းမသည် သိကြားမင်းကို အရိုအသေ လုပ်ကျွေးသကဲ့သို့ ပူဇော်သကဲ့သို့ မိမိလင်ယောကျ်ားကို အရိုအသေ လုပ်ကျွေး ပူဇော်ရာ၏။ ။လုပ်ကျွေးလေ၊ ပူဇော်လေ။ ။

ထိုမှတပါး ဥပါသကာတို့ ဆောက်တည် ကျင့်သုံးအပ်သော သီလတို့တွင် သုရာကမ်ကို လွန်ကြူးခြင်း၏ အပြစ်ကို ကျမ်းဂန်လာတိုင်း ထုတ်ပြအံ့—

[ခုဒ္ဒကပါဠိ-၌] မဇ္ဇပါယီ အတ္တံ နဿနတိ၊ ဓနံ နဿနတိ၊ မာတုအန္တရာယံ ကရောတိ၊ ပိတုအန္တရာယံ ကရောတိ၊ ဗုဒ္ဓပစ္စေကဗုဒ္ဓ တထာဂတသာဝကာနံ အန္တရာယံ ကရောတိ၊ ဒိဋ္ဌေဓမ္မေ စ ဂရဟံ, သမ္ပရာယေစ ဒုဂ္ဂတိံ, အပရာပရိယေ ဥမ္မာဒဥ္စ ပါပုဏာတိ။

လွှတ်ကင်းပါ၌၌။ ။မူးယစ်စေတတ်သော သေ,အရက်ကို သောက်စားလေ့ရှိသောသူသည် အကျိုးစီးပွားကို မသိ၊ အကြောင်းကိုမသိ၊ မိခင်၏ အန္တရာယ်ကို ပြုတတ်၏၊ အဘ၏အန္တရာယ်ကို ပြုတတ်၏၊ ဘုရား- ပစ္စေကဗုဒ္ဓါ ဘုရားတပည့်သား ရဟန်းတို့၏ အန္တရာယ်ကို ပြုတတ်၏၊ မျက်မှောက်သော အတ္တဘော၌ ကဲ့ရဲ့အပ်သည့် အဖြစ်သို့ ရောက်၏၊ တမလွန်ဘဝ၌ မကောင်းသော သူတို့၏ လားရာ အပါယ်သို့ ရောက်၏၊ အဆက်ဆက်သော ဘဝ၌ ရူးသွပ်ခြင်းသို့ ရောက်၏။ ထိုမှတပါး ငါးပါးသော ကမ်တို့တွင် ဤသုရာသောက်မှုကမ်သည်အပြစ်အကြီးဆုံး ဖြစ်လေသည်။ ဆက်ဦးအံ့—

[ခုဒ္ဒကပါဠိ-၌] အပိစေတ္တ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနမေဝ မဟာသာဝဇ္ဇံ၊ နတထာ ပါဏာတိပါတာဒယော၊ကသ္မာ မနုဿဘူတဿပိ ဥမ္မတ္တ

ကာဘာ၀ သံ၀တ္တနေန အရိယာမေဂ္ဂန္တရာယ ကရ ဏာတော။

အပြစ်ကြီးသည်။ ။တနည်းသော်ကား ဤငါးပါးသော ပါ ဏာတိပါတကမ် စသည်တို့တွင် ယစ် မူး,မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာငါးပါး,မေရယ ငါးပါးတို့ကို သောက်စားခြင်းသည်သာလျှင် ကြီးသောအပြစ်ရှိ ၏၊ သူတပါးအသက်ကို သတ်ခြင်း စသည်တို့သည် ထိုသုရာကမ် လောက် ကြီးသောအပြစ် ရှိသည်မဟုတ်ကုန်၊ အဘယ့်ကြောင့် နည်း။ လူဖြစ်သောသူအားလည်း ရူးသွပ်ခြင်းကို ဖြစ်စေသဖြင့် အရိယာတို့၏ မဂ်,ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ခြင်းကြောင့် တည်း။

အမိပ္ပါယ်မှာ ပါဏာတိပါတ စသော ကမ်တို့သည် အပါယ် သို့ ရောက်စေပြီးနောက် ဤလူ့ပြည်သို့ ရောက်သောအခါ ရူးသွပ် ခြင်းမရှိရကား အရိယာတို့၏ မဂ်,ဖိုလ်အန္တရာယ်ကို မပြုနိုင်ပေ။ အကြောင်းမှာ ရူးသွပ်ခြင်း မရှိသောကြောင့်တည်း၊ (သုရာကမ် သည်ကား အပါယ်သို့လည်း ရောက်စေနိုင်၏၊ ဤလူ့ပြည်သို့ ရောက်သောအခါ ရူးသွပ်နေရကား မဂ်,ဖိုလ်ကိုလည်း မရနိုင် ဟုဆိုလို၏)။ ထိုကြောင့် သုရာကမ်ကို မဟာသာ၀ဇ္ဇ=ကြီးသော အပြစ်ရှိ၏ ဟုဆိုရပေသည်။

ငင်းပြင် သုရာမေရယကမ်သည် ယခုဘ၀ မျက်မြင်မှာပင် ခြောက်ပါးသော အပြစ်တို့ကို ဖြစ်စေနိုင်၏။

[ပါဠိယေျာ-နို] ဆ ခေါ ဂဟပတိပုတ္တ အာဒီန၀ါ သုရာ မေရယမဇ္ဇပမာဒဋ္ဌာနာနုယောဂေ ဝုတ္တိတဗ္ဗာ၊ သံဒိဋ္ဌိကာ ဓနဇာနိ,ကလဟ ပ၀ဍ္ဎနံ, ရောဂါနံ အာယတနံ,အကိတ္တိသဉ္ဇနနံ,ကောပိနနိဒ္ဒံသနံ, ပညာယ ဒုဗ္ဗလီကရဏံ ဆဋ္ဌံ,မိဒံ။

**ကြောက်လန့်ဘွယ်။** ။သူကြွယ့်သား၊စင်စစ်မှာ ယစ်မူး,မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာငါးပါး,မေရယငါးပါးတို့ကို သောက်စားခြင်းကိုအားထုတ်ခြင်းကြောင့် ယခုဘဝ၌ ဥစ္စာပစ္စည်း ဆုံးရှုံးခြင်း,ခိုက်ရန် ငြင်းခုံမှု တိုးပွားခြင်း,အနာရောဂါတို့၏ ရှည်လျားစွာဖြစ်ခြင်း,ထန်းရေသမား,အရက်သမားဟု အကျော်အစောမဲ့ကို ဖြစ်စေခြင်း, အရှက်အကြောက်ကို ဖျက်ဆီးခြင်း, (ခါးဝတ် ပုဆိုး ကျွတ်နေသည်ကိုပင် ရှက်ရမှန်း မသိအောင် မူးရူးမှုကို ဆိုလို၏)။ပညာအားနည်းခြင်းကိုပြုခြင်း ဤခြောက်ပါးသော အပြစ်တို့ကိုထိုက်သည့် အားလျော်စွာ ရအပ်ကုန်၏။ ။တမြင်နက် အကုန်လုံး ရ-ရမည် မဆိုလို၊သင့်သလို ထိုအပြစ်တို့ ရကြသည်မှာ ယခုလောက၌ ထင်ရှားလှပေ၏၊သတိရှိသူတို့အဘို့မှာ နား လည် ကြပေ၏၊သတိမရှိသူတို့အဘို့မှာ''ကျပါး စောင်းတီး'' သကဲ့သို့ ဖြစ်ပေလိမ့်မည်။ဤကား သုရာကမ်နှင့်စပ်၍ သတိပေးမှုတည်း။ ။

ငါးပါးသီလကို ဥပါသကာတို့ အမြဲကျင့်အပ်သကဲ့သို့ ပါတိမောက္ခသံဝရသီလ စသော သီလလေးပါးလုံးကိုပင် ရဟန်းတော်များလည်း ကျင့်အပ်၏၊ ထိုသီလတို့တွင် မချွတ်မယွင်း ကျင့်အပ်သော သဘောတရား သုံးပါးကို သီးခြားဟော ကြားတော်မူလေသည်။ ။မကျင့်မနေသင့်သောတရားသုံးပါးမှာ—

[အင်္ဂုတ္တရ-ဦ] တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အပဏ္ဏကပဋိပဒံ ပဋိပန္နော ဟောတိ၊ ယောနိ စဿ အာရဒ္ဓါ ဟောတိ အာသဝါနံ ခယာယ၊ကတမေဟိ တီဟိ၊ဣဓ ဘိက္ခဝေ ဘိက္ခု ဣန္ဒြိယေသု ဂုတ္တဒွါရော ဟောတိ၊ ဘောဇနေ မတ္တညူ ဟောတိ၊ဇာဂရိယ မနုယုတ္တော ဟောတိ။

**သတင်းရှိပါ၏။** ။ချစ်သားရဟန်းတို့၊သုံးပါးကုန်သော တရားတို့နှင့် ပြည့်စုံသော ရဟန်းသည် မချွတ်မယွင်း

မှန်ကန်သော အကျင့်ကို ကျင့်သည်မည်၏၊ထိုရဟန်းအား အာသ ဝေါ တရားတို့၏ ကုန်ခမ်းခြင်းဌာ အကြောင်းသည်လည်း ပြည့် စုံ၏၊ သုံးပါးသော တရားတို့ ဟူသည်မှာ— " ချစ်သားတို့ ဤသာသနာတော်၌ နေသော ရဟန်းသည် စက္ခု,သောတ,ဃာန, ဇိဝှါ,ကာယ,မန ဟူသော ခြောက်ပါးသော ဒွါရတို့၌ လုံခြုံစွာ စောင့်ရှောက်အပ်သော တံခါးရှိခြင်း, ဆွမ်းစသော အာဟာရ၌ အတိုင်းအရှည်ကို သိ၍ သုံးဆောင်ခြင်း,နိုးကြားခြင်း၌အဖန်ဖန် အားထုတ်ခြင်း (ဤ ဇာဂရိယမနုယုတ္တခေါ် နိုးကြား ခြင်း၌ အဖန်ဖန် အားထုတ်ခြင်း ဟူသည် နေ့,ည ကို ခြောက်ပုံ ပုံ၊ တပုံသာ အိပ်ရမည်ဟု အဋ္ဌကထာဆရာ ဆုံးဖြတ်တော်မူ၏) ဤသုံးပါးသော တရားနှင့် ပြည့်စုံသော ရဟန်းအား အာသဝေါ တရားတို့၏ ကုန်ခြင်းဌာ အကြောင်း ပြည့်စုံသည် မည်၏ဟု ဟောကြားတော်မူ၏။

'အပဏ္ဏကပဋိပဒံ'ပုဒ်ကို အဋ္ဌကထာဆရာမြတ်ကအဓိပ္ပါယတ္ထ နှင့်တကွ အောက်ပါအတိုင်း ဖွင့်ပြတော်မူသည်—

[အဂုံဋ္ဌ ၇-၅] အပဏ္ဏကပဋိပဒန္တိ......အဝိရုဒ္ဓပဋိပဒံ၊ ဧကံ သပ္ပဋိပဒံ၊ နိယျာနိကပဋိပဒံ၊ ကာရဏပဋိပဒံ၊ သာရပ္ပဋိပဒံ၊မဏ္ဍပဋိပဒံ၊အပစ္စနိကပဋိပဒံ၊အနု လောမ ပဋိပဒံ၊ ဓမ္မာနုဓမ္မ ပဋိပဒံ ပဋိပန္နော ဟောတိ၊န တက္ကဂ္ဂါဟေနဝါ၊န နယဂ္ဂါဟေနဝါ၊ ဧဝံ ဂဟေတွာ ပဋိပန္နော ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ ဥပါသိကာဝါ မနုဿ ဒေဝ နိဗ္ဗာနသမ္ပတ္တီဟိ ဘာယတိ၊ ပရိဟာယတိ။ အပဏ္ဏကပဋိပဒံ ပဋိပန္နော ပန တီဟိ သမ္ပတ္တီဟိ န ပရိဟာယတိ။

ကောက်ယူချက်။ ။အပဏ္ဏကပဋိပဒံ ဟူသည်မှာ—မချွတ်မယွင်း သော အကျင့်ကို ကျင့်သည်ကိုဆို၏၊စင်စစ် အမှန်

ဖြစ်သော အကျင့်ကို ကျင့်သည်မည်၏၊ ဝန်ဆင်းရဲမှ ထွက်မြောက်ကြောင်း အကျင့်ကို ကျင့်သည်မည်၏၊ အကြောင်းဖြစ်သော အကျင့်ကို ကျင့်သည်မည်၏၊အနှစ်သာရဖြစ်သော အကျင့်ကို ကျင့်သည်မည်၏၊တန်းဆာသဖွယ်ဖြစ်သော အကျင့်, ကြည်လင်သော အကျင့်ကို ကျင့်သည်မည်၏၊မဆန့်ကျင်သော အကျင့်ကို ကျင့်သည်မည်၏၊လျော်သော အကျင့်ကို ကျင့်သည်မည်၏၊ လောကုတ္တရာတရား ကိုးပါးအား လျော်သော အကျင့်ကို ကျင့်သည်မည်၏၊ ကြံဆ၍ ယူခြင်းဖြင့် ကျင့်သည်မမည်၊ နည်း အကြောင်းကို ယူခြင်းဖြင့် ကျင့်သည်မမည်၊ ဤကြံဆ၍ ယူခြင်း, နည်းအကြောင်းကိုယူခြင်းဖြင့်ယူ၍ ကျင့်သော ရဟန်းယောကျ်ားသည်ဖြင်း,ရဟန်းမိန်းမသည်ဖြင်း,ဥပါသကာသည်ဖြင်း,ဥပါသိကာမသည်ဖြင်း လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန် ချမ်းသာတို့မှ ကြောက်၏၊ ဆုတ်ယုတ်၏၊ မချွတ်မယွင်း မှန်သော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်သည်ကား–ထိုလူချမ်းသာ,နတ်ချမ်းသာ,နိဗ္ဗာန်ချမ်းသာတို့မှ မဆုတ်ယုတ်တော့ပေ။

အပဏ္ဏကပဋိပဒါ ၃-ပါးသည် အဋ္ဌကထာဆရာမြတ်တို့ အလိုအားဖြင့် ရဟန်းယောကျ်ား,မိန်းမ,ဒါယကာယောကျ်ား,ဒါယိကာမိန်းမတို့နှင့် ဆက်ဆံကြောင်း ထင်ရှားပေ၏။ အပဏ္ဏကပဋိပဒါဆိုသည်ကို–မကျင့်လျှင် မနေရ၊ မချွတ်မယွင်း ကျင့်ရပေမည်။ ။

ထိုအပဏ္ဏကပဋိပဒါတရား သုံးပါးတို့တွင် 'ဇာဂရိယာနုယောဂ' ဟူသော ဓမ္မ၏အရ ဈာန်ကို စောင့်ရှောက်နိုင်သူတို့သည် သတိ, ဝီရိယ ရှိသူတို့ပင်ဖြစ်ပေ၏၊ သတိ, ဝီရိယကင်း၍ ပျင်းရိသော ပုဂ္ဂိုလ်တို့သည် ခြောက်ပါးသော ဈာန်တို့ကိုမစောင့်ရှောက်နိုင်ကုန်။

[သံယုတ်-ဋီ] ကုသိတ ပုဂ္ဂလဿ ဟိ ဆဒွါရာနိ အဂုတ္တာနိ ဟောန္တိ၊ တိဏ္ဏိ ကမ္မာနိ အသုဒ္ဓါနိ။

မခင်ကြွယ်နိုင်။ ။ထင်ရှားပြပြီးအံ့–လုလ္လမရှိ ပျင်းရိသော ပုဂ္ဂိုလ်၏ စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,မန ဟုဆိုအပ်ကုန်

သော ခြောက်ပါးသော ဒွါရတို့သည် မလုံခြုံကြကုန်၊ သုံးပါးကုန်သော ကာယကမ်, ဝစီကမ်,မနောကမ်တို့သည် မစင်ကြယ်ကြသည် ဖြစ်ကုန်၏။ ။ထိုကမ်သုံးပါး မစင်ကြယ်ခြင်းတို့တွင် ကာယကမ်,ဝစီကမ်နှစ်ပါး မစင်ကြယ်မှုကြောင့် ပါတိမောက္ခသံဝရသီလ မစင်ကြယ် ဖြစ်တော့၏။ မနောကမ် မစင်ကြယ်မှုကြောင့် ကြွင်းသော သီလသုံးပါးလည်း မစင်ကြယ်ဖြစ်တော့၏။ (မစင်ကြယ်ဟု ဆိုသော စကား၌ အနည်းငယ်ဆုံး ခုဒ္ဒါနုခုဒ္ဒက=ဒုက္ကဋ်, ဒုဗ္ဘာသိအာပတ်နှင့် ပြည့်စုံခြင်းကို ပြပေ၏)။ ဤကား 'ဣန္ဒြိယေသု ဂုတ္တဒွါရတာဓမ္မ'၏အရ ဣန္ဒြေကို စောင့်ရှောက်နိုင်သော သူတို့မှတပါး ဣန္ဒြေကို မစောင့်ရှောက်နိုင်သော သူတို့၌ ရအပ်သော အပြစ်တည်း။ ။

ဧင်းပြင် အာပတ်-အပြစ် ထင်လင်းရှိသော သူတို့သည် အပါယ်လေးဘုံတို့၌ ဖြစ်ကြရကုန်၏။ ။

[တောရသကဏ်] သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝဒါမိ၊
တိရစ္ဆာနယောနိံ ဝါတိ သာပတ္တိကဿေဝ
အပါယဂါမိတာ ဝုတ္တာ။

**ယုံကြည်ပါ။** ။ချစ်သားရဟန်းတို့၊ အာပတ်ရှိသော ရဟန်းအားငရဲ၌ ဖြစ်ခြင်းကိုဧင်း,တိရစ္ဆာန်မျိုး၌ဖြစ်ခြင်းကိုဧင်း,ငါဘုရားဟောတော်မူ၏၊ ဤသို့ ဘုရားရှင် ဟောတော်မူခြင်းကြောင့် အာပတ်အပြစ်ရှိသော သူ၏သာလျှင် အပါယ်သို့ လားရသည့်၏အပြစ်ကို ဆိုအပ်၏။ ဤသဘာဝကို ထောက်ဆ၍ လူဖြစ်စေ, ရဟန်းဖြစ်စေ, မိမိတို့၏ သီလအကျင့် ပျက်ခဲ့သည်ရှိသော် ဒုစရိုက်ကမ်စေတနာတို့သည် မညှာမတာ အပါယ်သို့သာ ပို့ဆောင်ကြပေ၏။

ပေတဝတ္ထု၌ လာသည်မှာ—ကဿပဘုရားရှင့် သာသနာတော်၌ ရဟန်းယောက်ျား, ရဟန်းမိန်းမ ပြုခဲ့၍ ရဟန်းသီလမပြည့်စုံကြသော သူတို့သည် ဂိဇ္ဈကုဋ်တောင်နံရံ၌ သံသပိတ်, သံသင်္ကန်း, သံခါးပန်းကြိုး တို့နှင့် အပြည့်အစုံ မီးဟုန်းဟုန်း

တောက် လောင်လျက် ဒုက္ခကြီးစွာ ခံရသော ရဟန်းယောက်ျားပြိတ္တာ,ရဟန်းမိန်းမ ပြိတ္တာတို့ ရှိကြောင်းကို ဟောကြားတော်မူသည်၊ လူယောက်ျား, လူမိန်းမ ပြိတ္တာတွေကား မရေမတွက်နိုင်အောင် ဖြစ်တော့၏။ ဤသို့ပြိတ္တာဘဝ၌ ဆင်းရဲကြီးစွာ ခံရအောင် ပြုလုပ်သူကား သူတပါးမဟုတ်ပေ၊ မိမိတို့၏ ကိုယ်တွင်းရန်သူ အစစ်ဖြစ်သော လောဘဆိုး, ဒေါသဆိုး, မောဟဆိုးတရားယုတ်တို့သာ ဖြစ်ပေသည်။ ထိုမှတပါး ရဟန်းတော်များမှာ နေ့စဉ် နှလုံးသွင်း, ဆင်ခြင်ခြင်းကို ပြုလုပ်ရပေသည်၊ မပြုလုပ်သော ပုဂ္ဂိုလ်တို့၌ ကျရောက်မည့် အပြစ်မှာမသေးငယ်လှပေ။

[ကောနိဗါတ်ဇာတ်-၅၃] စတ္တာရော'ပစ္စယေ အပစ္စဝေက္ခိတွာ
ပရိဘုဉ္ဇမာနာ ယေဘုယျေန နိရယ,
တိရစ္ဆာနယောနိတော န မုစ္စန္တိ။

**ဆင်ခြင်ပါ။** ။လေးကုန်သော ပစ္စည်းတို့ကို 'ပစ္စဝေက္ခဏာ' ခေါ်ပညာဖြင့် အဖန်ဖန် မဆင်ခြင်မူ၍ သုံးဆောင်မှီဝဲကုန်သော ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် ငရဲဘုံ, တိရစ္ဆာန်ဘုံမှ မလွတ်နိုင်ကုန်။ ။ဤအရာ၌ ပစ္စဝေက္ခဏာကို အမြဲ မဆင်ခြင်ခဲ့သော် ငရဲ,တိရစ္ဆာန်ဘုံမှ မလွတ်နိုင်ဟု ဆိုသော်လည်း 'သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု' စသည်တို့ဖြင့် လက်ဖျစ်တတွက် ကာလမျှ မေတ္တာထားနိုင်အံ့ သာမိပရိဘောဂ ဖြစ်နိုင်ပေသည်။

[အင်္ဂုတ္တရ ၁-၅] အစ္ဆရာသင်္ဃာတမတ္တမ္ပိ မေတ္တာစိတ္တံ အာ
သေဝန္တော ဘိက္ခု ရဋ္ဌပိဏ္ဍဿ သာမိကော
ဟုတွာ အဏဏော ဟုတွာ ဒါယာဒေါ ဟုတွာ
ပရိဘုဉ္ဇတိတိပိဿ အမောဃော ရဋ္ဌပိဏ္ဍော ပရိ
ဘောဂေါ။

**မေတ္တာစိတ်ထား။** ။လက်ဖျစ် တတွက်ကာလ၌ ဖြစ်သော မေတ္တာစိတ်ကိုလည်း မှီဝဲ ပွားများသော

ရဟန်းသည် ပြည်သူ့ပြည်သားတို့ လှူသော ဆွမ်း၏ အရှင်ဖြစ်၍, ကြွေးမြီ မရှိသည်ဖြစ်၍, အမွေခံသည်ဖြစ်၍ သုံးဆောင်ရ၏၊ ထို့ကြောင့် ထိုရဟန်း၏ ပြည်သူ့ပြည်သားတို့ လှူသော ဆွမ်းကို သုံးဆောင်ခြင်းသည် အချည်းနှီးမဟုတ်၊ အကျိုး ရှိသည်သာလျှင်တည်း။ ဤနေရာ၌ သိတ္တိရာမှာ- မေတ္တာစေတနာ၏ တန်ခိုးအာနိသင်သည် ကြီးမားလှပေသည်။ ပစ္စဝေက္ခဏာ- မဆင်ခြင်သော်လည်း မေတ္တာစိတ် တခဏ ဖြစ်ကာမျှဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းကိစ္စ ပြီးပေသည်၊ ထို့ကြောင့်ပင် ရှေးရှေးဆရာတော် သံဃာတော်များသည် ဆွမ်းအလှူကိစ္စတို့၌ မေတ္တာသုတ်ကို ရွတ်ဘတ်သရဇ္ဈာယ်ကြကုန်သည်၊ မေတ္တာသုတ်, မေတ္တာကမ္မဋ္ဌာန်းကို ပွားများခြင်းရှိသော ရဟန်းတော်များသည်၊ မိမိတို့မှာလည်း အကျိုးရှိကြ၍ ဆွမ်းလှူသော ဒါယကာတို့အားလည်း အကျိုးရှိစေနိုင်ကြလေသည်။

[အင်္ဂုတ္တရ-ဋ္ဌ] အစ္ဆရာသင်္ဃာတမတ္တမ္ပိ မေတ္တံ အာသေဝန္တဿ ဘိက္ခုနော ဒိန္နဒါနံ မဟပ္ဖလံ ဟောတိ၊ မဟာပ္ဖလံ,မဟာနိသံသံ,မဟာဇုတိကံ, မဟာဝိပ္ဖါရန္တိ ပိဿ အမောဃော ရဋ္ဌပိဏ္ဍော ပရိဘောဂေါ။

အကျိုးသဘော။ ။လက်ဖျစ်တတွက်ခန့် ကာလမျှလည်း ဖြစ်သော 'အလုံးစုံကုန်သော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ' ဟူသော မေတ္တာစိတ်ကို ပွားများစေသော ရဟန်းအား ပေးအပ်သော အလှူသည် ကြီးသောတန်ခိုးရှိ၏၊ ကြီးသောအကျိုးရှိ၏၊ ကြီးကျယ်သော အာနိသင်ရှိ၏၊ ကြီးကျယ်သော အာနုဘော်ရှိ၏၊ ကြီးကျယ်များပြားသော ပျံ့နှံ့ခြင်းရှိ၏၊ ထိုကြောင့် ထိုရဟန်း၏ ပြည်သူတို့ လှူသော ဆွမ်းကို သုံးဆောင်ခြင်းသည် အချည်းနှီးမဟုတ် အကျိုးရှိ၏-ဟု ဆိုလိုပေသည်။ မေတ္တာသုတ်ကို ရွတ်ဘတ်ခြင်းသည် ရဟန်းတို့နှင့် ဒါယကာ, ဒါယိကာမတို့ နှစ်ဦးနှစ်ဘက် အကျိုးတက်လေသည်၊ သို့ဖြစ်၍ ဆွမ်းအနုမောဒနာပြုတိုင်း မေတ္တာသုတ်ကို ရွတ်ဘတ်ကြသည်ကို

"တခါလာလည်းကရဏီယ"စသည်ဖြင့် ပျက်ရယ်မပြုထိုက်ပေ၊ ဤပဥ္စဝေကွဏာ ဆင်ခြင်ခြင်း, မေတ္တာပွားများခြင်းတို့သည် ပစ္စယသန္နိဿိတသီလ ပြည့်စုံကြောင်းတို့ပင် ဖြစ်ပေသည်၊ ဤသို့ သီလနှင့်စပ်၍ အကျိုး,အပြစ်ကို စိစစ်ရာ၌ ပုဂ္ဂိုလ်အား လျော်စွာ စကားနှစ်မျိုး ဖြစ်တတ်ပေသည်၊ ကောင်းသောစကား မကောင်းသောစကား နှစ်ပါးပင်တည်း။ ထိုတွင် "**ဒုဿီလဿ သီလကထာ ဒုက္ကထာ**=သီလမရှိသော ပုဂ္ဂိုလ်အား သီလနှင့်စပ်သော စကားသည် မကောင်းသောစကားဖြစ်၏၊"သီလနှင့်စပ်၍ ဆိုအပ်သောစကားသည်၊သီလမရှိသူတို့အတွက် ဆဲရေးတိုင်းထွာသကဲ့သို့ ထင်မှတ်ဘွယ်ဖြစ်၏။ ။"**သီလဝတော သီလကထာ သုကထာ**–သီလရှိသော သူအား သီလနှင့် စပ်သော စကားသည် ကောင်းသောစကား ဖြစ်၏"၊ထိုစကားသည် သီလနှင့် ပြည့်စုံသူတို့အတွက်ချီးမွမ်းခံရသကဲ့သို့ ဝမ်းမြောက်ဘွယ် ဖြစ်ပေ၏။ဤသီလရှိခြင်း,မရှိခြင်း စကားနှစ်ရပ်သည် ဤစာကို ရှုသော ပုဂ္ဂိုလ်တို့၏ မျက်နှာရိပ်ပေါ် ထင်သော မှန်=ကြေးမုံသဘွယ် ဖြစ်ပါလတ္တံ့။

မိမိ၌ သီလမရှိစေရန် လောဘကလည်း ဖျက်ဆီးတတ်၏၊ဒေါသကလည်း ဖျက်ဆီးတတ်၏၊ 'လောဘက ဖျက်ဆီးသည်ဆိုရာ၌ အကြင်ပုဂ္ဂိုလ်သည် လောဘနိုင်ငံသို့ လိုက်သဖြင့် ပစ္စည်းရမှုကိုသာ စိတ်၌ထားတော့၏၊ ထိုပုဂ္ဂိုလ်သည် မိမိ၌သီလရှိမှု,မရှိမှုကို မစဉ်းစားနိုင်တော့ပေ။ '**အနတ္ထဇနနော လောဘော**=လောဘမည်သည် အကျိုးမဲ့ကို ဖြစ်စေတတ်၏၊' ဟူသော ဘုရားရှင်၏ စကားတော်အတိုင်း မလွဲတော့ပေ။ လူအများ၌ မထင်ရှားသလို ဖြစ်ပေသေး၏၊ ရဟန်းများ၌ကား ပို၍ဆိုးလှ၏၊ ကာလကြာလျှင် ၎င်းလောဘကပင် ရဟန်းသီလလုံးလုံးပျက်စီးအောင် ပြုလိုက်တော့၏၊ လောဘနှိပ်စက်မှုသည် မိုးကြိုးပစ် ခံရသည်ထက် များစွာဒိုလွန်သော ဆင်းရဲခြင်းကို ခံစားရလေသည်။

[**သံယုတ်-၌**] အသနိစက္ကံ ဟိ မဏ္ဍကေ ပတိတံ ဧကမေဝ အတ္တဘာဝံ နာသေတိ၊ လာဘသက္ကာရသိလော

ကောန ပရိယာဒိန္နစိတ္တော နိရယာဒိသု အနန္တံ
ဒုက္ခံ အနုဘောတိ။

ကြောက်သန့်ဘွယ်၊ ။ထိုစကားမှန်၏၊ မိုးလုံးကြီးစက်သည့် ဦးထိပ်ထက်၌ ကျသည့်ရှိသော် တခုသော အတ္တဘောကိုသာလျှင် ဖျက်ဆီးတတ်၏၊ လောဘ်, ပူဇော်သက္ကာရ, အကျော်အစောဖြင့် အဖန်ဖန်ယူအပ်,သိမ်းကျုံးအပ်သော စိတ်ရှိသော ပုဂ္ဂိုလ်သည် ငရဲ စသည်တို့၌ အဆုံးအပိုင်းအခြားမရှိသော ဆင်းရဲကို ခံစားရ၏။ ။စင်စစ်အားဖြင့် တသံသရာလုံး သတ္တဝါအပေါင်းကို ဆင်းရဲစေတတ်သောတရားမှာ-"အရင်းစစ်တော့ အမြစ် မြေက" ဆိုသလို လောဘဆိုသည့်အကြောင်းတရားချည်းဘဲ၊ ထို့ကြောင့် ဤသည့် လောဘကိုပင် 'သမုဒယသစ္စာ=ဆင်းရဲကို အမှန်ဖြစ်စေ တတ်သော အကြောင်းတရား' ဟု ဘုရားရှင် ဟောကြားတော်မူခဲ့ပေသည်။

လူများအတွက် လောဘကို မလွန်အောင် သတိထားတို့ပါဘဲ၊ ရဟန်းများမှာတော့ သီလပြည့်စုံမှုကို ရှေးရှုလျက် မိမိစိတ်ကို ကောင်းစွာပြုပြင်ပါက မြင့်မိုရ်တောင်မျှလောက်သော ပစ္စည်းအရသည်လည်း မချောက်ချားနိုင်ပေ။

[သံယုတ်-၅] သီလံ ပူရေသ္သာမီတိ သံဝိဟိတဘိက္ခုံ သိနေရုမတ္တောပိ ပစ္စယရာသိ စာလေတုံ န သက္ကောတိ။

ယံ၏,ပြန်၏။ ။'သီလကို ဖြည့်ကျင့်တော့အံ့' ဤသို့ စောင့်စည်းအပ်သော သီလရှိသော ရဟန်းကို မြင့်မိုရ်တောင်မျှလောက်ကြီးသော ပစ္စည်းစုသည်လည်း တုန်လှုပ်ချောက်ချားစိမ့်သောငှာ မတတ်နိုင်ပေ။ သို့ပါ၍ ငါသည် ယနေ့မှအစပြု၍ ပစ္စည်းကို အလေးမပြုတော့အံ့၊ သီလကိုသာလျှင် အသက်ကဲ့သို့ မကျိုး,မပေါက်, မပြောက်,မကျားရအောင် စောင့်ရှောက်တော့မည်ဟု တကယ်တန်း ပိုင်းပိုင်းခြားခြား ပြုလုပ်လိုက်ပါလျှင် လောဘအတွက်သက်သာ၍ မိမိ၌သီလတည်ပါလတ္တံ့။ ။

ဒေါသတရားယုတ်ကလည်း သီလပျက်အောင် ပြုနိုင်သည်မှာ ကိုယ်တွေ့မျက်မြင်ထင်ရှားလှပေသည်၊ "**ဒနစ္ဆဇနေဓော ဒေါသော** ဒေါသတရားဆိုး တရားယုတ်သည် အကျိုးမဲ့ကိုဖြစ်စေတတ်၏၊" ဟူသော ဘုရားရှင်၏ စကားတော်ကား အမှားမရှိပေ၊ လက်ငင်း ကိုယ်တွေ့ဟု ဆိုနိုင်လောက်၏။ ။လောက၌ ရာဇဝတ်မှုဟူသမျှ လက်သည်ကို ရှာလျှင် ဒေါသတရားဆိုးကို တွေ့ရပေ၏၊ထိုတရား ဆိုးကိုလည်း ပညာဉာဏ်ရှိသူတို့သာ ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင် ရာ၏၊ ၎င်းဒေါသသည် သုံးမျိုးသုံးစား ရှိကြောင်းကို ပုဂ္ဂလပညတ် ပါဠိတော်၌ ပြဆိုတော်မူသည်။ ။

၁။ ပါသာဏလေခူပမာ=ကျောက်ခဲ, ကျောက်ပြား၌ ရေး ခြစ်အပ်သော အရေးအကြောင်းနှင့် တူသော ဒေါသ၊

၂။ ပထဝီလေခူပမာ=မြေ၌ ရေးခြစ်အပ်သော အရေး အ ကြောင်းနှင့် တူသော ဒေါသ၊

၃။ ဥဒကလေခူပမာ=ရေ၌ ရေးခြစ်အပ်သော အရေး အ ကြောင်းနှင့် တူသော ဒေါသ၊ ဤသုံးမျိုး ပင် ဖြစ်၏၊ ထိုသုံးမျိုး တို့တွင် ၁။ နံပါတ်ဒေါသမျိုးသည် အဆိုးဆုံး အယုတ်မာဆုံး စက်ဆုတ်ဘွယ် အကောင်းဆုံး ဖြစ်သည်၊ အကြောင်းမှာ-ကျောက်ခဲ,ကျောက်ပြား၌ ရှိသော အရေးအကြောင်းသည် မိမိ, သူတပါးလွယ်ကူစွာ ဖျက်၍မရ၊ ကာလ ကြာမြင့်သော်လည်း အလိုလို မပျက်စီးသကဲ့သို့ ဖြစ်သောကြောင့် ပင် တည်း။ ။ ၂၊ နံပါတ်ဒေါသမျိုးသည် အလယ်အလတ်ဖြစ်၏၊အကြောင်းမှာ-မိမိကိုယ်တိုင်လည်း ဖျက်၍ ပျက်သည်၊သူတပါး ဖျက်လျှင်လည်း ပျက်သည်၊အလိုအလျောက်လည်း ကြာမြင့်က ပျက်စီးနိုင်သကဲ့သို့ ဖြစ် သော ကြောင့် တည်း။ ၃၊ နံပါတ် ဒေါသ သည်ကား အလောင်းလျာတို့ကဲ့သို့ မြတ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ပင် ဖြစ်ရကား မြတ်သောဒေါသဟု ဆိုသင့်၏။ ရေ၌ ရေး အပ် သော အရေးအကြောင်းသည် လုံးလုံးမထင် လျှင်မြန်စွာ ပျောက်ပျက် သကဲ့သို့ ပျောက်ပျက် နိုင်သော ကြောင့် တည်း။ ထို အ ယုတ်,

အလတ်,အမြတ် ဒေါသသုံးမျိုးတို့တွင် မိမိသန္တာန်၌ ဖြစ်သော ဒေါသအလျောက် ငါသည် အယုတ်ဆုံးပုဂ္ဂိုလ်, အလတ်တန်းစားပုဂ္ဂိုလ်,အမြတ်= အထက်တန်းစား ပုဂ္ဂိုလ်ဖြစ်သည်ဟု ဝေဖန်ဆုံးဖြတ် နိုင် ကြပါလေ။

**နည်းယူဘွယ်။** ။ဘုရားရှင်သည် မွေတာအလျောက် သဒ္ဓါပေါ် ပေါက်သော ပုဏ္ဏားတယောက် အား ရဟန်းပြုပေးတော်မူ၏၊ထိုအခါ ကျန်ညီအစ်ကို တော်စပ် သော ပုဏ္ဏားတယောက်က ညီအစ်ကိုချင်း ခွဲရမလားဟု ဒေါသအမျက်ထွက်၍ ဘုရားရှင်အား ဆဲရေးခြင်း ဆယ်ပါးဖြင့် အမျိုးမျိုးလာ၍ဆဲတော့၏၊အားရအောင် ဆဲရေးပြီးသောအခါ ဘုရားရှင်က ''သင့်မှာ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော ပုဂ္ဂိုလ်များရှိပါရဲ့လား''ဟုမေးတော်မူ၏။ပုဏ္ဏားက' အကျွန်ုပ်မှာ အဆွေခင်ပွန်း ရှိသည်'ဟု ပြော၏၊ဘုရားရှင်က''သို့ဖြစ်လျှင် သင်၏ အဆွေခင်ပွန်းတို့အား သင်က စားဘို့,ဝတ်ဘို့ရာ ပစ္စည်းများကို ပေးသည့်အခါ ထိုအဆွေခင်ပွန်းများက မယူခဲ့လျှင် ၎င်းပစ္စည်းများသည် မည်သူ၏ ပစ္စည်းတွေ ဖြစ်မလဲ''ဟုမေးတော်မူ၏။ထိုအခါ ပုဏ္ဏားက စဉ်းစားပြီး''ကျွန်ုပ်ပေးသော ပစ္စည်းများ ကို သူတို့မယူပါလျှင်ကျွန်ုပ်၏ ပစ္စည်းပင် ပြန်ဖြစ်သည်''ဟု လျှောက်လေ၏။ထိုအခါ ဘုရားရှင်က''ဟယ သင် အမျိုးမျိုးဆဲရေးခြင်းကိုလည်း ငါဘုရားတရမှ အပြစ်မယူဟု မိန့်တော်မူလေရာ အကြောင်းသကာဘာရဒွါဇပုဏ္ဏားသည် သူဆဲရေးသမျှ အမျိုးမျိုးကို သူပင်ပြန်၍ရကြောင်း နားလည်မှု ရှိဘူးလေပြီ။

**ဒေါသဖျောက်နည်း။** ။လွန်ခဲ့သော အခါ သီဟိုဠ်ကျွန်း၌ ရဟန်းကြီးတပါးက ရဟန်းငယ်တပါးအား အမျက်ထားလျက် နေရာကောင်း မရစေရန် အမြဲပင် နှောက်ယှက် ဖျက်ဆီး၍ နေသတတ်၊ထိုအခါ ရဟန်းငယ်က သဒိတ်တလုံး လှူဒါန်း၏၊လှူဒါန်းပြီးလျှင်''အရှင်ဘုရား၊ ဤသမိတ်သည် အလွန်စင်ကြယ်ပါသည်၊အသပြား(၈)ပေးပြီး အမိ

ရင်းကလှူဒါန်း၍ရသည့်သပိတ်ပါအရှင်ဘုရား၊အလှူခံတော်မူပါ’ ဟုလျှောက်လေ၏၊ထိုသပိတ်လှူဒါန်းသောနေ့မှ အစပြု၍ထိုရဟန်းကြီးသည် ရဟန်ငယ်အား အနှောက်အယှက် လုံး၀မပေးတော့ပေ၊၍သို့ ကျမ်းဂန်၌ ထင်စွာပြပေသည်၊ ထိုသို့ ရဟန်းငယ်၏ ပြုလုပ်ပုံမှာ “အဒန္တံ ဒမန် ဒါနံ= ပေးကမ်း လှူဒါန်းခြင်းသည် မယဉ်ကျေးသောသူကိုယဉ်ကျေးစေသည်”ဟူသော ဘုရားရှင်၏ စကားတော်နှင့် ညီညွတ်ပေသည်။အထူးအားဖြင့်ရှေးရှေးဘ၀များက ပါလာသောအာဃာတ=ရန်ငြိုးပင် ဖြစ်စေကာမူ ပေးကမ်းလှူဒါန်းအံ့ ပျောက်ကင်းငြိမ်းနိုင်ကြောင်း အဋ္ဌကထာဆရာ ဖွင့်ပြပေသည်၊ထို့ကြောင့် ကိုယ့်ပစ္စည်း သူ့ပေး, သူ့ပစ္စည်း ကိုယ်ယူသော အနေဖြင့် သမ္ဘောဂ,သံသဂ္ဂ ပြုလျှင် အာဃာတ ကင်းငြိမ်းနိုင်ပေသည်။

[ဒီသနိ္ဓမင်္ဂ] အတ္တနော သန္တကံ ပရဿ ဒါတဗ္ဗံ၊ ပရဿ သန္တကံ အတ္တနာ ဂဟေတဗ္ဗံ။ တသောဝံ ကရောတော ဧကန္တေနေ၀ တသ္မိံ ပုဂ္ဂလေ အာဃာတော ၀ူပသမ္မတိ။

**ဧမ်းသစ်ကြည့်**။ ။မိမိ၏ ဥစ္စာပစ္စည်းကို သူတပါးအား ပေးလှူအပ်၏၊သူတပါး၏ ဥစ္စာပစ္စည်းကို မိမိက ယူအပ်၏၊ ဤကဲ့သို့ ပြုလုပ်သော ထိုပုဂ္ဂိုလ်အား စင်စစ်အားဖြင့်သာလျှင် ထိုပုဂ္ဂိုလ်၌ ရှေးရှေးဘ၀က ပါလာသော ရန်ငြိုးဖွဲ့ခြင်းသည်လည်း ငြိမ်းအေး၏။ ။ဤသည်ကား အာဃာတ=ရန်ငြိုး ပျောက်ရန် အကောင်းဆုံး ဆေးနည်း ဖြစ်ပေ၏။

ထိုမှတပါး အားလုံးသော ဘုရားရှင်တို့၏ ၀ါဒကို ပြဦးအံ့-။

[အင်္ဂုတ္တရ-ဋ္ဌ] ယော ပိ တေ ဘိက္ခဝေ အဟောသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ တေ ပိ ဘဂဝန္တော ကမ္မဝါဒါ စ အဟေသုံ ကိရိယဝါဒါ စ ဝိရိယဝါဒါ စ။ ယေ ပိ တေ ဘိက္ခဝေ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ

(လ) ဝိရိယာဝါဒါစ။ အဟံ ဝိ ဘိက္ခဝေ
ဧတရဟိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ကမ္မ
ဝါဒေါ ကိရိယာဝါဒေါ ဝိရိယာဝါဒေါစ။

ဝါဒတူ,ကမ်ပြင်း။ ။သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းတို့၊လွန်လေပြီးသော အတိတ်ကာလ၌ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော အကြင်ဘုရားရှင်တို့သည် ရှိကုန်၏၊ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန်သော ထိုဘုရားရှင်တို့သည်လည်း ကမ် ဟု အယူရှိကုန်သည်လည်း ဖြစ်ကုန်ပြီ၊ပြုခြင်းရှိ၏ဟု အယူရှိသည်လည်း ဖြစ်ကုန်ပြီ၊ ဝိရိယ ဟု အယူရှိကုန်သည်လည်း ဖြစ်ကုန်ပြီ။ ။ချစ်သားရဟန်းတို့၊နောင်လာလတ္တံ့သော ကာလ၌ အကြင်ဘုရားရှင် တို့သည် ရှိကုန်၏၊ ထိုဘုရားရှင်တို့သည်လည်း ကမ်ရှိ၏ဟု အယူရှိကုန်လတ္တံ့၊ ပြုခြင်းရှိ၏ဟု အယူရှိကုန်လတ္တံ့၊ဝိရိယရှိ၏ဟု အယူရှိကုန်လတ္တံ့၊ ချစ်သားရဟန်းတို့၊ယခုအခါ၌ ပူဇော်အထူးကို ခံတော်မူ ထိုက်သော မဖောက်မပြန် တရားအားလုံးကို သိတော်မူသော ငါဘုရားသည်လည်း ကမ်ရှိ၏ဟု အယူရှိ၏၊ပြုခြင်းရှိ၏ဟု အယူရှိ၏၊ဝိရိယရှိ၏ဟု အယူရှိ၏။

အဓိပ္ပါယ်မှာ......ပွင့်ပြီးသောဘုရား, ပွင့်လတ္တံ့သော ဘုရား, ယခုပွင့်ဆဲသော ဘုရားရှင်တို့သည် တူသောအယူရှိကုန်၏၊ ကမ်ရှိ၏, ပြုခြင်းရှိ၏, ဝိရိယရှိ၏ဟု အယူမှန် ရှိတော်မူကုန်၏၊ကမ်, ကိရိယ, ဝိရိယ ကင်းသော သတ္တဝါ မရှိ၊ ကမ်, ကိရိယ, ဝိရိယ ရှိကြသော သတ္တဝါချည်းဖြစ်လျှင် တဦးနှင့်တဦး မထူးတော့ပြီလော၊ထူးသေး၏၊အထူးမှာ-မကောင်းသော ကမ်,ကိရိယ,ဝိရိယရှိသူနှင့် ကောင်းသော ကမ်,ကိရိယ,ဝိရိယရှိသူ ဟူ၍ ထူးခြားလေသည်။ ။

တရားတော်ကို သိတော်မူသော ဘုရားရှင်,ထိုဘုရားရှင်တို့၏ တရားတော်ကို အဟုတ်အမှတ်ဟု အယူရှိကြကုန်သော သူတော်ကောင်းတို့ကား ခိုက်ရန်ငြင်းခုံမှုကို မပြုကြကုန်။

[သံယုတ်-ဋ္ဌ] နာဟံဘိက္ခဝေ လောကေန ဝိဝဒါမိ၊ လော ကောဝ မယာ ဝိဝဒတိ၊ န ဘိက္ခဝေ ဓမ္မဝါဒီ ကေ နစိ လောကသ္မိံ ဝိဝဒတိ။

မှတ်မိဘ်ဓေ။ ။ချစ်သားရဟန်းတို့၊ ငါဘုရားသည် နတ်,လူ အပေါင်းနှင့် ခိုက်ရန်ငြင်းခုံခြင်းကို ပြုတော်မမူ၊ နတ်,လူအပေါင်း တို့သည်သာလျှင် ငါဘုရားနှင့် ငြင်းခုံကြ၏၊ထိုစကားမှန်ပေသည်၊ ဘုရားရှင်အား ကိုယ်နှုတ်တို့ဖြင့် မာရ်နတ်, ဒေဝဒတ်, မာဂန္ဒီ စသော သူယုတ်တို့က အမျိုးမျိုး မခံသာအောင် ပြုလုပ်ကြ၏၊ ဘုရားရှင်ကား ခွန်းတုံ့မပြန် ခိုက်ရန်မပြုသည်မှာ ထင်ရှားလှပေ ၏၊ချစ်သားရဟန်းတို့၊ ငါဟောအပ်သော တရားတော်ကို 'ဟုတ် ပေသည်'ဟု တကယ်တန်း အယူရှိသော သူသည် နတ်,လူလော ကဌ် တစုံတယောက်သူနှင့်မျှ ခိုက်ရန်ငြင်းခုံခြင်းကို မပြုနိုင်ပေ။ ဤစကားကို အထူးပင် မှတ်သားအပ်သင့်ပေသည်၊ သူတပါးအ ပေါ် ၌ ရန်ငြိုးထားခဲ့ပါလျှင် အဓမ္မဝါဒီ ဖြစ်တော့၏။ ။

[မူလပဏ္ဏာ-ဋ္ဌ] အဓမ္မဝါဒီ စ ခေါ ဘိက္ခဝေ ဝိဝဒတိ။

လွှတ်ကင်းပါဓေ။ ။ချစ်သားတို့၊ ငါဘုရား တရားတော်ကို ဟုတ်ပေသည်,မှန်ပေသည်ဟု မယုံကြည်သော အဓမ္မဝါဒီ ပုဂ္ဂိုလ် သည် ငြင်းခုံခိုက်ရန်ပြု၏။ ။ဤအရာ၌ ပုထုဇန်တို့မှာ ရှိသော သဒ္ဓါတရားမျိုးသည် 'ဖွဲပုံ ဒုတ်ရိုက်' ပမာ မခိုင်မြဲရကား တကြိမ် တခါငြင်းခုံပြီးသည့်နောက် အာဃာတမထားလျှင်အဓမ္မဝါဒီအစစ် ဟုမဆိုသင့်ပေ၊ကျောက်ခဲ၌ရေးအပ်သော အရေးအကြောင်းကဲ့သို့ ဖျက်၍ မရအောင် ရှိနေသော အာဃာတ ဖြစ်နေပါလျှင် အဓမ္မဝါဒီ အစစ်ဟု ပညာရှိတို့သိကြပေမည်။

(လောက၌ အာဃာတ ပျောက်ခဲလှသဖြင့် ဤစကားကို ထပ်တ လဲလဲ ရေးသည်ဟု မှတ်ယူပါလေ၊ အသက် (၅၅) နှစ်ခန့် ရှိသော ဒါယကာတယောက်က "အရှင်ဘုရား၊ တပည့်တော်မှာ မေတ္တာ

ဖို့မယ်လို့ စိတ်ကို ဆောက်တည်လိုက်သည်နှင့် ထပ္ပိုင်နက် ကိုယ်နှင့် မတဲ့ ပဲ့ လူကိုသာ မြင်၍ မြင်၍ နေပါသည်'' ဟု လျှောက် ထားခံရဘူးပေ၏၊ စိတ်ထားမမှန် သဘောရိုးမရှိသူတို့ကား ထုတ် ဖေါ်၍ မပြောနိုင်ကြပေ၊သေဆေး,အဆိပ်ကို ငုံ၍ထားသောသူနှင့် တူ၏၊ တနေ့မှာ ထိုသေဆေး,အဆိပ်ကို ထွေး၍ပစ်ပါမှ ထိုသူ ချမ်းသာသကဲ့သို့ အာဃာတကို ဖျောက်နိုင်ပါမှ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါမှ ထိုသူသည်သံသရာ၌ ချမ်းသာပေမည်၊ သတိရှိကြ ပါစေကုန်)။ ။

ထိုမှတပါး သူတပါးတို့၏ ခိုက်ရန်ငြင်းခုံမှု စသော အနိဋ္ဌာရုံ, သီးခံဘွယ် ဟူသမျှကို သီးခံနိုင်ခြင်းသည် အလွန်မွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်ပေသည်။

ခန္တီပရမံ တပေါ တိတိက္ခာ,နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
[ဩဝါဒပါတိမောက္ခ-ဦး]

**အမြတ်ဆုံး။** ။'ဝါန' ဟူသော တဏှာမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို အမြတ်ဆုံးဟုဆိုလျှင် အားလုံးကျေ နပ်လက်ခံကြပေမည်၊သီးခံခြင်းတရားကို အမြတ်ဆုံးဟု ဆိုသော် ပါးစပ်ကသာ ကျေနပ်ကြ၍ စိတ်ထည်းက မကျေနပ်ချင်ကြပေ၊ ''ခန္တီပရမံ တပေါတိတိက္ခာ''ဟူသည်ကိုပင် ဘုရားစကားတော် ဟုတ်ပါမလားဟု တချို့က တွေးထင်ကောင်း တွေးထင်ပေ လိမ့်မည်၊ မတွေးတောနှင့်၊ ဘုရားရှင်၏စကား အစစ်အမှန် ဖြစ် သည်၊ ရဟန်းများအား အမြဲဆုံးမသော စကားဖြစ်သည်၊ သီးခံ ရခြင်းသည် ခက်၏၊ နိဗ္ဗာန်ရခြင်းလည်း ခက်၏၊ သီးခံရခြင်း သည် မြတ်၏၊ နိဗ္ဗာန်ရခြင်းလည်းမြတ်၏၊ ထို့ကြောင့် သီးခံခြင်း နှင့်နိဗ္ဗာန်ကို ယှဉ်စပ်၍ ဘုရားရှင်ဟောတော်မူသည်ဟု မှတ်ယူ ပါလေ။

တကမ္ဘာလုံး တလောကလုံး သီးခံမှုမရှိ၍ ပျက်စီးကြရသည်၊ သီးခံမှုရှိပါလျှင် အဘယ်မျှလောက် ချမ်းသာကြမည်နည်း၊ တ

ကမ္ဘာလုံး တလောကလုံး ငြိမ်းချမ်းရေးကို မလွဲတန်း ရရှိနိုင်မည်ကို ဥာဏ်မျက်စိဖြင့် မြော်နိုင်ကြပါစေဟု တောင့်တမိ၏။ သူရော,ကိုယ်ပါ ဆိုသလို တကမ္ဘာလုံး သီးခံမှုရှိကြမည် ဆိုပါလျှင် တန်ဘိုးများစွာရှိသော လက်နက်ဟူသမျှကို ပင်လယ်မဒ္ဒရာတွင်းသို့ မြှုတ်နှစ်ဖျက်ဆီးဂစ်ဘို့သာ ရှိတော့သည်၊ နောက်ထပ်လက်နက်များ လုပ်ကိုင်စုဆောင်းဘို့လည်း လိုတော့မည်မဟုတ်ပေ။ ထို့ကြောင့်ပင် သီးခံခြင်းကိုလည်း အမြတ်ဆုံးဟု ဟောကြားတော်မူခဲ့ပေသည်။

[သံယုတ်-၅] ခန္တျာ ဘိယျော န ဝိဇ္ဇတိတိ ဝေါသု သက အညုံပရမေသု အတ္ထေသု ခန္တိတော ဥတ္တရိတရော အညော အတ္ထော န ဝိဇ္ဇတိ။

**အဓိပ္ပာယ်နိုဒ်ခဲ့ဆို။** ။သီးခံခြင်းထက်မြတ်သော သဘောတရား မရှိဟူသည်မှာ လွန်ကဲ ်ုနသော မိမိ အကျိုးဟု ဆိုအပ်ကုန်သော ထိုအကျိုးတို့တွင် ်ီးခံခြင်းထက် လွန်ကဲသော တပါးသော အကျိုးသည် မရှိ၊ ဤမျှလောက်သောအကျိုးကို ရမှုကား သူယုတ်တို့အလုပ်မဟုတ်နိုင်၊ ပဏ္ဍိတ်များသဖွယ် ပညာဦးခေါင်းရှိသူတို့၏ အလုပ်ကိစ္စ ဖြစ်ပေသည်၊ ဤပဏ္ဍိတ်များသဖွယ် ပညာဦးခေါင်းရှိသူကား ငါကဲ့သို့သော အစားထည်းကပင် မဟုတ်လော-ဟု မိမိ၏မြတ်သော အကျိုးကို တောင့်တသော သူတော်ကောင်းသည် စိတ်ကိုပြင်နိုင်ရာ၏၊ သီးခံစိတ်ကို မွေးမြူရာ၏၊ သီးခံစိတ်ရှိလျှင် ပဋိညည်းဥဿုမရှိ၍ ငါတို့မှာ မသှုနိုင်မဒါန်းနိုင်ခြင်းသည် ခက်သေး၏ဟု မှစဉ်းစားနှင့်တော့၊ ဤသို့သီးခံမှု,အမျက်ထွက်ခြင်းကင်းမဲ့မှုရှိသော ပုဂ္ဂိုလ်မြတ်၌ မေတ္တာစိတ်ထားဘို့ မေတ္တာစိတ်ဖြစ်ဘို့ရာ အလွန်လျှင် လွယ်ကူတော့၏။

[ဓာတက-၅] မေတ္တာစိတ္တံ ဟိ ဒါနတော အတိရေကတရ ပုညံ။

မေတ္တာစိတ်သည် ပေးကမ်းလှူဒါန်းခြင်းထက် အလွန့်အလွန် မြတ်သော ကောင်းမှုကုသိုလ် ဖြစ်ပေသည်။ ။ဘုရားရှင်ကိုယ်တော်တိုင်လည်း အောက်ပါအတိုင်း ဟောကြားတော်မူပေသည်။

[သံယုတ်-၂] ယော ဘိက္ခဝေ ပုဗ္ဗဏှသမယံ ဩက္ခာသတံ ဒါနံ ဒဒေယျ၊ မဇ္ဈန္ဟိကသမယံ ဩက္ခာသတံ ဒါနံ ဒဒေယျ၊ သာယန္ဟသမယံ ဩက္ခာသတံ ဒါနံ ဒဒေယျ။ ယော ဝါ ပုဗ္ဗဏှသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တာစိတ္တံ ဘာဝေယျ၊ မဇ္ဈန္ဟိကသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တာစိတ္တံ ဘာဝေယျ၊ သာယန္ဟသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တာစိတ္တံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရံ။

ယှဉ်ဖိုင်ကြည့်ပါ။ ။ချစ်သားရဟန်းတို့၊ အကြင်သူသည် နံက်အခါ၌ မျက်နှာဝကျယ် မိုးမြဲဒယ်ကဲ့သို့သော ထမင်းချက်ပြီး အိုကြီးတရာဟု ဆိုအပ်သော အလှူဝတ္ထုကို ပေးလှူရာ၏၊ မွန်းတည့်အခါ, ညချမ်းအခါတို့၌လည်း ထို့အတူ ပေးလှူရာ၏၊ အကြင်သူသည်ကား နံက်အခါ၌ ယုတ်သော အပိုင်းအခြားအားဖြင့် နွားနို့တခါညှစ်မျှလောက် ကြာမြင့်သည်လည်းဖြစ်သော မေတ္တာစိတ်ကို ပွားများရာ၏၊ မွန်းတည့်အခါ, ညချမ်းအခါတို့၌လည်း ထို့အတူ မေတ္တာစိတ်ကို ပွားများရာ၏၊ ဤ နွားနို့တခါညှစ်မျှလောက်ကြာသောကာလ၌ မေတ္တာစိတ်ကို ပွားများခြင်းသည် ထို ထမင်းချက်ပြီး အိုးတရာကို သုံးခါလှူသည်ထက် ကြီးမြတ်လွန်ကဲသော အကျိုးရှိပေ၏။ ။

မေတ္တာစိတ် ဆိုသည်မှာ—မိမိကိုယ်ကို မိမိချစ်သည့် စိတ်ထားမျိုးကို ဆိုလိုပေသည်၊ ကိုယ့်ကိုယ်ကို ဘေးရန်ကင်းစေလို၏၊ ကြောင့်ကြကင်းစေလို၏၊ ဆင်းရဲကင်းစေလို၏၊ ကိုယ့်ကိုယ်ကို

ချမ်းသာစွာ ဆောင်နိုင်စေသို့၏၊ ထိုနည်းအတူပင် သူတပါး ကိုလည်း ဘေးရန်ကင်းပါစေ, ကြောင့်ကြကင်းပါစေ, ဆင်းရဲ ကင်းပါစေ,ချမ်းသာစွာ မိမိကိုယ်ကို ဆောင်နိုင်ပါစေဟု စိတ် ထားမှုပင်တည်း။

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊......

ဤသို့စသည်ဖြင့် ပါဠိနှင့် မေတ္တာပို့ရာမှာလည်း ပါးစပ်က ရွတ်ဆိုကာမျှသာ မဟုတ်စေဘဲ သဘာဝအမှန်အတိုင်း စိတ် ကလည်း ပါစေရမည်၊ ဤဆိုခဲ့တိုင်း မေတ္တာထားနိုင်,ပို့နိုင် ပါလျှင် အဘယ်အသူ ဒါနမျိုးနှင့်မျှ နှိုင်းယှဉ်ဘွယ်ရာ မရှိပေ၊ ပြွင်လာသမျှကို အနိုင်ရမည်ဟု ဆိုလို၏။

"**ဓိတ္တံ ဒန္တံ သုခါဝဟံ**=ယဥ်ကျေးသော စိတ်သည် လူ,နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်၏"ဟု ဟောတော် မူရာ၌လည်း ဤသို့ သီးခံမှု,မေတ္တာထားမှု အစရှိသည့် မိမိစိတ် ကို ယဥ်ကျေးအောင် ပြုပြင်မှုကိုပင် ဆိုသည်မဟုတ်ပါလော။

**{အင်္ဂုတ္တရ-၁}** စိတ္တေ ဂဟပတိ အရက္ခိတေ ကာယကမ္မမ္ပိ အရက္ခိတံ ဟောတိ၊ ဝစီကမ္မမ္ပိ အရက္ခိတံ ဟောတိ၊မနောကမ္မမ္ပိ အရက္ခိတံ ဟောတိ၊စိတ္တေ ဂဟပတိ ရက္ခိတေ ကာယကမ္မမ္ပိ ရက္ခိတံ ဟောတိ၊ဝစီကမ္မမ္ပိ ရက္ခိတံ ဟောတိ၊ မနောကမ္မမ္ပိ ရက္ခိတံ ဟောတိ။

**စိတ်ကိုစောင့်။** ။အနာထပိဏ်သူဌေးကြီး၊ စိတ်ကို မစောင့် ရှောက် အပ်သည် ရှိသော် ကာယကမ် ကို လည်း မစောင့်ရှောက်အပ်သည်မည်၏၊ ဝစီကမ်ကိုလည်း မ စောင့်ရှောက်အပ်သည် မည်၏၊ မနောကမ်ကိုလည်း မစောင့် ရှောက်အပ်သည် မည်၏။ ။အနာထပိဏ်သူဌေးကြီး၊ စိတ်ကို

စောင့်ရှောက်အပ်သည်ရှိသော် ကာယကမ်ကိုလည်း စောင့်ရှောက်အပ်သည်မည်၏၊ ဝစီကမ်ကိုလည်း စောင့်ရှောက်အပ်သည်မည်၏၊ မနောကမ် ကိုလည်း စောင့်ရှောက် အပ်သည်မည်၏။ ။တလောကလုံး၌ မကောင်းကမ်သုံးပါး,ကောင်းကမ်သုံးပါးသာ ရှိ၏၊ အချုပ်အချာတရားကား စိတ်ပင်ဖြစ်၏၊ ဤစကားတော်ကို မြွှော်ထောက်၍"**စိတ်သာ ရှင်းစေ ဘုရားဟော၏**"ဟု ရှေးလူကြီးတို့ ဆိုရိုးစကား ပြောကြားကြ ပေသည်။

**ကျိုးမဲ့,ကျိုးနှံ့**။ ။စိတ်ကို ပြုပြင်သင့်,စောင့်ရှောက်သင့် ပေသည်၊ မစောင့်ရှောက်သော စိတ်သည် မယဉ်ကျေး၊ မယဉ်ကျေးသော စိတ်သည် အကျိုးမဲ့ကို ဖြစ်စေ၏၊ စောင့်ရှောက်အပ်သော စိတ်သည် ယဉ်ကျေး၏၊ ယဉ်ကျေးသော စိတ်သည် အကျိုးကို ဖြစ်စေ၏။

[အင်္ဂုတ္တရ-ဋ္ဌ] ၁။ စိတ္တံ ဘိက္ခဝေ အဒန္တံ မဟတော အနတ္ထာယ သံဝတ္တတိ။ ၂၊ စိတ္တံ ဘိက္ခဝေ ဒန္တံ မဟတော အတ္ထာယသံဝတ္တတိ။ ၃။စိတ္တံ ဘိက္ခဝေ အဂုတ္တံ မဟတော အနတ္ထာယ သံဝတ္တတိ။ ၄။ စိတ္တံ ဘိက္ခဝေ ဂုတ္တံ မဟတော အတ္ထာယ သံဝတ္တတိ။

ဤသို့ ဆင်တူရိုးမှား အထပ်ထပ် ဟောကြားတော်မူခြင်းသည် သတ္တဝါတို့ သန္တာန်၌ ဖြစ်ပေါ်သော စိတ်တို့သည် မကောင်းမှုဘက်၌ များကြသည်ကို အထူးသိတော်မူ၍ ဟောတော်မူခြင်း ဖြစ်ပေသည်၊ထိုစကား မှန်၏၊ "**ပါပသ္မိံ ရမတိ မနော**=မကောင်းမှု၌ သတ္တဝါတို့၏ စိတ်သည် မွေ့လျော်၏" ဤသို့ဘုရားရှင် တိုက်ရိုက်သိတော်မူ၍ သတ္တဝါတို့ စိတ်ကို ဆုံးမ,စောင့်စည်းနိုင်ရန် အထပ်ထပ်ဟောတော်မူပေ၏၊ (ယခု ထပ်တလဲလဲ ရေးခြင်းမှာလည်း အာဃာတရှိသူတို့ ဝင်းအာဃာတကို ပယ်ဖျောက်

လျော် မေတ္တာစိတ် ခိုင်မြဲစေရန် ဖြစ်၏)၊အားဃာတမရှိစေဘဲစိတ်ကို ပြုပြင်ရာနှင့် စပ်၍ဆက်ဦးအံ့—

ယောစ ယဿ ဒ်သေ ပါဒံ,တဿ ပါဒေ န သော ဒ်သေ၊
ဝေဝမေဝဿ ဒုဋ္ဌဿ,အကောဓဓောဃောဝ သံသိဒတာ။
[မခုရသဝါဂ်ဖင်းနို]

ချီးမွမ်းနိမ့်။ ။အကြောင် မလိမ္မာသောသူသည် အကြောင်လိမ္မာသောသူ၏ ခြေကို ကိုက်ရာ၏၊ ထိုအကိုက်ခံရသော လူလိမ္မာသည် ထိုကိုက်သော လူမိုက်၏ ခြေဘဝါးကို ပြန်၍မကိုက်ရာ၊ ဤသို့ ထိုပြစ်မှားသော သူအား ပြန်၍ မပြစ်မှား အမျက်မထွက်သော သူကိုသာလျှင် ချီးမွမ်းအပ်၏။

တနည်းအားဖြင့် ရှေးဦးစွာ အမျက်ထွက်သူ့အောက် နောက် အမျက်ထွက်သူက ပို၍ ဆိုးဝါးယုတ်မာလေသည်။

တဿေဝ တေန ပါပိယော, ယောကုဒ္ဓံ ပဋိကုဇ္ဈတိ၊
ကုဒ္ဓံ အပဋိကုဇ္ဈန္တော,သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။
[သံယုတ်ပါဠိတော်]

အောင်ပါစေ။ ။အကြောင်သူသည် မိမိအား အမျက်ထွက်သောသူကို တဖန်တုန့်ပြန်၍ အမျက်ထွက်၏ ထိုရှေးဦးစွာ အမျက်ထွက်သောသူထက် ထိုတဖန်တုန့်ပြန်၍ အမျက်ထွက်သောသူ၏သာလျှင် အထူးသဖြင့် ယုတ်မာခြင်းဖြစ်၏၊ရှေးဦးစွာ အမျက်ထွတ်သူကို တဖန်တုန့်ပြန်၍ အမျက်မထွက်သောသူသည် အောင်နိုင်ခဲသော စစ်ပွဲကို အောင်သည်မည်၏။ ။သူတပါးကသာ အမျက်ထွက်၍ မိမိက အမျက်မထွက်သောသူသည် နှစ်ဦးနှစ်ဘက်သော သူတို့၏ အကျိုးစီးပွားကို ကျင့်သည်မည်ပုံကား—

ဥဘိန္နံ မတ္ထံ စရတိ,အတ္တနော စ ပရဿ စ၊
ပရံ သင်္ကုပိတံ ဉတွာ, ယော သတော ဥပသမ္မတိ။
[သံယုတ်ပါဠိတော်]

**နှစ်ပါးအကျိုး။** ။သတိနှင့်ပြည့်စုံသော အကြင်သူသည် အမျက်ထွက်သော သူတပါးကိုသိ၍ မိမိက အမျက်မထွက်သောအားဖြင့် ပြေငြိမ်း၏၊ ထိုအမျက်မထွက်သော အားဖြင့် ပြေငြိမ်းသောသူသည် မိမိ၏ရင်း,သူတပါး၏ရင်း ဤ နှစ်ဦးသော သူတို့၏ အကျိုးစီးပွားကို ကျင့်သည်မည်၏။ ။ဤသို့ ရန်ကို ရန်ချင်း မတုံ့နှင်းမူ၍ မိမိအကျိုး,သူတပါးအကျိုးကို ပြီး အောင် ကျင့်သူကို တရားတော်၌ မလိမ္မာ မကျွမ်းကျင်သူတို့ သည် လူမိုက်,လူအ ဟု ထင်မှားတတ်ကြလေသည်။

ဥဘိန္နံ တိကိစ္ဆန္တာနံ, အတ္တနော စ ပရဿ စ၊
ဇနာ မညန္တိ ဗာလောတိ, ယေ ဓမ္မဿ အကောဝိဒါ။

[သံယုတ်ပါဠိတော်]

**မနှစ်နာပါ။** ။အကြင်လူတို့သည် ဘုရားရှင် ဟောတော်မူ သော တရားတော်၌ မသိမလိမ္မာကုန်၊ ထိုလူတို့သည် မိမိ၏ ရင်း,သူတပါး၏ရင်း ဤသို့နှစ်ဦးသော သူတို့၏ အကျိုးစီးပွားကို ပြီးစေတတ်သော ပုဂ္ဂိုလ်ကို လူမိုက်ဟူ၍ ထင်မှတ်ကုန်၏။ ။ထို ထင်မှတ်ကုန်သော သူတို့သည် ရန်ကိုမငြိမ်းအေးစေလိုသော သူယုတ်တို့တည်း၊ (အဋ္ဌကထာ၌ တိကိစ္ဆန္တာနံကို နိပ္ဖါဒေန္တံ ပုဂ္ဂလံ ဟု ဖွင့်ပြ၏) 'လူမိုက်ဟူ၍ ထင်မှတ်ကုန်၏' ဟူသောစကား နှင့် စပ်၍ ဗာလ=လူမိုက်, ပဏ္ဍိတ=လူလိမ္မာတို့၏ သဘောသွား ထူးခြားပုံကို ပြဦးအံ့—

**[သံယုတ်-ဋီ]** ဒွေမေ ဘိက္ခဝေ ဗာလာ၊ ယော အစ္စယံ အစ္စယတော န ပဿတိ၊ ယော အစ္စယံ ဒေသေန္တဿ ယထာဓမ္မံ န ပဋိဂ္ဂဏှာတိ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေ ဗာလာ။

ဒွေမေ ဘိက္ခဝေ ပဏ္ဍိတာ၊ ယော အစ္စယံ အစ္စယတော ပဿတိ၊ ယော စ အစ္စယံ ဒေသေန္တဿ ယထာဓမ္မံ ပဋိဂ္ဂဏှာတိ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပဏ္ဍိတာ။

**ဥည့္ႏိုမ္ပါေခ၊** ။ချစ်သားရဟန်းတို့၊ လူမိုက်တို့သည် နှစ်မျိုးတို့တည်း နှစ်မျိုး ဟူသည်မှာ– အကြွင်းသူသည် အပြစ်ကို အပြစ်အားဖြင့် မရှုမမြင်၊ အကြွင် သူသည်ကား အပြစ်ကို ပြောကြားသည်ရှိသော် အပြစ်အားလျော်စွာ မခံယူ ချစ်သားတို့၊ စင်စစ်အားဖြင့် လူမိုက်တို့သည် ဤနှစ်မျိုးတို့ပင်တည်း။ချစ်သားတို့၊လူလိမ္မာတို့သည် နှစ်မျိုးတို့တည်း၊ နှစ်မျိုး ဟူသည်မှာ အကြွင်သူသည် အပြစ်ကို အပြစ်အားဖြင့် ရှု၏၊မြင်၏၊အကြွင်သူသည်ကား အပြစ်ကို ပြောကြားသည်ရှိသော် အ ပြစ် အားလျော်စွာ ခံယူ၏၊ချစ်သားတို့၊စင်စစ်အားဖြင့် လူလိမ္မာ တို့သည် ဤနှစ်မျိုးတို့ပင်တည်း။ ။အဓိပ္ပါယ်အချုပ်မှာ -- ပြစ်မှား သော်လည်း အပြစ်မထင်,မမြင်၊အပြစ်ကို ဖေါ်၍ တောင်းပန်သော်လည်းမခံကျနပ်၊ဤကား လူမိုက်နှစ်မျိုးတို့တည်း၊ [လူလိမ္မာနှစ်မျိုးလည်း ဤနည်းအတိုင်း သိပါ]။

ပြဆိုခဲ့ပြီးသော ဒေါသ,အာဃာတ ပျောက်နည်းအတိုင်း မိမိတို့၏ စိတ်ကို ပြုပြင်နိုင်ပါလျှင် အာဃာတ=ရန်ငြိုး ပျောက်၍ သီလစင်ကြယ်နိုင်မည်၊'ဝိဝါဒ'ခေါ် ခိုက်ရန်ငြင်းခုံခြင်း ကင်းမည်၊ "**ဝိဝါဒေ အဘသာဒေ်** နုဝမ နဝ္ဂ္ဂိ = ငြင်းခုံ ခိုက် ရန် ပြု ရာ ၌ သာယာအပ်သော သဘောမည်သည် မရှိ"။ ထို့ကြောင့် သီလဂုဏ်ရှိအောင် ပြင်နိုင်ဘို့ရာ ဘုရားရှင်၏ စကားတော်ကို ထုတ်ပြခြင်း ဖြစ်သည်၊သီလဂုဏ်စသည် တိုးတက်အောင် အားထုတ်ပြုပြင်ပါလေ၊သို့ရာတွင် ဂုဏ်ကျေးဇူးတို့မည်သည် လျှင်မြန် စွာ မတိုးတက်ပေ၊အပြစ်ဒေါသမှာမူကား လတွေ့,နှစ်တွေ့, မဆိုင်းဘဲ လျှင်မြန်စွာ တိုးတက်တတ်ပေသည်။ ။

[မူလပံ—၁] ဂုဏာ နာမ သဏိကံ သဏိကံ အာဂစ္ဆန္တိ၊
ဒေါသာ ကေဒိဝသေနေဝ ပညာယာ ဟောန္တိ။

**ထူးခြားခြင်း၊** ။သီလစသော ဂုဏ်ကျေးဇူးတို့ မည်သည် ဖြည်းဖြည်း ဖြည်းဖြည်း လာရောက်ကုန်၏၊ အ

ပြစ်တို့သည် တနေ့ခြင်းဖြင့်သာလျှင် ပျံ့နှံ့ပွားများကုန်၏။ ။ ထို့ကြောင့် သီလစသော ဂုဏ်ကျေးဇူး ရှိမှုကို လိုရင်းထား၍ အာဃာတ=ရန်ငြိုးစသည်ကို ဖျောက်ဖျက်လျက် သီးခံမှုရှိပါစေ ဟု ဘုရားရှင် အလိုတော်အရ အမိန့်ပါယ်ကျရောက်သည်။သီးခံမှုကို ပြသဖြင့် သိအပ်ပြီ၊သီးမခံသော် အဘယ်သို့သော အပြစ်များ ရှိပါသနည်း—

[အင်္ဂုတ္တိုရ်—ဋ္ဌ] ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ အက္ခန္တိယာ၊ ကတမေ ပဉ္စ၊ဗဟုနော ဇနဿ အပ္ပိယော ဟောတိ အမနာပေါ၊ ဝေရဗဟုလော စ ဟောတိ ဝဇ္ဇဗဟုလော စ၊ သံမုဠှော ကာလံ ကရောတိ၊ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာဒီနဝါ အက္ခန္တိယာ။

ကြောက်ရွံ့ဘွယ်။ ။ချစ်သားတို့၊သီးမခံခြင်း၌ အပြစ်တို့သည် ဤငါးပါးတို့တည်း၊အဘယ်ငါးပါးတို့နည်း ဟူမူကား............

၁။ လူအပေါင်းသည် မချစ်,မနှစ်သက်အပ်။

၂။ ရန်များ၏။

၃။ အပြစ်များ၏။

၄။ တွေဝေမိန်းမောလျက် သေလွန်ရ၏။

၅။ သေသည်မှနောက်၌ ငရဲသို့ရောက်ရ၏။ ဤငါးပါးတည်း။

ဤဘုရားရှင်၏ စကားတော်ကို နှလုံး၌ ထား၍ အပြစ်ကို ဆင်ခြင်,ထင်မြင်လျက် သီးခံရာ၏၊ သီးမခံလိုလျှင် လောကနှင့် ကင်းစေရန် အမြန် အားထုတ်ဘို့ပင် ရှိတော့သည်၊ အကယ်၍ လောကမှ ထွက်မြောက်လျှင် သီးခံရခြင်း လုံးဝကင်းပေမည်၊ လောက၌ နေသမျှ လောကဓမ်တရားနှင့် အမြဲတန်းဆက်သွယ်လျက် ရှိနေသေး၍ သီးခံရခြင်းမှ မလွတ်ကင်းနိုင်။

[အင်္ဂုတ္တိုရ်-၅] အဋ္ဌလောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ၊ လောကောစ အဋ္ဌ လောကဓမ္မေ အနုပရိဝတ္တတိ။

**လောကဓံရှစ်ပါး။** ။ရှစ်ပါးကုန်သော လောကဓမ်တရားတို့သည် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ အစဉ်တစိုက် လိုက်၍ ဖြစ်ကုန်၏၊ လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းကလည်း ရှစ်ပါးသော လောကဓမ်တရားတို့သို့ အစဉ်တစိုက်လိုက်၍ ဖြစ်၏။ ဤ၌ လောကဓမ်တရားရှစ်ပါး ဟူသည်မှာ

လာဘ= လာဘ်ရခြင်း၊
အလာဘ= လာဘ်မရခြင်း၊
ယသ= အခြံအရံ,ကျော်စောကိတ္တိရှိခြင်း၊
အယသ= အခြံအရံ ကျော်စော ကိတ္တိမရှိခြင်း၊
နိန္ဒာ= ကဲ့ရဲ့,ရှုံ့,ချ ခံရခြင်း၊
ပသံသ= ချီးမွမ်းမြှင့်တင်ခံရခြင်း၊
သုခ= ကိုယ်,စိတ်နှစ်ဖြာ ချမ်းသာခြင်း၊
ဒုက္ခ= ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း၊ ဤရှစ်ပါးတို့တည်း။

ဤရှစ်ပါးတို့တွင် ကောင်း၏ဟု ချီးမွမ်းဘွယ်ဖြစ်သော လာဘ, ယသ,ပသံသ,သုခ ဤလေးပါးနှင့် ပြည့်စုံသောအခါ လောဘမူသောမနဿ ဖြစ်၍ သတိကင်းအံ့ အပါယ်သို့ကျရောက်ဘို့ ဖြစ်၏၊ ယခုဘဝ၌ သူတပါးတို့က ချီးမွမ်းကြရာ မိမိက မာန်တက်ကြွပါမူ ဖြစ်လေရာဘဝတွင် ယုတ်ညံ့သောအမျိုး၌ ဖြစ်ရန်အကြောင်း ဖြစ်လေသည်။ အလာဘ,အယသ,နိန္ဒာ,ဒုက္ခ ဤလေးပါးနှင့် ပြည့်စုံသောအခါ ဒေါမနဿ-ဒေါသမူစိတ်ဖြစ်၍ သတိကင်းအံ့ အပါယ်သို့ကျရောက်ရန် အကြောင်းဖြစ်လေသည်၊ စင်စစ်မှာကောင်းသော လောကဓမ် လေးပါးနှင့် ပြည့်စုံခြင်းသည် ကုသိုလ်ကမ်ကြောင့် ဖြစ်၏၊မကောင်းသောလောကဓမ်လေးပါးနှင့်ပြည့်စုံခြင်းသည် အကုသိုလ်ကမ်ကြောင့် ဖြစ်၏၊ ဤသို့သိသူသည် ကမ္မဿကတာဉာဏ်ရှိသူမည်၏၊ ထိုသူသည်သာ ဣဋ္ဌ, အနိဋ္ဌ နှစ်မျိုး

ကို သိုးခံနိုင်မည်၊အတိုချုပ်မှာ— လောကဓမ်တရားနှင့် အချင်းခပ်သိမ်း မကင်းနိုင်,သိုးမခံနိုင်လျှင် အပါယ်သွားကြောင်းလမ်းဖြစ်၏၊ သိုးခံနိုင်လျှင်သုဂတိဘဝသွားကြောင်းလမ်း ဖြစ်၏။

ဤသို့လျှင် သီလစင်ကြယ်စေမှု,မေတ္တာပွားများနိုင်စေမှုကို အရင်းပြု၍ သိုးခံနိုင်စေခြင်းငှာ ပြအပ်သော အခြင်းအရာကား သင့်လောက်ပေပြီ၊ထိုမှတပါး သီလနှင့်စပ်သော သရဏဂုမ်,သရဏဂုမ်၏ အကျိုးကိုလည်း သိသင့်သည့်အားလျော်စွာ ပြဦးအံ့— "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဟု နှုတ်မြွက် ရွတ်ဆိုကာမျှဖြင့် သရဏဂုမ်တည်ပြီဟု ဆိုရပြားသော်လည်း ရတနာသုံးပါးအား ကြည်ညိုခြင်း,အလေးပြုခြင်း မရှိသော ကလေးများကဲ့သို့သော ပုဂ္ဂိုလ်တို့၌ ကောင်းစွာ တည်သည်ဟု မဆိုနိုင်ပေ၊ဥာဏဝိပ္ပယုတ် သရဏဂုမ်သာ ဖြစ်၏၊ သို့ဖြစ်၍ ကြည်ညိုနိုင်စေရန် "ဤစကြာဝဠာ၌သာ ဘုရားရှင်တို့ ပွင့်တော်မူသည်" ဟူသော စကားအတွင်း၌ ပါဝင်သော ဂုဏ်တော်များနှင့် အရဟံ စသော ဂုဏ်တော်ကိုးပါး၏ သဘောအဓိပ္ပါယ်ကို သိအောင် အားထုတ်သင့်သည်၊ တရားဂုဏ်တော်ခြောက်ပါး, သံဃာဂုဏ်တော် ကိုးပါးကိုလည်း ဇေဂုသုတ်ပရိတ်တော် စသည်၌ လာသည့်အတိုင်း ဆင်ခြင်သင့်သည်၊ ထိုမှတပါး လူတို့ ချီးကျူးဘွယ်ဟု သမုတ်အပ်သော ဘုန်းတော်ရှစ်ပါးကိုလည်း ဆင်ခြင်သင့်သည်။

[**ဝိမတိ-ဋီ**] အဏိမာ, လဃိမာ, မဟိမာ, ပတ္တိ, ပါကမ္မ ဤသိတာ, ဝသိတာ, ယတ္ထကာမဝသာယိတာ။

အဏိမာ=ကိုယ်တော်ကိုအသူရိန်နတ်ပင်လျှင် မမြင်နိုင်အောင် အဏုမြူသဘွယ် သေးငယ်စွာ ဖန်ဆင်းတော်မူနိုင်ခြင်း။

လဃိမာ=လျှင်မြန်ပေါ့ပါး ကောင်းကင်သို့ ကြွသွားနိုင်အောင် ဖန်ဆင်းတော်မူနိုင်ခြင်း။

မဟိမာ=အသုရိန်နတ်သည့်ပင် မော်၍ ဖူးမြင်ရအောင် ကိုယ်ကို ကြီးမားစွာ ဖန်ဆင်းတော်မူနိုင်ခြင်း။

ပတ္တိ=လိုရာအရပ်သို့ လျင်မြန်စွာ ရောက်စေနိုင်ခြင်း။

ပါကမ္ဗ=မြေ၌ ငုပ်လျှိုးခြင်း စသည်ဖြင့် အလိုရှိတိုင်း ဖန်ဆင်းတော်မူနိုင်ခြင်း။

ဤသိတာ=သူ့ခပ်သိမ်းကို မိမိအလိုနိုင်ငံသို့ရောက်စေနိုင်ခြင်း။

ဝသိတာ=လေ့လာအပ်သောဝသီဘော်ငါးပါးနှင့်ပြည့်စုံခြင်း။

ယတ္ထကာမဝသာယိတာ=အကြင်သို့သော အခြင်းအရာဖြင့် အလိုရှိတိုင်း အလိုသို့လိုက်စေနိုင်ခြင်း။

ဤသည်လျှင် ဇာသရိယာ၌ အကျုံးဝင်သော လူတို့ကြည်ညိုဘွယ် ဘုန်းတန်ခိုးတော် ရှစ်ပါးပေတည်း။ တမျိုးအားဖြင့် ဘုရားရှင်တို့၏ ပကတိမျက်စိတော်သည် ယခုလူတို့ အမြင်မျိုး, မျက်စိမျိုး, မဟုတ်ပေ၊ ပကတိဝန်းကျင် တယူဇနာတိုင်အောင် မြင်နိုင်လေသည်။

[နုဋ္ဌနိဒ္ဒေသ-ဋ္ဌ] ဘဂဝါ ပကတိကေန မံသစက္ခုနာ သမန္တာ ယောဇနံ ပဿတိ ဒိဝါစေဝ, ရတ္တိံစ။

ကြည်ညိုဘွယ်။ ။ဘုန်းကြီးသော ဘုရားရှင်သည် နေ့အခါ၌ငင်း, ညအခါ၌ငင်း ပကတိ အသားစိုင်မျက်စိတော်ဖြင့် ထက်ဝန်းကျင်မှ တယူဇနာတိုင်အောင်သော အရပ်ကို မြင်တော်မူ၏။ ။ ဉာဏ်မျက်စိတော်ကား စကြာဝဠာအနန္တ အတွင်းနေ အားလုံးသော ဘာဝ္ဂဝါကို ကုန်စင်အောင် မြင်တော်မူနိုင်၏၊ အံ့ဩ, ကြည်ညိုရာပေတည်း။

တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူပြီး၍ သိကြား,နတ်တို့ ဖန်ဆင်းအပ်သော ငွေစောင်းတန်း,ရွှေစောင်းတန်း,ပတ္တမြားစောင်းတန်းဖြင့် ဘုရားရှင်သည် အလယ်မှ နတ်,ဗြဟ္မာအပေါင်းကို လက်ဝဲ,လက်ျာခြံရံလျက် သင်္ကာသနဂိုရ်ပြည်သို့ သက်ဆင်းသောအခါ လောက

ဝိဝရဏ-တန်ခိုးဖြင့် တလောကလုံးကို ဖွင့်ပြတော်မူလေလျှင် လူအပေါင်းသည် နတ်,ဗြဟ္မာအပေါင်းကို မြင်စေ၊ နတ်,ဗြဟ္မာ အပေါင်းအားလည်း လူအပေါင်းကို မြင်စေလျက် ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ဘုရားရှင်တို့၏ မြတ်သော အသရေတော်ကို ဆောင်လျက် ဆင်းသက် ကြွလာတော်မူရာ တဆဲ့နှစ်ယူဇနာ အရပ်အတွင်း စောင်းတန်းခြေရင်းမှစ၍ ပြည့်ကြပ်နေသော လူအပေါင်းတို့သည် **'ဘုရားဖြစ်ရပါလို၏'** ဟူသော ဆုကို မပန် သောသူမရှိ၊ ဘုရားဆုကို ပန်သောသူချည်းသာ ဖြစ်ကြောင်း ကျမ်းဂန်၌ ရှိပေ၏၊ ထိုသူတို့ကဲ့သို့ စိတ်ကို ပြောင်းပြီး ဘုရား ဆုကို မတောင်းငြားသော်လည်း ဘုရားရှင်အား အထူးကြည်ညို စေလျက် အလေးပြုနိုင်စေရမည်၊ သို့မှ သဒ္ဓါဂုဏ် ကောင်းစွာ တည်ပေမည်။

[မူလဝံ-၅၁] တပ္ပသာဒ, တဂ္ဂရုတာဟိ ဝိဟာတကိလေသော တပ္ပရာယနတာကာရပဝတ္တော စိတ္တုပ္ပါဒေါ သဒ္ဓါဂမနံ။

**သဒ္ဓါဂုဏ် တည်ခြင်း။** ။ထို ရတနာသုံးပါးအား ကြည်ညို ခြင်း,ထိုရတနာသုံးပါး၌ အလေးပြုခြင်းတို့ဖြင့် ပယ်ဖျောက်အပ် သော ထိုရတနာသုံးပါး၌ ကိုးကွယ်သော အခြင်းအရာအားဖြင့် ဖြစ်သောစိတ်ဖြစ်ခြင်းသည်သဒ္ဓါမည်သော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း သဒ္ဓါဂုဏ်မည်၏၊ ပြခဲ့သည့်အတိုင်း "ဗုဒ္ဓံ သဒ္ဓါံ ဂစ္ဆာမိ" စသည်ဖြင့် နှုတ်က ရွတ်ဆိုသည့်အတိုင်း စိတ်ဖြစ်မှုရှိမှ သဒ္ဓါဂုဏ်ကောင်းစွာ တည်သည်၊ သဒ္ဓါဂုဏ်ရှိ သည်ဟု ဆိုအပ်၏။ ထိုသဒ္ဓါဂုဏ်ကား ဘာသာတပါးသို့ မကူး ပြောင်းလျှင်အသက်သေမှသာ ပျက်သည်၊ဂုဏ်တော်ကို ဆင်ခြင် သော ပုဂ္ဂိုလ်များ ပို၍ မြင့်မြတ်သည်၊ ထိုဘုရားရှင်၏ ဂုဏ်တော် ကို အဖန်ဖန် အောက်မေ့ဆင်ခြင်သော သူသည် လူအများတို့ ပူဇော်ခြင်းငှါ ထိုက်၏။

[ဋီသုဒ္ဓိမဂ်] ဗုဒ္ဓဂုဏာနုဿတိယာ အဓိဂတဂုဏဥ္စ သာ သရိနံ့ပိ စေတိယာဝရမိဝ ပူဇာရဟံ ဟောတိ။

**အကျိုးမျှဒ်းမှု** ။ဘုရားရှင်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်းဖြင့် လွှမ်းမိုး၍ ကိန်းသောပုဂ္ဂိုလ်၏ ခန္ဓာကိုယ်သည် စေတီအိမ်-ဂန္ဓကုဋီတိုက်ကဲ့သို့ လူအပေါင်းတို့ ပူဇော်ခြင်းငှါ ထိုက်၏။ ။ဤစကားကို သတိထား၍ သူတပါးတို့ ရှိခိုးပူဇော်ကံတော့ခြင်းကို ပြုတိုင်းပြုတိုင်း အရဟံ,အရဟံ စသည်ဖြင့် စိတ်ပါအောင် ဆင်ခြင်သင့်သည်၊ ထိုကဲ့သို့ဆင်ခြင်သော် အတ္တဟိတ, ပရဟိတ အကျိုးနှစ်ပါး ပြီးနိုင်ပေသည်။

ပြခဲ့သည့်အတိုင်း သရဏဂုမ်တည်သော ပုဂ္ဂိုလ်တို့၌ ရသင့်သော အကျိုးကိုသိသင့်သည်၊အကျိုးကိုသိမှသာလျှင် အကြောင်းကို ပြုလုပ်အားထုတ်လိုခြင်းမှာ ဓမ္မတာတခု ဖြစ်ပေသည်၊အကျိုးကို မသိဘဲနှင့် အကြောင်းကို ပြုလုပ်အားထုတ်ရာ၌ လျော့ရဲရဲပြော့တော့တော့ ဖြစ်၏၊ ထက်ထက်သန်သန် မရှိကြ၊ ဤသည်လည်း ဓမ္မတာ တခုပင်တည်း။အကျိုးကိုသိရုံမျှသိ၍ သဒ္ဓါခေါ်ယုံကြည်မှု ကင်းပြန်လျှင်လည်း လျော့ရဲရဲ ပျော့တော့တော့ပင် ဖြစ်သည်မှာ ဓမ္မတာပင် ဖြစ်ပေသည်၊ လောကီသရဏဂုမ်နှင့် လောကုတ္တရာသရဏဂုမ် နှစ်မျိုးတို့တွင် လောကီသရဏဂုမ်၌ တည်သော သူသည်ပင် ဘဝသမ္ပဒါ,ဘောဂသမ္ပဒါ အကျိုးတို့ကို ရရှိနိုင်လေသည်။

[မူလဋီ-၁] လောကိယဿ ပန သရဏဂမနဿ ဘဝသမ္ပဒါပိ ဘောဂသမ္ပဒါပိ ဖလမေဝ။

**ဝမ်းသာအဘွင်း** ။ဆက်၍ပြဦးအံ့၊ လောကီဖြစ်သော သရဏဂုမ် ဆောက်တည်ခြင်း၏ သုဂတိဘဝနှင့် ပြည့်စုံခြင်းသည်၎င်း, စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းသည်၎င်း အကျိုးသည်သာလျှင်ဖြစ်၏၊(သရဏဂုမ်တကယ်တန်း တည်လျှင် အပါယ်သို့မလားရ၊ လူ့ဘုံ,နတ်ဘုံ၌ ဖြစ်၍ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၏ဟု ဆိုလိုသည်)။ သာသနာ့ပအခါ သမာပတ်ရှစ်ပါးရှိသော ရသေ့တို့ထက် သာ

သနာ့အတွင်း၌ သရဏဂုဏ်ရှိသူများက အခြေအနေ သာလွန်ပေသည်။

[မူလဋီ-၉] ဗာဟိရကာနဉ္စ အဌ္ဌ သမာပတ္တိယော ဝဋ္ဋပါဒကာ ဧဝ၊ သာသနေ သရဏဂမနမ္ပိ လောကုတ္တရ ပါဒကံ။

**အခြေကြီးပြီး**။ ။ထိုစကားမှန်ပေ၏၊ သာသနာပ၌ ဖြစ်ကုန်သော ရှာန်ရ ရသေ့တို့၏ ရှစ်ပါးသော သမာပတ်တို့သည် ဝဋ်ဆင်းရဲ၏ အခြေခံတိုသာလျှင်တည်း၊ သာသနာတော်တွင်း၌ သရဏဂုဏ်တည်ခြင်းသည် မဂ် လေးပါး,ဖိုလ်လေးပါး,နိဗ္ဗာန် တည်းဟူသော လောကုတ္တရာတရား ကိုးပါး၏ အခြေခံဖြစ်၏။ ။ **အဓိပ္ပါယ်မှာ**—သာသနာပ ရှာန်ရပုဂ္ဂိုလ်တို့သည် ဗြဟ္မာ့ပြည်သို့ရောက်ရန် အကြောင်းရှိသော်လည်း နိဗ္ဗာန်သို့ရောက်ကြောင်း တရားကား မဟုတ်ပေ၊သံသရာ၌ ကျင်လည်ကြောင်းသာ ဖြစ်၏၊ သာသနာတော်တွင်း၌ သရဏဂုဏ်တည်သော ပုဂ္ဂိုလ်သည်ကား လူ,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ခံစားရန် အခြေခံ အကြောင်းရှိသူတို့ မည်ကုန်၏။

[ဋီကာ-၄] လောကိယသာ သရဏဂမနဿ နိဗ္ဗာနပဒဋ္ဌာ နိယာတံ သင်္ဂဟိတံ၊ သဗ္ဗလောကိယ သမ္ပတ္တိသမ ဓိဂမော ပန အပါယဒုက္ခာ ဝိသမတိက္ကမော စ အာ နိသံသဖလံ။

**သောက်ခံခြင်း**။ ။လောကီဖြစ်သော သရဏဂုဏ်၏ နိဗ္ဗာန်သို့ ရောက်ခြင်း၌ မြဲသော အဖြစ်သည် ဘူသောအကျိုးဖြစ်၏၊ ဆက်၍ ပြဦးအံ့—အလုံးစုံသော လောကီစည်းစိမ်ချမ်းသာကို ရခြင်းသည်၎င်း, အပါယ်ဆင်းရဲ စသည်မှ လွတ်မြောက်ရခြင်းသည်၎င်း, အာနိသင် - အကျိုးဆက် ဖြစ်၏။ ။အဓိပ္ပါယ်မှာ — ယခုလူတို့ဆောက်တည်သည့် သရဏဂုဏ်ကို လောကီသရဏဂုဏ်ဟု ခေါ်သည်၊ထိုသရဏဂုဏ် တည်မှုကြောင့်နိဗ္ဗာန်သို့ မချွတ်မယွင်း ရောက်မည်၊ ဘဝကမ္ဘာကား အပိုင်းအခြား မရှိပေ။ ။(အချို့ နိဗ္ဗာန်

သို့ ဘယ်အခါမှ မရောက်လတ္တံ့ပုဂ္ဂိုလ် ရှိသေး၏၊ သရဏာဂုမ်တည်သူသည် ဤသို့ သံသရာ့သစ်ငုတ်-ပုဂ္ဂိုလ်မျိုး မဖြစ်တော့ဟု ဆိုလို၏)။ ။ဘုသောအကျိုး ဟူသည်မှာ–ဘုရားရှင်ကလည်း နိဗ္ဗာန်ကို အာရုံပြု,တရားတော်၌လည်း နိဗ္ဗာန်ပါဝင်,သံဃာတော်ကလည်း နိဗ္ဗာန်အာရုံပြု, ဤသို့ သုံးဦးလုံး နိဗ္ဗာန်နှင့်မကင်း,နိဗ္ဗာန်နှင့်မကင်းသော ရတနာသုံးပါးကို ဆည်းကပ်သောသူသည် တူသော နိဗ္ဗာန်အဆင့်အတန်းသို့သာ ရောက်ရမည်။ (ထိုရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သော သူသည် အလုံးစုံသော လူ, နတ် စည်းစိမ်ချမ်းသာကိုလည်း ခံစားရမည်၊ အပါယ်လေးပါးသို့လည်း မရောက်ရ၊ ဒုက္ခအပေါင်းကို လွန်မြောက်ရမည်ဟုဆိုလိုသည်)။ ။ပဉ္စည်းဆိုလျှင် တကျပ်တပြားမှ မကုန်ရ၊ မိတ်ကို ပြုပြင်ကာမျှဖြင့် ချမ်းသာသုံးပါးကို အလှူနိရ၏၊ပဉ္စည်းကို အကုန် ခံ၍ လှူဒါန်းမှုကား ပိုလွန်သော ချမ်းသာ သုံးပါးကို ကောင်းရနိုင်၏။ ။ထိုမှတပါး သိကြားမင်းသည် ရတနာသုံးပါးကို ကိုးကွယ်,ဆည်းကပ်ရာ၌ အကျိုးကိုသိလို၍ အရှင်မဟာမောဂ္ဂလာန်အား လျှောက်ထားရာ ''**ဗုဒ္ဓံ သရဏဂမနံ မဟာဓနံ ဇေ**,**ဓမ္မံ သရဏဂမနံ မဟာဓနံ ဇေ**,**သံဃံ သရဏဂမနံ မဟာဓနံ ဇေ**'' စသည်ဖြင့် ဟောတော်မူသည်။ အဓိပ္ပါယ်မှာလည်း ဘုရားကိုရင်း, တရားတော်ကိုရင်း, သံဃာတော်ကိုရင်း ကိုးကွယ်,ဆည်းကပ်ခြင်းသို့ ရောက်ခြင်းတည်းဟူသော အကြောင်းကြောင့် အရိယကန္တသီလ ၏ အကျိုးနှင့်အတူတူပင် နတ်ပြည်သို့ ရောက်သောအခါ တပါးသော နတ်တို့ထက် ဆယ်ပါးသော အရာဌာနတို့ဖြင့် သာလွန်၏ ဟူသတည်း။

ထို အရှင်မောဂ္ဂလာန် ကိုယ်တော်သည် စာတုမဟာရာဇ်,တာဝတိံသာစသော နတ်ပြည်ခြောက်ထပ်သို့ ရံခါရံခါ ကြွတော်မူ၍ ထိုနတ်သွီးနတ်သားတို့၏ဘုံ,ဗိမာန်,စည်းစိမ်,အခြံအရံများကိုတွေ့မြင်ရသဖြင့် သင်နတ်သွီး နတ်သားတို့သည် ရှေးဘဝ၌ အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုခဲ့ကြသနည်း-ဟု မေးသောအခါ

အချို့က ဘုရားရှင်အား ကြည်ညိုလေးစားစွာ ဆည်းကပ်ခဲ့ကြကြောင်း, တချို့က တရားတော်,သံဃာတော်တို့အား ကြည်ညိုလေးစားစွာ ဆည်းကပ်ခဲ့ကြကြောင်း,တချို့က မိမိတို့ ပြုခဲ့သမျှ ကုသိုလ်တို့ကို လျှောက်ထားပေ၏။ ထိုအရှင်မောဂ္ဂလာန် မထေရ်သည် ဤနည်းအတိုင်းပင် နတ်ပြည်သို့ ရံခါရံခါ ကြွတော်မူ၍ နတ်သျှီး နတ်သားတို့၏ လျှောက်ထားသော စကားဖြင့် နတ်တို့ စည်းစိမ် ကြီးမားခြင်းကို ထည့်သွင်း၍ ဒါယကာ ဒါယိကာမတို့အား ဟောကြားလေ့ရှိ၏။

ထိုမှတပါး ဘုရားစသော ရတနာသုံးပါးကို ဆည်းကပ်,ကိုးကွယ်သော ပုဂ္ဂိုလ်များသည် အပါယ်သို့ မသွားရကြောင်း,လူ၏ အဖြစ်ကို ပယ်လျက် နတ်ပြည်သို့သာ သွားရောက်ရကြောင်းကို ဘုရားရှင်ကိုယ်တော်တိုင်လည်း ဟောတော်မူလေသည်။ ။

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ,န တေ ဂမိဿန္တိ အပါယံ၊
ပဟာယ မာနုသံ ဒေဟံ, ဒေဝကာယံ ပရိပူရေဿန္တိ။
ယေကေစိ ဓမ္မံ သရဏံ ဂတာသေ, (ပ) ပရိပူရေဿန္တိ။
ယေကေစိ သံဃံ သရဏံ ဂတာသေ, (ပ) ပရိပူရေဿန္တိ။

**သေချာပါ၏။** ။အမှတ်မထင် အကြွင်သူတို့သည် ဘုရားရှင်ကိုကိုးကွယ်,ဆည်းကပ်ကုန်၏၊ထိုသူတို့သည် အပါယ်သို့မရောက်ကြကုန်လတ္တံ့။ ထိုသူတို့သည် လူ့ခန္ဓာကို ပယ်စွန့်သည်ရှိသော် နတ်ပြည်၌ ပြည့်ကုန်လတ္တံ့။တရားတော်ကို ကိုးကွယ်,ဆည်းကပ်ခြင်းသို့ ရောက်ရာ၌၎င်း,သံဃာတော်ကို ကိုးကွယ်,ဆည်းကပ်ခြင်းသို့ ရောက်ရာ၌၎င်း ဘုရားရှင်ကို ကိုးကွယ်,ဆည်းကပ်ခြင်းကြောင့် ရသောအကျိုးနှင့် အာ ကူသာလျှင်တည်း။ ။

၎င်းပြင်'**အနိန္ဒိသေ ဝသန္တာနံ, ဓိပ္ပကာရော ဟောဘိ အနိန္ဒိ သော**' ဟူ၍ ထေရအပဒါန်၌ ဟောတော်မူသည့်အတိုင်း မကြံစည်နိုင်သော ဂုဏ်ရှိသော မြတ်စွာဘုရားရှင်၌ ကြည်ညို,ဆည်းကပ်သော ပုဂ္ဂိုလ်အား မကြံစည်နိုင်သော အကျိုးသည် ဖြစ်၏။

ဤစကားတော်ကိုလည်း လေးလေးနက်နက် ယုံကြည်သင့်၏။ ထိုမှ တပါးဖြစ်သော ရတနာသုံးပါးကို ကိုးကွယ်,ဆည်းကပ် ကြည်ညိုရာ၌ အကျိုးကို ပြဦးအံ့—

ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ အဂ္ဂေ တေ ပသန္နာ၊
အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။
ယေ ဘိက္ခဝေ ဓမ္မေ ပသန္နာ (ပ) ဝိပါကော ဟောတိ၊
ယေ ဘိက္ခဝေ သံဃေ ပသန္နာ (ပ) ဝိပါကော ဟောတိ။
[အင်္ဂုတ္တရ-ပါဠိတော်]

**အဓိပ္ပါယ်ဆိုင်း။** ။ချစ်သားရဟန်းတို့၊အကြင်သူတို့သည် ဘုရားရှင်၌ ကြည်ညိုကုန်၏၊ထိုဘုရား ရှင်၌ ကြည်ညိုကုန်သော သူတို့သည် မြတ်သော အရာဌာန၌ ကြည်ညိုသည် မည်ကုန်၏၊ စင်စစ်လျှင် မြတ်သောအရာဌာန၌ ကြည်ညိုကုန်သော သူတို့အား မြတ်သောအကျိုးသည် ဖြစ်၏။ ဘဝ သံသရာ၌ ဖြစ်ရသော် မြတ်သော အမျိုး, မြတ်သော အခြံအရံ, မြတ်သော စည်းစိမ်ချမ်းသာ, မြတ်သော အရပ်ဒေသတို့၌ ဖြစ်ရမည်ဟု မှတ်ယူရာ၏။ ။တရားတော်၌ ကြည်ညိုသော ပုဂ္ဂိုလ်တို့အားလည်းကောင်း, သံဃာတော်၌ ကြည်ညိုကုန်သော ပုဂ္ဂိုလ်တို့ အားလည်းကောင်း ဘုရားရှင်၌ ကြည်ညိုသဖြင့် ရအပ်သော အကျိုးနှင့် အတူသာလျှင် ဖြစ်သော အကျိုးကို ရအပ်၏။ ။ထိုမှတပါး ရတနာသုံးပါး,အမိအဘ,ဆရာသမား, ဂုဏဝုဍ္ဎိ=ဂုဏ်အားဖြင့် ကြီးသောပုဂ္ဂိုလ်,ဝယဝုဍ္ဎိ=အသက်, အယွယ်အားဖြင့် ကြီးသော ပုဂ္ဂိုလ်တို့အား ရှိခိုးခြင်း စသည်ကို ပြုအပ်ကြောင်းကား—

[အင်္ဂုတ္တရ-ဋီ] အဘိဝါဒန,ပစ္စုပ္ပဋ္ဌာန,အဉ္ဇလိကမ္မ, သာမိစိကမ္မတို့ ဩမာနာတိမာနေ အကတွာ ပစ္စုပတိဋ္ဌိတေန အဘိဝါဒနံ, အာသနာ ပစ္စုဋ္ဌာယ ပစ္စုဂ္ဂမနဝသေန ပစ္စုဋ္ဌာနံ, ဒသနခသမောဓာနေန အဉ္ဇလိကမ္မံ, အာသနပညာပန ဗီဇနာဒိကံ အနုစ္ဆဝိက ကမ္မသင်္ခါတံသာမိစိကမ္မဥ္စ ကာတဗ္ဗံ။

**ကိုယ့်လှုပ်နိုး။** ။ရှိခိုးခြင်း,ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, ရိုသေစွာ အမှုပြုခြင်း ဟူသည်ကား ယုတ်သောမာန်, မြင့်သောမာန်ကို မပြုမူ၍ ငါးပါးသော တည်ခြင်းဖြင့်(ဒူးနှစ်ဘက်,လက်နှစ်ဘက်,ဦးခေါင်း ပေါင်းငါးပါး) ရှိခိုးခြင်းကို ပြုအပ်၏၊နေရာမှ ထ၍ ဈေးရှု လာရောက်ခြင်းဖြင့် ခရီးဦး ကြိုဆိုခြင်းကို ပြုအပ်၏၊ လက်သည်း ဆယ်ချောင်းတို့၏ ပေါင်းဆုံခြင်းကို ပြု၍ လက်အုပ်ချီခြင်း အမှုကို ပြုအပ်၏၊ (ဤသို့ ရှိခိုးခွင့် မရသောအခါ လက်အုပ်ချီခြင်းကို ပြုရသည်)၊ နေရာ ခင်းခြင်း,ယပ်လေခပ်ခြင်းစသော သင့်လျော် လျောက်ပတ်သော အမှုဟုဆိုအပ်သော အရိုအသေပြုခြင်း အမှုကို ပြုအပ်၏။ ။ ထိုမှတပါး အရိုအသေ အလေးအမြတ် ပြုခြင်း၌ ထိုက်သော ပုဂ္ဂိုလ်တို့၌ ကိုယ်,နှုတ်,စိတ် သုံးပါးဖြင့် ပြစ်မှားသည်ရှိသော် ရအပ်သော အပြစ်တို့ကို ပြဆိုဦးအံ့ —

ဓာယန္တိ တဿ ပါရောဟာ,အဟော ရဇ္ဇာနံ မဂ္ဂယော၊
ယာဒ္ဒ ခေါ သီလသမ္ပန္နော, ဘိက္ခု ဒဟတိ တေဇသာ။
န တဿ ပုဗ္ဗာ ပဿေဝါ ဒါယာဒါ ဝိန္ဒရေ ဓနံ၊
အနပစ္စာ အဒါယာဒါ,တာလာဝတ္ထု ဘဝန္တိ တေ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော
ဘုဇင်္ဂမံ ပါဝကဉ္စ,ခတ္တိယဉ္စ ယသဿိနံ၊
ဘိက္ခုဉ္စ သီလသမ္ပန္နံ,သမ္မဒေဝ သမာစရေ။

[သံယုတ်-ပါဠိတော်]

**ထိတ်လန့်ဘွယ်။** ။ထို မီးလောင်ပြီးသော တောအရပ်၌ နေ့, ညဉ့်တို့ကို လွန်သည် ရှိသော် တဖန် ပေါက်ရောက်တတ်သော မြက်,သစ်ပင် စသည်တို့သည် ဖြစ်ပေါ်နိုင်ကုန်သေး၏၊သီလနှင့်ပြည့်စုံသော အကြင်ရဟန်းသည် မိမိအား ပြစ်မှားသော တပါးသော ပုဂ္ဂိုလ်ကို မိမိသီလ တန်ခိုးဖြင့် လောင်ကျွမ်းစေတတ်၏။ ။ထိုသီလရှိသော ရဟန်း အား

ပြစ်မှားသောသူ၏ သား,သွီးတို့သည်၎င်း ကျွဲ,နွား စသော သား ကောင်တို့သည်၎င်း မဖြစ်ထွန်းကုန်ဘဲ ပျက်စီးကုန်၏၊ ရဟန်း ကို ပြစ်မှားသောသူ၏ အမွေခံပုဂ္ဂိုလ်တို့သည် ဥစ္စာကို မရကြ ကုန်၊ထိုပြစ်မှားသော ပုဂ္ဂိုလ်တို့သည် အထောက်အပံ့ ကင်းကုန် သည်ဖြစ်၍ အမွေခံ မရှိကုန်သည်ဖြစ်၍ လည်ဆစ်ပြတ်ပြီးသော ထန်းပင်ငုတ်ကဲ့သို့ အရောမျှသာ ရှိသည်ဖြစ်ကုန်လတ္တံ့။ ။ထို့ ကြောင့်သောလျှင် မိမိ၏ အကျိုးစီးပွားကို ကောင်းစွာ မြင်သော ယောက်ျားသည်။၁။ အဆိပ်ပြင်းသော မြွေကို၎င်း, ၂။ မီးကို၎င်း, ၃။ အခြံအရံများသော မင်းသားကို၎င်း, ၄။သီလနှင့် ပြည့်စုံ သော ရဟန်းကို၎င်း ကောင်းစွာ သာလျှင် ကျင့်ရာ၏။ (လေးလေးစားစား ဆက်ဆံရာ၏၊မထိမဲ့ မမြင် မလုပ်ရာ)။

မထိမဲ့ မမြင်အပ်ရာ လေးပါးတို့တွင် မြွေ,မီး,မင်း တို့အတွက် တဘဝသာ အပြစ်ခံရ၏၊ သီလ ရှိသော ရဟန်း အတွက်မှာမူ ကား ဘဝများစွာ အပြစ်ခံရ၏၊သီလမရှိသော ရဟန်းအတွက် အပြစ်မရပေ၊ လူပင်ဖြစ်သော်လည်း သီလရှိသူဖြစ်အံ့ ထိုသူ၌ ပြစ်မှားသော ပုဂ္ဂိုလ်သည် အပြစ်ရလတ္တံ့။ဤသို့ မကောင်းသော အပြစ်ကို ရမှု၌ အကြောင်းကိုရှာသော် မေ့လျော့မှု စသည်တို့ သာ ဖြစ်ပေသည်၊သို့ဖြစ်၍ အကျိုးပျက်မှု,အကျိုးတက်မှု အမျိုးမျိုး ကို သိသင့်ပေသည်။

[အင်္ဂုတ္တရ-ဋ္ဌ] ပမာဒေါ ဘိက္ခဝေ မဟတော အနတ္ထာ ယ သံဝတ္တတိ။အပ္ပမာဒေါ ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတိ။ ။ကောသဇ္ဇံ။ ။ ဝိရိယာရမ္ဘော။ မဟိစ္ဆတာ။ အပ္ပိစ္ဆတာ။ အသန္တုဋ္ဌိတာ။သန္တုဋ္ဌိတာ။အယောနိသော မန သိကာရော။ ယောနိသောမနသိကာရော။ အသမ္ပဇညံ။သမ္ပဇညံ။ ပါပမိတ္တတာ ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတိ။ ကလျာဏ

မိတ္တတာ ဘိက္ခဝေ မဟာတော အတ္တာယ သံဝတ္တတိ။

**ကျိုးနှဲ့ကျိုးမဲ့။** ။ချစ်သားရဟန်းတို့၊ သတိကင်း၍ မေ့လျော့ခြင်းသည် များစွာသော အကျိုးမဲ့ကို ဖြစ်စေခြင်းငှါ ဖြစ်၏။ ချစ်သားတို့ သတိမကင်း မမေ့လျော့ခြင်းသည် များစွာသောအကျိုးစီးပွားကို ဖြစ်စေခြင်းငှါ ဖြစ်၏။ ပျင်းရိခြင်းသည် များစွာသော အကျိုးမဲ့ကိုဖြစ်စေခြင်းငှါ ဖြစ်၏၊ လုလ္လင်ရိယကို အားထုတ်ခြင်းသည် များစွာသော အကျိုးစီးပွားကိုဖြစ်စေခြင်းငှါ ဖြစ်၏။ အလိုကြီးခြင်းသည် များစွာသော အကျိုးမဲ့ကိုဖြစ်စေခြင်းငှါဖြစ်၏။ အလိုနည်းခြင်းသည် များစွာသောအကျိုးစီးပွားကို ဖြစ်စေခြင်းငှါ ဖြစ်၏၊ ပစ္စည်း၌ မရောင့်ရဲနိုင်ခြင်းသည် များစွာသောအကျိုးစီးပွားကို ဖြစ်စေခြင်းငှါဖြစ်၏၊ရသမျှပစ္စည်း၌ ရောင့်ရဲနိုင်ခြင်းသည် အကျိုးစီးပွါးများခြင်းငှါ ဖြစ်၏။ မသင့်မတင့် နှလုံးသွင်းခြင်းသည် များစွာသော အကျိုးစီးပွားမဲ့ကို ဖြစ်စေခြင်းငှါ ဖြစ်၏။သင့်တင့်စွာ နှလုံးသွင်းခြင်းသည် များစွာသော အကျိုးစီးပွားကို ဖြစ်စေခြင်းငှါ ဖြစ်၏၊ အဆင်အခြင်ဉာဏ် မရှိခြင်းသည် များစွာသော အကျိုးစီးပွားမဲ့ကို ဖြစ်စေခြင်းငှါ ဖြစ်၏။ အဆင်အခြင်ဉာဏ် ရှိခြင်းသည် များစွာသော အကျိုးစီးပွားကို ဖြစ်စေခြင်းငှါ ဖြစ်၏။ ချစ်သားတို့ယုတ်မာသော အဆွေခင်ပွန်း ရှိခြင်းသည် များစွာသော အကျိုးစီးပွားမဲ့ကို ဖြစ်စေခြင်းငှါ ဖြစ်၏။ချစ်သားတို့ အဆွေခင်ပွန်းကောင်း ရှိခြင်းသည် များစွာသော အကျိုးစီးပွားကို ဖြစ်စေခြင်းငှါ ဖြစ်၏။

ဤဘုရားရှင်၏ စကားတော်ကို နှလုံးသွင်း၍ အကျိုးမဲ့ကို ဖြစ်စေတတ်သော မေ့လျော့ခြင်း, ပျင်းရိခြင်း, အလိုကြီးခြင်း, ပစ္စည်း၌ မရောင့်ရဲနိုင်ခြင်း, မသင့်မတင့် နှလုံးသွင်းခြင်း, အဆင်အခြင်နည်းခြင်း, သူယုတ်မာနှင့် ပေါင်းသင်းခြင်း ဟူသော သဘောမမှန်သည်တို့ကို အထူးရှောင်ကြဉ်၍ အကျိုးစီးပွားကို ဖြစ်

စေတတ်သော မမေ့မလျော့ခြင်းစသည့် သဘောမှန်ကို ကျင့်ပါ မှ အဆင့်အတန်းမြင့်မည်ဟု ယုံကြည်နိုင်ကြပါစေ ကုန်သတည်း။

ယုံကြည်ခြင်းသဒ္ဓါတရားသည် လူ့ပြည်,နတ်ပြည်သို့ သွား ရာ, နိဗ္ဗာန် သို့သွားရာ၌ ကိုယ်စီကိုယ်ငှ မိမိတို့၏ အဆွေခင်ပွန်း ကောင်း ဖြစ်ပေသည်။

[သံယုတ်-၁] ပုရိသဿ ဒေဝလောကေ မနုဿလောကေ စေဝ နိဗ္ဗာနဉ္စ ဂစ္ဆန္တဿ သဒ္ဓါ ဒုတိယော ဟော တိ၊သဟာယကိစ္စံ သာဓေတိ။

**အဖေါ်ကောင်း။** ။နတ်ပြည်သို့ရင်း,လူ့ပြည်သို့ရင်း, နိဗ္ဗာန် သို့ရင်း သွားသော ယောကျ်ားအား သဘာ ဝအတိုင်း ယုံကြည်မှု သဒ္ဓါတရားသည် အဖေါ်ဖြစ်၏၊ အဆွေခင် ပွန်းကောင်း အဖေါ်သဟဲကိစ္စကို ပြီးစေ၏။ သဘာဝ အတိုင်းအ မှန်ကိုသိမှုနှင့် ယုံကြည်မှုသဒ္ဓါတရား ဖြစ်ဘို့မှာ မလွယ်ကူကြပေ။ သို့ရာတွင် အများအားဖြင့် မိမိကိုယ်ကို မိမိအမှန်သိသောပညာရှိ ဟု ထင်မှတ်တတ်ခြင်းသည် ဓမ္မတာကဲ့သို့ ဖြစ်၏။

[ဥပရိပံ-၁] ဧကောပိ အဟံ ဗာလောတိ နု မညတိ၊သဗ္ဗေပိ ပဏ္ဍိတမာနိနောယေဝ။

**ထင်တတ်သည်။** ။တယောက်သော ပုဂ္ဂိုလ် မျှသည်လည်း “ငါဟာ လူမိုက်ဘဲ”ဟု မထင်မှတ်ချေ၊အ လုံးစုံသော ပုဂ္ဂိုလ်တို့သည်လည်း“ငါတို့ဟာ ပညာရှိတွေဘဲ”ဟု ထင်မှတ်တတ်ကြကုန်သလျှင်တည်း။ ။ဤစကားအရ မိမိကိုယ် ကို မိမိစဉ်းစားလော၊ ဝေဖန်လော၊ သူတပါး အတွက်ကို ထား ပါဦးတော့၊ ကိုယ့်အတွက် ကိုယ်သိပါသည်၊ ငါသည် ကာယ ကမ်,ဝစီကမ်,မနောကမ် သုံးပါး၌ အကောင်းဘက်က များလေ သလော၊မကောင်းဘက်က များလေသလော၊ ဤသို့ ကိုယ့်ကိုယ်

ကိုသာ စဉ်းစားကြည့်ပါ၊ သူတပါးတို့၏ အသိဉာဏ်နှင့်လည်း စံချိန်ထိုးကြည့်ပါ၊ အကောင်းဘက်ကများပြီး အသိဉာဏ်ဘက်ကလည်း များခဲ့ပါလျှင် ကိုယ်ထင်တိုင်းဟုတ်ပေလိမ့်မည်၊ အရမ်းအထင်မကြီးသင့်ပေ၊ ကိုယ့်ကိုယ်ကို ကိုယ်အထင်ကြီးလျှင် တိုးတက်ဘို့မရှိပေ ဆုတ်ယုတ်ဘို့သာ ရှိတော့၏။ ထို့ကြောင့် အလွန်လည်း အထင်မကြီးဘဲ ယုံကြည်မှု-သဒ္ဓါတရားနှင့် အသိဉာဏ်နှစ်ပါး မျှတဘို့ အရေးကြီးလှပေသည်၊ အစစ်ပညာရှိသူတို့သာ သဒ္ဓါနှင့်မျှတအောင် ပြုပြင်နိုင်ကြပေသည်။ ဤမျှသော စကားအစဉ်ဖြင့် သီလ,သရဏဂုဏ် အကျိုးကို ပြရာ စကားရပ်အပြီးသတ်သတည်း၊

သီလကထာပြီး၏။

## ၅။ သဂ္ဂကထာ

ယခုလောက၌ ပြုကြသော ကာယကမ်, ၀စီကမ်, မနောကမ် ဒါန, သီလ, ဘာ၀နာ ကုသိုလ်ကမ်ကြောင့် လူ, နတ်, ဗြဟ္မာ သုံးတန်သော ချမ်းသာကို ခံစားကြရ၏၊ ထိုချမ်းသာသုံးပါးတို့တွင် လူချမ်းသာသည် အသေးစား၊ နတ်ချမ်းသာသည် အလတ်စား၊ ဗြဟ္မာချမ်းသာသည်ကား အကြီးစား - အမြတ်ဆုံး အကောင်းဆုံး အထွဋ်အထိပ်ဖြစ်သော ချမ်းသာဖြစ်ပေ၏၊ အလတ်တန်းစားဖြစ်သော နတ်ပြည်ချမ်းသာ အချင်းအရာကို သင့်သလောက် သိသင့်, သိထိုက်ကြပေသည်၊ မည်သည့် အမှုကိစ္စမျိုးကို မဆို အကျိုးကို ကြိုတင်၍ သိထားပါလျှင် ပြုအပ်သော အကြောင်းတရားကို လုံလုံ့လောက်လောက် အားထုတ်၍ ပြုလုပ်လိုကြခြင်းမှာ ဓမ္မတာဖြစ်ပေ၏၊ ထိုစကားမှန်၏။

[မူလ-ဋီကာ] နှ ဟိ အနိဋ္ဌေ အနုပါဒိယန္တော ကိဉ္စိ ကမ္မံ ကရောတိ။

**ဓမ္မတာ**။ ။အလိုမရှိဘဲ မစွဲလမ်းဘဲ တစုံတခုသော အမှုကိစ္စကို မပြုပေ။ ။သို့ဖြစ်၍ လူ, နတ်, ဗြဟ္မာ သုံးတန်ချမ်းသာကို ရကြောင်းတရား အတိုချုပ်နှင့်အကွ သဂ္ဂကထာကို ပါဠိတော်, အဋ္ဌကထာ လာသည့်အတိုင်း အမြွက်မျှ ထုတ်ဖော်ပြပေအံ့ —

ယာသ ဒါနေန သီလေန၊ သံယမေန ဒမေန စ။
နိဓိသု နိဟိတော ဟောတိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
သေ ဒေ၀ မနုဿာနံ၊ သဗ္ဗကာမဒဒေါ နိဓိ။
ယံ ယံ ဒေဝါ ဘိပတ္ထေန္တိ၊ သဗ္ဗ မေတေန လဗ္ဘတိ။

**ကုသိုလ်ရှေ့ဒိန်း**။ ။အကြွင်မိန်းမအားရင်း, အကြွင်ယောကျ်ားအားရင်း ပေးကမ်းလှူဒါန်းခြင်းဖြင့်ရင်း, သီလဆောက်တည်ခြင်းဖြင့်ရင်း, စက္ခုစသော ဣန္ဒြေကို စောင့်စည်းခြင်းဖြင့်ရင်း, စက္ခု

စသော ဇာရွှေကြိုကို ဆုံးမခြင်းဖြင့်ရင်း ကုသိုလ်တည်းဟူသော ရွှေအိုးကို ကောင်းစွာ သိုမှီးမြှုပ်နှံ ထားအပ်၏။ ။ဤကုသိုလ် တည်းဟူသော ရွှေအိုးသည် နတ်,လူတို့၏ (ဝါ) နတ်,လူတို့အား အလုံးစုံသော အလိုဆန္ဒကို ပေးစွမ်းနိုင်၏။ ။အကြင်အကြင် အလိုရှိအပ်သော လူ,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုသာ လျှင် တောင့်တကုန်၏၊ ထိုထို အလုံးစုံသော ချမ်းသာဟူသမျှ ကို ဤဒါနစသော ကုသိုလ်ရွှေအိုးကြောင့် ရအပ်၏။ ။

မာနုသိကာစ သမ္ပတ္တိ, ဒေဝလောကေစ ယာ ရတိ၊
ယာစ နိဗ္ဗာန သမ္ပတ္တိ, သဗ္ဗ မေတေန လဗ္ဘတိ။
[သုတ္တသင်္ဂဟ-ပါဠိတော်]

**ချမ်းသာသုံးပါး**။ ။လူ၌ဖြစ်သော အကြင်စည်းစိမ်သည်ရင်း နတ်၌ဖြစ်သော အကြင်မွေ့လျော်ခြင်းသည်ရင်း, အကြင်နိဗ္ဗာန် စည်းစိမ်သည်ရင်းရှိ၏၊ အလုံးစုံသောစည်းစိမ်ချမ်းသာကို ဤဒါန, သီလ,ဘာဝနာကမ်း စေတနာကြောင့် ရအပ်၏၊ဤစကားတော် သည် အကျဉ်းဆုံဖြစ်၏၊ ဒါန,သီလ,ဘာဝနာ တည်းဟူသော သုံး ပါးသော ကမ်းကြောင့် လူ, နတ်, နိဗ္ဗာန်, သုံးတန်သော ချမ်း သာကို ကေန်ခံစားရမည်ဟုဆိုလိုသည်၊ထိုကုသိုလ်ကမ်းကြောင့် ရအပ်သော အလတ်စား နတ်ချမ်းသာသည် အလိုရှိအပ်သော ဇာမ္မာရုံများ ဖြစ်ပေသည်။

[ဥဒါနိုး-ဌ] သဂ္ဂေါ် နာမ ဇာဗ္ဗော ကန္တော မနာပေါ၊
နိစ္စံ မေတ္တ ကိဋ္ဌာ နိဋ္ဌသမ္ပတ္တိယော လဗ္ဘန္တိ။

**နတ်ချမ်းသာ**။ ။နတ်ပြည်မည်သည် အလိုရှိအပ်၏၊ နှစ် သက်အပ်၏၊ စိတ်နှစ်လုံးကို ပွားစေတတ်၏၊ ဤနတ်ပြည်၌ က စားမြူးတူးခြင်းကိုရင်း,မြဲသော စည်းစိမ်ချမ်းသာကိုရင်း ရအပ် ကုန်၏။ ။**အဓိပ္ပါယ်မှာ**—နတ်ပြည်သည် လူပြည်ကဲ့သို့ မဟုတ်ပေ၊ အလိုမရှိအပ်သော မျက်စိမြင်,နားကြား စသော အာရုံ မရှိပေ၊ အလိုရှိအပ်သော အာရုံချည်းသာ ဖြစ်ပေ၏၊ လူပြည်ကဲ့သို့ မနှစ်

သက်အပ်သောအာရုံမရှိပေ၊ နှစ်သက်ဘွယ် အာရုံတို့သာလျှင် ဖြစ်ပေ၏၊ စိတ်နှစ်လုံးကို မပွါးများ, မငွေ့လန်းစေတတ်သော အာရုံ မရှိပေ၊ စိတ်နှစ်လုံးကို လွန်စွာပွါးများစေတတ်သောကောင်းသောအာရုံချည်း ဖြစ်ပေ၏ လူ့ပြည်ကဲ့သို့ ရုံခါ ပျင်းရိခြင်း, ရုံခါမြူးတူးပျော်ပါးခြင်း မဟုတ်ပေ၊ နတ်ပြည်၌ အမြဲတန်း မြူးတူးပျော်ပါး၍ ပျင်းပျင်းရိရိ မရှိပေ၊ အထူး အပျော်ကြီးပျော်၍ နေရပေ၏၊ လူ့ပြည်ကဲ့သို့ စည်းစိမ်ဥစ္စာ ရုံခါပျက်စီးခြင်း မရှိ၊ အမြဲတန်းပင် ထိုစည်းစိမ်ဥစ္စာတို့သည် တိုးပွါးသည်ဖြစ်၍ ပြည့်စုံကြကုန်၏။ .....သို့ရာတွင် သူ့ဟာ, ကိုယ့်ဟာ ဟူသော အပိုင်းအခြား ရှိသဖြင့် ငြင်းခုံခြင်းကားရှိ၏၊ ထိုအခါသိကြားမင်းက တရားသူကြီးပြုလုပ်၍ သူ့အပိုင်းအခြားနှင့်နီးလျှင် သူ့ဟာ၊ ကိုယ့်အပိုင်းအခြားနှင့်နီးလျှင် ကိုယ့်ဟာ ဖြစ်စေ၍ ယူလေဟု ဆုံးဖြတ်ပေး၏၊ အယူခံမရှိ၊ ငြိမ်းအေးကြ၏၊ သူ့ဟာ,ကိုယ့်ဟာ ဝေဖန်၍မရ အလည်တည့်တည့် ဖြစ်နေလျှင် တရားသူကြီး သိကြားမင်းက ၅၍ ဟာကို ငါသာပိုင်သည့်ဟု သိမ်းဂိုက်တော့၏၊ တရားလို,တရားခံ နှစ်ဦးနှစ်ဘက်ပင် ကျေနပ်ကြ၏၊ စိတ်ဆင်းရဲခြင်း မရှိကြပေ။ ၎င်းပြင် လူ့ပြည်ကဲ့သို့ မွေးဖွား၍ တဖြည်းဖြည်းကြီးလာရသည် မဟုတ်ပေ၊ အထင်အရှားအားဖြင့် နတ်သွီးဖြစ်လျှင် တဆဲ့ခြောက်နှစ်အရွယ်,နတ်သားဖြစ်လျှင် အသက်နှစ်ဆယ်အရွယ် လူ့ပြည်က စုတိစိတ်ခေါ် သေသည့်အခြားမဲ့၌ ဖြစ်ကြရ၏။

[ဒွာရိုပံ-၅] ဒေဝဓိတာ သောဠသ ဝဿုဒ္ဒေသိကာ ဝိယ ခါယန္တိ၊ ဒေဝပုတ္တာ ဝီသတိ ဝဿုဒ္ဒေသိကာ ဝိယ ခါယန္တိ။

**အဓိပ္ပာယ်ကောင်း။** ။နတ်သွီးတို့သည် တဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့ ထင်ကုန်၏၊ နတ်သားတို့သည် အနှစ်နှစ်ဆယ်အရွယ်ကဲ့သို့ ထင်ကုန်၏။ ။(နတ်ပြည်၌ အသက်တန်း မကုန်မခြင်း(ဝါ)မသေမခြင်း တဆယ့်ခြောက်နှစ်,အနှစ်နှစ်ဆယ်အရွယ်၌ အမြဲ တည်နေကုန်၏ဟုဆိုလိုသည်)။ ။ နတ်

တို့၏ အသက်တန်းကို ယခုလူတို့၏ အရေအတွက်ဖြင့် ပြ ဦးအံ့ —

စာတုမဟာရာဇ် နတ်ပြည်၌ လူတို့နှစ်ပေါင်း ကိုးသန်းရှိသည်၊ တာဝတိံသာ နတ်ပြည်၌ သုံးကုဋေခြောက်သန်းရှိသည်၊ ယာမာ နတ်ပြည်၌ တဆယ့်လေးကုဋေလေးသန်းရှိသည်၊ တုသိတာနတ်ပြည်၌ ငါးဆယ့်ခုနှစ်ကုဋေခြောက်သန်းရှိသည်၊ နိမ္မာနရတိနတ်ပြည်၌နှစ်ရာ့သုံးဆယ်ကုဋေ-လေးသန်းရှိသည်၊ပရနိမ္မိတဝသဝတ္တိ နတ်ပြည်၌ ကိုးရာနှစ်ဆယ့်တကုဋေခြောက်သန်းရှိသည်။ ။ဤနတ်တို့ သက်တန်းနှင့်အမျှ နေရသော ကာလပတ်လုံး အိုအိုမင်းမင်း ချို့ယွင်းသော အဆင်းသဏ္ဌာန် မရှိကြပေ။

[ဒွါရိပံ-၅] ဧတ္တကံစ ကာလံ တေသံ သရီရေ ခဏ္ဍိစ္စ, ပါလိစ္စာဒိဝသေန ဝိဝဏ္ဏတာ န ပညာယန္တိ။

**အဆင်းသွေးခြင်း။** ။သက်၍ပြဦးအံ့၊ ဤပြခဲ့ပြီးသော နတ်တို့၏ အသက်တန်းနှင့်အမျှ အသက်ရှည်သမျှ ကာလပတ်လုံး ထိုနတ်တို့၏ ခန္ဓာကိုယ်၌ သွားကျိုးခြင်း,အရေအသားတွန့်ခြင်း,ဆံဖြူခြင်း စသော အိုရုပ်တို့၏ အစွမ်းဖြင့် အဆင်းဖေါက်ပြန်ခြင်းတို့သည် မထင်ရှားကုန်။ ။လူတို့နှင့် နှိုင်းယှဉ်၍ ကြည့်သော် မည်မျှလောက် ကွာခြားခြင်းသည် စိတ်၌ထင်ရှားပါလတ္တံ့။ ။နတ်ပြည်၌ အသုဘကမ္မဋ္ဌာန်း စီးဖြန်းဘွယ်ရာ မရှိပေ၊ မတင့်တယ်သော အသုဘ မရှိသည့်ပြင် တနေ့ထက်တနေ့ တင့်တယ်သော သုဘ အာရုံများ တိုးပွားတိုးပွားလာကုန်၏။

[ဇာတက-၅] ဒေဝါန ဇိရန္တိ၊ ယထာ မနုဿာ ဂတ္တေသု ဝလိယော န ဟောန္တိ၊ သုဝေ သုဝေ ဘိယျတာ ရောစ တေသံ ဒိဗ္ဗော စ ဝဏ္ဏော, ဝိပုလာစ ဘောဂါ။

**မအိုနိုင်ခြင်း။** ။နတ်တို့သည် လူတို့ကဲ့သို့ မအိုကြကုန်၊ ထိုနတ်တို့၏ ကိုယ်တို့၌ တွန့်သော အရေတို့သည် မရှိကုန်၊ထိုနတ်တို့၏

အဆင်းသည်၎င်း, ပြန့်ပြောကုန်သော စည်းစိမ်ဥစ္စာတို့သည်၎င်း, နေ့တိုင်း နေ့တိုင်း (ဝါ) နက်ဖြန်တိုင်း, နက်ဖြန်တိုင်း လွန်ကဲ တိုးပွားကုန်၏၊ ဆုတ်ယုတ်သော ကိုယ်အဆင်းလည်း မထင်၊ ဆုတ်ယုတ်သော ဥစ္စာစည်းစိမ်လည်းမထင်၊ (ထိုတိုးပွါးသည်ကိုသာ ထင်ကြ,မြင်ကြရ၏ဟု ဆိုလိုသည်)။ ။ထိုမှတပါး နတ်ပြည်၌ ကိုယ်ထင်ရှား ဖြစ်ကြရသည့်အတွက် အမိ,အဘ မရှိဟု ထင်မှတ်ဘွယ်ရှိ၏၊ ဟုတ်ကား မဟုတ်ပေ၊ အမိဘဲ,အဘဘဲဟု သိနိုင်သော အခြင်းအရာဖြင့် ဖြစ်ကြကုန်၏။

[မူလပံ-၌] ဒေဝနမ္ပိ ပိတာစ ပုတ္တာစ အင်္ကေ နိဗ္ဗတ္တန္တိ၊ ပါဒစာရိကာ ဇုဏှိယော သယနေ နိဗ္ဗတ္တန္တိ၊ တာသံ မဏ္ဍနပသာဓန ကာရိကာ ဒေဝဓီတာ သယနံ ပရိဝါရေတွာ နိဗ္ဗတ္တန္တိ၊ ဝေယျာဝစ္စကရာ အန္တော ဝိမာနေ နိဗ္ဗတ္တန္တိ။

**နတ်ချင်းမတူ။** ။အမိ,အဘ,သား,သမီး ရှိသည်ကား မှန်၏၊ နတ်တို့၏ သမီးတို့သည်၎င်း, သားတို့သည်၎င်း, ရင်ခွင်၌ ဖြစ်ကြကုန်၏၊ ခြေရင်းအလုပ်အကျွေး ဖြစ်ကုန်သော မိန်းမတို့သည် အိပ်ရာ,နေရာ၌ ဖြစ်ကြကုန်၏၊ ထိုနတ်သား,နတ်သမီးတို့အား အလွန်အကဲ တန်းဆာဆင်ခြင်းကို ပြုတတ်ကုန်သော (ဝါ) တန်းဆာဆင်ခြင်း,သုမ်သင်ခြင်းကို ပြုတတ်ကုန်သော နတ်သမီးတို့သည် အိပ်ရာနေရာကို ဝိုင်းဝန်းခြံရံ၍ ဖြစ်ကြကုန်၏၊ အမှုငယ်ကို ရွက်ဆောင်ကုန်သော နတ်တို့သည် ဗိမာန်အတွင်း၌ ဖြစ်ကြကုန်၏။

ဤသဘောအတိုင်း ဖြစ်ကြသဖြင့် နတ်ပြည်၌ သမီး,သား, မယား, အလုပ်အကျွေး, အမှုဆောင်နတ်တို့ ရှိကြောင်း ထင်ရှားလှ၏၊ ဤအချက်ကို သတိပြုဘို့ရာမှာ—သေးသိမ် ယုတ်ညံ့သော ကုသိုလ်ရှင်, မလေးမစား ပြုကြသည့် ကုသိုလ်ရှင်များသည် နတ်ပြည်၌ဖြစ်သောအခါ နတ်တပါးတို့၏ အခိုင်းအစေကို ခံရသော အခြံအရံအနေမျိုး ဖြစ်သွားတတ်သည်၊ ကုသိုလ်ပြုသည့်

အခါ မလေးမစား ပြုသူများကြ၍ နတ်ပြည်၌ ဖြစ်သော နတ်သားတို့၏ အခြံအရံသည် များလှ၏။ ထင်ရှားစေဦးအံ့—

[သံယုတ်-၁] ဧကေကဿ ဟိ ဒေဝရညော ကောဋိသတမ္ပိ ကောဋိသဟဿမ္ပိ ပရိဝါရော ဟောတိ။

အခြံရံများ၏။ ။တယောက်,တယောက်သောနတ်မင်းအား ကုဋေအရာသည်၎င်း,ကုဋေအထောင်သည်၎င်း အခြံအရံရှိသည် ဖြစ်၏။ ဤသဘောကို ဆန့်တန်းကြည့်သဖြင့် အသိဉာဏ် ဖြစ်ပေါ်သည်မှာ—ကောင်းမှုပြုသူတို့တွင် ရှိရှိသေသေ ပြုလုပ်၍ လှူကြသော သူတို့ကား ကုဋေတရာမှ တယောက်,ကုဋေပေါင်းတထောင်မှ တယောက်မျှသောက် ရှိ၏ဟု အကျိုးကို ခံစံရသော ပုဂ္ဂိုလ်ကို ထောက်ဆသဖြင့် အကြောင်းဖြစ်သော ကောင်းမှုပြုသူတို့၏ စေတနာကို သိရ၏။ ။၎င်းပြင် နတ်ပြည်၌ နတ်သားတို့သည် ကြည့်ရှုချင်စဖွယ် လုံးရပ်သဏ္ဌာန် အညီအမျှ ဖြစ်ကုန်၏။ ။

သံယုတ်-၁ ဒေဝလောကေ သဗ္ဗေ သမပ္ပမာဏာ တိဂါဝုတိကာဝ ဟောန္တိ။

ဖုံးချင်သဏ္ဌာန်။ ။နတ်ပြည်၌ အလုံးစုံသော နတ်တို့သည် တူမျှသော ပမာဏ ရှိကုန်၏၊သုံးဂါဝုတ် အတိုင်းအရှည် ရှိသည် သာလျှင် ဖြစ်ကုန်၏။ ။(လူ့ပြည်မှာကဲ့သို့ နိမ့်သူကနိမ့်,မြင့်သူကမြင့် ဖြစ်သည်မဟုတ်၊ကြည့်ရှုချင်စဖွယ် တရွယ်တည်းတညီတည်း ဖြစ်ကုန်၏ဟု ဆိုလိုသည်)။ ။ထို့ပြင် နတ်ပြည်၌ နေရောင်,လရောင်,မီးရောင်များ မရှိပေ။ ကိုယ်၌ ဝတ်ဆင်အပ်သော အဝတ်စသည်တို့၏ အရောင်ဖြင့် ခမ်းမီးကိစ္စ ပြီးကြကုန်၏။ ထင်ရှားပြဦးအံ့။—

[အင်္ဂုတ္တရ-၃] နိဝတ္ထဝတ္ထဿ ပဘာ ဒွါဒသ ယောဇနာနိ ဖရတိ၊ တထာ သရီရဿ၊ တထာ ဝိမာနဿ တထာ အလင်္ကာရဿ။

အရောင်ခြင်းသွက်။ ။နတ်သမီး,နတ်သားတို့ဝတ်ဆင်အပ်သော အဝတ်၏ အလင်းရောင်သည် တဆယ့်နှစ်ယူဇနာတိုင်အောင်

ပျံ့နှံ့၏၊ နတ်သ္မီး,နတ်သားတို့ကိုယ်၏အရောင်အဆင်းသည် အဝတ်ရောင်နှင့်အတူ တဆယ့်နှစ်ယူဇနာ ပျံ့နှံ့၏၊ ဗိမာန်၏ အလင်းရောင်လည်း အဝတ်ရောင်နှင့်အတူ တဆယ့်နှစ်ယူဇနာ ပျံ့နှံ့၏၊ အထူးသဖြင့် ဆင်အပ်သော တန်းဆာအရောင်လည်း တဆယ့်နှစ်ယူဇနာတိုင်အောင် ပျံ့နှံ့၏။ ။လူပြည်နှင့် နှိုင်းစာ၍ ကြည့်လျှင် မည်မျှလောက် အရောင်အဆင်း ကွာခြားသည်ကို သိနိုင်ပါလတ္တံ့။

အစာအဟာရ၌လည်း ကမ်၏အကျိုးကိုသာ မှီ၍ အသက်မွေးရကား အလိုရှိတိုင်း အရသာအမျိုးမျိုး ဖြစ်ပေါ်၍ ကုသိုလ်ရှင်နတ်သ္မီး,နတ်သားတို့အား နှစ်သက်စေ၏၊ ဘုံဗိမာန်မှာလည်း အသေးဆုံး တဆယ့်နှစ်ယူဇနာ ရှိပေ၏၊ အကြီးဆုံးမှာ အသူရိန်နတ်မင်းကြီး လူးလာပြန်ခေါက် သွားနိုင်လောက်သော ဗိမာန်ရှိ၏၊ မည်မျှရှိသည်ကို ဆင်ချင်ဘို့ဖြစ်၏၊ (တိုက်ရိုက်ကား မတွေ့ပါပေ)။ ။ထိုနတ်သားတို့၏ နေရာကား စကြာဝဠာတောင်သို့ ထိအောင်ပင် ဖြစ်၏။

[သမ္မော-ဋ္ဌ] ကေဒေဝလောကေပိ ဟိ ဒေဝါနံ ပရမ္ပရာ
စက္ကဝါဠပဗ္ဗတံ အပတ္တာ နာမ နတ္ထိ။

**နတ်ပြည်တိုင်း**။ ။ထိုစကားမှန်ပေ၏၊ တခုသော နတ်ပြည်၌သော်လည်း နတ်တို့၏ အဆက်ဆက်အားဖြင့် စကြာဝဠာတောင်တိုင်အောင် မရောက်သော နတ်ပြည်တို့မည်သည် မရှိကုန်။ ။နတ်ပြည်ခြောက်ထပ်အားလုံးပင် စကြာဝဠာတောင်သို့ ရောက်သည်သာဖြစ်၏၊ လူ့ပြည်မှာလို မြင့်မိုရ်စသော တောင်အမျိုးမျိုး တောအမျိုးမျိုး ခြားဆီးနေခြင်းမရှိ၊ မြစ်ကြီး,မြစ်ငယ် သမုဒ္ဒရာ,ပင်လယ်တွေ ခြား၍,ဆီး၍ နေသည် မဟုတ်ပေ။ ၎င်းပြင် လွန်စွာမွေ့လျော်ဘွယ်ကောင်းသော နန္ဒဝန်ဥယျာဉ်သည်လည်း နတ်ပြည်တိုင်း အသီးသီး ရှိလေသည်၊

[မူဋီ-ဋ္ဌ] သဗ္ဗဒေဝလောကေသု ဟိ နန္ဒနဝနံ အတ္ထိယေဝ။

[ဝိမာန-ဋ္ဌ] န တေသုခံ ပဇာနန္တိ၊ ယေ န ပဿန္တိ နန္ဒနံ။

နန္ဒဝနံဥယျာဉ်။ ။ထိုစကားမှန်ပေ၏၊ အလုံးစုံသော နတ်ပြည်ခြောက်ထပ်တို့၌ နန္ဒဝန်ဥယျာဉ်သည် ရှိသည်သာလျှင်တည်း။ အကြင်သူတို့သည် နန္ဒဝန်ဥယျာဉ်ကို မမြင်ဘူးကြကုန်၊ ထိုသူတို့သည် နတ်၌ဖြစ်သော ချမ်းသာကို သိသည် မမည်ကုန်။ ။နတ်ပြည်၌ နှစ်သက်သွယ်အကောင်းဆုံးကား နန္ဒဝန်ဥယျာဉ်ပင်တည်း၊ ထိုဥယျာဉ်၌ အလိုရှိအပ်သော မျက်စိမြင် ရူပါရုံ,နားကြား သဒ္ဒါရုံ, နှာခေါင်းသိ ဂန္ဓာရုံ,လျှာသိ ရသာရုံ,ကိုယ်အတွေ့သိ ဖောဋ္ဌဗ္ဗာရုံ ထိုအာရုံငါးပါးသည် အပြည့်အစုံရှိ၏။

လူပြည်၌ ၎င်းအာရုံငါးပါးနှင့် စံချိန်ထိုး၍ ယှဉ်ပြိုင်ဘို့ရာ အာရုံ မရှိပေ။ ဤမျှမကသေး သေဘို့ရာဘေးနှင့် ရင်ဆိုင်တွေ့စေကာမူ ထိုဘေးကိုစိတ်မရောက်၊ နန္ဒဝန်ဥယျာဉ်၏ ပြည့်စုံသာယာမှုကိုသာ စိတ်ရောက်နေကြသည်ဟု အဆိုရှိပေသည်။ (ထိုစကား နောက်၌ ထင်ရှားလတ္တံ့)။ ။၎င်းပြင် နတ်ပြည်၌ ဖြစ်ကြသော နတ်တို့ စုတိစိတ်ကျခါနီးသောအခါ နိမိတ်ငါးပါး ထင်ရှားပေါ်လာ၏။

[အင်္ဂုတ္တိုရ်-ဋ္ဌ] မာလာ မိလာယန္တိ၊ ဝတ္ထာနိ ကိလိဿန္တိ၊
ကစ္ဆေဟိ သေဒါ မုစ္စန္တိ။ ကာယေ ဒုဗ္ဗဏ္ဏိယံ
ဩက္ကမတိ။ ဒေဝေါ ဒေဝါသနေ နာဘိရမတိ။

နိမိတ်ငါးပါး။ ။နတ်၌ဖြစ်ကုန်သော ပန်းတို့သည် ညှိုးနွမ်းကုန်၏။ နတ်ဝတ်ပုဆိုးတို့သည် ညစ်နွမ်းကုန်၏၊လက်ကတီးကြားတို့မှချွေးတို့သည် ယိုစီးကုန်၏၊ ကိုယ်၌ အရေအဆင်း ပျက်ခြင်းသည် သက်ဆင်းဖြစ်ပေါ်၍လာ၏၊ နတ်သည် နတ်တို့၏နေရာ၌ မမွေ့မလျော်တော့ပေ။ ဤနိမိတ်ငါးပါး ပေါ်လာသောအခါ နတ်တို့သည် သေရမည့်ဘေးကို အလွန်ကြောက်, အလွန် ထိတ်လန့်ကြတော့၏။အချို့နတ်ကား"ဒဿာမိ,ဒဿာမိ=ပူလှ၏,ပူလှ၏"ဟု၍ နှုတ်မှမြည်တမ်းယောင်ရမ်း၏၊ အချို့ကား မေး၍မရ,စမ်းသပ်၍မရ၊ငုတ်တုတ်မှိုင်၍နေ၏။အချို့ကား ဟိုပြေးသည်ပြေး အငြိမ်မနေနိုင်အောင် သောကမီး လောင်ကျွမ်းခံရ၏။

[ရုထိဒုတ်-ဌ] သော တေသံ ဥပ္ပတ္တိယာ ဝေရူပါယ နာမ သမ္ပတ္တိယာ ဝိနာ ဘဝိဿာမိတိ ဗလဝသောကာဘိဘူတော ဟောတိ။

**စိုးရိမ်ကြောင်း။** ။ထိုနတ်သည် အဝတ်ညှိုးခြင်း စသော ထိုနိမိတ်ငါးပါး ဖြစ်ပေါ်ခြင်းကြောင့် ဤသို့သဘောရှိသည့် မည်သောနတ်စည်းစိမ်ချမ်းသာမှ ကင်း၍ ဖြစ်ရတော့အံ့၊ ဤသို့ အသိဉာဏ်ဝင်၍ အားကြီးသော စိုးရိမ်ပူပန်,အနှိပ်စက်ခံရသည် ဖြစ်၏။ နတ်စည်းစိမ်ကား နတ်တို့အတွက် အကောင်းဆုံးဖြစ်သဖြင့် ထိုအကောင်းဆုံး နတ်စည်းစိမ် နှင့် ခွဲခွါရခြင်းသည် အဆိုးဆုံး ဖြစ်ဘွယ်ရာရှိသည်၊ ဤသို့ လွန်စွာ စိုးရိမ်ပူပန် ဖြစ်နေရသော သေခါနီးအခါ ပြုလုပ်ရန် သိကြားမင်းက နတ်သားနှစ်ပါးကို သင်ကြားမှာထားပြီး ဖြစ်ပေသည်။ သိကြားမင်း မိန့်မှာချက်အရ နတ်သားနှစ်ပါးတို့သည် စုတေခါနီးသော နတ်သား၏ လက်မောင်းကို တပါးတဘက်စီ ကိုင်လျက် နန္ဒဝန် ဥယျာဉ်တော်သို့ ခေါ်ဆောင်ကြကုန်၏။

ထိုစုတိခါနီး နတ်သားသည် နန္ဒဝန် ဥယျာဉ်တော် အတွင်းသို့ရောက်သည်နှင့်တပြိုင်နက် သေရမည့်ဘေးကို တွေးလျက် အလွန်ကြောက်နေသော စိတ်သည် ပျောက်ကင်း၍ သွားတော့၏။ မည်မျှလောက် နတ်သားတို့၏စိတ်ကို ဆွဲဆောင်နိုင်သည့် သတ္တိရှိသော အာရုံကောင်းကြီး ဖြစ်သည်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားကြည့်ရာ၏၊ ငွေတရာပျောက်၍ စိတ်မကောင်း,စိတ်မချမ်းမသာ ဖြစ်နေသည့်အခါ တသိန်းသော ငွေကို ကောက်ရသော သူသည် ပျောက်သောငွေတရာကြောင့် စိုးရိမ်မှု,စိတ်မချမ်းသာမှု လုံးဝပျောက်၍ စိတ်ချမ်းသာခြင်း,နှစ်သက်ခြင်း,လွန်စွာ ဝမ်းမြောက်ခြင်း ဖြစ်ရဘိသကဲ့သို့ ထိုနည်းမခြား စုတိစိတ်ကျမည်ကို အလွန်ကြောက်သော နတ်သားသည် နန္ဒဝန်ဥယျာဉ်၌ရှိသော အာရုံငါးပါးကို တွေ့မြင်ရသည်နှင့် တပြိုင်နက် သေဘေးကိုကြောက်သည့် စိတ်တွေ ပျောက်ကင်းတော့၏။

[**သံယုတ်-၅**] တံ ဝနံ ပဝိဋ္ဌေပဝိဋ္ဌေ နန္ဒယတိ တောသေတိတိ နန္ဒနံ၊ တာဿသမ္ပတ္တိံ ဒိသွာ၁၀ မရဏာသောကော ဂုပသမ္ဘတိ၊ ဝိတိပါမောဇ္ဇမေဝဥပ္ပဇ္ဇတိ။

**နန္ဒဝန်**။ ။ထိုဥယျာဉ်သည် အတွင်းသို့ ဝင်တိုင်း,ဝင်တိုင်းသော ပုဂ္ဂိုလ်တို့ကိုနှစ်သက်စေတတ်၏၊ထို့ကြောင့်နန္ဒဝန်ဥယျာဉ်မည်၏၊ထိုနန္ဒဝန်ဥယျာဉ်၏ ပြည့်စုံခြင်း,စည်းစိမ်ချမ်းသာကိုမြင်ရခြင်းကြောင့်သာလျှင် သေရမည်ကြောင့် ဖြစ်သော စိုးရိမ်ခြင်းသည် ကင်းပျောက်ငြိမ်းအေး၏၊ နှစ်သက်ရွှင်လန်း,ဝမ်းမြောက်ခြင်းသည် ဖြစ်ပေါ်၍လာ၏။မည်မျှလောက် ကောင်းသော နတ်တို့၏နန္ဒဝန်ဥယျာဉ် ဆိုသည်ကို စိတ်ဖြင့် တစိမ့်စိမ့် စဉ်းစားဘို့ဖြစ်၏။ဂုဏ်းပြင် နတ်ပြည်၌ အစာအာဟာရပြည့်စုံ၏၊ ပြည့်စုံရုံမျှမကသေး နတ်ဩဇာ အာဟာရ တခုဟူသည်းက နတ်တို့အလို ရှိတိုင်း ချိုစေလိုလျှင် ချို၏၊ ဆိမ့်စေလိုလျှင်ဆိမ့်၏၊ ချင်စေလိုလျှင်ချင်၏၊ နေရာထိုင်ခင်းမှာလည်း မည်သည့်နေရာတွင်မဆို ထိုင်လို၍ ထိုင်လိုက်လျှင် ထိုင်ဘို့ရာ ပလ္လင်,ညောင်စောင်း အသင့်ဖြစ်ပေါ်လာ၏။

[**ခုဒ္ဒကပါဌ-၅**] ဒေဝတာနဉ္စ နိသိဒိတုကာမာနံ အာသနံ နိဗ္ဗတ္တတိ။

**အဆင်သင့်**။ ။ထိုစကားမှန်၏၊နေထိုင်လိုသော နတ်တို့အား ပလ္လင်,ညောင်စောင်း စသော နေထိုင်ဘို့ရာသည် ဖြစ်ပေါ်လာ၏။ 'နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်'ဟူသော ရှေးသူဟောင်းတို့ စကားသည် အမှန်ဖြစ်ပေ၏၊ သိကြားမင်းသည် ဝေဇယန္တာ ဆင်တော်ကိုစီးလျက် နတ်သို့း,နတ်သားအပေါင်း ခြံရံကာ ကချေသည် နတ်သို့းများကို ကခုန်ပျော်ပါးစေလျက် ကြည်လင် အေးမြသော ရေကန်,လှပဖွေးကြိုင်သော ကြာပန်းများ, နတ်သို့း, နတ်သားတို့ဖြင့် တန်းဆာဆင်အပ်သော ဥယျာဉ်တော်သို့ ထွက်တော်မူသည်မှာ အထူးပင် စိတ်ကြည်နူးစရာဖြစ်ပေသည်။

ဤမှတပါး နတ်သို့း,နတ်သားတို့ အချင်းချင်း ပြောဆိုကြရာ၌လည်း နှစ်သက်နာပျော်ဘွယ် စကားအသံဖြင့် ပြောဆိုကြ၏

''**မဟာပုညာနုဘာဝ မနာပကာဘာ ဟောန္တိ** ဘုန်းကံရှိသော သူတို့မည်သည် နှစ်သက်ဝမ်းမြောက်ဘွယ်သော စကားရှိကုန်၏'' ဟု ကျမ်းဂန်၌လာပေသည်၊ ထိုကြောင့် နတ်ပြည်၌ ကိုယ်အမူအရာကလည်း ကောင်းမွန်၏၊ နှုတ်အမူအရာကလည်း ကောင်းမွန်၏၊ သေဘ်ိုရာတခုကို ချန်ထား၍ ကြွင်းသမျှ အကုန်အကောင်းချည်းဖြစ်ပေ၏။

လောက၌ အချို့ပုဂ္ဂိုလ်များသည် 'နတ်ပြည်၌ အိုခြင်းကို ကုစား၍ ရကောင်းသည်'' ဟူသော စကားအတိုင်း မအိုရန် အမျိုးမျိုး ကြံစည်အားထုတ်ကြ၏၊ နတ်တို့၌ မအိုသော ဆေးစွမ်းကောင်းမှာ ရှေးအတိတ်ကမ်ပင်ဖြစ်၏၊ မအိုရန် အတိတ်ကမ်ကောင်းသော်လည်း သေခြင်းတရားကို ကုစားနိုင်ဘို့ကား မတတ်စွမ်းနိုင်ပေ၊ ထိုကြောင့်အသက်ရှည်ဆုံးဖြစ်သော ဝသဝတ္တိနတ်တို့ပင် နှစ်ပေါင်း ကိုးရာ နှစ်ဆယ့် တကုဋေ ခြောက်သန်းကြာမြင့်သောအခါ၊ စုတိကျ၍ သေကြရ၏။

[နေတ္တိ-၅၉] အတ္ထိစ ဒေဝါနံ မရဏံ၊န စေတေသံ သရီရာနိ ဇိရန္တိ၊ သတ္တတေဝ ဇရာယ ပဋိကမ္မံ၊ န ပန သတ္တတေ မရဏဿ ပဋိကမ္မံ ကာတုံ အညတြဝ ဉာဏ်မန္တာနံ ဉာဏ်ဝိသယာ။

**ကုစားကြပ်**။ ။နတ်တို့အား သေခြင်းတရား ရှိသည်သာ လျှင်တည်း၊ အထူးမှာ ထိုနတ်တို့၏ ခန္ဓာကိုယ်တို့သည် မအိုကုန်၊ အိုခြင်းတရားကို ကုစားခြင်းငှါ တတ်ကောင်းသည်သာလျှင် တည်း။ သေခြင်းတရားကို မသေအောင် ကုစားခြင်းငှါ တန်ခိုးရှိကုန်သော ဘုရားရဟန္တာတို့၏ တန်ခိုးအရာကို ကြဉ်၍ မတတ်ကောင်း မစွမ်းနိုင်သည်သာလျှင်တည်း၊ (**ဉာဏ်မန္တာနံ ဉာဏ်ဝိသယာ**' အရအင်းဝိဇ္ဇာ,ပြဒါးဝိဇ္ဇာ,ဆေးဝိဇ္ဇာ,သံဝိဇ္ဇာ စသည့်ဝိဇ္ဇာ ဓိုရ်တို့ကိုလည်း အချို့ပညာရှိတို့ ထည့်သွင်း၍ ယူကြကုန်၏)။ 'ဒေဝါနံ မရဏံ' အရ နတ်တို့သေခြင်းနှင့် စကားစပ်၍ နတ်တို့၏ သေခြင်း အကြောင်းတရားကို ဆက်၍ ပြဦးအံ့—

[မဇ္ဈိမ-၁] အာယုက္ခယေန, အာဟာရက္ခယေန, ပုညက္ခယေန, ကောပေနာတိ စတူဟိ ကာရဏေဟိ စဝန္တိ။

**နတ်တို့သေ**။ ။နတ်တို့သည် အသက်တန်း ကုန်ခြင်းကြောင့်ဖြင့်, အစာအာဟာရ ကုန်ခြင်းကြောင့်ဖြင့်, ပြုခဲ့သော ကုသိုလ်ကမ် ကုန်ခြင်းကြောင့်ဖြင့်, အမျက်ထွက်ခြင်းကြောင့်ဖြင့် ဤလေးပါးသော အကြောင်းတို့ကြောင့် စုတေကြရကုန်၏။ ဤ၌ '**အသက်တန်းကုန်**' ဆိုသည်မှာ မိမိတို့နေရာ နတ်ပြည်၌သတ်မှတ်ထားသောအသက်တန်းကုန်ခြင်းတည်း၊ '**အာဟာရကုန်**' ဆိုသည်မှာ နတ်တို့သည်အချိန်မှန်မှန် အာဟာရကို စားကြရ၏၊ အပျော်အပါး လွန်ကြူးခြင်းများ၍ မေ့လျော့သဖြင့် အစာအာဟာရ မစားဘဲနေခြင်းတည်း။ '**ကုသိုလ်ကမ်ကုန်**' ဆိုသည်မှာ ပြုခဲ့သောကုသိုလ် အသက်တန်း ကုန်ဆုံးအောင် မရှိမှုတည်း၊ '**အမျက်ထွက်ခြင်း**' ဆိုသည်မှာ နတ်အချင်းချင်း တဦးနှင့်တဦး ပြိုင်၍ အမျက်ထွက်မှုတည်း၊ (တဦးထည်း အမျက်ထွက်နေရုံနှင့်ကား မသေပေ၊) ထိုနတ်တို့၏ သေကြောင်း လေးပါးတို့တွင် အချိန်မှန်မှန် အာဟာရကို မစားခြင်း, အပြိုင်အဆိုင် အမျက်ဒေါသထွက်ခြင်းသည် ပယောဂဝိပတ္တိ မည်၏၊ ထိုပယောဂပျက်လျှင် နတ်တို့၌ သေခြင်းအကြောင်းတရားဖြစ်တော့၏။

[ပေတဝတ္ထု-ဋ္ဌ] ကေဗ္ဗာနံ ဒေဝါနံ ပယောဂဝိပတ္တိ အာဒိနာ အန္တရာမရဏံ ဟောတိယေဝ။

**လူ၌ပျက်မှု**။ ။အချို့ကုန်သောနတ်တို့အား လုလ္လပယောဂ ပျက်စီးခြင်း စသည်ကြောင့် နတ်သက် မစေ့မီအကြား၌ သေခြင်း ဖြစ်သေးသည်သာ လျှင်တည်း။ ။သေခြင်းလေးပါးတို့တွင် အသက်တန်း, ဘုန်းကမ်နှစ်ပါးရှိသော်လည်း အစာ အာဟာရစားချိန်၌ မစားခြင်းဟူသော လုလ္လပယောဂပျက်ခြင်း, အမျက်ဒေါသထွက်ခြင်းဟူသော လုလ္လပယောဂ ပျက်စီးခြင်းကြောင့် အသက်

တန်းကုန်အောင် မနေရဘဲ သေရ၏၊ နတ်တို့သေသည့်အခါ လူတို့ကဲ့သို့ ကိုယ်ကောင်ကို မြှုပ်နှံသင်္ဂြိုဟ်ရခြင်း မရှိပေ၊ ဆီမီးငြိမ်းသည့်အခါ ပျောက်ကွယ်၍သွားဘိသကဲ့သို့ နတ်တို့ စုတေသည့်အခါ ကိုယ်သဏ္ဍာန် လုံးဝမရှိ ပျောက်ကွယ်သွားပေသည်၊ မသေမီကား လူတို့၏ စည်းစိမ်ချမ်းသာထက် အဆများစွာ မနှိုင်းစာနိုင်အောင် ကြီးကျယ်ပါပေသည်။

ဤအရာ၌ ရဟန်းတပါးက ''အရှင်ဘုရား နတ်စည်းစိမ်သည် ဘယ်မျှလောက်ကြီးကျယ်ပါသနည်း'' ဟု လျှောက်ထားလေရာ ဘုရားရှင်က ''ချစ်သားရဟန်း နတ်စည်းစိမ် ချမ်းသာကို ဥပမာအားဖြင့်သာ မှတ်လော့''ဟုအစချီပြီး အမိန့်ရှိသည်မှာ လူ့ချမ်းသာတွင် အချမ်းသာဆုံးထိပ်သီးဖြစ်သော စကြာဝတေးမင်းချမ်းသာရှိ၏၊ ထိုစကြာဝတေးမင်း၌ စကြာရတနာ, ဆင်ရတနာ မြင်းရတနာ, ပတ္တမြားရတနာ, မိဖုရားရတနာ, သူကြွယ်ရတနာ, သားကြီးရတနာ, ဤရတနာ ခုနစ်ပါးသည် အထွန့်အထိပ်အကောင်းစားရတနာချည်း ဖြစ်ပေ၏၊ ထိုတွင် စကြာရတနာဖြင့် တဆဲ့နှစ်ယူဇနာရှိသောပရိသတ်တို့ကို တင်ဆောင်၍ မကျဉ်းမကြပ်ဘဲ လှည့်လည် သွားလာ နိုင်၏၊ စကြာမင်းနှင့် အတူ လိုက်လိုသောဆန္ဒရှိသူ အပေါင်းသည် ဝိဇ္ဇာဓိုရ်ပရိသတ်ကဲ့သို့ ကောင်းကင်သို့ တခဏခြင်း ရောက်ကြရ၏။

ၐင်းစကြာရတနာသည် မမြင့်လွန်းသော ကောင်းကင်၌ လှည့်လည် သွားလာ လျက်ရှိရာ မြေ၌တည်သော လူအပေါင်းသည် ဤသူကား စကြာမင်းတည်း, ဤသူကား မိဖုရားကြီးတည်း, ဤသူကား သားကြီးရတနာတည်း, ဤသူကား အမတ်ကြီး, စစ်သူကြီးတည်း စသည်ဖြင့် ကွဲကွဲပြားပြား သိနိုင်လောက်ပေ၏၊ ၎င်းစကြာရတနာသည် ကောင်းကင်ခရီးဖြင့် အရှေ့, အနောက်, တောင်, မြောက် လေးကျွန်းလုံးကို နံက်စာမှီ လှည့်လည်ပျံသန်းနိုင်၏၊ လေးကျွန်းအတွင်း၌ရှိသော မင်းအပေါင်းတို့သည် ထိုစကြာမင်း၏ အဆုံးအမကို နာယူကြရ၏၊ ဤနည်းအတူ ဆင်

ရတနာ,မြင်းရတနာတို့ဖြင့် လေးကျွန်းလုံးကို လှည့်လည်နိုင်၏၊ ပတ္တမြားရတနာကား တယူဇနာအတွင်း မီးထွန်းရခြင်းကိစ္စ မရှိအောင် အလင်းရောင်ကို ဆောင်လျက်ရှိ၏၊မိဖုရားရတနာ မှာမူ ပူအိုက်သောဥတု၌ အေးမြသောကိုယ်ရှိ၍ အေးမြသောဥတု၌ ပူနွေးသောကိုယ်ငွေ့ဖြင့် စကြာမင်း၏ စိတ်နှလုံးကို ယူကျုံး နှစ်သိမ့်စေနိုင်၏၊ သူကြွယ်ရတနာကလည်း အချိန်ကာလ, နေရာဒေသ မရွေး စကြာမင်းအလိုရှိသလောက် ရွှေ,ငွေစသော ရတနာတို့ကို ပေးစွမ်းနိုင်၏။

ထိုသူကြွယ်ရတနာ၏ မျက်စိတာဘက်သည်ကား နတ်မျက်စိဖြစ်၍ ပိုင်ရှင်ကင်းသော မြေအတွင်း၌ရှိသော ရတနာ ဟူသမျှကို လျင်မြန်စွာ ဆောင်ယူပေးစွမ်းနိုင်၏၊ သားကြီး ရတနာ ကလည်း စကြာမင်း အလိုရှိသည်ကို နှုတ်ဖြင့် ဖွင့်ဟ ပြောဆိုနေရသည်မဟုတ်၊''ကြံတိုင်းအောင်, ဆောင်တိုင်းမြောက်'' ဆိုသကဲ့သို့ စကြာမင်းအလိုရှိ၍ ကြံစီကာမျှဖြင့် သားကြီး ရတနာက အလိုက်သိစွာ လုံးဝဆောင်ရွက်ပေးလျက်ရှိပေသည်၊ ဤစကြာမင်း၏ စည်းစိမ်ချမ်းသာသည် လူ့လောကတွင် အကြီးဆုံးချမ်းသာပေတည်း သို့ရာတွင် နတ်စည်းစိမ်ကိုကား မမှီနိုင်။ ဥပမာ-''ဤစကြာမင်း၏ စည်းစိမ်ချမ်းသာသည် (ကျောက်ခဲတလုံးကို လက်ပေါ်၌ တင်ပြတော်မူလျက်) ဤကျောက်ခဲလောက်သာ ရှိ၏၊ချစ်သားရဟန်း၊နတ်စည်းစိမ်သည်ကား အစောက် ယူဇနာ ငါးရာ အဝန်းယူဇနာ သုံးထောင်ရှိသော ဟိမဝန္တာတောင်လောက် ကြီးကျယ်ခန့်ငြားပေ၏''ဟု လူ့စည်းစိမ်နှင့် နတ်စည်းစိမ်ကို နှိုင်းယှဉ်၍ ဟောတော်မူသည်။ ဤ ဥပမာ အတိုင်း နတ်စည်းစိမ်သည် ကြီးကျယ်ခန့်ငြားသော်လည်း နိဗ္ဗာန်ချမ်းသာကိုမူကား မမှီနိုင်ပေ၊စင်စစ် ဒုက္ခဟူက မြူမျှမစွက် ချမ်းသာသက်သက်သာ ဖြစ်ပေသတည်း။

[မူလပံ-၌] ဒေဝလောကသုခံ ဟိ ရာဂပရိဠာဟာဒိနံ
အတ္တိတာယ နှ ကေဝလံ သုခံ၊နိဗ္ဗာနသုခံ ပန

သင့္ပရိဠာဟာနံ ဂူပသမာယ သမ္ဘာကာရေန
ဧကေန္တသုခံ။

**ချမ်းသာ၁မစင်။** ။ထိုစကားမှန်၏၊ နတ်ပြည်၌ဖြစ်သော ချမ်းသာသည် ရာဂတည်းဟူသောပူလောင်ခြင်းစသည်တို့ ရှိသည်၏ အဖြစ်ကြောင့် ဧကန်အားဖြင့် ချမ်းသာစစ် မဟုတ်သေးပေ၊ နိဗ္ဗာန်ချမ်းသာသည်ကား အလုံးစုံသော ပူလောင်ခြင်းတို့၏ လုံး၀ ငြိမ်းအေးသည့်၏အဖြစ်ကြောင့် ခပ်သိမ်းသော အခြင်းအရာအားဖြင့် စင်စစ်ဧကန် အမှန်မုချ ချမ်းသာလှတော့သည်သာလျှင်တည်း။

လောက၌ အဘယ်မည်သော တိရစ္ဆာန်၏ ခြေရာသည် ကြီးမားလှပါသည် ဆိုသော်လည်း ဆင်ခြေရာကို မမှီနိုင်သကဲ့သို့ရင်း, အဘယ်မည်သော သတ္တ၀ါသည် ကြီးမားလှ၏ဟု ဆိုသော်လည်း ယူဇနာပေါင်း လေးထောင့်ရှစ်ရာရှိသော အသူရိန်နတ်ကြီးကို မမှီနိုင်သကဲ့သို့ရင်း, အဘယ်မည်သောသူသည် ကြီးကျယ်ထူးမြတ်သော ဥာဏ်ရှိ၏ဟု ဆိုသော်လည်း ဘုရားရှင်၏ ဥာဏ်တော်ကို မမှီနိုင်သကဲ့သို့ရင်း, တောင်ဟူသမျှတို့တွင် ဤမည်သော တောင်သည် ကြီးကျယ်မြင့်မားလှ၏ဟု ဆိုသော်လည်း မြင့်မိုရ်တောင်ကို မမှီနိုင်သကဲ့သို့ရင်း ထို့အတူသာလျှင်နတ်တို့၏ စည်းစိမ်ချမ်းသာသည် မည်ရွေ့မည်မျှ ကြီးကျယ်ခန့်ငြားလှ၏ ဆိုသော်လည်း နိဗ္ဗာန်ချမ်းသာကိုကား ဘယ်နည်းနှင့်မှ မမှီနိုင်ပေ၊ ဤစကားကို ဘုရားရှင်၏ စကားတော်ဖြင့် ခိုင်မြဲစေဦးအံ့—

ယဉ္စ ကာမသုခံ လောကေ, ယဉ္စိဒံ ဒိဗိယံ သုခံ
တဏှက္ခယ သုခဿေတေ, ကလံ နာဂ္ဃန္တိ သောဠသိံ။

[ဥဒါန်းပါဠိတော်]

**ချမ်းသာ၁စင်။** ။ကာမ, ရူပ, အရူပဟုဆိုအပ်သော လောက သုံးပါး၌ အကြွင်းကာမဂုဏ်ငါးပါးနှင့်စပ်၍ ဖြစ်သော ချမ်းသာသည်ရင်း, နတ်ပြည်, ဗြဟ္မာပြည်၌ ဒိဗ္ဗဝိဟာရ၏ အစွမ်းဖြင့် ရအပ်သော အကြွင် ဈာန်ချမ်းသာသည်ရင်း ရှိ၏၊

ထိုကာမချမ်းသာ,ဈာန်ချမ်းသာတို့သည် တဏှာ၏ကုန်ရာ နိဗ္ဗာန် ချမ်းသာ၏ နှစ်ရာ့ငါးဆယ့်ခြောက်စိပ် စိပ်သည်ကိုပြု၍ တစိပ် လောက်မျှ အဘိုးမထိုက်တန်ကုန်။ (ဝါ) မမှီနိုင်ကုန်။ ။ အဓိပ္ပါယ်မှာ—လူ၌ဖြစ်သော စကြာမင်း,မိဖုရားတို့၏ ချမ်းသာ, ကောရဗ်မင်း,မိဖုရားတို့၏ ချမ်းသာ, ဇောတိက, ဇဋိလ,မိလ္လ^နာ စသော သူဌေးတို့၏ ချမ်းသာ, သူကြွယ်,ကုန်သည်, လယ်လုပ် စ သော ယောကျ်ားတိုင်း,မိန်းမတိုင်း၌ ရှိသော လူတို့၏ချမ်းသာ,နတ် မင်း,နတ်မိဖုရား စသော နတ်ပြည်၌ ရှိရှိသမျှနတ်ချမ်းသာ, ဗြဟ္မာ့ ဘုံနှစ်ဆယ်၌ ဈာန်ချမ်းသာ စသော ရှိရှိသမျှ ချမ်းသာတို့ကိုတ ပေါင်းတည်း စိတ်ဖြင့် စုပုံထားပါ၊ဎင်းနောက် နိဗ္ဗာန်ချမ်းသာကို နှစ်ရာ့ငါးဆယ့်ခြောက်စိပ်-စိပ်၍ တစိပ်ထည်းနှင့် ပြိုင်ကြည့်ပါ။ နိဗ္ဗာန်ချမ်းသာတစိပ်က္ခနိုင်၏။နိဗ္ဗာန်ချမ်းသာတစိပ်သည် လူ,နတ်, ဗြဟ္မာချမ်းသာအားလုံးထက် သာလွန်၏။ဤနိဗ္ဗာန်ချမ်းသာကို သိ ဘို့,ရရှိဘို့မှာ လူနှင့်ရဟန်းတို့ နှစ်ဦးပေါင်း၍ဆောင်ရွက်မှ သိနိုင်, ရနိုင်ပေသည်။

သာဂါရာ အနဂါရာစ,ဥဘော အညောညနိဿိတာ၊
အာရာဓယန္တိ သဒ္ဓမ္မံ, ယောဂက္ခေမံ အနုတ္တရံ။

[ဣတိဝုတ်ပါဠိတော်]

နှစ်ဦးခံ့ပ။ ။အိမ်ရာတည်ထောင်လူ့ဘောင်၌နေသော သူတို့ သည်၎င်း,အိမ်ရာမထောင် ရဟန်းဘောင်၌နေသော သူတို့သည်၎င်း ဤနှစ်ပါးကုန်သောသူတို့သည် တဦးကိုတဦး အမှီ ပြုကြကုန်သည်ဖြစ်၍ ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော အ တုမရှိသော သူတော်ကောင်းတို့၏ တရားတည်းဟူသော မဂ်, ဖိုလ်,နိဗ္ဗာန်ကို ပြီးစေနိုင်ကုန်၏။ (ဝါ) ပြည့်စုံစေနိုင်ကုန်၏။ ။ အဓိပ္ပါယ်မှာ—လူများက သာသနာတော်၌ နေကုန်သော ရဟန်းတို့ အား ပစ္စည်းလေးပါးဖြင့် ချီးမြှောက်၍ ရဟန်းတော်များက လူတို့ အား တရားတော်ဖြင့် ချီးမြှောက်ကာ ဤသို့တဦးနှင့်တဦး အမှီရမှ

သာ လူနှင့်ရဟန်းတို့၌ မဂ်, ဖိုလ်, နိဗ္ဗာန် ရရန်အကြောင်း ကောင်းကောင်း ပြည့်စုံနိုင်ပေသည်။

သတ္တဝါတို့သည် မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရမရောက်မီ ဝဋ်၌ ကျင်လည်ရကြ၏။ ဤအရာ၌ ဝဋ်သုံးပါးကို သိသင့်သိထိုက်သည် အားလျော်စွာ ရေးသားပါဦးမည်၊ ဝဋ်သုံးပါးဆိုသည်–ကိလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်ကို ခေါ်သည်။ ဤသုံးပါးတို့တွင် သဘောအမှန်ကို မသိခြင်း=အဝိဇ္ဇာအယုတ်တရားတပါး, အာရုံငါးပါး၌ တသိန္နစ်သက်ခြင်း=တဏှာအယုတ်တရားတပါး, အာရုံငါးပါး၌ မလွတ်ချင်အောင် စွဲစွဲလမ်းလမ်း တည်မက်ခြင်း–ဥပါဒါန်အယုတ်တရားတပါး ၎င်းသုံးပါးကို ညစ်နွမ်းဆိုးသွမ်းတတ်သောကြောင့် ကိလေသဝဋ်ဟု ခေါ်သည်။ ဒုစရိုက်ကံ, သုစရိုက်ကံ တို့ကို ကမ္မဝဋ်ဟု ခေါ်သည်။အမိဝမ်းထဲ၌ ပဋိသန္ဓေဝိညာဏ်စေတနာ,နာမ်ရုပ် ဖြစ်ချိန်ကစ၍ တဘဝလုံး မသိမှုအဝိဇ္ဇာ, တည်မက်မှုတဏှာ, ကောင်းမကောင်းကံ ၎င်းတရားတွေကို ချန်ထား၍ ကြွင်းကျန်သမျှ တရားအကုန်လုံးကို ဝိပါကဝဋ်ဟုခေါ်သည်။ မြင်မှု,ကြားမှု,နံမှု,လျက်မှု,စားမှု တွေ့ထိမှု ဟူသမျှတို့သည် ဝိပါကဝဋ်ချည်းဖြစ်၏။၎င်းအာရုံငါးပါး ဝဋ်တရားနှင့် စပ်၍ ကိုယ်ချမ်းသာမှု,စိတ်ချမ်းသာမှု အမျိုးမျိုးသည်၎င်း,ကိုယ်ဆင်းရဲမှု,စိတ်ဆင်းရဲမှုအမျိုးမျိုးသည်၎င်း,မဆင်းရဲ မချမ်းသာ နေမြဲရိုးရိုး ခံစားမှုအမျိုးမျိုးသည်၎င်း ဝိပါကဝဋ်ပင်ဖြစ်၏။

[မဟာ-ဋီကာ] ကမ္မသဟာယတ္တာ ကိလေသဝဋ္ဋံ ကမ္မဝဋ္ဋေ ပက္ခိပိတွာ ဝုတ္တံ ကမ္မဝဋ္ဋံ, ဝိပါကဝဋ္ဋံဝသေနာတိ။

**ဝဋ်နှစ်ပါး။** ။ကမ္မဝဋ်၏ အပေါင်းအဖော် ဖြစ်သောကြောင့် ကိလေသဝဋ်ကို ကမ္မဝဋ်၌ ထည့်သွင်း၍ ကမ္မဝဋ်, ဝိပါကဝဋ်၏ အစွမ်းဖြင့် နှစ်ပါးရှိသည်ဟု မဟာဋီကာဆရာကြီး ဆိုတော်မူ၏။ ။အဓိပ္ပါယ်မှာ–အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဖြစ်သော ကိလေသဝဋ်သည် အကုသိုလ်ကမ္မဝဋ်နှင့်အတူ တချိန်

ထည်းဖြစ်၏။ ထို့ကြောင့် ကမ္မဝဋ်နှင့် အပေါင်းအဖေါ်ဖြစ်သည် ဟု ဆိုသည်။ ၎င်းကိလေသဝဋ်သည် ကုသိုလ်ကမ္မဝဋ် မဖြစ် ဖြစ်အောင် အားထုတ်သကဲ့သို့ဖြစ်၍ ကမ္မဝဋ်နှင့် အပေါင်းအဖေါ် ဖြစ်၏။

အားထုတ်သကဲ့သို့ ဖြစ်ပုံကို ရှင်းပြဦးအံ့--ကိလေသဝဋ်တွင် ပါဝင်သည့် တဏှာက လူချမ်းသာ, နတ်ချမ်းသာကို ကောင်းသည် ဟုမပြောသော်လည်း ပြောဘိသကဲ့သို့တသိမက်၏, လိုချင်၏၊ ဥပါဒါန်က လွန်စွာစွဲလမ်း၏၊ အဝိဇ္ဇာကတော့ လူ, နတ်, အဖြစ်၌ အပြစ်ဟူသမျှကို မမြင်နိုင်အောင် ဖုံးလွှမ်းထား၏, ကာကွယ်ထား၏။ ဤသို့ တသိမက်စွဲလမ်း ဖုံးလွှမ်းမှုကြောင့် ဒါနကုသိုလ်, သီလ ကုသိုလ်စသည်ကိုပြုကြသောအခါ လူ, နတ်တို့၏စည်းစိမ်ချမ်းသာကို တောင့်တမြော်လင့်လျက် ပြုမိကြသည်။ ဤသို့ဆိုခဲ့တိုင်း ကိလေသဝဋ်က ကုသိုလ်ကမ္မဝဋ်ဖြစ်အောင် အားထုတ်သကဲ့သို့ ဖြစ်လေသည်၊ သို့ဖြစ်၍ ကိလေသဝဋ်ကို ကမ္မဝဋ်အတွင်းသို့ ထည့်သွင်း ရေတွက်တော်မူကြသည်။ ထို့ကြောင့် "ကမ္မသဟာယတ္တာ" စသည်ဖြင့် ကမ္မဝဋ် ဝိပါကဝဋ် နှစ်ပါးကို မဟာဋီကာဆရာ မိန့်ခဲ့ပြီ။

တခါ၌ ကမ္မဝဋ် ဝိပါကဝဋ် ဖြစ်ပုံမှာ-- တစုံတခုသော အကြောင်းကြောင့် အကောင်းဆုံး လည်ရွဲတန်းဆာရတနာကြီးကို ရသည့်အခါ ကြက်သီးဖြန်းဖြန်း ထ, ကမန်းဖြစ်အောင် ၎င်ပဝမ်း မြောက်ခြင်း သောမနဿဝေဒနာ ဖြစ်၏။၎င်းသောမနဿဝေဒနာ ဘဝတိုင်းဘဝတိုင်း ဤကဲ့သို့ ဝမ်းမြောက်ဘွယ် လည်ရွဲတန်းဆာ စသည်ကို အလိုရှိပြန်သဖြင့် ၎င်းလည်ရွဲတန်းဆာကို ဘုရား စသော ရတနာသုံးပါးအား လှူဒါန်းပြန်၏၊ ဤသို့ လှူဒါန်း ကြောင်း ကုသိုလ်စေတနာသည် ကမ္မဝဋ်ဖြစ်၏၊ အနာဂတ်ဖြစ် သော ဘဝကောင်း၌လည်း သုခဝေဒနာ သောမနဿဝေဒနာ ခေါ် ဝိပါက ဝဋ်အမျိုးမျိုးဖြစ်ရလတ္တံ့။အနမတဂ္ဂ သံသရာ ကမ္ဘာ အဆက်ဆက်ကပင် ဤနည်းအတိုင်းသာ လူနှင့်ရဟန်းတို့၌ မဂ်, ဖိုလ်

နိဗ္ဗာန် ရရန်အကြောင်း ကောင်းကောင်း ပြည့်စုံနိုင်ပေသည့် ကျင်လည်လာခဲ့ရသည့်ကို ဉာဏ်ပညာရာဖြန့်၍ သိဘွယ်ပင်ဖြစ်၏။

အကုသိုလ်ကမ္မဝဋ်၏ အစွမ်းဖြင့်လည်း ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာခေါ် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ-ဝိပါကဝဋ်တွေ တပုံတခေါင်းချည်း ဖြစ်ပုံကို ဉာဏ်ဖြင့်မြှော်၍ ကြည့်ပါလေ။ ထိုဆိုခဲ့သော ကုသိုလ်ကမ္မဝဋ် အမျိုးအစားကို ဝဋ္ဋနိဿိတ= ဝဋ်ကိုမှီသောကုသိုလ်ဟု မှတ်ပါလေ။ ဤသို့ဝဋ္ဋနိဿိတကုသိုလ် အမျိုးအစားကို ပြုမိကြသည့်အတွက် သံသရာမှ မထွက်နိုင်ဘဲ တဝဲလည်လည် ဖြစ်ကြရသည်။

ကမ္မာ ဝိပါကာ ဝတ္တန္တိ,ဝိပါကော ကမ္မသမ္ဘဝေါ၊
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ,ဧဝံ လောကော ပဝတ္တတိ။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၁]

**အကြောင်းဆက်ပုံ**။ ။ကုသိုလ်ကမ်, အကုသိုလ်ကံကြောင့် ကုသိုလ်ဝိပါက်,အကုသိုလ်ဝိပါက်တို့သည် ဖြစ်ကုန်၏၊ကုသိုလ်ဝိပါက်,အကုသိုလ်ဝိပါက်သည် ကုသိုလ်ကမ် အကုသိုလ်ကံဟူသော အကြောင်းရှိ၏။ ကုသိုလ်ကမ်,အကုသိုလ် ကံကြောင့် တဖန်ဘဝသစ်ခေါ် ဝိပါက်ဖြစ်၏၊ဤသို့လျှင် လူ, နတ် ဗြဟ္မာ သတ္တဝါဟူသော လောကသည် တပြောင်းပြန်ပြန်လည်၍ ဖြစ်၏။ ။ဤသို့ကမ္မဝဋ်ခေါ် ဝဋ္ဋနိဿိတကုသိုလ်ကြောင့် သူတပြန် ကိုယ်တလှည့် ဆိုသလို အဆက်မပြတ်ဖြစ်ခဲ့ကြပါ၍ အစမထင်သံ သရာမှစပြီး ယနေ့တိုင် ဖြစ်နေပုံကို ဉပမာဖြင့် ဋီကာရှင် ပြတော်မူ လေသည်။

[**မဟာဋီကာ**] ဝိဇတော ရုက္ခော၊ရုက္ခတော ပုန ဗီဇန္တိ အနာဒိကာလိကတ္တာ ဗီဇရုက္ခသန္တာနဿ ပုဗ္ဗ ကောဋိ နတ္ထိ၊ ဧဝံ ကမ္မပစ္စယာ ဝိပါကော၊ ဝိပါက ပစ္စယာ ကမ္မန္တိ အနာဒိကာလိကတ္တာ ကမ္မ ဝိပါကသန္တာနဿ ပုဗ္ဗကောဋိ န ပညာယတိ။

**သစ်စေ့သစ်ပင်။** ။မျိုးစေ့ကြောင့် သစ်ပင်ပေါက်၏၊ သစ်ပင်ကြောင့် တဖန် မျိုးစေ့ဖြစ်ပြန်၏၊ ဤသို့အစမထင်သော အခိုက်အတန့်ကာလရှိသည့်၏အဖြစ်ကြောင့် မျိုးစေ့သစ်ပင်အစဉ်၏ ရှေးအစွန်းသည် မထင်မရှိသကဲ့သို့ ဤနည်းအတူ ကမ်ဟူသော အကြောင်းကြောင့် အကျိုးဝိပါက်ဖြစ်၏၊ အကျိုးဝိပါက်ဟူသော အကြောင်းကြောင့် အကြောင်းကမ်သည် ဖြစ်၏၊ ဤသို့အစမထင်သော ကာလရှိသည့်၏အဖြစ်ကြောင့် အကြောင်းကမ်, အကျိုးဝိပါက်အစဉ်၏ ရှေးအစွန်းသည် မထင်ပေ။ ။ဤဥပမာ၌လုံးဝတူသည်မဟုတ်ပေ။ ထင်ရှားစေအံ့—မျိုးစေ့, သစ်ပင်မှာ တကမ္ဘာသာလျှင် အဆက်မပြတ် တည်ရှိနိုင်၏၊ နောက် ကမ္ဘာဆက်၍ ဖြစ်ဘို့ရာ အဆက်အသွယ်မရှိ၊ ပြတ်တော့၏။ သစ်ပင်, တော,တောင်,သမုဒ္ဒရာတို့သည် ဥတုဇရုပ်တရားများ ဖြစ်သောကြောင့်တည်း။ ဥတုဇရုပ်ဆိုသည်မှာ—ကုသိုလ်ကမ်,အကုသိုလ်ကမ်ကြောင့် မဖြစ်မူ၍ ဥတု,အာဟာရတို့၏ သဘာဝအတိုင်းဖြစ်သော ရုပ်များပေတည်း။

[မဟာဋီကာ] ကမ္မာနပေက္ခံ သဘာဝသိဒ္ဓံ ရူပံဥတုဇရူပံ။

**သဘာဝရှင်း။** ။ကုသိုလ်ကမ်, အကုသိုလ်ကမ်ကို မငဲ့မူ၍ သဘာဝအတိုင်းပြီးသော ရုပ်သည် ဥတုဇရုပ်မည်၏။ ကမ်နှင့်ဝိပါက်တို့ကား ကမ္ဘာပျက်စီးသော်လည်း မပျက်စီးကြကုန်၊ ထို့ကြောင့် ဥပမာ,ဥပမေယျဟူသည် လုံးဝတူသည်မဟုတ်ပေ၊ သင့်သလောက် တူရာတူကြောင်းကိုသာ ယူရ၏။ ပြဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် ဝဋ္ဋနိဿိတခေါ် ဝဋ်ကိုမှီသော ကုသိုလ်မျိုးကို သိလောက်ပေပြီ။ ဝိဝဋ္ဋနိဿိတခေါ် ဝဋ်ကင်းရာကိုမှီသည့်ကုသိုလ်မျိုးကိုလည်း ဒါနကထာ၌ပြခဲ့ပြီ၊ သို့ရာတွင် ၎င်းဝိဝဋ္ဋနိဿိတကုသိုလ်နှင့် စပ်၍ထပ်မံပြဦးအံ့—

"ဇဝံ ဝိဝဋ္ဋံပဉ္စတွာ ဝိဝဋ္ဋဝသေန" ဟူသည်နှင့် အညီ လူ, နတ်စည်းစိမ်ချမ်းသာကို မတောင့်တဘဲ နိဗ္ဗာန်ကို တောင့်တ၍

ဝဋ်ကင်းရာ နိဗ္ဗာန်၏အစွမ်းဖြင့်ဖြစ်သော ကုသိုလ်သည် ဝိဝဋ္ဋနိဿိတခေါ် ဝဋ်ကင်းရာ နိဗ္ဗာန်ကို မှီသော ကုသိုလ်မည်၏။ ၎င်းကုသိုလ်သည် သာသနာတော် အတွင်း၌သာ ဖြစ်နိုင်ခွင့်ရှိသည်၊ သာသနာပ အခါ၌ကား ဝိဝဋ္ဋနိဿိတကုသိုလ် ဖြစ်ခွင့်မရှိပေ၊၎င်း ကုသိုလ်ဖြစ်ဘို့ကို ထားဘိဦး နိဗ္ဗာန်ဆိုသည့် စကားကိုမျှ မကြားမသိနိုင်ပေ၊ ထိုကြောင့် သာသနာနှင့် ကြုံကြိုက်သည့် အခါ ဝဋ်ကင်းရာကိုမှီသည့် ကုသိုလ်ဖြစ်အောင် အထူးသတိဆောင်၍ မဖြစ်ဖြစ်အောင် ပြုထိုက်လှပေ၏၊ သို့ရာတွင် ၎င်းကုသိုလ်ဖြစ်ဘို့မှာ မလွယ်ကူပေ၊ ခဲယဉ်းလှ၏၊ ပါးစပ်ပြောမဟုတ်၊ ပညာဉာဏ်ဖြင့် ဆင်ခြင်ပြုလုပ်မှ ဖြစ်ပေမည်၊ ယခုအခါ များသောအားဖြင့် အလှူရှင်တို့သည် ဝဋ်ကိုလည်းမှီ,ဝဋ်ကင်းရာကိုလည်းမှီ နှစ်ပါးစုံ၏ အစွမ်းဖြင့် ဥဘယနိဿိတကုသိုလ်မျိုး ပြုတတ်ကြပေ၏။

ဝဋ်ကင်းရာနိဗ္ဗာန်ကိုမှီသည့် ကုသိုလ်မျိုးဖြစ်ဘို့ မလွယ်ကူ, ခဲယဉ်းလှ၏ဟုဆိုရကြောင်းမှာ နိဗ္ဗာန်ကိုတောင့်တ၍ ပြုမှ ဖြစ်နိုင်သောကြောင့်ပင် ဖြစ်၏၊ တောင့်တမှုမှာလည်း တကယ်တန်း လိုလိုချင်ချင်ရှိမှ တောင့်တမည်ဖြစ်၏၊ သာမန် ပုထုဇန်တို့အနေဖြင့် လိုလိုချင်ချင်ရှိဘို့လည်း မလွယ်လှ၊ ဤအရာ၌ မိမိကိုယ်တိုင်နား ဆတ်ဆတ် ကြားဘူးသည်မှာ...... ရဟန်းခံတချို့ ပရိယတ္တိဉာဏ် မသေးလှ၊ နေမှု,ထိုင်မှုမှာလည်း လဇ္ဇီပေသလ,သိက္ခာကာမ ဉာဏ်လည်းရှိ,ဘုန်းကံလည်းကြီးမား,လူရှင်ရဟန်းအပေါင်းတို့ ကြည်ညိုခံနိုင်လောက်သော ဇာရိယာပုထ်နှင့်လည်းပြည့်စုံ, အရွယ်အားဖြင့်လည်း တပါးက သက်တော်ခုနစ်ဆယ်ခန့်,တပါးက ရှစ်ဆယ်နီးနီး ထိုဆရာတော်ကြီး နှစ်ပါးတို့တွင် ငယ်သောဆရာတော်က ''အရှင်ဘုရား-နိဗ္ဗာန်ကို လိုချင်ပါသလား......''ဟု လျှောက်ရာ ဆရာတော်ကြီးက ''ဟော့အေ မလိုချင်ဘူး''ဟု ဖွင့်ဟပြောဆို၏၊ ထိုအခါငယ်သော ဆရာတော်က ''ဒါဖြင့် ကျေနပ်တယ် ကျေနပ်တယ်''ဟု ထပ်တလဲလဲ ပြန်၍လျှောက်၏၊ ၎င်းနောက် ကြီးသောဆရာတော်က ''အနို့ ကိုယ်တော်ကကော''ဟု တုံ့

ပြန်မေးသောအခါ ယယ်ဆရာတော်က "တပည့်တော်လဲ မလိုချင်ဘူး" ဟုလျှောက်လေ၏။

အနီးအနားတွင် ရှိကြသော ဘုန်းတော်ကြီးများသည် အံ့အားသင့်သလိုဖြစ်ပြီး အနည်းငယ်ပြုံးကြတော့၏။ ထိုဆရာတော်ကြီးများသည်ရိုးဖြောင့်သောဂုဏ် ရှိကြပေသည်၊ မုသားမပြော၊ ခဏချင်း သဘောတော်အတိုင်း ပြောခြင်းမျှဖြစ်၏၊ သို့ဖြစ်၍ နိဗ္ဗာန်ကိုလိုချင်တောင့်တလျက် ဝဋ်ကင်းရာကို မှီသည့် ကုသိုလ်မျိုးဖြစ်ဘို့ မလွယ်ကူဟု ဆိုခဲ့၏၊ အရိယာမဖြစ်ကုန်သေးသော ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို တကယ်တန်း ချမ်းသာအစစ်အမှန်ဟု ဉာဏ်ဖြင့် ဆင်ခြင်၍ မထင်မြင်နိုင်ကြကုန်၊ ဤသို့ဆိုရာမှာလည်း ဘုရားရှင်၏ စကားတော်ကို ဆင်ခြင်မိ၍ ဆိုခြင်းဖြစ်သည်။

သဒေဝကဿ လောကဿ, ဧတေ ဝေါ သုခသမ္မတာ၊
ယတ္ထ စေတေ နိရုဇ္ဈန္တိ, တံ တေသံ ဒုက္ခသမ္မတံ။

[သံယုတ်-ပါဠိတော်]

**ပြောင်းပြန်ထင်။** ။နတ်နှင့် တကွသော လူအပေါင်းသည် ခန္ဓာငါးပါး အာရုံတရားတို့ကို ချမ်းသာဟု သမုတ်အပ်ကုန်၏၊ အကြင်နိဗ္ဗာန်၌ကား ထိုခန္ဓာငါးပါး အာရုံတရားတို့သည် ချုပ်ကုန်၏၊ ထိုနိဗ္ဗာန်ကို နတ်နှင့်တကွသော လောကသားတို့သည် ဆင်းရဲဟု သမုတ်အပ်၏။ ထို့ကြောင့် ဝိဝဋ္ဋနိဿိတ ကုသိုလ်ခေါ် ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ ကုသိုလ်ဖြစ်ဘို့ရာ မလွယ်လှပေ။ အရိယာဖြစ်သော နတ်,လူတို့နှင့် အရိယာမဖြစ်သော နတ်,လူတို့၏ ဉာဏ်အမြင် ကွာခြားပုံကို ပြဦးအံ့—

သုခံ ဒိဋ္ဌ မရိယေဘိ, သက္ကာယဿ နိရောဓနံ၊
ပစ္စနီက မိဒံ ဟောတိ, သဗ္ဗလောကေန သမ္မတံ။

[သံယုတ်-ပါဠိတော်]

**မော့ကြဲပေး။** ။အရိယာ ပုဂ္ဂိုလ်တို့သည် ဥပါဒါနက္ခန္ဓာသက္ကာယ၏ ချုပ်ရာနိဗ္ဗာန်ကို ချမ်းသာဟူ၍ ရှုမြင်အပ်၏၊ အရိယာပုဂ္ဂိုလ်တို့၏ ဤသို့မြင်ခြင်းသည် အလုံးစုံသော အရိယာမဟုတ်သော နတ်,လူအပေါင်းနှင့် ရေနှင့်မီးကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်၏။

အရိယာပုဂ္ဂိုလ်မြတ်တို့က ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါး-သက္ကာယတရားတို့၏ ချုပ်ရာကို ချမ်းသာဟု မြင်ကြ၏၊ ကြွင်းသော နတ်နှင့်တကွ တလောကလုံးကတော့ သက္ကာယချုပ်ခြင်းကို ဒုက္ခဟု မမြင်၍ ဆန့်ကျင်သည်၊သို့ဖြစ်၍ ဝဋ်ကင်းရာနိဗ္ဗာန်ကို အမှီပြု၍ ကုသိုလ်ဖြစ်ဖို့ မလွယ်ကူလှပေ။အရိယာတို့၏ စကားနှင့် ပုထုဇန်တို့၏ စကားမှာ ဆန့်ကျင်ဘက်ပြောင်းပြန်ဖြစ်သည်ကို ဆက်၍ပြဦးအံ့ —

ယံ ပရေ သုခတော အာဟု,တဒရိယာဟု ဒုက္ခတော၊
ယံ ပရေ ဒုက္ခတော အာဟု,တဒရိယာ သုခတော ဝိဒူ။

[သံယုတ်ပါဠိတော်]

**ဘာသျှားစီး။** ။အကြွင်ခန္ဓာငါးပါး, အာရုံခြောက်ပါးကို အရိယာမှတပါးသော ပုထုဇန်ပုဂ္ဂိုလ်တို့သည် ချမ်းသာဟူ၍ ဆိုကုန်ပြီ၊ ထိုခန္ဓာငါးပါး, အာရုံခြောက်ပါး တရားကို အရိယာပုဂ္ဂိုလ်တို့သည် ဆင်းရဲဟူ၍ ဆိုကုန်ပြီ။အကြွင်ခန္ဓာငါးပါး,အာရုံခြောက်ပါး မရှိရာ နိဗ္ဗာန်ကို အရိယာမှတပါးသော ပုထုဇန်ပုဂ္ဂိုလ်တို့သည် ဆင်းရဲဟူ၍ ဆိုကုန်ပြီ၊ ထိုခန္ဓာငါးပါး, အာရုံခြောက်ပါး မရှိရာ နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့သည် ချမ်းသာဟူ၍ သိကုန်ပြီ။ ။ဤသို့ဟောတော်မူသော ဘုရားရှင်၏ စကားတော်ကို ဆင်ခြင်မိသောကြောင့် ဝဋ်မှကင်းလွတ်အောင် ကုသိုလ်ပြုမှု မလွယ်ကူကြောင်းကို အတိအလင်း ဆိုနိုင်ခဲ့ခြင်း ဖြစ်၏။

သို့ရာတွင် ဖြည့်ဆည်းပူးအပ်ပြီးသော ပါရမီကုသိုလ်ရှိသော ပုထုဇန်,ဆည်းပူးဆဲဖြစ်သော ပါရမီကုသိုလ်ရှိသော ပုထုဇန်, မဆည်းပူး အပ် သေး သော ပါရမီ ကုသိုလ် ရှိ သော ပုထုဇန် စသည်ဖြင့် ပုထုဇန်အမျိုးမျိုး ရှိသည်ဖြစ်၍ ပုဂ္ဂိုလ်အား လျော်စွာ ထိုက်သလောက် ဝန်ကင်းရာနိဗ္ဗာန်ကို အာရုံပြု၍ ကုသိုလ် ပြုနိုင်ရာ၏ဟူ၍လည်း သိပါလေ။ ။အများအားဖြင့် ပုထုဇန် ပုဂ္ဂိုလ်သည် ကလေးသူငယ်နှင့် တူ၏၊ အရိယာ ပုဂ္ဂိုလ်သည် လူကြီးနှင့်တူ၏၊ တူပုံမှာ—ကလေးသူငယ်တို့သည်ကစားစရာ, စားစရာကိုသာ မက်မောတတ်၏၊ပုထုဇန် ပုဂ္ဂိုလ်တို့သည် ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါး အာရုံများကို နှစ်သက်၏၊ လူကြီးများသည် စဉ်းစားဝေဖန်နိုင်၍ ချမ်းသာမှုကို အလိုရှိကြ၏။ အရိယာပုဂ္ဂိုလ်တို့သည် အမှန်အတိုင်း သိမြင်၍ တကယ့်ချမ်းသာ—နိဗ္ဗာန်ကို အလိုရှိကြ၏၊ကလေးတို့၏ အလိုဆန္ဒမျိုး လူကြီးတို့၌ မရှိ၊လူကြီးတို့၏ အလိုဆန္ဒမျိုးလည်း ကလေးတို့၌ မရှိ သကဲ့သို့ ပုထုဇန်တို့၏ အလိုဆန္ဒမျိုး အရိယာတို့၌ မရှိ၊အရိ ယာတို့၏ အလိုဆန္ဒမျိုးလည်း ပုထုဇန်တို့၌ မရှိကြပေ။

ဤ၌ အတွင်းငုပ်သော သဘောကို ဥာဏ်ဖြင့် ဆင်ခြင်သင့်သည်မှာ —မိဘ, ဆရာတို့၏ စကားကို နားထောင်သော ကလေးသူငယ်တို့ကဲ့သို့ နိဗ္ဗာန်ချမ်းသာသည် လူ, နတ်, ဗြဟ္မာ အားလုံးတို့၏ ချမ်းသာထက် နှစ်ရာငါးဆယ့်ခြောက် ဗိဝ်-မက သာလွန်၍ မြတ်၏-ဟူသော သုံးလူဘမည်တွင် ဘုရားရှင် တို့၏ စကားတော်ကို နားထောင်နိုင်ကြပါစေကုန်သတည်း။ဤမျှ သော စကားအစဉ်ဖြင့် သဂ္ဂကထာ အပြီးသို့တိုင် ရောက်ပြီ။ ။

သဂ္ဂကထာပြီး၏။

# ၄။ မဂ္ဂကထာ

သဂ္ဂကထာကိုပြဆိုပြီး၍ မဂ္ဂကထာကိုပြဦးအံ့။ ဤမဂ္ဂကထာကို ရေးသားရခြင်း၏ရည်ရွယ်ချက်မှာ—သင်္ခါနုလောမိကဉာဏ်ကို ပြလို,သိစေလိုခြင်းပင်ဖြစ်၏၊ ၎င်းသင်္ခါနုလောမိကဉာဏ်သည် ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်ကို အာရုံပြုသည်၊သို့ဖြစ်၍ ပရမတ်ကို အမြွက်မျှပြဦးမည်။ ပရမတ္ထဒေသနာဟူသည်-ရှေးက ပြခဲ့သည့်အတိုင်း အနိစ္စ,ဒုက္ခ,အနတ္တ,ခန္ဓာ, အာယတန, ဓာတု, သတိပဋ္ဌာန စသော ဒေသနာပင် ဖြစ်ပေ၏၊ အာယတန,ဓာတ်, သတိပဋ္ဌာန် ဟူသည်လည်း ခန္ဓာငါးပါးပင်တည်း၊ ခန္ဓာငါးပါး ဟူသည်မှာ—ရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ပေါင်းငါးပါးဖြစ်၏။

ထိုငါးပါးတို့တွင် ရူပက္ခန္ဓာဆိုသည်မှာ—အနိစ္စ စသည်ဖြင့်သုံးသပ်ခြင်းငှာ ထိုက်သော စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ ခေါ် အကြည်ရုပ်ငါးခု၊ ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ရသာရုံ၊ပထဝီ တေဇော ဝါယော ဟူသော ဖောဋ္ဌဗ္ဗာရုံ၊ ပေါင်းအာရုံရုပ် ခုနစ်ခု ဣတ္ထိဘာဝ ပုမ္ဘာဝ, ဟဒယဝတ္ထု, ဇီဝိတရုပ်, အာဟာရုပ်, အာပေါရုပ် ဤ တဆယ့်ရှစ်ပါးသော ရုပ်အစုသာဖြစ်၏၊ ဝေဒနာက္ခန္ဓာဆိုသည်မှာ သုခဝေဒနာ, ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ ဤဝေဒနာ အပေါင်းအစုသာဖြစ်၏၊ သညာက္ခန္ဓာဆိုသည်မှာ မည်းသူမည်ဝါ,အဖြူ, အနီ,အဝါ, အစိမ်းစသည်ဖြင့် အမျိုးမျိုးကို မှတ်သော သဘောစုသာဖြစ်၏။ သင်္ခါရက္ခန္ဓာဆိုသည်မှာ ဝေဒနာ,သညာမှ တပါး ပြုပြင်စီရင်တတ်သော စေတနာအမှူးရှိသော စေတသိက်စုသာဖြစ်၏၊ ဝိညာဏက္ခန္ဓာဆိုသည်မှာ အာရုံခြောက်ပါးကို ထိုက်သည့်အားလျော်စွာ သိတတ်သော လောကီစိတ် ၈၁ ခုသာဖြစ်၏။ (မှတ်ချက်၊ အနိပ္ဖန္နရုပ် ၁၀ နှင့် လောကုတ္တရာစိတ် ၈ ခုကို သင်္ခါနုလောမိကဉာဏ်၏ အာရုံ မဖြစ်ထိုက်၍သာ ရူပက္ခန္ဓာ, ဝိညာဏက္ခန္ဓာ၌မသွင်းခြင်းဖြစ်ပေ၏)။

ယခုပြခဲ့သော ခန္ဓာငါးပါး ရုပ်,နာမ်တရား အပေါင်းကိုပင်လျှင်သုံးဆဲ့တဘုံ၌ ထိုက်သည့်အားလျော်စွာ ပုဂ္ဂိုလ်, သတ္တဝါ, လူ,နတ်,ဗြဟ္မာ စသည်ဖြင့် သမုတ်၍ ခေါ်ကြသည်။ အမှန်မှာ ပရမတ္ထ သစ္စာ၏ အစွမ်းဖြင့် ပုဂ္ဂိုလ်,သတ္တဝါမရှိ, သမုတ်၍သာ သမ္မုတိသစ္စာ၏အစွမ်းဖြင့် ပုဂ္ဂိုလ်,သတ္တဝါ, လူ,နတ်,ဗြဟ္မာ ဟု ခေါ်ကြသည်။ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားကို ပုဂ္ဂိုလ်, သတ္တဝါ,လူ ဟူ၍ခေါ်ဝေါ်အပ်သော သဘောကို အမိဝမ်းတွင်း ပဋိသန္ဓေ အခါမှစ၍ အကျဉ်းပြဦးအံ့—

ပဌမံ ကလလံ ဟောတိ, ကလလာ ဟောတိ အဗ္ဗုဒံ၊
အဗ္ဗုဒါ ဇာယတေ ပေသိ, ပေသိ နိဗ္ဗတ္တတေ ဃနော၊
ဃနာ ပသာခါ ဇာယန္တိ, ကေသာ လောမာ နခါပိစ။

[ယက္ခသံယုတ်-ပ်ဋ္ဌ္ဌာဝ်]

**နာမ်,ရုပ်အစ။** ။အမိဝမ်း၌ ရှေးဦးစွာ ရေကြည်ဖြစ်၏၊ရေကြည်ဖြစ်ပြီးသည်မှ နောက်၌ အမြှုပ်, သားတစ်, အစိုင်အခဲ,ခက်ပငါးဖြာတို့သည် ဖြစ်ကုန်၏၊ ထိုမှနောက်၌ ဆံပင်, အမွေး,ခြေသည်း, လက်သည်းတို့ ဖြစ်ကုန်၏။ ။**အဓိပ္ပါယ်**— ကလလ ရေကြည်ဆိုသည်မှာ ပဋိသန္ဓေ ဝိပါက်ဝိညာဏ်နှင့် တကွ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ဟူသော ကံကြောင့်ဖြစ်သည့် ရုပ်ပေါင်းသုံးဆယ် အစစွာဖြစ်သည်ကို ဆို၏၊ ထိုရုပ်ပေါင်း သုံးဆယ်သည်ကား အလွန်သေးငယ်လှ၏၊ သေးငယ်ပုံကို ဥပမာဖြင့် ပြဦးအံ့—

“**ဂန္ထိဖါလေတွာ ဂဟိတတေလကလေးမံ့ ဇာတိဥဏ္ဏံသုတ် အညေ**”ဟူသော မဟာဋီကာ နောက်ဆုံးဝါဒနှင့်အညီ ကိုယ်ဝန်ကိုခွဲ၍၊ ယူအပ်သော ‘ဇာတိဥဏ္ဏာ’ ခေါ် သိုးငယ်၏ အမွေးတမျှင်ဖြင့်ဆိကြည်၌ တို့ထည့်အပ်သော ဆီပေါက်ကလေးမျှ ပမာဏရှိ၏၊ထို့နောက် ကာလအားလျော်စွာ စိတ္တဇရုပ်,ဥတုဇရုပ်, အာဟာရဇရုပ်များဖြစ်ကြ၏၊ ဤသို့သောရုပ်တို့၏ ဖြစ်ခြင်းဖြင့် ရေ

ကြည့်ခုနစ်ရက်, ရင့်ကျက်ခြင်း ခုနစ်ရက်, အမြှုပ်ခုနစ်ရက်, ရင့်ကျက်ခြင်းခုနစ်ရက်,သားတစ်ခုနစ်ရက်, ရင့်ကျက်ခြင်းခုနစ်ရက်, အစိုင်အခဲခုနစ်ရက်, ရင့်ကျက်ခြင်းခုနစ်ရက်, ဦးခေါင်း ခြေနှစ်ဘက်လက်နှစ်ဘက် ဖြစ်ဘို့ရာ ခက်မငါးဖြာခုနစ်ရက်, ရင့်ကျက်ခြင်း ခုနစ်ရက်။

ဤသို့အားဖြင့် တဆယ့်တသတ္တာဟ =ခုနစ်ဆယ့် ခုနစ်ရက်သို့ ရောက်သောအခါ စက္ခုဒသက သောတဒသက စသော ရုပ်ကလာပ်တို့ ဖြစ်ကြ၍ လေးဆယ့်နှစ်သတ္တာဟ နှစ်ရာကိုးဆယ့်လေးရက် ပြည့်သောအခါ ဆံပင်,မွေးညှင်း, ခြေသည်း, လက်သည်း, ဖြစ်ပေါ်၍ ရုပ်စုရုပ်ခဲ အပေါင်းသည် လူဟု ခေါ်နိုင်လောက်သော လူသဏ္ဌာန်ကလေး ဖြစ်လာတော့၏။ ဤကားသိသာရုံမျှ အကျဉ်းပြခြင်းဖြစ်၏။ ပြလိုရင်းကား ပဋိသန္ဓေအခါမှာလည်း ရုပ်နှင့်နာမ်သာရှိပေ၏၊ ၎င်းမှ တဖြည်းဖြည်း ကြီးရင့်လျက် မွေးဖွားပြီးသည်နောက် လူတန်းစေ့ အချိန်အရွယ်သို့ရောက်သောအခါမှာလည်း ရုပ်နှင့်နာမ်သာရှိ၏၊ ၎င်း ရုပ်နှင့်နာမ်ကို ဝေဘန်၍ ပြဦးအံ့ —

အဝိဇ္ဇာ,တဏှာ,ကမ် ဟူသောအတိတ်အကြောင်း, အာဟာရဟူသော ပစ္စုပ္ပန်အကြောင်း ကြောင့် မြစ်ရေအလျှင်, ဆီမီးလျှံကဲ့သို့ မပြတ်မစဲ ဖြစ်ကုန်သော ရုပ်အပေါင်းတို့တွင် စက္ခုပသာဒခေါ်သည်မှာ မျက်စိအတွင်း မျက်နက်ဝန်းအလယ် သန်းဦးခေါင်းခန့်ပမာဏရှိသောအရပ်၌တည်သော အကြည်ဓာတ်ပင် ဖြစ်၏၊ သောတ ပသာဒရုပ်ဆိုသည်မှာ နားအတွင်း နီတွေးသော အမွေးနုကလေးတွေ ခြံရံလျက် လက်စွပ်ကွင်းခန့် အရပ်၌ နှံ့လျက်တည်သော အကြည်ဓာတ်ပင်ဖြစ်၏။ ဃာနပသာဒရုပ်ဆိုသည်မှာ နှာခေါင်းအတွင်း ဆိတ်ခွါသဏ္ဌာန်ရှိသော အရပ်၌ နှံ့၍တည်သော အကြည်ဓာတ်ပင်ဖြစ်၏။ ဇိဝှါပသာဒရုပ်ဆိုသည်မှာ လျှာ၏အလယ် ကြာရွက်အဖျားပြတ်ကလေး ခန့် ပမာဏရှိသော အရပ်၌ နှံ့၍တည်သော အကြည်ဓာတ်ပင် ဖြစ်၏။ ။ကာယပသာဒရုပ်ဆို

သည့်မှာခြေသည်း, လက်သည်း, ဆံပင်, မွေးညှင်းများကို ချန်ထား၍ ခြေဘဝါးမှ ဦးခေါင်းအထိ တကိုယ်လုံး၌ ပျံ့နှံ့၍ တည်သော အကြည်ဓာတ်ပင်ဖြစ်၏။

ဟဒယရုပ်ဆိုသည်မှာ ဝမ်းအတွင်း အသားမြွတ် နှစ်ခုအကြား ဥက်ပျောဖူးကလေးသဏ္ဍာန်ရှိ နှလုံးအိမ်အတွင်း တလက်ဖက် ခန့်မျှရှိသော သွေး၌ ပျံ့နှံ့၍တည်သော အကြည်ဓာတ်ပင် ဖြစ်၏။ (စက္ခုပသာဒအစ ဟဒယရုပ်အဆုံးရှိသော ဤရုပ်ခြောက်ပါးကို စက္ခုဝိညာဏ်စသော ဝိညာဏ် ခြောက်ပါးတို့၏ တည်ရာမှီရာ ဖြစ်၍ ဝတ္ထုရုပ်ခြောက်ပါး ဟူ၍လည်းခေါ်သည်။ ဝိညာဏ်တို့၏ ဖြစ်ပျက်သွားလာရာ တံခါးသဖွယ်ဖြစ်၍ ဒွါရခြောက်ပါး ဟူ၍ လည်းခေါ်သည်။ အထူးမှာ မနောဒွါရသည် နာမ်ဘဝင်ဖြစ်သော် လည်းဎင်း၏ မှီရာဟဒယဝတ္ထုကို တင်စား၍ ဤနေရာ၌ မနောဒွါရ ဟုခေါ်ခြင်းဖြစ်သည်)။

မိန်းမ အမူအရာကို ဖြစ်ပေါ်စေနိုင်သည့် သတ္တိရှိသော ဣတ္ထိ ဘာဝရုပ်သည် မိန်းမ၏ တကိုယ်လုံး၌ ပျံ့နှံ့လျက် တည်၏။ ယောကျ်ားအမူအရာကို ဖြစ်ပေါ်စေနိုင်သည့် သတ္တိရှိသောပုမ္ဘာ ဝ ရုပ်သည် ယောကျ်ား၏ တကိုယ်လုံး၌ ပျံ့နှံ့လျက်တည်၏။ အ သက်ရှင်သည့်အမူအရာသဘောကို ဖြစ်ပေါ်စေနိုင်သည့် သတ္တိ ရှိသော ဇီဝိတရုပ်သည်တကိုယ်လုံး၌ပျံ့နှံ့လျက်တည်၏။ (ဤကိုးပါး သောရုပ်ကို ကံကြောင့်ဖြစ်သောကြောင့် ကမ္မဇရုပ်ဟုခေါ်သည်) ဎင်းကိုးပါးသောရုပ်တို့သည် အသီးသီး တရုပ်စီ တခုစီ ဖြစ်ကြ သည်မဟုတ်ပေ၊ သက်ဆိုင်ရာရုပ်များနှင့် ပေါင်းစု ဖြစ်ကြသည်။ ဖြစ်ပုံကို ပြဦးအံ့—

ဇီဝိတ, ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, စက္ခု ဤရုပ် ဆယ်ခုအပေါင်းကို စက္ခုဒသက- ကလာပ်ဟု ခေါ်သည် ဎင်းရုပ်ဆယ်ခုအပေါင်းသည် တပြိုင်နက်ဖြစ်၍ တပြိုင် နက်ချုပ်၏။ ဥပါဒ်, ဌီ, ဘင်ခေါ် နာမ်သက်ပေါင်း တဆယ့်ခုနစ် ချက်အသက်ရှည်၏။ (ရုပ်သက်မှန်သမျှ ဤနည်းအတိုင်း ဖြစ်၏)၊

ဤစက္ခုဒသကကလာပ်တွင် စက္ခုကို နှုတ်ပယ်ထားလျက်သော တကိုထည့်ပါ၊ ၎င်းဆယ်ပါးအပေါင်းကိုသောတဒသကကလာပ် ဟုခေါ်၏၊ဤအတူ ဃာနကိုထည့်၍ ဃာနဒသကကလာပ်, ဇိဝှါ ကိုထည့်၍ ဇိဝှါဒသကကလာပ်,ကာယကိုထည့်၍ ကာယဒသက ကလာပ်,ဣတ္ထိဘာဝကိုထည့်၍ ဣတ္ထိဘာဝဒသကကလာပ်, ပုမ္ဘာ ဝကိုထည့်၍ ပုမ္ဘာဝ ဒသက ကလာပ်, ဝတ္ထုရုပ်ကို ထည့်၍ ဝတ္ထုဒသကကလာပ်, စက္ခုစသော ဦးစီးခေါင်းဆောင်ရုပ်ကို ပယ်ထား၍ ကိုးပါးသော ရုပ်အပေါင်းကို ဇီဝိတနဝကကလာပ် ဟုခေါ်သည်။ ။

ဤဒသက ကလာပ်ခေါ် ဆယ်ခုစီရှိသော ရုပ်တွဲပေါင်း ၇စ် စည်း၊ရုပ်ကိုးပါးအပေါင်း တစည်း၊နှစ်ရုပ်ပေါင်း ၉စည်းသော ရုပ်မှုံ့,ရုပ်ရ,ရှင်ခဲတွေကို ကမ်ကြောင့်ဖြစ်ရကား ကမ္မဇကလာပ် ၉ စည်းဟု ခေါ်သည်၊ ထိုရုပ်ကလာပ်တို့ကို အာပေါဓာတ်၏ အစွမ်းဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော်လည်း အလယ်၌ အပိုင်း အခြား အကြားရှိပေသည်၊ ထိုသို့ ပိုင်းခြားခြင်းသဘောကို ပရိစ္ဆေဒရုပ်ဟု ခေါ်သည်။

[မဟာ-ဋီကာ] အသ္မ္မရုပရိစ္ဆေဒေါတိ တံတံ ကလာ
ပါနံ အသင်္ကရကာရဏဘာဝ အဿ
ရဘူတော ပရိစ္ဆေဒေါ။

**ပိုင်းခြားခြင်း။** ။အလယ်အပိုင်းအခြား ဟူသည်မှာ- ထိုထို ရုပ်ကလာပ်အစုအပေါင်းတို့၏ အချင်းချင်း မရောယှက်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့် အကြားဖြစ်သော အပိုင်းအခြားတည်း။ ။ဤသို့ အပိုင်အခြားရှိသဖြင့် ကလာပ် တူ ရုပ်တို့သည်သာ အတူချုပ်ကြ၏၊ ကလာပ်မတူ အဖြစ်မ တူသော ရုပ်တို့သည် မချုပ်ကြသေးဟု သိရ၏။ (ရှိရှိသမျှ ရုပ် အပေါင်း တပြိုင်နက် မချုပ်ဟု ဆိုလိုသည်)။ အချို့ရုပ်များ ဖြစ် နေခိုက်မှာ အချို့ရုပ်များ ချုပ်လျက်ရှိကြသည်၊ ကမ္မဇရုပ်နှင့် စပ်၍ ဝေဘန်ချက်ပြီး၏။ ။

ဝိဇ္ဇာဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့တွင် ဝိပဿနာ၏ အာရုံဖြစ်ထိုက်သော ရုပ်ကား သဒ္ဒရုပ်မှတပါး ကမ္မဇရုပ်၌ ပြ ခဲ့သော အဋ္ဌကလာပ်ရုပ်သာ ဖြစ်ပေသည်၊ ထိုမှတပါးသော ရုပ်များကိုကား ဝိပဿနာ၏အာရုံ မဖြစ်ထိုက်သော အနိပ္ဖန္နရုပ် တို့သာလျှင်ဖြစ်၍ ထုတ်ဖော်မပြတော့ပြီ။

ထိုမှတပါး ခန္ဓာငါးပါးကို အာရုံအားဖြင့် ခွဲခြားပြဦးအံ့- ရူပါရုံဆိုသည်မှာ အရိပ်,အရောင် အမှောင်အလင်း အဆင်း အမျိုးမျိုးဖြစ်သည်၊အသံအမျိုးမျိုးကို သဒ္ဒါရုံခေါ်သည်၊ ကောင်း, မကောင်းသော အနံ့အမျိုးမျိုးကို ဂန္ဓာရုံခေါ်သည်။ ။ချို,ချဉ်, ဖန်,ခါး စသော အရသာအမျိုးမျိုးကို ရသာရုံခေါ်သည်။ ။ ခက်မာကြမ်းထန်း နူးညံ့သိမ်မွေ့သော ပထဝီ, အပူ အအေး ဖြစ်သော တေဇော,တည့်မတ် ထောက်ကန် ရွေ့ရှားတတ် သော ဝါယော ဤသုံးပါးကို ဖောဋ္ဌဗ္ဗာရုံခေါ်သည်၊ ထိုအာရုံ ငါးပါးမှ ကြွင်းသော စိတ်,စေတသိက်ရုပ်နိဗ္ဗာန်,ပညတ်တို့ကို ဓမ္မာရုံခေါ်သည်။ ။

ထိုမှတပါး ဝိညာဏ်စိတ်၏ မှီရာဝတ္ထု,ဒွါရ,အာရုံ သုံးပါး အပေါင်းကို ထိုက်သည့်အားလျော်စွာ ဝေဘန်၍ပြဦးအံ့။

စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်သည် စက္ခုပသာဒရုပ်=အ ကြည်ဓာတ်ကို မှီ၍ ပဋ္ဌပွန်မျက်မှောက်၌ အမျိုးမျိုးသော အ ဆင်းရူပါရုံကိုသာ မြင်သည်,သိသည်။ ။သောတဝိညာဏ် ခေါ် ကြားသိစိတ်သည် သောတပသာဒရုပ်=အကြည်ဓာတ်ကို မှီ၍ ပဋ္ဌပွန် ကြားဆဲကာလ၌ အမျိုးမျိုးသော အသံသဒ္ဒါရုံကို သာ ကြားသည်,သိသည်။ ။ဃာနဝိညာဏ်ခေါ် နံသိစိတ်သည် ဃာနပသာဒရုပ်=အကြည်ဓာတ်ကိုမှီ၍ ပဋ္ဌပွန် နံဆဲကာလ၌ အမျိုးမျိုးသော အနံ့ဂန္ဓာရုံကို နံသည်,သိသည်။ ။ဇိဝှါ ဝိညာဏ်ခေါ် လျက်သိ,စားသိ စိတ်သည် ဇိဝှါပသာဒရုပ်= အကြည်ဓာတ်ကိုမှီ၍ ပဋ္ဌပွန် လျက်ဆဲ,စားဆဲ, ကာလ၌ အမျိုး မျိုးသောရသာရုံကို လျက်သည်, စားသည်, သိသည်,။ ။ကာ

ယပဝိညာဏ်ခေါ်တွေ့ထိ,သိစိတ်သည် ကာယပသာဒရုပ် အကြည် ဓာတ်ကိုမှီ၍ ပစ္စုပ္ပန် တွေ့ထိဆဲကာလ၌ တွဲ့အပ်, ထိအပ်,တိုက်ခိုက် အပ်သော အမျိုးမျိုးသော ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိသည်, သိသည်။ မနော ဝိညာဏ်ခေါ် ညွတ်သည့်စိတ်သည် ဟဒယရုပ် အကြည် ဓာတ်ကိုမှီ၍ ပစ္စုပ္ပန်,အတိတ်, အနာဂတ် ကာလသုံးပါး၌ ဖြစ် သော ရုပ်ရုံအစရှိသည့် အာရုံခြောက်ပါးကို ထိုက်သည့်အား လျော်စွာ သိသည်။

(မှတ်ချက်။ ဝိထိစိတ် အစဉ်အတိုင်း ပြရမည် ဖြစ်သော် လည်း ကျယ်ဝန်းလှသောကြောင့် မနောဓာတ်ကို မပြဘဲ ချွင်း ချန်ခဲ့သည်)။

ဤသို့ပြဆိုခဲ့ပြီးသော အာရုံခြောက်ပါးတို့တွင် တပါးပါး သော အာရုံသည် နှစ်ပါး,နှစ်ပါးသော ဒွါရတို့၌ မရှေးမနှောင်း ထင်ကြသည်၊ 'နှစ်ပါ,နှစ်ပါးသောဒွါရ' ဟူသည်မှာ စက္ခုဒွါရ နှင့် မနောဒွါရ၊ သောတဒွါရနှင့် မနောဒွါရ၊ ဃာနဒွါရနှင့် မနော ဒွါရ၊ ဇိဝှါဒွါရနှင့် မနောဒွါရ၊ ကာယဒွါရနှင့် မနောဒွါရဤသို့အား ဖြင့် ပဉ္စဒွါရနှင့်မနောဒွါရကို ပေါင်းစပ်၍ နှစ်ပါးနှစ်ပါးသော ဒွါရ ဟု ဆိုသည်။သုဒ္ဓမနောဒွါရ၌ ဖြစ်သော အာရုံသည်ကား-တပါး တည်းသော မနောဒွါရ၌သာ ထင်သည်။

မရှေးမနှောင်း ထင်သည် ဟူသော စကား၌ မရှေးမနှောင်း ထင်ပုံကို ဥပမာဖြင့် ပြဦးအံ့—ငှက်တကောင်သည် ကောင်း ကင်မှလာ၍ သစ်ပင်အဖျား၌ နားသည်ရှိသော် သစ်ခက်ကိုထိ ၏, နင်းမိ၏၊ ထိုအခါ ငှက်၏ အရိပ်သည်လည်း မြေ၌ပျံ့နှံ့ ၍ ထိ၏,ထင်၏။ဤသို့ ငှက်၏ သစ်ခက်ကို ထိခိုက် ခြင်း, ငှက်ရိပ် မြေ၌ ပျံ့နှံ့၍ ထင်ခြင်းတို့သည် တပြိုင်နက်သော ခဏ၌သာလျှင် ဖြစ်ကုန်သကဲ့သို့ ရုပ်ရုံစသည်တို့သည် စက္ခုဒွါရစသည်တို့၌ လည်းထင်၏၊မနောဒွါရ၌လည်း ထင်၏။ ။မှန်လှ၏-

[**အဋ္ဌသာလိနီ**] ဧကေကံ အာရမ္မဏံ ဒွီသု ဒွီသု ဒွါရေသု အာပါထ မာဂစ္ဆတိ၊ ရူပါရမ္မဏဉှိ စက္ခုပသာဒံ ဃဋ္ဋေတွာ တင်္ခဏညေဝ မနောဒွါရေ အာပါထ မာဂစ္ဆတိ။

**ဘံခါ်းနှုင်ရေး**။ ။တခုသော အာရုံ သည် နှစ်ပါး နှစ်ပါး ကုန်သော ဒွါရတို့၌ ထင်ခြင်းသို့ ရောက်၏၊ ထိုစကား သင့်စွာ့၊ရူပါရုံသည် စက္ခုပသာဒ=အကြည်ဓာတ်ကို ထင်သော အားဖြင့် ထိခိုက်၍ ထိုခဏ၌သာလျှင် မနောဒွါရ၌ ထင် ခြင်း သို့ ရောက်၏။ ။ဤသို့သော သဘောကြောင့် ရူပါရုံ=အဆင်း တခုကို မြင်လျှင် ရှေးဦးစွာ စက္ခုဝိညာဏ်ကမြင်, မရှေးမ နှောင်းပင် မနောဝိညာဏ်=အတွင်းစိတ်ကလည်း သိပေသည်၊ ဤသို့ စက္ခုဝိညာဏ်နှင့် မနောဝိညာဏ်တို့ တချပြီး တချ ထပ် တလဲလဲ အခြားအာရုံတပါး မထင်သေးသမျှ ဖြစ်နေ၍ မနော ဝိညာဏ်=အတွင်းစိတ်က ပုံပန်း သဏ္ဌာန်,အထည် ဒြပ်ကို သိ လေတော့သည်။

သို့ရာတွင် စက္ခုဝိညာဏ်ခေါ် မျက်စိစိတ်ဖြင့် အထည်ဝတ္ထု ဒြပ်—ပညတ်ကို သိသလိုလို ထင်မှတ်ကြ၏၊ စင်စစ်မှာ စက္ခု ဝိညာဏ်ခေါ် မျက်စိစိတ်သည် အဆင်းရူပါရုံ- ပရမတ် ကိုသာ သိ၏၊အထည်ဝတ္ထု ဒြပ်-ပညတ်ကို မသိပေ၊ မနောဝိညာဏ်ခေါ် အတွင်းစိတ်ကသာ အထည်ဝတ္ထု သဏ္ဌာန်ဒြပ်-ပညတ်ကို သိ ပေသည်၊စက္ခုဝိညာဏ်-မျက်စိစိတ်သည် ပရမတ်ရူပါရုံ ကိုသာ အာရုံပြုနိုင်သည်၊သို့ပင်ဖြစ်သော်လည်း စိတ်က အလွန် လျှင်မြန် သည့် အတွက်ကြောင့် အထည်ဝတ္ထု ဒြပ်သဏ္ဌာန်- ပညတ်ကို မြင်သည်ဟု အထင်မှားတတ်သည်။ခိုင်မြဲစေဦးအံ့—

[**မူလဋီကာ**] ဝိတ္ထာသ ပန လဟုပရိဝတ္တိတာယ စက္ခု ဝိညာဏဝီထိယာ အနန္တရံ မနောဝိညာဏေန ဝိညာတမ္ပိ စလနံ စက္ခုနာ ဒိဋ္ဌံ ဝိယ မညန္တိ အဝိသေသဝိဒူနော။

**လျှင်မြန်၍။** ။စင်စစ်သော်ကား စိတ်၏ လျှင်မြန်ခြင်းရှိသည်၏ အဖြစ်ကြောင့် စက္ခုဝိညာဏ်=မျက်စိစိတ် အစဉ်၏ အကြားမဲ့၌ မနောဝိညာဏ်=အတွင်းစိတ်ဖြင့်သိအပ်သော လှုပ်ရှားခြင်းကိုလည်း မျက်စိသိ,မနောသိဟူ၍ အထူးကို မသိကုန်သော သူတို့သည် စက္ခုဝိညာဏ် မျက်စိစိတ်ဖြင့် သိမြင်၏ဟူ၍ ထင်မှတ်ကြကုန်၏။ ။ကိုယ်အမူအရာ လှုပ်ရှားခြင်း စောင်းခြင်း, ငဲ့ခြင်း,သွားခြင်း, လာခြင်းကို မျက်စိဖြင့် မြင်သည်ဟု အမြဲထင်နေသဖြင့် ယုံကြည်မှု မလွယ် ဖြစ်တတ်သည်။ အဋ္ဌကထာ,ဋီကာလာတိုင်း အမှန်ဖြစ်သည်ဟု မိမိဉာဏ်၌ သက်ဝင်ယုံကြည်ရာသည်။ အာရုံတခုသည် နှစ်ပါးသောဒွါရတို့၌ ထင်ပုံကို ပြပြီး၍ အာရုံတခုကိုသိသော ဇောစိတ်သည် နှစ်ပါးကုန်သော ဒွါရတို့၌ ဖြစ်သည့်ကို ပြဦးအံ့......

**[အဋ္ဌသာလိနီ]** ဧကေကာရမ္မဏံ ဇဝနံ ဒွိသု ဒွိသု ဒွါရေသု ဥပ္ပဇ္ဇတီတိ ဝေဒိတဗ္ဗံ။ ရူပါရမ္မဏဉှိ ဇဝနံ စက္ခုဒွါရေပိ ဥပ္ပဇ္ဇတိ မနောဒွါရေပိ၊ သဒ္ဒါဒိ အာရမ္မဏေသုပိ ဧသေဝ နယော။

**ခြောက်ချိုးတူညီ။** ။တခုတခုသော အာရုံရှိသော ဇောစိတ်သည် နှစ်ခုနှစ်ခုကုန်သော ဒွါရတို့၌ ဖြစ်၏ဟူ၍ သိအပ်၏။ ထိုစကားမှန်၏၊ ရူပါရုံလျှင် အာရုံရှိသော ဇောစိတ်သည် စက္ခုဒွါရ၌လည်း ဖြစ်၏၊ မနောဒွါရ၌လည်း ဖြစ်၏။ သဒ္ဒါရုံအစရှိသော အာရုံတို့၌ ဖြစ်သည့် ဇောစိတ်ကိုလည်း ဤရူပါရုံကို အာရုံပြုသော ဇောစိတ်ကဲ့သို့ နှစ်ခုနှစ်ခုသော ဒွါရတို့၌ ဖြစ်သောနည်းအတိုင်း သိပါလေ။ ။စိတ်သည် အလွန် လျှင်မြန်လှ၏၊ အာရုံငါးပါးကိုပင် တပြိုင်နက် သိရသကဲ့သို့ ထင်မှတ်ဘွယ်ရှိ၏၊ ထင်ရှားစေဦးအံ့၊ ရူပါရုံကို ကြည့်ပါ၊ ကြည့်နေယင်း အသံတခုခုကို နားထောင်ပါ၊ ဂန္ဓာရုံခေါ် အနံ့တခုကိုလည်း နမ်းကြည့်ပါ၊ အရသာတခုခုကို စားလျက် အရာဝတ္ထု၊ တခုခုကို ကိုင်တွယ်သုံးသပ်ကြည့်လျှင် မြင်သိမှု,

ကြားသိမှု, နံသိမှု, စားသိမှု, တွေ့သိမှုတို့ ဖြစ်ပုံမှာ တချိန်တည်း လိုလို ထင်ကြရလေသည်။

စင်စစ်မှာ တပြိုင်နက် မဖြစ်ကြ၊ တခဏစီ ဖြစ်ကြ၏။ မြင်သိမှုက စိတ်အစဉ်တခု၊ ကြားသိမှုက စိတ်အစဉ်အခု၊ နံသိမှုက စိတ်အစဉ်တခု၊ စားသိမှုက စိတ်အစဉ်တခု၊ တွေ့သိမှုက စိတ်အစဉ်တခုစီ ဖြစ်ပေသည်။ သို့ရာတွင် စိတ်တို့ဖြစ်ပုံ အလွန်လျင်မြန်သောကြောင့် တပြိုင်နက် တခါတည်း ပူးတွဲ၍ အလုံးစုံသိသည်ဟု ထင်မှားခြင်းမျှ ဖြစ်သည်၊ ကိုယ့်သန္တာန်၌ဖြစ်သော စိတ်အစဉ်ကို လုံးစေ့ပါဌ်စေ့ မသိနိုင်ခြင်းသည်လည်း အလွန်လျင်မြန်ခြင်းကြောင့်ပင် ဖြစ်သည်။

[**သံယုတ်-ဋ္ဌ**] ဧကဿပိ ဟိ အစ္ဆရာသင်္ဃာတက္ခဏေ အနေကာနိ စိတ္တကောဋိသတသဟဿာနိ ဥပ္ပဇ္ဇန္တိ။

**စိတ်ဖြစ်များပုံ။** ။စိတ်တို့ဖြစ်စဉ် လျင်မြန်၏ ဆိုသော စကားသည် မှန်လှ၏၊ လက်ဖျောက် တချက်တီး မျှလောက်သော ခဏ၌ ကုဋေတသိန်းမက များစွာကုန်သော စိတ်တို့သည် ဖြစ်ကုန်၏။ ။မြင်သောခဏ, ကြားသောခဏ, နံသောခဏ, လျက်သောခဏ ထိတွေ့ကာမျှခဏတို့၌ မည်မျှ လောက်သော စိတ်တွေ ဖြစ်သည်ကို စဉ်းစားနိုင်ဘွယ်ဖြစ်၏၊ စိတ်ဖြစ်ခြင်း လျင်မြန်သည်ကို သိရသဖြင့် ရုပ်ဖြစ်ခြင်းကိုလည်း သိနိုင်ရာ၏၊ သိဘို့မှာ စိတ်သက် တဆဲ့ခုနစ်ချက်ကာလသည် ရုပ်သက် တခု ဖြစ်ရကား ကုဋေတသိန်းကို တဆဲ့ခုနစ်ပုံ ပုံ တပုံလျှင် ကုဋေငါးထောင်ကျော်ရှိ၍ လက်ဖျောက်တတီး မျှလောက် သော ခဏ၌ ရုပ်ပေါင်း ငါးထောင်ကျော်မျှ ဖြစ်၍ ချုပ်ကြောင်း သိရှိရာ၏။ ဤသို့ သိရသဖြင့် ဘုရားရှင်၏ ဉာဏ်တော်ကို ကြည်ညို, အံ့ဩ၍ဆုံးနိုင်ဘွယ် မရှိတော့ပေ။

ဤသို့ လျင်စွာဖြစ်ကြသော ရုပ်, နာမ်တရားတို့ကိုသိဘို့ရန် အခြေခံမှာ။

(၁) ဒုက္ခသစ္စာ ခြောက်ပါးကို သရုပ်, တရားကိုယ်နှင့် တကွ ဖြစ်ရာ တည်ရာ ဌာနပါ သိထားရမည်။

(၂) အာရုံခြောက်ပါးကိုလည်း သရုပ်, တရားကိုယ်နှင့် တကွ ပိုင်နိုင်စွာ သိထားရမည်။

(၃) ဝိညာဏ်ခြောက်ပါးကိုလည်း သရုပ်, တရားကိုယ်နှင့် တကွ ပိုင်နိုင်စွာ သိထားရမည်။ ။ဤဒွါရခြောက်ပါး,အာရုံ ခြောက်ပါး, ဝိညာဏ်ခြောက်ပါးကို သိထားကာမျှဖြင့် ငါ,ငါ့ဥစ္စာ ဟူသော မှားသော အယူဝါဒ ပျောက်သင့်သလောက် ပျောက်လတ္တံ့။ ပျောက်ပုံအခြင်းအရာမှာ "ခြောဒ်--အမှန်စင်စစ်တော့ ဒွါရ,အာရုံ, ဝိညာဏ် ဤသုံးပါးသာ ရှိပါပေသည်၊ ငါ,ငါ့ဥစ္စာ မရှိပါတကား" ဟု အကြမ်းအားဖြင့် သိပါလတ္တံ့။ ။

(မှတ်သားချက်။ ပြခဲ့ပြီးသော ရုပ်, နာမ်တို့တွင် ယခုအနေ ၁ ထုဇနတို့ သန္တာန်၌ ကာမာဝစရကုသိုလ် ၈။ အကုသိုလ်စိတ် ၁၂။ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇။ မဟာဝိပါက်ဥာဏဝိပ္ပယုတ် သမ္ပယုတ် ၈၊ ၎င်းတို့နှင့်ယှဉ်သော စေတသိက်၊ ဤမျှလောက်သော နာမ်တို့သည် ဖြစ်ကုန်၏၊ ပြခဲ့ပြီး ရုပ်တဆယ့်ရှစ်ပါးတွင် ယောကျ်ားန္ဓ ဣတ္ထိဘာဝရုပ် မဖြစ်၊ မိန်းမ၌ ပုမ္ဘာဝရုပ် မဖြစ်၊ ဥဘတောဗျည်း၌ ဘာဝရုပ်နှစ်ခုပင် ဖြစ်ပေ၏)။

ရုပ်နာမ်, နှစ်ပါးကို ဥပမာဖြင့်ပြခြင်း။

ခန္ဓာငါးပါးကို ရုပ်,နာမ် နှစ်ပါးဖြင့် ခွဲဝေ၍ ပြဦးအံ့ —ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာကား ရုပ်တရားသာ ဖြစ်၏၊ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဤလေးပါးကား နာမ်တရားချည်းသာ ဖြစ်၏၊ အကျဉ်းဆုံးနည်းအားဖြင့် ဦးခေါင်းမှခြေဘဝါးအထိ၊ ခြေဘဝါးမှ ဦးခေါင်းအထိ၊ ရုပ်, နာမ်တရား

နှစ်ပါးသာ ရှိ၏၊ ရုပ်တရားကား ဖေါက်ပြန်ခြင်းသဘောရှိ၏။ ဖေါက်ပြန်ဟူသည်မှာ ရှေးရုပ်နှင့် မတူသော နောက်ရုပ်၏ဖြစ်ခြင်းကိုသာ ဆိုလို၏၊ နာမ်တရားကား အာရုံသို့ ညွတ်ခြင်းသဘောရှိ၏၊ ညွတ်ခြင်းဟူသည် "**အာရမ္မဏာ ဘိမုခနမနဋ္ဌ**=အာရုံကို သိခြင်းမျှဖြစ်သည်" ကို ဆိုလို၏၊ ထိုရုပ်နာမ်နှစ်ပါးသည် နှစ်ခုပေါင်းစပ်၍ ပြုသင့်ပြုထိုက်သော ကိစ္စကြီးငယ် တို့ကို ဆောင်ရွက်၏၊ ဥပမာဆိုသော် အကျိုးနှင့်အကကျား နှစ်ယောက်ပေါင်း၍ အကကျား၏ ပခုံးပေါ် အကျိုးကတက်ပြီး လက်ဝဲ, လက်ျာ ပိုင်းခြား၍ ဤသို့သွား ဤသို့လာ ထိုသို့သွား ထိုသို့လာ ဟု လမ်းညွှန်သဖြင့် လိုရာအရပ်သို့ သွားခြင်း, ပြုသင့်သော ကိစ္စကို ပြုခြင်း ကိစ္စပြီးသကဲ့သို့ အကျိုးနှင့်တူသော နာမ်တရား က အကကျားနှင့်တူသော ရုပ်တရားခေါ် ခြောက်ပါးသော ဒွါရ၌တည်နေလျက် အမျိုးမျိုးညွှန်ကြားတိုင်း ရုပ်တရားက ပြုလုပ်ဆောင်ရွက် ရပေ၏၊ နာမ်တရားသည် အကျိုးနှင့်တူ၏၊ ရုပ်တရားသည် အကကျားနှင့်တူ၏။

[**ဝိသုဒ္ဓိမဂ်**] ဒယထာခေါ နာမံ နိဿာယ ရူပံ ပဝတ္တတိ၊ ရူပံ နိဿာယ နာမံ ပဝတ္တတိ၊ နာမဿ ခါဒိတု ကာမတာယ, ပိဝိတုကာမတာယ, ဗျာဟရိတု ကာမတာယ,ဣရိယာပထံ ကပ္ပေတုကာမတာယ, သတိ ရူပံ ခါဒတိ, ပိဝတိ,ဗျာဟ ရတိ,ဣရိယာပထံ ကပ္ပေတိ။

နိဿျဖြင့်ကြမ့်။ ။စင်စစ်သော်ကား နာမ်ကိုမှီ၍ ရုပ်သည်ဖြစ်၏၊ ရုပ်ကိုမှီ၍ နာမ်သည်ဖြစ်၏၊ နာမ်က စားလိုသည်ရှိသော် ရုပ်က စား၏၊ နာမ်က သောက်လိုသည်ရှိသော် ရုပ်ကသောက်၏၊ နာမ်က စကားပြောလိုသည်ရှိသော် ရုပ်က စကားပြော၏၊ နာမ်က သွားခြင်း,ရပ်ခြင်း, ထိုင်ခြင်း,လျောင်းခြင်း ဣရိယာပုထ်ကို ပြုလိုသည်ရှိသော် ရုပ်က ပြု၏။ ရုပ်တရား၌အလို

ဆန္ဒ မရှိပေ၊ နာမ်တရား၌သာရှိပေသည်၊ သို့ဖြစ်၍ နာမ်တရားက အလိုဆန္ဒဖြစ်တိုင်း ရုပ်တရားက နာမ်တရား၏ အလိုကျဖြစ်စေရပေသည်။ ဤသို့သောသဘာဝကို သိသဖြင့် ရုပ်တရားကတမျိုး, နာမ်တရားကတမျိုးဟု ခွဲခွဲခြားခြားသတိရှိရာသည်။

တနည်းအားဖြင့် ရုပ်တရားသည် လှေနှင့်တူ၏၊ နာမ်တရားသည် လေနှင့်တူ၏၊ တမျိုးအားဖြင့် ရုပ်တရားသည် မြှားနှင့်တူ၏၊ နာမ်တရားသည် လေးညို့နှင့်တူ၏၊ နာမ်–စိတ်ကြောင့် ဖြစ်သောရုပ်-- လေဓာတ် အဟုန်ကြောင့် ဤခန္ဓာကိုယ်သည်ရွေ့ရှား သွားလာခြင်းဖြစ်၏။

နာဝါ မာလုတဝေဂေန, ဇိယာဝေဂေန တေဇနံ၊
ယထာ ယာတိ တထာ ကာယော, ယာတိ ဝါတာဟတောအယံ။

[မူလပဏ္ဏာသ အဋ္ဌကထာ]

**လှေ့,မြှားဥပမာ။** ။ရွက်ထည်ပါသော လှေသည် လေ၏အဟုန်ဖြင့် သွားသကဲ့သို့ရင်း, လေး၌တင်အပ်သော မြှားသည် ညှို့အဟုန်ကြောင့် သွားသကဲ့သို့ရင်း ထိုနည်းတူစွာ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်–လေအဟုန်ကြောင့် ဤခန္ဓာကိုယ်သည် ဤမှ ထိုသို့ ထိုမှ ဤသို့သွားလာ၏။ ။တဖုံအားဖြင့် ဤရုပ်ခန္ဓာသည် ရုပ်သေးစင်၌ က,သော အရုပ်နှင့်တူ၏၊ နာမ်ခန္ဓာ အပေါင်းသည် ဆွဲအပ်သော ကြိုးအပေါင်းနှင့်တူ၏။

ယန္တံ သုတ္တ ဝသေနေဝ, စိတ္တသုတ္တ ဝသေနိဒံ၊
ပယုတ္တံ ကာယယန္တမ္ပိ, ယာတိ ဌာတိ နိသီဒတိ။

[မူလပဏ္ဏာသ အဋ္ဌကထာ]

**အရုပ်ဥပမာ။** ။ရုပ်သေးစင်၌ ကြိုးဆွဲအရုပ်သည် ဆွဲအပ်သော ယန္တယားချည်ကြိုး၏ အစွမ်းဖြင့်သာလျှင် သွားလာ, ကခုံခြင်းကို ပြုသကဲ့သို့ ထိုနည်းတူစွာ ဤကိုယ်ခန္ဓာ တည်းဟူသော ယန္တယားရုပ်ကြီးသည်လည်း စိတ်အပေါင်းတည်းဟူသောကြိုးအစွမ်းဖြင့် ယှဉ်စေအပ်သည်ရှိသော်

သွားလာ၍၊ ရပ်တန့်၍၊ နေထိုင်၍။ ။ဤသို့ ခန္ဓာကိုယ်၏ ဒေ မျိုးမျိုးသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ရာ၌ စိတ်သား ပြဌာန်း၍၊ စိတ်သာလိုရင်းဖြစ်၍။

တနည်းအားဖြင့် လှော်တက်ဖြင့် ကူးခတ်, သွားလာ သော လှေနှင့်လူကဲ့သို့ ရုပ်,နာမ်နှစ်ပါးတူသည်။ တူပုံအခြင်း အရာမှာ--လှေချည်းသက်သက် ကမ်းတဘက်သို့မသွားလာနိုင် လူ ချည်းသက်သက်လည်း ကမ်းတဘက်သို့ မသွားလာနိုင်၊ လှေ နှင့်လူ ပေါင်းဆုံမိလျက် လှေပေါ်လူကစီး၍ လှော်တတ်, ခတ် တက်ဖြင့် လုလ္လထုတ်ကာ လှော်ခတ်မှသာ လိုရာကမ်းတ ဘက်သို့ ရောက်နိုင်ရာသကဲ့သို့ ထိုနည်းတူစွာ ဝိညာဏ်ခြောက် ပါး နာမ်တရားက ရုပ်ခန္ဓာကိုယ်၌ တည်နေလျက် ဒါန်,သီလ, ဘာဝနာ ကုသိုလ်များကို လုလ္လထုတ်၍ ပြုလုပ်သော်သာ လိုအပ် သည့် တဘက်ကမ်းတည်းဟူသော နိဗ္ဗာန်နန်းသို့ ရောက်နိုင်ရာ သည်။ ဤကား ရုပ်နှင့်နာမ် ကွဲပြားအောင် ဥပမာ အမျိုးမျိုး ဆောင်၍ ပြခြင်းတည်း။

ထိုမှတပါး ခန္ဓာငါးပါးတို့၌ တပါးစီတပါးစီကို ဥပမာဖြင့် သိသင့်သည့်အားလျော်စွာ ထုတ်ဆောင်ပြပေဦးအံ့---

[ **ဝိသုဒ္ဓိမဂ်** ] ဖေဏပိဏ္ဍူပမံ ရူပံ ဒုဗ္ဗဥ္စ၊ ပရိမဒ္ဒနာ သ
ဟနတော။ ဥဒက ပုဗ္ဗုဠုပမာ ဝေဒနာ၊ မုဟုတ္တ ရ
မဏီယတော။ မရီစိပမာ သညာ၊ ဝိပ္ပလမ္ဘနတော။
ကဒလိက္ခန္ဓောပမာ သင်္ခါရာ၊ အသာရကတော။
မာယာပမာ ဝိညာဏံ၊ ဝဉ္စကတော။

**အနက်အကြောင်း။** ။ရူပက္ခန္ဓာခေါ် ရုပ်တရား အပေါင်းကို ရေမြှုပ်စိုင်ကဲ့သို့ ရှုအပ်၍၊ အကြောင်းကား ဆုပ်နယ်ခြင်း၌ မခံခြင်းကြောင့်တည်း။ ဝေဒနက္ခန္ဓာခေါ် ဝေဒနာ အပေါင်းကို ရေပွက်ကဲ့သို့ ရှုအပ်၍၊ တခဏမျှ မွေ့လျော်အပ်သောကြောင့် တည်း။သညာက္ခန္ဓာခေါ် သညာအပေါင်းကို တံလျှပ်ကဲ့သို့ရှုအပ်၍၊ ဖြားယောင်း တတ်ခြင်းကြောင့်တည်း။ သင်္ခါရက္ခန္ဓာခေါ်[သင်္ခါရ

အပေါင်းကို ဌက်ပျောတုံးကဲ့သို့ ရှုအပ်,မှတ်အပ်၏၊ အနှစ်သာရ မရှိခြင်းကြောင့်တည်း။ ဝိညာဏက္ခန္ဓာခေါ် ဝိညာဏ် အပေါင်းကို မျက်လှည့်သည့် အမှုကဲ့သို့ ရှုမှတ်အပ်၏၊ လှည့်ပတ်တတ်သောကြောင့်တည်း။ အကျယ်ချဲ့၍ပြဦးအံ့ —

ရူပက္ခန္ဓာ။ ။ရုပ်တရား အစုကို ဝိပဿနာ ဉာဏ်ဖြင့် အသင့်အတင့် ရှုမှုရှိသော သူတို့သည်သာလျှင်ရေမြှုပ်နှင့်တူပုံ,ရေမြှုပ်ကဲ့သို့သော သဘောကို နားလည်နိုင်ရာ၏၊ (အနိစ္စသဘောကို ရှုးစိုက်မိမည်ဟု ဆိုလို၏)။ ရေမြှုပ်သည် ဖြစ်လွယ်,ပျက်လွယ်၏၊ အထိအခိုက် အကိုင်အတွယ် မခံ၊ ဆုပ်နယ်၍မဖြစ်သကဲ့သို့ ရုပ်တရားအစုသည်လည်း လက်ဖျစ်တချက်တီးခန့်မျှသော ခဏ၌ ကုဋေငါးထောင်ကျော် ဖြစ်ရကား ဘယ်နည်းနှင့်မျှ ဆုတ်နယ်ခြင်းငှါ မခံပေ၊ ဆုတ်နယ်မည်ဟုကိုင်လျှင် ထိုကိုင်သော ခဏ, ဆုပ်နယ်သောခဏ၌ ရုပ်ပေါင်းများစွာ ပျက်၍ ပျက်၍ ကုန်ရကား ရေမြှုပ်ကဲ့သို့ ဆုပ်နယ်ခြင်းငှါ မခံဟု ဆိုသည်။

ဝေဒနာက္ခန္ဓာ။ ။မိုးသည်းရေပေါက်သည် ဝါယောဓာတ်- လေနှင့်တကွ အောက်ခံ ရေပြင်အတွင်းသို့ တိုးဝင်ကျသွားရာ၏၊ ထိုရေပေါက်နှင့် အတူတကွ ပါသော ဝါယောဓာတ်-လေသည် ရေပြင်ဆီသို့ပြန်၍ ထွက်သောအခါ ရေပြင်၏ အပေါ်ဆုံးရေလွှာကို တွန်းကန်နေသဖြင့် မို့မို့ဖောင်းဖောင်းကလေး ဖြစ်သည်ကို ရေပွက်ဟု ခေါ်ဆိုသည်။၎င်းရေပွက်သည် ဝါယောဓာတ်-လေ အဟုန်ကို မခံနိုင်သဖြင့် တခဏခြင်း ကင်းပျောက်သကဲ့သို့ ('ရမဏီယ' ပုဒ်ကို ထောက်သဖြင့်) သုခဝေဒနာ သည်လည်း တခဏမျှ မွေ့လျော်ရသဖြင့် ရေပွက်နှင့်တူ၏ဟု ဆိုလိုသည်။ ရေပွက်ကို နှစ်သက်သော မိတ်မနှံ့သူသည် ရေပွက်ရှိရာသို့ မပြတ်သွားလာ၍ ကြည့်ရှုရာ၏၊ သွားရဖန်များသော် ရေခွက်ကြီး,ငယ်တို့ကို အနီး၌ထား၍ ရေပွက်ဖြစ်အောင် ပြုလုပ်ပြီးလျှင် မွေ့လျော်သကဲ့သို့ ထိုနည်းမခြား သတ္တဝါအများသည်

သုခဝေဒနာဖြစ်အောင် အာရုံကိုဆောင်ထား၍ မွေ့လျော်ကြ၏၊ စင်စစ်မှာ ထိုသုခဝေဒနာသည် ရေပွက်ကဲ့သို့ ထခဏမျှဖြင့် ပျက်စီးခြင်းသို့ ရောက်သည်ကို သိစေလိုမှုအတွက် သတိပေး ချက်ကဲ့သို့ ဖြစ်နေသည်ကို မသိကြပေ။ ထို့ကြောင့် ဝေဒနာ ကို ရေပွက်နှင့်တူ၏ဟု ဆိုသည်။

**သညာက္ခန္ဓာ။** ။ပူပြင်းလှသော နွေအခါ၌ ခပ်လှမ်းလှမ်း ကကြည့်လျှင် သဲသောင်ပြင် တခုလုံးကို ရေပြင်ဟု ထင်ရသော သဘောကို တံလျှပ်ဟု ခေါ်သည်၊ ရေမွတ်သိပ်လှသော တောသမင်တို့သည် ထိုတံလျှပ်ကို ရေဟု မှတ်ထင်၍ ပြေးသွားကြ၏၊ အနီးသို့ရောက်သောအခါ ရေကိုမ တွေ့ ရှေ့သို့လှမ်း၍ ကြည့်ပြန်သော် ထိုတံလျှပ်ကိုပင် ရေထင် ၍ ပြေးသွားကြပြန်၏၊ ဤသို့ပြေးသွားရှာမှီးသော်လည်း ရေအစစ် အမှန်ကို မတွေ့ရ သောင်ပြင်ကိုသာ တွေ့ရ၏၊ ဤနည်းအတိုင်း ပင် ထိုတောသမင်တို့သည် ဆက်ခါဆက်ခါ တံလျှပ်၏ ဖြားယောင်းရာသို့ လိုက်ရင်းပင် အသက်ခန္ဓာ ဆုံးရှုံးရှာကြသကဲ့သို့ သညာသည်လည်း သည်ဟာက ကောင်းသည်၊ ဟိုဟာကကောင်း သည်၊ သည်ဟာက ဟိုဟာထက် ကောင်းသည် ဟိုဟာက သည် ဟာထက်ကောင်းသည်၊ ယခုနှစ်ထက် ရှေ့နှစ်ကျလျှင် သာ၍ ကောင်းမည်၊ ရှေ့နှစ်ကျပြန်တော့ ဟိုရှေ့နှစ်ကျမှ ပို၍ကောင်း မည် စသည်ဖြင့် သတ္တဝါအပေါင်းကို အမှတ်ပေး၍ ဖြား ယောင်းရကား သညာသည် တံလျှပ်နှင့်တူ၏ဟု ဆိုသည်။

**သင်္ခါရက္ခန္ဓာ။** ။ငှက်ပျောပင်ငှက်ပျောတုံးကားအနှစ်လုံးလုံး မရှိ၊ အမာခံလည်းမရှိ၊ ရေ့ရဲ့ပျော့ညံ့သော အပတ်အလွှာ အထပ်ထပ်သာရှိကြောင်းလူတိုင်းလိုပင် သိကြ၏၊ ထိုနည်းမခြား ဝေဒနာ, သညာမှတပါးသော စေတသိက်အများ သင်္ခါရ⋯ခ္ဓာ တရားအစုသည်လည်း တည့်တန့် ခိုင်မာသော အနှစ်သာရ မရှိ၊ တခဏခြင်းယိုယွင်းပျက်စီးတတ်သောကြောင့် ငှက်ပျောတုံးနှင့်တူ၏ဟု ဥပမာထား၍ ဟောကြားတော်မူသည်။

**ဝိညာဏာဟာရနှင့်ဥပမာ။** ။မျက်လှည့် ဆရာတို့၏ မျက်လှည့်အမှုသည် မဟုတ်မမှန်သည်ကို အဟုတ်အမှန်အားဖြင့် လူအများအား လှည့်ပတ်တတ်၏၊ ရွှေမဟုတ်သည့်ရွှံ့ကိုပင် ရွှေဟုလှည့်ပတ်၍ ပြသကဲ့သို့ ဝိညာဏ်တရား စိတ်အများသည်လည်း အသုဘခေါ် မတင့်တယ်သော အရာဝတ္ထု အာရုံများကို တင့်တယ်သည်ဟု သတ္တဝါအများအား လှည့်ပတ်တတ်၏၊ အိမ်ထောင်နှင့်နေသော လူအပေါင်းအား ဝိညာဏ်၏ လှည့်ဖြားခံရပုံ အလွန်ထင်ရှားလှပေ၏၊ ယောက်ျား, မိန်းမနှစ်ဦးတို့သည် သဘာဝ အမှန်အားဖြင့် အသုဘအစစ် ဖြစ်ကြ၏၊ သို့ပင်အသုဘဖြစ်ငြားသော်လည်း ဝိညာဏ်ကလှည့်ဖြားသဖြင့် 'သုဘတင့်တယ်သည်' ဟု အသိမှား၍သာ အတူတကွ နေနိုင်ကြ၏၊ ဝိညာဏ် မလှည့်ဖြားနိုင်သော သဘောသို့ ရောက်သဖြင့် သေပြီး၍ အပုတ်နံ့ ပြည့်လှိုင်သောအခါ သုသာန်သို့ ပို့ မီးရှို့မြှုပ်နှံပြီးသော်လည်း မကြာမီကာလ အတွင်းမှာပင် ဝိညာဏ်က လှည့်ဖြားပြန်၏၊ ထိုဟာသော အသုဘဖြစ်၍ သုသာန်သို့ ပို့ရသည်၊ သည်ဟာတော့ 'သုဘ=တင့်တယ်တာအမှန်' ဟု ဝိညာဏ်၏ လှည့်ဖြားမှုကိုသာ အဆက်မပြတ်ခံ ရသောကြောင့် ဝိညာဏ်ကားမျက်လှည့်သည်အမှုနှင့် တူ၏ဟု ဆိုလိုသည်။ ။ဥပမာဖြင့် ခန္ဓာငါးပါးကိုပြခြင်း ပြီး၏။

ထိုမှတပါး နာမ်တရားတို့၏ ဖြစ်ပေါ်မှုသည် တိုးခတ်အပ်သော စည်၏အသံနှင့် တူသည်ကို ထင်ရှားပြပြီးအံ့—

န စက္ခုတော ဇာယရေ ဖဿပဉ္စမာ,
န ရူပတော၊ နောဘ ဥဘိန္နမန္တရာ၊
ဟေတုံ ပဋိစ္စ ပဘဝန္တိ သင်္ခတာ,
ယထာပိ သဒ္ဒေါ ပဟာတာယ ဘေရိယာ။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ]

နှိုင်းယှဉ်ပြပုံ။ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ် တရားတို့သည် စက္ခုပသာဒခေါ် မျက်စိအကြည်ထည်းမှ ဖြစ်ပေါ်၍လာသည် မဟုတ်ကုန်၊ ရူပါရုံခေါ် အဆင်းအမျိုးမျိုးထည်းမှ ဖြစ်ပေါ်၍လာသည် မဟုတ်ကုန်၊ မျက်စိအကြည်, အဆင်းအမျိုးမျိုး နှစ်ခုတို့၏ အလည်အကြားမှလည်း ဖြစ်ပေါ်၍လာသည် မဟုတ်ကုန်၊ ဖဿ စသော သင်္ခတတရားတို့သည် မျက်စိအကြည်, အဆင်း, အလင်း, နှလုံးသွင်းခြင်း စသော အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ကုန်၏။ ဥပမာသော်ကား ပုတ်ခတ်တီးနှက်အပ်သော စည်၏ အသံသည် စည်, လက်ခတ် တည်းဟူသော အကြောင်းကိုစွဲ၍ ဖြစ်သကဲ့သို့တည်း။ ။ဤစကားအရ ဝေဒနာသည် ဝေဒနက္ခန္ဓာ, သညာသည် သညက္ခန္ဓာ, ဖဿနှင့်စေတနာသည် သင်္ခါရက္ခန္ဓာ, ဝိညာဏ်သည် ဝိညာဏက္ခန္ဓာ = ဤနာမက္ခန္ဓာလေးပါးတို့သည် ကိုယ်ဟု သမုတ်အပ်သော ရူပက္ခန္ဓာ၌ အမြဲတည်နေသည် မဟုတ်ပေ၊ စည်ထည်း၌ အသံ အမြဲမတည်သကဲ့သို့တည်း၊ ဤသည်ကား စက္ခုဒွါရ၌ စိတ်အစဉ် ဖြစ်ပေါ်မှုကို စည်သံနှင့် အတူထား၍ ပြခြင်းတည်း။

ဤစက္ခုဒွါရ၌ ဇောစိတ်ဖြစ်ပေါ်မှုကို အစဉ်မှီ၍ သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရတို့၌ ဇောစိတ်ဖြစ်ပုံကို၎င်း, စည်သံဥပမာအတိုင်း နာမက္ခန္ဓာလေးပါးတို့ ဖြစ်ပေါ်မှုကို၎င်း သိမ်းကျုံး၍ သိပါကုန်။ ။ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ဖြစ်သော မနောဝိညာဏ် ဇောစိတ်တို့သည်လည်း စည်၏ အသံနှင့်ပင် တူပေသည်။ ထင်ရှားစေဦးအံ့—

န ဝတ္ထု ရူပါ ပဘာဝန္တိ သင်္ခတာ,
န စာပိ ဓမ္မာယတနေဟိ နိဂ္ဂတာ၊
ဟေတုံ ပဋိစ္စ ပဘာဝန္တိ သင်္ခတာ,
ယထာပိ သဒ္ဒေါ ပဟတာယ ဘေရိယာ။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ]

**အမြဲမရှိ။** သင်္ခတ နာမ်တရားတို့သည် ဟာဒယဝတ္ထုရုပ် ထည်းမှ မဖြစ်ကုန်၊ ဓမ္မာယတနခေါ် သဘောတရားတို့၏တည်ရာ အာရုံတို့မှလည်း ထွက်ပေါ်၍ မလာကုန်၊ သင်္ခတနာမ်တရားတို့သည် အကြောင်းကိုစွဲ၍ ဖြစ်ကုန်၏၊ ဥပမာသော်ကား တီးခတ်အပ်သောစည်၏ အသံသည် စည်, လက်ခတ် တည်းဟူသော အကြောင်းကို စွဲ၍ ဖြစ်ပေါ်သကဲ့သို့တည်း။ ။အဓိပ္ပါယ်မှာ-ဟာဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကုန်သော မနောဝိညာဏ်စိတ်တို့သည်လည်း ဝမ်း၏အတွင်း၌ အမြဲရှိနေသည် မဟုတ်ကုန်၊ စင်စစ်မှာ ဆင်ခြင်စဉ်းစားသော အခါ၌သာ သဘာဝအတိုင်း ဖြစ်ပေါ်၍လာကြကုန်၏။ ။ဤသို့ဆိုလျှင် နာမ်တရားတို့သည် ဘယ်က လာ၍ ဘယ်သို့သွားကြပါသနည်း။

အဒဿနတော အာယန္တိ, ဘဂ္ဂါ ဂစ္ဆန္တျ ဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ, ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ]

**လျှင်မြန်ပေ။** သင်္ခါရတရားတို့သည် မမြင်ရာအရပ်မှ လာကုန်၏၊ ပျက်စီးပြီးသော သင်္ခါရတရားတို့သည် မမြင်ရာအရပ်သို့ သွားကုန်၏၊ ဥပမာအဘယ်ကဲ့သို့နည်း ကောင်းကင်၌ လျှပ်စစ်လက်သကဲ့သို့ ဖြစ်လည်းဖြစ်ကုန်၏၊ ပျက်လည်းပျက်ကုန်၏။ ။အဓိပ္ပါယ်မှာ-ကောင်းကင်၌ လျှပ်စစ်အရောင်အလင်းသည် မမြင်ရာအရပ်မှ လာ၍ မမြင်ရာအရပ်သို့ သွားသကဲ့သို့ သင်္ခါရခေါ် ရုပ်, နာမ် တရားတို့သည်လည်း မမြင်ရာမှလာ၍ ဖြစ်လျက် မမြင်ရာသို့ ပျက်၍သွားကြသည်ဟု ဆိုလိုသည်၊ သို့ဖြစ်လျှင် ရုပ်, နာမ်တရားတွေ ဖြစ်ပြီးလျှင် တနေရာမှာ သိမ်းသိမ်းဆည်းထားသလိုပါလား၊ နောက်ဖြစ်ဖို့ရာ ရုပ်, နာမ်တရားတွေကို တနေရာမှာ စုပုံထားရပါသေးသလား၊ ဖြစ်ပြန်တော့ ဘယ်မှလောက်ကြာကြာ ဖြစ်နေပါသလဲ၊ စသည်ဖြင့် စိစစ်မေးမြန်းဖွယ် ကောင်းပြန်၏။ အဖြေကား .....

အနိစ္စာနုဂတာ ဘဂ္ဂါ, ပုဗ္ဗော နုပ္ပ အနာဂတော၊
နိဗ္ဗတ္တာယေဝ တိဋ္ဌန္တိ, အာရဂ္ဂေ သာသပူပမာ။
[ဒီဃနိကာယ် အဋ္ဌကထာ]

**ဖြစ်ပျက်ပုံ**။ ပျက်စီးပြီးသော ရုပ်, နာမ်သင်္ခါရတရားတို့သည် တစုံတခုသော အရပ်၌ သိုမှီးသိမ်းဆည်းထားအပ်ကုန်သည် မဟုတ်ကုန်၊ နောင်အနာဂတ်အခါ၌ ဖြစ်ဘို့ရာ ရုပုံတည်ထားအပ်သည်လည်း မရှိကုန်၊ ဖြစ်ဆဲသော သင်္ခါရတရားတို့သည်သာလျှင် ပွတ်ဆောက်ဖျား, အပ်နဖါး ထွင်းရှူးအဖျား၌ ချလိုက်သော မုံညင်းစေ့ကဲ့သို့ တည်ကုန်၏။ ''အပ်နဖါးထွင်းရှူးအဖျား၌ ချလိုက်သော မုံညင်းစေ့ကဲ့သို့တည်သည်'' ဟူရာ၌ ထိကာမျှဖြစ်သည်၊ တည်ကားမတည်နိုင်ပေ၊ ဤအတိုင်းပင် ရုပ်, နာမ်သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် တည်၍နေသည်ဟု ပြောပလောက်အောင် မရှိပေ၊ အကြောင်းမှာ အလွန် လျှင်မြန်သောကြောင့်ပင် ဖြစ်၏။

ဥပါဒ်, ဌီ, ဘင် ဟူသော ခဏသည်ကား ''လက်ဖျစ်တတီးခန့် ခဏ၌ ကုဋေတသိန်းကျော် ဖြစ်နိုင်၏'' ဟူသော စကားကို မမေ့သင့်။ ထိုစကားအတိုင်း ဆင်ခြင်မိက မည်မျှလောက်လျှင်မြန်သည်ကို စဉ်းစားမိရာ၏၊ 'လက်ဖျစ်တတီးခန့်ခဏ' ဆိုရာ၌လည်း လက်မနှင့် လက်လယ်ကို အဖျားခြင်းထိပြီးမှ ခွါသော ခဏကလေးကို ဆိုပေသည်၊ ဤမျှလောက် ခဏအတွင်း၌ ကုဋေတသိန်းကျော် ဖြစ်နိုင်၏ ဟူသော စကားသည် အံ့အားသင့်ဘို့ ကောင်းပေ၏။

[မဟာဋီကာ] န ဟိ သင်္ခါရာ ခဏတ္တယတော ပုဗ္ဗေ ပစ္ဆာစ ဝိဇ္ဇန္တိ။

**ရှေ့,နောက် မရှိ**။ ။ရုပ်,နာမ်သင်္ခါရ တရားတို့သည် ဥပါဒ်,ဌီ ဘင်, ဟု ဆိုအပ်သော ခဏသုံးပါးဖြစ်ဆဲခဏမှ ရှေ့၌လည်း မရှိကုန်၊ နောက်၌လည်းမရှိကုန်၊ ဖြစ်ဆဲခဏ၌သာ ရှိကုန်၏။

**နာမ်နှင့်ရုပ်ဖြစ်ပုံ မဘူ။** ။နာမ်နှင့်ရုပ်တို့ ဖြစ်ရာခဏချင်းမဟူကြ ပေ၊ ထူးခြားပုံမှာ-စိတ်နာမ်နှင့် စေတသိက်- နာမ်နှစ်ပါးသည် တပေါင်းတည်း အတူဖြစ်၍ အတူချုပ်၏၊ ချုပ်ဆဲခဏ၌ ဖြစ်ဆဲနာမ်တရား မရှိပေ၊ ဖြစ်ဆဲခဏ၌ ချုပ်ဆဲနာမ်တရား တခုမျှ မရှိပေ၊ ဖြစ်,ချုပ် ဖြစ်,ချုပ် ဖြစ်ပေ၏။ ဥပမာအားဖြင့် ပုတီး ကုံး၌ ပုတီးစေ့တို့ကဲ့သို့တည်း။ ပုတီးကုံး၌ စီထားအပ်သော ပုတီးစေ့သည် နှစ်စေ့ပူး သုံးစေ့ပူး စသည် မဟုတ်၊ တလုံးပြီး မှ တလုံး စီနေကဲ့သသို့ နာမ်တရားတို့သည်လည်း တခုသော ခဏ၌ နှစ်ပါး, သုံးပါးစသည် ပူးတွဲ၍ ဖြစ်ကြသည် မဟုတ်၊ စိတ်တမျိုးပြီးမှ တမျိုး ဖြစ်ရပေသည်။

ရုပ်တရားကား တခုပြီးမှတခု ဖြစ်သည်မဟုတ်ပေ၊ ထင် ရှားစေအံ့-အချို့ရုပ်တရား ဖြစ်ဆဲခဏ၌ အချို့ရုပ်တရား ချုပ် ဆဲဖြစ်၏၊ အချို့ရုပ်တရား ချုပ်ဆဲခဏ၌ အချို့ရုပ်တရား ဖြစ် ဆဲဖြစ်၏၊ သဘောမှာ-ရုပ်ဖြစ်ခြင်းက စိတ်၏ ဥပါဒ်ခဏ၌ ဖြစ် လည်းဖြစ်၏၊ ချုပ်လည်းချုပ်၏၊ ဌီခဏ၌လည်း ဖြစ်လည်းဖြစ် ၏၊ ချုပ်လည်းချုပ်၏၊ ဘင်ခဏ၌လည်း ထိုနည်းအတူ ဖြစ်လည်း ဖြစ်၏၊ ချုပ်လည်းချုပ်၏ပင်တည်း။

ဥပမာ။ လျှော်ကိုလွန်း၍ ကျစ်သော ကြိုးကဲ့သို့တည်း၊ ချဲ့ ဦးအံ့-ဇင်းကြိုးသည် လျှော်မျှင်တခုကို လွန်း၍မဆုံးမီ နောက်ထပ် လျှော်မျှင် တခု,တခုကိုထည့်၍ လွန်းရသဖြင့် လျှော်မျှင်တခု၏ အစ၌ အဆုံးလည်းရှိ၏ အစလည်းရှိ၏၊ လျှော်မျှင်၏အလယ်၌ အစလည်းရှိ၏၊ အဆုံးလည်းရှိ၏၊ ဟူသကဲ့သို့ ကမ်,စိတ်,ဥတု, အာဟာရ တည်းဟူသော လေးပါးသော အကြောင်းကြောင့် ဖြစ်သော ရုပ်သည်လည်း ဖြစ်သည့်ရုပ်ကဖြစ်၊ ချုပ်သည့်ရုပ် ကချုပ်၊ ဖြစ်သည့် အခိုက်အတန့် ၌လည်း ချုပ်၏၊ ချုပ် သည့် အခိုက်အတန့်၌လည်း ဖြစ်၏။ အတိုချုပ်မှာ—

စိတ်,စေတသိက် နာမ်တရားကား တပြိုင်နက်ဖြစ်၍ တပြိုင် နက်ချုပ်၏၊ လေးပါးသော အကြောင်းကြောင့် ဖြစ်သော ရုပ်

တရားကား ဆုတ်,တက်ဖြစ်၍ ဆုတ်,တက်ချုပ်၏၊ ဤကား ရုပ်နှင့်နာမ် ဖြစ်ပုံ ချုပ်ပုံမတူချက်တည်း။ (ဤသို့ ရုပ်,နာမ်တို့၏ ဖြစ်,ပျက်မှုကို ပြခြင်းသည် သင်္ခါရုပေက္ခာဉာဏ် ပေါ်လွင်နိုင်ရန် အခြေခံအကြောင်း ဖြစ်စေလို၍တည်း)။ ၎င်းဖြင့် နာမ်တရားတို့ ဖြစ်,ပျက်မှုသည် အဆက်မပြတ် ဒလစပ် ဖြစ်,ပျက်လျက်ရှိပေသည်။

အညံ့ ဥပ္ပဇ္ဇတေ စိတ္တံ, အညံ့ စိတ္တံ နိရုဇ္ဈတိ၊
အဝိစိမနုသမ္ဗန္ဓော, နဒီသောတောဝ ဝတ္တတိ ။ ။

[မူလပဏ္ဏာသ အဋ္ဌကထာ]

**အနက်သဘော။** ။တပါးသော စိတ်သည် ချုပ်၏၊ တပါးသော စိတ်သည် ဖြစ်၏၊ ဤသို့သော နည်းဖြင့် အပေါက်အကြားမရှိ တစပ်ထည်းစပ်လျက်ရှိ၏၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား–ဖြစ်ရေအယဉ်သည် အပေါက်အကြားမရှိ တစပ်ထည်းစပ်လျက် ဖြစ်သကဲ့သို့တည်း၊ ။ထင်ရှားစေအံ့–မြစ်ရေသည် သာမန်ပုဂ္ဂိုလ်တို့အတွက် မနေ့ကလည်း ဤရေဘဲ, ရှေးရှေးနေ့တွေကလည်း ဤရေဘဲ, ရှေးရှေးနှစ်တွေကလည်း ဤရေဘဲဟု မှတ်ထင်ကြပေ၏၊ စင်စစ်မှာ ဗုဒ်ရိုက်၍ ကြည့်နေသဲခဏ၌ပင် အောက်သို့စီးဆင်းသွားသည့်ကို မြင်ရ၏၊ စီးဆင်းသွားသော်လည်း အဆက်မပြတ် အထက်ကရေသည် အစားထိုး၍ ခံသလို ဖြစ်ရကား လျော့သည်မထင်၊ နဂိုနေအတိုင်းပင် ထင်ရသကဲ့သို့ စိတ်တရားသည်လည်း ပျက်ပြီးနောက် အစဉ်အတိုင်း ထပ်တလဲလဲ ဖြစ်ရကား ဤစိတ်ပင်ဟု ထင်ရ၏၊ နောက်ထပ်လာသော ရေကိုပင် ဤ၌ ရှိမြဲ,တိုင်းသောရေဟု ထင်ရသကဲ့သို့ နောက်နောင်ဖြစ်သော စိတ်တွေကိုလည်း ဤရှိမြဲတိုင်း စိတ်တွေပင်ဟု ထင်မြင်ကြရ၏၊ ထင်သည့်အတိုင်း မဟုတ်ပေ၊ အဆက်မပြတ်မှုက ထင်မှားစေရန် လှည့်စားသကဲ့သို့ ဖြစ်၏။ ။

**ဆီမီးလျှံဥပမာ။** ။ညဉ့်အခါ ထွန်းအပ်သော ဆီမီးသည် အမြဲပင် တောက်လောင်နေသည်ဟု လူတို့ထင်မြင်ကြရ၏၊ စဉ်းစား၍ ကြည့်သော် အမှန်အတိုင်း သိမြင်ရာ၏၊ အမှန်အတိုင်းမှာ ဆီနှင့်မီးစာ အနည်းငယ်,အနည်းငယ် ကုန်ခန်းသည်နှင့်အမျှ မီးတောက်လည်း သေလျက်,သေလျက် ရှိပေ၏၊ သို့ရာတွင် ဆီနှင့်မီးစာ လုံးဝမကုန်သေးသဖြင့် နောက်ဆီနှင့် နောက်မီးစာကို ထပ်၍,ထပ်၍ တောက်လောင်နေသေးရကား သေသည်မထင်ရ၊ အမြဲပင် တောက်လောင်နေသည်ဟု ထင်ရ၏၊ ဆီခွက်ကြီး၌ ဆီအပြည့်ထည့်၍ တညဉ့်လုံးခံလောက်အောင် မီးစာကိုထည့်ပြီး ထွန်းထားပါက တညဉ့်လုံး အဆက်မပြတ် တောက်လောင်နေသည်ဟု ထင်မြင်ရ၏၊ စင်စစ်မှာ တညဉ့်လုံး သေ,တောက် သေ,တောက် ဖြစ်၍ နေသည်သာလျှင် ဖြစ်တော့သည်။ ။

သို့ပင်ဖြစ်သော်လည်း သေသည်ကိုမမြင် တောက်သည်ကိုသာ မြင်ရကား တညဉ့်လုံး တောက်နေသည်ဟု ထင်ရ၏၊ သေသောသဘော, မရှိသောသဘောကို ပကတိမျက်စိဖြင့် မမြင်နိုင်၊ ဉာဏ်မျက်စိဖြင့် စဉ်းစားဆင်ခြင်မှသာ သိနိုင်ပေသည်။ ဤအချက်၌ မီးသည်အဆက်မပြတ် တောက်လောင်သကဲ့သို့ စိတ်တရားလည်း အဆက်မပြတ် ဖြစ်လျက်ရှိ၏၊ တောက်လောင်ခြင်း လျှင်မြန်သကဲ့သို့ ဖြစ်ခြင်းလျှင်မြန်၏၊ သေခြင်း လျှင်မြန်သကဲ့သို့ ချုပ်ခြင်းလည်း လျှင်မြန်၏- ဟူ၍ ဉာဏ်၌ထင်မြင် လာအောင် စဉ်းစားပါ။

**အနှိုးစွး** ။မီး၏ တောက်လောင်ခြင်း လျှင်မြန်မှု, သေခြင်း လျှင်မြန်မှု နှစ်ပါးကို စဉ်းစားမိသောအခါ ငါ၏ကိုယ်ဟု ခေါ်ဆိုအပ်သော နာမ်,ရုပ်နှစ်ပါးသည်လည်း အလွန်လျှင်မြန်စွာ ဖြစ်,ပျက်နေသည်ဟု သိပါ၊ (ဖြစ်သည်ကို မြင်ရ၍ ပျက်သည်ကို ဉာဏ်ဖြင့် ကူးဆက်၍ သိပါလေ)။ ပကတိမျက်စိဖြင့် အဆက်မပြတ် ဖြစ်နေသည်ကို မြင်၏၊အဆက်

မပြတ် ပျက်နေသည်ကို မမြင်ရပေ၊ စင်စစ်မှာ ဤနာမ်,ရုပ်တရားတို့သည် မီးတောက် ဥပမာ အတိုင်း အဖြစ်, အပျက်အလွန်လျင်မြန်လှပေ၏၊ ဖြစ်လိုက်,ပျက်လိုက်နေကြ၏၊ ဖြစ်ပေါ်သော သဘောကို မျက်စိဖြင့် မြင်ကောင်းသည်၊ ပျက်၍, သွားသော သဘောကို မမြင်ကောင်း၊ ဉာဏ်ဖြင့် ဆင်ခြင်မှသာ သိအပ်သော သဘော ဖြစ်သည်၊ ဉာဏ်ဖြင့် မဆင်ခြင်သော် မွေးဖွားသည်မှစ၍ သေသည်အထိ အမြဲတည်နေသည်ဟု ထင်ကြရ၏၊ ဤသို့ဖြစ်ခြင်းသည် အတ္တဒိဋ္ဌိအစစ်, ငါစွဲ ကြီးမားလှ၏၊ ထိုပုဂ္ဂိုလ်သည် သာသနာတော်အတွင်း လူဖြစ်ရသော်လည်း အကျိုးမများပေ၊ အယူအစွဲ အမြဲထင်ခြင်းသည် ဘုရားရှင်၏ ဉာဏ်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်လှပေ၏၊ သို့ဖြစ်၍ ငါမရှိ၊ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ရုပ်,နာမ်နှစ်မျိုးသာ ရှိကြောင်း ဉာဏ်မှန်ဖြင့် သိသင့်သိထိုက်ပေသည်။

[ဝိသုဒ္ဓိမဂ်] နာမရူပမတ္တတော ဥဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိတိ နိဒ္ဓံ ဂစ္ဆတိ။ ပရမတ္ထတော ပန နာမရူပမတ္တမေဝ အတ္ထီတိ ဧဝံ ပဿတော ဟိ ဒဿနံ ယာထာဘူတ ဒဿနံနာမ၊ ။

**သူ့,ဒါ မရှိ။** ။နာမ်,ရုပ်အတိုင်းအရှည်မျှထက် အလွန် တပါးသော သတ္တဝါသည်ရင်း, ပုဂ္ဂိုလ်သည်ရင်း, နတ်သည်ရင်း, ဗြဟ္မာသည်ရင်း မရှိဟူ၍ ဆုံးဖြတ်ခြင်းသို့ရောက်၏၊ စင်စစ်သော်ကား ပရမတ္ထအားဖြင့် နာမ်,ရုပ်မျှသာ လျှင် ရှိ၏၊ ဤသို့ ရှုကြည့်သောသူ၏ အမြင်သည် ဟုတ်တိုင်း မှန်စွာသော အမြင်မည်၏။ ။အပြန်အားဖြင့် သိတ္တိမှာ-ပုဂ္ဂိုလ် သတ္တဝါ လူ,နတ်,ဗြဟ္မာသာ ရှိသည်၊ နာမ်,ရုပ်ဆိုသည် မရှိဟုရှုမြင်ခဲ့သော် အမှန်မြင်မဟုတ်၊အမှားမြင်,သာသနာပလူတို့ အမြင်မျိုး အမှားအစစ်သာ ဖြစ်သည်၊ ဤအမှားမြင်မျိုး ရှိသူတို့ကား

သစ္စာနှလောဝိကဥာဏ်နှင့် မဓ္ရိနိုင်အောင် ဝေးကွာလှ၏။ ။ ဤမျှဖြင့် သစ္စာနှလောမိကဉာဏ် ပေါ်ပေါက်စေနိုင်ရန် အခြေခံ စကားတရပ်အပြီးသတ်သတည်း။ ။

သစ္စာနုလောမိကဉာဏ်၌ အကျုံးဝင်သော သစ္စာလေးပါး ကို ဆက်၍ပြဦးအံ့—သစ္စာသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ အားဖြင့် လေးပါးရှိ၏၊ ထိုလေးပါး တို့တွင် ဒုက္ခသစ္စာ, သမုဒယသစ္စာ ဤနှစ်ပါးသည် လောကီ သစ္စာမည်၏၊ နိရောဓသစ္စာ, မဂ္ဂသစ္စာ ဤနှစ်ပါးကား လောကုတ္တရာ သစ္စာမည်၏၊ ဤအရာ၌ ဒုက္ခသစ္စာသည် သစ္စာနုလောမိကဉာဏ် ၏ အာရုံဖြစ်ပေသည်။ ၎င်းဒုက္ခသစ္စာဟူသည်ကား—

**ပဋိသမ္ဘိဒါမဂ်။** ။ဣဒံခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ ဇာတိပိ ဒုက္ခာ, ဇရာပိဒုက္ခာ, ဗျာဓိပိ ဒုက္ခာ, မရဏမ္ပိ ဒုက္ခံ, သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ, အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော, ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ယံပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

**ဒုက္ခသစ္စာ။** ။သံသရာဘေးကို ရှုလေ့ရှိသော ချစ်သားတို့၊ အမိဝမ်း၌ ပဋိသန္ဓေ အစစွာနေရခြင်းသည် လည်း ဆင်းရဲ၏၊ အိုမင်းကုန်းကွ မသွားမလာနိုင် ဖြစ်ရခြင်း သည်လည်းဆင်းရဲ၏၊ အဖျားရောဂါစသောအမျိုးမျိုး နာရခြင်း သည်လည်း ဆင်းရဲ၏၊ တဘဝတခါ မလွဲနိုင်ဘဲ သေရခြင်းသည် လည်း ဆင်းရဲ၏၊ ဆွေမျိုးဉာတိ ပျက်စီးခြင်း, ဥစ္စာပစ္စည်း ပျက် စီးခြင်းစသော ဗျသနတရားနှိပ်စက်၍စိုးရိမ်ရခြင်း,ငိုကြွေးရခြင်း, ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း, ရှိုက်ကြီးတငင်ပြင်း စွာပင်ပမ်းရခြင်းသည်လည်း ဆင်းရဲ၏၊ မချစ်မနှစ်သက်အပ် သော သူတို့နှင့် အတူတကွ နေရခြင်းသည်လည်း ဆင်းရဲ၏၊ ချစ်အပ်,နှစ်သက်အပ်သော သူတို့နှင့်သေကွဲ, ရှင်ကွဲ ကွဲကွာ၍

နေရခြင်းသည်လည်း ဆင်းရဲ၏၊ အကြင် မဒရို, မနာ, မသေရန် တောင့်တ၍ မရခြင်း, အလိုရှိအပ်သော ပစ္စည်းဥစ္စာ,ရာထူး ဂုဏ်ထူးစသည်ကို မရခြင်းသည်ရှိ၏ ထိုသို့လိုအပ်သော အမျိုးမျိုးသော ဥစ္စာ, ရာထူး,ဂုဏ်ထူးကို မရခြင်းသည်လည်း ဆင်းရဲ၏၊ အကျဉ်းအားဖြင့် ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲကေန်အမှန်ဖြစ်ပေ၏။ ။တရားကိုယ်အားဖြင့်တဏှာ, ရာဂ-လောဘမှ ကြွင်းသော လောကီတရား ဟူသမျှသည် ဒုက္ခသစ္စာမည်၏၊ ဤဒုက္ခသစ္စာသည် 'ဥပ္ပန္နဒိသောဝါကဇ္ဇ" ဟူသည်နှင့်အညီ ဖြစ်ပေါ်ခြင်းအားဖြင့် ထင်ရှားလှ၏။ ၎င်းဒုက္ခသစ္စာ၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်တို့ကား—

[ဝိသုဒ္ဓိမဂ်] ။ဗာဓနလက္ခဏံ ဒုက္ခသစ္စံ၊ သန္တာပနရသံ ပဝတ္တိ ပစ္စုပဋ္ဌာနံ။

**သဘောမှတ်ရန်**။ ။ဒုက္ခသစ္စာသည် နှိပ်စက် ညှင်းဆဲခြင်း သဘောလက္ခဏာရှိ၏၊ မချိမဆန့် ပူပန်စေခြင်း ကိစ္စရှိ၏၊ ခန္ဓာငါးပါးဖြစ်ပေါ်ခြင်းလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ထင်သော အခြင်းအရာရှိ၏။ ။ဤ၌နှိပ်စက်ညှင်းဆဲ ပူပန်ခြင်းဟူသည်မှာ—ဒုက္ခသစ္စာ၌ အကျုံးဝင်သော ဇာတိ, ဇရာ, ဗျာဓိ စသောတရားတို့သည် သတ္တဝါတို့အား နှိပ်စက်ကုန်၏၊ နှိပ်စက်ခြင်းခံရသော ပုဂ္ဂိုလ်တို့သည် သက်သာသော သဘော မရှိကြပေ၊ကိုယ်တွေ့ ကြုံဘူးသူမှန်သမျှ သိကြ၏၊ ၎င်းဇာတိစသော တရားတို့သည်ပင် သတ္တဝါတို့အား ညှင်းဆဲကုန်၏၊ ပူပန်ခြင်းအကြောင်း ဖြစ်ကုန်၏၊ သောက, ပရိဒေဝ တောက်လောင်ခံရသော သူတို့ ပူပင်ရသည်မှာ မသက်သာလှပေ၊ သို့သော် အတန်ကြာတော့ ပျောက်၍ နောက်ဒုက္ခဝတ္ထုတခု ထပ်မံရှာပြန်၏၊ ဤလူတို့ဒုက္ခ ထက် အပါယ်ဒုက္ခကား ပြော၍ မဆုံးနိုင်လောက်အောင် ကြီးကျယ်လှ၏၊ သို့သော်လည်း 'မျက်စိကာဏ်း တစ္ဆေမကြောက်' ဆိုသကဲ့သို့ပင် ကမ္မဿကတဉာဏ်မျက်စိ မရှိသူတို့အတွက်မှာ ဘယ်ဒုက္ခကိုမှ မကြောက်ဟု ပြောဆိုတတ်သော ရှိတော့၏။ လက်

သည့်ကိုရှာလျှင် အခြားမဟုတ် တဏှာ၏မိတ်ဆွေရင်းဖြစ်သော အဝိဇ္ဇာ၏ လှည့်ဖြားမှုပင် ဖြစ်ပေ၏။ ဒုက္ခသစ္စာကို ဤမျှဖြင့်ရပ်တန့်လျက် သမုဒယသစ္စာကို ဆက်ဦးအံ့——

[ပဋိသမ္ဘိဒါမဂ်] ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ၊ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ, ဘဝတဏှာ,ဝိဘဝတဏှာ။

**သမုဒယသစ္စာ။** ။ချစ်သားတို့ အကြင်တသ်မက်တတ်သော တဏှာသည် တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏၊ နှစ်သက်တသ်မက်ခြင်းနှင့်တကွဖြစ်၏၊ ထိုထိုဘုံဘဝအာရုံတို့၌အလွန် နှစ်သက်တတ်၏၊ ဤတဏှာသည် အဘယ်နည်း ဟူမူကား ကာမတဏှာရင်း, ဘဝတဏှာရင်း, ဝိဘဝတဏှာရင်းတည်း။ ဤတဏှာဟူသော သဘောတရားသည် အရိယာ ပုဂ္ဂိုလ်မြတ်တို့သိအပ်သော သမုဒယသစ္စာမည်၏၊ အာရုံငါးပါး ကာမဂုဏ်တရားတို့၌ နှစ်သက် တသ်မက်ခြင်းသည် ကာမတဏှာ မည်၏၊သတ္တဝါတို့တွင် လူသေလျှင် လူပြန်ဖြစ်၏၊ နွားသေလျှင် နွားပြန်ဖြစ်၏၊ ခွေးသေလျှင် ခွေးပြန်ဖြစ်၏၊ ဤသို့စသည်ဖြင့် မှန်ကန်သည်မဟုတ်ဘဲ မှားသောအားဖြင့် အမြဲဖြစ်၏ ဟူသောအယူနှင့်တကွ ဘဝကိုတသ်မက်သော တဏှာသည် ဘဝတဏှာမည်၏၊ သတ္တဝါတို့သည် သေလျှင် ဘဝပြတ်တော့၏၊ ပြန်၍ဖြစ်ခြင်းမရှိ၊ တဘဝသာ ဖြစ်ရ၏-ဟု မှားသောအားဖြင့် ဘဝပြတ်၏ ဟူသော အယူနှင့်တကွဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏။ အတိုချုပ်မှာ တသ်မက်မောမှု, လိုချင်မှုသည် ဒုက္ခသစ္စာကို ဖြစ်စေတတ်သော သမုဒယသစ္စာမည်၏၊ ဤသမုဒယ သစ္စာသည်လည်း **ဥပ္ပတ္တိဘော** ပါကဋံ ဟူသည်နှင့်အညီ ဖြစ်ပေါ်ခြင်းအားဖြင့် ထင်ရှား၏။ ၎င်းသမုဒယသစ္စာ၏ လက္ခဏာ,ရသ ပစ္စုပဋ္ဌာန်တို့ကား—

ပဘာဝလက္ခဏာ ံ သမုဒယသစ္စံ၊ အနုပစ္ဆေဒ ကရဏာရသံ၊
ပလိဗောဓပစ္စုပဋ္ဌာနံ။ [ဝိသုဒ္ဓိမဂ်]

**သဘောသွား။** ။သမုဒယသစ္စာသည် ဒုက္ခသစ္စာကို ဖြစ်စေ ရာ၌ ရှေးဦးအမွန်အစ သဘောလက္ခဏာရှိ၏၊ ဒုက္ခသစ္စာဖြစ်ပေါ် မှုကို မပြတ်ဖြစ်ရန် ပြုခြင်းကိစ္စရှိ၏၊ ဒုက္ခသစ္စာ ဖြစ်ပေါ်မှု၌ ကြောင့်ကြပြုဘွယ် ဝန်တခုဟု ယောဂီတို့၏ ဉာဏ်အားထင် သော အခြင်း အရာရှိ၏။ ။ဤသမုဒယသစ္စာ ထိုက်သော တဏှာ, ရာဂ, လောဘတရားယုတ်သည် ဆင်းရဲခြင်း အစစ်အ မှန်ဖြစ်သော ဒုက္ခသစ္စာကို အမြဲပင် ဖြစ်စေတတ်၏၊ ဒုက္ခသစ္စာ ဖြစ်ပေါ်မှု ထင်ရှားသည်မှာ- ဆူးစူးခြင်း တိုက်ခိုက်မိခြင်း စ သောအခါ၌ ဖြစ်၏၊ ၎င်းကို ကိုယ်တွေ့ဖြစ်ကြ၍ အားလုံးပင် သိကြ၏၊ သမုဒယသစ္စာ ဖြစ်ပေါ်မှုမှာလည်း စားချင်, သောက် ချင်, အာရုံကောင်းကို လိုချင်သောအခါ ကိုယ်တွေ့ ဖြစ်ကြ၍ အားလုံးသိကြ၏၊ ဆင်းရဲခြင်းသဘောဟူ၍၎င်း, ဆင်းရဲခြင်းကို ဖြစ်စေတတ်သော သဘောဟူ၍၎င်း အားလုံးပင် မသိကြပေ၊ သာမညလက္ခဏာအားဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ကားပို၍ မသိနိုင်ကြပေ။

လောကီသစ္စာနှစ်ပါးနှင့် ကမ္မဝဋ်,ဝိပါကဝဋ် နှစ်ပါး မထူး ခြားလှပေ၊ ဒုက္ခသစ္စာနှင့် ဝိပါကဝဋ်တူပေ၏၊ သမုဒယသစ္စာနှင့် ကမ္မဝဋ်တူပေ၏၊ တူပုံအခြင်းအရာကို သဘောပေါက်အောင် ယူနိုင်ကြပါစေ၊ ထိုသစ္စာနှစ်ပါးနှင့် ဝဋ်နှစ်ပါးသည် ပုထုဇန် ပုဂ္ဂိုလ်တို့၌ အမြဲဖြစ်ကြသည်၊ ထိုဒုက္ခသစ္စာ, ဝိပါကဝဋ်နှစ်ပါး မှ ကင်းလွတ်လိုလျှင် ဝိဝဋ္ဋကုသိုလ်အမြဲဖြစ်ရန် အားထုတ်ဘို့ သာဖြစ်ပေတော့၏။ ဤတွင်လောကီသစ္စာနှစ်ပါးကို အပြီးထား ၍ လောကုတ္တရာ သစ္စာနှစ်ပါးကို ဆက်ဦးအံ့---

[ပဋိသမ္ဘိဒါမဂ်] ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အ ရိယသစ္စံ၊ ယော တဿာယေဝ ဒုက္ခာယ

အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိ
နိဿဂ္ဂေါ၊ မုတ္တိ၊ အနာလယော။

**နိရောဓသစ္စာ။** ။ချစ်သားတို့၊ ထိုလောဘတဏှာ၏သာလျှင် အကြင်အကြွင်းမရှိ တပ်ခြင်းကင်းရာ ချုပ်ရာ နိဗ္ဗာန်သည် ရှိ၏၊အကြွင်စွန့်ရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏၊ အကြွင်တပန်စွန့်ရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏၊ အကြွင် ကိလေသာမှ လွတ်ရာ နိဗ္ဗာန်သည် ရှိ၏၊ အကြွင်ကပ်ငြိခြင်းကင်းရာ နိဗ္ဗာန်သည် ရှိ၏၊ ဤနိဗ္ဗာန်တည်းဟူသော သဘောတရားသည် ဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယာတို့သိအပ်သော သစ္စာမည်၏။ ပုထုဇန်တို့ကား မျက်မှောက် သိအပ်သော တရားမဟုတ်ပေ၊ ထိုနိရောဓသစ္စာ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တို့ကား—

[**ဝိသုဒ္ဓိမဂ်**] သန္တိလက္ခဏံ နိရောဓသစ္စံ၊ အစ္စုတိရသံ၊
အနိမိတ္တပစ္စုပဋ္ဌာနံ။

**သဘောသွား။** ။နိရောဓသစ္စာဟူသော နိဗ္ဗာန်တရားတော်မြတ်သည် ငြိမ်သက်ခြင်းလက္ခဏာ ရှိ၏၊ မသေမပျောက်,မရွေ့ရှားခြင်းကိစ္စ ရှိ၏၊ နတ်,လူဟူသော ခန္ဓာနိမိတ် ကင်းဆိပ်ခြင်းလျှင် ယောဂီတို့၏ဉာဏ်အား ထင်သောအခြင်းအရာ ရှိ၏။ ။ နိဗ္ဗာန်တရားတော် မြတ်သည်ကား အသိရအခက်ဆုံး တရားတော်ပေတည်း၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကျင့်မှ သိနိုင်သောတရား,အနည်းဆုံး ကမ္ဘာအရာ,အထောင် ကျင့်ပြီးမှ သိနိုင်သောတရား ဖြစ်ပေသည်။ အရိယာတို့၏ အရာသာ ဖြစ်၏။ ထင်ရှားစေအံ့ —

[**ဥဒါနိဋ္ဌ-**] နိဗ္ဗာနံ ဟိ မဂ္ဂဖလ ဉာဏာဒီနံ အာရမ္မဏ
ပစ္စယဘာဝတော ရူပါဒီနိဝိယ စက္ခုဝိညာဏာဒီနံ
အာရမ္မဏပစ္စယဘူတာနိ။

**နှိုင်းယှဉ်ချက်။** ။မှန်ပေ၏၊ နိဗ္ဗာန်တရားတော် မြတ်သည် မဂ်ဉာဏ်,ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့၏အာရုံအကြောင်း ဖြစ်၏။ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား ရူပါရုံ,သဒ္ဒါရုံ, အစ

ရှိသော ငါးပါးသော အာရုံတို့သည် စက္ခုဝိညာဏ်, သောတဝိညာဏ် အစရှိသော ငါးပါးသော ဝိညာဏ်တို့၏ အာရုံအကြောင်း ဖြစ်ကုန်သကဲ့သို့တည်း။ ။ကိုယ်တိုင် မသိအပ်,မသိကောင်းသော အရာဌာနမှန်သမျှ မကြံအပ် မကြံစီကောင်းပေ၊ ကိုယ်တိုင် သိအပ်,သိကောင်းသော အရာဌာန မှန်သမျှကိုသာ ကြံအပ်, ကြံကောင်းပေသည်၊ ဤမျှဖြင့် နိရောဓသစ္စာနှင့်စပ်သော စကားကို ရပ်တန့်လျက် မဂ္ဂသစ္စာကို ဆက်ဦးအံ့—

[ဝိဘင်္ဂပါဠိ] ကတမံ ဒေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာ ကမ္မန္တော,သမ္မာအာဇီဝေါ,သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။

**မဂ္ဂသစ္စာ။** ။ချစ်သားတို့၊ မြတ်စွာသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဤမဂ္ဂင်တရားသည် ရှိ၏၊ ဤမဂ္ဂင်ဟူသည် အဘယ်နည်းဟူမူကား ကောင်းစွာမြင်ခြင်း, ကောင်းစွာကြံခြင်း, ကောင်းစွာပြောဆိုခြင်း, ကောင်းစွာအမှုလုပ်ခြင်း, ကောင်းစွာအသက်မွေးခြင်း, ကောင်းစွာလုလ္လထုတ်ခြင်း, ကောင်းစွာအောက်မေ့ခြင်း, ကောင်းစွာတည်ကြည်ခြင်း ဤရှစ်ပါးတည်း၊ ဤရှစ်ပါးသော မဂ္ဂင်တရားသည် ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော အရိယာပုဂ္ဂိုလ်တို့ သိအပ်သော သစ္စာမည်၏။ မဂ္ဂသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ကား—

[ဝိသုဒ္ဓိမဂ်] နိယျာနလက္ခဏံ မဂ္ဂသစ္စံ၊ ကိလေသပ္ပဟာနရသံ၊ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ။

**သဘောသွား။** ။မဂ္ဂသစ္စာသည် ဝဋ်ဒုက္ခမှ ထွက်မြောက်ခြင်းလက္ခဏာ ရှိ၏၊ ကိလေသာကို ပယ်ခြင်းကိစ္စ ရှိ၏၊ ဝဋ်ဒုက္ခမှ ထွက်မြောက်ခြင်း လျှင် ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အား ထင်

သောအခြင်းအရာရှိ၏။ ။ဤမဂ္ဂင်ရှစ်ပါးသည်ကား လောကီ, လောကုတ္တရာ နှစ်မျိုးရနိုင်၏၊ မဟာကုသိုလ်—ဉာဏ်သမ္ပယုတ်-လေးပါးနှင့် ယှဉ်သော မဂ္ဂင်ရှစ်ပါးသည် လောကီမဂ္ဂင်မည်၏။ မဂ်-စိတ်နှင့် ယှဉ်သော မဂ္ဂင်ရှစ်ပါးသည် လောကုတ္တရာ မဂ္ဂင်မည်၏။ ၎င်းမဂ္ဂင်သည် အစုအပေါင်းအားဖြင့် **သီလက္ခန္ဓ**, **သမာဓိက္ခန္ဓ**, **ပညာက္ခန္ဓ**, ဟူ၍ သုံးပါးရှိ၏၊ ထိုသုံးပါးတို့တွင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ သုံးပါးသည် သီလက္ခန္ဓ=သီလ အစု မည်၏၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ သုံးပါးသည် သမာဓိက္ခန္ဓ=သမာဓိအစုမည်၏၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, နှစ်ပါးသည် ပညာက္ခန္ဓ=ပညာ အစုမည်၏၊ ဤသို့အားဖြင့် မဂ္ဂင်ရှစ်ပါး၌ သီလ, သမာဓိ, ပညာ, သုံးပါး ရအပ်၏။

ဤအရာ၌ 'အမဲရှိမှ အဖြူပေါ်' ဆိုသလို သမ္မာဒိဋ္ဌိမဂ္ဂင်ပေါ်စေရန် မိစ္ဆာဒိဋ္ဌိမဂ္ဂင်ကိုလည်း သိသင့်သည့် အားလျော်စွာ ထုတ်ပြဦးအံ့- မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ၊ အမှားမြင်ခြင်း, အမှားကြံခြင်း, အမှားပြောဆိုခြင်း, အမှားအမှုလုပ်ခြင်း, အမှားအသက်မွေးခြင်း, အမှားလုံ့လထုတ်ခြင်း, အမှားအောက်မေ့ခြင်း, အမှားတည်ကြည်ခြင်း ဤရှစ်ပါးတို့တည်း။ ဗုဒ္ဓဘာသာနှင့် အယူမတူသော ဘာသာခြားတို့သည် ကောင်းကျိုးမင်္ဂလာကြီးဟူ၍ သူတို့နှလုံးသွင်းဖြင့် ပြုကြရာ အဘယ်မဂ္ဂင်၌ အကျုံးဝင်သနည်း—ဟု မိမိဉာဏ်၌ ထင်မြင်အောင် စဉ်းစားပါ၊ သိအောင် အားထုတ်ပါ၊ သို့မှသာ သူတို့ဘာသာ မှန်သည်,ကောင်းသည်၊ ဗုဒ္ဓဘာသာ မှန်သည် ကောင်းသည်၊ ဟူ၍ သိနိုင်ပေမည်။

အရှင် ဂေါတမ၏ ဗုဒ္ဓဘာသာမှာ မဂ္ဂင်ရှစ်ပါး တို့တွင် ကောင်းစွာမြင်ခြင်းဆိုသည့် မဂ္ဂင်တပါးသည် အရေးကြီးတကာ့

အကြီးဆုံး မင်္ဂလာဖြစ်ပေ၏၊ ၎င်းမင်္ဂလာအကြီးစား တပါးကို ပိုင်ပိုင်နိုင်နိုင် သိဘို့ရဘို့ အရေးကြီး၏၊ ဗုဒ္ဓဘာသာဝင် လူ, ရှင်,ရဟန်းတို့သည် ဤသမ္မာဒိဋ္ဌိ မင်္ဂလာတပါးကို ပိုင်ပိုင်နိုင်နိုင် လက်ကိုင် ရရှိပါလျှင် သူတော်ကောင်း အစစ်အမှန် ဖြစ်ကြလန့်၏။

ဆိုလိုရင်းမှာ-ကောင်းစွာအမြင်မှန် သမ္မာဒိဋ္ဌိမင်္ဂလာတပါး ရှိပါလျှင် ကောင်းစွာအမှန်ကြံတော့၏၊ ကောင်းစွာအမှန် စကားရှိတော့၏၊ ကောင်းစွာအမှန်အမှုအလုပ် ရှိတော့၏၊ ကောင်းစွာအမှန် အသက်မွေးခြင်း ရှိတော့၏၊ ကောင်းစွာအမှန် လုလ္လရှိတော့၏၊ ကောင်းစွာအမှန်အောက်မေ့ခြင်း ရှိတော့၏၊ ကောင်းစွာအမှန် တည်တည်တန့်တန့် ရှိတော့၏၊ ထိုမှပြန်သောအားဖြင့် ကောင်းစွာ အမြင်မှန် သမ္မာဒိဋ္ဌိတပါး မရှိပါလျှင် (ဝါ) သမ္မာဒိဋ္ဌိ ပျက်စီးပါလျှင် အမှားမြင်=မိစ္ဆာဒိဋ္ဌိဖြစ်တော့၏၊အမှားမြင်လျှင် အမှားကိုကြံတော့၏၊ အမှားကိုပြောတော့၏၊ အမှားကိုပြုလုပ်တော့၏၊ အမှားကိုပြုလုပ် အသက်မွေးတော့၏၊ အမှားကို အားထုတ်တော့၏၊ အမှားကို အောက်မေ့တော့၏၊ အမှားအတိုင်း တည်တည်တန့်တန့်ရှိတော့၏၊ (သို့သော် လောကီမင်္ဂလာတို့ကား မမြဲကြပေ၊ ရံခါသမ္မာဒိဋ္ဌိ,ရံခါမိစ္ဆာဒိဋ္ဌိ ဖြစ်ကြပေ၏၊ထို့ကြောင့် ပညာရှင်တို့သည် သမ္မာဒိဋ္ဌိ မြဲစေမှုကို အရင်းပြု၍ နှုတ်ဖြင့်လည်း ဟောပြော, ကျမ်းစာရေး၍လည်း သတိကောင်း ဖြစ်စေရန် လုလ္လပြုကြပေသည်)။ လောကုတ္တရာမဂ်စိတ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိသည်ကား မပျက်စီးတော့ပေ၊ တန်းခိုးကြီးသော သိကြား,မာရ်နတ်တို့ ဖျက်ဆီးသော်လည်း မပျက်စီးတော့ပေ၊ ခိုင်ခိုင်မြဲမြဲ ဖြစ်ပေတော့၏။

သစ္စာလေးပါး တို့တွင် တပါးပါးလျှင် အနက် လေးပါး လေးပါးစီ, ရှိရကား ထိုတဆဲ့ခြောက်ပါးသော သစ္စာတို့၏ အနက်ကို အကျဉ်းအားဖြင့် ပြပေဦးအံ့——

[ပဋိသမ္ဘိဒါမဂ်] ဒုက္ခဿ ပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော ဣမေ စတ္တာရော ဒုက္ခဿ ဒုက္ခဋ္ဌာ တထာ၊ အဝိတထာ၊ အနညထာ။

**ဆင်းရဲခြင်း။** ။ ဒုက္ခသစ္စာ၏ နှိပ်စက်ခြင်းကို ခံရသော အနက်သဘော, သမုဒယသစ္စာ၏ ပြုပြင်စီရင်ရာကို ခံရသော အနက်သဘော, ပူပန်ရခြင်း အနက်သဘော, ဖောက်လွဲဖောက်ပြန် မတည်တန့်သော အနက်သဘော ဤသို့ လေးပါးကုန်သော ဒုက္ခသစ္စာ၏ ဆင်းရဲခြင်း သဘောတရားတို့သည် မှန်ကုန်၏၊ မချွတ်မယွင်း မှန်ကုန်၏၊ တမျိုးတခြားမရှိ ပကတိအတိုင်း မှန်လှကုန်၏။ ။ ဤဆိုခဲ့ပြီးသည်ကား ဒုက္ခသစ္စာ၏ အနက်လေးပါတည်း။ ။

[ပဋိသမ္ဘိဒါမဂ်] သမုဒယဿ အာယူဟနဋ္ဌော, နိဒါနဋ္ဌော, သံယောဂဋ္ဌော, ပလိဗောဓဋ္ဌော, ဣမေ စတ္တာရော သမုဒယဿ သမုဒယဋ္ဌာ တထာ၊အဝိတထာ၊ အနညထာ။

**ဆင်းရဲကြောင်း။** သမုဒယသစ္စာ၏ ဒုက္ခဖြစ်မှုတို့ကိုအားထုတ်ကြောင်း အနက်သဘော, ဒုက္ခသစ္စာဖြစ်အောင် ဆောင်နှင်းတတ်သော အနက်သဘော, ဒုက္ခမှုတို့နှင့် ယှဉ်တွဲဆက်စပ်ခြင်း အနက်သဘော, ဒုက္ခမှုမှ မလွတ်ရအောင် နှောက်ရှက်တားမြစ်တတ်သောအနက်သဘော သမုဒယသစ္စာ၏ လေးပါးကုန်သော ဤသမုဒယအနက်သဘောတို့သည် မှန်ပေကုန်၏၊မချွတ်မယွင်းမှန်လှကုန်၏၊ တမျိုးတခြားမရှိ ပကတိအတိုင်း မှန်ပေကုန်၏။ ။ဤကား သမုဒယသစ္စာ၏ အနက်လေးပါးတည်း။

[ပဋိသမ္ဘိဒါမဂ်] နိရောဓဿ နိဿရဏဋ္ဌော, ဝိဝေကဋ္ဌော, အသင်္ခတဋ္ဌော, အမတဋ္ဌော ဣမေ

စတ္တာရော နိရောဓသော နိရောဓဋ္ဌာ တထာ၊ အဝိတထာ၊ အနညထာ။

ချုပ်ရာတရား။ နိဗ္ဗာန်ဟူသော နိရောဓသစ္စာ၏ ဝဋ်ဒုက္ခမှ ထွက်မြောက်ခြင်း အနက်သဘော, နှောက်ရှက်ခြင်းတို့မှ ကင်းဆိပ်ခြင်း အနက်သဘော, ပြုပြင်စီရင်မှု မရှိသော အနက်သဘော, သေခြင်းတရားမှ ကင်းလွတ်ခြင်း အနက်သဘော, ဤသို့ နိရောဓသစ္စာ၏ လေးပါးကုန်သော နိရောဓ အနက်သဘောတို့သည် မှန်ပေကုန်၏၊ မချွတ်မယွင်း ဟုတ်မှန်ပေကုန်၏၊ တမျိုးတခြားမရှိ ပကတိအတိုင်း မှန်ပေကုန်၏။ ။ ဤကား နိရောဓသစ္စာ၏အနက် လေးပါးတည်း။

[ပဋိသမ္ဘိဒါမဂ်] မဂ္ဂဿ နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော, အဓိပတေယျဋ္ဌော ဣမေ စတ္တာရော မဂ္ဂဿ မဂ္ဂဋ္ဌာ တထာ၊ အဝိတထာ၊ အနညထာ။

ချုပ်ကြောင်းတရား။ မဂ္ဂသစ္စာ၏ ဝဋ်မှ ထွက်မြောက်နိုင်ကြောင်း အနက်သဘော, နိဗ္ဗာန်သို့ သွားနိုင်ကြောင်းဖြစ်သော အနက်သဘော, နိဗ္ဗာန်ကို မျက်မှောက်ကေန် မြင်စွမ်းနိုင်သော အနက်သဘော, မဂ္ဂသစ္စာ၏ လေးပါးကုန်သော ဤအနက်သဘောတို့သည် ဟုတ်မှန်ပေကုန်၏၊ မချွတ်မယွင်း မှန်ပေကုန်၏၊ တမျိုးတခြားမရှိ ပကတိအတိုင်း မှန်ပေကုန်၏။ ဤကား မဂ္ဂသစ္စာ၏ အနက်လေးပါးတည်း။ ။ဤသို့အားဖြင့် သစ္စာအနက် တဆဲ့ခြောက်ချက် ဖြစ်၏။ ထိုမှတပါး သစ္စာလေးပါးအပြားကို အကျဉ်းအားဖြင့်ပြဦးအံ့—

[ဝိသုဒ္ဓိမဂ်] ပဝတ္တိ, ပဝတ္တိဟေတု, နိဝတ္တိ, နိဝတ္တိဟေတုလက္ခဏာနိ ပဋိပါဋိယာ သင်္ခတ, တဏှာ, အသင်္ခတ, ဒဿန လက္ခဏာနိစာတိ။

**အကျဉ်းချုံး။** အထက်ဘဝဂ် အောက်အဝီစိ စကြာဝဠာ အနန္တတို့၌ ဖြစ်သမျှသည် ဒုက္ခသစ္စာ, ထိုမျှ လောက် ဖြစ်စေတတ်သော တဏှာသည် သမုဒယသစ္စာ, အထက်ဘဝဂ် အောက်အဝီစိ စကြာဝဠာအနန္တတို့၌ မဖြစ်ဘဲ နေခြင်းသည် နိရောဓသစ္စာ, ထိုမျှလောက် မဖြစ်စေတတ်သော သဘောသည် မဂ္ဂသစ္စာ မည်၏။ တနည်း–အထက်ဘဝဂ် အောက်အဝီစိ စကြာဝဠာအနန္တတို့၌ ပူပြင်ခြင်းကို ခံရသမျှ သည် ဒုက္ခသစ္စာ, ထိုမျှလောက် ပူပြင်တတ်သော တဏှာသည် သမုဒယသစ္စာ, အပူအပြင် အစီအမံ မခံရသော သဘောသည် နိရောဓသစ္စာ, နိဗ္ဗာန်ကို မြင်ကြောင်းဖြစ်သော အဋ္ဌင်္ဂိကမဂ် သည် မဂ္ဂသစ္စာ မည်၏။

ဤသို့ ပြဆိုခဲ့ပြီးသော သစ္စာလေးပါးတို့၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် အားဖြင့် သုံးပါးစီရှိရကား တဆဲ့ နှစ်ပါးသော အခြင်းအရာတို့ကို ပြဦးအံ့......

[သာရတ္ထ-ဋီ] စတူသု သစ္စေသု ယထာဘူတဉာဏံ သစ္စဉာဏံ နာမ။

**သစ္စ သိဉာဏ်။** လောကီစိတ် (၈၁) လောဘကြဉ်သော စေတသိက် (၅၁) ရုပ် (၂၈) ဤတရားစုသည် ဆင်းရဲသောတရားအစု အမှန်ဖြစ်၍ ဒုက္ခသစ္စာမည်၏ ဟူ၍၎င်း, လောဘစေတသိက်သည် ဒုက္ခသစ္စာကို ဖြစ်စေတတ်သော အကြောင်းဖြစ်၍ သမုဒယသစ္စာမည်၏ ဟူ၍၎င်း, နိဗ္ဗာန်တရား တော်သည် ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးတို့၏ ချုပ်ရာ အစစ်အမှန်ဖြစ်၍ နိရောဓသစ္စာမည်၏ ဟူ၍၎င်း, သမ္မာဒိဋ္ဌိစ သော မဂ္ဂင်၈ပါးသည် ထိုဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါး တို့၏ ချုပ်ခြင်းအကြောင်း ကောင်းမြတ်သော အကျင့်ဖြစ်၍ မဂ္ဂသစ္စာမည်၏ ဟူ၍၎င်း ဤသို့ သစ္စာတပါးနှင့်တပါး မရော မယှက် သိခြင်းသည် သစ္စဉာဏ်မည်၏။

[သာရတ္ထ-ဋီ] ကဏ္ဍပ္ပဝတ္တိကိစ္စ ဝသေန ဉာဏံ ကိစ္စဉာဏံ နာမ။

**ကိစ္စသိဉာဏ်**။ ။ဒုက္ခသစ္စာသည်ကား သမ္မာဒိဋ္ဌိ စသော မဂ္ဂသစ္စာသည် မရှုပ်မထွေး ပိုင်းပိုင်း ခြားခြား သိအပ်သောကြောင့် ပရိညေယျ မည်၏ ဟူ၍ရင်း, သမုဒယသစ္စာသည်ကား သမ္မာဒိဋ္ဌိစသော မဂ္ဂသစ္စာသည် ပယ် အပ်သော တရားဖြစ်သောကြောင့် ပဟာတဗ္ဗတရား ဟူ၍ရင်း, နိရောဓသစ္စာသည် သမ္မာဒိဋ္ဌိစသော မဂ္ဂသစ္စာသည် မျက်မှောက် ပြုအပ်သောကြောင့် သစ္ဆိကာတဗ္ဗတရား မည်၏ ဟူ၍ရင်း ဤသို့ သစ္စာလေးပါးတို့၏ကိစ္စကိုသိခြင်းသည် ကိစ္စဉာဏ်မည်၏။

[သာရတ္ထ-ဋီ] တဿ ကတဘာဝ ဝသေန ဉာဏံ ကတ ဉာဏံနာမ။

**ကတ သိဉာဏ်**။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိပြီးပြီ ဟူ၍ ရင်း, သမုဒယသစ္စာကို ပယ်ပြီးပြီ ဟူ၍ရင်း, နိရောဓသစ္စာကို မျက်မှောက်ပြုပြီးပြီ ဟူ၍ရင်း, မဂ္ဂသစ္စာကို ပွားများပြီးပြီ ဟူ၍ရင်း, ဤသို့ ပရိညေယျ စသော ကိစ္စ၏ ပြုအပ်ပြီးသည်ကို ဆုံးဖြတ်သောအားဖြင့် သိသောဉာဏ်သည် ကတဉာဏ် မည်၏။ ။ဤသို့အားဖြင့် သစ္စာတပါးလျှင် သုံးပါး စီဖြစ်ရကား ဒွါဒသာကာရ=တဆဲ့နှစ်ပါးသော အခြင်းအရာ ဖြစ်သတည်း။

ထိုကိစ္စဉာဏ်လေးပါးတို့တွင် ပဟာတဗ္ဗကိစ္စ၌ အတိတ် အနာဂတ်,ပစ္စုပ္ပန်ဟု မခေါ်အပ်သော သမုဒယသစ္စာ အပါအ ဝင် အနုသယကိလေသာကို မဂ္ဂသစ္စာဖြင့် ပယ်သတ်သော အ ခြင်းအရာကို သရက်သီး ဥပမာဖြင့် သိအပ်ပေသည်၊ဥဒယဗ္ဗယ ဉာဏ်ဖြစ်ပေါ်သည်မှစ၍ အနုလောမဉာဏ်,ဂေါတြဘု ဉာဏ် တိုင်အောင်သော ခဏ၌ ထိုသမုဒယသစ္စာ,အနုသယကိလေသာ အယုတ်တရားတို့သည်ကား ရင်းဉာဏ်အစဉ် အခိုက်အတန့်၌ပင်

ပစ္စုပ္ပန်အားဖြင့် ထင်ရှားမရှိကြတော့ပေ၊ ထိုကိလေသာအယုတ်တရားတို့ ရှိပါလျှင်လည်း ၎င်းဉာဏ်အစဉ်တို့ ဖြစ်ပေါ်ခွင့် မထိုက်ပေ၊ ဥပမာဖြင့် ပြပေဦးအံ့ — ထိုဉာဏ်စဉ် အခိုက်အတန့်၌ အသီးရှိသော သရက်ပင်၏ အသီးများကို အကြွင်းမရှိ ဆွတ်ခူးထားသည်နှင့် တူပေ၏၊ယခုဘဝ လောကီဖြစ်သော အနုလောမဉာဏ်၌သာ ရပ်တန့်၍ ဂေါတြဘုဉာဏ်, မဂ်ဉာဏ် မဖြစ်ပေါ်ပြားအံ့ သမုဒယ, အနုသယ ကိလေသာတို့သည် အနာဂတ်ဘဝစသည်တို့၌ ဖြစ်ပေါ်လတ္တံ့။ ဥပမာ- ထိုအသီးရှိသော သရက်ပင်၏ အသီးကိုသာ ခူးဆွတ်၍ သရက်ပင်ကို အမြစ်ပါ အကြွင်းမရှိမချတ်သတ် မဖျက်ဆီး ခဲ့သော် ၎င်းသရက်ပင်မှ နောက်နောင်သော နှစ်တို့၌ အသီး-သီးလတ္တံ့ကဲ့သို့ ဖြစ်သည်နှင့် တူပေ၏။

ထိုသို့မဟုတ်ဘဲ လောကီဉာဏ် အဆုံးဖြစ်သော အနုလောမဉာဏ်နောင် ဂေါတြဘုဉာဏ်, မဂ်ဉာဏ်စသည် တဆက်တည်းဖြစ်ပြားအံ့ အတိတ်, အနာဂတ်, ပစ္စုပ္ပန် မခေါ်ဝေါ် အပ်သောအနုသယကိလေသာတို့သည် တဖန်မဖြစ်သောအားဖြင့် ထိုက်သည်အားလျော်စွာ ချုပ်ကြကုန်၏၊ ဤသို့တဖန် မဖြစ်သောအားဖြင့် ချုပ်သည်ကိုပင် မဂ်ဖြင့်ပယ်သည် ဟူ၍ဆိုအပ်၏။ ဥပမာ— အသီးကိုခူးဆွတ်ပြီးသော သရက်ပင်ကိုအမြစ်အရင်းက အကြွင်းမရှိအောင် ခုတ်သတ် လှည်းပစ်သောအခါ အတိတ်, အနာဂါတ်, ပစ္စုပ္ပန်ဟူ၍ မခေါ်ဝေါ် အပ်သောသရက်သီးတို့ကို ဖျက်ဆီးပစ်လိုက်သည်နှင့် တူလှပေ၏။ ။ကာလသုံးပါးမှလွတ်သော သမုဒယသစ္စာ, အနုသယကိလေသာ အယုတ်တရားတို့ကို ဉာဏ်စဉ်နှင့်တကွ မဂ်ဖြင့်ပယ်ပုံပြီး၏။ (ဂေါတြဘု ဉာဏ်ကား လောကီလည်းမဟုတ် လောကုတ္တရာသို့လည်းမပါဝင် အလယ်အကြား၌ ဖြစ်သော ဉာဏ်ဟူ၍ ကျမ်းဂန်တို့၌ ဆုံးဖြတ်၏)။

သန္တိကာတဗ္ဗ အရ နိရောဓသစ္စာ=နိဗ္ဗာန်တရားတော်ကို ကျမ်းဂန်လာတိုင်း ထုတ်ဆောင်၍ ပြပေအံ့။----

[အဓိပ္ပာယ်သင်္ဂဟ] နိ သဒ္ဒေါ အဘာဝံ ရောဓသဒ္ဒေါ စာရကံ
ဒီပေတိ။

နိသဒ္ဒါသည် မရှိခြင်းကို ပြ၏၊ ရောဓသဒ္ဒါသည် နှောင်
အိမ်ကိုပြ၏၊ နိရောဓ-ဟု နှစ်ခုပေါင်းစပ်သော်နှောင်အိမ်မရှိ ဟု
ဆိုလို၏၊ (နှောင်အိမ်ဟူသည် မင်းပြစ်,မင်းဒဏ် ခံရသော အ
ကျဉ်းသား တို့၏၊ တည်နေရာအတွက် အစိုးရတို့ ပြုလုပ်ထား
သော ထောင်ကြီးကဲ့သို့ သတ္တဝါအားလုံးတို့ နေဘို့ရာ တဏှာ
ဘုံ သောက်လုပ်အပ်သော သုံးဆယ့်တစ်ဘုံကို ဆိုလို၏။

နိဗ္ဗာန်ဟူသည် "ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ
နိဗ္ဗာနန္တိ ပဝုစ္စတိ" ဟူသော လက်သန်းအဋ္ဌကထာနှင့် အညီ
ဝါနတည်းဟူသော တဏှာမှ ထွက်မြောက် တတ်သည်၏
အဖြစ်ကြောင့် နိဗ္ဗာန်မည်၏-ဟူ၍ ဆိုရကား တဏှာ၏ နယ်
ဖြစ်သော အထက်ဘဝဂ်, အောက်အဝီစိ စကြာဝဠာအနန္တ
ဘုံဘဝတို့မှ ထွက်မြောက်၏—ဟူ၍ပင် ဆိုသောကြောင့်
သုံးဆယ့်တစ်ဘုံ-နှောင်အိမ် မရှိဟူသောနိရောဓသစ္စာ အရနှင့်
နိဗ္ဗာန်သည် တထပ်တည်း အဓိပ္ပါယ်တူပေ၏၊ ဤသို့ဆိုသော်
နိရောဓသစ္စာ-နိဗ္ဗာန်တရားတော်ကို သုံးဆယ့်တစ်ဘုံမှ အ
လွတ်သက်သက် အစစ်အမှန် ငြိမ်ဖြစ်သော တရားထူး,
တရားမြတ် ဟူ၍သာ မှတ်ယူရာ၏၊ သို့ရာတွင် သတ္တဝါတို့၏
နားနှင့် အဆင်ပြေအောင် ပညတ်တင်ထား၍ တမျိုးဟော
ကြားတော်မူသည်ကို ပြဦးအံ့—

[အင်္ဂုတ္တိုရ်-ဋီ] ဋ္ဌမသ္မိံ ယောဝ ဗျာမမတ္တေ ကဠေဝရေ သသညမှိ သမနကေ လောကဥ္စ ပညပေမိ၊ လောကသမုဒယဥ္စ, လောကနိရောဓဥ္စ, လောကနိရောဓ ဂါမိနိဥ္စ ပဋိပဒန္တိ။

**နားလည်လွယ်ရန်။** ။ စိတ်,သညာရှိသည့် တလံမျှလောက်
သော ဤကိုယ်ကောင်၌ ဒုက္ခသစ္စာကိုလည်း ငါဘုရား ပညပ်

ပေ၏၊ ဒုက္ခသစ္စာကို ဖြစ်စေတတ်သော သမုဒယသစ္စာ ကိုလည်း ငါဘုရား ပညပ်ပေ၏၊ ဒုက္ခ,သမုဒယတို့၏ ချုပ်ရာ နိရောဓ သစ္စာကိုလည်း ငါဘုရား ပညပ်ပေ၏၊ ဒုက္ခ,သမုဒယတို့၏ ချုပ်ကြောင်း မဂ္ဂသစ္စာ-အကျင့်ကောင်းကိုလည်း ငါဘုရား ပညပ်ပေ၏၊ ပညာရှင်တို့အတွက်ကား---

**အင်္ဂုတ္တရ-ဌ** လောကဉ္စ ဒုက္ခသစ္စံ, လောကသမုဒယဉ္စ သမုဒယသစ္စံ, လောကနိရောဓဉ္စ နိရောဓသစ္စံ, လောကနိရောဓ ဂါမိနိဉ္စ ပဋိပဒဉ္စ မဂ္ဂသစ္စံ။

**အင်္ဂုတ္တရ-ဌ** နာဟံ အာဝုသော ဣမာနိ စတ္တာရိ သစ္စာနိ တိဏ, ကဋ္ဌာဒိသု ပညပေမိ၊ ဣမသ္မိံ ပန စာတုမဟာဘူတိကေ ကာယသ္မိံ ယေဝ ပညပေမီတိ ဒဿေတိ။

**အထူးသိရန်။** ။ငါ့ရှင်ရောဟိတက (နတ်ပြဟ္မာ) ငါဘုရား သည်လည်း လေးပါးကုန်သော ဤသစ္စာတို့ကို မြက်,ထင်း အစရှိကုန်သော စိတ်သညာကင်းသောဝတ္ထုတို့၌ ပညပ်တင် ထား၍ ဟောကြားတော်မမူ၊ ဟောကြားတော်မူသည်မှာကား မဟာဘုတ်လေးပါးရှိသော ဤကိုယ်ကောင်၌သာလျှင် ဟော ကြားပညပ်တော်မူပေ၏။ ။ဤသို့. အဋ္ဌကထာဆရာ ဆုံးဖြတ် ညွှန်းကြား ပြသတော်မူ၏။ ။ဤကိုယ်ကောင်၌သာ နိဗ္ဗာန် တရားတော်ကို ပညပ်၏-ဟူသော စကား၌ ဋီကာဆရာ မိန့် ပြသည်မှာ---

[**သာရတ္ထ-ဋီ**] နိဗ္ဗာနမ္ပိ ဟိ ခန္ဓေ ပဋိစ္စ ပညာပနတော သရီရသ္မိံယေဝ ပညပေတိ။ အဒေသမ္ပိ ဟိ တံ ယေသံ နိရောဓော တေသံ ဝသေန ဒေသတောပိ ဥပစာရဝသေန နိဒ္ဒိသိယတိ။

**တင်စား၍ပြခြင်း။** ။ထင်ရှားစေအံ့၊ နိဗ္ဗာန်ကိုလည်း ခန္ဓာ တို့ကိုစွဲ၍ ပညပ်ခြင်းကြောင့် သတ္တဝါခေါ်ဆို ကိုယ်၌သာ

လျှင် ပညတ်ပေ၏၊ ထိုစကားမှန်ပေ၏။ တည်ရာမရှိသော ထို နိဗ္ဗာန်ကိုလည်း အကြင်ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ ချုပ်ခြင်းသည် ရှိ၏၊ ထိုချုပ်လေပြီးသော ခန္ဓာငါးပါး ရုပ်,နာမ် တရားတို့၏ အစွမ်းဖြင့် (တည်ရာအရပ်အားဖြင့်လည်း မှာန၂။ ပစာရ၏ အစွမ်းဖြင့်) ညွှန်ကြားအပ်၏၊ ။နိဗ္ဗာန်သည် ဘေဒ မဟုတ် အဘေဒ=အပြားမရှိပေ၊ ထိုသို့ ပညတ်တင်ထား၍ ဟောကြားတော်မူတိုင်း နိဗ္ဗာန်တရားကို အမှန်ယူခဲ့သော နိဗ္ဗာန် ပေါင်းအနန္တ များပြားလှပေ၏၊ ပရမတ္ထသဘော၏ အစွမ်း ဖြင့် ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး မရှိသည်ကိုလည်း သိတိပြု၊ သင်္ခတ,အသင်္ခတ လက္ခဏာကိုလည်း သတိပြုသင့်၏။

[ပဋိသမ္ဘိဒါမဂ်] သင်္ခတာနံ သဗ္ဗာနံ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတာနံ အညထတ္တံ ပညာယတိ။ ။အသင်္ခတဿ သဗ္ဗဿ န ဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာယတိ၊န ဌိတဿ အညထတ္တံ ပညာယတိ၊သဗ္ဗာနံ ဓမ္မာနိ ဆလက္ခဏာနိ။

**မှတ်ကြောင်း။** ။ပြုပြင်စီရင်အပ် ကုန်သော သင်္ခတအမှန် တရားတို့၏ ဖြစ်ပေါ်ခြင်းသည် ထင်ရှားရှိ၏၊ ပျက်ခြင်းသည် ထင်ရှားရှိ၏၊ တည်ရှိသော သင်္ခတတရားတို့၏ တည်ရှိသည်မှ တပါးသော ဖြစ်ခြင်း,ပျက်ခြင်းသည် ထင်ရှားရှိ၏။ ။မပြုပြင် မစီရင်အပ်သော အသင်္ခတမှန် နိဗ္ဗာန်တရားတော်၏ ဖြစ် ပေါ်ခြင်းသည် ထင်ရှားမရှိ၊ ပျက်ခြင်းသည် ထင်ရှားမရှိ။ တည်ရှိသော အသင်္ခတတရား၏၊ တည်ရှိသည်မှတပါးသော ဖြစ်ခြင်း, ပျက်ခြင်းသည် ထင်ရှားမရှိ၊ အမှန်တရားတို့၏ မှတ်ကြောင်း လက္ခဏာတို့သည် ၍ခြောက်ပါးတို့ ပင်တည်း၊ အသင်္ခတ လက္ခဏာ သုံးပါး သင်္ခတလက္ခဏာ သုံးပါး, ပေါင်း ခြောက်ပါး ဖြစ်ပေ၏၊ အသင်္ခတ နိဗ္ဗာန်အစစ် ပညတ် မတင်ဘဲသဘာဝအတိုင်း ဟောတော်မူခြင်းဟု မှတ်ဘို့သင့်၏။

မှတ်ပါလေ ။အကျဉ်း သဘာဝအတိုင်းမှာ ရုပ်,နာမ်သင်္ခတ တရားကား ဖြစ်ပျက်သော တရားအမှန်၊အသင်္ခတ နိဗ္ဗာန်တရား ကား မဖြစ်, မပျက်သောတရားအမှန် ဒွိဟတရားဟူ၍လည်း သိ သင့်၏၊ သိပါလေ။တနည်း၊အသင်္ခတနိဗ္ဗာန်ကိုဟောပြသည်မှာ—

[ဥဒါနပါဠိ] အဇာတံ အဘူတံ အကတံ အသင်္ခတံ။

**နိဗ္ဗာန်စင်း။** ။မဖြစ်ပေါ်ခြင်း, ထင်ရှားမရှိခြင်း, မပြုရခြင်း, မစီမံရခြင်း။ ။ဤကားနိဗ္ဗာန်၏လက္ခဏာကို တမျိုးပြခြင်း ဖြစ် ပေ၏၊ ထိုလေးပါးကား သဘောလက္ခဏာ အတူပင်ဖြစ်၏၊တ ပါးကို ပိုင်ပိုင်သိလျှင် သုံးပါးကို သိပြီးဖြစ်တော့၏။ ထိုစကား မှန်၏—

[မဟာဋီကာ] အဇာတံ အဘူတံ အကတံ အသင်္ခတံ စတ္တာရိပိ ပဒါနိ အညမညဝေဝစနာနိ။

**သဘောအဓိပ္ပာယ်။** ။မဖြစ်ပေါ်ခြင်း,ထင်ရှားမရှိခြင်း, မပြုရခြင်း, မစီမံရခြင်း ဤလေးပါးသော နိဗ္ဗာန်ကို ဟော သောပုဒ်တို့သည် တပုဒ်သည် တပုဒ်အား ထင်ရှားစွာပြသော အချင်းချင်း လဲလှယ်၍သုံးသော စကားအထူးတို့တည်း။ ။ မဖြစ်ပေါ်ခြင်းကိုသိရလျှင် ထင်ရှားမရှိခြင်းကို သိရတော့၏၊ ထင်ရှားမရှိခြင်းကို သိရလျှင် မပြုရခြင်းကို သိရတော့၏၊ မပြုရ ခြင်းကို သိရလျှင် မစီမံရခြင်းကိုကြောင်းသိရတော့၏ ဟူ လို။ နိဗ္ဗာန်သည် ဘယ်လို, ဘယ်ပုံ, ဘယ်သဏ္ဌာန် ဖြစ်၍နေပါ သနည်းဟု စိစစ်ခဲ့သော်—

[မိလိန္ဒပဉှာ-ဋီ] အပ္ပဋိဘာဂံမဟာရာဇနိဗ္ဗာနံ။

**အဓိပ္ပာယ်။** ။မြတ်သော မိလိန္ဒမင်းကြီး နိဗ္ဗာန် တရားတော် မြတ်သည် တစုံတခုသော ဝတ္ထုနှင့် နှိုင်းယှဉ် အပ်သောအတွ မရှိပေ။ ဤသို့ အရှင်နာဂသိန် ရဟန္တာမြတ်ဟော တော်မူသည်၊ "နိဗ္ဗာန်နှင့် နှိုင်းယှဉ်၍ ပြဘို့ရာမရှိ" ဟူသောစ ကားတော်သည် မှန်ပေ၏၊နိဗ္ဗာန်သည် လောကမှ အလွတ်ဖြစ်

သော တရားထူးဖြစ်၏၊ နှိုင်းယှဉ်၍ပြဘို့ရာမှာ လောကအတွင်း တရားသဘာဝအတိုင်းသာ ဖြစ်နိုင်ရာသည်၊ (လောကမှ လွတ်သော အသင်္ခတတရားသည်ကား ဤနိဗ္ဗာန်တရား တပါးသာ ရှိသဖြင့် နှိုင်းယှဉ်၍ပြဘို့ရာ အဆင်းသဏ္ဍာန်, အရွယ်အစား, အတိုင်းအရှည် ဘာတခုမျှ မရှိဟု ဆိုလိုသည်)၊ဤနိဗ္ဗာန် တရားကို ပုထုဇန်တို့ဉာဏ်ဖြင့် အမှန်သိဘို့ရာ အကြောင်းမရှိပေ။ အရိယာတို့၏မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ဖြင့်သာ အမှန်ကို သိဘို့ရာ အကြောင်းနှင့်ပြည့်စုံပေ၏။

"နိဗ္ဗာနံပရမံဝဒန္တိ ဗုဒ္ဓါ" ဟူသော ဘုရားရှင်၏ စကားတော်အတိုင်း နိဗ္ဗာန်ဟူသည်မှာ မွန်မြတ်သော တရားတော်အမှန်ဟူ၍ လေးလေးစားစား ယုံကြည်သင့်ပေသည်၊ သိလိုရေးဖြင့် နိဗ္ဗာန်ကိုမေးခဲ့သော ဝမ်းတွင်းကပင် မျက်စိရုံလုံးကန်းခဲ့သော သူသည် နွားနို့ကို သိသကဲ့သို့ သိသွားတတ်ပေသည်။ ထင်ရှားစေအံ့- ဝမ်းတွင်းကန်း၏ အနီး၌ တယောက်သော သူက တယောက်သောသူအား နွားနို့ယူခဲ့စမ်းပါဟု စေခိုင်းလိုက်ရာ ဝမ်းတွင်းကန်းက နွားနို့ဆိုဒါ ဘယ်လိုနေပါသလဲဟု သိလိုသဖြင့် မေးလေ၏၊ ထိုအခါ မျက်စိကောင်းသူက နွားနို့ဆိုဒါ ဖြူဖြူပေါ့ဟု ပြောလေ၏၊ ဖြူဖြူဆိုဒါ ဘယ်လိုပါလဲဟု ထပ်၍မေးပြန်ရာ ဖြူဖြူဆိုဒါဗျိုင်းလိုပေါ့ဟု ပြောလေ၏၊ ဗျိုင်းဆိုဒါဘယ်လိုပါလဲဟု ထပ်ဆင့်မေးပြန်၍ မျက်စိကောင်းသူက တတောင်ဆစ်ကိုကွေး, လက်ကောက်ဝတ်ကိုလည်း လက်ဖမိုးကို ခပ်ကုန်းကုန်းထားပြီး ရှေ့သို့ ကိုင်း၍ ဝမ်းတွင်းကန်းကို အစမ်းခိုင်းယင်း ဗျိုင်းဆိုဒါ ဒီလိုဘဲဟု ပြောလေ၏၊ ထိုအခါ ဝမ်းတွင်းကန်းက အစအဆုံးစမ်း၍ ကြည့်ပြီးသော် သြော် နွားနို့ဆိုဒါ ဒီလိုကောက်ကောက်ကြီးဘဲကိုး-ဟု မမှန်သောသဘာဝကို အမှန်ပင်ဟု သိသွားလေ၏၊ ထို့ကြောင့် နိဗ္ဗာန်တရားမြတ်ကို ကျမ်းဂန်အတိုင်းသာ ယုံကြည်စွာမှတ်၍ ထားသင့်၏၊

မမေးလေနှင့် မေး၍သိရလျှင် ဝမ်းတွင်းကကျားသည် နွားနို့ကိုသိသကဲ့သို့ သိသွားပေမည်။

"ယဒ္ဒ ကာမသုခံ လောကေ၊ ယဉ္စိဒံ ဒိဗိယံ သုခံ"-ဟု အစထား၍ ပြဆိုခဲ့သော နိဗ္ဗာန်ချမ်းသာ၏ များမြတ်သော အကျိုးထူးကို မမေ့ရအောင်လည်း နှလုံးသွင်းတို့ သင့်လှပေသည်၊ အနည်းဆုံး သောတပတ္တိဖိုလ်ကို မျက်မှောက်ပြုသောအခါ မျက်စိကောင်းသူသည် အဆင်းရူပါရုံကို သိမြင်သကဲ့သို့ နိဗ္ဗာန်တရားမြတ်ကို သိမြင်ပေလတ္တံ့။

နိဗ္ဗာန်နာမ်နှင့် စိတ်စေတသိက်နာမ် နှစ်ပါးတို့၏ အထူးမှာကား စိတ်,စေတသိက်နာမ်တို့သည် မိမိကလည်း အာရုံတပါးသို့ ညွတ်တတ်သည်၊ တပါးသောအာရုံတို့ကို မိမိသို့လည်း ညွတ်စေတတ်သည်၊ သို့ဖြစ်၍ နာမ်ခေါ်သည်၊ နိဗ္ဗာန်-နာမ်သည်ကား **နာမနဋ္ဌေန ပဟိ ဘံ နာမံ န နမနဋ္ဌေန**=မိမိသို့သာ ညွတ်စေတတ်သောကြောင့် နာမ်မည်ပေ၏၊ မိမိက တပါးသော အာရုံသို့ညွတ်စေတတ်သောကြောင့် နာမ်မည်သည်မဟုတ်ပေ၊ ဤသို့ အထူးကို သိရာ၏။

နိဗ္ဗာန်နှင့် စပ်သောစကား ဤတွင် အပြီးထား၍ ဝိသုဒ္ဓိ ခုနစ်ပါးကို ပြဦးအံ့—

[**သင်္ဂြိုဟ်-ဋ္ဌ**] ဝိပဿနာ ကမ္မဋ္ဌာနေ ပန သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ ဉာဏဒဿနဝိသုဒ္ဓိစေတိ သတ္တဝိဓေန ဝိသုဒ္ဓိသင်္ဂဟော။

**၈ စင်ကြယ်ခြင်း**။ ။ဝိသုဒ္ဓိ=စင်ကြယ်ခြင်းတရားတို့သည်သီလစင်ကြယ်မှု, စိတ်စင်ကြယ်မှု, အသိဉာဏ်စင်ကြယ်မှု, ယုံမှားခြင်းကို လွန်မြောက်၍ စင်ကြယ်မှု, မဂ်ဟုတ်သည် မဟုတ်သည်ကို ဉာဏ်ဖြင့်သိ၍ စင်ကြယ်မှု, ကျင့်အပ်

သည့်ကို ဉာဏ်ဖြင့်သိ၍ စင်ကြယ်မှု, မဂ်ဉာဏ်ဖြင့်သိ၍ စင်ကြယ်မှု ပေါင်း ခုနစ်ပါးတည်း။ ဤတွင်မဂ်ဉာဏ်ဖြင့်သိ၍ စင်ကြယ်မှုတပါးသာ လောကုတ္တရာဝိသုဒ္ဓိဖြစ်၍ ကြွင်းခြောက်ပါးသည် လောကီဝိသုဒ္ဓိဖြစ်၏။

**သီလဝိသုဒ္ဓိ**။ ။နှစ်ရာ့နှစ်ဆယ့်ခုနစ်ပါးသော သိက္ခာပုဒ်အပေါင်းကို စောင့်ရှောက်ခြင်းသည် ပါတိမောက္ခသံဝရသီလ မည်၏၊ စက္ခုန္ဒြေအစ မနိန္ဒြေအဆုံးရှိသော ခြောက်ပါးသော ဣန္ဒြေတို့ကို စောင့်ရှောက်ခြင်းသည် ဣန္ဒြိယ သံဝရသီလမည်၏၊ မှားသောအသက်မွေးခြင်းကို ကြဉ်၍ အသက်မွေးမှု စင်ကြယ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော သီလသည် အာဇီဝပါရိသုဒ္ဓိ သီလမည်၏၊ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲခြင်းသည် ပစ္စယသန္နိဿိတ သီလမည်၏၊ ဤသီလလေးပါးနှင့် ပြည့်စုံသော ရဟန်းတော်သည် သီလဝိသုဒ္ဓိသီသစင်ကြယ်သည်ဖြစ်၏။

ဥပါသကာ, ဥပါသိကာတို့မှာကား ငါးပါးသီလနှင့်ပြည့်စုံလျှင် သီလဝိသုဒ္ဓိ ဖြစ်တော့၏၊ ထိုထက်စွမ်းနိုင်ပါလျှင် ရှစ်ပါးသီလ, ဆယ်ပါးသီလ လုံခြုံအောင် စောင့်ရှောက်ပါက ပို၍ကောင်းပေ၏၊ လူတို့၏ သီလဝိသုဒ္ဓိ ဖြစ်မှုမှာ အလွန်လွယ်ကူပေ၏၊ အယုတ်ဆုံး မဆိုး,တံငါပင် ဖြစ်စေကာမူ ထိုမုဆိုးတံငါ အလုပ်ကို စွန့်လွှတ်၍ ငါသည် လူတို့၏သီလအကျင့်ငါးပါးကို ဆောက်တည်ပါ၏ ဟူ၍ဇင်း,**ပဉ္စသီလံ သမာဒိယာမိ** ဟူ၍ဇင်း, **ဝစီဘေဒေါ ပန ကာဘဗ္ဗော** ဟူသော ကျမ်းဂန်စကားနှင့် အညီနှုတ်မြွက်၍ ရွတ်ဆိုခဲ့သော် သီလဝိသုဒ္ဓိပြည့်စုံတော့၏၊ ရဟန်းတို့၏ သီလဝိသုဒ္ဓိဖြစ်မှုကား လူတို့ကဲ့သို့ ကိုယ်တယောက်ထည်းဖြင့် မစင်ကြယ်သောသီလကို စင်ကြယ်အောင် ပြုမှုမလွယ်ကူပေ။ ။**ဒေသနာ, သံဝရ, ပရိယေဋ္ဌိ,ပစ္စဝေက္ခဏာ ဝဒေသနပရိသုဒ္ဓဏ္ဏာ**-ဟူသော ကျမ်းဂန်စကားနှင့် အညီပါတိမောက္ခ

သံဝရသီလ စင်ကြယ်မှု၌ အနည်းဆုံးရဟန်းတော်တပါး ရှိစေရမည်၊ ထို့ထက်ကားရဟန်းနှစ်ကျိပ်ရှိမှသီလဝိသုဒ္ဓိဖြစ်နိုင်သည်။ ကြွင်းသုံးပါးသော သီလ၏ ပြည့်စုံမှုမှာ မိမိတပါးတည်းဖြင့် သီလဝိသုဒ္ဓိ ဖြစ်နိုင်ပေသည်။ ထိုမှဖြင့် မစင်ကြယ်သော် စင်ကြယ်အောင် ပရိသုဒ္ဓိပြု၍ ဥပါသကာအဖြစ်ကို ဝန်ခံရ၏။

**စိတ္တဝိသုဒ္ဓိ။** ။ စိတ်၏ စင်ကြယ်မှု ဆိုသည်မှာ-ကာမစ္ဆန္ဒ စသော ကုသိုလ်တရားကို ပိတ်ပင် တတ်သည့် တရားယုတ်မျိုး စိတ်အစဉ်၌ မကပ်ငြိစေမှုပင်ဖြစ်၏၊ ထိုသို့ မကပ်ငြိစေမှုမှာ ဥပစာရသမာဓိ, အပ္ပနာသမာဓိနှင့် ပြည့်စုံရပေမည်၊ ယခုအခါ၌ကား ခဏိကသမာဓိမှုဖြင့် ဝိပဿနာအားထုတ်သူ များကြသည်၊ ခဏိကသမာဓိဟူသည်မှာ-တရားကို အားထုတ်ဆဲခဏတိုင်း၌ ပါဝင်သော သမ္မာသမာဓိမဂ္ဂင်ဖြစ်ပေ၏၊ ထိုဥပစာရသမာဓိ, အပ္ပနာသမာဓိ, ခဏိကသမာဓိ သုံးပါးသည် စိတ္တဝိသုဒ္ဓိမည်၏၊စိတ်ကို အဦးမူ၍ သမာဓိကိုညွှန်ပြခြင်း ဖြစ်ပေသည်။

**ဒိဋ္ဌိဝိသုဒ္ဓိ။** ။ အသိဉာဏ်အယူ စင်ကြယ်မှု ဆိုသည်မှာ ရုပ်,နာမ်နှစ်ပါးတို့၏ လက္ခဏာကို အကျဉ်းအားဖြင့်ရင်း အကျယ်အားဖြင့်ရင်း ဝေဘန်ပိုင်းခြား၍ သိသဖြင့် နာမ်,ရုပ်နှစ်ပါးသာရှိသည်၊နာမ်,ရုပ်မှတပါး ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး မရှိဟု အသိဉာဏ်အယူ စင်ကြယ်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏၊ ဒုက္ခသစ္စာကို ပိုင်းခြားနိုင်ခြင်းပင် ဖြစ်သည်။

**ကင်္ခါဝိတရဏဝိသုဒ္ဓိ။** ။ ယုံမှားခြင်းကို လွန်မြောက်ခြင်းဟူသည်မှာ- အကြောင်းကို သိမ်းဆည်းမှုပင် ဖြစ်၏၊ အကြောင်းကို သိမ်းဆည်းပုံမှာ နာမ်, ရုပ်နှစ်ပါးသည် ပဋိသန္ဓေအခါ၌ ရှေးဦးစွာ အဝိဇ္ဇာ,တဏှာ, ဥပါဒါန်, ကမ်အကြောင်း၏ အစွမ်းဖြင့် ဖြစ်ပေ၏၊ ပဝတ္တိအခါ၌ ရုပ်သည် ကမ်,စိတ်,ဥတု,အာဟာရ အကြောင်း၏

အစွမ်းဖြင့် ဖြစ်ပေ၏၊ နာမ်သည်ကား စက္ခုပသာဒ,ရူပါရုံ, အာလောက, မနသိကာရ အစရှိသော အကြောင်း၏ အစွမ်းဖြင့် ဖြစ်ပေ၏၊ အထူးအားဖြင့် အသင့်အတင့် မှန်ကန်စွာ နှလုံးသွင်းခြင်း အစရှိသော စက်လေးပါးနှင့် ပြည့်စုံခြင်းသည် ကုသိုလ်ဇောစိတ် ဖြစ်ကြောင်း ဖြစ်၏၊ ထိုမှပြန်သော မသင့်သောအားဖြင့် နှလုံးသွင်းခြင်းသည် အကုသိုလ်ဇောစိတ် ဖြစ်ကြောင်း ဖြစ်၏၊ ကုသိုလ်ကမ်,အကုသိုလ်ကမ်၏ အစွမ်းဖြင့် ဝိပါက်စိတ်ဖြစ်၏၊ ဘဝင်စသည်၏ အစွမ်းဖြင့် အာဝဇ္ဇန်း ဖြစ်၏၊ ရဟန္တာပုဂ္ဂိုလ်သန္တာန်၏ အစွမ်းဖြင့် ကြိယာဖြစ်၏၊ ဤသို့ နာမ်,ရုပ်နှစ်ပါးဖြစ်ခြင်း၏ အကြောင်းကို သိမ်းဆည်းခြင်း, သမုဒယသစ္စာကို ပိုင်းခြား၍ သိခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ ။

(မှတ်ချက်။ ဤကင်္ခါဝိတရဏ ဝိသုဒ္ဓိနှင့် ပြည့်စုံကာမျှ ဖြင့် ယောဂီတို့အဘို့ ဝမ်းမြောက်ဘွယ် ဖြစ်ပေ၏၊ အကြောင်းမှာ ဤအဆင့်အတန်းသို့ ရောက်လျှင် သောတာပန်အထွေး (စူဠသောတာပန်) အရာ၌ တည်၍ ဒုတိယဘဝအတွက် အပါယ်သို့မလားရသောကြောင့် ဖြစ်ပေ၏၊ ထိုစကားမှန်ပေသည်—

[**ဝိသုဒ္ဓိမဂ်**] ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ။

ဤယထာဘူတဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည် ဘုရားရှင့်သာသနာတော်၌ ရအပ်သော သက်သာရာရှိသည်ဖြစ်၍, ရအပ်သော တည်ရာမှီရာ ရှိသည်ဖြစ်၍ တဘဝအတွက် မြဲသောဂတိရှိသော သောတာပန်ထွေး (စူဠသောတာပန်) မည်ပေ၏။ ။ အဓိပ္ပါယ်မှာ ယထာ

ဘူတဉာဏ်နှင့် ပြည့်စုံပါလျှင် တဘာဝအတွက် အပါယ်သို့ မရောက်။ လူ့ ဘုံ,နတ်ရပ်သို့သာရောက်ရပေမည်။

ယထာဘူတဉာဏ်အမြင် ဟူသည်မှာ-အကြောင်းနှင့်တကွ နာမ်,ရုပ်ကိုရှုမြင်နိုင်ခြင်းပင်တည်း။ ပညာရှင်တို့ အတွက်ကား—

[မဟာဋီကာ] ယထာဘူတ ဉာဏဒဿနံနာမ သပ္ပစ္စယ နာမရူပဒဿနံ။

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။** ။ မဂ်ဟုတ်သည်,မဟုတ်သည်ကို ဉာဏ်ဖြင့်သိ၍ စင်ကြယ်မှု ဆိုသည်ကား—ပစ္စုပ္ပန်သာ မဟုတ်စေဘဲ အတိတ်၌ ဖြစ်သော နာမ်,ရုပ်သည် အတိတ်၌သာ ချုပ်၏၊ အနာဂတ်၌ဖြစ်သော နာမ်,ရုပ်သည် အနာဂတ်၌ ချုပ်လတ္တံ့၊ ပစ္စုပ္ပန်၌ဖြစ်သော နာမ်,ရုပ်သည် ပစ္စုပ္ပန်၌သာ ချုပ်၏။ အနာဂတ်သို့ ကူးပြောင်း၍ ဖြစ်ခြင်းမရှိ၊ ဤသို့ နာမ်,ရုပ်တို့၏ အပေါင်းကို သုံးသပ်သောဉာဏ်သည် သမ္မသနဉာဏ်မည်၏၊ထို့နောင် ပစ္စုပ္ပန် နာမ် ရုပ်ကိုသာ ရှု၍ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သောအခါ ဩဘာသ, ပီတိ, ပဿဒ္ဓိ,=အရောင်အလင်း, နှစ်သက်ခြင်း, ကိုယ်စိတ်၏ ပူပန်ခြင်းမှ ငြိမ်းခြင်း စသည် ဖြစ်ပေါ်လေ၏၊ ဤအရောင်အလင်း,နှစ်သက်ခြင်း, ကိုယ်စိတ်၏ ပူပန်ခြင်းမှ ငြိမ်းခြင်း စသည်ကား နိဗ္ဗာန်သွားကြောင်း လမ်းကောင်း မဂ်မဟုတ်၊ ဥဒယဗ္ဗယဉာဏ် စသည်သာလျှင် နိဗ္ဗာန်သွားကြောင်း လမ်းကောင်းအမှန် ဖြစ်ပေသည်။ ဤသို့ သိခြင်းသည် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ=မဂ်ဟုတ်သည်,မဟုတ်သည်ကို သိမြင်၍ စင်ကြယ်ခြင်းမည်၏။

**ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။** ။ သိအပ်သည်ကို ဉာဏ်ဖြင့် သိ၍ စင်ကြယ်မှု ဆိုသည်မှာ ခန္ဓာတို့၏ ဖြစ်ခြင်းကိုရင်း, ပျက်ခြင်းကိုရင်း, သိတတ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမိကဉာဏ် ဟုဆိုအပ်သော

အနုလောမဉာဏ်တိုင်အောင် ကိုးပါးသောဉာဏ်နှင့် ပြည့်စုံခြင်းသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။ ။သိအပ်သော အနိစ္စစသည်ကို ဉာဏ်ဖြင့်သိ၍ လောကီဉာဏ်အဆုံးသို့ ရောက်၍ စင်ကြယ်ပြီ ဟူလို။

**ဉာဏဒဿနဝိသုဒ္ဓိ။** ။မဂ်ဉာဏ်ဖြင့် သိ၍ စင်ကြယ်မှု ဆိုသည်မှာ—အနည်းဆုံး သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက် ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း, သမုဒယသစ္စာကို ထိုက်သည်အားလျော်စွာ ပယ်ခြင်း, သမ္မာဒိဋ္ဌိစသော မဂ္ဂသစ္စာကို ပွါးများခြင်း ဤလေးပါးသော ကိစ္စတို့ကို လုံး၀ ဉာဏ်ဖြင့်သိမြင်၍ စင်ကြယ်ခြင်းသည် ဉာဏဒဿနဝိသုဒ္ဓိ မည်၏။ ။ဤကား ဝိသုဒ္ဓိ ခုနစ်ပါးကို အကျဉ်းပြခြင်းပြီး၏။

"အနိစ္စဋ္ဌံ ခန္ဓပဉ္စကံ" ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့်အညီ အနိစ္စတရား ဟူသည်မှာ—ခန္ဓာငါးပါး, အာယတန တဆယ့်နှစ်ပါး, ဓာတ်တဆယ့်ရှစ်ပါး စသော ရုပ်,နာမ်နှစ်ပါးကို အနိစ္စဟူ၍ သိအပ်၏။ ဒုက္ခ,အနတ္တ, တရားတို့မှာလည်း ၎င်းခန္ဓာငါးပါး ရုပ်,နာမ်တရား နှစ်ပါးသာ ဖြစ်ကြောင်း သိစေလိုသည်မှာ——

[ပဋိသမ္ဘိဒါမဂ်] ယံ အနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တံ အနိစ္စံ၊ ယံ အနိစ္စဉ္စ ဒုက္ခဉ္စ တံ အနတ္တာ။

**အနက်။** ။အကြင် ခန္ဓာငါးပါး ရုပ်,နာမ်တရားသည် မမြဲသောတရား မည်၏၊ ထိုမမြဲသော ခန္ဓာငါးပါး ရုပ်,နာမ်တရားသည် ဆင်းရဲသောတရား မည်၏၊ အကြင် ခန္ဓာငါးပါး ရုပ်,နာမ်တရားသည် ဆင်းရဲသောတရား မည်၏၊ ထိုဆင်းရဲသော ခန္ဓာငါးပါး ရုပ်,နာမ်တရားသည် မမြဲသောတရား မည်၏၊ အကြင် မမြဲသောတရားသည်၎င်း, ဆင်းရဲသောတရားသည်၎င်း ရှိ၏၊ ထိုမမြဲသောတရား, ဆင်းရဲ

သော တရားသည် အစိုးမရသော တရားမည်၏၊ အလိုသို့ မလိုက်သောတရား မည်၏။ ။အကျဉ်းချုပ်မှာ—ခန္ဓာငါးပါး ရုပ်,နာမ်တရားသည် အနိစ္စလည်းမည်၏၊ ဒုက္ခလည်းမည်၏၊ အနတ္တလည်းမည်၏၊ အနိစ္စ, ဒုက္ခ,အနတ္တ တရားကိုယ်မှာ ခန္ဓာငါးပါး ရုပ်,နာမ်တရားပင် ဖြစ်၏၊ အနိစ္စ,ဒုက္ခ,အနတ္တ တရားဟူသည် တပေါင်းတည်း တခုတည်းသာ ဖြစ်၏။

**ခြားနားချက်။** အနိစ္စ,အနိစ္စလက္ခဏာ, အနိစ္စာနုပဿနာ၊ ဒုက္ခ, ဒုက္ခလက္ခဏာ, ဒုက္ခာနုပဿနာ၊ အနတ္တ,အနတ္တလက္ခဏာ,အနတ္တာနုပဿနာ။ ဤသို့ သုံးပါးသုံးပါးစီ ခြားနား၍ မှတ်ပါ။

**ကွဲလွဲမှု။** ။မမြဲသည့်တရား မမြဲသည့်တရားဟု မှတ်ခြင်း, မမြဲသည့်တရားဟု အဖန်ဖန်ရှုခြင်း။ ။ဆင်းရဲသည့်တရား ဆင်းရဲသည့်တရားဟု မှတ်ခြင်း, ဆင်းရဲသည့်တရားဟု အဖန်ဖန်ရှုခြင်း။ ။အစိုးမရသည့်တရား, အစိုးမရသည့် တရားဟု မှတ်ခြင်း, အစိုးမရသည့် တရားဟု အဖန်ဖန်ရှုခြင်း။

အနိစ္စစသောယာဉ်သုံးပါး၌အသိဉာဏ်ဖြစ်ပေါ်စေရန် နာမ်, ရုပ်တို့၏ ဖြစ်မှု,ပျက်မှုနှင့် နာမ်တရားထက် ရုပ်တရားတို့ အဖြစ်များမှုကို ပြဦးအံ့—ရုပ်ဖြစ်ခြင်း အကြောင်းကား ကမ်, စိတ်,ဥတု,အာဟာရ လေးပါးရှိ၏၊ ထိုလေးပါးတို့တွင် ပဋိသန္ဓေမှစ၍ ရုပ်တို့ဖြစ်ရာ အာဟာရကြောင့်ဖြစ်သော ရုပ်သည် နောက်အကျဆုံးဖြစ်၏၊ အာဟာရဇရုပ် အစစ္စာ ဖြစ်ပြီးသည်မှစ၍ ပဝတ္တိအခါ တဘဝလုံး၌ စုတိစိတ်၏အထက် တဆယ့်ခုနစ်ချက် ခဏတိုင်အောင် နာမ်တရားတို့ထက် ရုပ်တရားတို့၏ အဖြစ်များကြပုံကို သိသင့်သည်။ အဘယ်သို့ သိသင့်သနည်းဟူမူကား ကမ္မဇရုပ်သည် စိတ်၏ ဥပါဒ်,ဌီ,ဘင် ခဏတိုင်းတို့၌ ဖြစ်ရေအယဉ်, ဆီမီးလျှံကဲ့သို့ မပြတ်မစဲ အမြဲပင်ဖြစ်၏၊ စိတ္တဇရုပ်သည် စိတ်၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း

တို့၌ ထို့အတူ ရေအာယဉ်, ဆီးမီးလျှံကဲ့သို့ မပြတ်မစဲ အမြဲဖြစ်၏၊ ဥတုဇရုပ်,အာဟာရဇရုပ် နှစ်ပါးတို့သည်လည်း စိတ်၏ ဌီခဏတိုင်း ဌီခဏတိုင်းတို့၌ ဖြစ်ရေအာယဉ်, ဆီးမီးလျှံကဲ့သို့ မပြတ်မစဲ အမြဲဖြစ်၏၊ ထိုသို့ဖြစ်ကြသော စိတ်တခု၏ အစ, အလယ်,အဆုံး ခဏငယ်သုံးပါးလုံး၌ ဖြစ်သော ရုပ်ကလာပ်ပေါင်း ခြောက်စည်းစီ ရ၏။

**ရုပ်အဖြစ်များခြင်း။** ။ဤသို့ဆိုခဲ့တိုင်း ရုပ်ဖြစ်ခြင်းကို သိပါလျှင် လက်ဖျစ်တတွက်ခန့် ကာလ၌ ကုဋေတသိန်းမက စိတ်ဖြစ်ခဲ့သော် ရုပ်တရားသည်ကား ကုဋေခြောက်သိန်းမက ဖြစ်သည်ကို သိရ၏၊ စိတ်,စေတသိက် ဖြစ်သော နာမ်တရားသည်ကား တခုချုပ်ပြီးမှ တခုဖြစ်သည်၊ နှစ်ချပြိုင်၍ ဖြစ်ခြင်းမရှိ၊ ပုတီးစေ့ကို စီးကုံးသကဲ့သို့ တခုပြီးမှ တခုဖြစ်၍ ချုပ်ကြ၏၊ ရုပ်တရား၏ ဖြစ်ပုံမှာ--ရုပ်ကလာပ်တခု ဖြစ်၍ မချုပ်မီ ရုပ်ကလာပ်တခု အဆက်မပြတ် ထပ်ဆင့်လျက်သာ ဖြစ်ပေ၏၊ ရုပ်ကလာပ်တခု ချုပ်ဆဲခဏ၌ ရုပ်ကလာပ်တခု ဖြစ်ဆဲလည်းဖြစ်၏၊ တည်ဆဲလည်းဖြစ်နိုင်၏၊ အုန်းဆံမျှင်ကလေးတွေကို ကျစ်၍ထားသော ကြိုးကဲ့သို့ အဆင့်ဆင့် အထပ်ထပ် ဖြစ်၍ ချုပ်ကြ၏။

ရှေးကပြခဲ့သော လက်ဖျစ်တတွက်ခန့် ကာလ၌ စိတ် ကုဋေတသိန်းမက ဖြစ်ခြင်း,ရုပ် ကုဋေ-ငါးထောင်ကျော် ဖြစ်ခြင်းနှင့် ယခုပြသော စိတ်ကုဋေတသိန်း ဖြစ်သည်ဟုပြရာ၌ ရောယှက်၍နေတတ်သည်၊ မရောယှက်ပါစေနှင့်၊ ပြအပ်သောစကားနှစ်ရပ်သည် မှန်သောသဘောချည်းသာ ဖြစ်၏ဟု ဥာဏ်၌ရှင်းအောင် ဆင်ခြင်ပါလေ။ သို့ရာတွင် အဘိဓမ္မာ သဘာဝကို မလေ့ကျင့်ဘူးပါက နားလည်ဘို့ မလွယ်ကူပေ၊ ပြခဲ့သော ဥပမာအတိုင်း နာမ်တရားကား ပုတီးစေ့ကလေးတွေလို တခုပြီးမှတခု ဖြစ်သည်ဟု သိပါ၊ ရုပ်တရားကား အုန်းဆံကြိုးကဲ့သို့ တခုမချုပ်မီ တခုထပ်၍ ဖြစ်သည်ကို သိပါလေ။ (ထို့

ကြောင့် နာမ်တရားသာ တပြိုင်နက်ဖြစ်၍ တပြိုင်နက်ချုပ်သည်၊ ရုပ်တရားကား တပြိုင်နက်မချုပ်နိုင်ပေ။

[ဝိသုဒ္ဓိမဂ်] သင်္ခါရာ ဟုတွာအဘာဝဋ္ဌေန အနိစ္စာ။

**မမြဲသည့်သဘော။** ။အလုံးစုံကုန်သော ရုပ်နာမ်သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် ပျက်ရကား ဘာဝမျှမရှိသော အနက်သဘောကြောင့် အနိစ္စ=မမြဲဟု ဆိုအပ်ပါသည်။ ။ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်၊ ဖြစ်,ပျက် ဖြစ်,ပျက် ဘာဝမှမရှိ၍ မမြဲသော အနိစ္စတရားဟု သိအပ်ပါသည်၊ ဤကိုယ်ကောင်တခုလုံး ဦးခေါင်းကစ ခြေဘဝါးတိုင်အောင် ရှိသမျှ ရုပ်,နာမ်– သင်္ခါရတွေချည်းသာ ဖြစ်ပေသည်။ ဤကိုယ်ကောင်တခုလုံးလည်း အနိစ္စပင်ဖြစ်၏၊ ဤအနိစ္စအချက်သည် အရေးကြီးလှ၏၊ အနိစ္စအချက်ကို သုတမယဉာဏ်ဖြင့် ယုံကြည်,သိမြင်နိုင်မှသာ ဘုရားရှင်၏ အလိုတော်ကျ ဖြစ်၍ မိမိ၌ အကျိုးများပြီး ဒုက္ခ,အနတ္တ သဘောကို နားလည်နိုင်မည်၊ အနိစ္စသဘောကို ပရမတ်အတိုင်း နားမလည်ပါလျှင် ဒုက္ခ, အနတ္တ သဘောကိုပညတ်သဘောအတိုင်းသာ နားလည်လတ္တံ့၊ သို့ဖြစ်၍ ဥပမာဖြင့် ထပ်ဆင့်၍ပြဦးအံ့––

**နှိုင်းယှဉ်ခြင်း။** ။ရုပ်,နာမ်ဖြစ်သော မိမိကိုယ်သည် ညဉ့်အခါ ညှိထွန်း၍ထားအပ်သော ဖယောင်းတိုင်မီးညွန့် တလက်မလောက်နှင့် တူ၏။ ၎င်းမီးညွန့်သည် အမြဲတည်နေ၏ဟု သာမန်ပုဂ္ဂိုလ်တို့ ထင်မှတ်ဘွယ်ဖြစ်၏၊ အမှန်ကား တစက္ကန့်မျှ မတည်၊ တည်၍နေသည်ဟု ထင်ရခြင်းမှာ အသေလည်း အလွန်မြန်, အတောက်လည်း အလွန်မြန်၍ အသေကိုမမြင် အတောက်ကိုသာ မြင်နေသည့်အတွက် ဤမီးညွန့်သည် အမြဲတည်နေသည်ဟု ထင်မှတ်နေခြင်းဖြစ်ပေသည်၊ အမှန်စင်စစ်ကား အမြဲတည်နေသည် မဟုတ်ပေ။

ဥပမာ၊ တလက်သစ်ခန့်မျှရှိသော ဖယောင်းတိုင်တိုကလေး၏ ဖယောင်းသားကို အမိပ်ပေါင်းတသန်း,လောင်စာကြိုးကို အမိပ်

ပေါင်းတသိန်း စိပ်လိုက်သော် အဘယ်မျှသေးငယ်သော အမှုန့်ကလေးတွေ ဖြစ်နေမည်ကို ဉာဏ်ဖြင့် စဉ်းစားကြည့်ပါ၊ ဗ ရောင်းတိုင်ကို မီးတွန်းရာ၌ ဦးဦးဆုံးဖြစ်သော အလင်းရောင်သည် ပြခဲ့သည့်အတိုင်း စိပ်ထားသော ဖရောင်းမှုန့်ကလေး ဆယ်မှုန့်နှင့် မီးစာမှုန့်ကလေး တမှုန့်ကို ပထမဆုံး တောက်လောင်လိုက်သည့် အလင်းရောင်ပင် ဖြစ်ပေသည်၊ ထို့နောက် ချက်ချင်းပင် ထိုဖရောင်းဆယ်မှုန့်နှင့် မီးစာတမှုန့်ကုန်၍ ငြိမ်းသွားတော့သည်၊ သို့သော်လည်း အလင်းရောင်ကိုကား မြင်ရဆဲပင်၊ ထိုအလင်းရောင်သည် ပထမဖရောင်းဆယ်မှုန့်, မီးစာတမှုန့်၏ အလင်းရောင်ကား မဟုတ်၊ ဒုတိယဖြစ်သော ဖရောင်းဆယ်မှုန့်နှင့် မီးစာတမှုန့်ကို ဆက်လက် တောက်လောင်နေသည့် အလင်းရောင်ပင် ဖြစ်သည်၊ ထို့အတူ ဒုတိယဖရောင်းမှုန့် ကုန်သော် တတိယ,စတုတ္ထ စသည်ဖြင့် ဖရောင်းမီးစာ မကုန်မချင်း ရှောက်၍ တောက်လောင်နေပြန်သောကြောင့် တမီးအကြားနှင့် တမီးအကြား မီးငြိမ်းသွားသည်ကို မမြင်ရဘဲ တဆက်ထည်းသော အလင်းရောင်ကိုသာ မြင်ကြရပေသည်။

ဤသို့ တောက်,သေ တောက်,သေနှင့် ဖရောင်း,မီးစာ မကုန်မချင်းဖြစ်နေသည်ကို အမြဲတည်နေသည်ဟု ထင်ရသကဲ့သို့ ဤခန္ဓာကိုယ်ကိုလည်း ကမ်,စိတ်,ဥတု,အာဟာရ အကြောင်းရှိနေသမျှ ကာလပတ်လုံး ဖြစ်,ပျက် ဖြစ်,ပျက်နှင့် အနိစ္စဖြစ်၍ နေရာ အပျက်ကို မမြင်ကောင်းသဖြင့် အဖြစ်ချင်းထပ်ဆင့်၍ အဖြစ်ကိုသာ မြင်ရသောကြောင့် အမြင်လွဲပြီး မြဲ၏ဟု ထင်မှားနေကြပေသည်။ ။တနည်း၊ အနိစ္စ=မမြဲမှုကို ဆက်၍ ပြဦးအံ့—

**လေးကခေတ်နှင့်ဗုဒ္ဓဘာသာ။** ။မိမိ ရဟန်းငါးဝါ ရစဉ် အရွယ် လွန်ခဲ့သော အနှစ်လေးဆယ်ခန့်လောက်က ကြားဘူးသည့်မှာ— အနောက်နိုင်ငံလောကဓာတ်ဆရာကြီးတို့သည် အစည်းအဝေးတခု ပြုလုပ်၍

ဘာသာအမျိုးမျိုးကို လောကဓာတ်ပညာဖြင့် စံချိန်ထိုး၍ နှိုင်းယှဉ်ကြည့်ကြရာ ဗုဒ္ဓဘာသာတခုသာလျှင် သူတို့လောကဓာတ်ပညာနှင့် ညီမျှပေသည်၊ တပါးသောဘာသာတို့ကား လောကဓာတ်ပညာနှင့် စံချိန်ထိုး၍ မရခဲ့၊ ဆန့်ကျင်နေသည် ဟု ကြားဘူး၏၊ ထိုအခါ မိမိကား ငယ်ရွယ်သူ ဖြစ်သည့် အလျောက် ငါတို့ဘာသာကို သူတို့ ဘယ်နည်းဖြင့် သိပါလိမ့်ဟု သံသယ ဖြစ်မိခဲ့၏၊ ထိုစကားကို ကြားပြီး နောက် မကြာမီ မန္တလေး အနောက်ပြင် တောင်သမန်တိုက် ထန်းတောကျောင်း၌ ကျောင်းတင်ပွဲ ပြုလုပ်ကျင်းပရာ စစ်တိုက်ခန်း ရုပ်ရှင်တခုကို ကြည့်ဘူးပေ၏၊ ၎င်းနောက် ထိုသဘောကို နားလည်သောပုဂ္ဂိုလ် တဦးက နှုတ်ဖြင့်ပြောပြသည့်ပြင် ရုပ်ပုံပေါင်းများစွာ ရိုက်ကူး၍ထားသော ဖလင်ကော်ပြားကို ပြ၍ သဘာဝကို သိရ၏၊ ထိုအခါ အနိစ္စတရားကို ဥပမာ,ဥပမေယျ စပ်၍ ထင်မိတော့၏၊ လောကဓာတ် ပညာရှိကြီးတို့ အပေါ်၌လည်း အထင်သေးခြင်း ကင်းပျောက်တော့၏၊ ငါတို့ဘာသာကို သူတို့လည်း သိပါပေသည်ဟု စိတ်ဖြစ်ပေါ်ခဲ့၏။

**နှိုင်းယှဉ်ခြင်း။** ။ဥပမာ,ဥပမေယျ ထင်မိပုံမှာ- မြစ်ရေအယဉ်, ဆီမီးလျှံကဲ့သို့ ရုပ်,နာမ်တရားတို့၏ မပြတ်မစဲ ဆက်ခါဆက်ခါ ဖြစ်၍နေသည်ကို မသိသော ပုထုဇန် ပုဂ္ဂိုလ်တို့သည် ရုပ်ရှင်ပြရာ ပိတ်ကားပေါ်၌ ရုပ်ပုံတခုပြီး တခု ဆက်ခါဆက်ခါ ရုပ်ပုံပေါင်းများစွာ ထင်နေသည်ကို ရုပ်ပုံတခုတည်းသာဟု ထင်နေကြသော ရုပ်ရှင်ကြည့်သူ ပရိသတ်တို့နှင့် တူပေ၏၊ ဆီမီးလျှံ မြစ်ရေအယဉ်ကဲ့သို့ ရုပ်,နာမ်တရားတို့၏ မပြတ်မစဲ ဖြစ်ခါ,ချုပ်ခါ ဖြစ်၍နေသည်ကို ကောင်းသိတော်မူကြကုန်သော အရိယာပုဂ္ဂိုလ်တို့သည် ရုပ်ရှင်ပြရာပိတ်ကားကြီး၌ တရုပ်ပြီးတရုပ် ဆက်ခါဆက်ခါ ရုပ်ပုံပေါင်းများစွာ မပြတ်ထင်နေသည်ကို အတတ်ကောင်း သိသော ရုပ်ရှင်ပြသူ ဆရာတို့နှင့် တူပေ၏။

တနည်း၊အဝိဇ္ဇာ,တဏှာ, ကမ်စသော ရုပ်နာမ်နှစ်ပါးမပြတ်ဖြစ်ပေါ်ရန် အကြောင်းတရားတို့သည် ရုပ်ရှင်ပြရာ ကြိုယာတန်းဆာ,ပြစက်, ခေတ်မီးလုံး, ရုပ်ပုံပေါင်းများစွာ ရိုက်ကူးထားသော ဖလင်ကော်ပြားစသည့် အလုံးစုံတို့နှင့် တူပေ၏၊ သဝိညာဏက,အဝိညာဏက သက်ရှိသက်မဲ့ အပေါင်းကို မြင်ရာဖြစ်သော အဇ္ဈတ္တကာသ—ကောင်းကင်ကြီးသည် ရုပ်ရှင်ပြရာ ရုပ်ပုံပေါင်းများစွာထင်ရာ ပိတ်ကားကြီးနှင့် တူပေ၏၊ သစ္စာနုလောမိကဉာဏ်မျှ မရှိကြသော ပုထုဇန်ပုဂ္ဂိုလ်တို့သည် ရုပ်ရှင်ကြည့်သော ပရိသတ်တို့နှင့်တူပေ၏၊ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ကိုယ်တော်မြတ်သည်ကား အစစ္စာရုပ်ရှင်ပညာကို တတ်မြောက်တည့်ထွင်သော ရုပ်ရှင်ဆရာကြီးနှင့် တူပေ၏၊ ဤဥပမာ, ဥပမေယျကို စဉ်းစားဆင်ခြင်၍ သဘောပေါက်အောင် အထပ်ထပ်အဖန်ဖန်ပြန်ကာလှန်ကာ ကြည့်ရှုပါလျှင် အနိစ္စ=မမြဲသောသဘော ထင်ရှားပါလတ္တံ့။ အနိစ္စသဘော ထင်မြင်ပါလျှင် **အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ**=မမြဲသောလက္ခဏာ ထင်မြင်သည်ရှိသော် အစိုးမရသော သဘောလက္ခဏာ သည်လည်း ထင်မြင်အပ် ထင်မြင်နိုင်သည်သာ ဖြစ်လတ္တံ့။

ထိုမှတပါး အနိစ္စလက္ခဏာ မထင်ခြင်း၏ အကြောင်းနှင့် ထင်ခြင်းအကြောင်းကိုပြဦးအံ့—

[**ဝိသုဒ္ဓိမဂ်**] အနိစ္စလက္ခဏံ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ ဥဒယဗ္ဗယံ ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

**ထင်မြင်ပါစေ။** ။မမြဲဟုမှတ်ကြောင်း အနိစ္စလက္ခဏာသည် ဖြစ်ခြင်း,ပျက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့်ရင်း, အစဉ်သန္တတိပညတ်သည် ဖုံးလွှမ်းအပ်သောကြောင့်ရင်း မထင်နိုင်ပေ၊ ဖြစ်ခြင်း, ပျက်ခြင်းကိုသိမ်းဆည်း၍ (ဝါ)ဥဒယဗ္ဗယ ဉာဏ်နှင့်

ပြည့်စုံ၍ အစဉ်-သန္တတိပညတ်ကို ဖျက်ဆီး အပ်သည်ရှိသော် အနိစ္စလက္ခဏာသည် မိမိဟုတ်မှန်သော သဘောအားဖြင့် ထင်နိုင်၏။ ။အဓိပ္ပါယ်—အနိစ္စလက္ခဏာ မထင်ခြင်းမှာ ဖြစ်ခြင်း ပျက်ခြင်းကို နှလုံးမသွင်း၍၎င်း, ရုပ်,နာမ်အစဉ်-သန္တတိပညတ် ဖုံးလွှမ်း၍၎င်း မထင်ခြင်းဖြစ်၏၊ ဖြစ်ခြင်း, ပျက်ခြင်းကို နှလုံးသွင်းခြင်း, သန္တတိပညတ်ကိုလည်းဖျက်ဆီးခြင်းနှင့် ပြည့်စုံသော် အနိစ္စလက္ခဏာ ထင်မည်ဟု အဓိပ္ပါယ်ကျရောက်၏၊ ဤစကား၌၊ သန္တတိပညတ်ကို ဤသို့သိသင့်၏၊ တခုစီတခုစီ စဉ်၍ဖြစ်နေသည်ကို တခုတည်းထင်မှုသည် ပညတ်ကိုသိသည်။ တခုစီတခုစီ ဖြစ်နေသည်ကို တခုတခုစီဘဲဟု သိခြင်းသည် ပရမတ်ကို သိသည်၊ ဤသို့သိလျှင် အစဉ်ပညတ် ကွယ်ပျောက်၏၊ သန္တတိ ပညတ်ကို ခွါသည်, ဖျက်ဆီးသည် မည်၏။

သန္တတိပညတ်နှင့် ပရမတ်သည် ဆက်စပ်နေပေသည်၊ မှန်၏၊ '**ပညတ္တိ ပရမတ္ထိယသာ**' ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်ပြီ၊ ပညတ္တိ—သန္တတိ ပညတ်သည်၊ ပရမတ္ထိယာ=ပရမတ္ထဘူတာ-ပရမတ္ထနှင့် စပ်ခြင်းရှိရကား ပရမတ်ဖြစ်၍ ဖြစ်၏။ ။ဤစကားကို ဥပမာဖြင့် ထင်ရှားစေအံ့- တရာ့ရှစ်လုံး စိတ်ပုတီးကုံးသည် သန္တတိပညတ်နှင့် တူ၏၊ တလုံးတလုံးသော ပုတီးစိ တရာ့ရှစ်စိသည်ကား ပရမတ်နှင့်တူ၏၊ တူသော အခြင်းအရာမှာ ပညတ်သည် ပုတီးစိ တရာ့ရှစ်စိ ဟူသော ပရမတ်ကိုလွှတ်၍(ဝါ)ပယ်ထား၍ ပုတီးကုံးဟူသော ပညတ် မဖြစ်နိုင်၊ တရာ့ရှစ်စိသော ပုတီးစိတွေကို သီကုံးထား၍သာ ပုတီးကုံး ဖြစ်သကဲ့သို့ ဖြစ်, ချုပ်, ဖြစ်, ချုပ် တဟုပ်ဟုပ်နှင့် ရုပ်အစဉ်တွေကို သန္တတိပညတ်ခေါ်သည်၊ ရုပ်အစဉ် နာမ်အစဉ်ကို ပယ်ထား၍ ရုပ်တခုစီ နာမ်တခုစီကို ဉာဏ်ဖြင့်သက်ဝင်၍ သိခဲ့သော် သန္တတိပညတ်ပျောက်၍ မမြဲသော အနိစ္စလက္ခဏာ ထင်ရှားပေါ်ပေါက်လတ္တံ့၊ စိတ်ဝင်စားလျက် သဘော ပေါက်အောင် အထပ်ထပ် ဆင်ခြင်ပါ၊ ကြည့်ရှုပါကုန်။

ပုတီးကုံးဟူသော ပညတ်သည် တရာ့ရှစ်လုံးသော ပုတီးစိဟူသော ပရမတ်ကိုလွှတ်၍ ပုတီးကုံးဟူသောပညတ် မဖြစ်နိုင်သကဲ့သို့ မိန်းမ,ယောက်ျားဟူသော ပညတ်သည် ခန္ဓာငါးပါးကို လွှတ်၍ မိန်းမ,ယောက်ျားဟူသော ပညတ် မဖြစ်နိုင်သည်နှင့် တူ၏၊ ပုတီးကုံးကား အစစ်အမှန် မရှိ၊ ခန္ဓာငါးပါးသာ အစစ်အမှန်ရှိ၏၊ မိန်းမ,ယောက်ျားကား အစစ်အမှန်မရှိ၊ ပရမတ်ကို လွှတ်၍ ပညတ်မရှိ၊ ပညတ်ကိုလွှတ်၍ ပရမတ်အစစ်အမှန် ရှိ၏၊ (တလောကလုံး၌ ပရမတ်ကိုအရင်းခံထား၍ ပညတ်အမျိုးမျိုးဖြစ်ပေါ်သည် ဟူလို)။

အနိစ္စသဘောနှင့် ဆက်စပ်၍ နာမ်,ရုပ်တို့၏ သဘောကို ပြဦးအံ့- နာမ်, ရုပ်တို့သည် တနေရာတည်း၌ ဖြစ်၍ တနေရာတည်း၌ ချုပ်ကြ၏၊ ထိုစကားမှန်၏။---

[မဟာဋီကာ] ယတ္ထ ယတ္ထ စ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တတ္ထ
တတ္ထေဝ ဘိဇ္ဇန္တိ၊ နတ္ထိ ဒေသန္တရ သင်္ကမနံ၊
န စ သဘာဝတော အညထာ ဟောတီတိ။

**ပြောင်းရွှေ့ခြင်းမရှိ။** ။အကြင် အကြင်အရပ်၌ နာမ်, ရုပ်တရားတို့သည် ဖြစ်ကုန်၏၊ ထိုထိုဖြစ်ရာ အရပ်၌သာလျှင် ပျက်စီးကုန်၏၊ ဖြစ်ရာအရပ်မှ တပါးသောအရပ်သို့ ပြောင်းရွှေ့ခြင်း မရှိကုန်။ ။နာမ်,ရုပ်တရားမည်သည် တဆံဖျားမျှ တနေရာမှ တနေရာသို့ မပြောင်းရွှေ့ သူ့နေရာ သူဖြစ်၊ သူ့နေရာသူချုပ်၊ ဤသို့ဖြစ်ပြီး မမြဲမူ၍ ချုပ်,ပျက်သည်ကို အနိစ္စဟု သိပါလေ၊

ဤမျှဖြင့် အနိစ္စလက္ခဏာ၌ သုတမယဉာဏ် ပြည့်စုံလောက်ပေပြီ၊ စိန္တာမယ ဉာဏ်သည်ကား သာမန်ပုထုဇန်တို့ သန္တာန်၌ မဖြစ်သင့်၊ ဘုရားအလောင်းတော်တို့အားသာ ဖြစ်သင့်သည်ဟု ဋီကာရှင် ဆုံးဖြတ်တော်မူ၏၊

[မဟာဋီကာ] သာ ပနေသာ အဘိညာတာနံ ဗောဓိသတ္တာ
နမေဝ ဥပ္ပဇ္ဇတိ။

ထိုမိဋ္ဌာမယ ဉာဏ်သည် အထူး သိတော်မူကြကုန်သော ဘုရားလောင်းတို့အားသာလျှင် ဖြစ်၏။ အနိစ္စလက္ခဏာ၌ ဘာဝနာမယဉာဏ်သည် ဉဒယဗ္ဗယဉာဏ် ပေါက်ရောက် သော်သာ ပြည့်စုံပေလတ္တံ့။

## ဒုက္ခလက္ခဏာကိုပြခြင်း

အဘယ့်ကြောင့် ရုပ်,နာမ်တရားတို့ကို ဒုက္ခလက္ခဏာ= ဆင်းရဲခြင်းဟူ၍ မှတ်အပ်ပါသနည်း။

[ဝိသုဒ္ဓိမဂ်] သဗ္ဗေ သင်္ခါရာ ဉပ္ပါဒဝယ ပဋိပီဠနဋ္ဌေန ဒုက္ခာ။

အလုံးစုံသော ရုပ်,နာမ် သင်္ခါရတရားတို့သည် ဖြစ်ခြင်း, ပျက်ခြင်းတို့ဖြင့် နှိပ်စက်ခြင်းတည်းဟူသော အနက်သဘော ကြောင့် ဆင်းရဲဟူ၍ မှတ်အပ်ပါသည်။ ဤစကားဖြင့် သတ္တဝါ မှန်သမျှ သင်္ခါရတရားချည်းဖြစ်၍ အမြဲမပြတ် ဖြစ်ခြင်း,ပျက် ခြင်းတို့ဖြင့် အနှိပ်စက်ခံရကား ဆင်းရဲမပြတ်ဖြစ်၍ နေပေ သည်။ ယခုကာလမှာ ကျန်းမာသည့် အခိုက်အတန့်တို့၌ ဆင်း ရဲသည်ဟု မထင်ကြပေ၊ ဤသို့မထင်ခြင်းသည် အဘယ်ကြောင့် ပါနည်း။

[သမ္မောဟ-ဋ္ဌ] ဒုက္ခလက္ခဏံ အဘိဏှ သံပဋိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ နဉပဋ္ဌာတိ။ အဘိဏှ သံပဋိပီဠနံ မနသိကတွာ ဣရိယာပထေ ဉဃာဋိတေ ဒုက္ခလက္ခဏံ ယာထာဝ သရသတော ဉပဋ္ဌာတိ။

**ဆင်းရဲသင်္ခါ။** ဒုက္ခလက္ခဏာသည် မပြတ်နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်ရင်း, ဣရိယာပုထ် တို့ဖြင့် ဖုံးလွှမ်းအပ်သောကြောင့်ရင်း မထင်ပေ။ အမြဲမပြတ် နှိပ်စက်ခြင်းကို နှလုံးသွင်း၍ ဣရိယာပုထ်ကို ခွါအပ်သည်ရှိ

သော် ဒုက္ခလက္ခဏာသည် ဟုတ်မှန်တိုင်း မိမိကိုယ်သဘော အားဖြင့်ထင်၏။ ။အဓိပ္ပါယ်ကား ဆင်းရဲခြင်းလက္ခဏာသည် အမြဲရှိ၏၊ သို့သော် ဆိုဆင်းရဲခြင်းကို နှလုံးမသွင်းခြင်းကြောင့် မသိမမြင် မထင်ခဲ့၊ ရင်းပြင် သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဣရိယာပုထ်တို့ကဖုံးလွှမ်းနေသောကြောင့် ဆင်းရဲမထင် ဖြစ်ခဲ့၏၊ မပြတ်မစဲ ဖြစ်ခြင်း,ပျက်ခြင်းဖြင့် နှိပ်စက်သည်ကို မပြတ်မစဲ နှလုံးသွင်းအံ့ ဒုက္ခလက္ခဏာ ထင်လတ္တံ့၊ ဣရိယာပုထ် ဖုံးလွှမ်းပုံကို ဤသို့သိပါ—မရပ်,မထိုင်ဘဲ အမြဲ သွားလို့ချည်းနေပါလျှင် ဆင်းရဲထင်လတ္တံ့၊ သို့သော် သွားခါစ အခါ၌ ဆင်းရဲမထင်ခဲ့၊ သွားဖန်များ၍ နာရီပေါင်း,ရက်ပေါင်း ကြာသော် ဆင်းရဲထင်ပါလတ္တံ့။

ဥပမာ ရေနွေးကို အလိုရှိသူသည် မီးဖိုပေါ် တင်ကာမျှ ခဏ၌ ရေနွေးမရ၊ မိနစ်ပေါင်း များစွာကြာခဲ့သော် နွေးရုံမျှ မက အလွန်ပူသော ရေကိုပင် ရသကဲ့သို့ ဣရိယာပုထ် တခု တည်းဖြင့် မဖျက်ဘဲ နေခဲ့သော် သေလောက်အောင်ပင် အလွန့် အလွန် ပင်းပန်သော ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်ထင်ရှား၍ လာ လတ္တံ့၊ ထိုဝေဒနာမျိုး မပေါ်ရအောင် သွားလိုက်,ရပ်လိုက် ထိုင်လိုက်,လျောင်းလိုက် နေရ၏၊ သွားမှုကြောင့် ဖြစ်ပေါ် သော ဝေဒနာ ပျောက်အောင် ရပ်လိုက်ရ၏၊ ရပ်မှုကြောင့် ဖြစ်ပေါ်သော ဝေဒနာ ပျောက်အောင် ထိုင်လိုက်ရ၏၊ ထိုင်မှု ကြောင့် ဖြစ်ပေါ်သော ဝေဒနာ ပျောက်အောင် လျောင်းလိုက် ရ၏၊ ဤသို့ ဣရိယာပုထ်တခု၌ ဖြစ်သော ဒုက္ခဝေဒနာကို ဣရိယာပုထ်တခုက ဖျောက်ဖျက်ပေးနေသည်ကို ဣရိယာပုထ် က ဒုက္ခဝေဒနာကို ဖုံးလွှမ်း၍ ဒုက္ခလက္ခဏာမထင်ဟု ဆိုသည်၊ 'ဣရိယာပုထ်ကိုခွါသည်' ဟူရာမှာလည်း ဤဆိုခဲ့တိုင်း ဒုက္ခ ဝေဒနာကို ပယ်ဖျောက်တတ်သော လျောင်း, ထိုင်, ရပ်, သွား လေးပါးသော ဣရိယာပုထ်ကို သိသဖြင့် ပယ်ခွါခြင်းပင် ဖြစ်သည်။

[မဟာဋီကာ] ဇရာဒိယာ ပဋ္ဌာနံ တံတံ ဒုက္ခပဋိဗ္ဗန္ဓကဘာဝေ ယာထာဝတော ဉာတေ တေသံ ဒုက္ခပဋိဗ္ဗန္ဓကဘာဝေါ ဥဿန္ဒိတော နာမ ဟောတိ၊ သင်္ခါရာနံ နိရန္တရံ ဒုက္ခာဘိတုန္နတာယ ပါကဋဘာဝတော၊ တေနာဟ ဒုက္ခလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတီတိ။

ဟုဆို၍နှိုင်းခိုင်းခန်း။ ။ဇရာဒိယာပုဒ်တို့၏ ထိုထိုဆင်းရဲကို ဖုံးလွှမ်းတတ်သည်၏ အဖြစ်၌ ဟုတ်မှန်သောအားဖြင့် သိသည် ရှိသော် ထိုဇရာဒိယာပုဒ်တို့၏ ဒုက္ခလက္ခဏာကို ဖုံးလွှမ်းသည် ၏အဖြစ်ကို ခွါသည်မည်၏၊ အဘယ့်ကြောင့် ခွါသည်မည် သနည်း ဟူမူကား သင်္ခါရတရားတို့၏ ဆင်းရဲဖြင့်နှိပ်စက် ခြင်း၏ ထင်ရှားသည်၏ အဖြစ်ကြောင့်တည်း၊ ထိုကြောင့် **ယထာဝသရသတော**-ဟု အဋ္ဌကထာဆရာ မိန့်တော်မူ၏။ ဤမှ ဖြင့် ဒုက္ခလက္ခဏာအတွက် သုတမယဉာဏ် ဖြစ်လောက် ပေပြီ၊ အားထုတ်စဉ်အခါ၌ ဘာဝနာမယဉာဏ် ဖြစ်ပေါ်လာမည်။

## အနတ္တလက္ခဏာကိုပြခြင်း

အဘယ့်ကြောင့် ရုပ်,နာမ်တရားတို့ကို အလိုသို့မလိုက်, အစိုးမရဟူ၍ မှတ်အပ်ပါသနည်း။ သဗ္ဗေ သင်္ခါရာ အဝသ ဝတ္တနတ္ထေန အနတ္တာ။ (ဝိသုဒ္ဓိမဂ်) အလုံးစုံသော ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့သည် အလိုသို့မလိုက် အစိုးမရသော အ နက်သဘောကြောင့် အလိုသို့မလိုက်, အစိုးမရဟူ၍ မှတ်အပ် ပါသည်။ ။ဤစကားဖြင့် သင်္ခတဝါမှန်သမျှ သင်္ခါရတရားချည်း ဖြစ်၍ အလိုသို့မလိုက်ဟုဆိုရာ မျက်မြင်မှာ မိမိတို့၏ အလိုသို့ လိုက်သဖြင့် အလိုအတိုင်း ကိုယ့်သဘောနှင့်ကိုယ် ပြုလိုရာကို ပြုလုပ်နေကြသည်မှာ အဘယ် သဘောပါလဲ။ ဤသဘော ကား စာရင်းငှါးအား အတိုးအခပေး၍ စာရင်းဒိုင်၏ အလို သို့လိုက်စေသကဲ့သို့ ဖြစ်သောသဘောပါ၊ အတိုးအခမပေးလျှင်

စာရင်းဗိုင်း၏ အလိုသို့ မလိုက်လတ္တံ့၊ ထို့အတူ အစာအာဟာရ တနေ့တကြိမ်,နှစ်ကြိမ် ကျွေးနေ၍ အလိုသို့လိုက်သလို ဖြစ်နေသည်၊ မစားဘဲ ခုနစ်ရက်ခန့် နေကြည့်ပါ၊ အလိုသို့မလိုက်သည်မှာ ထင်ရှားလတ္တံ့၊ ဤကား အကြမ်းမေး အကြမ်းဖြေဖြစ်၏ အနတ္တဆိုသည်မှာ—အတ္တမဟုတ်၊ (ငါ,သူတပါးမဟုတ်ဟု ဆိုလိုသည်)။ မိစ္ဆာအယူရှိသူတို့သာ အတ္တ=ငါဟူ၍ ဆိုကြသည်၊ စင်စစ် အနတ္တ=ငါမဟုတ်ဟု သိဘို့ဖြစ်ပေ၏၊ ဝိပဿနာဉာဏ် မရင့်သန်သူတို့ အဘို့မှာလည်း အတ္တ=ငါဘဲဟုတ်တယ်ဟု မှားသောအယူ ရှိကြပေသည်၊ စင်စစ်မှာ အနတ္တသာ အမှန်ဖြစ်ပေသည်။ သို့ဖြစ်လျှင် အနတ္တ=ငါမဟုတ်ဟု အဘယ့်ကြောင့် မထင်မြင်ကြပါသနည်း။

[သမ္မော-ဋ္ဌ] အနတ္တလက္ခဏံ နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ နုပဋ္ဌာတိ၊ နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။

**အနတ္တသဘော။** ။အနတ္တ လက္ခဏာသည် အထူးထူးသော ဓာတ်တို့ကို ခွဲခြမ်းဝေဖန်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်၎င်း, တခဲနက် အစိုင်ဖြင့် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်၎င်း မထင်နိုင်ပေ၊အထူးထူးသောဓာတ်တို့ကို ခွဲခြမ်းဝေဖန်၍၎င်း,တခဲနက်အစိုင်အခဲကို ခွဲခြမ်းဝေဖန်ခြင်းကို ပြုသော်၎င်း ငါမဟုတ်, ကိုယ်မဟုတ်ဟူသော အနတ္တ လက္ခဏာသည် ဟုတ်မှန်သော မိမိကိစ္စသဘောအားဖြင့် တင်နိုင်ပေ၏။ ။အဓိပ္ပါယ်မှာ— ငါမဟုတ် ငါ့ကိုယ်မဟုတ်ဟူ၍ မထင်နိုင်ခြင်းသည် အခြားကြောင့် မဟုတ်ပေ၊ မိမိတို့ ကိုယ်သန္တာန်၌ရှိသော ပထဝီ, အာပေါ စသော ရုပ်ဓာတ်တရား ဖဿ, ဝေဒနာစသော နာမ်ဓာတ် တရားတို့ကို ဤကားရုပ်ဓာတ် ဤကား နာမ်ဓာတ်ဟု ပိုင်းခြား ဝေဖန်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် ဖြစ်၏၊ ၎င်းပြင်တခဲနက်

အစိုင်အခဲကလည်း ဖုံးလွှမ်းနေသောကြောင့် မထင်နိုင်ပေ။ ။ ဤနေရာ၌ အစိုင်အခဲ ဃနသညာကို သိသင့်၏။

[မဟာဋီကာ] ဃနသညာဒိ သန္တတိ သမူဟ ကိစ္စာရမ္မဏာနံ ဝသေန ဧကတ္တဂဟဏံ။

**ဃနသညာ**။ ။အစိုင်အခဲ=ဃနသညာဟူသည် ဖြစ်ဆဲသော ရုပ်,နာမ်တို့၏ အစဉ်ကိုရင်း,ဖြစ်ဆဲသောရုပ်,နာမ်တို့၏ အပေါင်း, ဖြစ်ပေါ်မှုကိစ္စ, အာရုံတို့ကိုရင်း တခုတည်း တပေါင်းတည်း ယူခြင်းသည် အစိုင်အခဲ—ဃနသညာဖြစ်ပေ၏။ ရုပ်စစ် နာမ်စစ်ကို မသိတော့ဘဲ ရုပ်,နာမ်အပေါင်းတို့၏ အစိုင်အခဲ=ဃနပညတ်ကိုသာသိရကား ပညတ်ဖုံးကွယ်နေ၍ ငါမဟုတ်,ငါ့ကိုယ်မဟုတ်ဟု မထင်နိုင်ပေ၊ ထိုမှပြန်သောအားဖြင့် ဤကားရုပ်,နာမ် အစဉ်သာဖြစ်၏၊ ဤကားရုပ်,နာမ်အပေါင်းသာ ဖြစ်၏၊ ဤကား ရုပ်,နာမ်တို့၏ အမှုသာဖြစ်၏၊ ဤကားရုပ်,နာမ်တို့၏ အာရုံသာ ဖြစ်၏ ဟူ၍ ရုပ်ခေတ်, နာမ်ခေတ်ကို တပေါင်းတည်းမယူဘဲ အစိုင်အခဲ ပျက်အောင် ဉာဏ်ဖြင့်ဆင်ခြင်၍ ယူခဲ့သော်,ခွဲခြမ်း ဝေဖန်ခြင်းကိုပြုခဲ့သော် ငါမဟုတ်, ငါ့ကိုယ်မဟုတ် ဟူသော အနတ္တလက္ခဏာသည် ဟုတ်မှန်သောအတိုင်း မိမိကိစ္စသဘော အားဖြင့် ထင်ပေတော့၏။

ဤ အနတ္တ ထင်ပေါ်မှု အရေးကြီးလှ၏၊ အနိစ္စ သဘောကို လွတ်၍ အနတ္တဉာဏ် မပေါ်ပေါက်နိုင်ပေ၊ သို့ဖြစ်၍ ပြခဲ့ပြီး အနိစ္စနှင့်စပ်သော စကားရပ်တို့ကို ထပ်တလဲလဲ ကြည့်ရှုလေ့လာ ဆင်ခြင်သင့်၏၊ ဤအနတ္တသဘောကို ပြသော စကားရပ် များကိုလည်း ကြည့်ရှုဆင်ခြင်သင့်သည်၊ ကြည့်ရှုဆင်ခြင်ခဲ့သော် ငါ,ငါ့ကိုယ် မဟုတ် ဟူသော အနတ္တသဘောသည် သုတမယ ဉာဏ်ဖြင့် ထင်ပေါ်လတ္တံ့၊အနတ္တထင်ပေါ်ပါလျှင် တလောကလုံး ဆိတ်သုဉ်းတော့၏။ ထိုစကား မှန်ပေ၏၊ အရှင် အာနန္ဒာက လျှောက်သဖြင့် သုညကထာကို ဘုရားရှင် ဟောတော်မူသည် မှာ—

[ပဋိသမ္ဘိဒါမဂ်] စက္ခုံ ခေါ အာနန္ဒ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ၊ ရူပါ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ၊ စက္ခုဝိညာဏံ သုညံ အတ္တေန ဝါ၊ အတ္တနိယေန ဝါ၊ စက္ခုသမ္ဖဿော သုညော အတ္တေန ဝါ အတ္တနိယေန ဝါ။ ယဒိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တံပိ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ။

**သုည သဘော။** ။ချစ်သားအာနန္ဒာ၊ စင်စစ်မှာ စက္ခုဒွါရ သည် ကိုယ်မှုဒ်ိး, ကိုယ်နှင့်စပ်သော ဝတ္ထုမှုဒ်ိး ဆိတ်သုဉ်း၏၊ ရူပါရုံတို့သည် ကိုယ်မှုဒ်ိး, ကိုယ်နှင့်စပ်သော ဝတ္ထုမှုဒ်ိး ဆိတ်သုဉ်းကုန်၏၊ စက္ခုဝိညာဏ်သည် ကိုယ်မှုဒ်ိး, ကိုယ်နှင့်စပ်သော ဝတ္ထုမှုဒ်ိး ဆိတ်သုဉ်း၏၊ စက္ခုအတွေ့ဖဿသည် ကိုယ်မှုဒ်ိး, ကိုယ်နှင့်စပ်သော ဝတ္ထုမှုဒ်ိး ဆိတ်သုဉ်း၏၊ စက္ခုအတွေ့ ဖဿဟူသော အကြောင်းကြောင့် ချမ်းသာခြင်းလည်း ဖြစ်သော, ဆင်းရဲခြင်းလည်း ဖြစ်သော, မချမ်းသာ မဆင်းရဲလည်းဖြစ်သော အကြင်ခံစားခြင်း သုံးပါး သည် ဖြစ်ပေါ်၏၊ ထိုခံစားခြင်းသုံးပါးသည်လည်း ကိုယ်မှုဒ်ိး, ကိုယ်နှင့်စပ်သောဝတ္ထုဒ်ိး ဆိတ်သုဉ်း၏၊ (မှာထားချက်၊သုည ဆိုသည်မှာ—ဂဏန်းသင်္ချာ၌ပါသည့်သုညမျိုးပင် ဘာမျှတန်ဘိုး မရှိပေ)။

ဤသည်ကား စက္ခုဒွါရ၌ဖြစ်သော ရုပ်,နာမ်တရားတို့သည် အနတ္တ—ကိုယ်မဟုတ်,ငါမဟုတ်ဟု ပြတော်မူခြင်းဖြစ်၏၊ ကိုယ် မဟုတ်,ငါမဟုတ်လျှင် ကိုယ်နှင့်စပ်သော ရဟာန်းတို့၏ အသုံးအ ဆောင် သပိတ် ပရိက္ခရာ ဟူဟူသမျှလည်း ဘာမျှမရှိ၊ဆိတ်၏၊ သုဉ်း၏ဟု သိစေလိုခြင်းဖြစ်၏။ လူတို့မှာလည်း ငါမဟုတ်၊ ကိုယ်မဟုတ်၊ ငါ,ကိုယ်မရှိလျှင် ငါ,ကိုယ်နှင့်စပ်သော သား.

သွိး, ဒေွမျိုးဥာတိ, စိးပွားဥဏ္ဏာ ဘာဖျမရှိ၊ အားလုံးဆိတ်သုဉ်း သည့်ဟု သိစေလိုရင်း ဖြစ်၏။ (သောတဒွါရ စသည့်တို့၌သည်း ဤနည်းအတူပင်ဖြစ်၏)။

[ပဋိသမ္ဘိဒါမဂ်] သောတံ သုညံ၊ သဒ္ဒါ သုညာ၊ ဃာနံ သုညံ၊ ဂန္ဓာ သုညာ၊ ဇိဝှါ သုညာ၊ ရသာ သုညာ၊ကာယော သုညော၊ ဖောဋ္ဌဗ္ဗာ သုညာ။

ဒွါရ,အာရုံ။ ။ချစ်သားအာနန္ဒာ၊သောတဒွါရသည် ဆိတ်သုဉ်း ၏၊ သဒ္ဒါရုံ-အသံတို့သည် ဆိတ်သုဉ်းကုန်၏၊ ဃာနဒွါရသည် ဆိတ်သုဉ်း၏၊ ဂန္ဓာရုံ အနံ့တို့သည် ဆိတ်သုဉ်းကုန်၏၊ ဇိဝှါ ဒွါရသည် ဆိတ်သုဉ်း၏၊ ရသာရုံ အရသာတို့သည် ဆိတ်သုဉ်း ကုန်၏၊ကာယဒွါရသည်ဆိတ်သုဉ်း၏၊ဖောဋ္ဌဗ္ဗာရုံ ထိတွေ့မှုတို့သည် ဆိတ်သုဉ်းကုန်၏။ ဟူ၍ သောတ,ဃာန, ဇိဝှါ,ကာယ ဤလေး ပါးသော ဒွါရအာရုံတို့ကို အကျဉ်းအားဖြင့် ဟောတော်မူပြီး လျှင် မနောဒွါရ၌ဖြစ်သော ရုပ်,နာမ်ကိုကား အကျယ်အားဖြင့် ဟောတော်မူသည်

[ပဋိသမ္ဘိဒါမဂ်] မနော သုညော အတ္တေန ဝါ အတ္တနိယေန ဝါ၊ ဓမ္မာ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ၊ မနောဝိညာဏံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ၊ မနောသမ္ဖဿော သုညော အတ္တေန ဝါ အတ္တနိယေန ဝါ၊ ယမ္ပိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ။

မနောဒွါရ။ ။ချစ်သားအာနန္ဒာ မနောဒွါရသည် ကိုယ်မှုရင်း ကိုယ်နှင့်စပ်သော ဝတ္ထုမှုရင်း ဆိတ်သုဉ်း၏၊ ဓမ္မဟုသည့် သဘောတရားတို့သည် ကိုယ်မှုရင်း, ကိုယ်နှင့်စပ် သောဝတ္ထုမှုရင်း ဆိတ်သုဉ်းကုန်၏၊မနောဝိညာဏ်သည် ကိုယ်မှု ရင်း,ကိုယ်နှင့်စပ်သောဝတ္ထုမှုရင်း ဆိတ်သုဉ်း၏၊ မနောအတွေ့

ဖဿသည် ကိုယ်မှုရင်း' ကိုယ်နှင့် စပ်သောဝဋ္ဋ၊မှုရင်း ဆိတ်သုဉ်း၏၊ မနေ့အတွေ့ ဖဿဟူသောအကြောင်းကြောင့် ချမ်းသာလည်းဖြစ်သော,ဆင်းရဲလည်းဖြစ်သော,မချမ်းသာ မဆင်းရဲလည်းဖြစ်သော အကြင်ခံစားခြင်းသည် ဖြစ်ပေါ်၏၊ ထိုသုံးပါးသောခံစားခြင်းသည် ကိုယ်မှုရင်း,ကိုယ်နှင့်စပ်သော ဝဋ္ဋ၊မှုရင်း ဆိတ်သုဉ်း၏။ ။ဤသို့အားဖြင့် ခြောက်ပါးသော ဒွါရတို့သည်ရင်း, ခြောက်ပါးသော အာရုံတို့သည်ရင်း, ခြောက်ပါးသော ဝိညာဏ်သည်ရင်း, ခြောက်ပါးသော ဖဿသည်ရင်း, ခြောက်ပါးသော ဖဿကြောင့်ဖြစ်သော ဝေဒနာသုံးပါး ခြောက်လီတဆဲ့ရှစ်ပါးသည်ရင်း ကိုယ်,ကိုယ်နှင့် စပ်သော ဝဋ္ဋ၊မှု ဆိတ်သုဉ်း၏ဟု နိဂုမ်းစကား မိန့်ကြားတော်မူသည်မှာ—

[ပဋိသမ္ဘိဒါမဂ်] ယသ္မာ ခေါ အာနန္ဒ သုညံ အတ္တေနဝါ အတ္တနိယေနဝါ၊ တသ္မာ သုညော လောကောတိ ဝုစ္စတိတိ။

**အချုပ်အားဖြင့်။** ။ချစ်သား အာနန္ဒာ၊ အကြင်သို့သော သဘောကြောင့် ခြောက်ဒွါရ၌ဖြစ်သော အလုံးစုံသော တရားအပေါင်းသည် ကိုယ်မှုရင်း, ကိုယ်နှင့်စပ်သော,ဝဋ္ဋ၊မှုရင်း ဆိတ်သုဉ်း၏၊ ထိုသို့သော သဘောကြောင့် လောကသည် (ဝါ)လူအပေါင်း,နတ်အပေါင်းစသည်သည် ဆိတ်သုဉ်း၏- ဟု ငါဘုရားအမှန်အားဖြင့် ဟောကြားအပ်၏။ ။ဤသို့ အရှင်အာနန္ဒာအားဟောတော်မူသည်၊ ဤသို့ မိန့်ကြားအပ်သော ဘုရားရှင်၏ စကားတော်ကို အနတ္တလက္ခဏာဉာဏ် ရှိသူတို့သည် ယုံကြည်သော သဒ္ဓါတရား ပေါ်ပေါက်နိုင်ကုန်ရာ၏၊ ဤမှတပါး ဓမ္မစကြာတရားတော်ကို ဟောတော်မူခြင်းသည်လည်း ဆိတ်သုဉ်းခြင်းကို ပြသည်ဟု ဋီကာဆရာတို့ ဆိုးဖြတ်တော်မူကြသည်။

[မဟာဋီကာ] သုညတပ္ပကာသနဉ္စ ဓမ္မစက္က ပဝတ္တနန္တိ။

**ဓမ္မစကြာနှင့်သုညတ။** ။ဓမ္မစကြာတရားတော်ကိုဟောခြင်းသည် တလောကလုံး ဆိတ်သုဉ်းခြင်းကို ဖေါ်ပြခြင်းပင်တည်း၊

ဤမျှသော စကားအစဉ်ဖြင့် အနုတ္တ လက္ခဏာနှင့် တကွ သိုးခြားပြအပ်သော လက္ခဏာယာဉ်သုံးပါး သဘောသွားကို သုတမယဉာဏ်ဖြင့် ဖိုင်နိုင်စွာသိလောက်ပေပြီ။ ထိုယာဉ်သုံးပါးတို့တွင် တပါးကိုထင်မြင်လျှင် နှစ်ပါးကိုလည်း ထင်မြင်နိုင်လေသည်။

[အင်္ဂုတ္တရ-ဋ္ဌ] အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တ လက္ခဏံ ဒိဋ္ဌမေဝ ဟောတိ၊ ဧတေသု ဟိ တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ။

**အနိစ္စသင်္ချော။** ။အနိစ္စလက္ခဏာကို မြင်အပ်သည် ရှိသော် အနတ္တ လက္ခဏာကိုလည်း မြင်အပ်သည်သာလျှင်ဖြစ်၏၊ ထိုစကားမှန်ပေ၏၊ သုံးပါးကုန်သော လက္ခဏာတို့တွင် လက္ခဏာတပါး ထင်သည်ရှိသော် ကျန်နှစ်ပါးသော လက္ခဏာသည် ထင်မြင်အပ်သည်သာလျှင် ဖြစ်၏။ ။ပြဆိုအပ်ပြီးသော စကားအတိုင်း ဉာဏ်သက်ဝင်၍ ဆင်ခြင်ရန်မှာ- အနိစ္စဟူသည် ဖြစ်,ပျက် ဖြစ်,ပျက်ကိုပင် မှတ်ရသည်၊ ဒုက္ခအရာမှာလည်း ဖြစ်,ပျက် ဖြစ်,ပျက်ပင်၊ အနတ္တအရာမှာလည်း ဖြစ်,ပျက် ဖြစ်,ပျက်ပင် မှတ်ရသည်၊ ဖြစ်,ပျက်ခြင်းဟူသော ရုပ်နာမ်တရားကိုပင် ဤကား ဖြစ်ပြီး ဘာမျှမရှိ၍ အနိစ္စ၊ ဤကား ဖြစ်,ပျက် ဖြစ်,ပျက်ဖြင့် နှိပ်စက်၍ ဒုက္ခ၊ ဤကား ဖြစ်,ပျက် ဖြစ်,ပျက် လိုတိုင်းမဖြစ်၍ အစိုးမရ၊ ငါမဟုတ် အနတ္တပင်တည်း ဤသို့ တပေါင်းတည်းသော ရုပ်,နာမ်တရားကိုပင် တမျိုးခွဲခြားထားရကား လက္ခဏာတပါး ထင်မြင်ပါလျှင် ကြွင်းသော လက္ခဏာနှစ်ပါး ထင်မြင်နိုင်၏-ဟူသော အဋ္ဌကထာ စကားသည် မှန်ပေ၏ဟု ဉာဏ်သက်ဝင်နိုင်ရာ၏။

ထိုစကားနှင့်စပ်၍ သာသနာပအခါ၌ အနိစ္စ,ဒုက္ခ လက္ခဏာနှစ်ပါးကို ရသေ့ရဟန်းတို့ ထုတ်ဖော်သဖြင့် ၎င်းလက္ခဏာ

နှစ်ပါး ထင်ရှား၏။ အနတ္တ လက္ခဏာ ကိုကား ထိုပုဂ္ဂိုလ်တို့ ပညပ် တင်ထား မဟောကြားနိုင်၊ ဘုရားရှင်တို့သာ ပညပ်နိုင် ဟောကြားနိုင်၏ဟု အဋ္ဌကထာတို့၌ လာသောစကားရှိ၏၊ထိုသာ သနာပဋ္ဌ အနိစ္စ,ဒုက္ခ လက္ခဏာ ဟူသည်မှာ-ပညတ်အနိစ္စ လက္ခ ဏာ,ပညတ်ဒုက္ခလက္ခဏာ ဟူ၍ ပုံသေမှတ်ပါ။ ယောက်ျား,မိန်း လူသေလျှင် အနိစ္စ၊ ထိုလူတို့၌ အနာရောဂါကြီးနှိပ်စက်၍ ဆင်း ရဲသောအခါ ဒုက္ခ။ ဤမျှလောက်သာ အနိစ္စ,ဒုက္ခကို ပညပ်နိုင်ကြ ကုန်၏။ ထိုသာသနာပအခါ အနိစ္စ,ဒုက္ခဟု ပညပ်နိုင်သော ပုဂ္ဂိုလ်တို့သည် အကယ်၍ ပရမတ် အနိစ္စ,ဒုက္ခကိုသိ၍ ပညပ် နိုင်ပါလျှင် အနတ္တလက္ခဏာကိုလည်းပညပ်နိုင်ရာ၏၊ (ဤစကား သည်နောက်၌ထင်ရှားလတ္တံ့)၊စင်စစ်မှာ ပရမတ်လက္ခဏာယာဉ် သုံးပါးကို ဘုရားရှင်မှတပါး အစစ္စာ ပညပ်တင်ထား၍ ဟော ကြားနိုင်သော ပုဂ္ဂိုလ် တဦးတယောက်မျှ မရှိပေ။

[သမ္မောဝ-ဋ္ဌ] အနတ္တလက္ခဏာ ပညာပနဉ္စ် အညဿ ကဿ စိ အဝိသယော၊ သဗ္ဗညု ဗုဒ္ဓါနမေဝ ဝိသယော။

**ဗုဒ္ဓဝိသယ။** ။ ထိုစကားမှန်၏။ငါမဟုတ်,ငါ့ကိုယ်မဟုတ်ဟု ပညပ်ခြင်းသည် တစုံတယောက် မထင်ရှားသော ပုဂ္ဂိုလ်၏ အခွင့်အရာ မဟုတ်ပေ၊ အလုံးစုံ အကြွင်းမရှိ သိမြင် တော်မူသော ဘုရားရှင်တို့၏သာလျှင် အခွင့်ရေးရာ အမှန်ဖြစ် ပေသည်။ ။အနတ္တလက္ခဏာကို ပြခြင်းငှါ စွမ်းနိုင်သော အ နိစ္စလက္ခဏာ, ဒုက္ခလက္ခဏာကို ဟောပြတို့ အရာသည်လည်း ဘုရားရှင်တို့၏ အရာသာ ဖြစ်ပေသည်။

[မူလဋီကာ] အနတ္တလက္ခဏာပညာပနဿ အညေသံ အ ဝိသယတ္တာ အနတ္တလက္ခဏ ဒီပကာနံ အနိစ္စ, ဒုက္ခလက္ခဏာနဉ္စ ပညာပနဿ အဝိသယတာ ဒဿိတာ ဟောတိ။

**သတိပြုရန်။** ။အနတ္တ လက္ခဏာကို ပညပ်နိုင်ခြင်းသည်

တခြား တပါးသော ပုဂ္ဂိုလ်တို့၏ အခွင့်အရာ မဟုတ်ခြင်းကြောင့် ငါမဟုတ်, ငါ့ကိုယ်မဟုတ် ဟူသော အနတ္တလက္ခဏာကို ပြစွမ်းနိုင်ကုန်သော အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ တို့ကိုလည်း တပါးသူ၏ ပညပ်နိုင်ခွင့်အရာ မဟုတ်သည်၏ အဖြစ်ကို ပြအပ်၏။ ။အကျဉ်းချုပ်မှာ အနတ္တလက္ခဏာကို ဘုရားရှင်တို့သာ ပညပ်တော်မူနိုင်သည်၊ အနတ္တလက္ခဏာကို ပြနိုင်သော အနိစ္စလက္ခဏာ, ဒုက္ခ လက္ခဏာတို့ကို လည်း ဘုရားရှင် တို့သာ ပညပ်နိုင်၏။ ဤစကားဖြင့် သာသနာပအခါ၌ ဖြစ်ပေါ်သောအနိစ္စ, ဒုက္ခလက္ခဏာ ဟူသည်မှာ ပရမတ်မဟုတ်၊ ပညတ်သာ ဟူ၍ သိသင့်သိထိုက်ပေသည်။ အသီးအခြားပြအပ်သော ယာဉ်သုံး ပါးပြီး၏။

## ဝိပဿနာဉာဏ် ဆယ်ပါး

အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ပဿတီတိ ဝိပဿနာ၊ ဟု မဟာဋီကာ ဝစနတ္ထ ပြသည့်အတိုင်း အနိစ္စ စသည်တို့၏ အစွမ်းဖြင့် အထူးထူးအပြားပြား များစွာကုန်သော အခြင်းအရာတို့ဖြင့် ရှုမြင်တတ်သောကြောင့် ဝိပဿနာ မည်၏။ သမ္မသန စသော ဉာဏ်ဆယ်ပါးသည် ဝိပဿနာ မည်၏၊ ဤ၌ ဉာဏ်ဆယ်ပါးကား သမ္မသနဉာဏ်, ဥဒယဗ္ဗယ ဉာဏ်, ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဤဆယ်ပါးပင်တည်း။ ထိုဉာဏ်တို့ဖြင့် နှလုံးသွင်းအပ်, သုံးသပ်အပ်သော တရားသည်ကား—

[မူလပံ-၅၅] ကာယ, ဝေဒနာ, စိတ္တ, ဓမ္မေသု ကိဉ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာနာမ နတ္ထိ။

**နှလုံးသွင်းချက်။** ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ တို့တွင် တစုံ တခုသော တရားကို နှလုံးမသွင်းမူ၍ ဘာဝနာပွါးများခြင်းမည်သည် မရှိ၊ ဤသို့ဆိုသဖြင့် သတ္တဝါတို့

သန္တာန်၌ ရှိသော ခန္ဓာငါးပါး တရားကိုသာ ဘာဝနာမယ ဉာဏ် ဖြစ်အောင် နှလုံးသွင်းရမည်၊ သုံးသပ်ရမည်-ဟု အကျဉ်းချုပ်အားဖြင့် သိရမည်၊ ဤ၌ ကာယအရ ရူပက္ခန္ဓာ, ဝေဒနာအရ ဝေဒနက္ခန္ဓာ, စိတ္တအရ ဝိညာဏက္ခန္ဓာ, ဓမ္မအရ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟု အကျဉ်းအားဖြင့် ခန္ဓာငါးပါး ဟုလို။

**သမ္မသနဉာဏ်။ ဝိပဿနာယာစ ကလာပသမ္မသန် အာဒိ=** ဝိပဿနာ၏ အစသည့်ကား အပေါင်းကို သုံးသပ်ခြင်းတည်း ဟူ၍ မဟာဋီကာ မိန့်အပ်သည်နှင့်အညီ အတိတ်,အနာဂတ်, ပစ္စုပ္ပန်,အဇ္ဈတ္တ,ဗဟိဒ္ဓ စသည်တို့၌ ဖြစ်သော ခန္ဓာ,ဒွါရ,အာရုံ, ဝိညာဏ်စသော တရားအပေါင်းကို သုံးသပ်ခြင်းသည် သမ္မသနဉာဏ်မည်၏။

(မှတ်ချက်။ ။ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူသော ယံကိဉ္စိ အတီတာ နာဂတ ပစ္စုပ္ပန္နံ အစရှိသော ဒေသနာသည် သမ္မသနဉာဏ် အရာကိုပြ၏-ဟူ၍ မဏိသာရ မဉ္ဇူသာ၌ အဆိုရှိ၏)။

သုံးသပ်ရန် နည်းမှာ——**အတီတေ ဇာတံ ရူပံ အတီတမေဝ နိရုဒ္ဓံ**=အတိတ်၌ဖြစ်သော ရုပ်သည် အတိတ်၌သာ လျှင် ချုပ်ပြီ။ အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သောရုပ်သည် အနာဂတ်ကာလ၌ သာလျှင် ချုပ်လတ္တံ့။ အကြင်ရုပ်သည် ပစ္စုပ္ပန်ကာလ၌ ဖြစ်၏၊ ထိုရုပ်သည် အနာဂတ်ကာလသို့ မရောက်မူ၍ ပစ္စုပ္ပန် ကာလ၌သာလျှင် ချုပ်ဆဲဖြစ်၏။ (ထို့အတူ အဇ္ဈတ္တ, ဗဟိဒ္ဓ စသော ရုပ်တို့ကိုလည်း သုံးသပ်ရမည်)။ ဤသို့ သုံးသပ်ခြင်း သည် သမ္မသနဉာဏ်မည်၏။

အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန၊ ကုန်ခန်းပျက်စီးတတ်သော သဘောကြောင့် မမြဲ၊ ဘေးဖြစ်တတ် သော သဘောကြောင့် ဆင်းရဲ၏၊ အတ္တဟူသော အနှစ်သာရ မရှိသော သဘောကြောင့် အစိုးမရ—အနတ္တဟူ၍ ဝင်း, အနိစ္စ,

ဒုက္ခ,အနတ္တ ဟူ၍ရင်း သဘာဝကိုသိပြီး နှုတ်ဖြင့် ရွတ်ဆိုသော်ရင်း, စိတ်ဖြင့် နှလုံးသွင်းသော်ရင်း သမ္မသနဉာဏ်မည်၏၊ ဤသမ္မသနဉာဏ်အရာ၌ ပဋ္ဋပ္ပန်ခန္ဓာ စသည်ကိုသာ အာရုံ၏အဖြစ်ဖြင့် ယူသင့်သည် မဟုတ်ပါလော ဟု စောဒနာအံ့၊ နှလုံးသွင်း လွယ်စိမ့်သောငှါ အတိတ်စသည်ကို ဝေဖန်ခြင်းဖြင့် အဦးပြု၍ ယူသင့်ပေသည်။

[မဟာဋီကာ] ဧတ္ထ ဟိ အာဒိကမ္မိကာနံ ဝိပဿနာ မနသိကာရ သုခတ္ထံ ယံကိဉ္စိ ရူပန္တိ အာဒိနာ ပဋ္ဌမံ တာဝ ပဉ္စက္ခန္ဓာ အတီတာဒိ ဝိဘာဂ မုခေန ဂဟိတာ။

**နှလုံးသွင်းလွယ်ရန်။** ထင်စွာပြအံ့၊ ဤဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရာ၌ အစစွာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း အမှုရှိကုန်သော ယောဂီပုဂ္ဂိုလ်တို့အား ဝိပဿနာကို နှလုံးသွင်း လွယ်စိမ့်သောငှါ "ယံကိဉ္စိ ရူပံ" ဤသို့စသည်ဖြင့် ဥဒယဗ္ဗယဉာဏ် မဖြစ်မီ ရှေးဦးစွာ ငါးပါးသော ခန္ဓာတို့ကို အတိတ်အစရှိသော ဝေဖန်ခြင်းကို အစအဦးမူသဖြင့် ယူအပ်၏။ဆိုလိုရင်း အချုပ်မှာ အတိတ်စသည်၌ ဖြစ်သော ရူပက္ခန္ဓာအပေါင်း, ဝေဒနာက္ခန္ဓာအပေါင်း စသော တခုတခုသော ခန္ဓာကို ဝေဖန်သဖြင့် အနိစ္စ, ဒုက္ခ,အနတ္တ ဟူ၍ သုံးသပ်ရမည်၊ ဤသို့ သုံးသပ်ရာ၌လည်း ထက်သောဉာဏ်ရှိ, ကြီးသောပညာရှိသော ယောဂီပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်နိုင်၏။

[မဟာဋီကာ] တေက္ခသ တိက္ခဝိညာယသ မဟာပညဿ နယ ဝိပဿနာဝသေနေဝ ဥဒယဝယဉာဏံ ဥပ္ပဇ္ဇတိတိ ဝဒန္တိ။

**ပညာရှိ-ယောဂီ။** ထက်သောဉာဏ်ရှိ, ကြီးသော ပညာရှိသော အချို့ ယောဂီပုဂ္ဂိုလ်အား သမ္မသနဉာဏ် ခေါ်အပ်သော နယဝိပဿနာ၏ အစွမ်းဖြင့်သာလျှင် ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်နိုင်၏–ဟူ၍ မိန့်တော်မူ၏။ ။ဤသို့

သဒ္ဓါစသော ဣန္ဒြေကလည်း ထက်, ပညာကလည်း ကြီးသော ယောဂီပုဂ္ဂိုလ်အား အတိတ်,အနာဂတ် စသည်၌ဖြစ်သော ခန္ဓာကို သုံးသပ်အပ်သောအခါ ပဋ္ဌပြုန်အခိုက်နှင့် ကြုံကြိုက်သဖြင့် ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်နိုင်၏ ဟု ဆိုလိုရင်းဖြစ်ပေ၏။ ဤသုံးပါး၌ဖြစ်သော ခန္ဓာစသည်တို့၌ လက္ခဏာယာဉ် သုံးပါးကို တင်၍ သုံးသပ်သော အခြင်းအရာဖြင့် ပြအပ်သော သမ္မသနဉာဏ် အကျဉ်းပြီး၏။

[မဟာဋီကာ] ကလာပ သမ္မသနာဒိဝသေန ပဝတ္တံ သမ္မသနံ န နိပ္ပရိယာယေန ဝိပဿနာသမညံ လဘတိ၊ ဥဒယဗ္ဗယာနုပဿနာဒိ ဝသေန ပဝတ္တမေဝ လဘတိ။

**ဥဒယဗ္ဗယဉာဏ်။** အတိတ်စသည်၌ အပေါင်း ဖြစ်သော ခန္ဓာကို သုံးသပ်ခြင်း စသည်တို့၏ အစွမ်းဖြင့် ဖြစ်သောသမ္မသနဉာဏ်သည် မချအားဖြင့်ဝိပဿနာဟူသော အမည်ကို မရသေးပေ၊ ဖြစ်ခြင်း,ပျက်ခြင်းကို အဖန်ဖန်ရှုခြင်း စသည်တို့၏ အစွမ်းဖြင့်ဖြစ်သော ဥဒယဗ္ဗယဉာဏ်သည် သာလျှင် ဝိပဿနာအမည်ကို ရနိုင်ပေ၏။ ဤသို့ဖြစ်လျှင် နယဝိပဿနာကို အားမထုတ်ဘဲ ဥဒယဗ္ဗယဉာဏ်ကိုသာ ရအောင်အားထုတ်ဘို့ သင့်နေသည် မဟုတ်ပါလော၊ မဟုတ်ပါ၊ ဥဒယဗ္ဗယဉာဏ်ကို ရခြင်းသည် နယဝိပဿနာ ပြည့်စုံမှ ရနိုင်ပါသည်။

[မဟာဋီကာ] ဥဒယဗ္ဗယ ဉာဏပ္ပဘုတိ ဟိ ဉာဏ နယ ဝိပဿနာယ သမ္မတ္တံ အဓိပ္ပေတံ။

**သင်္ခေပချက်။** ထိုစကားမှန်၏၊ ဤဝိပဿနာကို အားထုတ်ရာ၌ ဥဒယဗ္ဗယဉာဏ် ဖြစ်ခြင်းကို နယဝိပဿနာ၏ ပြည့်စုံခြင်း—ဟူ၍ အလိုရှိအပ်၏။ ။သို့ဖြစ်၍ နယဝိပဿနာကို ရှေးဦးစွာ အားထုတ်ရပါသည်၊ တမဂ်, တဖိုလ် ရပြီးဖြစ်သည့် ယောဂီဖြတ်တို့မှာကား နယဝိပဿနာကို အားထုတ်နေဘို့ မရှိတော့ပေ၊ ဥဒယဗ္ဗယ ဉာဏ်မှစ၍

အားထုတ်ရပေသည်၊ ဤဥဒယဗ္ဗယဉာဏ်ကို အားထုတ်ရာ၌လည်း နယပိပဿနာခေါ်သော သမ္မသနဉာဏ်ဖြစ်မှုကဲ့သို့ အတိတ်,အနာဂတ်ကို ထည့်၍ အားမထုတ်ရပေ၊ ပစ္စုပ္ပန်တရားကို အစစ္စာ အားထုတ်ရပေသည်၊ နောက်အဘို့ကျမှသာ အတိတ်,အနာဂတ် တရားတို့ကို ဆောင်၍သိရ၏။

[မဟာဋီကာ] ပဌမဥ္စ ပစ္စုပ္ပန္နဓမ္မာနံ ဥဒယဗ္ဗယံ ဒိသွာ အထ အတီတာနာဂတေ နယံ နေတိ။

ထိုစကားမှန်ပေ၏၊ အတိတ်,အနာဂတ် တရားတို့ကိုထား၍ ရှေးဦးစွာ ပစ္စုပ္ပန်တရားတို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို သိမြင်၍ ထိုမှနောက်၌ အတိတ်,အနာဂတ်တရား၌ နည်းကို ဆောင်အပ်၏။ ။ဥဒယဗ္ဗယဉာဏ် ဟူသည်မှာ—ပစ္စုပ္ပန်တရားတို့၏ ဖြစ်ဆဲအခိုက်အတန့်, ပျက်ဆဲအခိုက်အတန့်တို့ကို ဉာဏ်ဖြင့် မျက်မှောက်ရှုကြည့်ရပါသည်၊ အတိတ်,အနာဂတ် တရားတို့ကား မျက်မှောက် မရှိကြသဖြင့် ရှုကြည့်၍မြင်နိုင်သော တရားများ မဟုတ်ကြပေ၊ ပစ္စုပ္ပန် တရားကို သိပြီး၍ မျက်ရမ်းဆ၍ သိရပေသည်။

အမျိုးငါးဆယ်သော အခြင်းအရာတို့ဖြင့် ဥဒယဗ္ဗယဉာဏ်ရှုမှုကို ပြဦးအံ့၊ ကြို၍တင်သိထားတို့ကား—ဥဒယဆိုသည်မှာ ဖြစ်မှု, ဝယဆိုသည်မှာ ပျက်မှု, ဖြစ်မှုရှိလျှင် ဖြစ်ခြင်း၏ အကြောင်းရှိရမည်၊ ပျက်မှုရှိလျှင် ပျက်ခြင်း၏ အကြောင်းလည်း ရှိရမည်၊ ဤသဘောကို ကြို၍တင်သိထားပါ၊ ထို့နောက် ခန္ဓာငါးပါးတို့တွင် တပါးပါးသော ခန္ဓာ၌ ဥဒယ-ငါးပါး, ဝယ ငါးပါး ဖြစ်၍ ခန္ဓာငါးပါးလုံး၌ အမျိုးငါးဆယ် ဖြစ်ပေ၏၊ ဖြစ်ပုံကား-အတိတ်ဘဝ၌ အဝိဇ္ဇာရှိ၍ ယခုဘဝ၌ ရူပက္ခန္ဓာ ဖြစ်ခြင်း တပါး, အတိတ်ဘဝ၌ တဏှာရှိ၍ ယခုဘဝ၌ ရူပက္ခန္ဓာ ဖြစ်ခြင်းတပါး, အတိတ်ဘဝ၌ ကမ်ရှိ၍ ယခုဘဝ၌ ရူပက္ခန္ဓာ ဖြစ်ခြင်းတပါး, ယခုဘဝ၌ အာဟာရရှိ၍ ရူပက္ခန္ဓာ ဖြစ်ခြင်း

တပါး, (အကြောင်းကို နှလုံးမသွင်းပါနှင့်) ယခုဘဝ၌ ရူပက္ခန္ဓာတို့၏အသစအသစဖြစ်ခြင်းတပါး, ပေါင်းဥဒယဖြစ်ပုံ ငါးပါးတည်း။

ဝယ—ပျက်ပုံကို ပြဦးအံ့— အတိတ်ဘဝ၌ အရဟတ္တမဂ်ဖြင့် ပယ်ပြီး၍ အဝိဇ္ဇာ မရှိသဖြင့် ယခုဘဝ၌ ရူပက္ခန္ဓာ မဖြစ်ခြင်းတပါး, (အဝိဇ္ဇာအတိုင်း)တဏှာမရှိ၍ ရူပက္ခန္ဓာမဖြစ်ခြင်းတပါး, ကံမရှိ၍ ရူပက္ခန္ဓာမဖြစ်ခြင်းတပါး, ယခုဘဝ အာဟာရမရှိ၍ ရူပက္ခန္ဓာမဖြစ်ခြင်းတပါး, ရူပက္ခန္ဓာတို့၏ ဘောက်ပြန်၍ မဖြစ်ခြင်းတပါး, ပေါင်းဝယ=မဖြစ်ခြင်း= ပျက်ပုံငါးပါးတည်း။ အဖြစ်ငါးပါး, အပျက်ငါးပါး ပေါင်းရူပက္ခန္ဓာ၌ ဆယ်ပါးဖြစ်၏၊ ရူပက္ခန္ဓာနှင့်အတူ ဝေဒနာက္ခန္ဓာ၌ ဆယ်ပါး, သညာက္ခန္ဓာ၌ ဆယ်ပါး, သင်္ခါရက္ခန္ဓာ၌ဆယ်ပါး, ဝိညာဏက္ခန္ဓာ၌ ဆယ်ပါး ၅၀ဖြစ်၏ (အထူးမှာ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ တို့၌ အာဟာရနေရာတွင် ဖဿ တွေ့ထိမှုကို ထည့်ပါ ဝိညာဏက္ခန္ဓာ၌ နာမ်, ရုပ်ကိုထည့်ပါ) ဤကား အမျှငါးဆယ်ဖြစ်ပုံတည်း။

[ဒီသုဋ္ဌိမဂ်] အဝိဇ္ဇာ, တဏှာ, ကမ္မာနိ ပဋိသန္ဓိယော ဝ ခန္ဓာနံ ပစ္စတ္တိပစ္စယာ၊ တန္နိရောဓာစ သောသံ နိရောဓော။ အာဟာရော ရူပက္ခန္ဓဿေဝ ပစ္စယော၊ တန္နိရောဓာ စ တဿ နိရောဓော။ ဖဿော ဝေဒေတိ၊ ဖဿော သဉ္ဇာနာတိ၊ ဖဿော စေတေတီတိ ဝစနတော ဖဿော ဝေဒနာ ဒိက္ခန္ဓတ္တယဿေဝ ပစ္စတ္တိပစ္စယော၊ တန္နိရောဓာ တဿ နိရောဓော။ နာမရူပပစ္စယာ ဝိညာဏန္တိ ဝစနတော နာမရူပံ ဝိညာဏက္ခန္ဓဿေဝ ပစ္စတ္တိပစ္စယော။ တန္နိရောဓာ စ တဿ နိရောဓောတိ။

**အဝိဇ္ဇာနှင့်ခန္ဓာ ။** ။အတိုချုပ် အဓိပ္ပါယ်မှာ အဝိဇ္ဇာဖြစ်လျှင် ခန္ဓာငါးပါး ဖြစ်တော့၏၊ အဝိဇ္ဇာချုပ်လျှင် ခန္ဓာငါးပါးချုပ်တော့၏၊ (ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ဆဲ့နှစ်

ပါးမှာလည်း အဝိဇ္ဇာချုပ်လျှင် ကျန်သမျှ အင်္ဂါအားလုံးချုပ်တော့ သကဲ့သို့တည်း)။

ဥဒယဗ္ဗယဉာဏ်အရာ၌ လိုရင်းအကျဉ်းဆုံးကား ဖြစ်မှု,ပျက်မှု ဤနှစ်ခုကို သိမြင်ခြင်းဖြစ်ပေသည်၊ ဤသိမြင်ခြင်းနှင့် စပ်သော ပစ္စုပ္ပန်သုံးမျိုးကိုလည်း သိသင့်သိထိုက်၏၊ သုံးမျိုးဟူသည်မှာ- အဒ္ဓါပစ္စုပ္ပန်,သန္တတိပစ္စုပ္ပန်, ခဏပစ္စုပ္ပန်ဖြစ်ပေ၏၊ထိုတွင်အဒ္ဓါ ပစ္စုပ္ပန်ဟူသည်မှာ အတိတ်ဘဝ, အနာဂတ်ဘဝ နှစ်ခုတို့၏ အကြား ပဋိသန္ဓေမှစ၍ အဆုံးစုတိစိတ်တိုင်အောင်သော ကာလ တည်း။၎င်းအဒ္ဓါပစ္စုပ္ပန်အတွင်းကာလ၌ သန္တတိပစ္စုပ္ပန်ပေါင်း မရေမတွက်နိုင်အောင် အတွင်းဝင်နေပေ၏။

ရုပ်သန္တတိ၌ 'ဧကဒွေ သန္တတိဝါရ ပရိယာပန္နံ' ဟူ၍၎င်း, နာမ်သန္တတိ၌ 'ဒွေ တယောဇဝနဝါရာ' ဟူ၍၎င်း ကျမ်းဂန်၌ လာသော်လည်း ယောဂီတို့၏ နားနှင့်သင့်ရုံသာ ပြပေအံ့။

သန္တတိပစ္စုပ္ပန်ဟူသည်မှာ— သဘာဝအတိုင်း သိအပ်သော ဖြစ်မှု အစအစမှ ပျက်မှု အဆုံး အဆုံး တခုတခုသည် သန္တတိ ပစ္စုပ္ပန်မည်၏၊ပုံစံမှာ—ဆန့်သောလက်၏ အစမှအဆုံး တခုသည် ၎င်း, ကွေးသောလက်၏ အစမှ အဆုံးတခုသည်၎င်း, မြှောက် သောလက်၏ အစမှ အဆုံးတခုသည်၎င်း,ချသောလက်၏ အစ မှ အဆုံးတခုသည်၎င်း, ကြွသောခြေ၏ အစမှ ချသောခြေ၏ အဆုံးတခုသည်၎င်း, တဖက်သို့လှည့်သော ကိုယ်၏ အစမှ တ ဖက်သို့ရောက်သော ကိုယ်၏ အဆုံးသည်၎င်း,ဤသို့ အမူအရာ တခုတခု၏အစမှ အဆုံးအဆုံးသို့ ရောက်သောကာလသည် သန္တ တိပစ္စုပ္ပန်မည်၏။(ဤသန္တတိပစ္စုပ္ပန်အတွင်း၌ကား ခဏ ပစ္စုပ္ပန် ပေါင်း မရေမတွက်နိုင်အောင် အတွင်းဝင်ပေ၏)။

ခဏပစ္စုပ္ပန်ဟူသည်မှာ- စိတ်၏ ဥပါဒ်,ဌီ,ဘင် ခဏသည် ၎င်း, ရုပ်၏ ဥပါဒ်,ဌီ,ဘင်,ခဏသည်၎င်း ခဏပစ္စုပ္ပန်မည်၏။ ရုပ်၏ ဥပါဒ်ခဏသည်၎င်း, ဘင်ခဏသည်၎င်း, စိတ်၏ဥပါဒ်

ခဏ, ဘင်ခဏနှင့် ကာလချင်းတူမှု၏၊ ရုပ်၏ဌီခဏမှာကား—ဝိတ်ခဏငယ်ပေါင်းလေးသ ဲ့ကိုးခဏရှိ၏။ ဤမျှဖြင့် ပဥ္စုပ္ပန်သုံးပါးကို အပြီးထား၍ ဥဒယဗ္ဗယဉာဏ်ကိုဆက်၍ပြဦးအံ့—

[ဒိသုဒ္ဓိမဂ်] ဇာတံ ရူပံ ပစ္စုပ္ပန္နံ။တဿနိဗ္ဗတ္တိ လက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

**အဖြစ်နှင့်အပျက်။** ။ဖြစ်ဆဲသောရုပ်သည် ပစ္စုပ္ပန် မည်၏၊ ထိုဖြစ်ဆဲသော ပစ္စုပ္ပန်ရုပ်၏ အစစွာဖြစ်ခြင်း လက္ခဏာသည် ဥဒယ=ဖြစ်ခြင်း မည်၏၊ ဖေါက်ပြန်၍ ပျက်စီးခြင်းလက္ခဏာသည် ဝယ=ပျက်ခြင်းမည်၏၊ ဖြစ်ခြင်း,ပျက်ခြင်းကို အဖန်ဖန်ရှုခြင်းသည် ဥဒယဗ္ဗယဉာဏ်မည်၏။ ။ဤသည်ကား ခဏပစ္စုပ္ပန်၏ ဖြစ်မှု,ပျက်မှုကို မှတ်၍ ဥဒယဗ္ဗယဉာဏ် ဖြစ်ရန်သဘောကို ပြခြင်းဖြစ်ပေ၏၊ ထိုဉာဏ်ဖြစ်ပေါ်မှုသည် မလွယ်ကူလှ၊ သို့ရာတွင် ထက်သောပညာ ရှိသူတို့အတွက် မလွယ်ကူဟု မဆိုနိုင်ပေ။ ဥပမာ-ဘုရားရှင်သည် ''ပဋိစ္စသမုပ္ပါဒ်ကိုလွယ်ကူစွာသိတ္တိရာ ခဲယဉ်းလှ၏''ဟု အရှင်အာနန္ဒာအား အမိန့်ရှိရာ အရှင်အာနန္ဒာက ''အရှင်ဘုရား၊ ပဋိစ္စသမုပ္ပါဒ် တရားသည် မခက်ခဲလှပါ၊ လွယ်ကူစွာပင် သိမြင်နိုင်ပါသည်'' ဤသို့လျှောက်၍ ဘုရားရှင်က ''အာနန္ဒာ၊သင်ကဲ့သို့ ပါရမီ ဖြည့်ဆည်းပူးပြီးသော ပုဂ္ဂိုလ်မျိုးကို ပဋိစ္စသမုပ္ပါဒ်တရားသည် အသိခက်သည်၊ မလွယ်ကူဟု၍ ငါဘုရားဟောတော်မူသည် မဟုတ်ပေ၊ ပါရမီမပြည့်ကြသော ပုဂ္ဂိုလ်တို့ကိုရည်၍ ဟောတော်မူသည်'' ဟု အမိန့်ရှိသကဲ့သို့ပင် ဤဥဒယဗ္ဗယဉာဏ် ဖြစ်မှုမှာလည်း ပါရမီရှိသူတို့အတွက် လွယ်လွယ်နှင့် သိနိုင်ရာ၏၊ လုလ္လမလျှော့သင့်ပေ၊ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သူတို့သည် ငါ့လိုလူပင်ဖြစ်၍ အဓိပတိတရားတပါးပါးရှိသူဖြစ်ရမည်ဟု မြင့်မြတ်သောစိတ်ဖြင့် အားထုတ်တို့ သင့်လှပေသည်၊ ဤ၌အစစွာ အားထုတ်သူတို့

အဘိုရ်မှာ သင်္ခတပစ္စုပ္ပန် ဖြစ်သော ရုပ်, နာမ်ကိုသာ နှလုံးသွင်း အပ်ပေသည်။

[မဟာဋီကာ] ပစ္စုပ္ပန္နရူပ်နာမ ဇာတံ ခဏယတ္တပရိယာပန္နန္တိ အတ္တော၊ တံ ပန အာဒိတော ဒုပ္ပရိဂ္ဂဟန္တိ သန္တတိ ပစ္စုပ္ပန္နဝသေန ဝိပဿနာဘိနိဝေသော ကာတဗ္ဗော။

**သတ်ပြုရန်။** ။ပစ္စုပ္ပန်ရုပ် မည်သည်မှာ ဖြစ်ဆဲဖြစ်သော ခဏငယ်သုံးပါး၌ အကျုံးဝင်သော ရုပ်ပင်တည်း၊ ဤသည်လျှင် ပစ္စုပ္ပန်ရုပ်၏ သဘောဖြစ်သော အနက်တည်း။ ထိုပစ္စုပ္ပန်ရုပ် ကိုကား ဝိပဿနာကို အားထုတ်သော အစွာအခါ၌ ယူနိုင် သိမ်းဆည်းနိုင်ခဲ၏၊ ထို့ကြောင့် သန္တတိပစ္စုပ္ပန်၏ အစွမ်းဖြင့် ဝိပဿနာ၌ နှလုံးသွင်းခြင်းကို ပြုအပ်၏။ ။ခဏပစ္စုပ္ပန်သည် ကား မျက်စိဖြင့် မမြင်နိုင် အလွန့်အလွန် သိမ်မွေ့လှ၏၊ ဝိပဿနာကို အစွာ အားထုတ်ရာ၌ ဤကား ဥဒယ, ဤကား ဝယ, ဟူ၍ မသိမ်းဆည်းနိုင်။ သန္တတိ ပစ္စုပ္ပန်သည်ကား ဤမှစ၍ ဤတွင်ဆုံးသည် စသည်ဖြင့် ကလေးများသော်မှ မြင်နိုင်သိနိုင်ရ ကား သိမ်းဆည်းခြင်းငှါ လွယ်ကူလှသည်၊ သို့ဖြစ်၍ သန္တတိ ပစ္စုပ္ပန်၏ အစွမ်းဖြင့်သာလျှင် ဝိပဿနာကို အစွာနှလုံး သွင်းအပ်၏ဟု ဋီကာဆရာ မိန့်တော်မူသည်၊ ထိုမှတပါး ဝိပဿနာ၏ အာရုံမှာ ရုပ်နှင့်နာမ် နှစ်မျိုးဖြစ်သည် ထိုနှစ်မျိုး တွင် ရုပ်ကိုသာ အဖန်ဖန် နှလုံးသွင်းပါလျှင် နာမ်တရားများ အလိုလို ထင်ရှားနိုင်ပေသည်။

[ဝိသုဒ္ဓိမဂ်] ရူပမေဝ ပုနပ္ပုနံ သမ္မသိတဗ္ဗံ၊ မနသိကာတဗ္ဗံ၊ပရိဂ္ဂဟေတဗ္ဗံ၊ ဝဝတ္ထပေတဗ္ဗံ၊တဒါ ရမ္မဏာ အရူပမ္မာ သယမေဝ ပါကဋာ ဟောန္တိ။

**ထင်ရှားပုံ.လိမ့်။** ။ရုပ်ကိုသာလျှင် အဖန်ဖန်သုံးသပ်အပ်၏၊ နှလုံးသွင်းအပ်၏၊ သိမ်းဆည်းအပ်၏၊ ပိုင်းခြားအပ်၏၊ ထိုရုပ်ကို အာရုံပြုသော နာမ်တရားတို့သည် အလိုလိုသာလျှင် ထင်ရှား

ဖြစ်ကုန်၏။ ။ဆိုလိုရင်းမှာ သန္တတိပဏ္ဏတ်ပြန်ဖြစ်သော ရုပ်ကို သာလျှင် အကြိမ်ကြိမ် အဖန်ဖန် သုံးသပ်ရမည်၊ ပညာနှင့်စပ်သော မိမိ၏ ရူပကာယခေါ် ဤကိုယ်ကိုပင်လျှင် အမူအရာအမျိုးမျိုး မှတ်ရမည်၊ ဤကား ထိုင်သည်, ကား ထသည်၊ ဤကား ရပ်သည်၊ ဤကားလျှောင်းသည် ဤကား ဆန့်သည် ဤကား ကွေးသည်၊ဤကား လှည့်သည်၊ ဤကားကြည့်သည်စသည်ဖြင့် ကိုယ်အမူအရာမှန် သမျှကို မလွတ်စေရန်ပိုင်းခြားမှတ်သားရမည် ဟု ဆိုလိုရင်းဖြစ်ပေသည်၊ ဤကိုယ်ရူပကာယမှ တခြားသို့ စိတ်မသွားရန် သတိဖြင့် မှတ်ခဲ့သော် မှတ်တတ်,ပိုင်းခြားတတ်သော နာမ်ဖြစ်သည့် စိတ်များ ထင်ရှားကုန်၏ဟု ဆိုလိုသည်၊ ဤသို့ သန္တတိအစဉ်အတိုင်း မှတ်ရာ၌ အတွင်းဝင်သော ခဏပစ္စုပ္ပန် အားဖြင့်လည်း နှလုံးသွင်းရာ၏၊ ထိုသို့ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား ထက်သောဉာဏ် ဖြစ်ပေါ်သောအခါ ရုပ်,နာမ် နှစ်ပါး ထင်ရှား ဖြစ်တော့၏။

[မဟာဋီကာ] ခဏတောပိ ဥဒယဗ္ဗယံ မနသိ ကရောတိ၊ တဿ ယဒါ ဉာဏံ တိက္ခံ ဝိသဒံ ဟုတွာ ပဝတ္တတိ၊ တဒါ ရူပါရူပဓမ္မာ ခဏေခဏေ ဥပဋ္ဌဟန္တာ ဘိန္နာ ဟုတွာ ဥပဋ္ဌဟန္တိ။

**ထက်မြက်,သန့်ရှင်းသော ဉာဏ်။** ။ပစ္စုပ္ပန်ခဏ အားဖြင့်လည်း ဖြစ်ခြင်း, ပျက်ခြင်းကို နှလုံးသွင်း၏၊ ထိုသို့ ခဏ အားဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်၏ အကြင်အခါ၌ဉာဏ်သည် ထက်သည်, သန့်ရှင်းသည်ဖြစ်၏ ထိုသို့ ထက်မြက် သန့်ရှင်းသော ဉာဏ်ဖြစ်သောအခါ၌ ရုပ် နာမ်တရားတို့သည်ခဏတိုင်း,ခဏတိုင်း ဖြစ်ကုန်သည်ဖြစ်၍ရင်း,ပျက်ကုန်သည်ဖြစ်၍ရင်း ထင်ကုန်၏။ ။ခဏအားဖြင့် နှလုံးသွင်းသော်လည်း ထက်မြက်သန့်ရှင်းသောဉာဏ် မဖြစ်သမျှ ရုပ်,နာမ်တရားတို့၏ ဖြစ်မှု,ပျက်မှုခေါ် ဥဒယဗ္ဗယဉာဏ် မဖြစ်

ပေါ်နိုင်ပေ၊ ထိုသို့ မဖြစ်ပေါ်နိုင်ပါလျှင် ထက်မြက် သန့်ရှင်းသော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်မှုကို အဘယ်ကဲ့သို့ ပြု ရ ပါအံ့နည်း။

[မဟာဋီကာ] ဥဒယဗ္ဗယဉာဏံ ပန တိက္ခံ ဝိသဒံ ကာတုကာမေန လက္ခဏာတ္တယံ တီရဏာမေဝ ကာတဗ္ဗံ၊ ပရိကမ္မသဒိသံ ဟောတိတသ္မာ၊ ေနယော သေသဉာဏေ သုပိ။

**ယာဉ်သုံးပါးနှင့်-ပရိကမ်း။** ။ထက်မြက် သန့်ရှင်းမှု ပြုဘို့ရာ ဆိုအံ့၊ ထက်မြက် သန့်ရှင်းသော ဥဒယဗ္ဗယဉာဏ်ကို ပြုလိုသော ယောဂီပုဂ္ဂိုလ် သည် အနိစ္စ, ဒုက္ခ အနတ္တ ဟူသော လက္ခဏာယာဉ် သုံးပါးဖြင့် ကူးခတ်ခြင်းကို သာလျှင် ပြုအပ်၏။ ထိုစကားမှန်၏။ ဤလက္ခဏာယာဉ် သုံးပါး ဖြင့် ကူးစတ်ခြင်းသည် စီးဖြန်းခြင်း ပရိကမ်နှင့် တူပေ၏။ ဤ လက္ခဏာယာဉ် သုံးပါးဖြင့် ကူးခတ်သော နည်းအတိုင်း ဥဒ ယ ဗ္ဗယဉာဏ်မှ ကြွင်းသော အထက်အထက် ဉာဏ်တို့၌လည်း ပြုအပ်၏။ ။ဥဒယဗ္ဗယဉာဏ် မထက်သန့်,မသန့်ရှင်းသမျှ ကာ လပတ်လုံး အနိစ္စ,ဒုက္ခ,အနတ္တ ဟူ၍ အကြိမ်ကြိမ် အဖန်ဖန် အားထုတ်ရမည်၊ ထိုသို့ အားထုတ်ခြင်းသည် ထက်မြက် သန့် ရှင်းအောင် ပြုခြင်းနှင့် တူပေ၏။ (ကြွင်းသော ဘင်ဉာဏ် စ သည်တို့၌လည်း ဤနည်းအတိုင်း လုလ္လပြုလေဟု ညွှန်ပြတော် မူ၏)။

ဤအရာ၌သာနှ၌ စောဒနာတွယ် ကိုဆိုအံ့၊ ဥဒယဗ္ဗယဉာဏ်နှင့် လက္ခဏာယာဉ်သုံးပါးသည် တခြားစီမဟုတ်ပါလော ထိုသို့တ ခြားစီဖြစ်ခဲ့သော် လက္ခဏာယာဉ်သုံးပါးကို ကူးခတ်ဆင်ခြင် သုံး သပ်ရာ၌ အဘယ်သို့ ဥဒယဗ္ဗယဉာဏ် ထက်မြက်သန့်ရှင်း နိုင်အံ့ နည်း၊ ဤသို့စောဒနာခဲ့သော်—

[မဟာဋီကာ] ဥဒယဗ္ဗယဉာဏံ လက္ခဏတ္တယံ ဝိသယံ ဟောတီတိ ဥဒယဝယေ ပန ပဋိဝိဇ္ဈေ အနိစ္စ လက္ခဏံ ပါကဋံ ဟုတွာ ဥပဋ္ဌာတိ၊ တတော

ယဒနိစ္စံ တံ ဒုက္ခံ၊ ယံဒုက္ခံတဒနတ္တာတိဉာတရ
လက္ခဏာဒွိ။

**ယာဉ်သုံးပါး၏အခြေ။** ။ဥဒယဗ္ဗယဉာဏ်သည် လက္ခဏာယာဉ် သုံးပါး၏ အခြေဖြစ်၏ ထို့ကြောင့် ဖြစ်ခြင်း, ပျက်ခြင်းကို ထိုးထွင်း၍ သိသည်ရှိသော် အနိစ္စလက္ခဏာသည် ထင်ရှားစွာဖြစ်၍ ထင်ပေ၏. ထိုအနိစ္စလက္ခဏာ ထင်သောအခါ၌ "**ယဒနိစ္စံ တံ ဒုက္ခံ ယံ ဒုက္ခံ တဒနတ္တာ**"ဟူ၍ဘုရားရှင်ဟောတော်မူသောကြောင့် အနိစ္စလက္ခဏာမှတပါးသော ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာ သည်လည်း ထင်ဖြစ်၍ ထင်ပေတော့၏။ ။အဓိပ္ပါယ်မှာ—ဥဒယဗ္ဗယ ဉာဏ်၏ အာရုံသည်လည်း တေဘူမက တရားပင် ဖြစ်၏၊ လက္ခဏာယာဉ်သုံးပါး၏အာရုံသည်လည်း တေဘူမက တရားပင်ဖြစ်၏၊ ထိုသို့အာရုံတူသောကြောင့် ဖြစ်ခြင်း,ပျက်ခြင်းကို သိခဲ့သော် အနိစ္စလက္ခဏာ ထင်ရှားဖြစ်၍ ထင်၏၊အနိစ္စထင်လျှင် 'အကြင် တရားသည် အနိစ္စ, ထိုတရားသည်ဒုက္ခ အကြင်တရားသည် ဒုက္ခ,ထိုတရားသည်အနတ္တ" ဤသို့ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဘုရားရှင် ဟောတော် မူအပ်သောကြောင့် ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ နှစ်ပါးလည်း ထင်ရှားဖြစ်၍ ထင်ပေတော့၏ဟု သိအပ်၏။

ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံသည် မပြည့်စုံသည်ကို မိမိအား ထုတ်အပ်သော ဝိပဿနာဉာဏ်က ပေါ်ပြလတ္တံ့၊ ရုပ်တရားကို စင်ကြယ်စွာ သိမ်းဆည်းနိုင်ခဲ့သော် နာမ်တရား ပေါ်လတ္တံ့၊ပေါ်လာသော နာမ်တရားကား အဘယ်နည်း။ အဘယ်၏အစွမ်းဖြင့် ထင်သနည်း။

[**ဒီသုဒ္ဓိမဂ်**] ၆၆ သုဝိသုဒ္ဓ ရူပပရိဂ္ဂဟဿ ပန အရူပဓမ္မာ တိဟိ အာကာရေဟိ ဥပဋ္ဌဟန္တိ၊ ဖဿဝသေန ဝါ ဝေဒနာဝသေနဝါ,ဝိညာဏ ဝသေနပါ။

**နာမ်တရားတို့ထင်ပုံ**။ ။ဤသို့ကောင်းစွာ အထူးသဖြင့် စင်ကြယ်အောင် ရုပ်ကို သိမ်းဆည်းနိုင်သော ယောဂီပုဂ္ဂိုလ်အား နာမ်တရားတို့သည် ဖဿ၏ အစွမ်းဖြင့်ရင်း,ဝေဒနာ၏ အစွမ်းဖြင့်ရင်း, ဝိညာဏ်၏ အစွမ်းဖြင့်ရင်း သုံးပါးသောအခြင်းအရာတို့ဖြင့် ထင်ကုန်၏။

ဖြစ်ခြင်း,ပျက်ခြင်း အားဖြင့်ရင်း မဖြဲ, ဆင်ရဲ,အစိုးမရဟု ဉာဏ်၌ စင်ကြယ်စွာ ဖြစ်ပေါ်ခဲ့သော်ရင်း ရုပ်ကို သိမ်းဆည်းနိုင်တော့၏၊ ထိုသို့ သိမ်းဆည်းနိုင်ပါလျှင် တွေ့မှု,ခံစားမှု,သိမှုဖြစ်သော ဖဿ,ဝေဒနာ,ဝိညာဏ် ဤသုံးပါးသော နာမ်တရားအခြင်းအရာတို့သည် ယောဂီပုဂ္ဂိုလ်အား ထင်လာရမည်၊ ထိုထင်ပေါ်လာသော နာမ်တရားတို့ကိုလည်း အနိစ္စ, ဒုက္ခ,အနတ္တဟူ၍ သုံးသပ်တိုင်ပင် ဖြစ်၏၊ သုံးပါးသော အခြင်းအရာတို့ဖြင့် မထင်ခဲ့သော် ရုပ်ကိုသိမ်းဆည်းခြင်း အထူး မစင်ကြယ်သေးပေ-ဟု ဆုံးဖြတ်၍ ဖြစ်ပေ၏။

**ဘင်္ဂ်ုးဆုံးဖြတ်ခြင်း**။ ။ "ဥဒယဗ္ဗယဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တဿ" စသောစကားအတိုင်း ဥဒယဗ္ဗယဉာဏ်ဖြင့် ဖြစ်ခြင်း,ပျက်ခြင်းကို ကောင်းစွာ အဖန်ဖန် နှလုံးသွင်းခြင်း, အားထုတ်ခြင်းကို ပြုသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာစိတ်ကြောင့် ဖြစ်သည့် ကိုယ်မှထွက်သော အရောင်အလင်းဟူသော ဩဘာသ ဖြစ်ပေါ်လာ၏၊ ထိုဝိပဿနာစိတ်နှင့် တကွဖြစ်သော ခုဒ္ဒက စသော ငါးပါးသော ပီတိဖြစ်ပေါ်၏၊ ထို့အတူ ကိုယ်စိတ် ပူပန်ခြင်းမှ ငြိမ်းအေးသော ပဿဒ္ဓိ,အားကြီးသော သဒ္ဓါဟူသော အဓိမောက္ခ,သမ္မပ္ပဓာန်ကိစ္စကို ပြီးစေနိုင်သော ဝီရိယသမ္ဗောဇ္ဈင်ဟူသော ပဂ္ဂဟ အလွန်မွန်မြတ်သော သုခ, သိကြားမင်းသည် ပစ်လွှတ်အပ်သော ဝဇိရပိန် လက်နက်နှင့်တူသော လက္ခဏာသာဥ်သုံးပါးကို သိသောဉာဏ်, ကြာမြင့်စွာ ပြုအပ်ပြီးသည့်ကို

အောက်မေ့ခြင်း၌ စွမ်းနိုင်သော သတိ, အမှုဖြစ်သော ဝိပဿနာနှင့် တကွဖြစ်သော ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်၍ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ, မနောဒွါရ၌ အာဝဇ္ဇန်း, ဥပေက္ခာဟူသော နှစ်ပါးသောဥပေက္ခာ, အရောင်အလင်းဟူသော ဩဘာသ နှစ်သက်ခြင်း=ပီတိ စသည်တို့၌ တွယ်တာကပ်ငြိသော သိမ်မွေ့သော ရူပနိကန္တိ ဤဆယ်ပါးသော ဝိပဿနာ၏ ညစ်ငြူးကြောင်းတို့သည် ဖြစ်ပေါ်လာကုန်၏။

ဤသို့ဖြစ်ပေါ်လျှင် မချွတ်မလွဲ ဥဒယဗ္ဗယဉာဏ်ပြည့်စုံတော့၏၊ ထိုသို့ဖြစ်ပေါ်ကလည်း ဖြစ်,ပျက်တရားဘဲဟု ဝိပဿနာပြုဘို့ ဖြစ်၏။ (ဤ၌ရူပနိကန္တိကို အကုသိုလ်မဟုတ်ဟု ဆုံးဖြတ်ကြ၏)။ ဩဘာသစသော ဝိပဿနာ၏ ညစ်ငြူးကြောင်း ဆယ်ပါးသည် ဥဒယဗ္ဗယဉာဏ် ထက်သန်မှုကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ၎င်းတို့ကိုလက်မခံဘဲ အနိစ္စ, ဒုက္ခ, အနတ္တ ဟု ဝိပဿနာပြု၍ ပစ်ရ၏။ ဥဒယဗ္ဗယဉာဏ် ပြီး၏။

## သမ္မသနဉာဏ်နှင့်ဥဒယဗ္ဗယဉာဏ်ခြားနားချက်

အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, ခဏပစ္စုပ္ပန် သုံးပါးလုံး၌ ဖြစ်သော ရုပ်,နာမ်နှစ်ပါးကို ဆင်ခြင် သုံးသပ် နှလုံးသွင်းခြင်း, သည် သမ္မသနဉာဏ်၏ အရာဖြစ်ပေ၏၊ ခဏပစ္စုပ္ပန်ဖြစ်သော ရုပ်,နာမ်နှစ်ပါးကိုသာ ဆင်ခြင်သုံးသပ် နှလုံးသွင်းခြင်းသည် ဥဒယဗ္ဗယဉာဏ် အရာဖြစ်ပေ၏။

တနည်း သမ္မသနဉာဏ်သည် အကြဲဆုံး,အဝေးဆုံး, အသှမ်းဆုံးမှစ၍ အနီးဆုံး ခဏပစ္စုပ္ပန်အထိသုံးသပ်ဆင်ခြင်မှု ဖြစ်၏၊ ဥဒယဗ္ဗယဉာဏ်သည် အနီးဆုံးခဏပစ္စုပ္ပန်ကိုသာလျှင် သုံးသပ်ဆင်ခြင်၏၊ ချဲ့ဦးအံ့၊ သမ္မသနဉာဏ်ဖြစ်ပုံမှာ — အတိတ်ဘဝ၌ဖြစ်သော ရုပ်,နာမ်သည် အတိတ်ဘဝ၌သာ ချုပ်၏၊ ဤပစ္စုပ္ပန်ဘဝသို့ မပါ၊ အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့သော ရုပ်,နာမ်သည်

အနာဂတ်ဘဝ၌သာ ချုပ်လတ္တံ့၊ ဤဘဝမှ သွားသည်မဟုတ်ပေ၊ ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲ ရုပ်,နာမ်သည် ဤပစ္စုပ္ပန်ဘဝ၌ချုပ်ဆဲ၊ အနာဂတ်ဘဝသို့ မသွားလတ္တံ့' အနှစ်တရာ သက်တန်းရှိသော ဤပစ္စုပ္ပန်ဘဝကို ဆယ်ပုံပုံ၊ ဆယ်နှစ်အတွင်းရှိ ရုပ်,နာမ်သည် ဆယ်နှစ်အတွင်း၌ ဖြစ်၍ချုပ်၏၊ နောက်နှစ်သို့ မကူးပြောင်း၊ ဤသို့စသည်ဖြင့် ဆယ်နှစ်အတွင်းအတွင်း၌ ဖြစ်သော ရုပ်, နာမ်သည်နောက်နောက် ဆယ်နှစ် ဆယ်နှစ်သို့ မကူးပြောင်းဟု အနှစ်တရာထိအောင် နှလုံးသွင်း ဆင်ခြင်အပ်၏၊ ဤသို့ဝေးသော ကာလမှစ၍ နှစ်ပိုင်း,လပိုင်း,ရက်ပိုင်း,နာရီပိုင်းဖြင့် ပိုင်း၍ပိုင်း၍ သုံးသပ်အပ်ပေသည်။ ဤကား အဒ္ဓါပစ္စုပ္ပန်၌ သုံးသပ်ပုံတည်း။

## သန္တတိပစ္စုပ္ပန်၌သုံးသပ်ပုံ

အဘိက္ကမ, ပဋိက္ကမ,အာလောကန,ဝိလောကန,သမိဉ္ဇန,ပသာရဏခေါ် ရှေ့သို့တက်ခြင်း,နောက်သို့ဆုတ်ခြင်း, တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း,ကွေးခြင်း, ဆန့်ခြင်း၏အစွမ်းဖြင့် ဖြစ်ကြရာ ရှေ့သို့တက်ခြင်း၌ ဖြစ်သောရုပ်သည် နောက်သို့ဆုတ်ခြင်းသို့ မရောက်မူ၍ ထိုရှေ့သို့တက်ခြင်း၌သာလျှင်ချုပ်၏၊ နောက်သို့ဆုတ်ခြင်း၌ဖြစ်သော ရုပ်သည် တူရူကြည့်ခြင်းသို့ မရောက်မူ၍ ထိုနောက်သို့ဆုတ်ခြင်း၌သာ ချုပ်၏။ တူရူကြည့်ခြင်း၌ဖြစ်သောရုပ်သည် တစောင်းကြည့်ခြင်းသို့ မရောက်မူ၍ ထိုတူရူကြည့်ခြင်း၌သာ ချုပ်၏၊ တစောင်းကြည့်ခြင်း၌ ဖြစ်သောရုပ်သည် ကွေးခြင်းသို့ မရောက်မူ၍ ထိုတစောင်းကြည့်ခြင်း၌သာ ချုပ်၏၊ သို့ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တ၊ ဤသို့လက္ခဏာရေးသုံးပါးသို့တင်ရာ၏၊ ဤသို့ရှေ့သို့တက်ခြင်း စသည်ဖြင့် သုံးပါးသော လက္ခဏာသို့ တင်သည့်ပြင် တနည်းအားဖြင့် အောက်ပါအချက်တို့ကို ဆင်ခြင်ရာ၏။

ဥဒ္ဓရဏ,အတိဟရဏ,ဝီတိဟရဏ,ဝေါသဇ္ဇန,သန္နိက္ခေပန,သန္နိရုမ္ဘန ခေါ် ခြေကိုချီကြွခြင်း,ရှေ့သို့ဆောင်ခြင်း, ဟိုဟိုဒီဒီ

ဆောင်ခြင်း, အောက်သို့လွှတ်၍ချခြင်း,မြေ၌ချထားခြင်း, တဖန် ဒုတိယခြေကို ကြွသောအခါ၌ ခြေကိုမြေ၌ ကြပ်ကြပ်နှိပ်ရခြင်း ဤသို့ ခြေတလှမ်း၌ ခြောက်ဌာနခွဲ၍ ဆင်ခြင်ရာ၏။

ရှေးဦးစွာ အသိဉာဏ်ဖြစ်ဘို့မှာ ခြေကို ချီကြွခြင်း, ရှေ့သို့ ဆောင်ခြင်း,ထိုမှဤမှ ဆောင်ခြင်း ဤသုံးပါးသော ခဏ၌ ပေါ်သော သဘောရှိသည့် လွန်ကဲသော တေဇောဓါတ် , ဝါယောဓါတ်နှင့်တကွ ၎င်းတို့၌မှီသော ဥပါဒါရုပ်တို့သည် ဖြစ်ကုန်၏၊ ခြေကို အောက်သို့လွှတ်ချခြင်း, မြေ၌ချထားခြင်း, မြေ၌ကြပ်ကြပ် ချထား ဖိနှိပ်ခြင်း ဤသုံးပါးသော ခဏ၌ လေးသော သဘော ရှိသည့် လွန်ကဲသော ပထဝီဓါတ်, အာပေါဓါတ်နှင့်တကွ ၎င်းတို့၌မှီသော ဥပါဒါရုပ်တို့သည် ဖြစ်ကုန်၏။ ဤသို့ရှေးဦးစွာ အသိဉာဏ် ဖြစ်စေရမည်။

ထိုနောက် ဆင်ခြင်ပုံမှာ-ခြေကိုကြွရိုက်၌ ဖြစ်သော ဓါတ်တို့သည်၎င်း,ဥပါဒါရုပ်တို့သည်၎င်း, ခြေကို ရှေ့သို့ ဆောင် ရာသို့ မရောက်မူ၍ ဤခြေကို ကြွရိုက်၌သာလျှင် ချုပ်ကုန်၏၊ ထိုကြောင့် ယင်းရုပ်တရားတို့သည် အနိစ္စ, ဒုက္ခ, အနတ္တတို့ ပါတကားဟု ဆင်ခြင်ရာ၏၊ ထို့အတူပင် ခြေကို ရှေ့သို့ ဆောင်သောအခါ၌ ဖြစ်ကုန်သော ဓါတ်တို့သည်၎င်း, ဥပါဒါရုပ်တို့သည်၎င်း ရှိကုန်၏၊ ထိုမဟာဘုတ်, ဥပါဒါရုပ်တို့သည် ခြေကို ထိုမှဤမှ ဆောင်ရာသို့မရောက်မူ၍ ဤခြေကို ရှေ့သို့ဆောင် သော အခါ၌သာ ချုပ်ကုန်၏ ထိုကြောင့် ယင်းမဟာဘုတ်, ဥပါဒါရုပ် တရားတို့သည် အနိစ္စ, ဒုက္ခ, အနတ္တတို့ ပါတကားဟု ဆင်ခြင်ရာ၏၊ ခလုတ်,ဆူးငြောင့်ကို ဖယ်သောအနေဖြင့် ခြေကို ထိုမှဤမှ ဆောင်ရာ၌ ဖြစ်သော မဟာဘုတ်, ဥပါဒါရုပ်တို့သည် ခြေကို အောက်သို့လွှတ်ရာသို့ မရောက်မူ၍ ဤခြေကို ထိုမှဤမှ ဆောင်ရာ၌သာလျှင် ချုပ်ကုန်၏၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု ဆင်ခြင်ရာ၏။

ခြေကို အောက် သို့ လွှတ်သောအခါ၌ ဖြစ်ကုန်သော မဟာ

ဘုတ်, ဥပါဒါရုပ်တို့သည် ခြေကို မြေ၌ချသော အခါသို့ မရောက်မူ၍ ဤခြေကို အောက်သို့လွှတ်သော အခါ၌သာလျှင် ချုပ်ကုန်၏၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု ဆင်ခြင်ရာ၏။ ခြေကို မြေ၌ ချသောအခါ၌ ဖြစ်ကုန်သော မဟာဘုတ်, ဥပါဒါရုပ်တို့သည် တဖက်ခြေကို ကြွသောအခါ မြေ၌ ကြပ်ကြပ်နှိပ်ရာသို့ မရောက်မူ၍ ဤခြေကို မြေ၌ချသော အခါ၌သာလျှင် ချုပ်ကုန်၏၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု ဆင်ခြင်ရာ၏၊ ဤသို့လျှင် ခြေတလှမ်း, တလှမ်း၌ ခြောက်စု, ခြောက်ပုံခွဲ၍ ဆင်ခြင်ရာ၏။

ဤခြောက်စုတွင် **ဝီတိဟရဏ**=ခလုတ် ဆူးငြောင့် ထိခိုက်မည်စိုး၍ ထိုမှဤမှ ဆောင်ရာ, ရှောင်ရာသော သဘောကား အချင်းခပ်သိမ်း မရှုရပေ၊ ထို့ကြောင့် ၎င်းအစုကိုဖယ်ထား၍ ကျန်ငါးစု၌သာ အတိုနည်းအားဖြင့် **ကြွ, ဆောင်, လွှတ်, ချ, နှိပ်** ဟူ၍ ခြေလှမ်းတိုင်း လှမ်းတိုင်း ဆင်ခြင်ရမည်၊ သို့ရာတွင် လေ့ကျင့်စအခါ၌ မလွယ်ကူပေ၊ ထို့ကြောင့် လေ့ကျင့်စအခါမှာ ကြွ, ချ၊ ကြွ, ချ၊ ဟူ၍ နှလုံးသွင်းရာ၏၊ အလေ့အကျင့် မှန်ခဲ့သော် တဆင့်တိုး၍ ကြွ, ဆောင်, ချ၊ ကြွ, ဆောင်, ချ ဟူ၍ နှလုံးသွင်းပါ၊ တဖန် ထို့ထက် အလေ့အကျင့် မှန်ခဲ့သော် ကြွ, ဆောင်, လွှတ်, ချ၊ ကြွ, ဆောင်, လွှတ်, ချ,။ ထို့ထက်ပင် အလေ့အကျင့် မှန်ခဲ့ပြန်သော် ကြွ, ဆောင်, လွှတ်, ချ, နှိပ် ဟူ၍ နှလုံးသွင်းရာ၏၊ ဤသို့ နှလုံးသွင်း ဆင်ခြင်ရာမှာလည်း သန္တတိ ပစ္စုပ္ပန်ဟူသာ အသိအမှတ်ပြုပါ၊ သန္တတိပစ္စုပ္ပန်ကို ဗိပ်နိုင်သမျှ အချင်းချင်း နီးကပ်နီးကပ်လာရန် ဗိပ်၍ ဗိပ်၍ ပေးခြင်းသည် ခဏိကပစ္စုပ္ပန်သို့ ဆိုက်၍ ဥဒယဗ္ဗယဉာဏ် ဖြစ်မှု အတွက် အားထုတ်ရခြင်းပင် ဖြစ်ပေသည်။

[**မဟာဋီကာ**] ဥဒယဝယ ဉာဏုပ္ပတ္တိ ဟိ ဌာန နယဝိပဿနာယ သင်္ဂဏှနန္တိ အဓိပ္ပါယော။

**နယဝိပဿနာ**။ ။ ဤဝိပဿနာကို အားထုတ်ရာ၌ ဥဒယဗ္ဗယဉာဏ် ဖြစ်သော် သာလျှင် သမ္မသန

ဉာဏ်အရာ နယဝိပဿနာ၏ ပြည့်စုံခြင်းသည် ဖြစ်ပေတော့၏၊ ဤသို့ အလိုရှိအပ်၏ဟူသော ကောဘာရှင်၏ အမိန့် အတိုင်း ဥဒယဗ္ဗယဉာဏ် ဖြစ်လျှင် သမ္မသနဉာဏ် ကိစ္စ ပြီးတော့၏၊ နောက်၌ သင်္ခတပ ပုန်အခိုက် ရှုမှတ်ဘွယ် မလိုပေ၊ ခဏပစ္စုပ္ပန် အခိုက်၌သာ ဥဒယဗ္ဗယ ဉာဏ် ထက် မြက် သန့် ရှင်းအောင် နှလုံးသွင်းရတော့သည်၊ ဤသည်လျှင် သမ္မသန ဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ခြားနားချက်တည်း။

(မှတ်သားချက်။ ။ဤဥဒယဗ္ဗယဉာဏ် သည် သောဠသ ဉာဏ် ဆယ် ပါး တို့ တွင် အသိဉာဏ် ပေါ် ပေါက်မှု၌ လိုရင်းအကျဆုံး ဖြစ်ပေ၏၊ ထိုဉာဏ်ကို မရသမျှ ဘာဂ်စသော အထက်အထက်သော ဉာဏ်တို့သို့ မရောက်နိုင် ဥဒယဗ္ဗယဉာဏ်ကို နောက်မှ အားထုတ် မည်၊ အနုလောမိက ဉာဏ်သို့ တက်၍ ရှေးဦးစွာ အားထုတ်ဦးမည်ဟု ဆိုပါလျှင် သစ်ပင်တက်သောသူသည် သစ်ပင်သို့ တက်ပြီးမှ မောင်းတက်လှေကား ထောင်မည်ဟု ဆိုသည်နှင့် တူ၏၊ ကျယ်လှစွာသော မြစ်၏ တဖက်ကမ်းသို့ ကူးလိုသော သူသည် လှေ , ဖောင် ကို ရှေးဦးစွာ ပြုလုပ်ပြီးမှ ကူးခတ်နိုင်ဘိသကဲ့သို့ အနည်းဆုံး ဘုရားလောင်းတို့သည် ဘုရားရှင့်သာသနာနှင့် တွေ့ကြုံသောအခါ ရအပ်သော သင်္ခါရုပေက္ခာဉာဏ်ကို ရလို၍ လှေ, ဖောင်နှင့် တူသော ဥဒယဗ္ဗယဉာဏ်ကို ရှေးဦးစွာ ပိုင်နိုင်အောင် အားထုတ်ရပေသည်။ ၎င်းဉာဏ်နှင့် ပြည့်စုံပါလျှင် လှေ, ဖောင် ကိုယ်ပိုင်ရှိသူသည် မပင်မပန်း တဘက်ကမ်းသို့ လွယ်လွယ်နှင့် ကူးခတ်သွားလာနိုင်ဘိ သကဲ့သို့ အထက်အထက်ဉာဏ်သို့ လွယ်လွယ်ကူကူနှင့် ရောက်ဘို့, ရဘို့ ဖြစ်တော့၏၊ ၎င်းဉာဏ်နှင့် ပြည့်စုံပါလျှင်လည်း တမလွန် ဘဝအထွက် ကောင်းသော ဂတိမြဲတော့၏ ။

**ဘင်ဉာဏ်။** ။၎င်း ဉာဏ်သည်ကား ဥဒယဗ္ဗယဉာဏ်ထမြက်သန့်ရှင်းသောအခါ လွယ်ကူ တော့၏။

ဥဒယဗ္ဗယဉာဏ်ကား အလွန်လျှင်မြန်သဖြင့် ဖြစ်ခြင်းကို မမှတ်တော့ဘဲ ခယ,ဝယ–ကုန်ပျတ်, ကုန်ပျက် ဖြစ်သည့်သဘောကိုသာ မှတ်ရှုရတော့၏။ မှတ်ရှုဆိုသည်မှာ–မမြဲသောအားဖြင့် မှတ်၏, ရှု၏။ မြဲသောအားဖြင့် မမှတ်,မရှုတော့ပေ။ ဆင်းရဲသောအားဖြင့် မှတ်ရှု၏။ ချမ်းသာသောအားဖြင့် မမှတ်, မရှုတော့ပေ။ ကိုယ်မဟုတ်သောအားဖြင့် မှတ်ရှု၏။ ကိုယ်ဟုတ်သောအားဖြင့် မမှတ်, မရှုတော့ပေ။ ထိုသို့ ရှုတတ်သောစိတ်၏ ဘင်ကိုလည်း ခယ, ဝယအားဖြင့် ထပ်ဆင့်၍ ရှုမှတ်ပြန်၏။ ထိုချုပ်သော စိတ်၏ ဘင်ကိုလည်း တဖန် နောက်စိတ်က ခယ,ဝယအားဖြင့် ကုန်ပြီ, ပျက်ပြီ၊အနိစ္စဘဲ နိစ္စမဟုတ်၊ ဒုက္ခတည်း သုခမဟုတ်၊ အနတ္တတည်း အတ္တမဟုတ်ဟု ရှုမှတ်၏၊ဤနည်းအတိုင်း ပထမစိတ်ဖြင့် ရုပ်၏ ဘင်ကိုရှု၊ ထိုရှုသောစိတ်၏ ဘင်ကို ဒုတိယစိတ်ဖြင့်ရှု၊ ဤသို့ဖြစ်၍ ရှေးဆရာတို့သည် ''**ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတိ**''ဟု ဆိုကြကုန်ပြီ။ဉာတဉ္စ–ဘင်ဉာဏ်ဖြင့် သိအပ်သော အာရုံကိုရင်း,ဉာဏဉ္စ–အာရုံကိုရှုသော ဘင်ဉာဏ်ကိုရင်း,ဥဘောပိ–ဉာတနှင့် ဉာဏ နှစ်ပါးကိုလည်း၊ ဝိပဿတိ–ကုန်ခြင်း, ပျက်ခြင်းအားဖြင့် အဖန်ဖန် ရှု၏။ ဤသို့ အပျက်, အပျက်ကိုသာ ရှုမြင်၍နေသော ယောဂီပုဂ္ဂိုလ်သည် ရုပ်,နာမ်တို့၌ ငြီးငွေ့တော့၏။ မနှစ်သက်တော့ပေ။ မမြဲသော အမှတ်သာ ဖြစ်၍နေပေ၏။ မြဲ၏ဟူသော အမှတ်သည် မရှိတော့ပေ။ ဥပမာအားဖြင့် မိုးသည်းအခါ အင်း, အိုင်,ရေကန်တို့၌ မိုးပေါက်ကြီးငယ်တွေ ကျသဖြင့် ရေပွက်ကြီးငယ်တွေ ဖြစ်၍ လျှင်မြန်စွာ ပျက်သည်ကို မြင်ရသကဲ့သို့ ဤနည်းတူစွာ သင်္ခါရတရားတို့၏ အပျက်,အပျက်သည်သာ ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ ထင်လာပေ၏။ ဤသို့ ခယ, ဝယ အားဖြင့် ဖြစ်ပေါ်သမျှ ရုပ်,နာမ်ကို အပျက်,အပျက်သာဟု ရှု၍ ဘင်ဉာဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်အား ရှစ်ပါးသော အာနိသင်တို့ကို ရအပ်ကုန်၏။

[ဝိသုဒ္ဓိမဂ်] တတြိမေ အဋ္ဌာနိသံသာ၊ ဘဝဒိဋ္ဌိပဟာနံ, ဇီဝိတနိကန္တိ ပရိစ္စာဂေါ, သဒါ ယုတ္တ ပယုတ္တတာ, . ဝိသုဒ္ဓ ဇီဝိတာ,ဥဿုက္က ပဟာနံ,ဝိဂတ ဘယတာ, ခန္တိ သောရစ္စ ပဋိလာဘော, အရတိ ရတိ သဟနတာတိ။

**ဘင်္ဂဉာဏ်၏အကျိုး [၈] ပါး**

ထိုဘင်္ဂါနုပဿနာ အရာ၌ ရှစ်ပါးသော အာနိသင် ဟူသည်မှာ—

၁။ မပြတ်မလပ် ပျက်ခြင်းကို မြင်၍နေရကား ဘဝသည် မြဲ၏ဟူသော အယူကို ပယ်နိုင်ခြင်း၊

၂။ အပျက်ပျက်ကိုသာ မြင်နေသဖြင့် အသက်ရှင်ခြင်း၌ တသ်နှစ်သက်ခြင်းကို စွန့်နိုင်ခြင်း၊

၃။ နေ့ညဥ့်မပြတ် အခါခပ်သိမ်း ဘာဝနာ၌ လွန်စွာအားထုတ်ခြင်း၊

၄။ ယုတ်မာသော အလိုရမ္မက် ကင်းဝေး၍ စင်ကြယ်သော အသက်မွေးမှုရှိခြင်း၊

၅။ ထက်မြက်သော သံဝေဂကြောင့် ကိစ္စကြီးငယ်တို့၌ ကြောင့်ကြ ဗျာပါရကို ပယ်နိုင်ခြင်း၊

၆။ ကိုယ်၌ ချစ်ခြင်းကင်း၍ တစုံတခုသော အကြောင်းကြောင့် အန္တရာယ်ဖြစ်ဘို့ တွေ့ကြုံသော်လည်း ကြောက်လန့်မှု မရှိခြင်း၊

၇။ အပျက်အပျက်ကို ကောင်းစွာမြင်ခြင်းကြောင့် သီးခံနိုင်မှုကို ရခြင်း, ကောင်းသောအမှု၌ မွေ့လျော်ခြင်းကိုရခြင်း၊

၈။ ဆိပ်ငြိမ်သော တောကျောင်း, ဝိပဿနာ-ဘာဝနာ ဟူသော လွန်ကဲသော ကုသိုလ်၌ မမွေ့လျော်ခြင်းကို နှိမ်နင်းနိုင်ခြင်း,ကာမဂုဏ်တို့၌ မွေ့လျော်ခြင်းကို နှိမ်နင်းနိုင်ခြင်း၊

ဘင်္ဂါနုပဿနာ၌ ရအပ်သော အာနိသင်ကား ဤရှစ်ပါး

ပင်တည်း။ ဤအာနိသင်ကို မြင်သဖြင့် ရှေးဆရာတို့ မိန့်အပ် သည်မှာ—

ဇူမာနိ အဓ္ဒဂ္ဂုဏာမုတ္တမာနိ,
ဒိသွာ တဟိံ သမ္မသတေ ပုနပ္ပုနံ၊
အာဒိတ္တစေလဿိဝ သူပမော မုနိ,
ဘင်္ဂါနုပဿိအဓတောဿပတ္တိယာ။

[ဒီသုဒ္ဓိမင်္ဂအဋ္ဌကထာ]

ထိုအပျက်, အပျက်ကို အဖန်ဖန်ရှုရာ၌ ဘဝမြဲ၏ဟူသော အယူကို ပယ်ခြင်းအစရှိသည့် ဤ၅စ်ပါးသော မြတ်သောအာ နိသင်တို့ကို မြင်၍ ဦးခေါင်း၌ တပြောင်ပြောင် မီးလောင်သော ဦးရစ်ခေါင်းပေါင်း ရှိသူလျှင် ဥပမာရှိသော ဘင်ကိုရှုလေ့ရှိ သော ရဟန်းသည် အမြိုက်နိဗ္ဗာန်သို့ ရောက်ခြင်းငှါ အဖန်တ လဲလဲ သုံးသပ်၏။ (ဦးခေါင်း၌ပေါင်းအပ်သော ခေါင်းပေါင်းကို မီးလောင်ခံရသောသူသည် လျှင်လျှင်မြန်မြန် အဖန်တလဲလဲ မီး ကိုငြိမ်းစေဘိသကဲ့သို့ ဤဘင်္ဂဉာဏ်ကို အဖန်ဖ န်သုံးသပ် ရှုဆင် ခြင်၏ဟု ဆိုလိုသည်)။

ဘင်္ဂဉာဏ်ပြီး၏။

**ဘယဉာဏ်။** ၊ဘယဉာဏ်ကို ဘယတုပဋ္ဌာနဉာဏ် ဟု ခေါ်၏၊

ဘင်္ဂဉာဏ်ဖြင့် သင်္ခါရတရားတို့၏ ကုန်ခြင်း,ပျက်ခြင်းကိုသာ သိမြင်နေရကား ကြောက်မက်ဖွယ်အားဖြင့်သင်္ခါရတရား တို့၌ အ သိဉာဏ်ဖြစ်ခြင်းကြောင့်တည်း၊ ဥပမာချမ်းချမ်းသာသာအသက် ရှည်စွာနေလိုသောပုဂ္ဂိုလ်အား ကြောက်မက်ဘွယ် ကောင်းသော ခြင်္သေ့, သစ်, ကျား, လူတို့အား ဖန်းစားတတ်သော ဘီလူး, ရက္ခိုသ် အစရှိသော ထိတ်လန့်ခြင်း အကြောင်းတို့သည် ထင် လာကုန်သကဲ့သို့ သင်္ခါရတရားတို့၏ ကုန်ခြင်း,ပျက်ခြင်း,ချုပ် ခြင်းတို့သည် ဘင်္ဂါနုပဿနာဉာဏ်ရှိသော ယောဂီပုဂ္ဂိုလ် အား ထင်လာကုန်၏၊အတိတ်သင်္ခါရတရားတို့သည်ချုပ်ကုန်ပြီ၊ပစ္စုပ္ပန်

သင်္ခါရတရားတို့ကား ချုပ်ကုန်ဆဲ၊အနာဂတ်၌ ဖြစ်လတ္တံ့သော သင်္ခါရတရားတို့သည်လည်း ဤပစ္စုပ္ပန်တရားတို့ကဲ့သို့ချုပ်ကုန် လတ္တံ့၊ ဤသို့ရှုမြင်သော ယောဂီပုဂ္ဂိုလ်အား ဤအရာ၌ ဘယ တုပဋ္ဌာနဉာဏ်ဖြစ်၏။

ထိုဉာဏ်ဖြစ်ရာ၌ ဥပမာမှာ-တယောက်သောမိန်းမ၌ သား ကြီး,သားလတ်,သားငယ် ဟူ၍ သားသုံးယောက်ရှိ၏၊ထိုသားတို့ အား မင်းပြစ်,မင်းဒါဏ်သင့်၍ ကြိုးမိန့်ကျခဲ့ရာ သားကြီးကို ရှေးဦးစွာ သတ်ပြီးသည်ကို မိခင် သိခဲ့၏၊ သားလတ်ကို သတ် သည်မှာ မိခင်မျက်မှောက်တွင်ဖြစ်၏၊ထိုမိခင်သည် 'ဩြော်...... သားကြီးသေပြီးပြီ၊ သားလတ်လည်းသေဆဲ၊ သားငယ်လည်း မ ချွတ်မယွင်းသေရမှာပဲ'ဟု နှလုံးသွင်း၍ သားငယ်၌လည်း အာ လယပြတ်စဲသကဲ့သို့ အတိတ်သင်္ခါရတရားတို့သည် ပျက်စီးကုန် ပြီ၊ ပစ္စုပ္ပန်သင်္ခါရတရားတို့လည်း ပျက်စီးကုန်ဆဲ၊ ချုပ်ကုန်ဆဲ ဖြစ်ကုန်၏၊ ထိုအခါ "ဩြော်...... အတိတ်သင်္ခါရ တရားတို့ သည် ပျက်စီးကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရ တရားတို့လည်း ပျက်စီး ကုန်ဆဲ၊ ဖြစ်လတ္တံ့သောသင်္ခါရတရားတို့သည်းမချွတ်မယွင်းချုပ် ကုန်လတ္တံ့"ဟု အနာဂတ်တရားတို့၏ သဘောကိုလည်း ဆ၍ သိမြင်သော ယောဂီပုဂ္ဂိုလ်အား ဘယတုပဋ္ဌာနဉာဏ် ဖြစ်ပေါ် ၏၊

ဥပမာတမျိုးဖြင့်ပြဦးအံ့— တယောက်သော မိန်းမကြီးသည် ဆယ်ယောက်သောသားတို့ကိုမွေးဖွါးသတတ်၊ကိုးယောက်သော သားတို့သည် သေကြေပျက်စီးကြ၍ မြေ၌ မြှုပ်နှံပြီး ဖြစ်ကုန် ၏၊ တယောက်သောသားသည်ကား လက်ပေါ်၌ သေဆဲဖြစ်၏၊ ဝမ်းထဲ၌လည်း ကိုယ်ဝန်အရင်အမာ ရှိသတတ်၊ ထိုမိခင်သည် "ဩြော်...... ငါမွေးဖွားတဲ့သားတွေဟာ တကျိပ်ရှိပေပြီ၊ ကိုး ယောက်သောသားတွေကိုကား သေ၍ မြေ၌မြှုပ်အပ်ပြီ၊ ယခု လက်ပေါ်၌ သားတယောက် သေဆဲဖြစ်၏၊ ဝမ်းတွင်း၌ရှိတဲ့ သားလဲ သေမှာပါပဲ" ဟု အာလယပြတ်စဲသကဲ့သို့ အ

တိတ်သင်္ခါရတရားတို့သည် ပျက်စီးကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတရားတို့လည်း ပျက်စီးဆဲဖြစ်ကုန်၏၊ ထိုအခါ "ဩော်အတိတ်,ပစ္စုပ္ပန်တရားတို့ကဲ့သို့ အနာဂတ်တရားတို့လည်း ပျက်စီးကြမှာဘဲ"ဟု အနာဂါတ်တရားတို့၏ သဘောကိုလည်း ဆ၍ သိမြင် သော ယောဂီပုဂ္ဂိုလ်အား ဘယတုပဋ္ဌာနဉာဏ် ဖြစ်၏၊ဤအရာ၌ သန္တတိပစ္စုပ္ပန်သာ သင့်ကြောင်း ဆုံးဖြတ်၏။ထို့ပြင်

ရုပ်,နာမ်တရား ဟူ၍ငင်း,တေဘူမကတရား ဟူ၍ငင်း, ခန္ဓာငါးပါး ဟူ၍ငင်း, သင်္ခါရတရား ဟူ၍ငင်း သုံးစွဲရာ၌အရတူ တသဘောတည်းဟူ၍ သိပါလေ)။

[ဒီသုဒ္ဓိမဂ်] ဘယတုပဋ္ဌာနဉာဏံ ဘာယတိ၊ နဘာယတီတိ၊ နဘာယတိ။

**မကြောက်တရား။** ။ဘယတုပဋ္ဌာန ဉာဏ်သည် ကြောက်သလော, မကြောက်သလော ဟု မေးလျှင် မကြောက်တတ်ဘူး ဟူ၍ ဖြေပါ။ ထိုစကားမှန်၏၊အတိတ် သင်္ခါရတရားတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန် သင်္ခါရ တရားတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ် သင်္ခါရတရားတို့သည် ချုပ်ကုန်လတ္တံ့၊ ဤသို့ အနိစ္စ,ဒုက္ခ အားဖြင့် စုံစမ်းရုံမျှသာ ဖြစ်၏၊ 'မကြောက်တတ်' ဟူရာ၌ မကြောက်ပုံကို ဥပမာဖြင့် ပြဦးအံ့ - မျက်စိအမြင်ရှိသော ယောကျ်ားသည် မြို့တံခါး၏အနီး၌ မီးကျီးတို့ဖြင့် ပြည့်သော သုံးခုသော တွင်းတို့ကို ကြည့်သည်ရှိသော် ငင်း ယောကျ်ားသည် မကြောက်ပေ၊ စင်စစ်သော်ကား ဤမီးကျီးတွင်းတို့၌ ကျကုန်သော သူတို့သည် အတိုင်းအရှည် မရှိသော ဆင်းရဲခြင်း ဖြစ်ကုန်လတ္တံ့၊ ဤသို့ သိလို၍ စုံစမ်းရုံမျှဖြစ် သကဲ့သို့ငင်း, တနည်းအားဖြင့် မျက်စိအမြင်ရှိသော ယောကျ်ားသည် ရှားသား တံကျင်, သံတံကျင်, ရွှေတံကျင် ဤသုံးခုသော တံကျင်တို့ကို ကြည့်သည်ရှိသော် မိမိသည် ကြောက်ခြင်းမဖြစ်ပေ၊ စင်စစ်သော်ကား ဤဝေြာင့်တံကျင်တို့၌ ကျကုန် သော သူတို့သည် အတိုင်းအရှည်မရှိ ဆင်းရဲခြင်းဒုက္ခကို ခံစားရကုန်လတ္တံ့.

ဤသို့ သိလို၍ စုံစမ်းရုံမျှသာ ဖြစ်သကဲ့သို့ရင်း ထို့အတူပင်လျှင် ဘယတုပဋ္ဌာနဉာဏ်သည် မကြောက်တတ်ပေ၊ (ကြောက်တတ်သော တရားကား ဒေါမနဿသာ ဖြစ်ပေ၏၊ ဉာဏ်မှန်သမျှ ကြောက်တတ်သောသဘော မရှိကြပေ)။

ပြအပ်ပြီးသော မီးကျီးတွင်းသုံးခု, တံကျင်သုံးခုနှင့် တူသော ကာမ,ရူပ,အရူပ ဘုံသုံးပါးတို့၌ အတိတ် သင်္ခါရတရားတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန် သင်္ခါရတရားတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ် သင်္ခါရတရားတို့သည် ချုပ်ကုန်လတ္တံ့ဟူ၍ အသိဉာဏ်ဖြင့် စုံစမ်းကာမျှသာ ဖြစ်၏၊ ထို ဘယတုပဋ္ဌာနဉာဏ်အား အလုံးစုံသော သုံးပါးသောဘဝ, လေးပါးသော ယောနိ,ငါးပါးသော ဂတိ, ခုနစ်ပါးသော ဝိညာဏဋ္ဌိတိ, ကိုးပါးသော သတ္တာဝါသ၌ တည်ကုန်သော သင်္ခါရတရားတို့သည် အထူးထူးသော အကျိုးမဲ့သို့ ရောက်ကုန်လျက် ဘေးဘျမ်း ရှိကုန်သည်ဖြစ်၍ ကြောက်မက်ဖွယ်အားဖြင့် ထင်ကုန်သောကြောင့် ကြောက်မက်ဖွယ်ထင်သော ထိုဉာဏ်ကို ဘယတုပဋ္ဌာနဉာဏ်ဟူ၍ ဆိုအပ်၏။ (ကြောက်မက်ဖွယ်အားဖြင့် ထင်၏ဟု ဆိုရာ၌ အနိစ္စ,ဒုက္ခ,အနတ္တ အားဖြင့် နှလုံးသွင်း၍ ထင်သည်ဟုဆိုလို၏)။

အနိစ္စအားဖြင့် နှလုံးသွင်းသော် အတိတ်,အနာဂတ်, ပစ္စုပ္ပန် သင်္ခါရတရားတို့၌ ပျက်စီးခြင်း-ဘင်ကို မြင်၏၊ ထို့ကြောင့် ဘေးအားဖြင့် ထင်၏၊ ဤဘဝ၌ သေရသည်ထက် ပို၍ ကြောက်ဖွယ်မရှိဟု သိ၏၊ ဒုက္ခအားဖြင့် နှလုံးသွင်းသော် ချမ်းသာဖွယ်ဟု သမုတ်အပ်သော ရူပဘဝ, အရူပဘဝ တို့၌လည်း အမြဲတန်း ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်သည်၏ အဖြစ်ကိုသာလျှင်မြင်၏၊ ထို့ကြောင့် ရူပဘဝ, အရူပဘဝကို ကြောက်ဖွယ် ဘေးအားဖြင့် ထင်၏၊ ကာမဘဝကိုကား ပြောဆိုဖွယ်ပင် မလိုတော့ပေ၊ အနတ္တအားဖြင့် နှလုံးသွင်းခဲ့သော် သင်္ခါရတရားတို့၏ ဘင်ကိုလည်း မြင်၏၊ (ရူပဘဝ,အရူပဘဝတို့၌ သင်္ခါရတို့၏ နှိပ်စက်ခြင်းကိုလည်း မြင်၏၊ ထို့ကြောင့် ဘေးအားဖြင့် ထင်၏။ ဘင်

ဉာဏ်ဖြင့် အနတ္တသဘော ကောင်းစွာထင်ခဲ့သော် ဘုံသုံးပါးလုံး လူမရှိသော ရွာပျက်,ရွာဆိုး တောကဲ့သို့ ထင်၏၊ တကယ်မရှိသော တံလျှပ်ကဲ့သို့ ထင်၏၊ ဂန္ဓဗ္ဗနတ်တို့ မြူးတူးပျော်ပါးရန် တခဏမျှ ဖန်ဆင်းသော နတ်မြို့ကဲ့သို့ ထင်၏၊ တလောကလုံး ဆိတ်သုဉ်းသကဲ့သို့ထင်၏၊ထို့ကြောင့်ပင် "**ဘယာနုပဿနာဉာဏ်**" ကြောက်ဖွယ်သော ဘေးအားဖြင့် ထင်၏ဟု ဆိုလေသည်။

ဘယတုပဋ္ဌာနဉာဏ် ပြီး၏။

**အာဒီနဝဉာဏ်။** ။ထိုဘယတုပဋ္ဌာနဉာဏ်ကို အကြိမ်များစွာ ပွါးများသော ယောဂီပုဂ္ဂိုလ်အား အလုံးစုံ သုံးပါးသောဘဝ, လေးပါးသော ယောနိ စသည်တို့တွင် တပါးပါး၌ အနတ္တမဟုတ်အောင် စောင့်ရှောက်တတ်သော တရားဟု မထင်၊ အနတ္တမှလွတ်အောင် ပုန်းအောင်းနိုင်သော တရားဟု မထင်၊ အနတ္တမှလွတ်အောင် ပြေးသွားနိုင်သော တရားဟု မထင်၊ အနတ္တချည်းဖြစ်၍ ကိုးကွယ်ရာမထင်၊ အလုံးစုံ သုံးပါးသောဘဝ, လေးပါးသော ယောနိ, ငါးပါးသော ဂတိ,ခုနစ်ပါးသော ဝိညာဏဋ္ဌိတိ, ကိုးပါးသော သတ္တာဝါသတို့၌ ဖြစ်ကုန်သော သင်္ခါရတို့တွင် တခုသော သင်္ခါရ၌လည်း 'ကောင်းပေစွ'ဟု တောင့်တဖွယ်ရှိသည် မဖြစ်၊ အနတ္တဟု သိပြီးဖြစ်၍ မှားသောအားဖြင့် သုံးသပ်ခြင်းလည်း မရှိ။

ဘဝသုံးပါးတို့သည်အလျှံကင်းသည့် မီးကျီးတို့ဖြင့်ပြည့်သော မီးကျင်းတွင်းသုံးတွင်းတို့ကဲ့သို့ ထင်ကုန်၏။မဟာဘုတ် လေးပါးတို့သည် ကြမ်းထန်းလျှင်မြန်သော အဆိပ်ရှိသည့် မြွေဆိုး, မြွေဟောက်တို့ကဲ့သို့ ထင်ကုန်၏။ ချိမိုးအပ်သော သန်လျက်ရှိသည့် လူသတ် ယောကျ်ားတို့ကဲ့သို့ ထင်ကုန်၏။ အဇ္ဈတ္တိကာယတန ခြောက်ပါးတို့သည် လူမရှိသော ရွာဆိုး, ရွာပျက်ကဲ့သို့ ထင်ကုန်၏။ဗာဟိရာယတန ခြောက်ပါးတို့သည် ရွာကိုဖျက်သော ခိုးသား, ဓါးပြတို့ကဲ့သို့ ထင်ကုန်၏။ အကျဉ်းချုပ်မှာ—လောကသုံးပါး၌

ဖြစ်သမျှ သင်္ခါရ တရားတို့သည် အနတ္တတို့ချည်းသာတည်ဟု သိပြီးဖြစ်သည့်အတိုင်း ဘယာတုပဋ္ဌာနဉာဏ် ဖြစ်သမျှ၌ အပြစ်ကို သာ မြင်ပေတော့၏။ မကောင်းသော သဘာဝတို့သည်သာ ထင်ကုန်၏။

ဥပမာ၊ ချမ်းချမ်း သာသာ အသက်ရှည်စွာ နေလိုသော ယောကျ်ားအား ပျော်ပျော်ရွှင်ရွှင် နေရသော်လည်း သားရဲရှိ၍ သက်ဝင်ခြင်းငှါ ခက်ခဲသော တောအုပ်ကဲ့သို့ရင်း, ကျားရှိသော လိုဏ်ဂူကဲ့သို့ရင်း, ဖမ်းယူသတ်စားတတ်သော မိကျောင်း, ရေစောင့် ယက္ခဘီလူးရှိသော ရေကန်, အင်းအိုင်ကြီး ကဲ့သို့ရင်း, ချိမ်းအပ်သည့် သံလျက်ရှိသော ရန်သူတို့ကဲ့သို့ရင်း,အဆိပ်ရှိသော ဘောဇဉ်ကဲ့သို့ရင်း,ခိုးသားရှိသော ခရီးကဲ့သို့ရင်း, အလျှံ ပြောင်ပြောင် တောက်လောင်သော အိမ်ကဲ့သို့ရင်း, စစ်သည်ရှိသော စစ်မြေပြင်ကဲ့သို့ရင်း, သာယာအပ်သော သဘောမှ ကင်းကုန်သည် ဖြစ်၍ ကြီးစွာသော အပြစ် ရှိကုန်သည်ဖြစ်၍ ထင်ကုန်၏။

ထိုစကားကို ထင်ရှား ပြဦးအံ့— ထို ကြောက်တတ်သော ယောကျ်ားသည် ထိုသားရဲရှိ၍ သက်ဝင်ခြင်းငှါ ခဲယဉ်းသော တောအုပ်စသည်တို့သို့ သွားရောက်၍ ကြောက်ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်း ရှိသည်ဖြစ်၍ ထက်ဝန်းကျင်မှ အပြစ်ကိုသာလျှင် မြင်သကဲ့သို့ ဤနည်းအတူစွာ ဤယောဂါဝစရ ပုဂ္ဂိုလ်သည် သင်္ခါရတို့၏ ပျက်ခြင်းကို ရှုခြင်းဖြင့် အလုံးစုံသော သင်္ခါရတရားတို့သည် ကြောက်ဘွယ်အဖြစ်ဖြင့် ထင်ကုန်သည် ရှိသော် ထက်ဝန်းကျင်မှ ပြည့်စုံခြင်းကင်း၍ သာယာအပ်သည့် အဖြစ်မှ ကင်းသော အပြစ်ကိုသာလျှင် မြင်ပေတော့၏။ ဤသို့သော နည်းဖြင့် ရှုသော ထိုယောဂါဝစရပုဂ္ဂိုလ်အား အာဒီနဝ ဉာဏ် ဖြစ်ပေ၏။ (အပြစ်ကို ရှုတတ်သောဉာဏ် ဖြစ်တော့၏ ဟူလို)။

အာဒီနဝဉာဏ် ပြီး၏။

နိဗ္ဗိဒါဉာဏ်။ ။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် အလုံးစုံသော တေဘူမက သင်္ခါရ တရားတို့၌ အပြစ်အားဖြင့် ရှုသည်ဖြစ်၍ အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ ဖြစ်သော ပျက်စီးခြင်းသဘောနှင့် တကွဖြစ်သော တေဘူမက တရားအပေါင်း၌ နိဗ္ဗိဒါဉာဏ် အားဖြင့် ငြီးငွေ့ခြင်းသို့ ရောက်၏။ ဥပမာ—အနောတတ်အိုင်၏ အနောက်မျက်နှာ စိတ္တကူဋ တောင်ခြေရင်း၌ မွေ့လျော်သော ရွှေဟင်္သာမင်းသည် မစင်ကြယ်သော ဒွန်းစဏ္ဍားရွာ တံခါး အနီး အိုင်ငယ်၌ မမွေ့လျော်သကဲ့သို့ ဤနည်းတူစွာသာလျှင် ယောဂီဟူသော ဟင်္သာမင်းသည်လည်း ကောင်းစွာ ထက်ဝန်းကျင် အပြစ်ကို မြင်သော ပျက်စီးခြင်းသဘောနှင့် တကွ ဖြစ်သည့် တေဘူမက သင်္ခါရ တရားအပေါင်း၌ မမွေ့လျော်ပေ။ စင်စစ်သော်ကား ဘာဝနာဟူသော အနုပဿနာတို့၌သာလျှင် မွေ့လျော်ပေ၏။ ဥပမာ တနည်းအားဖြင့် —ရွှေချိုင့်၌ လှောင်၍ ထားအပ်သော ခြင်္သေ့မင်းသည် မမွေ့လျော်ဘဲ ယူဇနာ သုံးထောင်ကျယ်သော ဟိမဝန္တာ၌သာ မွေ့လျော်သကဲ့သို့ ထို့ အတူပင် ဤယောဂီ ဟူသော ခြင်္သေ့မင်းသည် သုံးပါးသော သုဂတိဘုံ၌ မမွေ့လျော်ဘဲ သုံးပါးကုန်သော အနုပဿနာတို့၌ သာလျှင် မွေ့လျော်ပေ၏။

တဖန် ဥပမာ တနည်းအားဖြင့်ဆိုသော်-ငွေတောင်ကဲ့သို့ ဖြူဖွေးသော မြေ၌တည်၍ အင်္ဂါခုနစ်ပါးရှိ တန်ခိုးကြီးသည့် ကောင်းကင်၌ ပျံသွားနိုင်သော ဆဒ္ဒန်ဆင်မင်းသည် မြို့လယ်၌ မမွေ့လျော်ဘဲ ဆဒ္ဒန်အိုင်၌သာ မွေ့လျော်သကဲ့သို့ ဤနည်းအတူ ယောဂီဟူသော ဆင်မြတ်သည်လည်း အလုံးစုံသော တေဘူမက သင်္ခါရတရားတို့၌ မမွေ့လျော်ပေ၊ "အနုပ္ပါဒေါ-ခေမံ=မဖြစ်ပေါ်ခြင်းကား ဘေးကင်းရာ နိဗ္ဗာန်" ဤသို့အစရှိသော နည်းဖြင့် နှလုံးသွင်းခြင်း ရှေးရှိသော ဉာဏ်ဖြင့် မြင်အပ်သည့် အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာ အမြိုက်နိဗ္ဗာန်၌သာလျှင် မွေ့လျော်ရာ၏၊

ထိုနိဗ္ဗာန်၌ ညွတ်သော,ကိုင်းသော,ရှိုင်းသော စိတ်ရှိသည့် ဖြစ်ပေတော့၏။သာမန်ပုဂ္ဂိုလ်တို့ ယုံကြည်ဖို့မလွယ်။ ဘယ,အာဒီနဝဉာဏ် နှစ်ပါးရှိမှသာ မချွတ်မယွင်း ယုံကြည်ရာ၏။ ထိုဉာဏ်တို့သည် သဒ္ဒါအမျိုးမျိုး ကွဲပြားသော်လည်း အနက်သဘောကား အတူတူပင် ဖြစ်ပေသည်။

[ပဋိသမ္ဘိဒါမဂ်]။ ။ယာစ ဘယတုပဋ္ဌာနေ ပညာ၊ယာဉ္စ အာဒီနဝေ ဉာဏံ၊ ယာစ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။

**ဉာဏ်သုံးမျိုးတူပုံ**။ ။ဘေးအားဖြင့် ထင်ရာ၌ အကြင်ပညာသည့်ရှင်း, အပြစ်၌ သိသော အကြင်ဉာဏ်သည့်ရှင်း, ငြီးငွေ့ခြင်း၌ ဖြစ်သော အကြင်ပညာသည့်ရှင်း ရှိ၏၊ ဤသုံးပါးသော ပညာဉာဏ် တရားတို့သည် တူသောအနက်သဘော ရှိကုန်၏၊ သဒ္ဒါသာလျှင် ထူးခြားပေ၏။ (ရှင်းဉာဏ်သုံးပါးသည် သဒ္ဒါပြားသော်လည်း အနက်သဘောကား တူ၏ ဟူလို)။

နိဗ္ဗိဒါဉာဏ် ပြီး၏။

**မုဉ္စိတုကမျတာဉာဏ်**။ ။နိဗ္ဗိဒါဉာဏ် သည့်ရှေးဖြစ်သော ဘယတုပဋ္ဌာနဉာဏ်,အာဒီနဝါနုပဿနာဉာဏ်နှစ်ပါးနှင့်အနက်အားဖြင့်တူ၏၊ ထို့ကြောင့် ရှေးဆရာတို့သည် '**ဘယတုပဋ္ဌာနံ ဧကမေဝ တီဏိ နာမာနိ လဘတိ**'' ဟု မိန့်တော်မူကုန်ပြီ၊ ဘယတုပဋ္ဌာနဉာဏ် တပါးသည်ပင်လျှင် သုံးပါးသော အမည်တို့ကို ရ၏။ ထင်ရှားစေအံ့၊ အလုံးစုံသော သင်္ခါရတရားတို့ကို ကြောက်လန့်ဘွယ်အဖြစ်ဖြင့် မြင်ပြီးသော ကြောင့် ဘယတုပဋ္ဌာနဉာဏ် မည်၏၊ ထိုတော့မှက သင်္ခါရတရားတို့၌သာလျှင် အပြစ်ကိုထင်စွာပြု၍ အဖန်ဖန်သုံးသပ်သိမြင်သောကြောင့် အာဒီနဝါနုပဿနာဉာဏ်မည်၏၊ ထိုတော့မှက သင်္ခါရတရားတို့၌ သာလျှင် ငြီးငွေ့သည်ဖြစ်၍ အဖန်ဖန် ရှုမြင် သောကြောင့် နိဗ္ဗိဒါနုပဿနာဉာဏ်မည်၏။

ဆက်ဦးအံ့၊ ဤနိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ခြင်း,ဆန့်ကျင်ခြင်း သင်္ခါရတရားတို့၌ မွေ့လျော်ခြင်းမရှိသော အကျင့်ကောင်းရှိသည့် အမျိုးသားအား သုံးပါးသောဘဝ စသည်၌ ဖြစ်ကုန်သော ပျက်ခြင်းသဘောရှိကုန်သော သင်္ခါရတရားတို့တွင် တခုသော သင်္ခါရ၌လည်း စိတ်သည်မငြိကပ်,မပွဲအပ်၊ အလုံးစုံသော သင်္ခါရတို့၌ အကျုံးဝင်သော တရားအပေါင်းမှ လွတ်ခြင်းငှါ အလိုရှိ၏၊ထွက်မြောက်ခြင်းငှါ အလိုရှိ၏၊ ဤသို့ တေဘူမက တရားအပေါင်းမှ လွတ်ခြင်း, ထွက်မြောက်ခြင်းငှါ အလိုရှိသော ဉာဏ်သည် မုဉ္စိတုကမျတာ ဉာဏ် မည်၏။

ဥပမာ- ပိုက်ကွန်၏ အတွင်းသို့ ဝင်ရောက်သော ငါးကဲ့သို့ရင်း,မြွေ၏ခံတွင်းသို့ ဝင်ရောက်သော ဖားကဲ့သို့ရင်း, ချိုင့်ဖြင့် လှောင်ထားအပ်သော တောကြက်ကဲ့သို့ရင်း, မြဲစွာဖွဲ့ချည်အပ်သော ကျော့ကွင်းအလို နိုင်ငံသို့ လိုက်ရသော တောသမင်ကဲ့သို့ရင်း, အလမ္ပာယ်၏ လက်တွင်းသို့ ရောက်နေသော မြွေကဲ့သို့ရင်း,ကြီးစွာသော ညွန်ပြောင်းသို့ သက်ဆင်းမိသော ဆင်ပြောင်ကြီးကဲ့သို့ရင်း, ဂဠုန်မင်း၏ ခံတွင်းသို့ ရောက်သော နဂါးမင်းကဲ့ရင်း, ရာဟု အသုရိန်ခံတွင်းသို့ရောက်သော လမင်းကဲ့သို့ရင်း,ရန်သူတို့သည် ခြံရံအပ်သော ယောကျ်ားကဲ့သို့ရင်း, ဤသို့ အစရှိသော သူတို့သည် ထိုထို ကွန်ရက် အစရှိသော အနှောင်အဖွဲ့မှ လွတ်ခြင်း, ထွက်မြောက်ခြင်းငှါ အလိုရှိကုန်သကဲ့သို့ ဤအတူ ထိုအမျိုးကောင်းသား ယောဂီမြတ်၏ စိတ်သည် အလုံးစုံသော သင်္ခါရ၌ အကျုံးဝင်သော တေဘူမက တရားအပေါင်းမှ လွတ်ခြင်းငှါ အလိုရှိ၏၊ ထွက်မြောက်ခြင်းငှါ အလိုရှိ၏၊ထိုသို့ စိတ်ဖြစ်သော အခါ၌ ဤဆိုခဲ့ပြီးသော နည်းဖြင့် အလုံးစုံသော တေဘူမကသင်္ခါရတို့၌ အာလယကင်း၍ လွတ်မြောက်လိုသော ယောဂီပုဂ္ဂိုလ်အား မုဉ္စိတုကမျတာဉာဏ် ဖြစ်တော့၏။

မုဉ္စိတုကမျတာဉာဏ် ပြီး၏။

ပဋိသမ္ဘိဒါမဂ်ဌကထာ။ ။ထိုယောဂီ ပုဂ္ဂိုလ်သည် ဤဆိုလတ္တံ့သော နည်းဖြင့် အလုံးစုံသော ဘဝစသည်တို့၌ ဖြစ်ကြသည့် ပျက်ခြင်းသဘော ရှိကုန်သော သင်္ခါရတို့မှ လွတ်မြောက် လိုသည်ဖြစ်၍ အလုံးစုံသော သင်္ခါရတရားတို့မှ လွတ်ခြင်း၌ ရှေးက လက္ခဏာရေးသုံးပါးသို့ တင်ပြီးသည်မှ တဖန် ထိုတေဘူမကသင်္ခါရတရားတို့ကို ဤဆိုလတ္တံ့သော အခြင်းအရာအားဖြင့် ပဋိသင်္ခါ နုပဿနာဉာဏ်ဖြင့် လက္ခဏာ ရေးသုံးပါးသို့ တင်၍ သိမ်းဆည်း၏၊

အနိစ္စ။ ။သိမ်းဆည်းပုံကို ပါဠိ,မြန်မာဘာသာ ရောပြွမ်း၍ ပြပေအံ့ — ထိုယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရ တရားတို့ကို အနိစ္စန္တိကတော-တပါးသော အစွမ်းကို လွန်နိုင်သော သဿတ မဟုတ်ခြင်းကြောင့် အနိစ္စံ-အမြဲမရှိ၊ ဣတိ- ဤသို့၊ပဿတိ- ရှုမြင်၏။ (အနိစ္စမှတပါးအစွမ်းမရှိဟူလို)၊ တာဝကာလိကတော-အခိုက်အတန့်မျှ ဖြစ်သောကြောင့် အမြဲမရှိ၊ ဤသို့ရှုမြင်၏၊ ဥပ္ပါဒဝယ ပရိစ္ဆိန္နတော—ဖြစ်ခြင်း,ပျက်ခြင်းဖြင့် ပိုင်းခြားအပ်သောကြောင့် အမြဲမရှိ၊ ဤသို့ ရှုမြင်၏၊ ပလောကတော—ဇာတိ,ဇရာ, မရဏတို့ဖြင့် ပေါက်ကွဲ ပျက်စီးတတ်သော ကြောင့် အမြဲမရှိ၊ ဤသို့ရှုမြင်၏၊ စလတော— ဇာတိ, ဇရာ,မရဏ, လာဘာလာဘ စသော လောကဓမ် တရားတို့ ကြောင့် တုန်လှုပ်ခြင်းကြောင့် အမြဲမရှိ ဤသို့ရှုမြင်၏၊ ပဘင်္ဂုတော—ပျက်ခြင်းသို့ရောက်တတ်သောကြောင့် အမြဲမရှိ၊ ဤသို့ရှု မြင်၏၊ အဒ္ဓုဝတော-မြဲသောသဘောမရှိခြင်းကြောင့် အမြဲမရှိ။ ဤသို့ရှုမြင်၏၊ ဝိပရိဏာမ ဓမ္မတော-ဇရာ, မရဏဟူသော နှစ် ပါးသော အဘို့ဖြင့် ဖေါက်ပြန်ခြင်းသဘော ရှိသောကြောင့် အမြဲမရှိ၊ဤသို့ရှုမြင်၏။ အသာရကတော-အနှစ်မဟုတ် အကာ နှင့်တူခြင်းကြောင့် အမြဲမရှိ၊ဤသို့ရှုမြင်၏၊ ဝိဘဝတော—အစီး အပွါးကင်းခြင်းကြောင့် အမြဲမရှိ၊ ဤသို့ ရှုမြင်၏၊သင်္ခတတော ဟေတုအကြောင်း, ပစ္စယအကြောင်းတို့သည် ပေါင်းစု၍ပြုပြင်

အပ်သောကြောင့် အမြဲမရှိ၊ ဤသို့ရှုမြင်၏။ မရဏာဓမ္မတော—သေခြင်း,ပျက်ခြင်း သဘောရှိသောကြောင့် အမြဲမရှိ၊ ဤသို့ရှုမြင်၏၊ အာဒိအန္တ ဝန္တတော အစအဆုံးရှိသောကြောင့် အမြဲမရှိ၊ ဤသို့ရှုမြင်၏ နိဗ္ဗာနပဋိပက္ခတော နိဗ္ဗာန်၏ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အမြဲမရှိ၊ ဤသို့ရှုမြင်၏။ ။အနိစ္စ လက္ခဏာကို သိမ်းဆည်းခြင်းပြီး၏။

ဒုက္ခ။ ။ထိုယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရ တရားတို့ကို အာဘိဏှပဋိပီဠနတော အမြဲမပြတ် အဖန်ဖန်နှိပ်စက်တတ်သောကြောင့်ဒုက္ခံ-ဆင်းရဲလှ၏၊ဇာတိဤသို့၊သဘာဝရှုမြင်၏၊ ဒုက္ခတော—သည်းခံနိုင်ခဲသောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏ ဒုက္ခဝတ္ထုတော-ဒုက္ခ၏တည်ရာ ဖြစ်သောကြောင့် ဆင်းရဲလှပေ၏၊ ဤသို့ရှုမြင်၏၊ ရောဂတော=နာတာရှည် ရောဂါနှင့် တူသောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏၊ဂဏ္ဍတော — အိုင်းအမာနှင့် တူသောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏ သလ္လတော—မြားငြောင့်နှင့် တူသောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏၊ အဃတော—အစီးအပွါးမဲ့ကို ဆောင်တတ်သောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏၊ အာဗာဓတော—နာတာရှည်ရောဂါမှ တပါးသော ပြင်းပြသည်းထန်သော အနာဖြစ်သောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏၊ ဤတိတော—များ စွာသော ဗျသနကို ဆောင်သည်ဖြစ်၍ အသစ်အာဂန္တုက ပျက်စီးကြောင်းဖြစ်သောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏၊ ဥပဒ္ဒဝတော—အထူးထူး အပြားပြား များစွာသော အကျိုးမဲ့တို့ကို ဆောင်တတ်သောကြောင့် အလုံးစုံသော ဥပဒ္ဒဝေါ၏ တည်ရာ ဖြစ်သောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏၊ ဘယတော—ခပ်သိမ်းသော ဘေးတို့၏ တည်ရာဖြစ်သောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏၊ ဥပသဂ္ဂတော—အကျိုးမဲ့တို့သည် အစဉ်လိုက်အပ်သည်ဖြစ်၍ ငြိတွယ်ခြင်း ရှိသောကြောင့် (ဝါ).ရာဂစသော အပြစ်တို့နှင့် ကပ်

ပြုခြင်း မကင်းသောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏၊ အတာဏတော-ဘေးကို မစောင့်ရှောက်နိုင်သောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏၊ အလေဏတော- မှီခိုပုန်းအောင်းရာ မဟုတ်သောကြောင့် ဆင်းရဲ၏၊ ဤသို့ရှုမြင်၏၊ အသရဏတော-ကိုးကွယ်ရာ မဟုတ်သောကြောင့် ဆင်းရဲ၏၊ ဤသို့ရှုမြင်၏၊ အာဒီနဝတော- အပြစ်ဖြစ်သောကြောင့် (ဝါ) အထီးကျန်သော သူတောင်းစားနှင့် တူသောကြောင့် ဆင်းရဲ၏၊ ဤသို့ရှုမြင်၏၊ အဃမူလတော-မကောင်းမှု၏အကြောင်းဖြစ်သောကြောင့် ဆင်းရဲ၏၊ဤသို့ ရှုမြင်၏၊ဝဓကတော-သူသတ်ယောက်ျားနှင့် တူသောကြောင့် ဆင်းရဲ၏၊ဤသို့ရှုမြင်၏၊သာသဝတော အာသဝေါတရားတို့၏ တည်ရာဖြစ်သောကြောင့် ဆင်းရဲ၏၊ ဤသို့ရှုမြင်၏၊ မာရာမိသတော-မစ္စုမာရ်,ကိလေသမာရ်တို့၏ အစာအာမိသဖြစ်သောကြောင့် ဆင်းရဲ၏၊ဤသို့ရှုမြင်၏၊ဇာတိဓမ္မတော-ဖြစ်ခြင်းသဘောရှိသောကြောင့် ဆင်းရဲ၏။ ဤသို့ရှုမြင်၏၊ ဇရာဓမ္မတော-ရင့်ခြင်း, ယောင်းခြင်း ရှိသောကြောင့် ဆင်းရဲလှ၏၊ဤသို့ရှုမြင်၏ ဗျာဓိဓမ္မတော-နာခြင်းသဘော ရှိသောကြောင့် ဆင်းရဲလှ၏၊ ဤသို့ရှုမြင်၏ သောကဓမ္မတော—စိုးရိမ်အပ်သောသဘောရှိခြင်းကြောင့်ဆင်းရဲ၏၊ ဤသို့ရှုမြင်၏၊ပရိဒေဝဓမ္မတော-ငိုကြွေးရခြင်း သဘောရှိသောကြောင့် ဆင်းရဲ၏၊ဤသို့ရှုမြင်၏၊ဥပါယာသဓမ္မတော-လွန်စွာပင်ပန်းခြင်းသဘောရှိသောကြောင့် ဆင်းရဲ၏၊ ဤသို့ရှုမြင်၏၊ သံကိလေသဓမ္မတော-တဏှာသံကိလေသ, ဒိဋ္ဌိသံကိလေသ, ဒုစ္စရိတသံကိလေသ တို့၏ အာရုံသဘော ဖြစ်ခြင်းကြောင့် ဆင်းရဲ၏ဟု ရှုမြင်၏၊ ဥဒယဝယပဋိပီဠနတော- ဖြစ်ခြင်း,ပျက်ခြင်း ဖြင့် နှိပ်စက်တတ်သောကြောင့်၊ ဒုက္ခံ-ဆင်းရဲ၏ဟု ရှုမြင်၏၊ သုခပဋိပက္ခတော သုခ၏ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၊ ဒုက္ခံ ဆင်းရဲ၏၊ဣတိ ဤသို့၊ပဿတိ-ရှုမြင်၏။

ဒုက္ခလက္ခဏာ သိမ်းဆည်းခြင်း ပြီး၏။

**အသုဘ။** ။ထိုယောဂီပုဂ္ဂိုလ်သည် အလုံးစုံသောသင်္ခါရတရားတို့ကို အစဉ်တော-မတင့်တယ်ခြင်းကြောင့် ဒုက္ခလက္ခဏာ၏ အခြံအရံဖြစ်သော အသုဘအားဖြင့် ရှုမြင်၏၊ ဒုဂ္ဂန္ဓတော မကောင်းသောအနံ့ ရှိခြင်း၏ကြောင့် အသုဘဟူ၍ ရှုမြင်၏ ပဋိက္ကူလတော - စက်ဆုပ်ရွံရှာအပ်သောကြောင့် အသုဘဟူ၍ ရှုမြင်၏၊ အမဏ္ဍ ဟတတော ဝတ်စားတန်ဆာ မဆင်သဖြင့် ထိုသင်္ခါရတို့၏ သုဘအဖြစ်ကိုပယ်ဖြောက်ခြင်းငှါ တတ်ကောင်းသောကြောင့် အသုဘဟူ၍ ရှုမြင်၏ (ဤပုဒ်တို့ကို ရုပ်သင်္ခါရတို့ကို ရည်၍ ဟောတော်မူ၏)၊ ဝိရူပတော-အသုန္ဒရတော-မကောင်းသည်၏ အဖြစ်ကြောင့် အသုဘဟူ၍ ရှုမြင်၏ ဝိဃဋ္ဋတော-ပဋိဃသံယောဇန်၏ ဟည်ရာဖြစ်၍ ရှုကုန်သော သူတို့ကို မိမိ၌ ဖွဲ့တတ်သောကြောင့် အသုဘဟူ၍ ရှုမြင်၏။ ဤသို့အစရှိသော အကြောင်းတို့ကြောင့် ဒုက္ခလက္ခဏာ၏ အခြံအရံဖြစ်သော အသုဘဟူ၍ ရှုမြင်၏ဟုဆိုလိုသည်။

အသုဘကို သိမ်းဆည်းခြင်း ပြီး၏။

**အနတ္တ။** ။ထိုယောဂီပုဂ္ဂိုလ်သည် အလုံးစုံသောသင်္ခါရတရားတို့ကို ပရတော- ပြင်ပသူစိမ်းနှင့်တူခြင်းကြောင့် အနတ္တအားဖြင့် ရှုမြင်၏၊ ရိတ္တတော- ရဝ,သုဘ,သုခ, အတ္တ စသည်မှ ဆိတ်သောကြောင့် အနတ္တအားဖြင့် ရှုမြင်၏၊ တုစ္ဆတော အချည်းနှီးဖြစ်ခြင်းကြောင့် အနတ္တအားဖြင့် ရှုမြင်၏၊ သုညတော တိတ္ထိတို့သည် ကြံဆအပ်သော အတ္တမှ ဆိတ်သောကြောင့် အနတ္တအားဖြင့် ရှုမြင်၏၊ အသာမိကတော - ပိုင်ရှင် မရှိသောကြောင့် အနတ္တအားဖြင့် ရှုမြင်၏၊ အနိဿရတော—အစိုးမရခြင်းကြောင့် အနတ္တအားဖြင့် ရှုမြင်၏၊ အဝသဝတ္တိတော အလိုသို့မလိုက်တတ်သောကြောင့် အနတ္တအားဖြင့် ရှုမြင်၏။

အနတ္တအားဖြင့် သိမ်းဆည်းခြင်း ပြီး၏။

**လက္ခဏာသုံးပြား။** ။ဤယောဂီပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ အဘယ်အကျိုးငှါ သိမ်း

သည်းအပ်ပါသနည်းဟု စောဒနာခဲ့သော်ကောင်းစွာလွတ်ခြင်းဟု ဆိုအပ်သော မှနစ္စ၏ ကောင်းစွာ သိမ်းဆည်းခြင်း, ထက်ဝန်းကျင် နင်းချေခြင်းဟု ဆိုအပ်သော အကြောင်း၏ ပြည့်စုံခြင်းအကျိုး၌ သိမ်းဆည်းခြင်း ဖြစ်ပေ၏၊ သဥ္ဂါရတို့မှ လွတ်ခြင်း၏အကြောင်းကို သိမ်းဆည်းရာ၌ ဥပမာသော်ကား တယောက်သော ယောကျ်ားသည် ငါးတို့ကို အလိုရှိ၍ ငါးအုပ်သော ဆောင်းကို ရေ၌ချထားပြီးလျှင် ဆောင်း၏အဝမှ နှိုက်၍ ငါးရှာရာ မြွေဟောက်၏ လည်ပင်းကို ဆုပ်မိ၏။ ငါသည် ငါးကိုရပြီဟု ဝမ်းမြောက်၏၊ ထိုယောကျ်ားသည် ငါကား ငါးကြီးကို ရအပ်ပေပြီဟု နှလုံးပြု၍ ပေါ်ယူကြည့်ရှုသောအခါ လည်ရေးသုံးရစ်ကိုမြင်သဖြင့် မြွေဟောက်ဟုသိလေလျှင် ရလတ္တံ့သော ဘေးကိုမြင်ရကား ဖမ်းပြီးသောမြွေဟောက်ကို မမြင်မူ၍ ယူခြင်း၌လည်း ငြီးငွေ့သည်ဖြစ်၍မြွေကိုလွှတ်လိုသည်ဖြစ်ရာ လွှတ်ခြင်း၏အကြောင်းကိုပြုလျက် အမြီးဖျားမှစ၍ မြွေသည် မိမိကိုယ်ဖြင့် ရစ်ပတ်သော လက်အရပ်ကို ဖြေပြီးလက်မောင်းကိုမြှောက်၍ ဦးခေါင်းအထက်၌ နှစ်ပတ်သုံးပတ် ပတ်ပတ်လှည့်ကာ မြွေကို အားနည်းအောင် ပြုလျက်"ဟဲ့ ယုတ်မာသောမြွေ သင်သွားလော" ဤသို့ ပြောဆိုပြီး စွန့်လွှတ်၍ လျှင်စွာကမ်းပေါ်သို့ တက်လျက် "အချင်းတို့ငါသည် ကြီးစွာသောမြွေ၏ ခံတွင်းမှ လွတ်ပေပြီ" ဟုပြောကြား၍ လာသောခရီးကို ကြည့်လျက် ရပ်တည်၏။

ဥပမာ, ဥပမေယျကို ဤသို့စပ်အပ်၏၊ ထိုယောကျ်ား၏ ငါးဟုထင်ကာ မြွေဟောက်ကို လည်၌ ဆုပ်၍နှစ်သက်သောအခါကဲ့သို့ ဤယောဂီပုဂ္ဂိုလ်အားလည်း အစ၌ မိမိအတ္တဘောကိုရ၍ နှစ်သက်သောကာလကို မှတ်အပ်၏၊ ဆောင်းအဝမှ မြွေဦးခေါင်းကို ထုတ်၍ လည်ရေးသုံးရစ်ကို မြင်သကဲ့သို့ ဤယောဂီပုဂ္ဂိုလ်၏ သမူဟဃန, ကိစ္စဃန, အာရမ္မဏဃနကို ခွဲခြမ်းခြင်းကိုပြု၍သင်္ခါရတရားတို့၌လက္ခဏာရေးသုံးပါးကိုမြင်ခြင်းကို

မှတ်အပ်၏၊ ထိုမြွေဖမ်းသောယောကျ်ား၏ လည်ရေးသုံးဆင့်ကို မြင်၍ ကြောက်သောကာလကဲ့သို့ ဤယောဂီပုဂ္ဂိုလ်၏ ဘယတုပဋ္ဌာနဉာဏ်ကိုမှတ်အပ်၏၊ မြွေဟောက်ဟု သိသော အခါမှ မြွေ ကြောင့်ဖြစ်လတ္တံ့သော အပြစ်ကို ရှုခြင်း ကဲ့သို့ အာဒီနဝါနုပဿနာ ဉာဏ်ကို မှတ်အပ်၏၊ ကိုင်မိ သော မြွေကို မလွှတ်မူ၍ ယူခြင်းဌ် ငြီးငွေ့ခြင်းကဲ့သို့ နိဗ္ဗိဒါဉာဏ် ကို မှတ်အပ်၏၊ မြွေကို လွှတ်သော အဖြစ်ကဲ့သို့ မုဥ္စိတုကမျတာ ဉာဏ်ကို မှတ်အပ်၏၊ မြွေကိုလွှတ်ခြင်း၏ လွှတ်ရအံ့သော အကြောင်းကို ပြုခြင်းကဲ့သို့ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့၌ လက္ခဏာရေးသုံးပါးသို့ တင်ခြင်းကို မှတ်အပ်၏။

ထိုစကားကို ထင်စွာပြအံ့၊ ထိုမြွေဖမ်းသောယောကျ်ားသည် မြွေကို ဦးခေါင်းပေါ်၌ ပက်ပတ်လှည့်ကာ အားနည်းသည်ကို ပြုလျက် ကိုက်ခြင်းငှါး မစွမ်းနိုင်အောင်ပြု၍ လွှတ်သကဲ့သို့ ထိုနည်းအတူ ဤယောဂီပုဂ္ဂိုလ်သည် လက္ခဏာရေး သုံးပါးသို့ တင်သဖြင့် သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဖြင့် ပတ်ပတ်မွှေကာ အားနည်းသည့်တို့ကိုပြုလျက် အနိစ္စအခြင်းအရာ, သုခ, သုဘ, အတ္တအခြင်းအရာအားဖြင့် ထင်ခြင်းငှါ မစွမ်းနိုင်အောင်ပြု၍ လွှတ်ပေ၏၊ ထို့ကြောင့် "**မုဉ္စနဿ ဥပါယ သမ္ပါဒနတ္ထံ ဧဝံ ပရိဂ္ဂဏှာတိ**"ဟု မိန့်ဆိုအပ်ပြီ။

မုဥ္စနဿ- ကောင်းစွာလွှတ်ခြင်းဟု ဆိုအပ်သော မုဥ္စန၏၊ ဥပါယသမ္ပါဒနတ္ထံ- အနိစ္စစသည့်တို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို ကောင်းစွာသိမ်းဆည်းခြင်း, ထက်ဝန်းကျင် နယ်ချေခြင်းဟု ဆိုအပ်သော အကြောင်း၏ ပြည့်စုံခြင်းအကျိုးငှါ၊ ပရိဂ္ဂဏှာတိ-သိမ်းဆည်း၏။ ဤသို့ အနိစ္စ္စကတော အစရှိသော လေးဆယ်ကျော်သော အခြင်းအရာတို့ဖြင့် သင်္ခါရတို့၏ အနိစ္စစသည့်၏ အဖြစ်ကို ကောင်းစွာမှတ်၍ ဆင်ခြင်ခြင်းဖြင့် ထိုယောဂီ အား ပဋိသင်္ခါဉာဏ်သည် ဖြစ်ပေတော့၏။

ဤပဋိသင်္ခါဉာဏ်ကို ရည်၍ "အနိစ္စတော မနသိကရော

တော ကို ပဋိသင်္ခါဉာဏ် ဥပ္ပဇ္ဇတိ၊ ဒုက္ခတော အနတ္တတော မနသိကရောန္တော ကို ပဋိသင်္ခါဉာဏ် ဥပ္ပဇ္ဇတိ'' ဟူ၍ ဆိုတော်မူ၏၊ အနိစ္စအားဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်, ဒုက္ခအားဖြင့်နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်, အနတ္တအားဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်တို့အား အဘယ်ကိုသိ၍ ဉာဏ်ဖြစ်သနည်း၊ ဤကား အမေးတည်း။ အနိစ္စအားဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား သင်္ခါရနိမိတ်ကို မမြဲ,မခိုင်မခံ့, အခိုက်အတန့် တသက်မျှတည်း၊ ဤသို့အနိစ္စလက္ခဏာ၏ အစွမ်းဖြင့်သင်္ခါရနိမိတ်ကိုသိ၍ ဉာဏ်ဖြစ်၏၊ဒုက္ခအားဖြင့်နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား ချမ်းသာဘွယ်ဟု သမုတ်အပ်သော ရူပဘဝ,အရူပဘဝ၌လည်း မပြတ်မစဲ အမြဲအားဖြင့် ဖြစ်ခြင်း,ပျက်ခြင်းဖြင့် နှိပ်စက်သောအဖြစ်ကို သိ၍ ဉာဏ်ဖြစ်၏၊ အနတ္တအားဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား အနိစ္စအာရုံ-နိမိတ္တ ဒုက္ခအာရုံ ပဝတ္တ နှစ်ပါးစုံကို သိ၍ဉာဏ်ဖြစ်၏။ ဤကား အဖြေတည်း။(သိ၍ ဉာဏ်ဖြစ်၏ ဟူရာ၌ ကြွင်းနည်းတခု တည်းယူပါ)။

ပဋိသင်္ခါနုပဿနာဉာဏ်ပြီး၏။

**သင်္ခါရုပေက္ခာဉာဏ်။** ။၎င်းဉာဏ်သည် သင်္ခါရ တရားတို့၌ လျစ်လျူ ရှုသောဉာဏ် ဖြစ်ပေ၏၊ အကျယ်အားဖြင့် ရှေးဉာဏ်နှင့် ဤသို့ဆက်ပေ၏၊ ထိုယောဂါဝစရ ပုဂ္ဂိုလ်သည် ဤသို့သော ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် အလုံးစုံသော သင်္ခါရတရားတို့သည် အတ္တမှ ဆိတ်ကုန်၏။ အတ္တမှဆိတ်ကုန်ပြီ၊ အတ္တဆိတ်သော အခြင်းအရာမှာ အနိစ္စအခြင်းအရာ,ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာတို့ကို များစွာသော ပရိယာယ် ဝေဝုစ်တို့ဖြင့် ပဋိသင်္ခါနုပဿနာဉာဏ် အရာ၌ သိမ်းဆည်းရကား အတ္တမှဆိတ်၏ဟု ကောင်းစွာ သိမ်းဆည်းနိုင်တော့၏၊သို့ဖြစ်၍ နှစ်ပါးသော အဘို့ဖြင့် တဆင့်သိမ်းဆည်းသည်မှာ ဤသင်္ခါရတရားသဘောသည် အတ္တမှ၎င်း,အတ္တနှင့်စပ်

သော ဥစ္စာမှရင်း ဆိတ်သုဉ်း၏။ ဤသို့ 'ဒွိကောဋိက' နှစ်ပါးသော အစွန်းရှိသော ဆိတ်သုဉ်းသည့်၏အဖြစ်ကို ပညာဖြင့်သိမ်းဆည်း၏။

ဆိုလိုရင်းမှာ အတ္တကို ပညာစက္ခုဖြင့် မျက်မှောက်အားဖြင့်ရင်း, ဆသောအားဖြင့်ရင်း, မမြင်၊ ထိုအတ္တ၏ မရအပ်သည်ကို သိသောကြောင့်တည်း။ ၎င်းပြင် "**ကဒါစိ အဇ္ဈတ္တံ သမ္မသတိ ကဒါစိ ဗဟိဒ္ဓါ**= ရံခါ အဇ္ဈတ္တ၌ အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်၍ ရံခါ ဗဟိဒ္ဓ၌ အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်ရကား အတ္တနိယခေါ် မိမိနှင့်စပ်သော ဥစ္စာမှဆိတ်၏ဟု သိမ်းဆည်း၏၊ (အတ္တနိယဟူသည်မှာ သုခ, ဒုက္ခကိုပြီးစေတတ်သော သတ္တဝါ သင်္ခါရ, မိမိ၏အခြံအရံစသည်တို့ဖြစ်သည်)။

တဖန် စတုကောဋိက=လေးပါးသော အစွန်းရှိသော ဆိတ်သုဉ်းသည့်၏အဖြစ်ကို ပညာဖြင့် သိမ်းဆည်း၏။ သိမ်းဆည်းပုံမှာ တစုံတခုသော ဌာန, ကာလ, အဇ္ဈတ္တ, ဗဟိဒ္ဓ၌ အတ္တကို မမြင်(ဝါ)မိမိမရှိဟု ပညာဖြင့်သိမ်းဆည်းခြင်းတပါး, မိမိ၏ အတ္တကို တစုံတယောက်သော သူတပါး၏ ကြောင့်ကြအပ်သော ဥစ္စာ၏အဖြစ်၌ ဆောင်အပ်သည်ကို မမြင်၊(ဝါ)မိမိမရှိ၍ သူတပါး ကြောင့်ကြဖွယ် မဟုတ်ဟု သိမ်းဆည်းခြင်း တပါး, တစုံတခုသောဌာန, ကာလ စသည်၌ သူတပါး၏ အတ္တကို(ဝါ) သူတပါး၏ ကိုယ်ကို မမြင်ဟု သိမ်းဆည်းခြင်းတပါး, သူတပါး၏ အတ္တသည်(ဝါ) ကိုယ်သည် ငါ၏တစုံတခုသော အဇ္ဈတ္တ, ဗဟိဒ္ဓ၌ ကြောင့်ကြအပ်သော သုခ, ဒုက္ခကို ပြီးစေတတ်သော ပရိက္ခရာ၏အဖြစ်၌ ရှိ၏ဟူ၍ ငါမမြင် (ဝါ) မိမိလည်းမရှိ သူတပါးလည်းမရှိ၍ ဤသို့သိမ်းဆည်းခြင်းတပါး ဤသို့ စတုကောဋိက= လေးပါးသောအစွန်းဖြင့် ဆိတ်သုဉ်း သည့်၏အဖြစ်ကို ယောဂီ ပုဂ္ဂိုလ်သည်သိမ်းဆည်း၏။

ဤစတုကောဋိက၌ အကျဉ်းဆုံးနည်းဖြင့်သိဘို့ရန်မှာ—မိမိ၏ အတ္တမရှိခြင်း, အတ္တနိယမရှိခြင်း, သူတပါး၏ အတ္တမရှိခြင်း'

အတ္တနိယမရှိခြင်း ဤသို့မိမိနှင့်စပ်၍ နှစ်ပါး၊ သူတပါးနှင့်စပ်၍ နှစ်ပါး ပေါင်းသေးပါးသည့် စတုကောဋိက သိမ်းဆည်းနည်း မည်၏၊ စင်စစ်မှာ မိမိ၏အတ္တမရှိ အနတ္တသာဟု ဗိုင်နိုင်စွာ သိမ်းဆည်းခဲ့သော် သုညတပရိဂ္ဂဟာခေါ် မရှိ ဆိတ်သုဉ်းသည်၏ အဖြစ်ဖြင့် သိမ်းဆည်းမှု ပြီးစေတော့၏။

သုညတပရိဂ္ဂဟာ ပြီးစီး၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာဟု သင်္ခါရတရားတို့ကို ပုံသေဉာဏ်ဖြင့် သိမြင်သောအခါ ယောဂါဝစရ်ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၏ ပျက်စီးခြင်းကိုမှီ၍ ဖြစ်လတ္တံ့သော ဘေးကိုရင်း၊ သင်္ခါရတရားတို့၏ ပြည့်စုံခြင်းကိုမှီ၍ ဖြစ်လတ္တံ့သော ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်းကိုရင်း ပယ်စွန့်၍ သင်္ခါရတရားတို့၌ လျစ်လျူ ရှုနိုင်တော့၏၊ ငါဟူ၍ရင်း မစွဲလမ်းတော့ပေ။ ငါ၏ဥစ္စာဟူ၍ရင်း မစွဲလမ်းတော့ပေ။

လျစ်လျူ ရှုခြင်း၌ ဥပမာကား — မယားကို စွန့်ပြီးသော ယောကျ်ားနှင့် တူပေ၏။ တူပုံမှာ—ယောကျ်ားအား အလိုရှိအပ်နှစ်သက်အပ်၊ စိတ်နှလုံးကို ပွါးစေတတ်သော မယားသည်ရှိ၏၊ ထိုယောကျ်ားသည် မယားနှင့် ကင်းကွာ၍ နေခြင်းငှါ မစွမ်းနိုင်ပေ၊ ထိုမယား၏ စဉ်းလဲကောက်ကျစ်ခြင်း စသည်ကို မသိခြင်းကြောင့် အလွန်မြတ်နိုး နှစ်သက်ခဲ့၏၊ ကာလအတန် ကြာသောအခါ ထိုယောကျ်ားသည် ထိုမိန်းမ၏ အမူအရာကို တဖြည်းဖြည်း ရိပ်မိလာ၏၊ ယောကျ်ားတပါးနှင့် အဘူတကွ နေပုံ၊ ထိုင်ပုံ၊ စကားပြောပုံ ရယ်ပုံ၊ ပြုံးပုံ၊ ပျက်ရယ်ပြုပုံ၊ မိမိအား စိတ်မညွတ်ပုံ၊ ထိုယောကျ်ားကိုသာ စွဲမြဲပုံကို အလုံးစုံသိရတော့၏၊ ထိုသို့သိသဖြင့် ထိုမယားအား အမျက်ထွက်၏၊ ချစ်ခြင်း၊ နှစ်သက်ခြင်း ကင်း၏၊ ထိုမယားနှင့်စပ်၍ ချမ်းသာမှုမရှိ၊ စိတ်ဆင်းရဲရ၏၊ ထိုလင်ယောကျ်ားသည် တပါးသော အခါ၌ မစောင့်စည်းသော ထိုမိန်းမကို စွန့်လွှတ်တော့၏၊ ငါ့မယားဟူ၍ အမှတ်မထားတော့ပေ၊ အာလယပြတ် လုံးဝကွာရှင်းပြီး ဖြစ်တော့၏။

မယားကိုစွန့်ပြီးသော ထိုယောကျ်ားသည် ကွာရှင်းစွန့်ပစ်
သော အချိန်မှစ၍ ထိုမိန်းမကိုအမှတ်မရှိ တစုံတယောက်သော
ယောကျ်ားနှင့် အမျိုးမျိုးအဖုံဖုံ မိန်းမလိမ်မာတို့၏ အမှုအရာအ
ကိုင်း နေထိုင်သည်ကို မြင်သော်လည်း အမျက်မထွက်ပေ၊ နှလုံး
သာခြင်းမရှိပေ၊ စင်စစ်အားဖြင့်လျစ်လျူရှုတော့၏။

ဤဥပမာအတူ ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရ
တရားတို့မှ လွတ်လိုသည်ဖြစ်၍ ပဋိသင်္ခါနုပဿနာဖြင့် သင်္ခါရ
တို့ကို သိမ်းဆည်းလျက် ငါ,ငါ၏ဥစ္စာဟု ယူအပ်သည်ကို မ
မြင်မူ၍ ကြောက်ခြင်းကိုရင်း, နှစ်သက်ခြင်းကိုရင်း ပယ်စွန့်၍
အလုံးစုံသော သင်္ခါရတို့၌ လျစ်လျူရှုတော့၏၊ စွန့်အပ်ပြီးသော မ
ယား၌ လျစ်လျူရှုသကဲ့သို့ဖြစ်၏၊ ဤသို့သောနည်းဖြင့် ရှုမြင်သော
ထိုယောဂီပုဂ္ဂိုလ်၏ သုံးပါးသောဘဝ,လေးပါးသော ယောနိ,
ငါးပါးသော ဂတိ, ခုနစ်ပါးသော ဝိညာဏဋ္ဌိတိ, ကိုးပါးသော
သတ္တာဝါသတို့၌ စိတ်သည် တွန့်ရှုံ့ ပြန်နစ်၏၊ ပြန့်ဖြူးစွာ မွေ့
လျော်ခြင်းမရှိပေ၊ လျစ်လျူ ရှုခြင်း, စက်ဆုပ် ရွံရှာခြင်း၌သာ
တည်တော့၏။

သင်္ခါရတရားတို့၌ မငြိကပ်သော စိတ်ဖြစ်သည်မှာ သာမန်
ပုဂ္ဂိုလ်တို့ကဲ့သို့ မဟုတ် အနည်းငယ်ကိုင်းသော ပဒုမာကြာ
ရွက်၌ ရေပေါက်တို့သည် မတင်ဘဲ ရွေ့လျော့ကျသကဲ့သို့ ထို
ယောဂီပုဂ္ဂိုလ်၏ စိတ်သည် သုံးပါးသော ဘဝတို့၌ ပြန့်ဖြူးစွာ
မွေ့လျော်ခြင်း မရှိ၊ ဥပေက္ခာပြု၍ စက်ဆုပ် ရွံရှာခြင်း၌ သာ
တည်တော့၏၊ ဤသို့သောအားဖြင့် တည်ခြင်းသည် ယောဂီ
ပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာဉာဏ်ဖြစ်သည်မည်၏။ ဤအရာ၌ အနု
ပဿနာ,နှင့် သုညတာနုပဿနာဟူသော ထိုစကားနှစ်ရပ်သည်
ဂူပါသလော ထူးပါသလော ဟု စောဒနာဖွယ်ရှိ၏။

[ပဋိသမ္ဘိဒါမဂ်] ယာစ အနတ္တာနုပဿနာ ယာစ သုည
တာနုပဿနာ ဣမေဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇန
မေဝနာနံ။

**အနန္တနှင့်သုညတ။** ။အကြင် အနန္တဟု အဖန်ဖန် ရှုမြင်ခြင်းသည့်ရင်း, သုညတဟု အဖန်ဖန်ရှုမြင်ခြင်းသည့်ရင်း ရှိပေ၏၊ ဤသို့ရှုမြင်ခြင်း သဘောတရားတို့သည် အနက်သဘော တူမျှကုန်၏၊ သဒ္ဒါမျှသာ ထူးခြားကုန်၏။ ။ဆိုလိုရင်းမှာ အနန္တဟူသည် အတ္တမဟုတ်၊(ဝါ) အတ္တမရှိ။ သုညတဟူသည် အတ္တမှဆိတ်သုဉ်း၏၊(ဝါ) အတ္တမရှိ။ ဤသို့ အနက်အားဖြင့် တူသည်ဟူလို။

ထိုသင်္ခါရုပေက္ခာဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် အကယ်ရှုမြင်အံ့၊ အလုံးစုံသော သင်္ခါရတရားတို့၏ ဖြစ်ခြင်းကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်၏၊ နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မရှုမမြင်သည်ဖြစ်အံ့ အဖန်တလဲလဲ သင်္ခါရတရားလျှင် အာရုံရှိသည်သာဖြစ်၍ ဖြစ်ရပြန်တော့၏။

(မှတ်ချက်။ ။သင်္ခါ ရုပေက္ခာဉာဏ်သည် နိဗ္ဗာန်ကို ရှုမြင်၏ဟု ဆိုရာ၌ သဘော မသက်ဝင်သကဲ့သို့ ဖြစ်ပါလတ္တံ့။ သက်ဝင်ရန်မှာ- သင်္ခါရုပေက္ခာဉာဏ်သည် အနုလောမဉာဏ်,ဂေါတြဘုဉာဏ်တို့၏ ကိစ္စပါ ဆောင်၍ နိဗ္ဗာန်ကို အာရုံ ပြုသည်၊ ထိုဉာဏ် သုံးပါးကား တူကြ၏)။

သိခါပတ္တာ ဝိပဿနာတိဝါ ဝုဋ္ဌာနဂါမိနီတိဝါ သင်္ခါရုပေက္ခာဒိ ဉာဏတ္တယသောဝ ဇေတံနာမံ။

**ဥာဏ်တူသုံးပါး။** ။သိခါပတ္တဝိပဿနာဟူသည့်ရင်း,ဝုဋ္ဌာနဂါမိနီ ဟူ၍ရင်း ဤအမည်သည် သင်္ခါ ရုပေက္ခာဉာဏ်,အနုလောမဉာဏ်,ဂေါတြဘုဟူ၍ မှတ်အပ်သော ဉာဏ်သုံးပါးအပေါင်း၏ အမည်သာလျှင် ဖြစ်ပေ၏။ (ဤစကား၌ ‘သိခါပတ္တ, ဟူသည် အထွဋ်အထိပ် မြတ်သော အဖြစ်သို့

ရောက်သည်ကို ဆိုသည်၊ ဝုဋ္ဌာနဂါမိနီ ဟူသည်မှာ ဝဋ်မှထွက်မြောက်၍ မဂ်သို့ရောက်ကြောင်းတရားဟု ဆိုလိုသည်။ ဤ သင်္ခါရုပေက္ခာ ဉာဏ်သည် ရှေးမှိနောက်မှိဖြစ်၍ အရောကျယ်၏။ ထင်ရှားစေအံ့—

[ဝိသုဒ္ဓိမဂ်] တံ ပနေတံ ပရိမေန ဉာဏဒွယေန အတ္ထ
တော ဧကံ၊ တေနာဟု ပေါရာဏာ ဣဒံ သင်္ခါရု
ပေက္ခာဉာဏံ ဧကမေဝတိဏ္ဏနာမာနိ လဘတီတိ။

**သုံးမည်ရှိဉာဏ်။** ။ထိုသင်္ခါရုပေက္ခာဉာဏ်သည် ရှေးဖြစ်သော ဉာဏ်နှစ်ပါးနှင့် အနက်တူ၏၊ တခုတည်းသောသင်္ခါရုပေက္ခာဉာဏ်သည် သုံးပါးသော အမည်တို့ကို ရ၏ဟု ရှေးဆရာတို့ ဆိုကုန်ပြီ။ ။သုံးပါးသော ဉာဏ်ဟူသည်မှာ-အောက်၌ မုဉ္စိတုကမျတာဉာဏ်, အလယ်၌ ပဋိသင်္ခါနုပဿနာဉာဏ်, အဆုံး၌ **သိ**ခါပတ္တ သင်္ခါရုပေက္ခာဉာဏ်တို့ ဖြစ်၏။ သို့ဖြစ်ရကား ၎င်းသင်္ခါရုပေက္ခာ ဉာဏ်ကို အရောကျယ်သည်ဟု ဆိုနိုင်ပေ၏။

သင်္ခါရုပေက္ခာဉာဏ်သည် နိဗ္ဗာန်ကို အာရုံမပြုနိုင်သမျှ သင်္ခါရ တရားတို့၌သာ အဖန်ဖန်အာရုံပြုရာ၌ ဥပမာကား—သမုဒ္ဒရာကို ကူးကုန်သော သင်္ဘောသားတို့၏ အရပ်မျက်နှာကို သိစေသော ကျီးကဲ့သို့တည်း။ တူပုံကား ရှေးအခါသမုဒ္ဒရာကို ကူးသော ကုန်သည်တို့သည် သင်္ဘောသို့ တက်ကုန်သည်ရှိသော် အရပ်မျက်နှာကို သိရန် ကျီးကို ယူဆောင်ခဲ့ကြ၏၊ သင်္ဘောသည်လေအဟုန်ဖြင့် လွင့်အပ်သည်ရှိသော် သမုဒ္ဒရာဝယ် ရှေးကမသွားလာဘူးသော အရပ်တွင် ကမ်းကိုမမြင်သောအခါ ဆိုက်ကပ်လိုသော ဆိပ်ကမ်းနှင့်နီး,မနီးသိနိုင်ရန် ကျီးကိုလွှတ်ကြကုန်၏၊ထိုကျီးသည် သင်္ဘောလင်းပင်တိုင်အဖျားမှကောင်းကင်သို့ ပျံတက်၍ ခပ်သိမ်းသော တူရူအရပ်, အထောင့်အရပ်သို့ ပျံလေ၏၊သမုဒ္ဒရာကမ်းကို အကယ်၍မြင်သည်ဖြစ်အံ့၊ မြင်ရာကမ်းသို့သာလျှင် ပျံသွားလေ၏၊ ကမ်းကိုမမြင်သေးအံ့၊တဖန်

တလဲလဲပြန်လာ၍ လင်းယဉ်တိုင်ဗျားခွဲသောလျှင် နားရပြန်သကဲ့သို့ သင်္ခါရုပေက္ခာ ဉာဏ်သည် ဘေးရန်ငြိမ်းအေးသော နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မြင်သည်ဖြစ်အံ့၊ အလုံးစုံသောသင်္ခါရ တရားကို စွန့်လွှတ်၍ ဘေးရန်ခပ်သိမ်း ငြိမ်းအေးရာ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်လေ၏။ ငြိမ်းအေးရာ နိဗ္ဗာန်ကို မမြင်သေးအံ့၊ အဖန်တလဲလဲ သင်္ခါရအာရုံရှိသည် သာလျှင် ဖြစ်ရပြန်တော့၏။

ထိုသင်္ခါရုပေက္ခာဉာဏ်သည်ဆန်ကောဖြင့်လှိမ့်အပ်,ဆင့်အပ်သော မုံ့ညက်သည် ရုန့်ရင်းကြမ်းတမ်းခြင်းမရှိ သိမ်မွေ့နူးညံ့သကဲ့သို့၎င်း, ဝါဖန်လေးဖြင့်ခတ်၍ အစေ့မရှိ သိမ်မွေ့သော ဝါဂွမ်း ကဲ့သို့၎င်း အထူးထူး အပြားပြားအားဖြင့် သင်္ခါရတရားတို့ကိုသိမ်းဆည်း၍ (ဝါ)အနုက္ကမအားဖြင့် သိမ်းဆည်း၍ကြောက်ခြင်းဘေးကို၎င်း, နှစ်သက်ခြင်းနန္ဒီကို၎င်း ပယ်ရှား၍စိစစ်ခြင်း၏ အထွဋ်အထိပ်သို့ ရောက်ခြင်းကြောင့် သင်္ခါရတရားတို့ကို စိစစ်ခြင်း၌လည်း လျစ်လျူရှု၍ သုံးပါးသော အနုပဿနာ၏ အစွမ်းဖြင့် တည်၏၊အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍သော အဖန်ဖန် ရှုမြင်၏ဟု ဆိုလို၏။ ။၎င်းဉာဏ်သုံးပါး အနက်တူ သဒ္ဒါထူးသည်ကို တဖန်သိသာရန်မှာ—

[ပဋိသမ္ဘိဒါမဂ်] ယာစမုဉ္စိတုကမျတာ, ယာစ ပဋိသင်္ခါနုပဿနာ, ယာစ သင်္ခါရုပေက္ခာ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။

အကြင်မုဉ္စိတုကမျတာဉာဏ်သည်၎င်း, အကြင်ပဋိသင်္ခါနုပဿနာဉာဏ်သည်၎င်း, အကြင်သင်္ခါရုပေက္ခာဉာဏ် သည်၎င်း ဤသုံးပါးသောတရားတို့သည် တူသောအနက်ရှိကုန်၏ သဒ္ဒါသာလျှင်ထူးခြား၏။

သင်္ခါရုပေက္ခာဉာဏ်ပြီး၏။

## အကျဉ်းဖြင့်သော အနေအထားမဂ္ဂကထာ

ဤင်းဉာဏ်သည် သစ္စာ ရှေးဦး ဉာဏ်ကို မနေမနား များစွာ အလေ့အထပြုသော ယောဂီပုဂ္ဂိုလ်အား ယုံကြည်စွာ ဆိုး ဖြစ်တတ်သော အဝိဇ္ဇာ သဒ္ဓါသည် ဘာဝနာ ပြီးသော ကိစ္စ အားဖြင့် လွန်ခြင်းကြောင့် အလွန်အားသန်သည် ဖြစ်၍ ဖြစ်၏ ကောင်းစွာ ချီးမြှောက်အပ်သော ပဋိပက္ခကို လွင့် ပျောက်စေခြင်း၌ စွမ်းနိုင်သော ဝီရိယသည် ဖြစ်၏၊ ကောင်း စွာထင်သော သတိသည် ဖြစ်၏၊ အာရုံ၌ကောင်းစွာ အညီအ ညွတ် ထားအပ်သော စိတ်သည် ဖြစ်၏၊ ထက်လှစွာသော သစ္စာ ရှေးဦးဉာဏ်သည် ဖြစ်၏၊ ထိုသစ္စာရှေးဦးဉာဏ် ဖြစ်သော ယောဂီပုဂ္ဂိုလ်အား "ယခုမကြာမီ မဂ်ဉာဏ်ဖြစ်လတ္တံ့" ဤသို့ ဆိုထိုက်သောအခါ သစ္စာရတနာများတို့ကို အနိစ္စဟူ၍ငင်း, ဒုက္ခ ဟူ၍ငင်း, အနတ္တဟူ၍ငင်း, အနိစ္စစသည်တို့တွင် တခုခုသော အ ခြင်းအရာဖြင့် သုံးသပ်သော မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၍ ချုပ်၏။

ထို့နောင် သစ္စာရတနာများတို့ကို အာရုံပြု၍ ပထမဇောစိတ် သည် ဖြစ်၏၊ငင်းပထမဇောစိတ်ကို အရိယာမဂ်ကို ပြုပြင်တတ် သောကြောင့် ပရိကမ်ဟူ၍ ဆိုအပ်၏၊ ထို့နောင် သစ္စာရတို့ကို အာရုံပြု၍ ဒုတိယဇောစိတ်သည်ဖြစ်၏၊ငင်းကိုမဂ်အနီး၌ ကျင် လည်သောကြောင့် ဥပစာရဟူ၍ ဆိုအပ်၏၊ ထို့နောင်သစ္စာရ တနာများတို့ကို အာရုံပြု၍ တတိယဇောစိတ်သည် ဖြစ်၏၊ ငင်းကို ရှေ့နောက်ဖြစ်သော ဇဝတို့အား လျော်သည်၏ အဖြစ်ကြောင့် အနုလုံဟူ၍ ဆိုအပ်၏၊ ယင်းအနုလုံသည် အာလောမဉာဏ် မည်၏။

ဤပရိကမ်, ဥပစာရ, အနုလုံဟူသော အမည်သည် ထိုသုံး ပါးသော ဇောတို့၏ အသင်းအခြားဖြစ်သော အမည်တည်း၊ ထို သုံးပါးသော ဇောအပေါင်းကို ခေါ်ဆိုသင့်သော အမည်မှာ ကား ရှိသေးစွာ မှိုဝဲတတ်သောကြောင့် အာသေဝန ဟူ၍ငင်း,

အရိယာမဂ်ကို ပြုပြင်တတ်သောကြောင့် ပရိက္ခာရ်ဟူ၍၎င်း, မဂ်၏ အနီး၌ ကျင်လည်တတ်သောကြောင့် ဥပစာရ်ဟူ၍၎င်း, ရှေ့နောက်ဖြစ်သော မဂ္ဂတို့အား လျော်သည်၏ အဖြစ်ကြောင့် အနုလုံဟူ၍၎င်း ခေါ်ဆိုခြင်းငှါ သင့်၏။

အနုလောမ ဥာဏ်မည်သော ထိုတတိယ အနုလုံသည် အောက်အဘို့ တရားတို့နှင့်လည်း လျော်၏။ အထက်အဘို့၌ ဖြစ်သော တရားတို့နှင့်လည်းလျော်၏၊ထိုစကားမှန်၏၊ထိုတတိယ အနုလုံဇောသည် အောက်အဘို့ ဖြစ်ကုန်သော ဥဒယဗ္ဗယဥာဏ် ဘင်္ဂဥာဏ်, ဘယဥာဏ်, အာဒီနဝဥာဏ်, နိဗ္ဗိဒါဥာဏ်, မုဉ္စိတုကမျတာဥာဏ်, ပဋိသင်္ခါဥာဏ်, သင်္ခါရုပေက္ခာဥာဏ် ဤ ၈ဖြစ်ပါးသော ဝိပဿနာဥာဏ်တို့၏ မဖေါက်မပြန် မှန်သောကိစ္စ ရှိသည်၏ အဖြစ်အားလည်း လျော်၏၊အထက်ဖြစ်သော မဂ်ခဏ၌ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့၏ မဖေါက်မပြန်မှန်သောကိစ္စရှိသည်၏ အဖြစ်အားလည်း လျော်၏၊ (တွေဝေခြင်းအစရှိသော ဆန့်ကျင်ဘက်ကို ဖျောက်ခြင်းကြောင့် လျော်၏ဟု ဆိုသည်)။

ဦးအံ့၊ အနုလုံမည်သော ထိုအနုလောမဥာဏ်သည် အနိစ္စလက္ခဏာစသည်တို့၏ အစွမ်းဖြင့် တေဘူမက သင်္ခါရတို့ကို အာရုံပြု၍ ဖြစ်သောကြောင့် သင်္ခါရတရားတို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို သိသော ဥဒယဗ္ဗယဥာဏ်သည် ဖြစ်ခြင်းပျက်ခြင်းတို့ကို စင်စစ်မြင်ပြီ၊ ဤသို့၎င်း, တေဘူမက တရားတို့၏ ဘင်ကို ရှုသော ဘင်္ဂါနုပဿနာဥာဏ်သည်ဘင်ကိုစင်စစ်မြင်ပြီ၊ဤသို့၎င်း ကြောက်အပ်သော သဘောရှိသော သင်္ခါရ တရားသည်သာလျှင် ဘယတုပဋ္ဌာနဥာဏ်အား ထင်စွာကြောက်အပ်သည်၏ အဖြစ်ဖြင့် ရှုအပ်ထင်၏၊ ဤသို့၎င်း,သင်္ခါရ တရား၌သာလျှင်အပြစ်ကိုအဖန်ဖန်ရှုသော အာဒီနဝဥာဏ်သည် ၎င်းအပြစ်ကို မြင်ပြီ၊ ဤသို့၎င်း, သင်္ခါတရားတို့၌သာလျှင် ငြီးငွေ့သော နိဗ္ဗိဒါဥာဏ်သည် ငြီးငွေ့၏၊ဤသို့၎င်း, သင်္ခါရတရားတို့၌သာလျှင် စွန့်လွှတ်

လိုသော ရုပ္ပတ္တိကမ္မဇာဒြာဘက်သည် စွန့်လွှတ်လိုသည် ဖြစ်ပြီ၊ ဤသို့ရင်း, သုံးသပ်ဆင်ခြင်အပ်သော တရားကို သာလျှင် သုံးသပ်ဆင်ခြင်သောပဋိသင်္ခါဉာဏ်ဖြင့် စင်စစ်သုံးသပ် ဆင်ခြင်အပ်ပြီ၊ ဤသို့ရင်း,သင်္ခါရတရားကိုသာလျှင် လျစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ်ဖြင့် စင်စစ်လျစ်လျူရှုအပ်ပြီ၊ ဤသို့ရင်း,အနုလောမ ဉာဏ်သည်မဆိုအပ်သောင်းသည်း အနက်ရောက်သောအားဖြင့် ဆိုသကဲ့သို့ ဤဥဒယဗ္ဗယဉာဏ် အစရှိသော၇စ်ပါးသော ဉာဏ်တို့၏ မပေါက်မပြန် မှန်သောကိစ္စ ရှိသည်၏အဖြစ်အားလည်း လျော်၏၊ သင့်တင့်၏ ညီညွတ်၏ တည့်၏ဟု ဆိုလိုသည်။ အေ က်ဉာဏ်၇စ်ပါးနှင့် လျော်သော သဘောပြီး၏။

အထက်တရားတို့နှင့် လျော်သည်မှာ— ဤအနုလောမဉာဏ်သည် အထက်ဖြစ်သော မဂ်ခဏ၌ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့၏ မပေါက်မပြန်မှန်သော ကိစ္စရှိသည်၏ အဖြစ်အားလည်း လျော်၏၊ အဘယ့်ကြောင့်နည်း ဟူမူကား— အနုလောမဉာဏ်၏ ရုန့်ရင်း၍ သဥ္ဈာကို ဖုံးလွှမ်းတတ်သည့် သံကိလေသကို ခွါသော အကျင့်ဖြင့်အထက်တရားတို့သို့ ရောက်ခြင်းကြောင့်တည်း။ ထိုစကားသင့်လှ၏-

[မဟာဋီကာ] န ဟိ အနုလောမဉာဏေ တထာ အနုပ္ပန္နေ ဂေါတြဘုဉာဏံ နိဗ္ဗာနံ အာလမ္ဗိတုံ သက္ကောတိ။ န ဂေါတြဘု ဉာဏေဝ အနုပ္ပန္နေ မဂ္ဂဉာဏံ ဥပ္ပဇ္ဇတိ။

[ဂေါတြဘုနှင့် မဂ်] အနုလောမဉာဏ်သည် ထိုသို့ ရုန့်ရင်း ရုန့်ရင်းစွာ သဥ္ဈာကို ဖုံးလွှမ်းတတ်သော သံကိလေသကို ခွါသော အခြင်းအရာအားဖြင့် မဖြစ်သည် ရှိသော် ဂေါတြဘုဉာဏ်သည် နိဗ္ဗာနကို အာရုံပြုခြင်းငှါ မစွမ်းနိုင်ပေ၊ ဂေါတြဘုဉာဏ်သည် မဖြစ်သည်ရှိသော် မဂ်ဉာဏ်သည်မဖြစ်ပေ။ ။ထို့ကြောင့် ရုန့်ရင်းရုန့်ရင်းသော သဥ္ဈာကိုဖုံးလွှမ်းတတ်သော သံကိလေသကို ခွါသောအကျင့်ဖြင့် အထက်

တရားတို့သို့ ရောက်အပ်သည့်၏ အဖြစ်ကို ဆိုအပ်၏။

အနုလောမဉာဏ်၏ အောက်,အထက် တရားတို့နှင့် လျော်စွာ ဖြစ်သည့်ကို ဥပမာဖြင့် ဤသို့သိစေလိုပေ၏၊ တရားစောင့်သော မင်းဖြတ်သည့် တရားဆုံးဖြတ်ရာ အရပ်၌ နေလျက် တရားဆုံး ဖြတ်သော အမတ်ကြီးတို့၏ အဆုံးအဖြတ်ကို ကြား၍ အဂတိ သို့ လိုက်ခြင်းကို ပယ်ပြီး လျစ်လျူရှုလျက် ဤအတိုင်းသာ အ သုံးအဖြတ် ဖြစ်စေဟု ဝမ်းမြောက်သည့်ဖြစ်၍ ထိုအမတ်ကြီးတို့ ၏ အဆုံးအဖြတ်အားလည်း လျော်စေ၍ ရှေး၌ ဖြစ်ကုန်သော မင်းတို့သည် ပညတ်အပ်သော ရာဇဓမ္မအားလည်း လျော်စေသ ကဲ့သို့တည်း။

ဤပုံမှာ—မင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏၊ တရား ဆုံးဖြတ်သော ရှစ်ယောက်သော အမတ်ကြီးတို့ကဲ့သို့ ဥဒယဗ္ဗ ယဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ်အထိ ရှစ်ပါးသော ဉာဏ် တို့ကို မှတ်အပ်ကုန်၏၊ ရှေး၌ဖြစ်သော မင်းတို့ ကျင့်အပ်သော ရာဇဓမ္မကဲ့သို့ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို မှတ်အပ်၏။

ထိုဥပမာ၌ မင်းသည် ဤသို့ဖြစ်စေဟု ဆိုသည့်ဖြစ်၍ တရား ဆုံးဖြတ်သော အမတ်ကြီးတို့၏ အဆုံးအဖြတ်အားရင်း, ရှေးမင်း တို့သည် ပညတ်အပ်သော ရာဇဓမ္မ မင်းကျင့်တရား အား ရင်း လျော်စေသကဲ့သို့ ဤနည်းအတူ အနိစ္စ စသည်တို့၏ အစွမ်းဖြင့် သင်္ခါရတို့ကို အာရုံပြု၍ဖြစ်သော ဤအနုလောမဉာဏ်သည် ရှစ် ပါးကုန်သော အောက်ဉာဏ်တို့၏ မပေါက်မပြန် မှန်ကန်သော ကိစ္စ ရှိသည့်၏အဖြစ်အားရင်း, အထက်မဂ်ဉာဏ်၌ သုံးဆဲ့ခုနစ် ပါးသော ဗောဓိပက္ခိယတရားတို့၏ မပေါက်မပြန် မှန်ကန် သောကိစ္စ ရှိသည့်၏ အဖြစ်အားရင်း လျော်၏၊ ထိုသို့ အောက်၌ ဖြစ်သော ဉာဏ်တို့အား လျော်သော အမှုကိစ်ဖြင့် အထက် ဗော ဓိပက္ခိယတရားတို့အား လျော်သည့်၏ အဖြစ်ကြောင့်သာလျှင်

ဤဉာဏ်ကို မဂ္ဂသစ္စာအား လျော်သည့်၏ အဖြစ်ကြောင့် အနု
လောမိကဉာဏ်ဟူ၍ ဆိုအပ်ပါသတည်း။

**သစ္စာနုလောမိကဉာဏ်။** ။အနုလောမဉာဏ်ကို ဆက်၍ဆို
ဦးအံ့၊ (ဤမဂ္ဂကထာကို ဤကျမ်း၌ ထည့်
ရခြင်း၏ မူလမှာ - သစ္စာနုလောမိကဉာဏ်ကို ပေါ်လွင်စေလို
၍ ဖြစ်၏၊ ယခုကား ထင်ရှားပေါ်လွင်ပေပြီ)။ မချွေကန်အားဖြင့်
မဂ္ဂဝီထိ၌ အတွင်းဝင်သော အနုလုံဇောသည် သစ္စာနုလောမိ
ကဉာဏ် ဖြစ်ပေ၏၊ ထိုဉာဏ်သည်ကား ဘုရားလောင်းတို့သည်
ဘုရားရှင်တို့၏ သာသနာ၌ကြုံကြိုက်သောအခါ ရအပ်သောဉာဏ်
မဟုတ်သေး၊ ၎င်းဉာဏ်ကို ရပါလျှင် ဂေါ်ပြဘု, မ , မိုလ်ဇောနှစ်
ကြိမ်ဖြစ်၍အရိယာစခမ်းသို့ ဝင်ရောက်ရာ၏၊ အရိယာစခမ်းသို့
ကား မဝင်၊ ထို့ကြောင့် ပါရမီဖြည့်စဉ် ဘုရားလောင်းတို့ ရအပ်
သော သစ္စာနုလောမိကဉာဏ် မဟုတ်ပေ၊ သဒ္ဒိသူပစာဖြစ်သော
သင်္ခါရုပေက္ခာဉာဏ်ကို ရသည်ကိုပင် သစ္စာနုလောမိက ဉာဏ်
ကို ရသည်ဟု ဆိုအပ်၏၊ ဘုရားလောင်းတို့သည် သင်္ခါရုပေက္ခာ
ဉာဏ်သို့ အဆုံးတိုင်အောင် ရောက်သည်ဟု ဆိုရာ၌ကား မချွ
စကား ဖြစ်ပေ၏။

ဥဒယဗ္ဗယဉာဏ်ကို ပြည့်စုံစွာရပါလျှင်လည်း အလျော်အား
ဖြင့် သစ္စာနုလောမိကဉာဏ်ကို ရသည်ဟု ဆိုအပ်၏၊ သုတမ
ယ ဉာဏ်ဖြင့်လည်း ယခုမဂ္ဂကထာ၌ အကြောင်းမဲ့သည့် အနေ
မျိုးသို့ ရောက်အောင် အသိဉာဏ်ဖြစ်လောက်သော စကားအ
ပေါင်းကို ကြည့်ရှုလေ့လာခဲ့ပါလျှင် သစ္စာနုလောမိကဉာဏ်ကို
သိသော ပုဂ္ဂိုလ်ဖြစ်တဲ့ ဆိုနိုင်ပေသည်၊ ဘာဝနာ မယဉာဏ်
ဖြင့် အသိဉာဏ်ရှိသူတို့ကို ထားဘိဦး၊ သုတမယဉာဏ် ရှိသူ
ကိုပင် လူတရာ တယောက်, လူတထောင် တယောက် ရခဲလှ
ပေ၏၊ သို့ဖြစ်၍ စကားလွန်စွာမများလွန်းသော ဤမဂ္ဂကထာကို
အထပ်ထပ် ကြည့်ရှုကြရန် အထူး တိုက်တွန်းပေသည်၊ မဂ္ဂက

တာကို ကြည့်ရှု၍ သဘောပေါက်ပါလျှင် သုတမယဉာဏ်ဖြင့် သဗ္ဗာနုလောမိကဉာဏ် ပြည့်စုံလတ္တံ့။ ဤကား ရှေ့နှင့်နောက်ကို နှိုင်းဆ၍ ပြအပ်သော သဗ္ဗာနုလောမိကဉာဏ်ဖြစ်ပေ၏။

အနုလောမဉာဏ် ပြီး၏။

**အထူးပြုခြင်း**။ ။ဝဠိမှထ၍ မဂ်သို့ရောက်ကြောင်း ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဟူသည် ''သင်္ခါရုပေက္ခာဒိ ဉာဏတ္တယသေဝ ဧတံနာမံ''ဟူသည်နှင့်အညီ သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘုဉာဏ် ဤဉာဏ်သုံးပါး၏ အမည်ပင်ဖြစ်၏။ (အသိမလွယ်တတ်သဖြင့် အသီးတုတ်ပေါ်ခြင်းဖြစ်ပေသည်)။

[**ဝိသုဒ္ဓိမဂ်**] သဗ္ဗေန သဗ္ဗံ ပန ဂေါတြဘုဉာဏံ ဝုဋ္ဌာနဂါမိနိဝိပဿနာယ ပရိယောသာနံ။

**အဆုံးဉာဏ်**။ ။အချင်းခပ်သိမ်းသော်ကား ဂေါတြဘုဉာဏ်သည် ဝုဋ္ဌာနဂါမိနိဝိပဿနာ၏ အဆုံးဖြစ်သော ဉာဏ်မည်၏။ ။ဤစကားသည်ကား ပရိယာယ်မဖက် သက်သက်အမှန်စကားဖြစ်ပေ၏၊ ပရိယာယ်တပါးဖြင့် ထိုထို သုတ္တန်၌ ဟောသည်မှာ အများပင်ရှိပေသေး၏၊ သို့သော်လည်း ဤမျှဖြင့် ဝုဋ္ဌာနဂါမိနိ ဝိပဿနာကို တန့်ရပ်ပေအံ့၊ ပြခဲ့ပြီးသော ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ် အဆုံးရှိသော ဤကိုးပါးသောဉာဏ်သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏၊ သမ္မသနဉာဏ်မှစ၍ အနုလောမဉာဏ် အဆုံးရှိသော ဤဉာဏ် ဆယ်ပါးသည် လောကီဉာဏ်, လောကီဝိသုဒ္ဓိမည်၏။

လောကီဉာဏ် ဆယ်ပါး ပြီး၏။

ပါရမီပြည့်စုံသောသူတို့မှာ လောကီဉာဏ်, လောကုတ္တရာဉာဏ် နှစ်ပါးလုံးကိုဆက်လက်ရနိုင်ပေ၏၊ဥဒယဗ္ဗယဉာဏ်ထက် သန်စင်ကြယ်စွာပြည့်စုံခဲ့သော်သင်္ခါရုပေက္ခာဉာဏ်အထိ သင်္ခါ

ပဗ္ဗဖြစ်၍ ထိုင်ရာမထ ဇာရိယာပုထ်မပြောင်းမရွေ့ဘဲ ရနိုင်၏၊ သောတာပန် အရိယာအဖြစ်သို့ ရောက်နိုင်၏၊ ထိုဇောအစဉ်ကို ပြဦးအံ့—— သိခါပဗ္ဗ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ မနော ဒွါရာဝဇ္ဇန်းအစ မဂ္ဂဝိထိကျပုံကို သိထားပါလျှင် ပြလတ္တံ့သော စကားများကို လွယ်ကူစွာသိနိုင်လတ္တံ့။

**မနောဒွါရာဝဇ္ဇန်း, အနုလုံ, အနုလုံ, အနုလုံ, ဂေါတြဘု, မဂ်ဇော, ဖိုလ်ဇော, ဖိုလ်ဇော, ဘဝင်**။ အာရုံအားဖြင့် မနောဒွါရဝဇ္ဇန်းနှင့်အနုလုံဇော သုံးကြိမ်သည် သင်္ခါရဖြစ်သော အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာကို အာရုံပြု၏၊ ဂေါတြဘုနှင့်မဂ်ဇော, ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကိုအာရုံပြုကြ၏၊ ဤဇောအစဉ်သည်ကား မုဒုပုဂ္ဂိုလ်အား ဖြစ်သော အစဉ်ဖြစ်ပေ၏၊ တိက္ခပုဂ္ဂိုလ်အားကား အနုလုံနှစ်ကြိမ် ဖိုလ်ဇောသုံးကြိမ်၊ ဤမျှသာအထူးရှိပေ၏၊ ၎င်းဝိထိအစဉ်သည် လောကီနှင့်လောကုတ္တရာ အကူးအဆက်ဖြစ်သော ဝိတ်တို့၏ အစဉ်ဖြစ်ပေ၏။

ပြခဲ့ပြီးသောဥဒယဗ္ဗယဉာဏ်,ဘင်ဉာဏ်,ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်,သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်တို့ကား လောကီဉာဏ်တို့ဖြစ်ကုန်၏၊ထိုဉာဏ်တို့တွင် အနုလုံဇော သုံးကြိမ်သည် အနုလောမဉာဏ်မည်၏၊ မဂ်ဇောနှင့်ဖိုလ်ဇော နှစ်ကြိမ်သည် လောကုတ္တရာဉာဏ်ပင်တည်း။

ထိုဂေါတြဘုဉာဏ်သည် မဂ်ဉာဏ်၏ အာဝဇ္ဇန်းအရာ၌ တည်ခြင်းကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့ မဝင်၊ အဘယ့်ကြောင့်ဆိုသော် အနိစ္စအစရှိသည့်တို့၏ အစွမ်းဖြင့် သင်္ခါရတို့ကို မယူခြင်းကြောင့်တည်း။ လောကုတ္တရာ ဖြစ်သော ဉာဏဒဿနဝိသုဒ္ဓိသို့လည်းမဝင်၊ နိဗ္ဗာန်ကို အာရုံပြုသည့်၏အဖြစ် ရှိငြားသော်လည်း ကိလေသာတို့ကို မကုန်စေနိုင် ခြင်းကြောင့်တည်း၊ သို့သော် ဝိပဿနာအလျဉ်၌ကျခြင်းကြောင့် ဝိပဿနာဉာဏ်ဟု ခေါ်ဝေါ်အပ်၏။

ထိုမှတပါး လေးပါးသော မဂ်တို့၌ ဖြစ်သော ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ထိုလေးပါးသော မဂ်၌ဖြစ်သော ဉာဏ်တို့တွင် ရှေးဦးစွာသောတာပတ္တိမဂ်၌ဖြစ်သော ဉာဏ်ကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည် တပါးသော တစုံတခု ပြုဘွယ်ကိစ္စ မရှိတော့ပေ၊ ထိုစကားမှန်၏၊ ယောဂီပုဂ္ဂိုလ်သည် အကြွင်းကိစ္စကို ပြုအပ်ရာ၏၊ ထိုကိစ္စကို သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ်ကို ဖြစ်စေသဖြင့်ပြုအပ်ပြီးသည်သာလျှင်တည်း။

ဆိုလိုရင်းမှာ-အနုလုံဇောဖြစ်သည့် အနုလောမဉာဏ် ပြီးလျှင် ဂေါတြဘု,မဂ်, ဖိုလ်တို့သည် အလိုအလျောက် ဓမ္မတာအတိုင်း ဖြစ်တော့၏။ (ယောဂီပုဂ္ဂိုလ်၏ကိစ္စ မဟုတ်ဟုဆိုလို၏)၊ငြိမ်သက်စွာ တည်နေရုံသာ ဖြစ်၏။ ပြောပလောက်အောင် ကြာမြင့်သည်လည်း မဟုတ်သော ဂေါတြဘု,မဂ်, ဖိုလ်ဇောတို့သည် ဓမ္မတာသဘောအတိုင်း နိဗ္ဗာန်ကို အာရုံပြုတော့၏၊ ထိုအခါ သောတာပန်ပုဂ္ဂိုလ်ဖြစ်တော့၏။

ဤ၌ သဘာဝအလျောက် ဖြစ်သည်ကို အနည်းငယ် ချဲ့၍ပြဦးအံ့-ပြခဲ့ပြီးသော ဝိထိအစဉ်၌ မန္ဒပုဂ္ဂိုလ်အားဖြစ်သော အနုလုံဇော သုံးကြိမ်တို့ဖြင့် မိမိ မိမိ၏ အာနုဘော်အား လျော်စွာ (ဝါ) အောက်၌ သင်္ခါရုပေက္ခာဉာဏ်သည် အထပ်ထပ် ထုံအပ်သော အားအစွမ်းအား လျော်သဖြင့် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ရုန့်ရင်း ရုန့်ရင်းကုန်သော အဝိဇ္ဇာမောဟ အယုတ်တရားကို ကွယ်ပျောက်စေအပ်သည်ရှိသော် အလုံးစုံသော သင်္ခါရတရားတို့၌ ယောဂီပုဂ္ဂိုလ်၏ စိတ်သည် ပြေး ဝင်ခြင်း, တည်ခြင်း, နှလုံးသွင်းခြင်း, ကပ်ငြိခြင်း မရှိတော့ပေ။

ဥပမာဆိုသော် စဉ်းငယ် ကိုင်းညွတ်သော ပဒုမ္မာကြာရွက်မှ မိုး,နှင်းရေသည် တွန့်ရှုံ့လည်ကျသကဲ့သို့ အလုံးစုံသောသင်္ခါရနိမိတ်ဟူသော အာရုံသည်ရင်း, အလုံးစုံ မပြတ်မစဲ ဖြစ်သော

ဥပါဒိန္နက ခန္ဓာဟူသော အာရုံသည်ရင်း ကြောင့်ကြဖွယ် ပလိဗောဓအားဖြင့် ထင်တော့၏၊ အဘယ့်ကြောင့်ဆိုသော် ပလိဗောဓအဖြစ်ကို ဖုံးလွှမ်းတတ်သော အမိုက်မှောင် မောဟ အယုတ်တရားကို ကွယ်စေအပ်, ဖျောက်အပ်ပြီးသောကြောင့်တည်း။ ဤကား အနုလုံဉာဏ်တည်း။

အာသေဝနပစ္စည်းကို ရသော အနုလုံဉာဏ် သည်သာလျှင် ဂေါတြဘုဉာဏ်ကို ဖြစ်စေနိုင်ရကား ထိုတတိယ အနုလုံဉာဏ်၏ အခြားမဲ့၌ သင်္ခါရ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇန်တို့၏ အနွယ်,ဇာတ် စသော အမိုက်အတန့်ကိုလွန်မြောက်၍ အရိယာတို့၏အနွယ်,ဇာတ်စသော အမိုက်အတန့်သို့ သက်ဝင်လျက် သောတာပတ္တိဟူသော ပထမမဂ်ဉာဏ်အား အနန္တရ,သမနန္တရ စသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကို ပြီးစေလျက် တကြိမ်သာဖြစ်သော ဂေါတြဘုဉာဏ်သည် ဖြစ်တော့၏။ ဤကား ဂေါတြဘုဉာဏ်တည်း။

အကျဉ်းအားဖြင့် ပုထုဇဉ်တို့၏ အနွယ်,ဇာတ်စသော အမိုက်အတန့်ကို လွန်မြောက်၍ အရိယာတို့၏ အနွယ်,ဇာတ်စသော အမိုက်အတန့်သို့ သက်ဝင်တတ်သောကြောင့် ဂေါတြဘုဉာဏ်မည်၏ဟု သိတို့ဖြစ်၏။ ထိုအနုလုံ, ဂေါတြဘုဉာဏ်တို့ကို ဆိုရာစကား၌ ဤဆိုလတ္တံ့သည်ကား တချက်သော အာဝဇ္ဇန်းဖြင့် တခုတည်းသော မဂ္ဂဝီထိ၌ ဖြစ်ကုန်သော်လည်း အနုလုံ ဂေါတြဘုတို့၏ အထူးထူးသောအာရုံ၌ ဖြစ်သော အခြင်းအရာကို ပြတတ်သော ဥပမာတည်း။

**ဂေါတြဘုနှင့် နိဗ္ဗာန်။** ။ချဲ၍ပြဦးအံ့၊ ရေမြောင်းကြီးကို ခုန်၍ ထိုမှာဘက်ကမ်း၌ တည် လိုသော ယောကျ်ားသည် လျင်စွာပြေးသွား၍ မြောင်းကြီး၏ ဤမှာဘက်ကမ်း၌ သစ်ခက်မှာဖွဲ့ချည်၍ ဆွဲအပ်သောကြိုးကိုရင်း,လှံကန်ကို ရင်းကိုင်၍ မြောင်း၏အထက်အဘို့ဖြင့် ခုန်၍ ထိုမှာဘက်ကမ်းသို့ ညွတ်သော ကိုယ်ရှိသည်ဖြစ်၍ ထိုမှာဘက်ကမ်း၏ အထက်အဘို့

သို့ ရောက်သည့်ရှိသော် ထိုသို့ကိုင်သော ကြိုး,လှံကန်ကို လွှတ်လျက် ဆင်း၍ ဖြည်းဖြည်း တည်သကဲ့သို့ ဤနည်းအတူ ဤယောဂါပုဂ္ဂိုလ်သည့်လည်း သုံးပါးသောဘဝ, လေးပါးသောယောနိ စသည့်တို့၏ ထိပ်မှာဘက်ကမ်းသဘွယ်ဖြစ်သော နိဗ္ဗာန်၌ တည်လိုသည့်ဖြစ်၍ ဥဒယဗ္ဗယ ဝိပဿနာဉာဏ် အစရှိသည့်ဟု ဆိုအပ်သောလျှင်သော အဟုန်ဖြင့်ပြေးသွား၍အတ္တဘော တည်းဟူသော သစ်ခက်၌ ဖွဲ့ချည်၍ ဆွဲကိုင်အပ်သော ရုပ်ဟူသော ကြိုးကိုရင်း ဝေဒနာ,သညာ စသည့်တို့တွင် တပါးပါးသော လှံကန်ကိုရင်း အနိစ္စဟူ၍ရင်း, ဒုက္ခဟူ၍ရင်း, အနတ္တဟူ၍ရင်း ဤသို့ အနုလောမ၏အာဝဇ္ဇန်းဖြင့်ကိုင်းညွတ်၍ ထိုလက္ခဏာရေးသုံးပါးဟူသော အာရုံကို (ဝါ) ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ် ဟူသော အာရုံကို မလွှတ်မူ၍သာလျှင် ရှေးဦးစွာ အနုလုံစိတ်ဖြင့် ခုန်၍ ဒုတိယ အနုလောမ စိတ်ဖြင့် ထိပ်မှာဘက်ကမ်းသို့ ညွတ်ကိုင်းသော စိတ်ရှိသည့်ဖြစ်၍ တတိယအနုလုံစိတ်ဖြင့် ထိပ်မှာဘက်ကမ်း၏ အထက်အဘို့သို့ ရောက်သကဲ့သို့ ယခုပင်လျှင် ရောက်အပ်သော နိဗ္ဗာန်၏အနီးဖြစ်၍ ထိုတတိယအနုလုံစိတ်၏ ချုပ်သဖြင့် ထိုသင်္ခါရဟူသော အာရုံကို လွှတ်၍ ဂေါတြဘုစိတ်ဖြင့် သင်္ခါရကင်းသော ထိပ်မှာဘက်ကမ်းသဖွယ်ဖြစ်သော နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် ကျပေတော့၏။ ဤကား ဂေါတြဘုသည် နိဗ္ဗာန်ကို အာရုံပြုသော အခြင်းအရာတည်း။

ဂေါတြဘုသည် ထိုသို့ နိဗ္ဗာန်ကို အာရုံပြုသော်လည်း တကြိမ်သာလျှင် အာရုံပြုအပ်သော နိဗ္ဗာန်ဟူသော အာရုံ၌ အာသေဝနပစ္စည်းကို မရခြင်းကြောင့် တုန်လှုပ်သော ထိုယောကျ်ားကဲ့သို့ မြဲမြံစွာ မတည်သေး၊ ထိုဂေါတြဘု ဖြစ်သည့်နောက်မှ မဂ်ဉာဏ်ဖြင့် မြဲစွာတည်၏။

ထိုနှစ်ပါးသော အနုလုံ,ဂေါတြဘုဉာဏ်တို့တွင် အနုလုံဉာဏ်သည် သစ္စာကို ဖုံးလွှမ်းတတ်သည့် ကိလေသာဟူသော အမိုက်မှောင်ကို ဖျောက်ခြင်းငှါသာလျှင် တတ်နိုင်၏။ နိဗ္ဗာန်ကို

အာရုံပြုခြင်းငှါ မတတ်နိုင်ပေ၊ ဂေါတြဘု ဉာဏ် သည် ကား နိဗ္ဗာန်ကိုသာလျှင် အာရုံပြုခြင်းငှါ တတ်နိုင်ပေ၏၊ သဋ္ဌာကိုဖုံး လွှမ်းတတ်သည့် ကိလေသာဟူသော အမိုက်တိုက်ကို ဖျောက် ခြင်းငှါ မတတ်နိုင်ပေ။

ထိုအနုလုံ, ဂေါတြဘုတို့၏ အသင်းအခြား တပါးသောကိစ္စ ကို ပြုခြင်း၌ ဥပမာကို ပြဦးအံ့ - မျက်စိအမြင်ရှိသော တဦး သောယောကျ်ားသည် နက္ခတ်နှင့်လ၏ ယှဉ်ခြင်းကို သိအံ့ဟု ညဉ့်အခါ အိမ်မှထွက်၍ လ ကိုကြည့်ရှုခြင်းငှါ အထက်ကောင်း ကင်ကို မော်၍ကြည့်၏၊ ထိုသို့ကြည့်သော ယောကျ်ားအား တိမ်တိုက်တို့သည် ဖုံးလွှမ်းနေသောကြောင့် လ သည် မထင် မမြင်ပေ၊ ထိုအခါတခုသော လေအဟုန်သည် ထလတ်၍ အ လွန်ရုန့်ရင်းကုန်သော တိမ်တိုက်တို့ကို ဖျက်ဆီး၏၊ နောက်တ ကြိမ် လေသည် အလတ်ဖြစ်သော တိမ်တိုက်တို့ကို ဖျက်ဆီး ပြန်၏၊ နောက်ထပ်တကြိမ် လေသည် သိမ်မွေ့သော တိမ် တိုက်တို့ကိုလည်း ဖျက်ဆီးပြန်၏၊ တိမ်တိုက်ကင်းသောအခါမှ လ ကိုမြင်၍ နက္ခတ်နှင့်လ ၏ ယှဉ်ခြင်းကို သိရ၏။

ဤဥပမာ၌ သုံးမျိုးသောတိမ်တိုက်ကဲ့သို့ သဋ္ဌာကိုဖုံးလွှမ်း တတ်သော ထူလ, မဇ္ဈိမ, သုခုမဖြစ်သော ကိလေသာ အမိုက် မှောင်ကို မှတ်အပ်၏၊ သုံးမျိုးသော လေတို့ကဲ့သို့ သုံးပါး သော အနုလုံဇောစိတ်တို့ကို မှတ်အပ်ကုန်၏၊ မျက်စိအမြင်ရှိ သော ယောကျ်ားကဲ့သို့ ဂေါတြဘုဉာဏ်ကို မှတ်အပ်၏၊ တ ကြိမ်တကြိမ်သော လေ၏ ဆိုအပ်ပြီးသော အစဉ်ဖြင့် တိမ်တိုက် ကို ဖျက်ဆီးခြင်းကဲ့သို့ တခုတခုသော အနုလုံဇောစိတ်၏ သဋ္ဌာ ကိုဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကို ဖျက်ဆီးခြင်း ကို မှတ်အပ်၏၊ တိမ်တိုက်ကင်းစင်ပြီးသော ကောင်းကင်၌ လ ကိုကြည့်သော ထိုယောကျ်ား၏စင်ကျယ်သော လ ကို မြင်ခြင်း ကဲ့သို့ သဋ္ဌာကိုဖုံးလွှမ်းတတ်သော ကိလေသာဟူသော အမိုက်

မှောင်သည့်ကင်းပြီးလတ်သော်ဂေါတြဘုဉာဏ်၏စင်ကြယ်သော နိဗ္ဗာန်ကို မြင်ခြင်းကဲ့သို့ မှတ်အပ်၏။

**ဘူပုံအခြင်းအရာ။** ။သုံးမျိုးသော လေတို့သည် လ ကို ဖုံးလွှမ်းတတ်ကုန်သော တိမ်တိုက် တို့ကို သာလျှင် ဖျက်ဆီးဖျောက်လွှင့်ခြင်းငှါ တတ်နိုင်ကုန်၏၊ လ ကိုမြင်ခြင်းငှါမတတ်နိုင်ကုန်၊ထိုနည်းအတူ သုံးကြိမ်သော အနုလုံဇောတို့သည်သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာအမှောင်ကိုသာ ဖျက်ဆီးခြင်းငှါ တတ်နိုင်ကုန်၏၊နိဗ္ဗာန်ကိုမြင်ခြင်းငှါ မတတ်နိုင်ကုန်၊လ ကိုကြည့်သော ထိုယောကျ်ားသည် လကိုသာလျှင် မြင်ခြင်းငှါ တတ်နိုင်၍ တိမ်တိုက်တို့ကို ဖျောက်လွှင့်ခြင်းငှါ မတတ်နိုင်သကဲ့သို့ ဂေါတြဘုဉာဏ်သည် နိဗ္ဗာန်ကိုသာလျှင် မြင်ခြင်းငှါ တတ်နိုင်၏၊ကိလေသာ အမိုက်တိုက်ကို ဖျောက်ဖျက်ခြင်းငှါ မတတ်နိုင်၊ ထိုသို့ မတတ်နိုင်ခြင်းကြောင့် သာလျှင်ထိုဂေါတြဘုဉာဏ်ကို မဂ်၏ အာဝဇ္ဇန်းဟူ၍ ဆိုအပ်၏။

**အာဝဇ္ဇန်းအမည်မဟုတ်။** ။ထိုစကားမှန်၏၊ ထိုဂေါတြဘုဉာဏ်သည် အာဝဇ္ဇန်း မဟုတ်သော်လည်း အာဝဇ္ဇန်းအရာ၌ တည်၍ အနုလောမ ဉာဏ်တို့သည် သင်္ခါရကိုအာရုံပြုကကဲ့သို့သင်္ခါရကိုအာရုံမပြုမူ၍ ငါကဲ့သို့နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပါလေလောဟု မဂ်ဉာဏ်အား အမှတ်ပေးသကဲ့သို့ ဖြစ်၍ ဂေါတြဘုဇော ချုပ်၏၊ မဂ်ဉာဏ် သည်လည်း ထိုဂေါတြဘုဉာဏ်သည်ပေးအပ်သောအမှတ်သညာကို မလွှတ်မူ၍သာလျှင် အခြားမရှိသော အစဉ်၏ အစွမ်းဖြင့် ထိုဂေါတြဘုဉာဏ်သို့ အစဉ်လိုက်လျက် (ဝါ)နိဗ္ဗာန်ကို အာရုံပြုလျက် မဖေါက်မထွင်း မခွဲမစိပ်ဘူးသေးသော လောဘတုံး, ဒေါသတုံး, မောဟတုံးကို ဖေါက်ထွင်းခွဲစိပ်လျက်သာလျှင် မဂ်ဉာဏ်ဖြစ်၏။

**ဥပမာ။** ။လေးသမားတယောက်သည် ရှစ်ဥသဘ အတိုင်းအရှည်ရှိသော အရပ်၌ ပိတောက်နှစ်ပျဉ်ချပ်တရာကို ထားစေ

ပြီး ပုဆိုးဖြင့် မျက်နှာကို ရစ်ပတ်၍ မြားကို ကောင်းစွာ ဖွဲ့လျက် စက်ယန္တရားဖြင့် ရပ်၍၊ တပါးသော ယောက်ျားသည် စက်ယန္တရားကို လည်စေ၍ လေးသမားအား ပျဉ်ချပ်သည် ရှေးရှုဖြစ်သောအခါ ထိုပျဉ်ချပ်၌ လှံကန်ဖြင့် ခေါက်သော အမှတ်သညာကို ပေး၏၊ လေးသမားသည် လှံကန်ခတ်ခြင်းဖြင့် ဖြစ်ပေါ်လာသော အသံဟူသောအမှတ်ကို မလွတ်မူ၍သာလျှင် မြားပစ်၍ ပျဉ်ချပ်တရာကို ဖောက်ထွင်းစေ၏။

**ရှင်းလင်းချက်။** ။၅၍ဥပမာ၌ လှံကန် ခတ်ခြင်းဖြင့် ဖြစ်ပေါ်လာသော အသံဟူသော အမှတ်ကဲ့သို့ ဂေါတြဘုဉာဏ်ကို မှတ်အပ်၏၊ အဘယ့်ကြောင့် မှတ်အပ်သနည်း၊ လောဘတုံးစသည်ကို ဖောက်ထွင်းတတ်သော မဂ်ဉာဏ်၏ အကြောင်းဖြစ်သောကြောင့်တည်း။ လေးသမားကဲ့သို့ မဂ်ဉာဏ်ကိုမှတ်အပ်၏၊ လောဘတုံးစသည်ကို ဖောက်ထွင်းခြင်းကြောင့်တည်း၊ လေးသမား၏ လှံကန်အမှတ်ကို မလွတ်မူ၍သာလျှင် ပျဉ်ချပ်တရာကို ဖောက်ထွင်း စေခြင်းကဲ့သို့ မဂ်ဉာဏ်၏ ဂေါတြဘုဉာဏ်သည် ပေးအပ်သောအမှတ်ကို မလွတ်မူ၍သာလျှင် နိဗ္ဗာန်ကိုအာရုံပြု၍သာ မဖောက်မထွင်း မခွဲမစိပ်ဘူးကုန်သေးသော လောဘ, ဒေါသ,မောဟတုံးတို့ကို ဖောက်ထွင်းခွဲစိပ်ခြင်းကို မှတ်အပ်၏၊ထိုမဂ်ဉာဏ်သည် လောဘတုံးစသည်တို့ကို ဖောက်ထွင်းခြင်းကို သာလျှင် ပြုသည် မဟုတ်သေး၊စင်စစ်သော်ကား ပထမဘာဝမှစ၍ ဖြစ်လာဘူးသော အစမထင်သော သံသရာဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာရေကို ခမ်းခြောက်စေ၏၊ အလုံးစုံသော အပါယ်တံခါးကို ပိတ်၏၊ သဒ္ဓါ သီလစသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးတို့၏ မျက်မှောက်ပြီးသည်၏ အဖြစ်ကိုပြု၏၊ အင်္ဂါရှစ်ပါးရှိသော မိစ္ဆာမဂ်ကိုစွန့်၏၊အလုံးစုံသော ဘေးရန်တို့ကို ငြိမ်းအေးစေ၏၊ ဘုရားရှင်တို့၏ ရင်တော်နှစ်သားတော်အဖြစ်သို့ ဆောင်တတ်၏။

သောတာပန်း ။ထိုမှတပါး အရာမက များစွာကုန်သော ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ခြင်း စသောအာနိသင်တို့ကို ရခြင်းငှါဖြစ်ပေ၏၊ ထိုသို့များစွာသော အာနိသင်ကို ပေးတတ်သော သောတာပတ္တိမဂ်နှင့် ယှဉ်သော ဉာဏ်သည် သောတာပတ္တိ မဂ်၌ဖြစ်သော ဉာဏ်မည်၏၊ ထိုအခိုက်အတန့်ကို ရည်ရွယ်၍ သောတာပတ္တိမဂ်ပုဂ္ဂိုလ်ဟု ခေါ်၏။

ထိုသောတာပတ္တိမဂ်ဉာဏ်၏ အခြားမဲ့၌ ထိုမဂ်၏အကျိုး ဖြစ်သော နှစ်ကြိမ်သော ဖိုလ်စိတ်တို့သည်၎င်း, သုံးကြိမ်သော ဖိုလ်စိတ်တို့သည်၎င်း ဖြစ်ကုန်၏၊ မထက်သော ပညာရှိသည့် ပုဂ္ဂိုလ်အားဖိုလ်ဇော နှစ်ကြိမ် ဖြစ်၏။ ထက်သော ပညာရှိသည့် ပုဂ္ဂိုလ်အား ဖိုလ်ဇောသုံးကြိမ်ဖြစ်၏၊ ထို့နောင် ဘဝင်စိတ်ဖြစ်၍ ချုပ်၏၊ ထိုအခါသောတာပတ္တိဖိုလ်နှင့်ပြည့်စုံရကား သောတာပန်ပုဂ္ဂိုလ်ဖြစ်တော့၏။

ဤသောတာပန် ပုဂ္ဂိုလ်သည် ''ငါသည် ဤမဂ်ဖြင့် လာ၏ တကား''ဟူ၍ မဂ်ကိုဆင်ခြင်၏။ထို့နောက်''ငါသည် ဖိုလ်တည်း ဟူသော ဤအကျိုးကို ရအပ်၏'' ဟူ၍ ဖိုလ်ကို ဆင်ခြင်၏။ ထို့နောက် ''ငါသည် ဤမည်သော ကိလေသာတို့ကို ပယ်အပ် ကုန်ပြီ''ဟူ၍ ပယ်အပ်သော ကိလေသာတို့ကို ဆင်ခြင်၏။ ထို့နောက် ''ငါ့အား ဤမည်သော ကိလေသာတို့သည် ကြွင်းကုန် သေး၏''ဟူ၍ အထက်မဂ်သုံးပါး အပေါင်းသည့် ပယ်အပ်ကုန် သော ကိလေသာတို့ကို ဆင်ခြင်၏။ အဆုံး၌ကား ''ငါသည် ဤတရားကို အာရုံပြုသောအားဖြင့် သိအပ်ပြီ '' ဤသို့ သေခြင်း ကင်းသော နိဗ္ဗာန်ကိုဆင်ခြင်၏။

ဤသို့အားဖြင့် သောတာပန်ဖြစ်သော အရိယာ ပုဂ္ဂိုလ်အား ငါးကြိမ်သော ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ကုန်၏။ အထူး အားဖြင့် ဤသောတာပန် ပုဂ္ဂိုလ်သည် သံသရာ၌ သိကြား, နတ်, စကြာဝတေးမင်း စသည် ဖြစ်၍ မွေ့လျော်နေငြားသော် လည်း ခုနစ်ဘဝထက် မလွန်မူ၍ ဒုက္ခ၏ အဆုံးကို ပြုနိုင်သော

အရဟတ္တမဂ်,အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်တော့သည်သာ လျှင်တည်း။သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ကိုဆိုရာ စကားရပ်ပြီး၏။ ပယ်အပ်သော ကိလေသာတို့ကိုကား နောက်၌ ပြအံ့။

ဆိုခဲ့ပြီးသော ပစ္စဝေက္ခဏာဉာဏ် ငါးပါးသည် သောတာပန်, သကဒါဂါမ်, အနာဂါမ် တို့၌ အသီးသီး ငါးပါးစီ ဖြစ်၏။ အရဟတ္တမဂ်၌ကား ကြွင်းကျန်သောကိလေသာ မရှိရကား ၎င်း အတွက် ယုတ်လျော့သဖြင့် ပစ္စဝေက္ခဏာဉာဏ် လေးပါးသာ ရှိ၏။အားလုံး ပစ္စဝေက္ခဏာဉာဏ်သည် အရိယာပုဂ္ဂိုလ်အပေါင်း ၌ တဆယ့်ကိုးပါး ဖြစ်၏။

ဤတဆယ့်ကိုးပါးသော ပစ္စဝေက္ခဏာဉာဏ်ကို ပြခြင်းသည် အလွန်အားဖြင့် ပြခြင်းဖြစ်ပေ၏။ ထိုစကားမှန်၏—

[ဋီကာသုဒ္ဓိမဂ်]။ ။ ပဟီနာဝသိဋ္ဌ ကိလေသပစ္စဝေက္ခဏဉ္စ သေက္ခာနမ္ပိ ဟောတိဝါ န ဝါ။

ပယ်အပ်ပြီးသောကိလေသာ, ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်ခြင်းသည် သေက္ခပုဂ္ဂိုလ်တို့အား ဖြစ်သည်လည်းရှိ၏။ မဖြစ်သည်လည်း ရှိ၏။ ။ထိုစကားမှန်၏။ ထိုပယ်အပ်ပြီးသော ကိလေသာ,ကြွင်းသောကိလေသာတို့ကို ဆင်ခြင်ခြင်း မရှိသော ကြောင့် မဟာနာမ်မည်သော သာကီဝင်မင်း၏ ''ဘုန်းတော်ကြီး သော မြတ်စွာဘုရား၊ အကြင်မပယ်အပ်သေးသော ကိလေသာ ဓမ္မဖြင့် အကျွန်ုပ်၏ အသိုလ်စိတ်ကို ရှ်ခါလောဘဖြစ်သော တရား တို့သည်လည်း ကုန်စေ၍ တည်ကုန်၏၊အကျွန်ုပ်၏ အဇ္ဈတ္တသန္တာန် ၌ မပယ်အပ်သေးသော ထိုကိလေသာဟူသော ဓမ္မသည် အဘယ် မည်သော ကိလေသာဓမ္မပါနည်း'' ဤသို့ မေးလျှောက်ခြင်းသည် မဆင်ခြင်နိုင်မှုပင်ဟု ဆိုလို၏၊ သို့ဖြစ်၍ တဆယ့် ကိုးပါးဟု ပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်းကို အလွန်အားဖြင့် ပြဆိုခြင်း ဟု မှတ်အပ်၏။

**သကဒါဂါမ်**။ ။သောတာပန် ဖြစ်ပြီးသော ထိုအရိယာ သာဝကသည် သကဒါဂါမ်ပုဂ္ဂိုလ် ဖြစ်လို

သောအခါ ထိုရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ် အပြားရှိသော သင်္ခါရ အပေါင်းကိုသာလျှင် အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ဝိပဿနာဉာဏ်ဖြင့် လက္ခဏာရေးသုံးပါးကို စုံစမ်းသည်၏အစွမ်းဖြင့် သုံးသပ်၏၊ အဆင့်ဆင့် အဖန်တလဲလဲ ဝိပဿနာဉာဏ်ကို ဖြစ်စေ၏၊ ဝိပဿနာအစဉ်သို့ သက်၏၊ ဤသို့ ဆိုခဲ့ပြီးသော နည်းဖြင့် ကျင့်သော သောတာပန်ဖြစ်သော အရိယာပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ် စသည်တို့ကို ဖြစ်စေခြင်း၌ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တခုသော အာဝဇ္ဇန်းဖြင့် အနုလောမဉာဏ်,ဝေါဒါန်တို့သည် ဖြစ်ကုန်သည်ရှိသော် ဂေါတြဘုနှင့်တူသော ဝေါဒါန်၏ အခြားမဲ့၌ သကဒါဂါမိမဂ်သည် ဖြစ်တော့၏၊ (ကိလေသာမှ စင်ကြယ်သောကြောင့်ရင်း, စင်ကြယ်စွာသော နိဗ္ဗာန်ကို အာရုံပြုသောကြောင့်ရင်း ဂေါတြဘုကိုပင် ဤအရာ၌ ဝေါဒါန်ဟု ဆိုသည်)၊ ထိုသကဒါဂါမိမဂ်နှင့် ယှဉ်သော ဉာဏ်သည် သကဒါဂါမိမဂ်ဉာဏ်မည်၏။ ထိုဉာဏ်နှင့် ပြည့်စုံသူသည် သကဒါဂါမိမဂ်ပုဂ္ဂိုလ်ဖြစ်၏။

ထိုမဂ်နောင်ဖိုလ်ဇောဖြစ်၍၊ထိုအခါ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်ဟု ခေါ်ဆို၏၊ထိုသကဒါဂါမိပုဂ္ဂိုလ်သည် တကြိမ်သာလျှင် ဤလူ့ဘုံသို့ ပဋိသန္ဓေအားဖြင့် လာ၍ ဒုက္ခ၏အဆုံးကို ပြုခြင်းငှါ စွမ်းနိုင်သော အရဟတ္တမဂ်, ဖိုလ်သို့ ရောက်တော့၏။

**အနာဂါမိ။** ။သကဒါဂါမိဖြစ်သော ထိုအရိယာ ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ဖြင့် ခေါင်းပါး စေအပ်ပြီးသော ကာမရာဂသံယောဇဉ်, ဗျာပါဒ သံယောဇဉ် တို့ကို အကြွင်းမဲ့ ပယ်ခြင်းငှါ သုံးချမြောက်သော အနာဂါမိ ဖိုလ်သို့ ရောက်စေရန် ဝိပဿနာ၌ အားထုတ်ခြင်း လုလ္လကို ပြု၏၊ ထိုသကဒါဂါမိပုဂ္ဂိုလ်သည် ထိုရုပ်နာမ်ဖြစ်သော တေဘူမိကသင်္ခါရတရား အပေါင်းကိုပင်လျှင် အာရုံပြုသဖြင့် အနိစ္စ,ဒုက္ခ,အနတ္တဟူ၍ ဉာဏ်ဖြင့် သုံးသပ်နယ်ချေ၏။ဝိပဿနာဉာဏ်ကို အဖန်ဖန်

ဖြစ်စေ၏၊ ဝိပဿနာခရီးသို့ သက်၏၊ ဤသို့သောနည်းဖြင့် အား ထုတ်၍ ကျင့်သော ထိုသကဒါဂါမိပုဂ္ဂိုလ်အား ရှေး၌ဆိုခဲ့ပြီး သော နည်းဖြင့်သာလျှင် သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တခု သော အာဝဇ္ဇန်းဖြင့် အနုလုံ,ဂေါတြဘုနှင့်တူသော ဝေါဒါန်တို့ သည် ဖြစ်ကုန်သည်ရှိသော် ဝေါဒါန်၏ အခြားမဲ့၌ အနာဂါမိ မဂ်ဉာဏ်သည် ဖြစ်၏။

ထိုဉာဏ်ရသူသည် အနာဂါမိမဂ်ပုဂ္ဂိုလ် မည်၏၊ ဤအနာဂါ မိမဂ်၏၊အခြားမဲ့၌ ဖိုလ်စောဖြစ်၏၊ ထိုဖိုလ်စောနှင့် ပြည့်စုံသူကို အနာဂါမိဖိုလ်ပုဂ္ဂိုလ်ဟု ခေါ်ဆို၏၊ ထိုအနာဂါမိပုဂ္ဂိုလ်သည် ဤလူ့ဘုံမှ ရှတေလျှင် သုဒ္ဓါဝါသဘုံ၌ ဖြစ်၍ ဤလူ့ဘုံသို့ တ ဖန် ပဋိသန္ဓေအားဖြင့် မလာမရောက်တော့ပေ။

အရဟတ္တ။ ။အနာဂါမိဖြစ်သော ထိုအရိယာ ပုဂ္ဂိုလ်သည် ရူပဘုံ၌ တပ်သော ရာဂ,အရူပဘုံ၌ တပ်သော ရာဂ,မာန,ဥဒ္ဓစ္စ, အဝိဇ္ဇာဟု ဆိုအပ်သော ဥဒ္ဓံဘာဂိယ သံယော ဇဉ် ငါးပါးတို့ကို အကြွင်းမဲ့ ပယ်ခြင်း အကျိုးငှါလေးရမြောက် သော အရဟတ္တဖိုလ်သို့ ရောက်ရန် ဝိပဿနာ၌ အားထုတ် ခြင်းလုံးလကို ပြု၏၊ ထိုအနာဂါမိပုဂ္ဂိုလ်သည် ထိုရုပ်နာမ်ဖြစ် သော တေဘူမကသင်္ခါရတရား အပေါင်းကိုပင်လျှင် အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ဉာဏ်ဖြင့် သုံးသပ်နယ်ချေ၏။ ဝိပဿနာဉာဏ် ကို အဖန်ဖန် အာရုံပြုသဖြင့် ဖြစ်စေ၏၊ဝိပဿနာခရီးသို့ သက် ၏၊ ဤသို့သောနည်းဖြင့် အားထုတ်၍ ကျင့်သော ထိုအနာဂါမိ ပုဂ္ဂိုလ်အား ရှေး၌ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် သင်္ခါရု ပေက္ခာဉာဏ်၏ အဆုံး၌ တခုသော အာဝဇ္ဇန်းဖြင့် အနုလုံ ဝေါ ဒါန်တို့သည် ဖြစ်ကုန်သည် ရှိသော် ဝေါဒါန်၏ အခြားမဲ့၌ အ ရဟတ္တမဂ်ဉာဏ် ဖြစ်၏၊ ထိုဉာဏ်ရှိသူသည် အရဟတ္တမဂ် ပုဂ္ဂိုလ်မည်၏။

ဤအရဟတ္တမဂ်ဉာဏ်၏ အခြားမဲ့၌ဖိုလ်စောဖြစ်၏၊ ဤဖိုလ် စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အရဟန္တာမည်သော ရှစ်

ယောက်မြောက်သော အရိယာပုဂ္ဂိုလ် ဖြစ်၏၊ပူဇော်အပ် ကြီး ကျယ်မြင့်မြတ်သော အာနုဘော်ရှိသော အာသဝေါ ကုန်ပြီးသော အဆုံးစွန်သော ကိုယ်ကို ဆောင်တတ်သော နတ်နှင့်တကွသော သတ္တလောကထက် မြတ်သည်ဖြစ်၍ မြတ်သော အဘွဲ့ကို ခံထိုက်သော ရဟန္တာပုဂ္ဂိုလ်ဖြစ်တော့၏။

**ထူးခြားမှု**။ ။ဥပမာအားဖြင့် ညဥ့်အခါ ထွန်းအပ်သော ဆီမီးရောင်သည် အမိုက်မှောင်ကိုကား ပယ်ဖျောက်နိုင်၏၊ ထိုဆီမီး ငြိမ်းသောအခါ ပကတိအမှောင်ခေတ် ပြန်၍ ဖြစ်ပေါ်လာသကဲ့သို့ အောက်မဂ်, ဖိုလ်ကိုရရှိပြီးသော သောတာပန် စသော အရိယာပုဂ္ဂိုလ်များသည် ဥဒယဗ္ဗယ ဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ် အဆုံးသို့ ရောက်ရန် အထူး အားထုတ် ကြရပြန်ပေသည်၊ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်မြတ် တို့ကား အောက်မဂ်,အောက်ဖိုလ်ရ ပုဂ္ဂိုလ်များနှင့် လုံးဝ မတူ တော့ပေ၊ဥပမာ ညဉ့်ကုန်သောအခါ ယူဇနာ ငါးဆယ်အဝန်း ရှိသော နေမင်းထွက်သော် မျက်စိအမြင်ရှိသော ပုဂ္ဂိုလ်တို့ ကဲ့သို့ ကိလေသာအမှောင်ခေတ် မသန်းတော့ဘဲ အမြဲတန်း ဉာဏ်အမြင်နှင့်ပြည့်စုံတော့၏။

**ဥာဏ်စမ်းမှုခွဲ၁**။ ။သမ္မာဒိဋ္ဌိခေါ် ဗုဒ္ဓဘာသာ လူမျိုးတဦးအား ဘာသာခြား လူမျိုးတဦးက မေး ပြီ၊......"မိတ်ဆွေတို့ဘာသာ၌ ကုသိုလ်ကမ်ကြောင့် လူ့ဘုံ, နတ်ဘုံ၌ ဖြစ်၍ လူချမ်းသာ,နတ်ချမ်းသာ အမျိုးမျိုးကို ခံစား ရ၏၊အကုသိုလ်ကမ်ကြောင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသု ရကာယ်=အပါယ်လေးဘုံ၌ ဖြစ်၍ အမျိုးမျိုးသော ဆင်းရဲကို ခံစားရ၏၊ဤလူ့ဘုံ၌လည်း ချမ်းသာ,ဆင်းရဲ နှစ်မျိုးတွဲလျက် ရှိ၏၊ထိုချမ်းသာ,ဆင်းရဲလည်း ကုသိုလ်ကမ်, အကုသိုလ် ကမ် ကြောင့်ဟု မိတ်ဆွေတို့ ကျမ်းစာ၌ တွေ့ဘူး၏၊ ၎င်းပြင် ထို ကုသိုလ်ကမ်,အကုသိုလ်ကမ် ဟူသော နာမ်တရားသည် ဖြစ် ပြီးလျှင် ပျက်၏၊မဖြစ်မီ ရှေးအတွက်ကလည်း မရှိခဲ့ဘူး၊ ဖြစ်ပြီး

လျှင် ပျက်၍ နောက်အဘို့မှာလည်း ဘာမျှမရှိဘူး၊ဖြစ်ဆဲ ခဏ ၌သာ ရှိပေမဲ့ ပြောပ,လောက်အောင် မကြာဘူးတဲ့၊ ဖြစ်ပြီး ပျက် ဖြစ်သောကြောင့် အနိစ္စ-အမြဲမရှိ၊ ဒုက္ခ-ဆင်းရဲ၏ တဲ့၊ သို့ဖြစ်၍ မိတ်ဆွေတို့ ဗုဒ္ဓဘာသာဟာ ရှေးစကားနှင့် နောက် စကားမညီဘူးလို့ ကျွန်တော် ဆိုလိုပါတယ်၊မိတ်ဆွေဘဲ စဉ်း စားပါဦး၊ ဖြစ်ပြီး-ပျက် ဘာမျှမရှိဘူးလဲ ဆိုတယ်၊ ပြီးတော့ ကုသိုလ်ကမ်ကြောင့် လူ,နတ် ဖြစ်တယ်လို့လဲ ဆိုပြန်တယ်၊ မေးပါရစေ၊သေပြီးသာ ကြွက်မက ကြွက်ဥ ဥလို့ ကြွက်က လေးတွေ ပေါက်တာ မိတ်ဆွေမြင်ဘူးပါရဲ့လား"၊(ဝှင်း ပုဏ္ဏာ ကို ဖြေနိုင်အံ့၊မိရိုးဘ,လာ ဗုဒ္ဓဘာသာ မဟုတ်၊ ဗုဒ္ဓဘာသာ အစစ် သမ္မာဒိဋ္ဌိလူမျိုး အမှန်ဖြစ်၏)။

မဂ်တို့ ပယ်အပ်သော သံယောဇဉ်စသော အကုသိုလ် တရားများမှာ—

[ဝိသုဒ္ဓိမဂ်] သံယောဇနေသု တာဝ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသော,အပါယဂါမိနိယာစ ကာမရာဂ,ပဋိဃာတိ ဧတေ ပဉ္စ ဓမ္မာ ပဌမဉာဏဝဇ္ဈာ၊သေသာ ကာမရာဂ, ပဋိဃာ ဩဠာရိကာ ဒုတိယဉာဏဝဇ္ဈာ၊သုခု မာ တတိယဉာဏဝဇ္ဈာ၊ ရူပရာဂါဒယော ပဉ္စပိ စတုတ္ထဉာဏဝဇ္ဈာဧဝ။

**မဂ်နှင့်သံယောဇဉ်**။ ။သံယောဇဉ် တို့တွင် ရှေ့ဦးစွာ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာ မာသ သံယောဇဉ်,အပါယ်သို့ လားစေတတ်ကုန်သော ကာမ ရာဂသံယောဇဉ်,ပဋိဃသံယောဇဉ် ဤငါးပါးသော သံယော ဇဉ်တရားတို့သည် ပဌမ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့ မည်ကုန်၏၊ ကြွင်းကုန်သော အပါယ်သို့ ရောက် ကြောင်း မဟုတ်ကုန်သော ရုန့်ရင်းကုန်သော ကာမရာဂ သံယောဇဉ် ပဋိဃ,သံယောဇဉ်တို့သည် ဒုတိယမဂ်ဉာဏ်ဖြင့်

ပယ်သတ်အပ်သော တရားတို့ မည်ကုန်၏၊ သိမ်မွေ့ကုန်သော ကာမရာဂ, ပဋိဃ သံယောဇဉ်တို့သည် တတိယမဂ်ဉာဏ် ဖြင့်ပယ်သတ်အပ်ကုန်သော တရားတို့ မည်ကုန်၏၊ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ ဤငါးပါးကုန်သော သံယောဇဉ်တို့သည် စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်ကုန်သော တရားတို့ မည်ကုန်၏။

**မဂ်နှင့်ကိလေသာ**။ ။ကိလေသာတို့တွင် ဒိဋ္ဌိ, ဝိစိကိစ္ဆာ တို့ကို ပဌမမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ဒေါသကို တတိယမဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပတို့ကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။ ။

**မဂ်နှင့်မိစ္ဆတ္တ**။ ။မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ စသော မိစ္ဆတ္တ တရားတို့တွင် မိစ္ဆာဒိဋ္ဌိ, မုသာဝါဒ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ ဤလေးပါးသော မိစ္ဆတ္တတို့ကို ပဌမမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ မိစ္ဆာသင်္ကပ္ပ, ပိသုဏဝါစာ, ဖရုသဝါစာ ဤသုံးပါးသော မိစ္ဆတ္တတို့ကို တတိယမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ (ဤပိသုဏဝါစာ, ဖရုသဝါစာတို့၌ စေတနာကိုသာလျှင် ဝါစာ-ဟူ၍သိအပ်၏) ။သမ္ဖပ္ပလာပ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ်တို့ကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။

**မဂ်နှင့်လောဘစသည်**။ ။လောကဓမ် တရားတို့တွင် ပဋိဃကို တတိယမဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ အနုနယခေါ် လောဘကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ အခြံအရံကြောင့်ရင်း, ချီးမွမ်းခြင်းကြောင့်ရင်း ဖြစ်သောလောဘကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်၏ ဤသို့ အချို့ဆရာတို့ ဆိုကုန်၏၊ငါးပါးသော မစ္ဆရိယတို့ကို ပဌမ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။

**မဂ်နှင့်-ဝိပ္ပလ္လာသ။** ။ဝိပ္ပလ္လာသတရားတို့တွင် အနိစ္စ၌ နိစ္စဟူ၍၎င်း, အသုဘမဟုတ်သည်၌ အသုဘ ဟူ၍၎င်း ဖြစ်သော သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိ ဝိပ္ပလ္လာသတို့၎င်း,ဒုက္ခ၌ သုခဟူ၍၎င်း,အသုဘ၌ သုဘဟူ၍၎င်း ဖြစ်သော ဒိဋ္ဌိဝိပ္ပလ္လာသ၎င်း ဤဝိပ္ပလ္လာသတို့ကို ပထမမဂ် ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ အသုဘ၌ သုဘဟူ၍ ဖြစ်သော သညာ,စိတ္တ ဝိပ္ပလ္လာသတို့ကို တတိယမဂ်ဉာဏ်ဖြင့် သတ်အပ် ကုန်၏၊ဒုက္ခ၌ သုခဟူ၍ ဖြစ်သော သညာ,စိတ္တ ဝိပ္ပလ္လာသတို့ ကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။

**မဂ်နှင့်ဂန္ထ။** ။ဂန္ထတရားတို့တွင် သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသကာယဂန္ထတို့ကို ပထမမဂ် ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ဗျာပါဒကာယဂန္ထကို တတိယ မဂ်ဉာဏ်ဖြင့် သတ်အပ်၏၊အဘိဇ္ဈာကာယဂန္ထကို စတုတ္ထမဂ် ဉာဏ်ဖြင့် သတ်အပ်၏၊ လေးပါးသော အဂတိကို ပထမမဂ် ဉာဏ်ဖြင့် သတ်အပ်၏။

**မဂ်နှင့်အာသဝ။** ။အာသဝေါတရား လေးပါးတို့တွင် ဒိဋ္ဌာသဝကို ပထမမဂ်ဉာဏ်ဖြင့် သတ်အပ် ၏၊ကာမာသဝကို တတိယမဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ ဘဝါ သဝ,အဝိဇ္ဇာသဝနှစ်ပါးတို့ကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ် ကုန်၏။(ဩဃ, ယောဂတို့၌လည်း ဤနည်းအတိုင်းသိအပ်၏)။

**မဂ်နှင့် နီဝရဏ။** ။နီဝရဏတရားတို့တွင် ဝိစိကိစ္ဆာ နီဝရ ဏကို ပထမ မဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ ကာ မစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ကုက္ကုစ္စနီဝရဏ ဤသုံးပါး တို့ကို တတိယမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ထိန,မိဒ္ဓ,ဥဒ္ဓစ္စ တို့ကို စတုတ္ထ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။ ပရာမာသကို ပထမ မဂ်ဉာဏ်ဖြင့် သတ်အပ်၏။

မဂ်နှင့် ဥပါဒါနိ။ ။ဥပါဒါနိတရားတို့တွင် အလုံးစုံကုန်သော လောကီတရားတို့၏ ဝတ္ထုကာမ၏ အစွမ်းအားဖြင့် ကာမဟူ၍ လာသည်၏အဖြစ်ကြောင့် ရူပရာဂ,အရူပရာဂသည်လည်း ကာမုပါဒါန်၌ ကျ၏၊ ဝင်၏၊ ထို့ကြောင့် ထိုကာမုပါဒါန်ကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်၏၊ ကြွင်းသော ဥပါဒါန်တို့ကို ပထမ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။

မဂ်နှင့် အနုသယ။ ။အနုသယတို့တွင် ဒိဋ္ဌိ,ဝိစိကိစ္ဆာနုသယတို့ကို ပထမ မဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ထိမ်မွှေ့ခေါင်းပါးသော ကာမရာဂါနုသယ, ပဋိဃာနုသယတို့ကို တတိယမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ရုန့်ရင်းသော ကာမရာဂါနုသယ, ပဋိဃာနုသယတို့ကိုကား ဒုတိယမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ မာနာနုသယ,ဘဝရာဂါနုသယ,အဝိဇ္ဇာနုသယတို့ကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ မလတို့တွင် မိမိလည်း ညစ်နွမ်း, သူတပါးတို့ကိုလည်း ညစ်နွမ်းစေတတ်သော အညစ်အကြေးကို တတိယမဂ်ဉာဏ်ဖြင့်သတ်အပ်၏၊ ဤမှတပါးကုန်သော လောဘမလ, မောဟမလတို့ကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။

မဂ်နှင့် အကုသလကမ္မပထ။ ။အကုသလ ကမ္မပထ တရားတို့တွင် ပါဏာတိပါတ, အဒိန္နာဒါန, မိစ္ဆာစာရ, မုသာဝါဒ, မိစ္ဆာဒိဋ္ဌိ ဤငါးပါးတို့ကို ပထမမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ပိသုဏာဝါစာ, ဖရုသဝါစာ, ဗျာပါဒ ဤသုံးပါးတို့ကို တတိယမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ သမ္ဖပ္ပလာပ, အဘိဇ္ဈာတို့ကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။

မဂ်နှင့်အကုသလစိတ္တုပ္ပါဒ်။ ။အကုသိုလ်စိတ္တုပ္ပါဒ်တို့တွင် လေးပါးကုန်သော ဒိဋ္ဌိသမ္ပယုတ်စိတ်, ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် ဤငါးပါးတို့ကို ပထမမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ နှစ်ပါးကုန်သော ပဋိဃသမ္ပယုတ်စိတ်

တို့ကို တတိယမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏၊ ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်တို့ကို စတုတ္ထမဂ်ဉာဏ်ဖြင့် သတ်အပ်ကုန်၏။ (သတ်အပ်၏ ဟူသော စကားအလုံးစုံသည် ထိုထိုမဂ်ဉာဏ်ဖြင့် ပယ်အပ်၏ ဟူလို)

ပယ်အပ်သော အနုသယတို့ကို ပြဦးအံ့-အဖန်ဖန် ကိန်းတတ်သောကြောင့် အနုသယဟု ဆိုအပ်ကုန်သော တရားတို့ကား ကာမရာဂ, ဘဝရာဂ စသော ခုနစ်ပါးသော အနုသယကိလေသာ တို့ပင်တည်း။ ချဲ့ဦးအံ့-ထိုကိလေသာတို့၏ သဘောကား အစေးရစကောင်းသော သစ်ပင်သည် မထိပါး၍ အစေးမထွက်သော်လည်း အကြင်အခါ၌ ပဲခွပ်,ခါးမ စသည်တို့ဖြင့် ခုတ်ထစ်သည်ရှိသော် အစေးထွက်သကဲ့သို့ မဂ်ဖြင့် မပယ်အပ်သေးသော ကာမရာဂစသည်တို့သည် စွဲးလမ်းရာအာရုံကို မရ၍ မဖြစ်ဘဲ ကိန်းအောင်းသော်လည်း အကြင်အခါ၌ မိမိအားလျော်ကပ်သော ဣဋ္ဌာရုံကို ရကြ၏၊ ထိုအခါ နှင်တံဖြင့် ခတ်မိသော မြွေဟောက်ကဲ့သို့ ငေါက်ငေါက်ထ၍ ဖြစ်ကြတော့၏၊ ဤသို့ မိမိအားလျော်ကပ်သော အာရုံကို ရက ဖြစ်ထိုက်သော ကာမရာဂ, ပဋိဃစသည်ကို 'အနုသယ'ဟူ၍ ဆိုအပ်ပေ၏။

**ကိလေသာသုံးမျိုး။** ။ကိလေသာသည် အခိုက်အတန့်အားဖြင့် အနုသယကိလေသာ, ပရိယုဋ္ဌာနကိလေသာ,ဝီတိက္ကမကိလေသာ ဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင် အာရုံကိုမရ၍ မဖြစ်သေးသော်လည်း မဂ်ဖြင့် မပယ်အပ်သေးသည်ဖြစ်၍ အခွံဖုံးသော အစေးကဲ့သို့ ကိန်းအောင်းနေသော ကိလေသာသည် အနုသယကိလေသာမည်၏၊ အာရုံကိုရ၍ မနောဒွါရ၌သာ ဥပါဒ်သော ကိလေသာသည် စိတ်နှလုံးကို ထိုးကျင့်တတ်သောကြောင့်ရင်း, ကုသိုလ်ဖြင့်ခွင့်ကိုမပေးဘဲ လုယက်၍ တည်တတ်သောကြောင့်ရင်း ပရိယုဋ္ဌာနကိလေသာမည်၏၊ ကာယဒွါရ, ဝစီဒွါရသို့ ရောက်၍ သိက္ခာပုဒ်စသည်ကိုလွန်

ကြူးသော ကိလေသာသည် ဝိတိက္ကမကိလေသာ မည်၏။ ဤသို့ အခိုက်အတန့်အားဖြင့် သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင် တဒင်္ဂဖြစ်သော ကာမာဝစရ ကုသိုလ်သည် ဝိတိက္ကမကိလေသာကို ပယ်၏၊ ဝိက္ခမ္ဘနဖြစ်သော ရူပ, အရူပကုသိုလ်သည် ပရိယုဋ္ဌာနကိလေသာကို ပယ်၏၊ သမုစ္ဆေဒဖြစ်သော မဂ်ကုသိုလ်သည် အနုသယကိလေသာကို ပယ်၏။

**ပရိညာသုံးပါး။** ။ပရိညာသည် ဉာတပရိညာ, တီရဏ ပရိညာ, ပဟာနပရိညာ ဟူ၍ သုံးပါးရှိ၏၊ ထိုသုံးပါးတို့တွင် သမ္မသနဉာဏ်နှင့်ပြည့်စုံ၍ အကြောင်းနှင့်တကွ နာမ်,ရုပ်ကို သိမ်းဆည်းခြင်းသည် ဉာတပရိညာ ကိစ္စမည်၏၊ ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်၍ အနုလောမဉာဏ်နှင့်ပြည့်စုံခြင်းသည် တီရဏပရိညာကိစ္စမည်၏၊ ဘင်ဉာဏ်နှင့်ပြည့်စုံသည်မှစ၍ မဂ်ဉာဏ်ဖြင့် ကိလေသာတို့ကို သမုစ္ဆေဒပဟာနအားဖြင့် အကြွင်းမဲ့ ပယ်ခြင်းသည် ပဟာနပရိညာကိစ္စမည်၏။

**ကာလဝိမုတ်တရား။** ။ပယ်အပ်သော ကိလေသာ သည်ကား ကာလသုံးပါးမှ လွတ်၏၊ ထိုစကားမှန်၏၊ အတိတ်တရားသည်ကား ချုပ်ပြီး မဖြစ်၍ ပယ်ဘို့ရာမလို၊ အနာဂတ်တရားသည်လည်း မဖြစ်ပေါ် မရှိသေးသည်ဖြစ်၍ ပယ်ဘို့ရာမရှိ၊ ပစ္စုပ္ပန်တရားကို ပယ်သည်ဟု ဆိုလျှင် လောဘကို လောဘက ပယ်ရလိမ့်မည်၊ ဒေါသကို ဒေါသက ပယ်ရလိမ့်မည်၊ သဘောစင်စစ် မဟုတ်ပေ။ သို့ဖြစ်၍ ပယ်အပ်သော တရားမှန်သမျှ ကာလဝိမုတ်သာဖြစ်၏။ ထိုတရားသည် အရိယာမဂ်ဖြင့် မပယ်မနုတ်အပ်သေးသော 'ဘူမိလဒ္ဓုပ္ပန္န' မည်သော အကုသိုလ်တရားဖြစ်ပေ၏။

[**ဝိသုဒ္ဓိမဂ်**] ဧတ္ထစ ဘူမိယာ ဘူမိလဒ္ဓဿစ နာနတ္တံ ဝေဒိတဗ္ဗံ၊ ဘူမိတိ ဟိ ဝိပဿနာယ အာရမ္မဏာ ဘူတာ တေဘူမကာ ပဉ္စက္ခန္ဓာ။ ဘူမိလဒ္ဓံ နာမ

တေသု ခန္ဓေသု ဥပ္ပတ္တိရဟံ ကိလေသဇာတံ၊
တေနဟိ သာ ဘူမိလဒ္ဓါနာမ။

**အရေးနှစ်ခုန်။** ။ဆက်၍ပြဦးအံ့၊ ဤဘူမိလဒ္ဓုပ္ပန္န ဟူသော ပုဒ်၌ ဘူမိ၏ရင်း, ဘူမိလဒ္ဓ၏ရင်းအထူးကိုသိအပ်၏၊ အဘယ်သို့ သိအပ်သနည်း၊ ဝိပဿနာ၏ အာရုံဖြစ်၍ဖြစ်ကုန်သော ဘုံသုံးပါး၌ ဖြစ်ကုန်သော ငါးပါးသောခန္ဓာတို့သည် ဘူမိမည်၏။ ထို ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်းငှါ ထိုက်သော ကိလေသာ အပေါင်း သည် ဘူမိလဒ္ဓမည်၏။ ထို့ကြောင့် ထိုမပိုင်း ခြားအပ်သေးသော ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သောကိလေသာတို့၏ ဖြစ်ရာဘုံကို ထို ကိလေသာအပေါင်းသည် ရအပ်သည်မည်၏။

အတိုချုပ်မှာ—ထိုဖြစ်ခြင်းငှါ ထိုက်သော အနုသယကိလေ သာဟူသော အကုသိုလ်အပေါင်းသည် အတိတ်လည်း မဟုတ်, အနာဂတ်လည်းမဟုတ်, ပစ္စုပ္ပန်လည်းမဟုတ်ပေ၊ ထိုကိလေ သာဟူသော အကုသိုလ်ကို မဂ်ဖြင့် ပယ်သတ်အပ်၏ဟု ဆိုလို သည်။ ဥပမာအားဖြင့် အသီးရှိသော သရက်ပင်၌ အသီးကို ကုန်စင်အောင်ခုတ်ချူးပြီးသည်ရှိသော် ထိုသရက်ပင်ကို အမြစ်ပါ ထုတ်ပေါ်၍ မီးရှို့ပစ်ငြားအံ့၊ သီးခြင်းငှါထိုက်သော ထိုသရက် သီးကိုပယ်သတ်သည်မည်သကဲ့သို့တည်း။ သီးခြင်းငှါထိုက်သော သရက်သီးသည် အတိတ်,အနာဂတ်, ပစ္စုပ္ပန်အားဖြင့် ကာလ သုံးပါးမှလွတ်သကဲ့သို့ ဖြစ်ခြင်းငှါထိုက်သောကိလေသာ အကု သိုလ်သည်လည်းကာလသုံးပါးမှ လွတ်၏။ ထိုကိလေသာ အကု သိုလ်ကို မဂ်ဉာဏ်ဖြင့်သတ်၏၊ ပယ်၏ဟု မှတ်ကုန်ရာသည်။ (မ ချွတ်ဖြစ်လတ္တံ့ကိုသာ အနာဂတ်ဆိုသည်၊ နားယောင်တတ် သည်၊ ကြပ်ကြပ်ဆင်ခြင်ရာ၏)။

သမုစ္ဆေဒပဟာန်နှင့်စပ်သော စကား ပြီး၏။

မဂ်ဉာဏ် ဖြစ်ပေါ်သောအခါ လေးပါးသော အရိယာသစ္စာ တို့ကို ထိုးထွင်း၍ သဘာဝအတိုင်း ဤသို့သိရာ၏။

[ပါဠိသုတ္တမင်] ယေတေသု စတူသု ဥာဏေသု ယေကေဟသ ကေလာပါဒေ ပရိညာ,ပဟာနံ, သစ္ဆိကိရိယာ, ဘာဝနာတိ တေသံ ပရိညာဒိနံ စတ္တာရိ စတ္တာရိ ကိစ္စာနိ ဝုတ္တာနိ၊ တာနိ ယထာသဘာဝေန ဇာနိ တဗ္ဗာနိ။

**သဘောအဓိပ္ပါယ်။** ။ထိုလေးပါးသော မဂ်ဉာဏ်တို့တွင် တပါးပါးသော မဂ်ဉာဏ်၏ တခုသော ခဏ၌ ပရိညာကိစ္စ, ပဟာနကိစ္စ, သစ္ဆိကိရိယကိစ္စ, ဘာဝနာကိစ္စဟု ဆိုအပ်ကုန်သော ပရိညာ အစရှိကုန်သော လေးပါး လေးပါးကုန်သော ၅ကိစ္စတို့ကို ဟောတော်မူအပ်ကုန်ပြီ။ ထိုလေးပါးသော ကိစ္စတို့ကို မဖောက်မပြန်သော သဘောအားဖြင့် သိအပ်ကုန်၏။

**ဥပမာ။** ။ဆီမီးသည် လေးပါးသောကိစ္စကို တပြိုင်နက်ပြုလုပ်သကဲ့သို့ ထို့အတူ မဂ်ဉာဏ်သည် လေးပါးသောကိစ္စကို တပြိုင်နက် ပြုလုပ်၏၊ ဤဥပမာ—ဆီမီးသည် မီးစာကိုလောင်သကဲ့သို့ မဂ်ဉာဏ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိ၏၊ ဆီမီးသည် အမိုက်မှောင်ကို ပယ်ဖျောက် သကဲ့သို့ မဂ်ဉာဏ်သည် သမုဒယသစ္စာကို ပယ်စွန့်၏၊ ဆီမီးသည် အရောင်အလင်းကိုပြသကဲ့သို့ မဂ်ဉာဏ်သည် သဟဇာတဖြစ်သော ပစ္စည်းတပ်ခြင်းကြောင့် သမ္မာသင်္ကပ္ပစသော တရားဟု ဆိုအပ်သော သတ္တင်္ဂိက မဂ်ကိုပွားများ၏၊ ဆီမီးသည်ဆီဟူသော အစေးကို ကုန်စေသကဲ့သို့ မဂ်ဉာဏ်သည် ကိလေသာဟူသော အစေး၏ ကုန်ရာဖြစ်သော နိရောဓသစ္စာကိုမျက်မှောက်ပြု၏။

ယောဂီပုဂ္ဂိုလ် အချို့တို့မှာ တကြိမ်တခါ တရားကို အားထုတ်ကာမျှဖြင့် မိမိကိုယ်ကို အထင်တမျိုး ထင်တတ်ကြ၏။ သို့ဖြစ်၍ ဟုတ် မဟုတ် စံချိန်ထိုး ကြည့်နိုင်ကြပါရန်—

[ပါဠိသုတ္တမင်] သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ၊ သမ္မသန္တိ၊ ဝဝတ္ထပေန္တိ၊ ပရိဂ္ဂဏှန္တိ၊ ပရိစ္ဆိန္ဒန္တီတိ ဂဏှ

တော ပန ဒိဋ္ဌိုပဒါနံ့ နာမ၊ မာနသမုဿါ
တောနာမ၊ နိကန္တိပရိယာဒါနံ နာမ။

သင်္ခါရတရားတို့သည်သာလျှင် သင်္ခါရတရားတို့ကို ဝိပဿ
နာရှုကုန်၏၊ သုံးသပ်ကုန်၏၊ မှတ်ယူကုန်၏၊ သိမ်းဆည်းကုန်၏၊ ပိုင်ခြားကုန်၏၊ ဤသို့ယူနိုင်သော ယောဂီပုဂ္ဂိုလ်အား ဒိဋ္ဌိကို ခွါသည် မည်တော့၏၊ မာနကိုလည်း ခွါသည် မည်တော့၏၊ တဏှာကို ကုန်စေသည်မည်တော့၏။ ။ဤပပဥ္စတရားသုံးပါး မိမိသန္တာန်၌ ကွာပါရဲ့လား၊ အရိယာပုဂ္ဂိုလ်မည်သည် ဘုရား ရှင်ကိုရင်း, တရားတော်ကိုရင်း, သံဃာတော်ကိုရင်း, (သမ္မုတိ သံဃာတော်ကိုလည်း ထည့်ပါ)၊ ဤရတနာ သုံးပါးကိုလည်း ရှေးကထက်ပို၍ ကြည်ညိုလေးစား ရှိပေသည်၊ မိမိအား ထိုက်သော အကျင့်သီလကိုလည်း ရှေးကထက်ပို၍ လေးလေး စားစား ယုံကြည်ပေသည်။

**အမျိုးအစားဖြင့်ဆည်း**၊ သောတာပန်စသော အရိယာသာ
ဝက ဟူသမျှသည် မမိအသက် သေ
အံ့သော အကြောင်းကြောင့်လည်း သူတပါး၏ အသက်ကို သေစေလိုသော စေတနာဖြင့် မသတ်ပေ၊ ထန်းရည်,အရက် စသော သုရာကိုလည်း မသောက်ပေ၊ ထိုစကားမှန်ပေ၏။

[**သီလက္ခန်-၅**] သစေပိဿ သုရဥ္စ ခီရဥ္စ မိသေတွာ
မုခေ ပက္ခိပေယျ၊ ခီရမေဝ ပဝိသတိ၊
န သုရာ။

အကယ်၍ ထိုအရိယာသာဝက၏ ခံတွင်းပါးစပ်၌ သေ အရက်နှင့် နို့ရည်ကို ရော၍ထည့်ကုန်အံ့ နို့ရည်သည်သာလျှင် ခံတွင်းပါးစပ်သို့ဝင်၏၊ သေအရက်ကား မဝင်ပေ၊ ဥပမာ ဆိုသော် —

[**သီလက္ခန်-၅**] ယထာကိံ ကောဉ္စသကုဏာနံ ခီရ
မိဿကေ ဥဒကေ ခီရမေဝ ပဝိသတိ၊
န ဥဒကံ။

ကြိုးကြာငှက်တို့အား နို့ရည်နှင့်ရောသော ရေကို သောက်ရာ၌ နို့ရည်သည်သာလျှင် ဝင်၍ ရေမဝင်သကဲ့သို့တည်း။

ထိုသို့မဟုတ်သေးလျှင် အထင်တမျိုး မဖြစ်သင့်၊ ကျိုးစား၍သာ အားထုတ်ပါ၊ ယခုဘဝ မရငြားသော်လည်း ဒုတိယဘဝစသည်၌ လျင်မြန်စွာရကြောင်း ကောင်းကောင်းချည်း ဖြစ်ရပေမည်။

[အင်္ဂုတ္တရ-ဋ္ဌ] တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပိလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသ ဘာဂီ ဟောတိ။

ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ထိုနတ်ပြည်၌ လွယ်ကူစွာ တရားပုဒ်တို့သည် ပေါ်လွင်ကုန်၏၊ ချစ်သားတို့၊ ငါကား တရားကို အားထုတ်ခဲ့သူဟု သတိဖြစ်ခြင်းသည် နှံ့နှေး၏၊ ထိုသတိဖြစ်သော အခါ၌ ယောဂီဖြစ်ခဲ့ဘူးသော သတ္တဝါဟူသော နတ်သားသည် လျင်မြန်စွာ သာလျှင် လောကီမှထူးသော လောကုတ္တရာအဘို့ရှိသည် ဖြစ်တော့၏။

၎င်းပြင် အင်္ဂုတ္တရပါဠိတော်၌ပင် တရားထူးကို ရနိုင်ရန် သုံးဌာန ခွဲခြား၍ ဟောတော်မူခဲ့၏၊ နတ်ပြည်၌ သန့်ရှင်းသည် ဖြစ်၍ ရောက်ဆဲခဏ၌ တရားထူးကိုရနိုင်ရန် တဌာန, သီတင်းနေ့အခါ သုဓမ္မာသဘင်၌ အရိယာ-နတ်,ပြဟ္မာတို့ ဟောအပ်သော တရားကို နာရ၍ တရားထူးကို ရနိုင်ရန် တဌာန, နတ်တို့အချင်းချင်း ဓမ္မသဘာဝကို နှီးနှောရာ၌ ကြားသိရသဖြင့် တရားထူးကို ရနိုင်ရန် တဌာန၊ ဤသုံးဌာနတို့တွင် တပါးပါးသော ဌာန၌ ဝိပဿနာတရားမှန်ကို အားထုတ်ခဲ့ဘူး သူများအတွက် လွယ်ကူစွာ ရနိုင်ကြောင်းကို ဘုရားရှင် ဟောကြားသောစကား ရှိပေသည်၊ သို့ဖြစ်၍ တရားကို အားထုတ်သော ပုဂ္ဂိုလ်များအဘို့မှာ လုံ့လလျော့ဘို့မသင့်ကြောင်း တိုက်တွန်းရပေသည်။

**ဥာဏ်စမ်းမှု၁၁၅၏ ဖြေသနည်း**။ ။သမ္မာဒိဋ္ဌိလူမျိုး ဗုဒ္ဓဘာသာဝင်က ဖြေပြီ---ဘာသာခြား မိတ်ဆွေ၊ မိတ်ဆွေသည် မေးသင့်သောသဘောကို မေးခြင်းဖြစ်ပေ၏၊ ထိုသို့မေးခြင်းကို ကျွန်ုပ် ကောင်းကောင်းလက်ခံပါသည်၊ ကံကြောင့် အမျိုးမျိုးဖြစ်ခြင်း မှန်ပါသည်၊ ၎င်းကံသည် ဖြစ်ပြီးပျက်သဖြင့် အနိစ္စ—မမြဲတာလည်း မှန်ပါသည်၊ ကံနှင့်—၎င်းကြောင့်ဖြစ်ဘဲ့ အကျိုးဝိပါက်၊ ယင်းနှစ်ပါးလုံးကိုပင် အနိစ္စ—မမြဲဘူးဟူ၍ စွဲမြဲစွာ မှတ်သားပါ၊ ကျွန်ုပ်ရှင်းပြပါမည်။ ကျွန်ုပ်တို့ ဘုရားရှင်သည် အားလုံးသော သတ္တဝါတို့အား သဘောအတိုင်း နားလည်မှုရှိအောင် ဟောတော်မူကြသော ပုဂ္ဂိုလ်အပေါင်းတို့တွင် အထွဋ်အထိပ် အကျဆုံးပုဂ္ဂိုလ်ထူးမှတ်ပါ၊ "**ဆေးသောက် အနာပျောက်**" ကုသိုလ်,အကုသိုလ်တို့မည်သည့် အရိပ်သဖွယ် ကိုယ့်နောက်ပါတယ် ဟူ၍လည်းဟောတော်မူသေး၏၊ ဤသို့ဟောခြင်းသည် အကြောင်းမကင်းမှုကို နားလည်ရန် ဟောတော်မူသည်ဟု မှတ်ပါ။

စင်စစ်မှာ—ရှေးဘဝက ပြုခဲ့ဘူးသော ကံမည်သော တရားဟူဟူသမျှသည် ဤဘဝသို့မပါ၊ ရှေးဘဝကပြု ခဲ့သော ကံမည်သောတရားနှင့်ကင်း၍လည်း ယခုဘဝမှာ ဘာမျှမဖြစ်နိုင်၊

[**ဒီဘာဝနီ-ဒု**] န ဟိ ပုရိမဘဝ ပရိယာပန္နော ကောစိ ဓမ္မော ဘဝန္တရံ သင်္ကမတိ၊ နာပိ ပုရိမဘဝ ပရိယာပန္နဟေတုံ ဝိနာ ဥပ္ပဇ္ဇတိ။

**မေး,ဖြေစီး**။ ။ရှေးဘဝ၌ဖြစ်ခဲ့သောတစုံတခုသောကုသိုလ်ကံ,အကုသိုလ်ကံတရားသည် ဘဝတပါးသို့မပြောင်းရွှေ့၊ ရှေးဘဝ၌ဖြစ်ခဲ့သော ကုသိုလ်ကံ,အကုသိုလ်ကံတရားတည်းဟူသော အကြောင်းနှင့် ကင်း၍ ဖြစ်လည်းမဖြစ်ပေ။ ။အတိုချုပ်မှာ—ရှေးဘဝက တရားဟူသည်မှ ဤဘဝသို့ ဘာမျှမပါပေ၊ ရှေးဘဝက တရားနှင့်ကင်း၍လည်း ဤဘဝ၌ ဘာမျှမဖြစ်ပေ။ ဒါဖြင့် ဘယ်လိုသိရမလဲ၊ "ပဋိဃောသ,

ပဒီပ,မုဒ္ဒါဝိယာတိ=ပွဲတင်သံ,ဆီမီးချို့, တံဆိပ်ရေးတို့ကဲ့သို့ သိရမည်။

**ပွဲတင်သံ**။ ။တော,တောင်အနီးသို့ ရောက်သောအခါ လူတယောက်က အသံကိုခပ်ကျယ်ကျယ်'ဟေ..... ဟေ'ဟု ပြုသောအခါ တော,တောင် ထည်းကလည်း 'ဟေ..... ဟေ'ဟု အသံတခု ပြန်လာ၏၊ ၎င်းအသံသည် လူက ဟေ..... ဟေ'ဟုဆိုသောအသံ မဟုတ်ပေ။ လူကမဆိုလျှင်လည်း ထိုအသံအလိုအလျောက် ပေါ်လာမည်မဟုတ်ပေ၊ ထို'ဟေ ဟေ'ဟူသောအသံသည် လူကဆိုသောအသံနှင့် ကင်း၍ မဖြစ်သကဲ့သို့ ရှေးဘဝက ကမ်နှင့်မကင်းမူ၍သော ဤဘဝမှာ အမျိုးမျိုး ဖြစ်ကြရ၏၊ ရှေးဘဝက ကမ်ကားမပါ၊ လူတို့၏နှုတ်က 'ဟေ ,ဟေ' ဟူသောအသံသည် တော,တောင် ထည်းသို့ မရောက်သကဲ့သို့ မှတ်ရာ၏။

**ဆီမီးချို့**။ ။ဖယောင်းတိုင်တခုကို ၁၀ ထွန်းရာ၏၊ ထိုဖယောင်းတိုင်မှ ဖယောင်းတိုင်ပေါင်း တရာခန့် ၁၀ ထွန်းကူးယူရာ၏၊ ထိုဖယောင်းတိုင်တရာခန့်သို့ပထမ ၁၀ ထွန်းထားသော ဖယောင်းတိုင်မှ မီးတွေပါသွားသည်ဟု ထင်ကြရ၏၊ စင်စစ်မှာ— ပထမဖယောင်းတိုင်မှ ၁၀ ထွန်းကူးယူသော ဖယောင်းတိုင် တရာခန့်သို့ မီးဆိုလျှင်နည်းနည်းမျှ မပါပေ၊အကယ်၍ ပါသွားပါလျှင် ပထမ ဖယောင်းတိုင်၌ မီး, လုံးဝ ပျောက်သွားဖွယ်ရာရှိ၏။ ယခုတော့ ပထမဖယောင်းတိုင်၌ မီးရောင်ဆိုလျှင်နည်းနည်းမျှ မ၁၀ ုးရကား တရာခန့်သော ဖယောင်းတိုင်သို့ မီး,လုံးဝ မပါဟု သိရ၏။

၎င်းဖယောင်းတိုင်၌ မီးသည် အနည်းငယ်မျှ မပြုရကား ဘယ်သို့မျှ ကူးပြောင်း၍ မလိုက်နိုင်၊ သေသလောက် တောက်သည် တောက်သလောက်သေသည်၊ အသေကို ပကတိမျက်စိဖြင့် မမြင်ရ၊ ဉာဏ်မျက်စိဖြင့်သာ မြင်ရ၏၊ အတောက်ကိုကား ပကတိမျက်စိဖြင့်မြင်၍ သိရ၏၊ အမှန်သဘောမှာ သေ,တောက် သေ,တောက် ဖြစ်၍နေသည်၊ အနိစ္စဟု ဆိုလို၏၊ ဤမီးသည်

ဖရောင်းတိုင်တရာခန့်သို့ မပါသကဲ့သို့ ဈေးကပြုခဲ့သော ကုသိုလ်ကမ်, အကုသိုလ်ကမ်သည် ဤဘဝသို့မပါ၊ မကောင်းမှု၍သာဖြစ်သကဲ့သို့ ဈေးဘဝက ကုသိုလ်, အကုသိုလ်ကမ်နှင့်ကင်း၍ မဖြစ်ဟူ၍သာ မှတ်ရာ၏။

**တံဆိပ်ခနဲ့။** ။သစ်တောဘက်ဆိုင်ရာ အရာရှိများ၌ သံဖြင့်ပြုလုပ်ထားသော တံဆိပ်သည်ရှိ၏၊ ၎င်းတံဆိပ်ဖြင့် သစ်ပင်ကို ထုနှက် ရိုက်နှိပ်သောအခါ ၎င်းတံဆိပ်အတိုင်း သစ်ပင်၌ ထင်၍နေ၏၊ ထိုတံဆိပ်ရာသည် အရာရှိတို့၏တံဆိပ်မဟုတ်ပေ၊ အရာရှိတို့၏ တံဆိပ်နှင့် မကောင်းမှု၍သာ ဖြစ်သကဲ့သို့ ယခုဘဝ၌ အမျိုးမျိုး ချမ်းသာ,ဆင်းရဲ ဖြစ်ခြင်းသည် ဈေးဘဝက ပြုခဲ့သောကမ်နှင့် မကောင်းမှု၍သာ ဖြစ်၏၊ ဈေးဘဝက ပြုခဲ့သော ကုသိုလ်, အကုသိုလ်ကမ်သည် ဈေးဘဝ၌သာ ချုပ်ခဲ့ပြီ။ ဤသို့ပြအပ်ပြီးသော ဥပမာသုံးမျိုးတို့တွင် ဆိမ်းဥပမာသည် အကောင်းဆုံး ဖြစ်ပေ၏။ မမြဲသော သဘောဖြစ်၍ အနိစ္စဖြစ်ခြင်း,မကောင်းမှု၍ ဖရောင်းတိုင်တရာ ခန့်သို့ ကျေးဇူးပြုခြင်းသည် သဘာဝအကျဆုံး ဖြစ်ပေ၏။

**ဘာသာခြား။** ။ယခု မိတ်ဆွေပေးအပ်သော ဝိသဇ္ဇနာ=အအဖြေသည်ကား သာမန်ပုဂ္ဂိုလ်တို့အတွက်မှာ စောဒနာမဝင်နိုင်သောအဖြေကောင်းဟုဆိုလောက်ပေသည်၊ ဒါပေမဲ့မိတ်ဆွေစဉ်းစားပါ ယခုပေးအပ်သော ဥပမာစကား အဖြေဟူသမျှသည် အခိုက်အတန့်အားဖြင့် ပဋ္ဌုပ္ပန်ဖြစ်သော ဥပမာ, ဥပမေယျသာဖြစ်ပေ၏။ မိတ်ဆွေတို့ဘာသာ သဘောကား အတိတ် အကြောင်းကြောင့် ယခုဘဝ ၌ပဋ္ဌုပ္ပန်အကျိုး ဖြစ်ပေါ်သည်၊ယခုဘဝပဋ္ဌုပ္ပန်အကြောင်းကြောင့် အနာဂတ် အခါအကျိုး ဖြစ်ပေါ်ရမည်၊ ဤလို ဘသောမျိုးဖြစ်ရကား မိတ်ဆွေသည် ဥပမာဆောင်၍များစွာ ပြငြားသော်သည်း လုံးဝအဖြေမှန်ဟု ကျွန်ုပ်မခံယူနိုင်သည်ကို မိတ်ဆွေသိပါ၊ စွမ်းနိုင်ပါက ဆက်၍ဖြေပါဦး။

**ဗုဒ္ဓဘာသာဝင်။** ။မိတ်ဆွေရဲ့ တဆင့်တက်၍ စောဒနာခြင်းကို ကျွန်ုပ် ခံယူပါ၏၊ မိတ်ဆွေ သတိရှိပါ၊ ဗုဒ္ဓဘာသာသည် အကောင်းဆုံး အမှန်ဆုံး ဘာသာဖြစ်၏၊ သို့သော်လည်း ဉာဏ်မသက်ဝင်နိုင်သော သူတို့အဘို့မှာ အကောင်းဆုံး အမှန်ဆုံး ဘာသာဟူ၍ ဝန်မခံနိုင်ကြပါ၊ တနေ့မှာ ဗုဒ္ဓဘာသာသည် အကောင်းဆုံးဘာသာ ဖြစ်၍ ထိုဘာသာနှင့် ထိုက်တန်သော ပုဂ္ဂိုလ်များ တဖြည်းဖြည်း နည်းပါးလာပြီး အနှစ် နှစ်ထောင့်ငါးရာခန့်လောက် ကြာမြင့်သော အနာဂတ်အခါမှာ လုံးဝ ကွယ်ပျောက်လိမ့်မည်၊ မိတ်ဆွေတို့ဘာသာမျိုးနဲ့ တခြား ဘာသာမျိုးကို နှစ်သက်သူတွေ များပါလိမ့်မည်၊ ဗုဒ္ဓဘာသာသည် အကောင်းဆုံးဖြစ်၍ ကွယ်ပျောက်ရမည်၊ လောက၌ အကောင်းဆုံး အဘိုးအတန်ဆုံးဖြစ်သော မိတ်စစ်,ရွှေစစ်,ကျောက်စစ် ရတနာမျိုးနှင့် ထိုက်တန်သူ မရှိသည့်အခါ ထိုလောကီရတနာမျိုးတွေ ကွယ်ပျောက်သကဲ့သို့ မှတ်ပါ၊ တမျိုးအားဖြင့် စားဖွယ်,သောက်ဖွယ် အကောင်းဆုံးဖြစ်သော ဆီဦး,ထောပတ် စသည်တို့လည်း ထိုပစ္စည်းများနှင့် ထိုက်တန်သူ မရှိသောအခါ ပျောက်ပျက်သကဲ့သို့ မှတ်ပါ။

နောက်ဆက် မေးအပ်သော မိတ်ဆွေ၏ ပြဿနာကို ကျယ်ဝန်းစွာ ဖြေဘို့မလိုပါ၊ မိတ်ဆွေသည် ကုန်သည်ကြီး တဦးဖြစ်၍ အထူးတလည် ဖြေဘို့ရာ မလိုပါဟု ကျွန်ုပ်ပြောလိုရင်းဖြစ်ပါသည်၊ စဉ်းစားပါ မိတ်ဆွေ၊ ကူးသန်းရောင်းဝယ်ရေးမှာ ကျွမ်းကျင်သော ပုဂ္ဂိုလ်ကောင်းတဦးဘဲဟု အသိအမှတ်ပြု၍ သူဌေးကြီးတယောက်က မိတ်ဆွေအား ချီးမြှောက်သော အနေဖြင့် ငွေတသောင်း ထုတ်၍ပေး၏၊ ထိုငွေဖြင့် သင့်သလို အသုံးပြုပါတော့၊ ငါးနှစ်လောက် ကြာမြင့်မှ သင့်တော်သော အတိုးနှင့် ငွေရင်းကို ပြန်၍ ဆပ်ပေးပါလေဟု ပြောဆိုလျက် မိတ်ဆွေအား ပေးတယ် ပြောပါတော့၊ ထိုငွေကို မိတ်ဆွေ

သည် ကျေနပ်သည့်အတိုင်း လိုရာကုန်ကို ဝယ်၍ ကူးသန်းရောင်းဝယ်ရေးကို ပြုသည်ဟုဆိုပါတော့၊ မိတ်ဆွေ စဉ်းစားပါ၊ ထိုအခါ သူဌေးကြီးပေး ပ် ငွေတသောင်းသည် မိတ်ဆွေလက်၌ မရှိတာ အမှန်ဖြစ်တော့၏၊ သူဌေးကြီး လက်၌လည်း ထိုငွေတသောင်း မရှိသည်ကို ကောန်သိပြီးမဟုတ်လား၊ မိတ်ဆွေ၊ မရှိပေမဲ့ ငါးနှစ်ကြာသောအခါ သူဌေးကြီးအား မိတ်ဆွေက ကျေးဇူးသဠာကို အထူးသိလို့ အတိုး,အရင်းနှင့်တကွ ပြန်ပြီးပေးဆပ်လျှင် သူဌေးကြီးသည် ရှေးကထက်မိုသော ချမ်းသာသုခနှင့် ပြည့်စုံတော့၏၊ မိတ်ဆွေလို ပုဂ္ဂိုလ်ပေါင်း ထောင်,သောင်းများစွာ သူဌေးကြီးမှာ ရှိတယ်ဆိုပါတော့၊ မိတ်ဆွေ။

ဤဥပမာအတိုင်း သူဌေးကြီးက မိတ်ဆွေအား ငွေတသောင်း ပေးဆဲသည် ပဋိဂ္ဂန်၊ မိတ်ဆွေက သူဌေးအား ပြန်၍ပေဒါက အနာဂတ် ဖြစ်သကဲ့သို့ ယခု ကျွန်ုပ်တို့၌ ရှေးကပြုခဲ့သော ကုသိုလ်ကံကြောင့် ချမ်းသာသုခ ရရှိပေသည်၊ ယခု ကျွန်ုပ်တို့ ကောင်းစွာပြုသော အမှုကြောင့် မဝွတ်မယွင်း အနာဂတ်အခါ၌ ချမ်းသာသုခကို သူဌေးကြီးကဲ့သို့ ရ,ရမည်ဟု ကျွန်ုပ်တို့ ဗုဒ္ဓဘာသာအစစ်ဖြစ်သူတို့ သည် ဤနည်းအတိုင်း ယုံကြည်ကြပေသည် မိတ်ဆွေ။

မဃ္ဃကထာပြီး၏။

# ကာမာဒီနဝကထာ

**ကာမ အပြစ်။** ။ကာမ၏ သဘာဝအတိုင်း ဖြစ်ပေါ်လာသော အပြစ်ကို ပြောဆိုသော စကား ဟူသမျှသည် ကာမာဒီနဝကထာ မည်၏။ ကာမဟူသည်– ဝတ္ထုကာမ ကိလေသာကာမ-ဟု နှစ်မျိုးရှိ၏။ ထိုတွင် ရူပါရုံ, သဒ္ဒါရုံ စသော အာရုံငါးပါးသည် ဝတ္ထုကာမမည်၏၊ လောဘ, ဒေါသ, မောဟ စသော ဆယ်ပါးသော တရားသည်ကိလေသာ ကာမ မည်၏၊ ဝတ္ထုကာမကိုအာရုံပြု၍ ကိလေသာကာမ အမျိုးမျိုး ဖြစ်ခဲ့ပြီး ယခုပစ္စုပ္ပန်ဘဝ၌လည်းဖြစ်ဆဲ၊ အနာဂတ် ဘဝ၌လည်း ပုထုဇန် သတ္တဝါမှန်သမျှ တို့အား ဖြစ်လတ္တံ့၊ စဖိုအိမ်၌ အသုံးပြုသော လက်နှီးစုတ်သဖွယ် အလွန်ညစ်နွမ်းလှသော ကိလေသာကြောင့် ဖြစ်သော အကျိုးတရားဟူသမျှသည် အာဒီနဝ–စက်ဆုတ်ဖွယ် ကောင်းသော အပြစ်မည်၏။

**ကာမလက်နက်။** ။လွန်ခဲ့သော ဘဝတို့၌ မိမိသန္တာန်မှာ ကျရောက်ခဲ့ဘူးသော ထိုကိလေသာတရားကြောင့် ယခုပစ္စုပ္ပန် ဘဝ၌ ယောကျ်ား, မိန်းမ တို့၏ အဆင်း သဏ္ဌာန် ကိုယ်အင်္ဂါ ချို့တဲ့မှု, မတင့်တယ်သော ခြေ, လက်, နှုတ်ခမ်း, ပါးစပ်, မျက်စိ, နား, နှာ, ဦးခေါင်းအင်္ဂါစသည်ဖြစ်မှု သဘောလက္ခဏာတို့သည် ကိလေသာကာမ၏ လက်ချက်ကြောင့်ပင်ဖြစ်ကုန်သည်။

လူတယောက်၌ ခြေဘဝါးမှ ဦးခေါင်းအထိ ဦးခေါင်းမှ ခြေဘဝါးအထိ ကွက်လပ် မရှိရအောင် ရှေ့, နောက် ဝဲ, ယာအ ထပ်ထပ်ကြည့်စမ်းပါ၊ ကောင်းသော အင်္ဂါလက္ခဏာနှင့် မပြည့်စုံသည်ကို တွေ့ရလတ္တံ့၊ တယောက်သာမဟုတ် တသိန်းခန့်ရှိ သော လူထုကြီး၌ပင် လုံးဝ အင်္ဂါလက္ခဏာနှင့် ပြည့်စုံသူ လူတ ယောက်ကို အလွန်ရခဲလှ၏၊ ကိလေသာကာမ အကြောင်းရင်း ခံသောကြောင့် ကောင်းမြတ် တင့်တယ်သော လက္ခဏာ အင်္ဂါ

စုံလင်သူ လူတယောက်ကို မရနိုင်ခြင်းဖြစ်သည်၊ ဤကား ကိုယ် အင်္ဂါ၌ဖြစ်ပေါ်သော သဲလွန်စ ကာမ၏ အပြစ်တည်း။

အသံအင်္ဂါမှာလည်း ပြည့်ပြည့်စုံစုံ မရှိပါဘဲ တပက်သား၏ နား၌ အကြားရကောင်းသော အသံမျိုးမှာ ရှားလှပေသည်။ တချို့မှာ ပဋိသန္ဓေမှစ၍ အသံမထွက် တနေ့နေ့မှာ ပေါ်ထွက် လာနိုးနိုးနှင့် မိဘ, ဆွေမျိုးတို့စောင့်၍ နားထောင်ရာ အသံလုံး လုံးမထွက်ဘဲ တဘဝသာ ပြောင်းသွားရတော့၏။ တချို့မှာ လည်း အသံတော့ထွက်ပါရဲ့ လေသံသာသာ ဂှ်ဂှ်,ဂှ်ဂှ်နှင့်တဘဝ ကိုပြီးပြန်တော့၏။ မသာမယာ အသံရှိသူများ၍ အသံသာသာရှိ သူကား ရှားလှပေ၏၊ စကားပြောရာမှာလည်း တဘက်သားနား ဝင်ဆန့်အောင် ပြောနိုင်သူ, လုံးလုံးစိစိ ပြည်ဟိန်း၍ လေးလေး နက်နက် အသံရှိသူ ရှားလှ၏။ ဤသို့မကောင်းသော အနေမျိုးဖြင့် ပဋိသန္ဓေမှစ၍ ပါလာခြင်းသည် ကိလေသာကာမလက်နက်ထိ၍ ပျက်စီးကြတာချည်းဘဲဟု အသိဉာဏ်ဖြစ်စေရမည်။

ကောင်းသောသဘောတွေ ဝှ်၍ မကောင်းသော သဘော တွေပဋိသန္ဓေမှစပြီးပေါ်ပေါက်လာခြင်း ဟူသမျှသည် ကာမ၏ အပြစ်တို့သာ ဖြစ်သည်။

၁။ ဇာတိဒုက္ခ၊ ၂။ ဇရာဒုက္ခ၊
၃။ ဗျာဓိဒုက္ခ၊ ၄။ မရဏဒုက္ခ၊
၅။ အပါယဒုက္ခ၊ ၆။ အတီတေ ဝဋ္ဋမူလက ဒုက္ခ၊
၇။ အနာဂတေ ဝဋ္ဋမူလကဒုက္ခ၊ ၈။ ပစ္စုပ္ပန္နေ အာဟာရ ပရိယေဋ္ဌိတ ဒုက္ခ၊

ဤရှစ်ပါးသော သံဝေဂ ဝတ္ထု ဟူသည်လည်း ကာမာဒီနဝ = ကာမဂုဏ်တို့၏ အပြစ်တွေသာဖြစ်၏။ လောဘ, ဒေါသ, မောဟ စသော ကိလေသာ ကာမတွေ မရှိလျှင် ဤအပြစ်တို့သည် ကြေကန် ပင်မရှိကုန်ရာ၊ ယခုမူကား ဤအပြစ်တို့သည် ရှေးကလည်း ရှိခဲ့ပြီး

ယာခုလည်းရှိသဲ၊ နောင်လည်း အရိယာမဂ်ဖြင့် မသတ်နိုင်သေးသမျှ ပုထုဇန်တို့ သန္တာန်၌ အစဉ်မပြတ်ရှိကြမည်၊ဖြစ်ကြပေဦးမည်၊ ဤ သံဝေဂဝတ္ထု ၅စ်ပါးကို အစဉ်အတိုင်း အနည်းငယ် ဖော်ပြဦးအံ့။

**ဇာတိဒုက္ခ။** ။ပဋိသန္ဓေ နေရခြင်းသည် သေးငယ်သော ဒုက္ခ မဟုတ်ပေ၊ အစုံတခုသော အပြစ်ကြောင့် အကျဉ်းထောင်၌ဆယ်လ နေရမည်ဟု အာဏာပိုင်တို့ကအပြစ် ပေးခံရသူ တယောက်သည် အလွန်ပင် ထိတ်လန့်၏။ ကြောက်ရွံ့၏၊ ဆယ်လပတ်လုံး မိမိသဘော အတိုင်း မနေရ ကျဉ်းကြပ်လှ၏ဟု ဆိုကြ၏။ ထိုဒုက္ခသည် ပဋိသန္ဓေ ဒုက္ခ၏ တရက်မျှသောက် မဆင်းရဲပေ၊အမိဖြစ်သူ သတိကင်း၍ အပူကို စားမိအံ့ ရေနွေးပူဖြင့် လောင်းချသကဲ့သို့ ဆင်းရဲလှ၏။ အစပ်, အငန်,အချဉ်ကို စားအံ့ အသားနုတက်သော အနာကြီး ပေါ်သို့ ငြုပ်ရေ ဆားရေ သံပုရာရေတို့ကို လောင်းချဘိသကဲ့သို့ ကြီးစွာသော ဆင်းရဲကို ခံစားရ၏၊ကျဉ်းမြောင်းလှစွာ ဖွားမြင်သော အခါ၌ကား မီးဖောင်၍ တကိုယ်လုံး အသားနုတက်သော ကိုယ်ဖြင့် သေးငယ်သော အပေါက်တခုမှ ရန်သူကြောင့် ရုန်းကန်ထွက်လာရသော သူနာ၏ ဆင်းရဲထက် ကြီးမားသော ဆင်းရဲခြင်းဖြင့် အမိ၏ ယောနိဝမှ ဖွားမြင်ရပေ၏၊ရင်းနောက် မိမိကိုယ်ကို မိမိမစောင့်ရှောက်နိုင်သမျှ ဇာတိဒုက္ခ ကြီးပုံကို သိကုန်ရာ၏၊ကျမ်းဂန်တို့၌ ကျဉ်းကြပ်သော သစ်တပ်မှ ထွက်ရသော ဆင်ပြောင်ဥပမာဖြင့်လည်း ပြကုန်၏။

**ဇရာဒုက္ခ။** ။အိုမင်းကုန်းကွ ဆင်းရဲကြသူတွေကို လူတိုင်း မြင်ဘူးကြ၏၊ သို့သော်လည်း သူတို့သာ အိုသည်၊ ငါကား မအိုဟု ထင်မှတ်သူတွေများကြ၏၊ထိုသို့ အိုအိုမင်းမင်း ဖြစ်ရခြင်းသည် ဆင်းရဲလှ၏၊မသွားနိုင်,မလာနိုင်, ကောင်းစွာ မအိပ်နိုင်၊ဒုက္ခ,ဒုက္ခဟု အိုမင်းကုန်သော သူတို့၏ နှုတ်မှလည်း မြွက်ဆိုကြ၏၊ ပျိုနုသော သူတို့ကား ထိုအသံကို ကြားလျှင်

ပြုနိုင်သော အနေမျိုးပင် ဖြစ်ကြသေး၏၊ကိုယ်တွေ့မဟုတ်သေး၍သာ ပြုနိုင်ကြသည်၊ကိုယ်တွေ့ ကျေနပ်ဖြစ်မည်ကို မစဉ်းစားမိခြင်းပင် ထိုသူတို့ အပြစ် ဖြစ်ပေ၏၊အိုအောင်မနေရဘဲ ပျိုပျိုယွယ်ယွယ်က သေရလျှင် ပို၍ဆင်းရဲမည်ကို ထည့်သွင်း စဉ်းစားသင့်ပေသည်။

အိုသောအခါ တပည့်,သားသမီးတို့သည် ဆရာ,မိဘ တို့၏ စကားကို နားမထောင်ခြင်းသည် ဇရာဒုက္ခဟု ကျမ်းဂန်တို့၌ အဆိုရှိ၏၊စဉ်းစား၍ကြည့်လျှင် အမှန် ဒုက္ခဟု သိနိုင်ကြ၏၊ယခုကာလ လူအိုကို မထည့်ခဲ့ပြုသူ များလှ၏၊ထိုသူတို့သည် ကာမ၏အပြစ်ကို ထင်တလဲလဲ ရကြကုန်လတ္တံ့၊ မကောင်းသော အိုမှု၏ ဆင်းရဲခြင်းသည် ကူးစက်ခြင်းတမျိုး ဖြစ်၏၊ စဉ်းစားသူတို့မှာ အိုမင်းဇရာသို့ ကျရောက်မည်ကို ထိတ်လန့်ကြ၏၊ သိဒ္ဓတ္ထမင်းသား၏ သဘောကို စဉ်းစား၍ ကြည့်လျှင် အထူးပင် သိလတ္တံ့။

**ဗျာဓိဒုက္ခ။** ။မျက်စိနာ,နားနာ,ခေါင်းကိုက်နာ,ဗိုက်နာ, ရင်နာ,ဝမ်းနာစသည့် အနာဟူသမျှဖြစ်ပေါ်လာသော အခါ အားလုံးပင် တမှိုင်မှိုင်နှင့် ဆင်းရဲကြ၏၊ အနာရောဂါကင်းသည့် အခိုက်မှာကား သူတို့သာ အနာရောဂါရှိ၍ ဆင်းရဲကြသည်၊ငါကား မဆင်းရဲဟု မိမိကိုယ်ကို သံတိုင်,သံခဲ ကျောက်တိုင်,ကျောက်ခဲ သဖွယ် မှတ်ထင်ကြ၏။

ငါ၌လည်း မလွဲကေန် ဤဒုက္ခမျိုးတွေ့ကြုံလတ္တံ့၊ကျောက်ရောဂါ, ဝမ်းရောဂါ, အဖျားကြီး, အနာကြီး ရောဂါမျိုးစုံ တွေ့ကြုံပြီးပုဂ္ဂိုလ်ချည်းပင် အများဖြစ်ပေ၏။ ကိလေသာကာမ မကုန်သမျှ အနာဂတ်ကာလ၌ ရချတွေ့ကြုံရကုန်လတ္တံ့။

ယခုကာလ၌ဒုက္ခမျိုးမည်မျှလောက်များသည်ကိုစဉ်းစားသင့်၏၊ဘယဆေးဆိုင်, ဆေးတိုက်, ဆေးရုံတွေ၌ ဆေးအမျိုးမျိုးတို့သည် ဤဗျာဓိဒုက္ခအတွက် စောင့်ရှောက်ဘို့ အသင့်ထားကြ

ရသည် မဟုတ်ပါလော၊ သို့သော် ဤတိုင်အောင် စဉ်းစားသူ ရှားလှ၏။ ဥာဏ်ရှိသူတို့ကား ကိုယ်သို့ ရောက် လတ္တံ့ဟုပင် ဆင်ခြင်မိကြ၏၊ အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ သဘော သည်ပင် သက်သေဖြစ်၏။

မရဏဒုက္ခ။ ။မိမိသို့ မချွတ်မယွင်း ကျရောက် လတ္တံ့သော မရဏ ဒုက္ခကို ကြိုတင်၍ သိလျှင် မချိအောင် ပင်ပန်း၍ မစားနိုင်, မအိပ်နိုင် ဖြစ်လတ္တံ့၊ ရာဇဝတ် အပြစ်ဒဏ် ကြောင့် စက်တိုင်သို့ တက်ရခါနီး၌ မည်သို့နေလိမ့်မည်ကို စဉ်း စားတို့ဖြစ်၏၊ ညီတော်တိဿ မင်းသား နှလုံးထားလွဲ၍ သိရိဓမ္မာ သောကမင်းကြီး ပရိယာယ်ဖြင့် ညီတော်အား ခုနစ်ရက်ကြာလျှင် သင်မင်းသားအား သတ်မည်ဟု အမိန့်အာဏာထား၏၊ခြောက် ရက်မြောက်သော နေ့၌ အကျဉ်းထောင်မှ ထုတ်၍ မင်းသား ၏ သဘောကို မေးသည့်အခါ တိဿမင်းသားက ''အရှင်မင်း ကြီး ကျွန်ုပ် ခုနစ်ရက်ကြာလျှင် သေရမည်ဖြစ်၍ ကောင်းစွာ မ စားနိုင်ပါ၊ မအိပ်နိုင်ပါ၊အထူးပင်ဆင်းရဲလှပါသည်''ဟုလျှောက် ထားသည်ကို စဉ်းစား၍ မရဏဒုက္ခ ကြီးကြောင်းကို သိသင့်၏။

ယခုလူတို့အတွက်မှာ သေခြင်းလျှင် အဆုံးရှိသော ကာယိက ဒုက္ခနှင့် တွေ့ကြုံသော အခါ ပူတပါးတို့အား နှုတ်ဖြင့်ပြန်၍ မ ပြောနိုင်အောင် အကြီးဆုံးသော ဆင်းရဲခြင်းဖြင့် ဆင်းရဲခံရ လေ၏၊ ထိုဆင်းရဲကို ဥာဏ်ရှိသူတို့သာ သိနိုင်ရာ၏၊ ဤမရဏ ဒုက္ခနှင့်ကား နတ်,ဗြဟ္မာ ဖြစ်ကြသော်လည်း မလွတ် နိုင်ပေ၊ ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်, အာဇာနည်တို့မှတပါး အ လုံးစုံသော သတ္တဝါတို့သည် သေခြင်းဘေးမှ ကြောက်ရွံ့ကြ ကုန်၏။ ဤကြောက်ရွံ့ဘို့ကောင်းသော အပြစ်တို့သည် ကာ မာဒီနဝ မည်ကုန်၏။

အပါယဒုက္ခ။ ။ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဘုံ၌ ဖြစ်ကြကုန်သော အပါယ်သားသား သတ္တဝါအများတို့ ခံစား၍နေ

ရသော ဒုက္ခသည်ကား အဆိုးဆုံးသော ဒုက္ခပေတည်း၊ တိရစ္ဆာန် ပြိတ္တာ, အသုရကာယ် ဘုံ၌ ဖြစ်သော သတ္တဝါတို့သည်ကား အချို့ သက်သက်သာသာ ဖြစ်ကြ၏။ နဂါးမင်း ဂဠုန်မင်းတို့ကား သာမန်လူတို့၏ စည်းစိမ်ထက် သာ၏၊ သို့သော်လည်း ပညာရှိတို့ ခံစားလိုသော စည်းစိမ်မဟုတ်၊ စည်းစိမ် ကြီးသလောက် ဆင်းရဲကြီးသော သဘောမျိုး ဖြစ်၏၊ အချို့ ကာလကဉ္စက ပြိတ္တာတို့သည် အချို့ ငရဲဒုက္ခနှင့် တန်းတူလို ဖြစ်ကြ၏။

ငရဲဒုက္ခသည်ကား အကြီးဆုံးသော ငရဲ၌ အကြီးဆုံးသော ဆင်းရဲဖြစ်၏၊ ငရဲသူ, ငရဲသားတို့၏ အဆင်းကို ပကတိလူတို့မြင်ရလျှင် အရူ,အသည်း ပြောင်းပြန်လန်လျက် လတ်တလောခြင်း သေလောက်သည့် အဆင်းသဏ္ဌာန်တို့သာ ဖြစ်ကုန်၏၊ ၎င်းတို့၏ ပင်ပန်းကြီးစွာ ငိုကြွေး မြည်တမ်းသော အသံကို ပကတိလူတို့ ကြားရလျှင် နားကွဲ၍ သေလောက်အောင် ပြင်းထန်ဆိုးဝါးလှပေ၏၊ ၎င်းတို့၏ အနံ့သည်လည်း ပကတိလူတို့ လတ်တလော သေကျေပျက်စီးလောက်သော အနံ့တို့သာ ဖြစ်ကုန်၏။ ၎င်းတို့၏ တံတွေးရည်, နှာရည်ထိလျှင် ထိရာအရပ်၌ မီးဟုန်းဟုန်း ထ၍လောင်ကျွမ်းနိုင်သော သဘောသတ္တိ ရှိကြ၏။ ငရဲသူ, ငရဲသားတို့၏အာရုံငါးပါးသည် ပကတိလူတို့အား လတ်တလော သေစေနိုင်သော အစွမ်းသတ္တိ ရှိကုန်၏။

၎င်းငရဲကြီးတို့ကား သဉ္ဇိဝ, ကာဠသုတ်, သင်္ဃာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိအားဖြင့် ရှစ်ထပ်ရှိ၏။ အရာမ် ငရဲငယ်လေးချ,လေးချစ်ရှိ၏။ ထိုငရဲတို့၌ဖြစ်ပျက်၍ ဆင်းရဲသောအခြင်းအရာတို့ကို ဟောပြော၍ မကုန်နိုင်ပေ၊ အဝီစိ ငရဲ၏ သာမည လက္ခဏာကား မီးလျှံ အပေါက်အကြား မရှိခြင်း ဒုက္ခခံရသော ငရဲသားတို့ ပြည့်ကြပ်နေသဖြင့် အပေါက် အကြားမရှိခြင်း၊ ဆင်းရဲဒုက္ခမပြတ်ဖြစ်နေသဖြင့် ဆင်းရဲ အပေါက်အကြားမရှိခြင်း၊ ဤသုံးပါးတည်း၊ ငရဲသားတို့ ကြပ်နေသဖြင့် အပေါက်အကြားမရှိသော်လည်း သစ်တုံးကို သံနှင့် ရိုက်တိုင်း

ရိုက်တိုင်း သစ်တုံးထဲသို့ ဝင်သကဲ့သို့ အပ်ဖိုင်ရဲသို့ ကျတိုင်း ကျတိုင်းသောငရဲသားတို့ ဝင်ဆန့်၏။ ဤသို့ ငရဲကြီးရှစ်ထပ်နှင့် အာရာမ်ငရဲငယ်တို့၌ ကျရောက်၍ ခံစားရသော ဒုက္ခဆင်းရဲ အပြစ်ဟူသမျှသည် ကာမာသေနဝ မည်၏၊ လောက၌အချုပ် ထောင်ရှိခြင်းကြောင့် အချို့လူမိုက်များ လူလိမ္မာဖြစ်ကြသကဲ့ သို့ဤငရဲကြီးများရှိသဖြင့် အချို့လူလိမ္မာတို့ အရိယာဖြစ်ကြပေ သည်။

**အတီတေ ဝဋ္ဋမူလက ဒုက္ခ။** ။အတိတ်ဘဝတို့၌ ဆင်းရဲ တာရှည် ခံစားခဲ့ရသည်ကို

အနမတဂ္ဂ သုတ္တန်ကို ဆင်ခြင်စဉ်းစားခဲ့လျှင် သိနိုင်၏၊မဆင်းရဲဘူး သေးဟု ထုတ်ဖေါ်ပြောဆိုဘွယ်ရာ မရှိပေ၊အဆိုးဆုံး ဆင်းရဲတွေ နှင့် တွေ့ကြုံခဲ့ရသည်မှာ ထပ်တလဲလဲပင် ဖြစ်ပေ၏၊ ထိုသုတ္တန် ကို အကြွက်မျှ ထုတ်ဆောင်ပြဦးအံ့—

[သံယုတ်-၂] အနမတဂ္ဂါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ န ပညာယတိ၊ အဝိဇ္ဇာနီဝရ ဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။

**အနက်။** ။ရဟန်းတို့၊ခန္ဓာ,အာယတန,ဓာတ်တို့၏ မပြတ် ဖြစ်ရာ ဤသံသရာသည် မသိအပ်သော အစရှိ၏၊ သိအပ်သော အစကား မရှိပေ၊ အစမရှိသည်ကို သိ၏ဟု ဆို လိုသည် အဝိဇ္ဇာနီဝရဏ,တဏှာသံယောဇဉ်တို့ ရှိကြ၍ ဤဘဝ မှ ထိုဘဝသို့ ပြောင်းရွှေ့ ပြေးသွားကုန်သော သတ္တဝါတို့၏ စ၍ဖြစ်ရာ ရှေးအစွန်းသည် မထင်ရှားပေ။

အနည်းငယ်ချဲဦးအံ့၊ပရမတ္ထသဘောအားဖြင့် ပဋိစ္စသမုပ္ပါဒ် အတိုင်း ဖြစ်၍ အဝိဇ္ဇာ,သင်္ခါရ စသည်ဖြင့် လှည့်အပ်သော စက်၌ ဒေ စမရှိသည်မှာ ထင်ရှားပေ၏၊ "နီဝရဏာနံ သတ္တာနံ" ဟူသော စကားတော်ဖြင့် သစ်စေ့က သစ်ပင်ဖြစ်၊ သစ်ပင်က သစ်စေ့ဖြစ်သကဲ့သို့ အစမရှိခဲ့ပေ၊ဂင်းအနမတဂ္ဂသုတ်၌ ယော

ပြသည်မှာ၊ အမိအဆက်ဆက် အစမရှိခဲ့ပေ၊ဥပမာ ဤဇမ္ဗူဒိပ် တကျွန်းလုံး၌ ပေါက်ရောက်သော သစ်ပင်အပေါင်းကို မျက်ပင်မှ မကျန်ရအောင် အားလုံးကုန် လှဲနှုတ်၍ လက်လေးသစ်ခန့်ဖြတ်၊အစိတ်စိတ် စိတ်၍ မိုယ်းပါးနိုးအောင် အစုအပုံကြီးပြု၊ရင်းအစုအပုံကြီးအထဲမှ တခုစီ တခုစီ ယူပြီးလျှင် ဤဟာငါ၏အမိ,ဤဟာ ငါ့အမိရဲ့-အမိ၊ဤသို့စသည်ဖြင့် ဆက်ခါ-ဆက်ခါ လက်လေးသစ်ခန့်သစ်သားဖြင့် ချ၍ချ၍ ရေတွက်ခဲ့သော် ထိုမိုယ်းပါးနိုးသော သစ်သားမြက် အစုအပုံကြီးသာ ကုန်ရာ၏၊အမိအဆက်ဆက် မကုန်နိုင်ရာဟု ဟောသော ဘုရားရှင်၏ စကားတော်အတိုင်းပင် သတ္တဝါတို့ဖြစ်ရာ အစမရှိသည်ကို ဘုရားရှင်၏ စကားတော်ကို ယုံကြည်သဖြင့် ကေန်သိရပေ၏။

ကမ္ဘာပေါင်း ဘယ်နှစ်သင်္ချေ ဘယ်မင်းလက်ထက်က သတ္တဝါတို့သည် အစပြု၍ ဖြစ်သည်ဟူ၍မရှိ၊ စင်စစ်မှာ အနန္တဉာဏ် ရှိတော်မူသော ဘုရားရှင်သည် သတ္တဝါအနန္တတို့၏ ဖြစ်ရာအစ မရှိသည်ကိုပင် အမှန်အတိုင်း သိတော်မူ၏၊ ဤလို အစမထင် သံသရာအစဉ် မပြတ်လေအောင် ဆွဲဆောင်ခဲ့သော တရားသည်ကား အခြားမဟုတ်ပေ၊သမုဒယခေါ် တဏှာတရားပင် ဖြစ်ပေ၏။ထိုစကားမှန်၏—

တဏှာယ နိယုတိ လောကော, တဏှာယ ပရိကဿတိ၊
တဏှာယ ဧကဓမ္မဿ, သဗ္ဗေဝ ဝသ မန္ဝဂူ။

**[သဠာယတနဝဂ္ဂ-သံယုတ်]**

**တဏှာနှင့်လောက။** ။တဏှာသည် သတ္တလောကကို ဆောင်အပ်၏၊တဏှာသည် သတ္တလောကကို ဆွဲငင်အပ်၏၊တဏှာဖြစ်သော တခုသောတရား၏ အလိုနိုင်ငံသို့ အလုံးစုံသော သတ္တဝါသင်္ခါရတို့သည် အစဉ်လိုက်ကြရကုန်၏။ တဏှာသည်လည်း စိတ်နှင့် တရံတခါမျှ ကင်း၍ မဖြစ်ခဲ့ပေ၊သို့ဖြစ်၍ စိတ်သည်လည်း တဏှာကဲ့သို့ သံသရာအစဉ် မပြတ်အောင် ဆွဲဆောင်တတ်၏။

စိတ္တေန နီယတိ လောကော, စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ, သဗ္ဗေဝ ဝသ မန္ဝဂူ။

[**သဂါထာဝဂ္ဂ—သံယုတ်**]

**ဓိတ်နှိုးလေ့ကား။** ။စိတ်သည် သတ္တလောကကို ဆွဲဆောင်အပ်၏၊ စိတ်သည် သတ္တလောကကို ဆွဲငင်အပ်၏၊ စိတ်ဟူသော တခုတည်းသောတရား၏ အလိုနိုင်ငံသို့ အလုံးစုံသော သတ္တဝါ သင်္ခါရတို့သည်သာလျှင် အစဉ်လိုက်ကြရကုန်၏။ ။ဤသို့ ကျင်လည်ခဲ့ရာ တဏှာယုတ်ကို မထိန်းအုပ်နိုင်သဖြင့် စက်ဆုပ်ဖွယ် ဒုက္ခဝဋ်တို့ကို ထုတ်ပြဦးအံ့—

ကဿပဘုရားရှင်၏ သာသနာနှောက်ပိုင်း၌ ကျောင်းထိုင် ဘုန်းကြီးနှင့် ငှင်းပင် အာဂန္တုရဟန်းတို့အား မကြည်ညိုနိုင်အောင် လှုံ့ဆော်တိုက်တွန်းသဖြင့် သဘောဘူကျင့်ခဲ့သော ကျောင်းဒါယကာတို့သည် ဘဝပြောင်း၍ ပြိတ္တာတွေဖြစ်ကြပြီး ရာဇဂြိုဟ်ပြည်အရှေ့ ဆိမ်သာအနီး၌ ဘုန်းကြီးကားအောက် ကျောင်းဒါယကာ ကား အထက်က စီးလျက် မစင်ကို စား၍ နေခိုက် အရှင်မောဂ္ဂလာန်က မေးတော်မူသဖြင့် ပြိတ္တာတို့က လျှောက်ထားသည်မှာ—

ယံ ဘုဉ္ဇေ ဟာဒန္တဿ,ဇေတံ မေ ဟောတိ ဘောဇနံ၊
အဟဉ္စ ခေါ ယံ ဟာဒါမိ,ဇေတံ သော ဥပဇီဝတိ။

[**ဂူထခါဒကပေတဝတ္ထု**]

**ဂူထခါဒက ပြိတ္တာ။** ။အရှင်ဘုရား၊ တပါးကုန်သော သူတို့သည် အကြင်မစင်ကို စွန့်ကုန်၏၊ ထိုသူတပါးတို့ စွန့်အပ်သော မစင်သည် အကျွန်ုပ်၏ အစာဖြစ်ပါ၏၊ အကျွန်ုပ်သည်လည်း အကြင်မစင်ကို စွန့်၏၊ ဘုန်းကြီးဖြစ်ခဲ့ဘူးသော ဤပြိတ္တာသည် ထိုအကျွန်ုပ် စွန့်ခဲ့သော မစင်ကျင်ကြီးကို မှီ၍ အသက်မွေးရ၏၊ ။ဤသို့ စက်ဆုပ်ဖွယ် ဖြစ်သော မစင်ကျင်ကြီးကို စားသုံး၍နေသော ပိုးလောက်တို့ သည် မြို့ ပြ ပြည်ရွာ နိုင်ငံနှင့်အမျှ ရှိကြောင်းကို စဉ်းစားသော

ပုဂ္ဂိုလ်တိုင်း သိရှိကြ၏၊ ထိုအဖြစ်မျိုး ငါတို့ကားမဖြစ်ဟု ဘယ်သူတယောက် ထုတ်ဖော်၍ ဝန်ခံနိုင်အံ့နည်း။

တမျိုးအားဖြင့် လူ့လောက၌ ဥစ္စာပစ္စည်းရလျှင် ဖြိုးစတန်းအနေမျိုးဖြင့် တရားနှင့်ညီသည်၊မညီသည်ကို သဘောမထား၊ ရရှိသော ဥစ္စာပစ္စည်းကိုလည်း မပေးကမ်း မလှူဒါန်းဘဲ သေပွဲသို့ဝင် ပြိတ္တာမ ဖြစ်စဉ် ပင်ပန်းစွာ ငိုကြွေး မြည်တမ်းဘူးသည်မှာ—

မယံ ဘောဂေ သံဟရိမှာ, သမေန ဝိသမေနစ၊
တေ အညေ ပရိဘုဉ္ဇန္တိ,မယံ ဒုက္ခဿ ဘာဂိနီ။ ။

[ဘောဂသံဟရပေတဝတ္ထု]

[အနက်] ဘွာ ဒီဒာ။ ။အိုလူအပေါင်းတို့၊ ငါတို့သည် တရားနှင့် ညီမျှသဖြင့်ရင်း, တရားနှင့် မညီမျှသဖြင့်ရင်း စည်းစိမ်ဥစ္စာတို့ကို စုဆောင်းသိမ်းဆည်း၍ ထားခဲ့ကုန်ပြီ၊ ထိုစည်းစိမ်ဥစ္စာတို့ကို ငါတို့မှတပါးကုန်သော သူတို့သည် သုံးဆောင်ခံစားကြကုန်ပြီ၊ ငါတို့သည်ကား ဆင်းရဲခြင်း ဒုက္ခ၏ အဘို့သာ ရှိပေကုန်ပြီ။ ။ဤသို့ တမလွန်ဘဝသို့ ရောက်သောအခါ မိမိမှာ ပြိတ္တာမ ဖြစ်၍ ဒုက္ခကို ခံစားနေရကား ပြိတ္တာမ၏ ငိုကြွေးမြည်တမ်းရခြင်းသည် ကာမ၏ အပြစ်ပင် ဖြစ်၏။

ဒုက္ခများခဲ့ပုံ။ ။လွန်လေပြီးသော ဘဝသံသရာက သောက်စို့ခဲ့ရသော အမိ၏ နို့ရည်အပေါင်းသည် မဟာသမုဒ္ဒရာလေးစင်းရေထက် များ၏၊ လူဖြစ်၍ အသတ်ခံရသဖြင့် ကိုယ်မှထွက်သော သွေး ကြက်,ဝက်,နွား,ကျွဲ ဖြစ်၍ လည်ပင်းကို ဖြတ်သဖြင့် ထွက်သောသွေးများလည်း မဟာသမုဒ္ဒရာ လေးစင်းရေထက်များ၏။ အမိသေ၍ငိုကြွေးရသော မျက်ရည်,အဘသေ၍ငိုကြွေးရသောမျက်ရည်, သားသေ,သမီးသေ, အိမ်ထောင်ဘက် စသောသူတို့သေ၍ ငိုကြွေးရသောမျက်ရည်သည်လည်း မဟာသမုဒ္ဒရာလေးစင်း၌ရှိသော ရေတွေထက် များပေ၏။

ကောသေ ပိဝိတံ ခီရံ,စတုဒ္ဒိပေသာ ဗဟုံ၊
စတုဒ္ဒိပေသာ ဘိယျော, သိသင့်္ဆေ ဒန လောဟိတံ၊
ကောသေ ရုဒသာ အံသုံ စတုဒ္ဒိပေသာ ဗဟုံ။

[သံယုတ်ပါဠိတော်]

**ထပ်တံလန့်ဘွယ်း။** ။တယောက်သော ပုဂ္ဂိုလ်၏ သောက်ဖို့ အပ်သော နို့ရည်သည် မဟာသမုဒ္ဒရာလေး စင်း၌ရှိသော ရေထက် များပြား၏၊ဦးခေါင်းကို အဖြတ်ခံရခြင်း ကြောင့်ဖြစ်သော သွေးသည် မဟာသမုဒ္ဒရာလေးစင်း၌ ရှိသော ရေထက် များပြား၏၊ငိုကြွေးရသော ပုဂ္ဂိုလ်တယောက်၏ မျက် ရည်သည် မဟာသမုဒ္ဒရာလေးစင်း၌ရှိသော ရေထက် များပြား ၏။ ။မည့်မျှလောက် ပင်ပန်းဆင်းရဲခဲ့သည်ကို ဥာဏ်ကုန်သွတ်၍ စဉ်းစားပါ၊ ငိုကြွေးရတိုင်း စိတ်ဆင်းရဲမှု,ကိုယ်မှ သွေးများ ထွက်တိုင်း ကိုယ်ဆင်းရဲမှုတို့ကို ထပ်တလဲလဲ ခံခဲ့ရသည်ကို သိနိုင်ပါလော့။

ထိုသို့ ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားခဲ့ရခြင်းသည်လည်း ကာမ ၏ လက်ချက် ကာမ၏ အပြစ်သာ အမှန်ဖြစ်ပေ၏၊ ယခုပြခဲ့ သော ဒုက္ခအပေါင်းသည် ဒုက္ခအဆန်းမဟုတ်၊ ပုထုဇန်မှန်သမျှ မည်သူမျှ မလွတ်ခဲ့သော ဒုက္ခမျိုးတွေသာတည်း၊တမျိုးအားဖြင့် သေ၍သေ၍ အရိုးများကို စုပေါင်းပြန်သော် တောင်ပုံလောက် ရှိလေသည်။

ကေသောသေန ကပ္ပေန,ပုဂ္ဂလသ္သ သန္ဓာယော၊
သိယာ ပဗ္ဗတသမော ရာသိ,ဣတိ ဝုတ္တံ မဟေသိနာ။

[သံယုတ်ပါဠိတော်]

**နှိုင်းယှဉ်ချက်။** ။တခုသော မဟာကပ်-ကမ္ဘာဖြင့် တ ယောက်ထည်းသော ပုဂ္ဂိုလ်သတ္တဝါ၏ အရိုး အပေါင်းသည် ဝေပုလ္လတောင်,ဝေပုလ္လတောင်မျှလောက် ရှိ၏၊ ဤနှိုင်းယှဉ်မှုသည် တကမ္ဘာအတွက်သာ ဖြစ်သည်၊ ကမ္ဘာ

ပေါင်းကား အသင်္ချေပေါင်း အသင်္ချေမက များလှ၏ဟု ဘုရား ရှင် ဟောကြားတော်မူခဲ့ပေသည်။ ထိုဂိလ္လကုဋ္ဌတောင်, ဝေပုလ္လ တောင်တို့သည် ရာဇဂြိုဟ်ပြည်ကြီးကို ဝန်းရံလျက် တည်နေ သော တောင်ငါးလုံးတို့၌ အပါအဝင်ဖြစ်၏၊ မျက်မြင်အားဖြင့် ဆိုသော် မန္တလေးတောင်အောက် မနိမ့်ပေ၊ (ထိုအရိုးစု အပေါင်းသည် အလွန်းကြီးသော ယူဇနာငါးရာ့တဆောင် ရှိ သော သမုဒ္ဒရာ၌ဖြစ်သော သတ္တဝါတို့၏ အရိုးကြီးများ မဟုတ် ဟု အဋ္ဌကထာ၌ အဆိုရှိ၏၊ အရိုးမရှိသောသတ္တဝါ ဖြစ်ခိုက် လည်း မပါကြောင်း ထင်ရှားပေ၏)။

**အနမတဂ္ဂသံသာရ ဒုက္ခ။** ။ဖြစ်လတ္တံ့သော အနာဂတ်ဒုက္ခ ဟူသည်မှာ- သံသရာရှည်သမျှ အ တိတ်ကာလ၌ ဖြစ်ခဲ့ပြီးသော ဒုက္ခမျိုးနှင့် ထူးခြားခြင်း မရှိတော့ ပေ၊ ထပ်တလဲလဲ ထိုဒုက္ခမျိုးနှင့်သာ တွေ့ကြုံရမည် ဧကန်ဖြစ် ၏။ ဇာတိဒုက္ခ,ဇရာဒုက္ခ,ဗျာဓိဒုက္ခ, မရဏဒုက္ခ, အပါယဒုက္ခ ဤဒုက္ခ,မျိုးနှင့်သာ အပေါင်း အပေါ်ပြု၍ သွားရပေမည်၊ အ ကယ်၍ မပြေ စကောင်း မိဘမိုက်, ဆရာမိုက်, မိတ်ဆွေမိုက်တို့ နှင့် အလိုက်သင့် သွားခဲ့သော် နိရယခါဏချခေါ် ငရဲ သစ်ငုပ် ဖြစ်ဘို့သာ ရှိတော့၏။ ထိုစကားမှန်၏၊ ဘုရားရှင်တို့ အဆူဆူ ပွင့်၍ချွတ်သော်လည်း မကျွတ်နိုင်သော နိယတမိစ္ဆာဒိဋ္ဌိဖြစ်အံ့၊ ဆိုင်ရာစကြာဝဠာတို့ကို မီး,ရေ, လေ ဖျက်၍ ပျက်သောအ ခါ၊ တပါးသူတို့ကား မီး,ရေ,လေ မဖျက်ဆီးနိုင်သော အထက် အထက် ပြဟ္မာဘုံတို့သို့ ကပ်အားလျော်စွာ ကူးပြောင်း၍ နေ ခွင့် ရကြပေ၏။

ထိုနိယတ မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ် တို့သည်ကား စကြာဝဠာတပါး ကောင်းကင်တို့၌ ကြီးစွာသောဒုက္ခကို လူးလာ ပြန်ခေါက် ပြေးလွှား၍ ခံရကြောင်း ကျမ်းဂန်တို့၌ ရှိပေသည်၊ အရိုးခံပုဂ္ဂိုလ် တို့မှာကား အတိတ်က ခံခဲ့ရသော ဒုက္ခမျိုးကဲ့သို့ ရာဂကို မ

ပယ်သတ်နိုင်အံ့ ရလတ္တံ့သော ဒုက္ခအပေါင်းကို ဘုရားရှင်သည် အောက်ပါအတိုင်း သတ်မှတ်မိန့်ကြားတော်မူသည်။

အာယတိံ ပိ အတိတေ ဝ, သံသရန္တ သပေက္ခသတိ၊
ဂဗ္ဘံ ဟန္တွ မနိဟာစေ, စိရံ တပ္ပ သုစ လောပိတံ။

**အဓိပ္ပာယ်တွဲ့ချက်။** ။နောင်လာလတ္တံ့သော ဘဝအဆက်ဆက်၌လည်း တဏှာရာဂကို ပယ်သတ် ခြင်းငှါ အားမထုတ်သည်ရှိသော် ဘုံသုံးပါး၌ ကျင်လည်လတ္တံ့သော သင်တယောက်ထည်း၏ သောက်စို့အပ်လတ္တံ့သော နို့ရည်သည်ဂင်း, မျက်ရည်သည်ဂင်း, သွေးသည်ဂင်း အတိတ်ကာလ၌ကဲ့သို့ ဖြစ်လတ္တံ့သာတည်း။ ဉာဏ်မရှိက မစဉ်းစားနိုင်၊ ဉာဏ်ရှိ၍ စဉ်းစားပါလျှင် တဏှာချင်းနှင်လျက် နေရလတ္တံ့၊ နှင်ဆဲနှိပ်စက် ကိုက်သတ်တတ်သောကျားကဲ့ကျားဟုထင်လျှင် အမှန်ပင် ကြောက်ထိပ်လန့် လတ္တံ့၊ ကျားကဲ့ နွားထင်လျှင် ကြောက်ထိပ်လန့်ခြင်း ကင်းသကဲ့သို့တည်း။

**မင်္ဂလာဒုက္ခသစ္စာ၊ ပဒီပေသ္စ္ကိစ္စာနုသာသနာ ရှင်း။** ။ဖြစ်ပေါ်ပြန် ဘဝ၌နေကို, ထိုင်ကို, ဝတ်ကို, စားကို ရှားဖို့ရခြင်းလျှင်အကြောင်းရင်းရှိသော ဒုက္ခသည် ကြီးကျယ်လှ၏၊ ကိုယ်ဖြင့်ဂင်း နှုတ်ဖြင့်ဂင်း, နေ့ရောညဉ့်ပါ ပင်ပန်းကို ရှာဖွေကြရာ သေးငယ်လွယ်ကူသော ကိစ္စမဟုတ်ပေ၊ လယ်ထွန်, ယာခုတ်, ကိုင်းအလုပ်သည်လည်း ဒုက္ခကြီးလှ၏၊ ရောင်းဝယ် ကုန်သည်အပေါင်းတို့သည်လည်း ဆင်းရဲပင်ပန်းလှ၏၊ စာရေး စာချီ, မြို့အုပ်မြို့ချုပ်စသော ပညာစွမ်းဖြင့် ပင်ပန်းရသူကို ပြုလုပ်ကြသူတိုင်းလည်းဆင်းရဲပင်ပန်းလှ၏။

နိုင်ငံကို အုပ်ချုပ်၍ မင်းလုပ်ရသူတို့အဘို့မှာ တပါးသောသောကတို့ထက် ပို၍ မိတ်ဒုက္ခရောက်ကြရ၏၊ နေ့စဉ်နှင့်အမျှ ကိုယ်စိတ်ငြိမ်း၍ ဆင်းရဲမှုကို ခံစားရသော ပုဂ္ဂိုလ်ချည်း ဖြစ်၍ စဉ်းစားဉာဏ် မဝင်နိုင်သဖြင့် ဆင်းရဲသည်ဟု မထင်ကြပေ။

ဥပမာအားဖြင့် အပြစ်ကြီးရ၍ နှစ်ကြီးကျသော ထောင်သားတို့ကဲ့သို့ပင်တည်း၊ ထိုသူတို့သည် ထောင်မကျမီ ကြောက်ကြရပေသည်၊ ငွေကုန်ကြေးကျခံလျက် ထောင်မကျရန် ငွေမျိုးသားချင်းတို့ပါ ဝိုင်းပန်း၍ အားထုတ် ဆောင်ရွက်ကြသည်၊ မလွတ်နိုင်သဖြင့် ထောင်ကျ၍ ခြောက်လ, သို့မဟုတ် တနှစ်ခန့်ကြာသောအခါ၌ကား ကိုယ့်ကိုယ်ဟု နှစ်လုံးပြု၍ နေ့စဉ် အလုပ်လုပ်ကြရ၏၊ ထိုအခါ သူ့ကြည့်လည်းကိုယ့်လို ကိုယ့်ကြည့်လည်း သူ့လို ဖြစ်နေသဖြင့် ဆင်းရဲဒုက္ခဟု မထင်ကြတော့ပေ၊ စင်စစ် ဆင်းရဲလှ၏၊ အနန္တစကြဝဠာနေ အားလုံး သတ္တဝါတို့သည် အာဟာရအတွက် ရှာမှီးရခြင်းလျှင် အကြောင်းရင်းရှိသော ဆင်းရဲဒုက္ခနှိပ်စက်ကြောင်းကို ဉာဏ်ရှိသူတို့ အမှန်သိနိုင်ကုန်ရာသည်၊ ဤဆိုခဲ့ပြီးသော ဒုက္ခအပေါင်းတို့သည် ကာမ၏ အပြစ်တို့သာတည်း။

သံဝေဂဝတ္ထု ၂၅ ပါး ပြီး၏။

ပျက်စီးခြင်းငါးပါး။ ။ဗျသန တရားကိုပြဦးအံ့၊ ဗျသနတရားသည် ဉာတိဗျသန, ဘောဂဗျသန, ရောဂဗျသန, သီလဗျသန, ဒိဋ္ဌိဗျသန အားဖြင့် ငါးပါးရှိ၏၊ ထိုငါးပါးတို့တွင် သား, မယား, မိဘ စသော ဆွေမျိုးတို့၏ ပျက်စီးခြင်းသည် ဉာတိဗျသနမည်၏၊ ဥစ္စာပစ္စည်း ဆုံးရှုံး ပျက်စီးခြင်းသည် ဘောဂဗျသနမည်၏၊ မျက်စိရောဂါ,နားရောဂါ စသော ရောဂါဟူသမျှသည် ရောဂဗျသနမည်၏၊ ဤသုံးပါးသော ဗျသနတရားနှင့် တွေ့ကြုံရသောအခါ လွန်လွန်မင်းမင်း ပူပင်သောကရောက်၍ အချို့မှာ ရူးသွပ်ခြင်းသို့ရောက်ကြရသည်၊ ဤသို့ကြီးကျယ်စွာ ဆင်းရဲဒုက္ခကို ရခြင်းသည်လည်း ကာမ၏ အပြစ်ပေတည်း။

ကျင့်မြဲတိုင်းသော ကိုယ်ကျင့်သီလ ပျက်စီးခြင်းသည် သီလဗျသနမည်၏၊ မိစ္ဆာ အယူမှားသို့ ရောက်၍ ဖေါက်ပြန် ပျက်စီး

ခြင်းသည် ဒိဋ္ဌိဗျာသနမည်၏၊ ဤနှစ်ပါး၏ ပျက်စီးခြင်း၌ အသိဉာဏ် ဖြစ်ပေါ်လာအံ့၊ ယခု ပစ္စုပ္ပန်ဘဝ၌ပင် စိတ် ဆင်းရဲခြင်း ဖြစ်ရ၍ တမလွန်ဘဝ အပါယ်သို့ရောက်ရှိသောကာ လ၌သည်း ကိုယ်,စိတ်နှစ်ပါးတို့၏ ဆင်းရဲခြင်းသည် အကြီးဆုံး သော ကာမ၏ အပြစ်ပင်တည်း။

ဤဗျာသနတရား ငါးပါးတို့တွင်ရှေးသုံးပါးသည် အတိတ်က ကိ လေသာ ကာမကြောင့် ဖြစ်ပေါ်၏၊ နောက်နှစ်ပါးသည် ပစ္စုပ္ပန် ကိလေသာကာမနှင့် အတူတကွ ဖြစ်ကြ၏၊ ဤသီလ, ဒိဋ္ဌိဗျာသန နှစ်ပါးကြောင့် လာလတ္တံ့သော ဘဝအဆက်ဆက်တို့၌ ဉာတိဗျ သန, ဘောဂဗျာသန,ရောဂဗျာသန တရားသုံးပါးတို့နှင့် တွေ့ကြုံရ လတ္တံ့၊ ဤသည်လည်း ဆက်စပ်သော ပဋိစ္စသမုပ္ပါဒ်စက်တခုဖြစ် သည်ဟုဆိုသင့်၏၊ အကြောင်းဗျာသနနှစ်ပါး၊ အကျိုးဗျာသနသုံးပါး ပေါင်းငါးပါးဖြစ်၏၊ တမျိုးအားဖြင့် သဏ္ဍာဝါတိုင်း မကင်းသော ဒုက္ခတည်း၊ မျက်မြင်လည်းထင်ရှားလှ၏။

ဒဟာရစာပိ ယေ ဝုဍ္ဍာ, ယေစ ပါလာ ယေစ ပဏ္ဍိတာ၊
အဍ္ဍာစေဝ ဒလိဒ္ဒါစ,သဗ္ဗေ မစ္စုပရာယနာ။
သဗ္ဗာ သတ္တာ ဓိပ္ပတ္တိ ပရိယောသာနာ။

[ဓာတ်အဋ္ဌကထာ ။

သေခြင်းတရား။ ။အကြွင်ငယ်ကုန်သော သူတို့သည်၎င်း, ကြီးကုန်သောသူတို့သည်၎င်း,မိုက်မဲသော သူတို့သည်၎င်း’ ပညာဉာဏ်ရှိသော သူတို့သည်၎င်း, ကြွယ်ဝ ချမ်းသာသော သူတို့သည်၎င်း,ဆင်းရဲနွမ်းပါးသော သူတို့သည် ၎င်း ရှိကြကုန်၏၊အလုံးစုံသောထိုသူအပေါင်းတို့သည် သေခြင်း လျှင် လည်းလျောင်းရာ ရှိကုန်၏။ ။အလုံးစုံပြည့်စုံခြင်း ဟူသ မျှသည် ပျက်စီးခြင်းလျှင် အဆုံးရှိ၏။ အသက် တရာ မနေရသဖြင့် ယနေ့မွေးဖွားစကလေးကို အစထား၍ အနှစ်တရာ ကြာလျှင်ဤလူအပေါင်းသည်တယောက်မျှမရှိ လတ္တံ့၊ သို့သော်

နောက်ထပ်ဖွားမြင်မည့်ကလေးတို့ အလွန်များသဖြင့်ထိုထက်ပင် လူပေါများလတ္တံ့။ ဤသို့သေပျောက်ခြင်း’ ပြည့်စုံခြင်းမှ ပျက်စီးခြင်းသည်လည်း ကာမာဒီနဝပင် ဖြစ်ပေ၏။ ။သိမ်းခံသင့်, သိမ်းခံထိုက်သည်ကို သိမ်းမခံ၍ ရရှိသော အပြစ်သည်လည်း ကာမာဒီနဝ မဟုတ်ပါလော။

[အင်္ဂုတ္တရ-ဋီ] ပဉ္စမေ ဘိက္ခဝေ အာဒီနဝါ အက္ခန္တိယာ၊ ကတမေ ပဉ္စ၊ ဗဟုနော ဇနဿ အပ္ပိယော ဟောတိ အမနာပေါ၊ ဝေရဗဟုလောစ ဟောတိ ဝဇ္ဇဗဟုလောစ၊ သမ္မူဠ္ဟော ကာလံ ကရောတိ၊ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာဒီနဝါ အက္ခန္တိယာ။

**သိမ်းမခံပြစ်။** ။ချစ်သားရဟန်းတို့၊ သိမ်းမခံခြင်း၌ အပြစ်တို့သည် ဤ ငါးပါး တို့ တည်း၊ အဘယ်ပါးတို့နည်းဟူမူကား များစွာသော လူအပေါင်း၏(ဝါ)များစွာသော လူအပေါင်းသည် မချစ် မနှစ်သက်အပ်၊ ရန်များ၏၊ အပြစ်များ၏၊ တွေဝေ မိန်းမောလျက် သေရ၏၊ သေသည်မှ နောက်၌ ချမ်းသာကင်း၍ ပျက်စီးကျရာဖြစ်သော ငရဲ၌ ဖြစ်ရ၏။ ။သိမ်းခံသင့်သည် ကို သိမ်းခံသည်ရှိသော် ဤငါးပါးသော အပြစ်တို့မှ ကင်းလွတ်၍ အပြန်အားဖြင့် အကျိုးငါးပါး ရရှိမည်ကို ပညာရှိတို့ သိနိုင်ကုန်ရာသတည်း။

**ကာမာဒီနဝ**-ကာမ၏ အပြစ်သာလျှင် ရှိပါသလော၊ **ကာမဿာဒ**-ကာမ၌ သာယာခြင်း လုံးဝကင်းပါသလောဟု အမေးပြဿနာ ဖြစ်ပေါ်၍ လာသင့်ရကား ရှင်းလင်းဦးအံ့၊ အဿာဒ, အာဒီနဝ, နိဿရဏ-ဟု တရားသုံးပါး ရှိသည်၊ အဿာဒ= သာယာဘွယ် ဖြစ်ခြင်း, အာဒီနဝ=အပြစ် ဖြစ်ခြင်း, နိဿရဏ= ထွက်မြောက်ခြင်း ဤသုံးပါးသော တရားတို့ကို သဘာဝ**စဓ** တိုင်း သိဘို့ရန်မှာ---

[ပဋိသမ္ဘိဒါမဂ်] ယံ ခေါ ရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ၊ သုခံ သောမနဿံ၊ အယံ ရူပဿ အဿာဒေါ၊ ယံ ရူပံ အနိစ္စံ၊ တံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ၊ ယော ရူပသ္မိံ ဆန္ဒရာဂဝိနယော၊ ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ရူပဿ နိဿရဏံ။

**အနှစ်သုံးမြွ** စင်စစ်မှာ အကြင်ရုပ်တရားကို စွဲ၍ ချမ်းသာခြင်း, ဝမ်းမြောက်ခြင်း ဖြစ်၏၊ ဤသို့ ချမ်းသာ, ဝမ်းမြောက်ဖြစ်ခြင်းသည် ရုပ်တရား၌ သာယာမှု ဖြစ်ခြင်းပေတည်း၊ အကြင်ရုပ်တရားသည် အမြဲမရှိ ထိုအမြဲမရှိသော ရုပ်တရားသည် ဆင်းရဲ၏၊ ဖေါက်ပြန်ခြင်း သဘောရှိ၏၊ ဤသို့ မမြဲခြင်း, ဆင်းရဲခြင်း, ဖေါက်ပြန်ခြင်းသည် ရုပ်တရား၏ အပြစ်ဖြစ်ခြင်း ပေတည်း။ အကြင်ရုပ်တရား၌ ပြင်းစွာ တပ်နှစ်သက်သော ဆန္ဒရာဂကို ဖျောက်ခြင်းသည်၎င်း, ပယ်ခြင်းသည်၎င်း ရှိပေ၏၊ ဤသို့ဖျောက်ခြင်းပယ်ခြင်းသည် ရုပ်တရားမှ ထွက်မြောက်ခြင်း ပေတည်း။ ဤရုပ်မှ တပါးသော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်း ရုပ်တရားကဲ့သို့ **အဿာဒ, အာဒီနဝ, နိဿရဏ** သုံးပါးဖြင့် အစဉ်အတိုင်း ဘုရားရှင် ဟောတော်မူသည်။

အဓိပ္ပါယ်ကို ဆိုသော်—ဖြစ်ပေါ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အစွဲပြု၍ ကိုယ်ချမ်းသာ, စိတ်ချမ်းသာ ဖြစ်၏၊ ထိုချမ်းသာသည် အဿာဒခေါ် သာယာဖွယ် ဖြစ်ခြင်းပေတည်း၊ ထိုသာယာဖွယ်ချမ်းသာသည် သင်တုံးဓါးသွား၌ သုတ်လိမ်းအပ်သော ပျားရည်အရသာကဲ့သို့၎င်း, ငါးမျှားချိပ်၌ တပ်အပ်သော ငါး၏အစာအရသာကဲ့သို့၎င်း ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သော သာယာဖွယ် ချမ်းသာ ဖြစ်ပေ၏၊ ပစ္စုပ္ပန်၌ တွေ့ကြုံခံစားရသော ဆင်းရဲအမျိုးမျိုးနှင့် အနာဂတ်တွင် ခံစားရလတ္တံ့သော အပါယ်ဆင်းရဲသည် သင်တုံးဓါးသွားနှင့် ငါးမျှားချိပ်တို့၏ အပြစ်နှင့်တူသည်ကို ရိပ်မိပါစေ။

ထိုခန္ဓာတို့၏ မမြဲမှု,ဆင်းရဲမှု,ဖေါက်ပြန်ပျက်စီးမှုကား အာဒီနဝ=အပြစ်ပင်တည်း၊ ထင်ရှားလှ၏၊ ထိုခန္ဓာငါးပါးတို့၌ ပြင်းစွာတည်နှစ်သက်သောဆန္ဒရာဂကို ပယ်ဖျောက်ခြင်းသည် နိဿရဏ=ထွက်မြောက်ခြင်း မည်ပေ၏။ မထွက်မြောက်နိုင်ခြင်းသည် ရောဂါရှိ၍ဖြစ်၏၊ ရောဂါပျောက်လျှင် ထွက်မြောက်နိုင်လေ၏။

[ဗေဒနာဆောင်ပုဒ်] ဒွေ ရောဂါ သတ္တာနံ အဝိဇ္ဇာစ,ဘဝတဏှာစ၊ တဏှာရောဂဿ သမထော ဘေသဇ္ဇံ၊ အဝိဇ္ဇာရောဂဿ ဝိပဿနာ ဘေသဇ္ဇံ။

အနက်နှင့်ဆေး။ ။ သတ္တဝါတို့အား အဝိဇ္ဇာဂုဏ်း, တဏှာဂုဏ်း ဤသို့ နှစ်ပါးကုန်သော ရောဂါတို့သည် ရှိကုန်၏။ တဏှာရောဂါ ရှိသောသူအား သမထ တရားသည် ပျောက်ကြောင်းဆေးတည်း၊ အဝိဇ္ဇာရောဂါရှိသူအား ဝိပဿနာ တရားသည် ပျောက်ကြောင်းဆေးတည်း။ ။ဤဆေးနှစ်ပါးကို စားမှသာ အဝိဇ္ဇာ,တဏှာရောဂါ ပျောက်၍ ထွက်မြောက်နိုင်ရာ၏။

[မူလပံ-၉၂] ယော ဘိက္ခဝေ စက္ခုံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ၊ ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။

ဆင်းရဲမကင်းပေ။ ။ ချစ်သားရဟန်းတို့၊ အကြင်သူသည် မျက်စိခေါ်သော စက္ခုပသာဒကို နှစ်သက်၏၊ ထိုသူသည် ဆင်းရဲဒုက္ခကို နှစ်သက်သည်မည်၏၊ အကြင်သူသည် ဆင်းရဲဒုက္ခကို နှစ်သက်၏၊ ထိုသူသည် ဆင်း ရဲ ဒုက္ခမှ မလွတ်နိုင်၊ ဤသို့ ငါဘုရား ဟောကြားတော်မူ၏။ ။ဘုရားဟော ဆိုတိုင်းလည်း အရမ်းယုံကြည်ရမည် မဆိုလို၊ မိမိဉာဏ်မှီသလောက် သဘောပေါက်အောင် စဉ်းစားကြပါကုန်။

[မူလပံ-၁၁] ယောစ ဘိက္ခဝေ စက္ခုံ နာဘိနန္ဒတိ၊ ဒုက္ခံ သော နာဘိနန္ဒတိ၊ ယော ဒုက္ခံ နာဘိနန္ဒတိ၊ ပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။

**ချဲ့ဖွင့်သောအနက်။** ။ရဟန်းတို့ အကြင်သူသည်ကား မျက်စိခေါ် စက္ခုပသာဒကို မနှစ်သက်ပေ၊ ထိုသူသည် ဆင်းရဲဒုက္ခကို နှစ်သက်သည်မမည်၊ အကြင်သူသည် ဆင်းရဲဒုက္ခကို မနှစ်သက်ပေ၊ ထိုသူသည် ဆင်းရဲမှ လွတ်မြောက်၏၊ ဤသို့ ငါဘုရား ဟောကြားတော်မူ၏။ ။အသိဉာဏ်ပေါ်အောင် ဆင်ခြင်စဉ်းစားပါ၊ စက္ခုကို ဘတ်ရုံမျှ မထားပါနှင့်၊ သောတ, ဃာန, ဇိဝှာ, ကာယပသာဒ တို့နှင့် ရူပ, သဒ္ဒ, ဂန္ဓ, ရသ ဖေါဋ္ဌဗ္ဗခေါ် အာရုံငါးပါးတို့၌လည်း ဤနည်းအတူ ဟောကြားတော်မူသည်။

နိဿယရေးရာ, ပရိယတ္တိခေါ် လွတ်မြောက်ကြောင်း, လွတ်မြောက်ကြောင်း ကိုသည်ကား အကြီးဆုံး ကိုပေတည်း၊ ဤပစ္စုပ္ပန်ဘဝ၌ ဆင်းရဲမှ လွတ်ကြောင်း, အနာဂတ်အခါ၌ ဆင်းရဲမှ လွတ်မြောက်ကြောင်း တရားသည်ကား အားအရှိဆုံးတရား, ချီးကျူးဘွယ်အကောင်းဆုံးတရားသာ ဖြစ်၏၊ ဤနေရာ၌ အားငါးပါးကို သိသင့်၏။

**အားငါးပါးမှတ်ရန်** ။ဗာဟုဗလ, ဓနဗလ, အမတ္တဗလ, အဘိဇစ္စဗလ, ပညာဗလ၊ အစဉ်အတိုင်း လက်ရုံးအား, ဥစ္စာပစ္စည်းအား, အမတ်အား, အဘိသိက်သွန်းပြီးသော မင်းအား, အပြားအားဖြင့်သိသော ဉာဏ်အား ဖြစ်ပေသည်၊ ဤငါးပါးတို့တွင် ပညာအားကား အားအရှိဆုံး, အမြတ်ဆုံးပေတည်း၊ ထိုစကားမှန်၏။

**စကားအမှုကားသေး** သဗ္ဗဗလာနံ ပညာဗလံ သေဋ္ဌံ့စ, အဂ္ဂဉ္စ ဝုစ္စတိ၊ တိံကာရဏာ တေနဟိ ဗလေန ဉပလက္ခိတော ပဏ္ဍိတော အတ္တဝိန္ဒတိ၊ ပုဉ္ဉံ ပါပုဏာတိ။

**ပညာအခြေအနေ။** ။အလုံးစုံသော အားအပေါင်းတို့ထက် ပညာအားကို ချီးကျူးအပ်၏ဟူ၍ရင်း,မြတ်၏ဟူ၍ ရင်း ဆိုအပ်၏၊ အဘယ်ကြောင့် နည်းဟူမူကား ထိုပညာအားဖြင့် ထောက်ပံ့အပ်သော ပညာရှိသည် ပမာဏ,တမလွန် အကျိုးစီးပွားကို ရ၍ ပမာဏ တမလွန် ကြီးပွားခြင်းသို့ ဝါ လောကီ လောကုတ္တရာ ကြီးပွားခြင်းသို့ ရောက်ခြင်းကြောင့်တည်း။

[အံ၊ ၁၄-၅] အပ္ပမတ္တကာ ဧသာ ဘိက္ခဝေ ပရိဟာနိ ယဒိဒံ ဉာတိပရိဟာနိ၊ ဧတံ ပတိကိဋ္ဌံ ဘိက္ခဝေ ပရိဟာနီနံ ယဒိဒံ ပညာပရိဟာနိ၊ အပ္ပမတ္တကာ ဧသာ ဘိက္ခဝေ ဝုဍ္ဎိ ယဒိဒံ ဉာတိဝုဍ္ဎိ၊ ဧတဒဂ္ဂံ ဘိက္ခဝေ ဝုဍ္ဎီနံ၊ ယဒိဒံ ပညာဝုဍ္ဎိ။

**ဧတဒဂ်အခြေအနေ။** ။ရဟန်းတို့၊ အကြွင်ဆွေမျိုးတို့၏ ပျက်စီးဆုတ်ယုတ်ခြင်းသည် ရှိ၏၊ ဤဆွေမျိုးတို့၏ ပျက်စီးဆုတ်ယုတ်ခြင်းသည် မပြောပလောက်ပေ၊ ဆုတ်ယုတ်ခြင်းအပေါင်းတို့တွင် အကြွင်အသိဉာဏ်ပညာ ဆုတ်ယုတ်ခြင်းသည် ရှိ၏၊ ထိုအသိဉာဏ်ပညာ ဆုတ်ယုတ် ခြင်းသည် အောက်တန်းအကျဆုံးသော ဆုတ်ယုတ်ခြင်းပေတည်း။

ရဟန်းတို့ အကြွင်ဆွေမျိုးတို့၏ တိုးတက်ကြီးပွားခြင်းသည် ရှိ၏၊ ထိုတိုးတက်ကြီးပွားခြင်းသည် မပြောပလောက်ပေ၊ တိုးတက်ကြီးပွားခြင်း အပေါင်းတို့တွင် အကြွင် အသိဉာဏ်ပညာ တိုးတက်ကြီးပွားခြင်းသည် ရှိ၏၊ ထိုအသိဉာဏ်ပညာ တိုးတက်ကြီးပွားခြင်းသည် တိုးတက်ကြီးပွားခြင်းအပေါင်းတို့ထက် အမြတ်ဆုံး ဖြစ်၏၊ "**ဧတဒဂ္ဂံ ဘိက္ခဝေ ဝုဍ္ဎီနံ ယဒိဒံ ပညာဝုဍ္ဎိ**" ဟု အသိဉာဏ်ပညာကို ဧတဒဂ်ထားတော်မူသည်၊ ဆွေမျိုးနှင့်ပညာကို ယှဉ်ပြိုင်၍ ဟောတော်မူသကဲ့သို့ ဥစ္စာပစ္စည်းနှင့် ပညာ,အ

ခြံအရံအကျော်အစောနှင့် ပညာတို့ကိုလည်း ဖင်းနည်းဘူ ေ ံ
တော်မူသည်။ ရှိ

ဘေ့မျိုး,ဥ ာပ ည်း အခြံအရံ,အကျော်အစောတို့သည် ဟ
ဘဝအတွက်သာ ကြီးပွားရကား သေးငယ်လှ၏၊ အသိဉ ဋ
ပညာ ကြီးပွားခြင်းသည်ကား ဘဝပေါင်းအခ အသခေ် ၄
လ ့ ့ သောကြောင့် အကြီးဆုံးသော ကြီးပွားခြင်းဟု အာ
ဉာဏ်ရှိသူတိုင်း ဝန်ခံနိုင်ကြပေမည်၊ ထိုပညာ ဦးစီးမှသာ နိ ။
ရ ာ တွက်မြောက်နိုင်ကြောင်းကို သိနိုင်ကြရာသည်။ ။အ
ကျဉ်းဆုံးအားဖြင့် ကိုယ့်စိတ်နှစ်ပါး ဆင်းရဲခြင်းဒုက္ခ ဟူသမျှ
သည် ကာမ၏ အပြစ်တို့သာတည်း။

ကာမ နဝကထာ ပြီး၏။

-:-

# ကျမ်းပြီးနိဂုံး။

ဤမျှသောစကားအစဉ်ဖြင့် မြန်အောင်မြို့မှ လေးမိုင်ကွာ ဆန်နီချောင်ရွာ ဇေယသိဒ္ဓိကျောင်းတိုက်၌ သီတင်းသုံးလျက် ရှိသော သက် ၆၅ နှစ် သိက္ခာ ၄၅ ဝါရှိသော ဆရာတော်သည် "ဒါယကာ ဦးမောင်ကြီး တောင်းပန် လျှောက်ထားသည့် အားလျော်စွာ "ဘုရားရှင်၏ သာသနာတော် တည်တန့်ခိုင်မြဲခြင်း၏ အကြောင်းရင်းတခု ဖြစ်လတ္တံ့။" ဟု နှလုံးပြုလျက် ဗုဒ္ဓဘာသာဝင် လူ့,ရှင်, ရဟန်းတို့ အကျိုးများစေခြင်းငှါ ဗုဒ္ဓုပ္ပါဒကထာ, ဝိမိဿကကထာ, ဒါနကထာ, သီလကထာ, သဂ္ဂကထာ, မဂ္ဂကထာ, ကမ္မာဒီနဝကထာ ဤကထာခုနစ်ပါးတို့ကို ပါဠိ, အဋ္ဌကထာ ဋီကာတို့နှင့်မဆန့်ကျင်စေမူ၍ စာဖတ်တတ်သူမှန်သမျှအားလုံးနားလည်နိုင်ကြစေရန် စေတနာအရင်းထား၍ ရေးသားစီရင် အပ်သော ဤသမ္မာဒိဋ္ဌိကထာကျမ်းသည် ၁၃၁၅-ခုနှစ် ဟေမန္တဥတု—တပေါင်းလဆန်း ၅ ရက်၊နံနက် ၉ နာရီအချိန်၌ ဘေးရန်ကင်းသဖြင့် ပြီးဆုံးခြင်းသို့ရောက်ပါသတည်း။